မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

# ပဋ္ဌာန်း နှင့် ဝိပဿနာ

## သိကောင်းစရာ တရားတော်

(ဒုတိယတွဲ)

| | | |
|---|---|---|
| သာသနာ | ကောဇာ | ခရစ်နှစ် |
| ၂၅၄၉ | ၁၃၆၇ | ၂၀၀၅ |

ဒုတိယအကြိမ်

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

# ပဋ္ဌာန်း နှင့် ဝိပဿနာ

## သိကောင်းစရာ တရားတော်

## (ဒုတိယတွဲ)

| သာသနာ | ကောဇာ | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၄၈ | ၁၃၆၇ | ၂၀၀၅ |

ဒုတိယအကြိမ်

အမှတ် ၂၈၀၂၃
ရက်စွဲ ၈.၁၀.၁၂

စာမူခွင့်ပြုချက်အမှတ်- ၅၇၇/၂၀၀၄(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၃၂၇၀၁၀၅၁၁

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
အုပ်ရေ(၂၀၀၀)

ထုတ်ဝေခြင်း - ၂၀၀၅-ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး(     )ကျပ်

မျက်နှာဖုံး - သီရိနန္ဒာပုံနှိပ်တိုက်

ထုတ်ဝေသူ ။ ။ ဒု-ဗိုလ်မှူးကြီးတင်အောင်(လေ/ငြိမ်း)
(၀၃၃၆၆)၊ သဒ္ဓမ္မရံသီစာပေ၊
အမှတ်(၇)၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဦးနန္ဒ (၀၃၅၉၇)
သီရိနန္ဒာပုံနှိပ်တိုက်၊
အမှတ် - ၂၁၅၊ ၃၂ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | ပစ္ဆာဇာတပစ္စည်း | |
| | - ပစ္ဆာဇာတပစ္စည်း၌ ပစ္ဆာဇာတ၏ အနက်အဓိပ္ပါယ် | ၁ |
| | - ဘုံ(၃)မျိုး ကွဲပြားပုံ | ၃ |
| | - လင်းတငှက်ငယ်ဥပမာဖြင့် ကျေးဇူးပြုပုံ | ၅ |
| | - ရုပ်(၄)မျိုး | ၇ |
| | - ပဋိသန္ဓိဝီထိနှင့် ရှင်းတမ်း | ၈ |
| | - ပဋိသန္ဓေမှစ၍ ရုပ်(၄)မျိုး အစဉ်အတိုင်းဖြစ်ပုံ | ၈ |
| | - ပဋိသန္ဓေစိတ်၏ဌီ၌ ဧကဇကာယဖြစ်ပုံ | ၁၃ |
| | - ပဋိသန္ဓေစိတ်၏ဘင်၌ ဒွိဇကာယဖြစ်ပုံ | ၁၃ |
| | - ပထမဘဝင်စိတ်၏ဌီ၌ တိဇကာယဖြစ်ပုံ | ၁၄ |
| | - အာဟာရပျံ့နှံ့ချိန်၌ စတုဇကာယဖြစ်ပုံ | ၁၆ |
| | - ရုပ်(၁၈)ပါး၌ ဝိပဿနာရှုလို့ရနိုင်ပုံ | ၁၇ |
| | - ဝိပဿနာရှု၍မရသော ပညတ်ရုပ်(၁၀)ပါး | ၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၂။ အာသေဝနပစ္စည်း

- အာသေဝနပစ္စည်း၌ အာသေဝန၏ အနက်အဓိပ္ပါယ် ၂၃
- မျက်စိအကြည့်၌ အဆင်းရူပါရုံ လာတိုက်သောအခါ စိတ်အစဉ်တန်းကြီး(၁၇)ချက်ဖြစ်ပုံ ၂၇
- နားအကြည့်၌ အသံသဒ္ဒါရုံ လာတိုက်သောအခါ စိတ်အစဉ်တန်းကြီး(၁၇)ချက်ဖြစ်ပုံ ၂၉
- ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ ၃၄
- အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံ ၃၆
- ကိရိယာဇ္ဇာကတက ကိရိယာဇ္ဇာကတကို ကျေးဇူးပြုပုံ ၃၇
- ရှေးရှေးဇောတွေက နောက်နောက်ဇောတွေ ဖြစ်ပေါ်လာအောင် အာသေဝနသတ္တိဖြင့် ထုံပေးပုံ ၄၂
- သုတ္တန်နည်းအားဖြင့် ဝိပဿနာရှုရာ၌ အာသေဝန သတ္တိဖြင့် ကျေးဇူးပြုပုံ ၄၄
- အာသေဝန အထုံရ၍ ရဟန္တာဖြစ်ပုံ ၄၆

၃။ ကမ္မပစ္စည်း

- ကမ္မပစ္စည်း၌ ကမ္မ၏ အနက်အဓိပ္ပါယ် ၅၅
- ကမ္မပစ္စည်း(၂)မျိုး ၅၅
- ကမ္မပစ္စည်း ကျေးဇူးပြုပုံ ၅၈
- ဒါနကုသိုလ်ကံပြုရာတွင် ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုပုံ(၂)မျိုး ၅၉
- ကံတွေ အကျိုးပေးပုံ ၅၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | အကျိုးပေးရာကာလအားဖြင့် ကံ(၄)မျိုးဖြစ်ပုံ | ၅၉ |
| - | အကျိုးပေးရာဌာနအားဖြင့် ကံ(၄)မျိုးဖြစ်ပုံ | ၆၁ |
| - | သတ္တဝါတို့ကို ကံက ခွဲခြမ်းဝေဖန်ပေးပုံ | ၆၂ |
| - | ဂတိများစွာ ချာချာလည်ပုံ ဝတ္ထုသာဓက | ၆၃ |
| - | ကံစီမံ၍ ဥပပတ္တိဘဝတွေမှာ ဆန်းကြယ်စွာဖြစ်ခဲ့ရပုံများ | ၆၇ |
| - | ကံကြောင့် ခန္ဓာကိုယ်အတ္တဘောတွေ အမျိုးမျိုးဖြစ်ရပုံ | ၆၇ |
| - | ကံကြောင့် လောကဓံရှစ်ဖြာနှင့် တွေ့ကြုံရပုံ | ၆၈ |
| - | လောကဓံရှစ်ပါးဖြစ်ပုံ | ၇၀ |
| - | ကမ္မသကတာသမ္မာဒိဋ္ဌိ | ၇၆ |
| - | ပုဂ္ဂိုလ်တိုင်း လောကဓံတရားနှင့် မကင်းနိုင်ပုံသာဓက | ၇၇ |
| - | ကလျာဏမိတ္တ အမှီရ၍ တရားထူးတရားမြတ် ရသွားကြပုံ | ၈၃ |
| - | အကျဉ်းချုပ်အားဖြင့် ကံ(၃)ပါးရှိပုံ | ၈၄ |
| - | ကာယကံနှင့် ဝစီကံကို သီလတရားနှင့် ပယ်ရပုံ | ၈၅ |
| - | ဖရုသဝါစာ မဖြစ်ပုံသာဓက | ၈၇ |
| - | ဖရုသဝါစာ ဖြစ်ပုံသာဓက | ၈၈ |
| - | ဘုရားအလောင်းတော် ဗျာပါဒဝိတက် ယူဆပုံ | ၈၉ |
| - | မနောကံ(၃)ပါးကို သမထဘာဝနာဖြင့် ပယ်ရပုံ | ၉၀ |
| - | အကုသိုလ်ကံဟောင်းတို့ကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် အဆင့်ဆင့်ပယ်ရပုံ | ၉၁ |
| - | သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်တို့၌ ကံကုန်ပုံ | ၉၃ |

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | ဝိပါကပစ္စည်း | |


- ဝိပါကပစ္စည်း၌ ဝိပါက၏ အနက်အဓိပ္ပါယ် ၉၅
- ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပုံ ၉၆
- အခိုက်အတန့်(၄)မျိုး ၉၇
- စေတနာအခိုက်အတန့် ၉၈
- ကံအခိုက်အတန့် ၁၀၀
- နိမိတ်အခိုက်အတန့် ၁၀၀
- နိမိတ်(၃)မျိုး ၁၀၁
- ဝိပါက်အခိုက်အတန့် ၁၀၂
- သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ၁၀၄
- နိမိတ်တွေကို အာသန္နကံအနေနှင့် ပြောင်းလဲပေးနိုင်ပုံ သာဓက ၁၀၇
- ကုသလဝိပါက်နှင့် အကုသလဝိပါက်ဖြစ်ပုံ ၁၁၀
- ဝိပဿနာတရားအားထုတ်ရာတွင် ကုသလနှင့် အကုသလဝိပါက်တို့ကို ရှုမှတ်ရပုံ ၁၁၂
- ဒုက္ခဝေဒနာကို ရှုမှတ်ပုံ ၁၁၃
- ဝေဒနာကို သည်းခံပြီး ရှုမှတ်နိုင်၍ တရားထူး တရားမြတ်ရသွားပုံ ၁၂၀
- သုခဝေဒနာကို ရှုမှတ်ပုံ ၁၂၅
- ဥပေက္ခာဝေဒနာကို ရှုမှတ်ပုံ ၁၂၆
- ဝိပါက်စိတ်တို့ဖြစ်ပုံ ၁၃၀
- လေးမျိုးတားမရ ၁၃၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | အာဟာရပစ္စည်း | |
| - | အာဟာရပစ္စည်း၌ အာဟာရ၏ အဓိပ္ပါယ် | ၁၃၅ |
| - | ရုပ်အာဟာရနှင့် နာမ်အာဟာရ | ၁၃၅ |
| - | အကြောင်း(၄)ပါးကြောင့်ဖြစ်သော ရုပ်(၄)မျိုး | ၁၃၇ |
| - | ဗဟိဒ္ဓသြဇာနှင့် အဇ္ဈတ္တိကသြဇာ | ၁၄၀ |
| - | အဋ္ဌကလာပ်ရုပ်(၈)ခု | ၁၄၀ |
| - | အတွင်းအပြင်သြဇာတို့က ကိုယ်ကာယကို ကျေးဇူးပြုပုံ | ၁၄၂ |
| - | ဆာလောင်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါမည်ပုံ | ၁၄၄ |
| - | နာမ်အာဟာရ(၃)ပါးက အာဟာရသတ္တိဖြင့် ကျေးဇူးပြုပုံ | ၁၅၀ |
| - | သုတ္တန်ဒေသနာတော်နည်းအားဖြင့် နာမ်အာဟာရက ကျေးဇူးပြုပုံ | ၁၅၁ |
| - | အာဟာရပစ္စည်း၌ ဝိပဿနာရှုမှတ်ပုံ | ၁၅၃ |
| ၆။ | ဣန္ဒြိယပစ္စည်း | |
| - | အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်းတို့ ထူးခြားပုံ | ၁၅၇ |
| - | ဣန္ဒြိယ(၃)မျိုးရှိပုံ | ၁၅၉ |
| - | မျက်စိအကြည်က မြင်သိစိတ်ကို အစိုးရပုံ | ၁၆၀ |
| - | မြင်သိစိတ်(၂)မျိုးရှိပုံ | ၁၆၁ |
| - | နားအကြည်က ကြားသိစိတ်ကို အစိုးရပုံ | ၁၆၂ |
| - | နှာခေါင်းအကြည်က နံသိစိတ်ကို အစိုးရပုံ | ၁၆၃ |
| - | လျှာအကြည်က စားသိစိတ်ကို အစိုးရပုံ | ၁၆၃ |
| - | ကာယအကြည်က ထိသိစိတ်ကို အစိုးရပုံ | ၁၆၄ |

| ခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| - | ရုပ်ဇီဝိတိန္ဒြေက အစိုးရပုံ | ၁၆၄ |
| - | နာမ်က္ခန္ဓြေ(၈)ပါးရှိပုံ | ၁၆၆ |
| - | နာမ်ဇီဝိတက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၆ |
| - | စိတ်က အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၆ |
| - | ဝေဒနာက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၇ |
| - | သဒ္ဓါက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၇ |
| - | ဝီရိယက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၈ |
| - | သတိက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၉ |
| - | ဧကဂ္ဂတာက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၉ |
| - | ပညာက အစိုးရခြင်းအားဖြင့် ကျေးဇူးပြုပုံ | ၁၆၉ |
| - | ဣန္ဒြိယပစ္စည်း၌ ဝိပဿနာရှုမှတ်ပုံ | ၁၇၀ |
| - | အဟေတုကဒိဋ္ဌိကို ပယ်နိုင်ပုံ | ၁၇၇ |
| - | ဝိသမဟေတုဒိဋ္ဌိကို ပယ်နိုင်ပုံ | ၁၇၈ |
| - | ဣန္ဒြေခြောက်ပါး စောင့်စည်းနိုင်မှသာ တရားရနိုင်ပုံ | ၁၈၁ |
| ၇။ | ဈာနပစ္စည်း | |
| - | ဈာနပစ္စည်း၌ ဈာန၏ အဓိပ္ပါယ် | ၁၉၀ |
| - | ဈာန်(၂)မျိုး ကွဲပြားပုံ | ၁၉၁ |
| - | သမထဈာန်နှင့် ဝိပဿနာဈာန် နှိုင်းယှဉ်ပြပုံ | ၁၉၄ |
| - | သမထဈာန် မခိုင်မြဲပုံသာဓက | ၁၉၅ |
| - | ဈာနင်တရားကိုယ်(၅)ပါးက အသီးသီး ကျေးဇူးပြုပုံ | ၂၀၁ |
| - | ဝိတက်နှင့်ဝိစာရ အခိုက်အတန့်အားဖြင့်ထူးပုံ | ၂၀၁ |

| ဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ချာန်အင်္ဂါများက နီဝရဏတရားများကို ပယ်ပုံ ၂၀၅
- ကာမာမိသာပီတိဖြင့် တရားမရနိုင်ပုံ ၂၀၉
- လောကာမိသာပီတိဖြင့် တရားမရနိုင်ပုံ ၂၁၀
- ဝဋ္ဋာမိသာပီတိဖြင့် တရားမရနိုင်ပုံ ၂၁၀
- ဝိပဿနာပီတိ(၅)မျိုး ၂၂၃
- ခုဒ္ဒကာပီတိဖြစ်ပုံ ၂၂၃
- ခဏိကာပီတိဖြစ်ပုံ ၂၂၃
- ဩက္ကန္တိကာပီတိဖြစ်ပုံ ၂၂၄
- ဥဗ္ဗေဂါပီတိဖြစ်ပုံ ၂၂၄
- ဥဗ္ဗေဂါပီတိကြောင့် ကောင်းကင်ပျံတက်ပုံ ၂၂၆
- ပီတိအားကောင်း၍ တရားထူးတရားမြတ်ရသွားပုံ သာဓက ၂၂၈
- ဒေါမနဿဝေဒနာကို အခြေခံ၍ ရဟန္တာဖြစ်သွားပုံ သာဓက ၂၃၃


## ၈။ မဂ္ဂပစ္စည်း


- မဂ္ဂင်ယှဉ်ရထား(၂)မျိုးရှိပုံ ၂၄၃
- ကောင်းမြတ်သော မဂ္ဂင်(၈)ပါး၏ အနက်အဓိပ္ပါယ် ၂၄၀
- မဂ္ဂ၏ အဓိပ္ပါယ် ၂၄၀
- မိစ္ဆာဒိဋ္ဌိဖြစ်ပုံ ၂၅၁
- မိစ္ဆာဝါစာ(၄)မျိုးဖြစ်ပုံ ၂၅၂
- မိစ္ဆာကမ္မန္တ(၃)မျိုးဖြစ်ပုံ ၂၅၆

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - မိစ္ဆာဇီဝ(၇)မျိုးဖြစ်ပုံ | ၂၅၇ |
| | - မဂ္ဂပစ္စည်းတို့၏ ကျေးဇူးပြုပုံ | ၂၅၉ |
| | - တရားနာခြင်းဖြင့် အကျိုး(၅)ပါး ရရှိပုံ | ၂၆၂ |
| | - သမ္မပ္ပဓာန်လုံ့လ(၄)ချက်ဖြင့် အားထုတ်ခြင်းသည် သမ္မာဝါယာမမည်ပုံ | ၂၆၃ |
| | - အကုသိုလ်(၃)မျိုးရှိပုံ | ၂၆၉ |
| | - အကုသိုလ်နှင့် အဆိပ်ပင်ဥပမာ | ၂၇၃ |
| | - ဝိပဿနာပညာ မဂ်ပညာတို့ဖြင့် အနုသယ ကိလေသာကို ပယ်နိုင်ပုံ | ၂၇၆ |
| | - အမြစ်ရင်းကို မပယ်သတ်နိုင်၍ ဘဝသံသရာတွင် ဒုက္ခတွေ့ရပုံသာဓက | ၂၈၃ |
| | - သမ္မာသတိအရ သတိပဋ္ဌာန်တရား(၄)ပါးဖြစ်ပုံ | ၂၈၉ |
| ၉။ | သမ္ပယုတ္တပစ္စည်း | |
| | - သမ္ပယုတ္တပစ္စည်း၌ သမ္ပယုတ္တ၏ အနက်အဓိပ္ပါယ် | ၂၉၃ |
| | - သမ္ပယုတ္တအင်္ဂါ(၄)ပါးရှိပုံ | ၂၉၅ |
| | - နာမက္ခန္ဓာ(၄)ပါးက သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံ | ၂၉၆ |
| | - အင်္ဂါ(၄)ချက်နှင့်ပြည့်စုံမှ သမ္ပယုတ္တပစ္စည်းဖြစ်နိုင်ပုံ | ၃၀၂ |
| | - ဥပမာအားဖြင့် မြင်သိစိတ်၌ အင်္ဂါ(၄)ချက်ပြည့်စုံပုံ | ၃၀၂ |
| | - ဥပမာအားဖြင့် ကြားသိစိတ်၌ အင်္ဂါ(၄)ချက်ပြည့်စုံပုံ | ၃၀၄ |
| | - နာမက္ခန္ဓာ(၄)ပါးနှင့် စတုမဓုဥပမာ | ၃၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀။ | ဝိပ္ပယုတ္တပစ္စည်း | |
| | - ဝိပ္ပယုတ္တပစ္စည်း၌ ဝိပ္ပယုတ္တ၏ အနက်အဓိပ္ပါယ် | ၃၀၉ |
| | - ဝိပ္ပယုတ္တပစ္စည်း(၃)မျိုးရှိပုံ | ၃၁၁ |
| | - ပဋ္ဌာန်းဆက်ဟု ယူဆပုံ | ၃၁၂ |
| | - ရုပ်တရားနှင့် နာမ်တရား ဝိပ္ပယုတ္တဖြစ်ပုံ | ၃၁၅ |
| | - ရုပ်တရားကို ပယ်လို့မရပုံ | ၃၁၈ |
| | - မကောင်းသောနာမ်တရားတို့ကို ဝိပဿနာဖြင့် ပယ်ရပုံ | ၃၁၉ |
| | - ရုပ်တရားနှင့် နာမ်တရား ကွဲပြားပုံ | ၃၁၉ |
| | - ဝိပ္ပယုတ္တပစ္စည်း၌ ဝိပဿနာရှုမှတ်ပုံ | ၃၂၀ |
| | - ရုပ်နာမ်တရားတို့သည် လျှပ်စစ်ရောင်နှင့်တူပုံ | ၃၂၆ |
| | - သံဃာတော်နှင့် ယောဂီပုဂ္ဂိုလ်များကို ဆွမ်းလှူရာ၌ မဟပ္ဖလ = အကျိုးကြီးပုံ | ၃၃၀ |
| | - သဟဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံ | ၃၃၉ |
| ၁၁။ | အတ္ထိပစ္စည်း | |
| | - အတ္ထိပစ္စည်း (၅)မျိုးရှိပုံ | ၃၄၅ |
| | - သဟဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ | ၃၄၉ |
| | - အတ္ထိပစ္စည်း၌ ဝိပဿနာရှုမှတ်ပုံ | ၃၅၅ |
| | - ဝေဒနာကို လွှမ်းမိုးအောင်ရှုမှတ်ပုံ | ၃၆၉ |
| | - စတ္တာရော မဟာဘူတာ၌ ဝိပဿနာရှုမှတ်လို့ရပုံ | ၃၇၅ |
| | - စိတ္တစေတသိကာ ဓမ္မာနှင့် စိတ္တသမုဋ္ဌာနာနံ ရူပါနံတို့၌ ဝိပဿနာရှုမှတ်လို့ရပုံ | ၃၇၉ |

| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

- ရုပ်တရားသည် ရေမြှုပ်စိုင်ကြီးနှင့်တူပုံ ၃၉၃
- ဝေဒနာသည် ရေပွက်နှင့်တူပုံ ၃၉၄
- သညာသည် တံလျှပ်နှင့်တူပုံ ၃၉၅
- သင်္ခါရသည် ငှက်ပျောတုံးနှင့်တူပုံ ၃၉၆
- ဝိညာဏ်သည် မျက်လှည့်ရုပ်နှင့်တူပုံ ၃၉၆

၁၂။ အဝိဂတပစ္စည်း

- အတ္ထိနှင့် အဝိဂတ ကျေးဇူးပြုပုံ အဓိပ္ပါယ်ချင်းတူပုံ ၄၀၁
- ဝေနေယျပုဂ္ဂိုလ်သတ္တဝါအားဖြင့် (၂)ပစ္စည်းခွဲ၍ ဟောကြားတော်မူပုံ ၄၀၁
- ဝတ္ထုပုရေဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ ၄၀၃
- အဇ္ဈတ္တိကာယတန(၆)ပါး ၄၀၄
- ဗာဟိရာယတန(၆)ပါး ၄၀၅
- အာရမ္မဏပုရေဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ ၄၀၅
- မျက်စိအကြည်သည် မြင်သိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ ၄၀၉
- နားအကြည်သည် ကြားသိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ ၄၁၀
- နှာခေါင်းအကြည်သည် နံသိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ ၄၁၀
- လျှာအကြည်သည် စားသိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ ၄၁၁

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
|  | | |
| - | ကိုယ်အကြည်သည် ထိသိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ | ၄၁၁ |
| - | ရူပါရုံအဆင်းက မြင်သိစိတ်ဖြစ်အောင် အတ္တိသတ္တိဖြင့် ကျေးဇူးပြုပုံ | ၄၁၃ |
| - | အသံသဒ္ဒါရုံက ကြားသိစိတ်ဖြစ်အောင် အတ္တိသတ္တိဖြင့်ကျေးဇူးပြုပုံ | ၄၁၄ |
| - | အနံ့ဂန္ဓာရုံက နံသိစိတ်ဖြစ်ကြောင်းဖြစ်ပုံ | ၄၁၄ |
| - | အရသာရသာရုံက စားသိစိတ်ဖြစ်ကြောင်းဖြစ်ပုံ | ၄၁၅ |
| - | ဖောဋ္ဌဗ္ဗအတွေ့က ထိသိစိတ်ဖြစ်ကြောင်းဖြစ်ပုံ | ၄၁၅ |
| - | မျက်စိကနေ၍ ပဋိစ္စသမုပ္ပါဒ်လည်ပုံ | ၄၂၂ |
| - | သံသရာစက်ပြတ်အောင် ဝိပဿနာရှုမှတ်ပုံ | ၄၂၀ |
| - | ဝိပရိဏာမဒုက္ခဖြစ်ပုံ | ၄၂၉ |
| - | သံသရာစက်ပြတ်ဖို့ရာ အခွင့်ကောင်းအခွင့်သာ | ၄၃၂ |
| - | သချာနည်းအရ ဝိပဿနာရှုရတာ အကျိုးများပုံ | ၄၃၅ |
| - | မျက်စိကနေ၍ သံသရာစက်ပြတ်အောင် ရှုမှတ်ပုံ | ၄၃၅ |
| - | နားကနေ၍ သံသရာစက်ပြတ်အောင် ရှုမှတ်ပုံ | ၄၄၁ |
| - | နှာခေါင်းကနေ၍ သံသရာစက်ပြတ်အောင် ရှုမှတ်ပုံ | ၄၄၃ |
| - | လျှာကနေ၍ သံသရာစက်ပြတ်အောင် ရှုမှတ်ပုံ | ၄၄၄ |
| - | ကိုယ်ကာယကနေ၍ သံသရာစက်ပြတ်အောင် ရှုမှတ်ပုံ | ၄၄၅ |
| - | ဘဂ်ဉာဏ်၌ ကုန်ပျက်တဲ့ဘက်သို့ စိတ်ကိုညွတ်ပြီး ရှုမှတ်ပုံ | ၄၄၉ |
| - | ဝတ္ထာရမ္မဏာပုရေဇာတတ္ထိ ဖြစ်ပုံနှင့်ရှုမှတ်ပုံ | ၄၅၂ |
|  | | |

# နိဒါန်း

ပဋ္ဌာန်းတရားတော်သည် အလွန်နက်နဲ သိမ်မွေ့ခက်ခဲသော တရားတော် ဖြစ်ပါသည်။ သို့ပါသော်လည်း ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဖတ်ရှုသူ၏ သိလိုသော ပဋ္ဌာန်းတရားတော်များ၏ သဘောအဓိပ္ပါယ်ကို သိလာမည် ဖြစ်ပေသည်။

ပစ္စယနိဒ္ဒေသပါဠိတော်များ၌ ဟောကြားတော်မူအပ်သော ပစ္စည်းအကြောင်းတရားများက ပစ္စယုပ္ပန်အကျိုးတရားတို့ ဖြစ်ပေါ်လာရအောင် ကျေးဇူးပြုပုံများကို လွယ်ကူစွာ သိနိုင်ကြစေရန်အတွက် မကျဉ်းမကျယ် ရှင်းလင်းစွာ ရေးသားဖော်ပြထားပါသည်။

အထူးသဖြင့် ဤပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာတရားတော်ကို ဖတ်ရှုကြသော ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရား အားထုတ်ကြသောအခါ မိမိတို့ ရှုမှတ်နေကြသော ဝိပဿနာရှုမှတ်ချက်တို့သည် ဤပဋ္ဌာန်းပါဠိတော်များတွင် မည်သည့်နေရာ၌ ပါဝင်နေသည်ကို ဤစာအုပ်၌ ဟောကြားရေးသားဖော်ပြထားပါသည်။ မိမိတို့၏ ဝိပဿနာရှုမှတ်ချက်တို့သည် ပဋ္ဌာန်းပါဠိတော်များတွင် မည်သည့်နေရာ၌ ပါဝင်နေသည်ဟု သိကြရသော ယောဂီပုဂ္ဂိုလ်

တို့သည် မိမိတို့ရှုမှတ်ဆဲ ဝိပဿနာတရားအပေါ်၌ ရေးကထက်ပို၍ ယုံကြည်မှု သဒ္ဓါတရားများ ထက်သန်လာတတ်ကြပေသည်။

ဤကဲ့သို့ ထက်သန်လာသော ယုံကြည်မှု သဒ္ဓါတရားကို သဒ္ဓိန္ဒြေဟု ဆိုရပေသည်။ ဤယုံကြည်မှု သဒ္ဓိန္ဒြေ သဒ္ဓါတရား ထက်သန်အားကောင်းလာသည်နှင့်အမျှ လုံ့လစိုက်၍အားထုတ်မှု ဝီရိယိန္ဒြေလည်း ထက်သန်အားကောင်းလာပေသည်။ ဝီရိယိန္ဒြေ ထက်သန်အားကောင်းလာသည်နှင့်အမျှ အမှတ်သတိရမှု သတိန္ဒြေလည်း ထက်သန်အားကောင်းလာပေသည်။ သတိန္ဒြေ ထက်သန်အားကောင်းလာသည်နှင့်အမျှ စိတ်တည်ငြိမ်မှု သမာဓိန္ဒြေလည်း ထက်သန်အားကောင်းလာပေသည်။ သမာဓိန္ဒြေ ထက်သန်အားကောင်းလာသည်နှင့်အမျှ အမှန်ကိုသိမှု ပညိန္ဒြေ ဝိပဿနာဉာဏ်များလည်း ထက်သန်အားကောင်းလာပေသည်။ ဝိပဿနာဉာဏ်များ ပြည့်စုံလာသောအခါ မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်။

ဤကဲ့သို့ ပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာတရားတော်ကို ဖတ်ရှုကြရသော ပုဂ္ဂိုလ်တို့အတွက် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်များကို ရသည်အထိ အထောက်အပံ့ကောင်းများ ဖြစ်နိုင်ကြပါစေဟု ရည်သန်ကာ ဤပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာတရားတော်ကို ရေးသားဖော်ပြလိုက်ရပါသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋ္ဌာဇာတပစ္စည်း

၁၃၅၃-ခု၊ တော်သလင်းလကွယ်နေ့၊ နေ့လယ်ပိုင်းမှာ ဟောကြားရမည့် တရားတော်က ပစ္ဆာဇာတပစ္စည်းတရားနှင့် အာသေဝနပစ္စည်းတရား၊ ဒီ ပစ္စည်းတရား(၂)ပါးကို ဟောကြားပါမယ်။ ပစ္ဆာဇာတပစ္စည်းတရားကို ရှေး ဦးစွာ ဟောကြားပါမယ်။

ပစ္ဆာဇာတပစ္စယ-၌ ပစ္ဆာ-က တစ်ပုဒ်၊ ဇာတ-က တစ်ပုဒ်၊ ပစ္စယ-က တစ်ပုဒ်။ ပစ္ဆာ-က အကျိုးပစ္စယုပ္ပန်တရားဖြစ်ပြီးသည်မှ နောက်ကာလ၌၊ ဇာတ-ဖြစ်သော၊ ပစ္စယ-အကြောင်းတရား။ အကျိုးပစ္စယုပ္ပန်တရားတွေ ဖြစ် ပြီးသည်မှ နောက်ကနေပြီးတော့ ကျေးဇူးပြုတတ်တဲ့ ပစ္စည်းတရားဖြစ်တယ်။ အလွန်ပဲ ဆန်းကြယ်ပါတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။

လောကမှာ ဖြစ်ရိုးဓမ္မတာထုံးစံကတော့ အကြောင်းတရားက ရှေ့က၊ အကျိုးက နောက်က။ အကြောင်းကောင်းမှ အကျိုးကောင်းတယ်။ အကြောင်း ဆိုးသွားလို့ရှိရင် အကျိုးလည်းဆိုးတယ်။ အကြောင်းကရှေ့ အကျိုးကနောက် ကတော့ လောကဓမ္မတာ ဖြစ်ရိုးထုံးစံ ဖြစ်ပါတယ်။ ပစ္ဆာဇာတပစ္စည်းကတော့

အကျိုးကရှေ့ အကြောင်းကနောက်။ ပြောင်းပြန် မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။

အကျိုးကရှေ့ အကြောင်းကနောက်ကို မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။ အကျိုးပစ္စယုပ္ပန်တရားက ရှေ့ကဖြစ်နေနှင့်ပြီး အကြောင်းပစ္စည်းတရားက နောက်မှဖြစ်တယ်။ ဘယ်လိုနေရာမျိုးတွေ၊ ဘယ်လိုဌာနမျိုးတွေမှာ ဖြစ်နေသလဲဆိုတော့ တရားနာပရိသတ်များရဲ့သန္တာန်၊ ထိုထိုပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာပဲ ဖြစ်နေတာပါပဲ။ အခုတရားနာနေတဲ့ အခိုက်အတန့်မှာတော့ မိမိတို့သန္တာန်မှာဖြစ်နေတဲ့ အကျိုးကရှေ့ အကြောင်းကနောက်ဖြစ်တဲ့ ပစ္ဆာဇာတပစ္စည်းတရားကို မြတ်စွာဘုရား ဟောကြားနေတာပဲလို့ နှလုံးသွင်းပြီးတော့ နာကြားလို့ရှိရင် ပိုပြီးတော့ သိသာထင်ရှားပါတယ်။ အလွန်နက်နဲခက်ခဲ သိမ်မွေ့တဲ့ တရားပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း မြတ်စွာဘုရား ဟောကြားထားလို့ ယခုတရားနာပရိသတ်များ နာကြားရင်တော့ သဘောပေါက်နိုင်ပါတယ်။ သဘောပေါက်နိုင်အောင်လည်း ကြိုးစားပြီးတော့ ဟောကြားပါ့မယ်။ အထူးဂရုစိုက်ပြီးတော့ နာကြားလိုက်လို့ရှိရင် ယခုတစ်ခါ သဘောပေါက်သွားရင် နောက်နောက်၊ နောက်နောက်တွေလည်း အကုန်သဘောပေါက်သွားနိုင်ပါတယ်။ ဒီပစ္စည်းကတော့ နက်နဲခက်ခဲ သိမ်မွေ့တယ်။ ပစ္စည်းပစ္စယုပ္ပန်တရားတွေ ရှေးဦးစွာဆိုပြီးမှ နောက်ထပ်ရှင်းပြပါ့မယ်။ လိုက်ဆိုကြရအောင်။

**ပစ္ဆာဇာတပစ္စယောတိ -**

**ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။**

**ပစ္ဆာဇာတပစ္စယောတိ** = ပစ္ဆာဇာတပစ္စည်းဟူသည်ကား၊ **ပစ္ဆာ** = နောက်၌၊ **ဇာတာ** = ဖြစ်ကုန်သော၊ **စိတ္တစေတသိကာ** = စိတ်စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာ** = ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ခု စေတသိက်ဒွေပညာသ ၅၂-ပါး ပစ္စည်းတရားတို့သည်၊ **ပုရေ** = ပစ္စည်းတရားဖြစ်သည်မှ ရှေးကာလ၌၊ **ဇာတဿ** = ဖြစ်သော၊ **ဣမဿ** = ဤသို့သဘောရှိသော၊ **ကာယဿ** = ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား၊ **ပစ္ဆာဇာတပစ္စယေန** = ပစ္ဆာဇာတပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုတတ်သည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပစ္စည်းဘက်က ရှေးဦးစွာ ရှင်းပြပါ့မယ်။ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ-အရ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ခု၊ စေတသိက် ၅၂-ပါးဖြစ်တယ်။ ပဉ္စဝေါကာရဘုံလို့ ဒီမှာပါလာပါတယ်။ တရားနာပရိသတ်များ ဖြစ်နေရတဲ့ (၃၁)ဘုံ။ ဘုံဘဝတွေက ၃-မျိုးကွဲပြားပါတယ်။

ဧကဝေါကာရဘုံ - ခန္ဓာ(၁)ပါးသာရှိတဲ့ဘုံ။ စတုဝေါကာရဘုံ - ခန္ဓာ(၄)ပါးရှိတဲ့ဘုံ။ ပဉ္စဝေါကာရဘုံ - ခန္ဓာ(၅)ပါးရှိတဲ့ဘုံလို့ ဘယ်နှမျိုးပါလဲ ... (၃)မျိုးပါဘုရား။ ခန္ဓာ(၁)ပါးသာရှိတဲ့ဘုံက ဘယ်ဘုံပါလဲဆိုရင် အသညသတ်ဘုံဖြစ်တယ်။ အသညသတ်ဘုံဆိုတာ ရုပ်ခန္ဓာ(၁)ပါးပဲရှိတယ်၊ နာမ်ခန္ဓာတွေမရှိဘူး။ အသည - အမှတ်အသား အသိတွေ၊ စိတ်တွေမရှိတဲ့ ဘုံဘဝဖြစ်ပေတယ်။ ရုပ်ခန္ဓာကိုယ်ကြီး တစ်ခုထဲသာရှိတယ်။ ရွှေတုံးရွှေခဲကြီးလို ကမ္ဘာနဲ့ချီအောင်တည်နေတဲ့ ဘုံဘဝမျိုးဖြစ်တယ်။

တရားနာပရိသတ်များရဲ့ဉာဏ်မှာတော့ မထင်ရှားနိုင်ပေဘူး။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ အဘိညာဉ်သမာပတ်များနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေလည်း မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း သူတို့ရဲ့ အဘိညာဉ်နဲ့ ကြည့်လိုက်လို့ရှိရင် ဒီဘုံဘဝတွေကို တွေ့ကြရပေတယ်။

ဧကဝေါကာရဘုံဆိုတာ ဧက-က တစ်ခု၊ ဝေါကာရ-က ခန္ဓာ။ ခန္ဓာ(၁)ပါးသာရှိတဲ့ဘုံ။ အသညသတ်ဘုံဖြစ်တယ်။ စတုဝေါကာရဘုံဆိုတာ စတု-က ဘယ်နှပါးလဲ ... (၄)ပါးပါဘုရား။ ဝေါကာရ-က ခန္ဓာ။ ခန္ဓာ(၄)ပါးရှိတဲ့ဘုံဖြစ်တယ်။ အရူပဘုံလို့ခေါ်ပါတယ်။ အရူပ-ရုပ်မဟုတ်၊ နာမ်သက်သက်သာရှိသောဘုံ။ ရုပ်တော့မရှိဘူး၊ နာမ်ချည်းသက်သက်ရှိတဲ့ဘုံ။

အဲဒါလည်း မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ တရားနာပရိသတ်များနှင့် သာမန်ပုဂ္ဂိုလ်တွေအနေနဲ့တော့ မထင်ရှားပေဘူး။ မြတ်စွာဘုရား ဟောကြားလို့ သိရတယ်။ အဘိညာဉ်သမာပတ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကတော့ သူတို့ရဲ့ အဘိညာဉ်နဲ့ ကြည့်မယ်ဆိုရင် တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တွေ မြင်နိုင်ကြတယ်။ နာမ်သက်သက်သာရှိတဲ့ဘုံက ဘယ်နှဘုံပါလဲ ... (၄)ဘုံပါဘုရား။ (၄)ဘုံဖြစ်တယ်။

ပဉ္စဝေါကာရ(၂၆)ဘုံဆိုတာ ပဉ္စ-က (၅)ပါး၊ ဝေါကာရ-က ခန္ဓာ။ ခန္ဓာ(၅)ပါးရှိတဲ့ဘုံက (၂၆)ဘုံရှိတယ်။ တရားနာပရိသတ်များဖြစ်နေကြတဲ့ ကာမဘုံက (၁၁)ဘုံ၊ ရူပ-က အသညသတ်ကြဉ်သော (၁၅)ဘုံ၊ ပေါင်း(၂၆)ဘုံကိုတော့ ပဉ္စဝေါကာရဘုံလို့ ခေါ်ပါတယ်။ အဲဒီပဉ္စဝေါကာရဘုံမှာသာလျှင် ဒီပဋ္ဌာနတပစ္စည်းတရားဟာ ရနိုင်တယ်၊ ကျေးဇူးပြုနိုင်တယ်။

စိတ်(၈၅)ခုဆိုတာ စိတ်ကအားလုံး (၈၉)ခုရှိပါတယ်။ (၈၉)ထဲက (၄) ခုနုတ်ရပါတယ်။ ဘာဖြစ်လို့ (၄)ခုနုတ်ရလဲ၊ အရူပဝိပါက်(၄)ခုဆိုတာ နာမ် ချည်းပဲသက်သက်ရှိတဲ့ အရူပ(၄)ဘုံမှာသာဖြစ်တယ်။ အခုလို ပဉ္စဝေါကာရ ဘုံတွေမှာ မဖြစ်တဲ့အတွက်ကြောင့် သူ့ကို မနုတ်ရပါဘူးလား ... နုတ်ရပါ တယ်ဘုရား။ (၈၅)ခုကျန်တယ်။ စေတသိက်ကတော့ ရှိမြဲတိုင်းပဲ (၅၂)ပါး ဖြစ်တယ်။ ပစ္စည်းဘက်ကတော့ ရှင်းသွားပါပြီ။

ပစ္စည်းတရားသည် နောက်ကပဲနေတယ်၊ ရှေ့ကမနေပေဘူး။ ပစ္စယုပ္ပန် အကျိုးတရားက ရှေ့က၊ ပစ္စည်းတရားက နောက်ကနေပြီးတော့ ကျေးဇူးပြု တယ်။ ဘယ်လိုများ ကျေးဇူးပြုနိုင်မလဲဆိုတော့ လောကဥပမာအားဖြင့် လင်း တငှက်ကလေးတွေများ ပေါက်ဖွားလာတဲ့အခါ လင်းတကြီးတွေက "စာက လေးတွေလို၊ ကျီးများလို" အစာချီပြီးတော့ ကျွေးတယ်လို့ ထုံးစံမရှိပေဘူး။ သူတို့ရဲ့ သဘာဝဓမ္မတာဖြစ်တယ်။ အစာတွေ နက်ဖြန်ခါချီခဲ့မယ်၊ သဘက်ခါ ချီခဲ့မယ်၊ ဒီလိုအသိပေးခဲ့ပြီးတော့ ပျံသွားကြတယ်။

အဲဒီလင်းတငှက်ကလေးတွေဟာ နောက်နောက်နက်ဖြန်ခါ၊ သဘက်ခါ မှာ စားရမည့် အာဟာရမှာ တပ်မက်တဲ့ ရသတဏှာနဲ့တကွ စေတနာတွေ ကို အထောက်အပံ့ရတယ်။ အထောက်အပံ့ရပြီးတော့ ဒီလိုပဲ ကြီးပွားလာ တယ်။ မစားရဘဲနဲ့ စားရမည့်အာဟာရအတွက် စေတနာတွေက အထောက် အပံ့ပေးတော့ ကြီးပွားလာတယ်။ အဲဒီစေတနာတွေက နောက်ကနေပြီးတော့ လင်းတငယ်လေးတွေ ရုပ်ကိုယ်ကြီး ကြီးပွားလာအောင် ကျေးဇူးမပြုပါဘူး လား ... ကျေးဇူးပြုပါတယ်ဘုရား။

နောက်တစ်နည်း။ ပစ္ဆာဇာတသဘောကတော့ ရှေးရှေးနှစ်တွေက၊ ရှေးရှေးလတွေက စိုက်ခဲ့တဲ့ သစ်ပင်တွေ နောက်နောက်နှစ်၊ နောက်နောက်လတွေမှာ ရွာချတဲ့မိုးတွေက ထိုသစ်ပင်တွေ ရှင်သန်နေရအောင်၊ တိုးတက်ကြီးပွားလာရအောင် ကျေးဇူးမပြုပါဘူးလား ... ကျေးဇူးပြုပါတယ်ဘုရား။ နောက်ကနေပြီးတော့ နောက်မှ နောက်နှစ်မှာရွာမည့်မိုး၊ နောက်လမှာရွာမည့်မိုးတွေကနေပြီးတော့ ရှေးရှေးမှာ ပေါက်နှင့်နေပြီးတဲ့ သစ်ပင်တွေကို ကြီးထွားရှင်သန်အောင်၊ တည်တံ့နေအောင် ကျေးဇူးပြုသလို နောက်ကကျေးဇူးပြုသလို တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရှေးရှေးကဖြစ်နေတဲ့ ရုပ်တွေကို နောက်နောက်ကဖြစ်တဲ့ စိတ်(၈၅)ခု၊ စေတသိက်တွေကနေပြီးတော့ တည်တံ့နေရအောင်၊ မပျက်စီးသွားရအောင် နောက်ကနေပြီးတော့ ကျေးဇူးပြုတယ်။

ရှေ့မှာဖြစ်နေတဲ့ရုပ်တွေက ရုပ်သက်တစ်ချက်ဆိုရင် စိတ်သက်(၁၇)ချက်ဖြစ်တယ်။ အဲဒီရုပ်သက်တွေ ပြည့်သွားတဲ့အခါ ချုပ်ပျက်သွားတာပဲ။ ချုပ်ပျက်သွားတဲ့အခါ အစဉ်မပြတ်သွားရအောင် နောက်ကနေပြီးတော့ စိတ်စေတသိက်တရားတွေက ဆက်ပြီးတော့ ကျေးဇူးပြုနေကြတယ်။ အဆက်ပြတ်သွားလို့ရှိရင် တစ်ဘဝတစ်ခါ အဆုံးသတ်သွားမယ်။ ကွယ်လွန်သွားမှာပဲဖြစ်တယ်။ အဲဒီလို အစဉ်မပြတ်သွားရအောင် နောက်ကနေပြီးတော့ စိတ်စေတသိက်တွေကနေ အထောက်အပံ့ ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုထားတယ်။

အဲဒီကျေးဇူးပြုခံရတဲ့ ရုပ်တွေဟာ တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ ရှိနေတာပါပဲ။ ထိုထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာလည်း ရှိနေပါတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားလို့ ယခုတရားနာပရိသတ်များ အသိဉာဏ်ရှိတဲ့အခိုက်အတန့်မို့ နာကြားလို့ရနေတာ။ လွယ်တော့ မလွယ်လှဘူး။

ပစ္စယုပ္ပန်ဘက်က ပုရေဇာတသ ဣမသ ကာယဿ-အရကာ ရှေးဖြစ်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယလို့ ဘယ်နှမျိုးပြထားပါသလဲ ... (၄)မျိုးပါဘုရား။ ကေဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယဠ္ဌ ကာယ-လေးဟာ အကုန်လုံး လိုက်တွဲရမယ်။ အဲဒီကာယတွေဟာ တရားနာပရိသတ်များရဲ့သန္တာန်မှာဖြစ်နေတဲ့ ကာယတွေပဲ။ အဲဒီကာယတွေကို နောက်နောက်က စိတ်တွေကနေပြီးတော့ ပဋ္ဌာဇာတသတ္တိဖြင့် ကျေးဇူးပြုနေတယ်။ မပျက်စီးသွားရအောင်၊ ဆုံးခန်းတိုင်သို့ မရောက်သွားရအောင် အထောက်အပံ့ပြုထားတယ်။ တည်တံ့အောင် ကျေးဇူးပြုထားပေတယ်။

ကေဇကာယအဓိပ္ပါယ် ပြောပါတော့မယ်။ ကေဇကာယဠ္ဌ ကေ-က တစ်ခု၊ ဇ-က ဖြစ်တာ။ အကြောင်းတစ်ပါးကြောင့်ဖြစ်တဲ့ ကာယဖြစ်တယ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာ ရုပ်တရားတွေဖြစ်နေတာဟာ အကြောင်းတရား(၄)ပါးကြောင့် ဖြစ်ကြတယ်။ ရုပ်တွေဟာ (၄)မျိုးရှိတယ်။

(၁) ကံကြောင့်ဖြစ်တဲ့ရုပ်၊
(၂) စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊
(၃) ဥတုကြောင့်ဖြစ်တဲ့ရုပ်၊
(၄) အာဟာရကြောင့်ဖြစ်တဲ့ရုပ်-လို့ ရုပ်ဘယ်နှမျိုးရှိပါသလဲ ... (၄)မျိုးရှိပါတယ်ဘုရား။ အဲဒါလည်း ရှေးဦးစွာသိထားမှ တရားနာပရိသတ်များ သဘောပေါက်မယ်။

တရားနာပရိသတ်များရဲ့သန္တာန်မှာ ရုပ်ဘယ်နှမျိုးရှိပါသလဲ ... (၄)မျိုးရှိပါတယ်ဘုရား။ ကံကြောင့်ဖြစ်တဲ့ရုပ်၊ နောက်ပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့ ရုပ်(၄)မျိုးရှိတယ်။

အဲဒီရုပ်(၄)မျိုးကို နောက်နောက်က ဖြစ်နေတဲ့စိတ်တွေက တည့်တံ့အောင် ကျေးဇူးပြုနေပေတယ်။ ကေဇကာယအကြောင်း ပြောပါတော့မယ်။ တရားနာ ပရိသတ်များ တစ်ဘဝပဋိသန္ဓေ နေလာကတည်းက ကေဇကာယဖြစ်လာ ပြီတဲ့။ အောက်မှာ ဝီထိလေး ချပြထားပါတယ်။

## ပဋိသန္ဓိဝီထိ

| | | | | | | |
|---|---|---|---|---|---|---|
| ပဋိ | ဘဝင် | ။ပ။ | ၁၅၊ | ၁၆ | မနော | ဇော (၇) |
| ••• | ••• | | | | ••• | |

ပဋိ-က ပဋိသန္ဓေ၊ ဘဝင်-က ဘဝင်ပဲ။ "ပ"လေးက ပေယျာလ၊ အား လုံး ဘဝင်လေးတွေဟာ (၁၆)ချက်။ တစ်ဘဝမှာ လူ့ရယ်လို့လာဖြစ်လိုက် ပြီဆိုရင် ပထမဆုံးစိတ်က ပဋိသန္ဓေစိတ်၊ ဥပါဒ်+ဌီ+ဘင်ဆိုပြီး တစ်ခါတည်း သူက ပျက်သွားတာပဲ။ နောက်တစ်ခါ "ဘဝင် ဘဝင်" ဘဝင်တွေဆက်ပြီး ဖြစ်တော့ ဘယ်နှချက်လောက် ဖြစ်နိုင်ပါသလဲ ... (၁၆)ချက်ပါဘုရား။ (၁၅) ချက်၊ (၁၆)ချက် ဖြစ်နိုင်တယ်။ (၁၆)ချက် ဒီမှာပြထားတယ်။ နောက်ပြီးမှ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော - ဘဝကိုတပ်မက်တဲ့ လောဘ ဇောတွေ၊ ဘဝကိုသာယာတဲ့ လောဘဇောတွေ ဖြစ်သွားတယ်။ အဲဒီပဋိ သန္ဓေစိတ်နဲ့ ကမ္မဇရုပ်နဲ့က တစ်ပြိုင်နက်တည်းဥပါဒ် တစ်ပြိုင်နက်တည်း ဖြစ်ကြတယ်။ ကာယ ဘာဝ ဝတ္ထုဒသကလို့ခေါ်တဲ့ ကမ္မဇရုပ်တွေ ပဋိသန္ဓေ စိတ်နဲ့ တစ်ပြိုင်တည်း ဖြစ်ကြတယ်။

## ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ

**ဣစ္စေဝံ** = ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ **ပဋိသန္ဓိံ** = ပဋိသန္ဓေစိတ်ကို၊ **ဥပါဒါယ** = အစပြု၍၊ **ကမ္မသမုဋ္ဌာနာ** = ကံကြောင့်ဖြစ်သောရုပ်တို့သည်၊

**ပဝတ္တန္တိ** = ဖြစ်ကြကုန်၏-ဟု သင်္ဂဟာအဋ္ဌကထာ၌ဆိုသည့်အတိုင်း ပဋိသန္ဓေစိတ်ဆိုတာ တရားနာပရိသတ်များ တစ်ဘဝ စဖြစ်တဲ့စိတ်ဖြစ်တယ်။ အဲဒီစိတ်နဲ့အတူတကွ တရားနာပရိသတ်များရဲ့သန္တာန်မှာ ကမ္မဇရုပ်တွေ ဖြစ်လာတယ်။ ကာယ ဘာဝ ဝတ္ထုဒသကလို့ဆိုတဲ့ ကမ္မဇရုပ်(၃)မျိုးဖြစ်လာတယ်။ ပဋိသန္ဓေစိတ်ကစပြီး ဖြစ်လာတယ်။ အဲဒါလေး ဆောင်ပုဒ်လေးပါထည့်ပြီး ဆိုကြရအောင်။ နောက်နောက်ပဋ္ဌာန်းဒေသနာ၊ အဘိဓမ္မာဒေသနာကို လေ့လာရင် အခြေခံတွေရပြီးတော့ ဘယ်အဘိဓမ္မာဒေသနာကိုပဲ လေ့လာလေ့လာ တရားနာပရိသတ်များ သဘောပေါက်ကြပါလိမ့်မည်။

**ဆောင်ပုဒ် ။ ။ ပဋိသန္ဓေ၊ ဥပါဒ်ပေ၊ ဖြစ်လေကမ္မဇ။**

တရားနာပရိသတ်များသန္တာန်မှာ ကမ္မဇရုပ်တွေ ရှိပေတယ်။ အဲဒီကမ္မဇရုပ်တွေက ဘယ်ကစပြီးတော့ ဖြစ်လာသလဲဆိုတော့ ပဋိသန္ဓေစိတ် ဥပါဒ်ကစပြီးတော့ ပဋိသန္ဓေစိတ်နဲ့ တစ်ပြိုင်နက်တည်း ဖြစ်လာတာပဲဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ သဘောပေါက်သွားပါပြီလား ... သဘောပေါက်ပါပြီဘုရား။ သဘောပေါက်သွားပြီ။ ကမ္မဇရုပ်ပြီးတော့ ဥတုဇရုပ်ကို ယခုပြောပါတော့မယ်။

## ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ

**ဌိတိကာလံ** = ပဋိသန္ဓေစိတ်၏ ဌီကာလကို၊ **ဥပါဒါယ** = အစပြု၍၊ **ဥတုသမုဋ္ဌာနာ** = ဥတုကြောင့်ဖြစ်သောရုပ်တို့သည်၊ **ပဝတ္တန္တိ** = ဖြစ်ကုန်၏။

တရားနာပရိသတ်များသန္တာန်မှာ ဥတုဇ အအေးအပူဥတုကြောင့်ဖြစ်တဲ့ရုပ်ဟာ ပဋိသန္ဓေစိတ် ဌီကာလကစပြီးတော့ ဖြစ်လာတယ်။ ပဋိသန္ဓေစိတ်မှာ အစက်စက်လေးတွေ တွေ့ပါသလား ... တွေ့ပါတယ်ဘုရား။ ပထမ

အစက်လေးက ဥပါဒ်၊ ဒုတိယအစက်လေးက ဌီ၊ တတိယအစက်လေးက ဘင်လို့ခေါ်ပါတယ်။ အဲဒါတွေလည်း သိထားရပါတယ်။

စိတ်တစ်ခုမှာ စိတ္တက္ခဏလေး (၃)ချက်။ ပထမအစက်လေးက "ဥပါဒ်" ဖြစ်လာတာ။ ဒုတိယအစက်လေးက "ဌီ"ခဏလေး တည်နေတာ။ တတိယ အစက်လေးက "ဘင်" တစ်ခါတည်းပျက်သွားတာ တစ်စက္ကန့်တောင် မကြာပါဘူး။ အလွန်လျင်မြန်ပါတယ်။ ကမ္မဇရုပ်က ပဋိသန္ဓေစိတ်ရဲ့ဥပါဒ်ကစပြီး တော့ ဖြစ်လာတယ်။ ဥတုဇရုပ်က ပဋိသန္ဓေစိတ်ရဲ့ ဌီကစပြီးတော့ အအေး အပူဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေ ဖြစ်လာတယ်။ ဌီကစပြီးတော့ ဖြစ်လာတယ်။ ဆောင်ပုဒ်လေးဆိုရအောင်-။

**ဆောင်ပုဒ် ။ ။ ပဋိသန္ဓေ၊ ဌီခ္ဓပေ၊ ဖြစ်လေဥတုဇ။**

ပဋိသန္ဓေစိတ်၏ဌီ ဒုတိယအစက်ကလေးကစပြီးတော့ ဘာရုပ်တွေ စ ဖြစ်လာပါသလဲ ... ဥတုဇရုပ်တွေပါဘုရား။ ဥတုဇရုပ်ဖြစ်လာတယ်။ တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ ရုပ်တွေပဲဖြစ်တယ်။ တခြားကဟာတွေ ထည့်ပြီးတော့ ပြောနေတာလား၊ မဟုတ်ပေဘူး။ ဟိုအမိဝမ်းထဲမှာ ဖြစ်နေတဲ့အခိုက်ဖြစ်၍ တရားနာပရိသတ်များ၏ ပကတိသောအသိဉာဏ်နဲ့တော့ မသိနိုင်ပေ။ မြတ်စွာဘုရားဟောကြားလို့ သိနေရတာဖြစ်တယ်။ သိဖို့ရာ မကောင်းပါဘူးလား ... သိဖို့ရာကောင်းပါတယ်ဘုရား။ သိဖို့ရာကောင်းပါတယ်။ ဖြစ်ပြီးတာနဲ့ နောက်ဘာဖြစ်သွားမလဲ၊ ပျက်သွားမှာပဲဖြစ်တယ်။

နောက်ပြီးတော့ -

**ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ**

**ဒုတိယစိတ္တံ** = ပထမဘဝင်စိတ်ကို၊ **ဥပါဒါယ** = အစပြု၍၊ **စိတ္တသမုဋ္ဌာနာ** = စိတ်ကြောင့်ဖြစ်သောရုပ်တို့သည်၊ **ပဝတ္တန္တိ** = ဖြစ်ကြကုန်၏။

ပထမဘဝင်ကို တရားနာပရိသတ်များ တွေ့ကြပါသလား ... တွေ့ကြပါတယ်ဘုရား။ ပထမဘဝင်မှာ အစက်ကလေး ဘယ်နှစက်ပါလာသလဲ ... (၃)စက်ပါပါတယ်ဘုရား။ ပထမအစက်ကလေးက ဥပါဒ်၊ ဒုတိယအစက်ကလေးက ... ဋ္ဌီပါဘုရား။ တတိယအစက်ကလေးက ... ဘင်ပါဘုရား။ အဲဒီပထမဘဝင်ရဲ့ ဥပါဒ်ကစပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ စိတ္တဇရုပ်တွေ ဖြစ်လာပြီတဲ့။ စိတ္တဇရုပ်တွေက ဘယ်ကစဖြစ်ပါသလဲ၊ ပထမဘဝင်၏ ဥပါဒ်ကစပြီးတော့ ဖြစ်လာပြီတဲ့။ ဘယ်သူ့သန္တာန်၌ ဖြစ်နေတာပါလဲ ... တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေတာပါဘုရား။

အခိုက်အတန့်လေးကတော့ အမိဝမ်းထဲမှာ ပဋိသန္ဓေနေတဲ့ တစ်ခဏလေး အခိုက်အတန့်ပါပဲ။ တစ်ခဏလေးပဲ၊ အဲဒီအခိုက်အတန့်မှာဖြစ်တာ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ ဆောင်ပုဒ်လေးဆိုကြရအောင်-။

ဆောင်ပုဒ် ။ ။ ပထမဘဝင်၊ ဥပါဒ်ပေ၊ ဖြစ်လေစိတ္တဇ။

ပထမဘဝင်၏ ရှေးဦးစွာ အစက်ကလေး ... ဥပါဒ်အခိုက်အတန့်မှာ ဘာရုပ်တွေ ဖြစ်ပါသလဲ၊ စိတ္တဇရုပ်တွေဖြစ်တယ်။ အဲဒီကစပြီးတော့ စိတ္တဇရုပ်တွေ ဖြစ်လာတယ်။ အာဟာရဇရုပ်ကတော့ တစ်ပတ်နှစ်ပတ်အတွင်းမှာ၊ တစ်ပတ်ကနေ နှစ်ပတ်အတွင်းမှာ မိခင်မျိုချလိုက်တဲ့ အာဟာရတွေ သားငယ်သန္ဓေလေးမှာ သွားပြီးတော့ ပျံ့နှံ့တယ်။ အဲဒီပျံ့နှံ့တဲ့အခါမှစပြီးတော့

အာဟာရရုပ်တွေ ဖြစ်လာတယ်။ အမိမျိုချလိုက်တဲ့ ဩဇာအာဟာရတွေ ပျံ့နှံ့သောအချိန်ကာလကစပြီးတော့ (၇)ရက်နဲ့ (၁၄)ရက်အကြားမှာ စပြီးတော့ ပျံ့နှံ့ပါတယ်။ အဲဒီပျံ့နှံ့တဲ့အချိန်ကစပြီးတော့ အာဟာရဇရုပ်တွေ ဖြစ်ပေတယ်။

**ဆောင်ပုဒ် ။ ။ ဩဇာရုပ်တွေ၊ ပျံ့နှံ့ပေ၊ ဖြစ်လေအာဟာရဇ။**

တရားနာပရိသတ်များရဲ့သန္တာန်မှာရှိတဲ့ ရုပ်(၄)မျိုး - ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေ၏ အစဖြစ်ရာတွေကို တရားနာပရိသတ်များ တွေ့နေရပေပြီ။ ကံကြောင့်ဖြစ်တဲ့ရုပ် ဘယ်ကစဖြစ်လာသလဲဆိုတော့ ပဋိသန္ဓေစိတ် ဥပါဒ်ကစပြီးတော့ ဖြစ်လာတယ်။ အအေးအပူဥတုကြောင့်ဖြစ်တဲ့ရုပ်တွေက ပဋိသန္ဓေစိတ်ရဲ့ ဘယ်ကစပြီးတော့ဖြစ်သလဲ၊ ဌီကစပြီးတော့ ဖြစ်လာပေတယ်။ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကျတော့ ဘယ်ကစဖြစ်ပါသလဲ၊ ပဌမဘဝင်ရဲ့ ဥပါဒ်ကစပြီးတော့ ဖြစ်လာပေတယ်။ ဥပါဒ်+ဌီ+ဘင် (၃)မျိုးရှိတဲ့အနက် ဘယ်ကစဖြစ်လာပါသလဲ ... ဥပါဒ်ကစဖြစ်ပါတယ်ဘုရား။ ဥပါဒ်ကစဖြစ်လာတယ်။

အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေကတော့ အမိမျိုချတဲ့ အာဟာရ သားငယ်မှာသွားပြီး ပျံ့နှံ့တဲ့အချိန်ကစပြီးတော့ ဖြစ်လာတယ်။ သူကတော့ အပိုင်းအခြား အတိအကျ မရနိုင်ပေဘူး။ (၁၄)ရက်အတွင်းမှာ ပျံ့နှံ့သွားနိုင်တယ်။ ရုပ်(၄)မျိုး တစ်ဘဝတာ မိမိရဲ့သန္တာန်မှာ စဖြစ်လာတာတွေကိုတော့ သိကြရပေပြီ။

ရုပ်(၄)မျိုးထဲက တစ်မျိုးတည်းဖြစ်တဲ့ အချိန်ကာလကိုတော့ ကေဇကာယဟု ခေါ်တယ်။ ရုပ်(၄)မျိုးထဲက ရုပ်တစ်မျိုးတည်းပဲ ဖြစ်တဲ့အချိန်ကာလကို ဘယ်လိုခေါ်ပါသလဲ ... ကေဇကာယပါဘုရား။ ဘယ်အချိန်အခါလဲဆိုတော့ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်အချိန်ဖြစ်တယ်။ ပဋိသန္ဓေစိတ်ဥပါဒ်က ဥပါဒ်လာတဲ့ ကမ္မဇရုပ်ဟာ ပဋိသန္ဓေစိတ်ရဲ့ဌီသို့ ရောက်လာတဲ့အခါကျတော့ သူက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးအပြုခံနိုင်သွားပြီဖြစ်တယ်။ ဌီရောက်မှ ကျေးဇူးအပြုခံနိုင်တဲ့အတွက်ကြောင့် ပဋိသန္ဓေစိတ်ရဲ့ဥပါဒ်က ဥပါဒ်လာတဲ့ ကမ္မဇရုပ်ဟာ ပဋိသန္ဓေဌီသို့ ရောက်လာတဲ့အခါကျတော့ ကေဇကာယဖြစ်တယ်။ ပဋိသန္ဓေစိတ်နဲ့ အတူတကွဥပါဒ်တဲ့ ကမ္မဇကာယ တစ်ခုပဲရှိသေးတယ်။ ဘယ်နှခုရှိပါလဲ ... တစ်ခုပဲရှိပါတယ်ဘုရား။ တစ်ခုပဲရှိသေးတယ်။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကဖြစ်လာခဲ့တဲ့ ပဋိသန္ဓေ၏ဌီသို့ ရောက်လာတဲ့ ကမ္မဇရုပ်ကို ကေဇကာယလို့ ဆိုရပါတယ်။ ဆောင်ပုဒ်လေးဆိုလိုက်ရင် ပိုရှင်းသွားပါတယ်။ ဆိုကြရအောင်-။

**ဆောင်ပုဒ် ။ ။ ပဋိသန္ဓေ၊ ဌီဉ္စပေ၊ တစ်ထွေကေဇမည်။**

ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ကစပြီးတော့ ဥပါဒ်လိုက်တော့ ပဋိသန္ဓေစိတ်ဌီသို့ ရောက်လာတဲ့ ကမ္မဇရုပ်လေးဟာ တစ်ခုတည်းပဲရှိသေးတယ်။ ကျေးဇူးပြုခံနိုင်တဲ့ ကာယဟာ တစ်ခုပဲရှိသေးတယ်။ ကမ္မဇကာယ တစ်ခုပဲရှိတယ်။ ဒါကြောင့် "တစ်ထွေကေဇမည်"ဟု ဆိုရပါတယ်။ ကေဇကာယကို သဘောပေါက်သွားပါပြီ။ ပဋိသန္ဓေစိတ် ဌီကစပြီးတော့ ဥပါဒ်ခဲ့တဲ့ ဥတုဇရုပ်မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ ပဋိသန္ဓေစိတ် ဌီကာလကစပြီးတော့ ဥပါဒ်ခဲ့တဲ့ ဥတုဇရုပ်ဟာ ပဋိသန္ဓေစိတ် ဘင်ကျတော့ သူက ဌီသို့ရောက်သွားပြီဖြစ်တယ်။ မရောက်ပါဘူးလား ... ရောက်ပါတယ်ဘုရား။ အဲဒီဌီသို့ရောက်

တော့ ကျေးဇူးအပြုခံနိုင်ပါပြီ။ နောက်ဖြစ်သည့် ပစ္ဆာဇာတပစ္စည်း နာမ်တရားတွေ၏ ကျေးဇူးပြုကိုခံနိုင်တဲ့အတွက်ကြောင့် သူ့ကိုတော့ ဒွိဇကာယလို့ဆိုရပါတယ်။ ပဋိသန္ဓေစိတ်နဲ့အတူ ဥပါဒ်ခဲ့တဲ့ ကမ္မဇကာယရယ်၊ ပဋိသန္ဓေစိတ်ဌီကစပြီးတော့ ဥပါဒ်ခဲ့တဲ့ ဥတုဇကာယရယ် ကာယဘယ်နှမျိုးရသွားပါပြီလဲ … (၂)မျိုးရသွားပါပြီဘုရား။ (၂)မျိုးရသွားပြီ။ ပဋိသန္ဓေစိတ် ဘင်ရောက်တော့ (၂)မျိုးမရသွားပါဘူးလား … (၂)မျိုးရသွားပါတယ်ဘုရား။ အဲဒီ(၂)မျိုးကို ဒွိဇကာယလို့ ဆိုရပါတယ်။ (၂)မျိုးကို ဘယ့်နယ်ခေါ်ပါသလဲ … ဒွိဇကာယပါဘုရား။ ဆောင်ပုဒ်ဆိုကြရအောင်-။

ဆောင်ပုဒ် ။ ။ ပဋိသန္ဓေ၊ ဘင်၌ပေ၊ နှစ်ထွေဒွိဇမည်။

ပဋိသန္ဓေစိတ်နဲ့အတူ ဥပါဒ်ခဲ့တဲ့ ကမ္မဇရုပ်ကတစ်ခု၊ ပဋိသန္ဓေစိတ် ဌီနဲ့အတူ ဥပါဒ်ခဲ့တဲ့ ဥတုဇရုပ်ကတစ်ခု။ (၂)ခုဆိုတော့ "နှစ်ထွေဒွိဇမည်"ဟုဆိုရပါတယ်။ ဒွိဇရုပ် ဘယ်မှာဖြစ်ပါသလဲ၊ တရားနာပရိသတ်များရဲ့သန္တာန်မှာဖြစ်ခဲ့တာ ဘယ်အချိန်ကလဲ၊ ဟို … အမိဝမ်းထဲမှာ လူဖြစ်ခါစကတည်းက ဖြစ်ခဲ့တာဖြစ်တယ်။ တရားနာပရိသတ်များတော့ ဘယ်သိနိုင်ပါ့မလဲ။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားလို့ မြတ်စွာဘုရားဟောကြားတော့ မသိရပါဘူးလား … သိရပါတယ်ဘုရား။ ဩော် … မြတ်စွာဘုရားဉာဏ်တော်အရာကို အခုအသိဉာဏ်လေးရှိလို့ သိရတာ ဝမ်းမြောက်ဝမ်းသာဖြစ်စရာမကောင်းပါဘူးလား … ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်းပါတယ်ဘုရား။ အလွန်နက်နဲခက်ခဲ သိမ်မွေ့တာကို သိရတာဖြစ်တယ်။

နောက်တစ်ခါ တိဇကာယဆိုတာ ဘယ်ကစပြီးတော့ တိဇရုပ်ဖြစ်လာသလဲ …

## ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ

**ဒုတိယစိတ္တံ** = ပထမဘဝင်စိတ်ကို၊ **ဥပါဒါယ** = အစပြု၍၊ **စိတ္တသမုဋ္ဌာနာ** = စိတ်ကြောင့်ဖြစ်သောရုပ်တို့သည်၊ **ပဝတ္တန္တိ** = ဖြစ်ကုန်၏။

ပထမဘဝင်ရဲ့ ဥပါဒ်ကစပြီးတော့ စိတ္တဇရုပ်တွေ ဖြစ်လာခဲ့တယ်။ အဲဒီ ပထမဘဝင်ကစပြီးတော့ ဖြစ်လာတဲ့ စိတ္တဇရုပ်ဟာ ပထမဘဝင်ရဲ့ဌီသို့ ရောက်လာတဲ့အခါ သူလည်းဌီဖြစ်သွားပါပြီ။ မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ဌီရောက်တော့ ကာယလို့ အခေါ်ခံနိုင်သွားပြီဖြစ်တယ်။ ကျေးဇူးပြုခံနိုင်သွားပြီဖြစ်တယ်။ ဟို ... သူ့ရှေ့က ကာယက (၂)ခုရှိခဲ့ပြီ။ ကမ္မဇကာယကတစ်ခု၊ ဥတုဇကာယကတစ်ခု။ ယခုစိတ္တဇကာယက ပထမဘဝင်ရဲ့ ဥပါဒ်ကစပြီးတော့ ဥပါဒ်ဖြစ်ခဲ့တော့ ပထမဘဝင်ဌီကျတော့ သူလည်း ကာယတစ်ခုလို့ ခေါ်လို့ရသွားပြီ။ ကျေးဇူးအပြုခံနိုင်ပြီး နောက်က စိတ်စေတသိက်တရားတွေရဲ့ ကျေးဇူးပြုကိုခံနိုင်တဲ့အတွက်ကြောင့် သူလည်း ကာယတစ်ခုဖြစ်တယ်။ ကာယ ဘယ်နှခုရပြီလဲ ... (၃)ခုရသွားပါပြီဘုရား။ ဆောင်ပုဒ်ဆိုကြရအောင်-။

ဆောင်ပုဒ် ။ ။ ပထမဘဝင်၊ ဌီခွင်ပေ၊ သုံးထွေတိဇမည်။

တရားနာပရိသတ်များ အသိဉာဏ်မီသွားရင်တော့ အတော့်ကို နေရာကျတာပဲ။ ဟောတဲ့ပြောတဲ့ပုဂ္ဂိုလ်တွေကလည်း သိပ်ပြီးတော့ နက်နဲခက်ခဲသွားတဲ့အခါ သိပ်မဟောချင်တော့ပေဘူး။ နားမလည်ဘဲဖြစ်သွားမယ်။ အချိန်ကုန်ပြီးတော့ ပင်ပန်းသွားမှာဖြစ်တယ်။ ဒါကြောင့် သင့်လျော်ရုံသာ ဟောကြားရပါတယ်။

အခုတော့ တိဇကာယထိအောင် သဘောပေါက်သွားပါပြီ။ အာဟာရတွေ ပျံ့နှံ့တဲ့အချိန်ကစပြီးတော့ (၂)ပတ်အတွင်းမှာဆိုတော့ တော်တော့်ကို အချိန်ကြာသွားပြီ။ အဲဒီကစပြီးတော့ အာဟာရတွေ ပျံ့နှံ့တဲ့အချိန်ကစပြီး အာဟာရဇရုပ်တွေဖြစ်တော့ ရှေ့ကရုပ်(၃)ခုနဲ့ ပေါင်းလိုက်တော့ စတုဇကာယ မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။

ဆောင်ပုဒ် ॥ ॥ အာဟာရတွေ၊ ပျံ့နှံ့ပေ၊ လေးထွေစတုဇမည်။

စတုဇကာယကတော့ အတိအကျပိုင်းခြားလို့ မရဘူး။ ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယတွေကတော့ အတိအကျပိုင်းခြားလို့ မရပါဘူးလား ... ရပါတယ်ဘုရား။ သဘောပေါက်နေပါပြီ။

ကံကြောင့်ဖြစ်တဲ့ရုပ်တွေက ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ကစပြီးတော့ ဖြစ်ခဲ့တယ်။ ဥတုကြောင့်ဖြစ်တဲ့ရုပ်ကတော့ ဘယ်ကစပြီးတော့ဖြစ်သလဲ၊ ပဋိသန္ဓေစိတ် ဌီကစပြီးတော့ ဖြစ်ခဲ့တယ်။ ဥပါဒ်+ဌီ+ဘင်တို့တွင် အလယ်ဌီကစ၍ ဖြစ်ခဲ့တယ်။ စိတ္တဇရုပ်တွေဟာ ဘယ်ကစပြီးတော့ ဖြစ်ခဲ့ပါသလဲ၊ ပထမဘဝင်ရဲ့ဥပါဒ်ကစ၍ ဖြစ်ခဲ့တယ်။

တရားနာပရိသတ်များ တစ်ဘဝမှာဖြစ်ခဲ့တဲ့အစဉ်လေး မသိရပါဘူးလား ... သိရပါတယ်ဘုရား။ ဩော် ... တော်တော်နဲ့မှ သိမှသိနိုင်ပါ့မလား၊ မသိနိုင်ပေဘူး။ မြတ်စွာဘုရားဉာဏ်တော်မှာမှ သိနိုင်တာကို ပြန်ဟောကြားထားလို့ သိရတာ။ အလွန်နက်နဲခက်ခဲ သိမ်မွေ့တဲ့ အသိတွေ သိရတာပဲလို့ ဝမ်းမြောက်ဝမ်းသာဖြစ်စရာပါပဲ။ အဲဒီ ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယထဲမှာ ဝိပဿနာရှုဖို့ ရုပ်တွေပါပါတယ်။ ဝိပဿနာမရှုရမယ့် ရုပ်တွေလည်း ပါပါတယ်။

ရုပ်(၂၈)ပါး တရားနာပရိသတ်များ ကြားဖူးပါတယ်။ အဲဒီရုပ်(၂၈)ပါး ထဲက ရုပ်(၁၈)ပါးပဲ ဝိပဿနာရှုလို့ရပါတယ်။ ယခုတရားနာပရိသတ်များ က ဝိပဿနာယောဂီတွေဖြစ်တော့ ဘယ်ရုပ်ကို ဝိပဿနာရှုရပါသလဲ၊ ဘယ် ရုပ်တွေကို ဝိပဿနာရှုလို့ မရပါဘူးလဲလို့ မေးခဲ့လို့ရှိရင် ဗဟုသုတအနေနဲ့ ဖြေဖို့ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ခွဲခြားပြီးတော့ ပြခဲ့ပါတယ်။

ကျမ်းဂန်အနဲ့ ကြည့်ရှုနိုင်တဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးက စိစစ်ပေးခဲ့လို့ တရားနာပရိသတ်များ လွယ်လွယ်နဲ့ သိခွင့်ရ ကြပါတယ်။ မသိချင်ပါဘူးလား ... သိချင်ပါတယ်ဘုရား။ ဝိပဿနာယောဂီ ဆိုတော့ ဗဟုသုတအနေနဲ့ တချို့ကလည်း မေးကြတယ်။ ဘယ်ရုပ်တွေကို ဝိပဿနာရှုရမှာတုံးလို့ မေးရင် ရုပ်(၁၈)ပါးကို ရှုရပါတယ်၊ ရုပ်(၁၀)ပါးကို တော့ မရှုရပါဘူးဆိုတဲ့ အဖြေကို ဗဟုသုတအနေနဲ့ ဆောင်ပုဒ်ကလေး အရင်ဆိုရအောင်-။

**ဆောင်ပုဒ် ။ ။ ဘုတ်(၄) ကြည်(၅)၊ အာရုံ(၅)၊ နှစ်ပါးဘာဝမည်။**

ဘုတ်က မဟာဘုတ်(၄)ပါး။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။ ဘယ်နပါးပါလဲ ... (၄)ပါးပါဘုရား။ ဝိပဿနာမရှုရပါဘူးလား ... ရှုရပါတယ် ဘုရား။ ကြည်(၅) - မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာ အကြည်၊ ကိုယ်အကြည် မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ကိုယ်အ ကြည်ကတော့ အများဆုံး ရှုနေရပါတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင် တယ်၊ ထိတယ်၊ ကွေတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုနေတာ ကိုယ်အကြည် ကို ရှုနေတာပါပဲ။ မျက်စိအကြည်ကိုလည်း ရှုရ၊ နားအကြည်ကိုလည်း ရှုရ၊

နာခေါင်းအကြည်ကိုလည်း ရှုရ၊ လျှာအကြည်ကိုလည်း ရှုရ၊ ကိုယ်အကြည်ကိုလည်း ရှုရပါတယ်။ မြင်တယ် မြင်တယ်၊ ကြားတယ် ကြားတယ်၊ နံတယ် နံတယ်၊ စားတယ် စားတယ်၊ ဖောင်းတယ် ပိန်တယ် မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ အကြည်ဓာတ်(၅)ခုဟာ ဝိပဿနာရှုစရာထဲမှာပါတယ်။

အာရုံ(၅)ပါးဖြစ်တဲ့ အဆင်း ရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ သူတို့ကိုလည်း မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ မြင်တယ်၊ မြင်တယ်လို့ ရှုနေတာ ရူပါရုံကို ရှုနေတာဖြစ်တယ်။ ကြားတယ်၊ ကြားတယ်လို့ မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ အသံ သဒ္ဒါရုံကို ရှုရတာဖြစ်တယ်။ နံတယ်၊ နံတယ်လို့ကော မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ အနံ့ ဂန္ဓာရုံကို ရှုရတာဖြစ်တယ်။ စားတယ်၊ စားတယ်လို့ မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ရသာရုံကို ရှုရတာဖြစ်တယ်။ ထိတယ်၊ ထိတယ်လို့ မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ရှုရတာဖြစ်တယ်။

"နှစ်ပါးဘာဝမည်"ဆိုတာ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တွေကိုလည်း ဝိပဿနာရှုလို့ ရပါတယ်ဟု ဆိုလိုပါတယ်။ ဒါပေမဲ့ တိုက်ရိုက်တော့ ရှုလို့မရပေဘူး။ ဒီလိုအမူအရာ သွားနေတာတော့ ဣတ္ထိဘာဝပဲ၊ အမျိုးသမီးရဲ့ သဘောတရားပဲ။ မြင်တယ်၊ မြင်တယ်ဟု မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ဒီလိုသွားနေတာကတော့ ပုမ္ဘာဝ - ယောကျ်ားတွေရဲ့ သဘာဝပဲ။ မြင်တယ်၊ မြင်တယ်ဟု မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ သူတို့ကိုလည်း ရှုရတယ်။ မိန်းမရဲ့အမူအရာ မိန်းမဘာဝ၊ ယောကျ်ားရဲ့အမူအရာ ယောကျ်ားဘာဝတွေကို ဝိပဿနာရှုလို့ရပါတယ်။ ရှေ့ဆက်ဆိုကြပါဦးစို့-။

ဆောင်ပုဒ် ။ ။ သီးခြားသုံးပါ၊ ဆယ့်ရှစ်ဖြာ၊ သဘာဝရုပ်မည်။

"သီးခြားသုံးပါ"ဆိုတာ သီးခြားဟောကြားတဲ့ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ဟဒယရုပ်လို့ ဘယ်နှခုပါလဲ ... (၃)ခုပါဘုရား။ "သီးခြားသုံးပါ"ဆိုတာ ဇီဝိတရုပ် အသက်ရုပ်၊ အာဟာရရုပ် အာဟာရပါပဲ။ ဟဒယရုပ် ဟဒယဝတ္ထုပါပဲ။ အဲဒီ(၃)ပါးပါထည့်လိုက်တော့ (၁၈)ဖြာ ဖြစ်သွားတယ်။ အဲဒီ(၁၈)ဖြာဟာ သဘာဝရုပ် ပရမတ္ထရုပ်အစစ်တွေပဲဖြစ်တယ်။

ဆောင်ပုဒ် ။ ။ သဘာဝရုပ်ဓာတ်၊ ပရမတ်၊ ဝိပဿ်ရှုရမည်။

သဘာဝရုပ်ဓာတ်တွေ ထင်ရှားတဲ့ရုပ်ဓာတ်တွေဖြစ်လို့ ဝိပဿနာရှုရမှာဖြစ်တယ်။ ဝိပဿနာယောဂီတွေဆိုတော့ ဝိပဿနာရှုရမယ့်ရုပ်တွေကို သိထားရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ဗဟုသုတအနေနဲ့ သိထားရအောင်ဖြစ်တယ်။ မဂ်ရောက် ဖိုလ်ရောက်ရှုတော့ ကော ဓမ္မော-တစ်ခုပဲရှုနေရတာပါပဲ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်။ ကာယအကြည်တစ်ခုတည်းကို မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ တစ်ခုတည်းကပင် အောင်မြင်သွားရင်တော့ တရားနာပရိသတ်များ ရည်မှန်းတဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်သွားမှာပါပဲ။ အပြည့်အစုံသိထားတာ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။

ဆောင်ပုဒ် ။ ။ ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ။

ကြွင်းတဲ့ရုပ် ဆယ်ခုဖြစ်တယ်။ ရုပ်(၂၈)ပါးထဲက (၁၈)ပါးက ဝိပဿနာရှုရမည့် ရုပ်တရားတွေဖြစ်တယ်။ ကျန်တဲ့(၁၀)ပါးကို ဝိပဿနာ မရှုရပေဘူး။ ပညတ်တွေဖြစ်လို့ မရှုမှတ်ရပေဘူး။ အာကာသဓာတ်ကို ဝိပဿနာ

ရှုလို့မရပေဘူး။ အကြားအပေါက်တွေ ရုပ်တွေနှစ်ခုကြားမှာ အပေါက်လေးတွေ၊ ကြားလေးတွေရှိတယ်။ အဲဒီအာကာသဓာတ်ကိုတော့ ဝိပဿနာရှုလို့ မရပေဘူး။ ဝိညတ်ဒွေးကိုလည်း အမူအရာမျှပဲဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။ ပေါ့တဲ့သဘော ရူပဿ လဟုတာ-ရုပ်ရဲ့ ပေါ့တဲ့သဘော၊ ရူပဿ မုဒုတာ-ရုပ်ရဲ့ နူးညံ့တဲ့သဘော၊ ရူပဿ ကမ္မညတာ-ရုပ်ရဲ့ ခံ့ကျန်းတဲ့သဘောတို့ကို ရုပ်အမူအရာမျှ ပညတ်ဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။

ဥပစယ-ရုပ်ရဲ့ဖြစ်စ၊ ဒါလည်း ရုပ်ရဲ့အမူအရာမျှဖြစ်တယ်။ သန္တတိ-ရုပ်ရဲ့ဖြစ်စဉ်၊ ပွား-ရုပ်တွေ တိုးပွားလာတဲ့အစဉ်ဖြစ်တယ်။ အဲဒါတွေကိုလည်း ဝိပဿနာရှုလို့ မရပေဘူး။ ပညတ်တွေပဲဖြစ်တယ်။ ရင့်-ရူပဿ ဇရတာ အနိစ္စတာ။ ဇရတာ-ရုပ်ရဲ့ရင့်ကျက်မှု အမူအရာပဲဖြစ်တယ်။ အနိစ္စတာ-ရုပ်ရဲ့ ပျက်သွားတဲ့သဘောဖြစ်တယ်။ အဲဒါတွေကို ပညတ်တွေဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။

**ဆောင်ပုဒ်။ ။ အာကာသဓာတ်၊ နှစ်ဝိညတ်၊ ပေါ့လတ်နူးခံ့သည်။**

အဘိဓမ္မာသင်ဖူးတဲ့ပုဂ္ဂိုလ်တို့ ကောင်းကောင်းသိပါတယ်။ "အာကာသဓာတ်"က အကြားအပေါက်၊ "နှစ်ဝိညတ်"က ကာယဝိညတ်၊ ဝစီဝိညတ်။ ရုပ်ရဲ့အမူအရာမျှပဲ။ "ပေါ့"ဆိုတာ ရူပဿ လဟုတာ-ရုပ်တွေ ပေါ့ပါးတဲ့ သဘောလက္ခဏာပဲဖြစ်တယ်။ "နူး" ရူပဿ မုဒုတာ-နူးညံ့တယ်။ အထည်ကိုယ်ဒြပ်ရယ်လို့ မရှိပေဘူး။ ရုပ်ရဲ့ အမူအရာလေးတွေပဲဖြစ်တယ်။ "ခံ့" ရူပဿ ကမ္မညတာ-အမူအရာလေးမျှပဲဖြစ်တယ်။ ဝိပဿနာရှုလို့ ရပါရဲ့လား ... ရှုလို့မရပါဘုရား။ မရပေဘူး။ ပညတ်ပဲဖြစ်တယ်။

သုတေသနစာကြည့်တိုက်
သာသနာရေးဦးစီးဌာန

ကမ္ဘာအေး၊ ရန်ကုန်။

ဆောင်ပုဒ်။ ။ ဖြစ်ပွားရင့်လာ၊ သေပျက်မှာ၊ ပညာတ်ဆယ်ရုပ်မည်။

"ဖြစ်"ဆိုတာ ဥပစယ။ "ပွား"ဆိုတာ သန္တတိ-အစဉ်ပွားများလာတယ်။ "ရင့်"ဆိုတာ ဇရတာရုပ်။ "သေ"ဆိုတာ အနိစ္စတာရုပ်။ အဲဒီရုပ်တွေကို ရုပ်တွေရဲ့ အမူအရာပညတ်မျှဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။ ပစ္ဆာဇာတပစ္စည်းမှာ ဝိပဿနာရှုစရာ ရုပ်တရားနဲ့ ဝိပဿနာမရှုရမည့်တရား ကွဲပြားပြီးတော့ သိဖို့ရာ ကေကောဃ၊ ဒွိဇကောဃ၊ တိဇကောဃထဲက ထုတ်ပြီးတော့ ပြထားပါတယ်။ ပစ္ဆာဇာတပစ္စည်းကတော့ ဤမျှနဲ့ပဲ အသင့်အတင့် ပြည့်စုံသွားပါပြီ။

⊙ ⊙ ⊙ ⊙ ⊙

၂၈၀၂၇

# အာသေဝနပစ္စည်း

အာသေဝနပစ္စည်းကို ဆက်လက်ပြီးတော့ ဟောကြားပါ့မယ်။

အာသေဝနဆိုတာ ...

**အာ ပုနပ္ပုနံ သေဝတိ ပဝတ္တတီတိ အာသေဝနံ**

**အာ ပုနပ္ပုနံ** = အဖန်ဖန်အထပ်ထပ်အခါခါ၊ **သေဝတိ ပဝတ္တတိ** = ဖြစ်တတ်၏။ **ဣတိတသ္မာ** = ထိုသို့ အဖန်ဖန်အထပ်ထပ်အခါခါ ထုံတတ်ဖြစ်တတ်တဲ့အတွက်ကြောင့်၊ **အာသေဝနံ** = အာသေဝနမည်၏။

အာသေဝနဆိုတာ အဖန်ဖန်အထပ်ထပ်အခါခါဖြစ်တာ၊ ထုံတာမျိုးကို အာသေဝနလို့ ဆိုရပါတယ်။ ဥပမာအားဖြင့် ရှေးရှေးကလိမ်းထားတဲ့ နံ့သာတွေ နောက်နောက်ထပ်ထပ်ပြီး လိမ်းပေးတော့ အမွှေးနံ့တွေ ပိုအားမကောင်းသွားပါဘူးလား ... ပိုအားကောင်းသွားပါတယ်ဘုရား။ အားကောင်းသွားတယ်။ အဲဒီလိုပါပဲ။ အာသေဝန အဖန်ဖန်အထပ်ထပ် ထုံပေးတဲ့ သဘောပါပဲ။ အာသေဝနပစ္စည်းပါဠိကို ဆက်လက်ပြီးတော့ အတိုချုပ် ဟောကြားပြီးတော့မှ နောက်မှ ရှင်းပြပါ့မယ်။

**အာသေဝနပစ္စယောတိ -**

**ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။**

**ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။**

**ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။**

**အာသေဝနပစ္စယောတိ** = အာသေဝနပစ္စည်းဟူသည်ကား၊ **ပုရိမာ ပုရိမာ** = ရှေးရှေး၌ဖြစ်ကုန်သော၊ **ကုသလာ** = ကုသိုလ်ဖြစ်ကုန်သော၊ **ဓမ္မာ** = အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာတို့သည်၊ **ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ဖြစ်ကုန်သော၊ **ကုသလာနံ** = ကုသိုလ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = ပထမဇောကြဉ်သော ကုသိုလ်စိတ်ကေဝီသ(၂၁)ပါး နာမက္ခန္ဓာတို့အား၊ **အာသေဝနပစ္စယေန** = အာသေဝနပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ပုရိမာ ပုရိမာ** = ရှေးရှေး၌ဖြစ်ကုန်သော၊ **အကုသလာ** = အကုသိုလ် ဖြစ်ကုန်သော၊ **ဓမ္မာ** = အဆုံးဇောကြဉ်သော အကုသိုလ်ဒွါဒသ(၁၂)ပါး နာမက္ခန္ဓာတို့သည်၊ **ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ဖြစ်ကုန်သော၊ **အကုသလာနံ** = အကုသိုလ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = ပထမဇောကြဉ်သော အကုသိုလ်စိတ်ဒွါဒသ(၁၂)ပါး နာမက္ခန္ဓာတို့အား၊ **အာသေဝနပစ္စယေန** = အာသေဝနပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ပုရိမာ ပုရိမာ** = ရှေးရှေး၌ဖြစ်ကုန်သော၊ **ကိရိယာဗျာကတာ** = ကိရိယာဗျာကတဖြစ်ကုန်သော၊ **ဓမ္မာ** = အဆုံးဇောကြဉ်သော ကိရိယာဇောအဋ္ဌာရသ(၁၈)ပါး နာမက္ခန္ဓာတို့သည်၊ **ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ဖြစ်ကုန်သော၊ **ကိရိယာဗျာကတာနံ** = ကိရိယာဗျာကတဖြစ်ကုန်သော၊ **ဓမ္မာနံ** = ပထမဇောကြဉ်သော ကိရိယာဇောအဋ္ဌာရသ(၁၈)ပါး နာမက္ခန္ဓာတို့အား၊ **အာသေဝနပစ္စယေန** = အာသေဝနပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ရှေးရှေးကဖြစ်တဲ့ ကုသိုလ်တရားတွေက နောက်နောက်၌ဖြစ်သော ကုသိုလ်တရားတွေကို၊ ရှေးရှေးကဖြစ်တဲ့ အကုသိုလ်တရားတွေက နောက်နောက်၌ဖြစ်သော အကုသိုလ်တရားတွေကို၊ ရှေးရှေးကဖြစ်တဲ့ ကိရိယာဗျာကတတရားတွေက နောက်နောက်၌ဖြစ်သော ကိရိယာဗျာကတတရားတွေကို အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ကုသိုလ်က ကုသိုလ်ကို၊ အကုသိုလ်က အကုသိုလ်ကို၊ အဗျာကတက အဗျာကတကိုလို့ ဘယ်နှချက်ပါလဲ ... (၃)ချက်ပါဘုရား။ (၃)ချက်အနက်က တရားနာပရိသတ်များသန္တာန်မှာ (၂)ချက်တော့ ရပါတယ်။ ကုသိုလ်ကနေ ကုသိုလ်ကို၊ အကုသိုလ်ကနေ အကုသိုလ်ကို ဒီ(၂)ချက်တော့ ရပါတယ်တဲ့။ တရားနာပရိသတ်များသန္တာန်မှာလည်း ရပါတယ်။ ထိုထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာလည်း ရတယ်။ အဗျာကတက အဗျာကတကို ကျေးဇူးပြုတဲ့ အာသေဝနပစ္စည်း ပစ္စယုပ္ပန်ကတော့ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာမှ ရနိုင်တယ်။

ပုဂ္ဂိုလ်အားဖြင့် ခွဲခြားပြီးတော့ သိဖို့ရာ ကုသိုလ်၊ အကုသိုလ်တွေလည်း ပါလာတယ်။ ရှေးရှေးနောက်နောက်လည်း ပါလာတယ်ဆိုတော့ ဘယ်မှာ သက်ဝင်သွားပါသလဲဆိုတော့ အနန္တရထဲမှာ သက်ဝင်သွားတယ်။ ဝီထိချပြမှ ရှေးရှေးနောက်နောက်ကို သိရတယ်။ ရှေးရှေးနောက်နောက်လို့ပြောတော့ ဝီထိအစဉ်မှာမှ ရှေးရှေးနောက်နောက်ကို အစဉ်ပြလို့ရတယ်။ အောက်မှာ ဝီထိလေး ချပြထားတယ်။ တရားနာပရိသတ်များ တွေ့ရပါတယ်နော် ... တွေ့ရပါတယ်ဘုရား။

အဲဒီဝီထိလေး ရှေးရှေးနောက်နောက်ရဲ့ သဘောတွေသိရအောင် အနန္တရတုန်းကလို ပြန်ပြီးတော့ ဆိုကြရမယ်တဲ့။ အာသေဝနက အနန္တရအမျိုးဖြစ်တယ်။ ရှေးရှေးနောက်နောက်နဲ့ ကျေးဇူးပြုတော့ ရှေးရှေးနောက်နောက်ကို သိဖို့ရာ ဝီထိချပြမှပဲ သိတော့တယ်။ မချပြရင် တရားနာပရိသတ်များ သဘောပေါက်ဖို့ရာ လွယ်မှလွယ်ပါတော့မလား ... မလွယ်ပါဘုရား။ မလွယ်တော့ဘူး။

| တီ | န | ဒ | ပ | စ | သံ | န္တီ | ဝု | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ရုံ | ရုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|

တီ-ဆိုတာက အတီတဘဝင်။ န-ဆိုတာက ဘဝင်စလန။ ဒ-ဆိုတာက ဘဝင်ုပစ္ဆေဒ။ ပ-ဆိုတာက ပဉ္စဒွါရာဝဇ္ဇန်း။ စ-ဆိုတာက စက္ခုဝိညာဏ်။ သံ-ဆိုတာက သမ္ပဋိစ္ဆိုင်း။ န္တီ-ဆိုတာက သန္တီရဏ။ ဝု-ဆိုတာက ဝုဋ္ဌော။ ဇောဇော-က ဘယ်နှကြိမ်ပါလဲ ... (၇)ကြိမ်ပါဘုရား။ ရုံရုံ-ဆိုတာက တဒါရုံ(၂)ကြိမ်ဖြစ်တယ်။ တရားနာပရိသတ်ဟောင်း၊ ယောဂီဟောင်းများတော့ ရပြီးသား ဖြစ်ပါတယ်။ တရားနာပရိသတ်အသစ်၊ ယောဂီအသစ်များအတွက်တော့ နည်းနည်းလေး တစ်ခေါက်လောက် ပြန်ဖြေပါဦး။ တရားနာပရိသတ်

ဟောင်း။ ယောဂီဟောင်းများက အသာလေးစောင့်ပြီးတော့ နားထောင်နေပါ။ မှားသွားမှ ထောက်ပေးလိုက်ရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ အားလုံးရသွားကြရအောင်ဖြစ်တယ်။

တီ-ဆိုတာက ... အတီတဘဝင်ပါဘုရား။ န-ဆိုတာက ... ဘဝင်္ဂစလနပါဘုရား။ ဒ-ဆိုတာက ... ဘဝင်္ဂုပစ္ဆေဒပါဘုရား။ အသစ်တွေက သိပ်မဖြေနိုင်ဘူး။ တစ်ခေါက်ပြန်မေးပါဦးမယ်။ တီ-ဆိုတာက ... အတီတဘဝင်ပါဘုရား။ န-ဆိုတာက ... ဘဝင်္ဂစလနပါဘုရား။ အတီတဘဝင်-ဆိုတာ လွန်သွားတဲ့ ဘဝင်ကိုပြောတာ။ န-ဆိုတာက ဘဝင်္ဂစလန၊ ဘဝင်လှုပ်သွားတယ်တဲ့။ မျက်စိအကြည်လေးမှာ ရူပါရုံလာတိုက်တော့ ဘဝင်ကစပြီး လှုပ်သွားတယ်။ လှုပ်သွားတာ ဘဝင်္ဂစလနဖြစ်တယ်။ ဒ-ဆိုတာ ဘဝင်္ဂုပစ္ဆေဒ။ ဘဝင်္ဂုပစ္ဆေဒ-ဆိုတာ ဘဝင်ပြတ်သွားတာဖြစ်တယ်။ အဲဒီကစပြီးတော့ ဘဝင်ဆက်မဖြစ်တော့ဘူး။

မျက်စိအကြည်လေးမှာ ရူပါရုံအဆင်း လာတိုက်တော့ ဘဝင်တစ်ချက်က လွန်သွားတာကို အတီတဘဝင်။ ဘဝင်တွေလှုပ်သွားတာကိုတော့ ဘဝင်္ဂစလန။ ဘဝင်ပြတ်သွားတာကိုတော့ ဘဝင်္ဂုပစ္ဆေဒ။ နောက်ပြီးမှ ဆင်ခြင်တဲ့စိတ်ကလေး-"ပ"က ပဉ္စဒ္ွါရာဝဇ္ဇန်း။ ပ-ကဘာဖြစ်သတဲ့ ... ပဉ္စဒ္ွါရာဝဇ္ဇန်းပါဘုရား။ ပဉ္စဒ္ွါရာဝဇ္ဇန်းဆိုတာ ပဉ္စဒ္ွါရမှာကျလာတဲ့ အာရုံကို ဆင်ခြင်တဲ့စိတ်ကလေးဖြစ်တယ်။ ဆင်ခြင်လိုက်တယ်။ ဆင်ခြင်ပြီးတော့ ဥပါဒ်+ဌီ+ဘင် ဆိုပြီးတော့ သူကလည်း ပျက်သွားတယ်။

နောက်ပြီးမှ စက္ခုဝိညာဏ်ဖြစ်တယ်။ "စ"က ဘာဖြစ်သတဲ့လဲ ... စက္ခုဝိညာဏ်ပါဘုရား။ စက္ခုဝိညာဏ်စိတ်ကလေး မြင်သိစိတ်ကလေး ဖြစ်သွား

တယ်။ "သံ"က ဘာပါတဲ့ ... သမ္ပဋိစ္ဆိုင်းပါဘုရား။ အဲဒီအာရုံတွေ မပျောက်သွားရအောင် ခံယူလိုက်တယ်တဲ့။ သမ္ပဋိစ္ဆိုင်းဆိုတာ ခံယူလိုက်တယ်။ မျက်စိအကြည်မှာလာတိုက်တဲ့ အာရုံလေး မပျောက်သွားရအောင် ခံယူတဲ့စိတ်ကို သမ္ပဋိစ္ဆိုင်းတဲ့။ "န္တီ"က ဘာဖြစ်သလဲ ... သန္တီရဏပါဘုရား။ အဲဒီခံယူထားတဲ့ အာရုံလေးကို စုံစမ်းတယ်။ ကောင်းသလား၊ မကောင်းဘူးလား မစုံစမ်းပါဘူးလား ... စုံစမ်းပါတယ်ဘုရား။ သူကလည်း ဥပါဒ်+ဌီ+ဘင် တစ်ခါတည်း ပျက်သွားတယ်။ စုံစမ်းရုံပဲ စုံစမ်းနိုင်တယ်။ ဘာမှ ထပ်မသိနိုင်ဘူးတဲ့။ "ဝု"ဆိုတာက ဝုဋ္ဌော။ ဝုဋ္ဌောဆိုတာ ဆုံးဖြတ်တယ်။ ဒီအာရုံကတော့ ကောင်းတယ်၊ ဒီအာရုံက မကောင်းဘူးလို့ ဆုံးဖြတ်တာ ဝုဋ္ဌောဖြစ်တယ်။

ဇောက အာရုံရဲ့အရသာကို ခံစားလိုက်တယ်။ ကောင်းတာဆိုရင်လည်း ကောင်းတဲ့အတိုင်း သာယာခံစားလိုက်တယ်။ မကောင်းရင်လည်း မကောင်းတဲ့အတိုင်းပဲ ခံစားလိုက်တယ်။ ဇောတွေက ဘယ်နှကြိမ်ပါလဲ ... (၇)ကြိမ်ပါဘုရား။ ဇောဆိုတာ ပါဠိလို ဇဝန၊ မြန်မာလို အလျင်အမြန်ဖြစ်တယ်။ ဘယ်နှကြိမ်ဖြစ်ပါသလဲ ... (၇)ကြိမ်ပါဘုရား။ (၇)ကြိမ်ဖြစ်ရတယ်။ (၇)ကြိမ်ဖြစ်ရရင် ဖြစ်ရ၊ မဖြစ်ရရင် မဖြစ်ဘူးတဲ့။ ဖြစ်ရရင်တော့ (၁)ကြိမ်တည်း၊ (၂)ကြိမ်တည်းတော့ မဖြစ်ဘူး။ (၇)ကြိမ်၊ (၇)ကြိမ် အလျင်အမြန်ဖြစ်တယ်။ ရုံဆိုတာကဘာတဲ့ ... တဒါရုံပါဘုရား။ ထိုဇောရဲ့အာရုံကိုပင် အာရုံပြုတယ်။ ဇောက ရူပါရုံလေး အဆင်းလေးကို အာရုံပြုရင် တဒါရုံကလည်း ရူပါရုံလေး အဆင်းလေးကို အာရုံပြုရတယ်။ အသံတွေသွားပြီး အာရုံပြုလို့မရဘူး။ ထိုဇောရဲ့အာရုံကို အာရုံပြုတာ တဒါရုံ ဘယ်နှကြိမ်ပါလဲ ... (၂)ကြိမ်ပါဘုရား။ (၂)ကြိမ်တဲ့။ ဆိုကြပါဦးစို့-။

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်။

ဒါက စက္ခုဒွါရ မျက်စိအကြည်လေးမှာ ရူပါရုံလာတိုက်တဲ့အခါ စိတ်အစဉ်(၁၇)ချက် စီတန်းပြီးတော့ ဖြစ်သွားတာကို ပြတာ။ မြတ်စွာဘုရားအလိုကျ အဋ္ဌကထာဆရာတွေ ဖွင့်ပြတာ။ ဘယ်သူ့သန္တာန်မှာ ဖြစ်နေပါသလဲ ... တပည့်တော်တို့သန္တာန်မှာပါဘုရား။

နားအကြည်မှာ အသံသဒ္ဒါရုံလေး လာတိုက်တဲ့အခါမှာလည်း စိတ်တွေ ဘယ်နချက်တောင် ဖြစ်သွားနိုင်ပါသလဲ၊ စိတ်အစဉ်တန်းကြီး(၁၇)ချက်ပဲ ဖြစ်ဖြစ်သွားတယ်။ အဲဒါကို ရှေးရှေးစိတ်တွေက နောက်နောက်စိတ်တွေကို အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတာဖြစ်တယ်၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုတာဖြစ်တယ်။ ဒီတော့မှ ရှေးရှေးနောက်နောက် ခွဲလို့ရတယ်။ ဒီအစဉ်လေးမှ မသိရင် ရှေးရှေးနောက်နောက် ခွဲလို့ရမှရပါ့မလား ... မရပါဘုရား။ မရပေဘူး။ နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါမှာလည်း ဒီလိုပဲ (၁၇)ချက်။ စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်လေးထည့်ပြီး ဆိုကြည့်ရအောင်-။

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဏ်၊ ရှေ့ကိုဆက်ပြီး ဆိုရအောင်။ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်။

နှာခေါင်းအကြည်မှာ အနံ့ဂန္ဓာရုံလာတိုက်တော့ ဘာစိတ်ဖြစ်ပါသလဲ ... နံ့သိစိတ်ဖြစ်ပါတယ်ဘုရား။ နံ့သိစိတ်ဆိုတာ ဃာနဝိညာဏ်ဖြစ်တယ်။ စက္ခုဝိညာဏ်နေရာမှာ ဃာနဝိညာဏ်ထည့်ပြီး ဆိုကြည့်ကြဦးစို့-။

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဃာနဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်။

လျှာအကြည်မှာ ရသာရုံလာတိုက်တော့ ဘာစိတ်ဖြစ်ပါသလဲ ... စားသိစိတ်ဖြစ်ပါတယ်ဘုရား။ စားသိစိတ်ဖြစ်တယ်။ ဇိဝှါဝိညာဏ်ဖြစ်တယ်။ စက္ခုဝိညာဏ်နေရာမှာ ဇိဝှါဝိညာဏ်ထည့်ပြီးတော့ ဆိုကြရအောင်-။

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဇိဝှါဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်။

ကိုယ်အကြည်မှာ အတွေ့ဖောဋ္ဌဗ္ဗာရုံလာတိုက်တော့ ဘာစိတ်ဖြစ်ပါသလဲ ... ထိသိစိတ်ဖြစ်ပါတယ်ဘုရား။ ထိသိစိတ်ဆိုတဲ့ ကာယဝိညာဏ်စိတ် ဖြစ်တယ်။ စက္ခုဝိညာဏ်နေရာမှာ ကာယဝိညာဏ်ထည့်ပြီးတော့ တစ်ခေါက်ဆိုကြရအောင်-။

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်။

အဲဒီမှာ အတီတဘဝင်ကနေစပြီးတော့ ဝုဋ္ဌောတိုင်အောင်တော့ အဗျာကတပဲရတယ်။ နောက်တဒါရုံ(၂)ကြိမ်ကလည်း အဗျာကတပဲရတယ်။ ဇော(၇)ကြိမ်မှာတော့ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ (၃)မျိုးလုံးရတယ်။

အခုအာသေဝနပစ္စည်းမှာ (၃)မျိုးလုံး မဟောထားပါဘူးလား ... ဟောထားပါတယ်ဘုရား။ ကုသိုလ်ရယ်၊ အကုသိုလ်ရယ်၊ အဗျာကတရယ်။ ဒီတော့ ဘယ်ထဲမှာ အဗျာကတရှိပါသလဲ ... ဘယ်ထဲမှာ ကုသိုလ်၊ အကုသိုလ်၊

အဗျာကတအလုံးစုံရှိတယ်လို့ သိထားမှ ဟိုမှာပြောရတာ သဘောကျပေမယ်။ ဒီဆောင်ပုဒ်ကလေးလည်း အရင်တုန်းကတော့ ဆိုဖူးပါတယ်။ အဲဒီဆောင်ပုဒ်ကလေး ထည့်ဆိုကြရအောင်-။

ဆောင်ပုဒ် ။ ။ ရှေ့ရှစ်နောက်နှစ်၊ အဗျာကတဖြစ်၊ လယ်(၃)ခုမှာ၊
ကုအဗျာ၊ မှန်စွာဖြစ်ပေသည်။

ရှေ့က(၈)ခုတဲ့။ အတီတဘဝင်ကစပြီးတော့ ဝုဋ္ဌောတိုင်အောင် ဘယ်နှခုရှိပါသလဲ ... (၈)ခုရှိပါတယ်ဘုရား။ (၈)ခုဖြစ်တယ်။ "နောက်နှစ်"ဆိုတာ "တဒါရုံ တဒါရုံ" (၂)ခုဖြစ်တယ်။ ဘာလဲဆိုတော့ အဗျာကတပဲ။ အလယ်(၇)ခုဖြစ်တဲ့ ဇော(၇)ခုက "ကု" ကုသိုလ်လည်းဖြစ်တယ်။ "အ" အကုသိုလ်လည်းဖြစ်တယ်။ "ဗျာ" အဗျာကတလည်းဖြစ်တယ်။

ကုသိုလ်ရဲ့သဘော၊ အကုသိုလ်ရဲ့သဘော၊ အဗျာကတရဲ့သဘောတွေကို ရှေးကတော့ သိခဲ့ဖူးပါပြီ။ အခု အသိဉာဏ်လေးထပ်ဖြစ်သွားရအောင် ဆောင်ပုဒ်ကလေးပဲ ဆိုကြပါစို့-။

ပါဠိလို ...

**ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ**

**ကုသလာ** = ကုသိုလ်တရားတို့သည်၊ **အနဝဇ္ဇသုခဝိပါကလက္ခဏာ** = အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာ ရှိကုန်၏။

ကုသိုလ်တရားတွေဆိုတာက ပြုဆဲခဏမှာလည်း အပြစ်မရှိပါဘူး။ အလှူဒါနတွေ ပေးနေတဲ့ပုဂ္ဂိုလ် အပြစ်ရှိတယ်လို့ ဘယ်ပုဂ္ဂိုလ်မှ ပြောလို့မရ

ပါဘူး။ သီလတွေ ဆောက်တည်တဲ့ပုဂ္ဂိုလ် အပြစ်ရှိတယ်လို့ ပြောလို့ရပါ့မလား ... ပြောလို့မရပါဘုရား။ ပြုနေဆဲမှာလည်း အပြစ်မရှိပါဘူး။ ပြုပြီးတဲ့နောက်ကာလမှာလည်း ကောင်းကျိုးတွေကိုသာ လိုက်ပြီးတော့ပေးပါတယ်။ ကုသိုလ်ရှင်ကို ဖြစ်လေရာရာ ဘုံဘဝတွေမှာ ကောင်းကျိုးချမ်းသာတွေ အမျိုးမျိုးရအောင် ကောင်းကျိုးတွေသာလိုက်ပေးတာ ကုသိုလ်ရဲ့ သဘောကရားဖြစ်တယ်။

ဆောင်ပုဒ်။ ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ကင်းသည်။
ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။

**အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ**

**အကုသလာ** = အကုသိုလ်တရားတို့သည်၊ **သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ** = အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာ ရှိကုန်၏။

အကုသိုလ်တရားတွေဆိုတာ ပြုဆဲမှာလည်း အပြစ်တွေရှိနေပြီဖြစ်တယ်။ သူ့ပစ္စည်းတွေ သွားခိုးနေတဲ့ အခိုက်အတန့်မှာလည်း အပြစ်တွေ မဖြစ်နေပါဘူးလား ... အပြစ်တွေ ဖြစ်နေပါတယ်ဘုရား။ အပြစ်တွေဖြစ်နေတယ်။ သူတစ်ပါးပစ္စည်းတွေ ခိုးနေတဲ့အခါ၊ သူတစ်ပါးအသက်တွေ သတ်နေတဲ့အခါမှာလည်း (၅)ပါးသီလသိက္ခာပုဒ်တွေ လွန်ကျူးနေတဲ့ အခိုက်အတန့်မှာကတည်းက အပြစ်ရှိနေပါပြီ။ ပြုပြီးတဲ့နောက်ကာလမှာလည်း အကုသိုလ်ပြုထားတဲ့ပုဂ္ဂိုလ်ကို ဆိုးကျိုးတွေကိုသာ ဘဝါဘဝတိုင်းမှာ နှိပ်စက်ရောက်သည့်တိုင်အောင် လိုက်ပေးတယ်။ အကုသိုလ်ရဲ့ သဘောတရားဖြစ်တယ်။

ဆောင်ပုဒ်။ ။ အကုသိုလ်ဟာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ရှိသည်။
ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။

ကုသိုလ်ရဲ့သဘောတရားနဲ့ အကုသိုလ်ရဲ့သဘောတရား ပရိသတ်များ သိထားပြီဖြစ်တယ်။ ကုသိုလ်ရဲ့သဘောတရားနှင့် အကုသိုလ်ရဲ့သဘောတရားကို သိထားမှသာလျှင် အဗျာကတရဲ့သဘောတရားကို ပိုပြီး ထင်ထင်ရှားရှား သိရတယ်။

ဆောင်ပုဒ် ။ ။ ကောင်းကျိုးဆိုးကျိုး၊ နှစ်မျိုးမပါ၊ ဗျာကတာ၊
မှန်စွာဖြစ်ပေသည်။

အဗျာကတရဲ့သဘောကို ထင်ထင်ရှားရှားပြောဖို့ရာ ကုသိုလ်နဲ့ အကုသိုလ်ကို အခြေခံမထားရပါဘူးလား ... အခြေခံထားရပါတယ်ဘုရား။ အခြေခံထားရတယ်။ ကုသိုလ်ဆိုတာက ကောင်းကျိုးတွေပေးတယ်။ အကုသိုလ်ဆိုတာက ဆိုးကျိုးတွေပေးတယ်။ အဗျာကတဆိုတာ ကောင်းကျိုးလည်းမပေးတော့၊ ဆိုးကျိုးလည်းမပေးတော့ "နှစ်မျိုးမပါ၊ ဗျာကတာ"။ အဗျာကတရဲ့အဓိပ္ပါယ် ပြောစမ်းပါလို့ မေးလာခဲ့သော် မဖြေနိုင်ပါဘူးလား ... ဖြေနိုင်ပါတယ်ဘုရား။

ကောင်းကျိုးလည်း မပေးနိုင်တော့ဘူး။ ဆိုးကျိုးလည်း မပေးနိုင်တော့ဘူး။ ဘယ်စိတ်တွေလဲလို့ဆိုရင် ဝီထိထဲမှာ အတီတဘဝင်ဆိုတာလည်း ကောင်းကျိုးပေးနိုင်လား၊ မပေးနိုင်ဘူးလား ... မပေးနိုင်ပါဘုရား။ မပေးနိုင်ဘူး။ အဗျာကတထဲမှာ မပါနေပါဘူးလား ... ပါနေပါတယ်ဘုရား။ ဘဝင်စလနကကော ကောင်းကျိုးပေးနိုင်သလား ... မပေးနိုင်ပါဘုရား။ ဘဝင်

ပစ္ဆေဒကကော ... မပေးနိုင်ပါဘုရား။ ပဥ္စဒ္ဒါရာဝဇ္ဇန်းကကော ... မပေးနိုင်ပါဘုရား။ စက္ခုဝိညာဏ်ကကော ... မပေးနိုင်ပါဘုရား။ သမ္ပဋိစ္ဆိုင်းကကော ... မပေးနိုင်ပါဘုရား။ သန္တီရဏကကော ... မပေးနိုင်ပါဘုရား။ ဝုဋ္ဌောကကော ... မပေးနိုင်ပါဘုရား။ မပေးနိုင်ဘူးတဲ့။ တဒါရုံကကော ... မပေးနိုင်ပါဘုရား။ အဲဒီလိုရှင်းပြမှပဲ ကောင်းကျိုးဆိုးကျိုး ဘာမှမပေးနိုင်တော့ဘူးဆိုတာ ထင်ရှားတယ်။

အဲဒီမှာ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော- ဟောရတော့မယ်။ ပုရိမာ ပုရိမာ - အရ ပြောလိုက်တော့ အဆုံးဇောကြွင်သော လောကီကုသိုလ်သတ္တရသ လောကီကုသိုလ်ဇော(၁၇)ခုဖြစ်တယ်။

အဆုံးဇောကို ဘာကြောင့်ကြဉ်ရသလဲဆိုတော့ ဝီထိထဲမှာကြည့်လိုက်တော့ အဆုံးဇောနောက်က သတ္တမဇောနောက်က ဘာရှိပါသလဲ ... တဒါရုံရှိပါတယ်ဘုရား။ တဒါရုံရှိတယ်။ တဒါရုံဟာ အဗျာကတဖြစ်တယ်။ အဗျာကတဖြစ်တော့ အဲဒီအဆုံးဇောကနေပြီးတော့ ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုလို့ ရပါသေးလား ... မရပါဘုရား။ မရတော့ သူ့ကိုမကြဉ်ရပါဘူးလား ... ကြဉ်ရပါတယ်ဘုရား။

ကြဉ်လိုက် နုတ်လိုက်တော့လည်း (၁၇)ခုက မလျော့သွားပါဘူး။ ဘာကြောင့် မလျော့သလဲဆိုရင် ပထမဇောအရကောက်ရင်လည်း (၁၇)ခု၊ ဒုတိယဇောအရကောက်ရင်လည်း (၁၇)ခု၊ အားလုံး(၁၇)ခုချည်းပဲဖြစ်တော့ တစ်ခုကြဉ်ပေမဲ့ မလျော့ပေဘူး။

မဂ်ကုသိုလ်ကတော့ မပါဘူး။ ကုသိုလ်စိတ်ကေဝီသ(၂၁)ပါးထဲက မဂ်ကုသိုလ်ကတော့ အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေဘူး။ မဂ်ကုသိုလ်ဆိုတာ ဘယ်နှချက်ဖြစ်ပါသလဲ၊ တစ်ချက်ပဲဖြစ်တယ်။ သူ့နောက်မှာ ဘာရှိပါသလဲ၊ ဖိုလ်ပဲရှိတယ်။ ကုသိုလ်ကုသိုလ်ချင်း ဖြစ်ပါရဲ့လား ... မဖြစ်ပါဘုရား။ မဖြစ်တော့ မဂ်ကုသိုလ်(၄)ပါး မပါနိုင်တဲ့အတွက်ကြောင့် လောကီကုသိုလ်သတ္တရသ(၁၇)ပါးပဲရတယ်။

ပစ္စိမာန် ပစ္စိမာန် ကုသလာန် ဓမ္မာန်-အရ ပထမဇောကြည့် ကုသိုလ်စိတ်(၂၁)ပါးရတယ်။ မဂ်ကုသိုလ်တွေပါရတယ်။ ပထမဇော ဘာကြောင့်ကြည့်ရသလဲလို့ ဝီထိအစဉ်မှာကြည့်လိုက်တော့ ပထမဇောရှေ့က ဘာရှိသလဲ ... ဝုဋ္ဌောရှိပါတယ်ဘုရား။ ဝုဋ္ဌောဆိုတော့ ဇောထိုက်ပါရဲ့လား ... မထိုက်ပါဘုရား။ ကုသိုလ်လား၊ အကုသိုလ်လား၊ အဗျာကတလား ... အဗျာကတပါဘုရား။ အဗျာကတဖြစ်တယ်။ ပထမဇောဟာ ပစ္စယုပ္ပန်တော့ မဖြစ်နိုင်၊ သူ့ကိုကျေးဇူးပြုမှာက ဝုဋ္ဌောဆိုတော့ အဗျာကတဖြစ်၍ ကုသလနဲ့ မကိုက်ညီတော့ပေဘူး။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရမယ်ဆိုတော့ ဝုဋ္ဌောက ကုသိုလ်ဟုတ်ပါရဲ့လား ... မဟုတ်ပါဘုရား။ မဟုတ်တော့ ဒီပထမဇောက ကျေးဇူးပြုမခံရတော့ မကြည့်ရပါဘူးလား ... ကြည့်ရပါတယ်ဘုရား။ ကြည့်ရတယ်။ သဘောပေါက်သွားပြီ။

တရားနာပရိသတ်များ အဘိဓမ္မာသဘောတွေ သဘောပေါက်ဖို့ရာ တစ်ခါ သဘောပေါက်ရင်တော့ နောက်လည်း သဘောပေါက်နိုင်တယ်။ တစ်ခါ သဘောမပေါက်ရင်တော့ နောက်လည်း သဘောမပေါက်ဘူး။ ကြိုးစားပြီးတော့ မနာနေရပါဘူးလား ... နာနေရပါတယ်ဘုရား။ ကုသိုလ်မရပါဘူးလား ... ကုသိုလ်ရပါတယ်ဘုရား။ ဓမ္မသဝနဆိုတာ ကုသိုလ်တွေပါပဲ။ ဘာဝနာ

ကုသိုလ်ထဲမှာ ပါနေတယ်။ တရားရကြောင်းပဲ။ ကုသလပဒရှင်းလို့ အသင့်အတင့်ပြီးသွားပြီ။

အကုသလပဒ ရှင်းပြင်ရာ - ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓ -အရ အဆုံးဇောကြဉ်သော အကုသိုလ်ဒွါဒသ အကုသိုလ်(၁၂)ပါးလုံးပဲ ပေါ်တယ်တဲ့။

အဆုံးဇောကိုတော့ ကြဉ်ရမယ်။ ဘာကြောင့် အဆုံးဇောကို ကြဉ်ရတာလဲဆိုတော့ အဆုံးဇောရဲ့နောက်မှာ ဘာရှိသလဲ … တဒါရုံရှိပါတယ်ဘုရား။ ဝီထိစဉ်ကို တရားနာပရိသတ် ကြည့်ဖြစ်အောင် ကြည့်မှုရမယ်။ အဆုံးဇောနောက်မှာ ဘာရှိပါသလဲ … တဒါရုံရှိပါတယ်ဘုရား။ တဒါရုံဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ အဗျာကတလား … အဗျာကတပါဘုရား။ အဗျာကတဆိုတော့ အဆုံးဇောရဲ့ ကျေးဇူးပြုစရာ အကုသိုလ်က ရှိပါသေးရဲ့လား … မရှိတော့ပါဘုရား။ မရှိတော့ ပစ္စည်းဖြစ်လို့ ရပါတော့မလား … မရပါဘုရား။ မရတော့ မကြဉ်ရပါဘူးလား … ကြဉ်ရပါတယ်ဘုရား။ သူ့နောက်မှာ အကုသိုလ်မရှိတော့ဘူး။ အဗျာကတပဲရှိတဲ့အတွက်ကြောင့် အဆုံးဇောဟာ ပစ္စည်းမဖြစ်နိုင်တော့ သူ့ကိုကြဉ်ရတယ်။ မထင်ရှားပါဘူးလား … ထင်ရှားပါတယ်ဘုရား။

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ-အရ ပထမဇောကြဉ်သော အကုသိုလ်ဒွါဒသ အကုသိုလ်(၁၂)ပါး နာမက္ခန္ဓာရတယ်။ ပထမဇောကို ကြဉ်ရတယ်။ ပထမဇောကို ပြန်ကြည့်လိုက်။ မကြည့်ရပါဘူးလား … ကြည့်ရပါတယ်ဘုရား။ ပထမဇောရှေ့က ဘာရှိပါသလဲ … ဝုဋ္ဌောရှိပါတယ်ဘုရား။

ဝဋ္ဋောဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ အဗျာကတလား ... အဗျာက တပါဘုရား။ ပထမဇောက အကုသိုလ်ဖြစ်တယ်။ အကုသိုလ် အကုသိုလ် ချင်း ဖြစ်ရမယ်ဆိုတော့ ဝဋ္ဋောက အကုသိုလ်မဟုတ်တော့ ပထမဇောကို မကြည့်ရပါဘူးလား ... ကြည့်ရပါတယ်ဘုရား။ အကုသိုလ်တရားရဲ့ ပစ္စယုပ္ပန် မဟုတ်တော့ပေဘူး။ သူကဘာရဲ့ ပစ္စယုပ္ပန်လဲ၊ ဝဋ္ဋောဆိုတော့ အဗျာကတ ရဲ့ ပစ္စယုပ္ပန်ဖြစ်နေတော့ မကြည့်ရပါဘူးလား ... ကြည့်ရပါတယ်ဘုရား။ ကြည့် ရတယ်။ ကြည့်ရတာလေးတွေ သဘောပေါက်သွားပြီ။

**ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာ ဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။**

ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ-အရ အဆုံးဇောကြည့်သော ကိ ရိယာဇောအဋ္ဌာရသ(၁၈)ခုရတယ်။

သူလည်း အဆုံးဇောကြည့်ရတာ ဒီသဘောပါပဲတဲ့။ သူကတော့ ဇောထိုက် မှ ကျေးဇူးပြုလို့ရမယ်။ ဇောမထိုက်ရင် အာသေဝနအဖြစ်နဲ့ ကျေးဇူးပြုလို့ မရပေဘူး။ ပစ္စည်းဘက်က အဆုံးဇော ဘာကြောင့်ကြည့်ရသလဲဆိုတော့ အဆုံးဇောကိုကြည့်လိုက်တော့ အဆုံးဇောနောက်မှာ ဘာရှိသလဲ ... တဒါ ရုံရှိပါတယ်ဘုရား။ တဒါရုံဟာ ဇောမထိုက်ဘူး။ အဗျာကတတော့ဟုတ်တယ်။ ဇောမထိုက်တော့ မကြည့်ရပါဘူးလား ... ကြည့်ရပါတယ်ဘုရား။ အဆုံးဇော ဟာ ဇောကိုကျေးဇူးပြုစရာ ဇောမရှိတဲ့အတွက်ကြောင့် သူ့ကိုကြည့်ရပါတယ်။ သဘောပေါက်ပါရဲ့လား ... သဘောပေါက်ပါတယ်ဘုရား။ အကုန်လုံးတော့ သဘောပေါက်ချင်မှပေါက်မယ်။ သဘောပေါက်သလောက်ပေါ့လေ။ အကုန် လုံး ပေါက်အောင်ပြောရင်တော့ ဘယ်ရောက်သွားမလဲ မသိဘူး။ မိုးချုပ် သွားမယ်ထင်တယ်။

နောက်တစ်ခါ -

ပစ္ဆိမာန် ပစ္ဆိမာန် ကိရိယာဗျာကတာန် ဓမ္မာန်-အရကောက်လိုက်တော့ ပထမဇောကြည့်ရတယ်။ မကြည့်ရပါဘူးလား … ကြည့်ရပါတယ်ဘုရား။ ကြည့်ရတယ်ဆိုတော့ ပထမဇောကိုပြန်ကြည့်။ ပထမဇောရဲ့ရှေ့က ဘာရှိပါသလဲ … ဝုဋ္ဌောရှိပါတယ်ဘုရား။ ဝုဋ္ဌောက ဇောမထိုက်ဘူး။ ဇောထိုက်ပါရဲ့လား … ဇောမထိုက်ပါဘုရား။

## အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာကုသလဖလကိရိယစိတ္တာနိ

အာဝဇ္ဇန်းခွေးဆိုတာ ဇောထိုက်တဲ့အထဲမှာ မပါဘူး။ ကြည့်ရတယ်။ ဝုဋ္ဌောဟာ အာဝဇ္ဇန်းခွေးထဲကပဲဖြစ်တယ်။ မနောဒွါရာဝဇ္ဇန်းဟာ ဇောမထိုက်ဘူး။ ဇောမထိုက်တော့ အဗျာကတချင်းတော့တူပါရဲ့။ ဇောမထိုက်တဲ့တရား- ဝုဋ္ဌောက ကျေးဇူးပြုတော့ ပထမဇောဟာ ပစ္စယုပ္ပန်ထဲမှာ မပါနိုင်ဘူး။ ဇောမထိုက်တဲ့ဝုဋ္ဌောကနေ ကျေးဇူးပြုတော့ သူဟာ အာသေဝနထဲမှာ ပါလို့မရတော့ဘူး။ ဇောထိုက်မှရတယ်။ သဘောပေါက်သွားပါပြီတဲ့။

ဝီထိအစဉ်လေး ကြည့်လိုက်တော့ ဇော(၇)ကြိမ်မှာပဲ အာသေဝနဟာ ရတယ်။ ရှေ့က(၈)ခုနဲ့ နောက်က(၂)ခုမှာ အာသေဝနမရပါဘူး။ အကုန်လုံး ဇောဇောလို့ မတပ်ထားပါဘူးလား … တပ်ထားပါတယ်ဘုရား။ ဇောမှာတော့ ဘယ်နှမျိုးရှိသလဲ … ကုသိုလ်လည်းရှိတယ်၊ အကုသိုလ်လည်းရှိတယ်၊ အဗျာကတလည်း … ရှိပါတယ်ဘုရား။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာန် ပစ္ဆိမာန် ကုသလာန် ဓမ္မာန်-အရကောက်မယ်ဆိုရင် ဇော(၇)ကြိမ်မှာပဲ ကောက်ရမယ်တဲ့။ မကောက်ရပါဘူးလား … ကောက်ရပါတယ်ဘုရား။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ- အရကောက်မယ်ဆိုလို့ရှိရင်လည်း ဇော(၇)ကြိမ်မှာပဲ ကောက်ရမယ်တဲ့။

ဇောကတော့ ကုသိုလ်လည်းဖြစ်၊ အကုသိုလ်လည်းဖြစ်။ ကောင်းတဲ့ အာရုံတွေ၊ ဘုရား တရား သံဃာအာရုံတွေ တွေ့ရလို့ ကြည်ညိုတဲ့စိတ်တွေ ဖြစ်သွားတော့ ကုသိုလ်ဇောတွေ မစောသွားပါဘူးလား ... ကုသိုလ်ဇော တွေ စောသွားပါတယ်ဘုရား။ သာယာဖွယ်ကောင်းတဲ့အာရုံတွေ တွေ့ရလို့ သာယာမိရင်တော့ အကုသိုလ်ဇောတွေ စောတယ်။ အနိဋ္ဌာရုံတွေ တွေ့တဲ့ အခါလည်း ဒီလိုပဲ။ နှလုံးသွင်းကောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ အနိဋ္ဌာရုံ တွေ တွေ့တဲ့အခါ ကုသိုလ်ဇောတွေဖြစ်တယ်။ နှလုံးသွင်းမတတ်တဲ့ ပုဂ္ဂိုလ် တွေကျတော့ အကုသိုလ်ဇောတွေဖြစ်တယ်။ ကုသိုလ်နဲ့ အကုသိုလ်ကတော့ နှလုံးသွင်းမှုပေါ်မှာ မူတည်သွားတယ်။ အာရုံကတော့ ဒီအာရုံပဲ။ ကောင်းတဲ့ အာရုံလည်း တွေ့ရတယ်။ ဆိုးတဲ့အာရုံလည်း တွေ့ရတယ်။

စက္ခုဝိညာဏ်စတဲ့ ဝိညာဏ်တွေ၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တွေမှာ ခွေးခွေးလို့ မပါပါဘူးလား ... ပါ ပါတယ်ဘုရား။ (၂)ခု (၂)ခုတဲ့။ ကောင်းတဲ့ဝိညာဏ်က တစ်ခုနဲ့ မကောင်း တဲ့ဝိညာဏ်က တစ်ခု။ မကောင်းတဲ့အဆင်း၊ မကောင်းတဲ့အသံ၊ မကောင်း တဲ့အနံ့၊ မကောင်းတဲ့ရသာ၊ မကောင်းတဲ့အတွေ့အထိတွေ လာတိုက်တော့ အကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိ ညာဏ်၊ ကာယဝိညာဏ်တွေ ဖြစ်ကြတယ်။ ဝိပါက်တွေကတော့ အမှန် အတိုင်းဖြစ်တယ်။

ဇောကျတော့ နှလုံးသွင်းတာမှန်လို့ရှိရင်၊ နှလုံးသွင်းတတ်ရင် ကုသိုလ်တွေ ဖြစ်တယ်။ ကောင်းတဲ့အာရုံတွေ တွေ့တဲ့အခါ ဒီလိုကောင်းတဲ့အာရုံနဲ့ မိမိတွေ့ရတာ အတိတ်အတိတ်ဘဝတွေက မိမိကောင်းတဲ့ကုသိုလ်တွေရှိခဲ့လို့ ကောင်းကျိုးတွေလာတွေ့ရတာပဲ။ နောက်နောင်အချိန်ကာလ၊ နောက်နောင်ဘဝတွေမှာလည်း ဒီလိုကောင်းတာတွေနဲ့ တွေ့ရအောင် ကောင်းတဲ့ကုသိုလ်တွေပဲ ပြုမှတော်မယ်လို့ နှလုံးသွင်းလိုက်တော့ ဇောတွေဟာ ဘာဇောတွေ စောသွားပါသလဲ ... ကုသိုလ်ဇောတွေ စောသွားပါတယ်ဘုရား။ ကုသိုလ်ဇောတွေ စောသွားတယ်။

ကောင်းတဲ့အာရုံတွေ လာတိုက်တဲ့အခိုက်အတန့်မှာ ကောင်းတဲ့အတိုင်း သာယာစွဲလမ်းတယ်ဆိုရင်တော့ ဘာဇောတွေဖြစ်သွားသလဲ ... အကုသိုလ်ဇောတွေ ဖြစ်သွားပါတယ်ဘုရား။ အကုသိုလ်ဇောတွေ ဖြစ်သွားတယ်။ နှလုံးသွင်းတာက အဓိကပါပဲတဲ့။

မကောင်းတဲ့အနိဋ္ဌာရုံတွေ လာတွေ့တဲ့အခါ၊ တွေ့ကြုံရတဲ့အခါမှာ ဒီလိုမကောင်းတဲ့အနိဋ္ဌာရုံတွေ မိမိတွေ့ရကြုံရတာ မိမိအတိတ်ဘဝက မကောင်းခဲ့လို့ ဒီလိုလာတွေ့ကြုံရတာပဲလို့ နှလုံးသွင်းလိုက်တဲ့အခါ မသက်သာသွားပါဘူးလား ... သက်သာသွားပါတယ်ဘုရား။ ဒီမကောင်းကျိုးတွေ၊ မကောင်းတဲ့အကျိုးပေးတွေကို၊ မကောင်းတာတွေကို ဘယ်လိုများကျော်လွှန်နိုင်ပါ့မလဲ၊ ကောင်းတဲ့ကုသိုလ်တရားနဲ့မှ ကျော်လွှန်နိုင်တယ်။ ကောင်းတဲ့ကုသိုလ်တရားကို ရေးကထက်တိုးပြီးတော့ ပြုလုပ်မှတော်မယ်လို့ နှလုံးသွင်းလိုက်တော့ ဘာတွေဖြစ်သွားပါသလဲ၊ ဘာဇောတွေဖြစ်သွားပါသလဲ ... ကုသိုလ်ဇောတွေ ဖြစ်သွားပါတယ်ဘုရား။ ကုသိုလ်ဇောတွေ ဖြစ်သွားတယ်။

နှလုံးသွင်းတတ်တော့ ကောင်းတဲ့အာရုံနဲ့ တွေ့တဲ့အခါလည်း ကုသိုလ်ဇောပဲဖြစ်တယ်။ မကောင်းတဲ့အနိဋ္ဌာရုံနဲ့ တွေ့ရတဲ့အခါမှာလည်း ... ကုသိုလ်ဇောပဲ ဖြစ်ပါတယ်ဘုရား။ ကုသိုလ်ဇောပဲဖြစ်တယ်။ နှလုံးသွင်းမှုပေါ်မှာ မူတည်ပြီးတော့ ကုသိုလ်၊ အကုသိုလ်ဇောတွေ ဖြစ်ကြတယ်။

နှလုံးသွင်းမှုရှိလို့ရှိရင် ကုသိုလ်ဇော၊ ရှုမှတ်မှုရှိရင်လည်း ကုသိုလ်ဇောတွေဖြစ်တယ်။ နှလုံးသွင်းမှုလည်း မရှိဘူး၊ ရှုမှတ်မှုလည်း မရှိဘူးဆိုရင်တော့ အကုသိုလ်ဇောတွေဖြစ်တယ်။

ဆောင်ပုဒ် ။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုကကုသလာ။

အခုပြောတဲ့အတိုင်း နှလုံးသွင်းတတ်လို့ရှိရင် ကုသိုလ်ဖြစ်တယ်။ ရှုမှတ်လို့ရှိရင်လည်း မျက်စိက မြင်တယ် မြင်တယ်၊ နားကကြားလာရင်လည်း ကြားတယ် ကြားတယ်၊ နှာခေါင်းက နံရင်လည်း နံတယ် နံတယ်၊ လျှာက စားရင်လည်း စားတယ် စားတယ်၊ ဝါးတယ် ဝါးတယ်၊ ကိုယ်မှာထိရင်လည်း ထိတယ် ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ရှုမှတ်နေရင် ဘာဖြစ်ပါ့မလဲ ... ကုသိုလ်ပဲ ဖြစ်ပါမယ်ဘုရား။ ကုသိုလ်ပဲဖြစ်မယ်။ ကုသိုလ်ဇောတွေပဲ စောတယ်။

ဆောင်ပုဒ် ။ ။ နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်းအကုသာ။

နှလုံးလည်းမသွင်းတတ်ဘူး။ ရှုမှတ်မှုလည်း မရှိဘူးဆိုရင်တော့ ဘာဖြစ်ပါမလဲ ... အကုသိုလ်ပဲ ဖြစ်ပါမယ်ဘုရား။ ကောင်းတဲ့အာရုံနဲ့တွေ့လည်း အကုသိုလ်ဇောပဲ။ မကောင်းတဲ့အာရုံနဲ့တွေ့လည်း အကုသိုလ်ဇောပဲ။ ကောင်းတဲ့အာရုံနဲ့တွေ့လို့ သာယာမိတော့ လောဘဇောတွေ အကုသိုလ်ဇောတွေ။

မကောင်းတဲ့အနိဋ္ဌာရုံနဲ့ တွေ့ရတော့ ဒေါမနဿ ဒေါသတွေဖြစ်လို့ ဒေါသဇောတွေ အကုသိုလ်တွေဖြစ်ရမယ်။ နှလုံးသွင်းမှုနဲ့ ရှုမှတ်မှု တစ်ခုခု မရှိရပါဘူးလား ... ရှိရပါမယ်ဘုရား။ ရှိရမယ်။ ကုသိုလ်နဲ့ အကုသိုလ်အတွက် ဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

အဗျာကတအတွက် ဒီမှာဇောထိုက်တဲ့ ကိရိယာအဗျာကတကိုပဲ ယူရမယ်ဆိုတော့ ဇောထိုက်တဲ့ ကိရိယာအဗျာကတဆိုတာ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာပဲ ဖြစ်တယ်။ အဲဒီဇောတွေဆိုတာ အာသေဝနသတ္တိဖြင့် ရှေးရှေးဇောတွေက နောက်နောက်ကဇောတွေ ဖြစ်ပေါ်လာအောင် ထုံပေးသောအားဖြင့် ကျေးဇူးပြုတယ်။ ပထမဇောက ဒုတိယဇောဖြစ်အောင်၊ ဒုတိယဇောက တတိယဇောဖြစ်အောင်၊ တတိယဇောက စတုတ္ထဇောဖြစ်အောင်၊ စတုတ္ထဇောက ပဉ္စမဇောဖြစ်အောင်၊ ပဉ္စမဇောက ဆဋ္ဌဇောဖြစ်အောင်၊ ဆဋ္ဌဇောက သတ္တမဇောဖြစ်အောင် အကြိမ်ကြိမ်အဖန်ဖန်အထပ်ထပ် ထုံပေးတယ်။ မထုံပေးပါဘူးလား ... ထုံပေးပါတယ်ဘုရား။

မိမိမှာရှိတဲ့အားလေးတွေကို နောက်ဇောနောက်ဇောတွေမှာ ရရသွားအောင် ထုံထုံပေးလိုက်တယ်။ ရှေးရှေးဇောကတော့ ဥပါဒ်+ဌီ+ဘင်ဆိုပြီး မပျက်သွားပါဘူးလား ... ပျက်သွားပါတယ်ဘုရား။ ပထမဇောကလည်း ဥပါဒ်+ဌီ+ဘင်ဆိုပြီး ပျက်သွား၊ သူ့မှာရှိတဲ့ အထုံအားလေးကိုတော့ ဒုတိယဇောကို ထုံပေးလိုက်တယ်။ အဆင့်ဆင့်ပေးလိုက်တယ်။ ဒါကြောင့် -

**အာ ပုနပ္ပုနံ သေဝတိ ပဝတ္တတီတိ အာသေဝနံ**

**အာ ပုနပ္ပုနံ** = အဖန်ဖန်အထပ်ထပ်၊ **သေဝတိ ပဝတ္တတိ** = ထုံပေးတတ်၊ ဖြစ်စေတတ်၏။ **ဣတိတသ္မာ** = ထို့ကြောင့်၊ **အာသေဝနံ** = အာသေဝနမည်၏။

ပထမဇောက အစွမ်းသတ္တိလေးဟာ ပထမဇော ဥပါဒ်+ဌီ+ဘင်လို့ ပျက်သွားပြီးဖြားသော်လည်း နောက်သူ့ရဲ့ အစွမ်းသတ္တိလေးကို ထုံပေးလိုက်တယ်။ ဒုတိယဇောကို ထုံပေးလိုက်တယ်။ ဒုတိယဇောက အစွမ်းသတ္တိလေးကလည်း တတိယဇောကို ထုံပေးလိုက်တယ်။ အဖန်ဖန်အထပ်ထပ် မထုံပေးပါဘူးလား ... အဖန်ဖန်အထပ်ထပ် ထုံပေးနေပါတယ်ဘုရား။

စတုတ္ထဇောက အစွမ်းသတ္တိလေးဟာ စတုတ္ထဇော ချုပ်ပင်ချုပ်ဖြားသော်လည်း ပဉ္စမဇောကို မထုံပေးလိုက်ပါဘူးလား ... ထုံပေးလိုက်ပါတယ်ဘုရား။ အားလေးတွေ ပေးလိုက်တာဖြစ်တယ်။ အဲဒါ အာသေဝနသဘောပါပဲ။ ပဉ္စမဇောက အစွမ်းသတ္တိဟာလည်း ပဉ္စမဇော ချုပ်ပင်သွားဖြားသော်လည်း ဆဋ္ဌဇောကို ထုံပေးလိုက်တယ်။ ဆဋ္ဌဇောမှာ အားတွေရှိလို့ သတ္တမဇောဖြစ်အောင် ကျေးဇူးပြုနိုင်တယ်။ အဲဒီလို အကြိမ်ကြိမ်အဖန်ဖန်အထပ်ထပ် ထုံပေးတတ်တဲ့အတွက်ကြောင့် အာသေဝနဖြစ်တယ်။

အဲဒီအာသေဝနဟာ အဘိဓမ္မာဒေသနာတော်အရတော့ အခုဝီထိအစဉ်နှင့် ပစ္စုပ္ပန်အခိုက်အတန့်မှာပဲရတယ်။ သုတ္တန်ဒေသနာတော်အရကျတော့ ဘဝါဘဝက မိမိတို့ထုံခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်အားလျော်စွာ လိုက်ပါပြီးတော့ ကုသိုလ်၊ အကုသိုလ်တွေကို ရှေးရှေးကဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ်တွေက နောက်နောက်မှာဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ်တွေကို လိုက်ပြီးတော့ ကျေးဇူးပြုတယ်။

တရားနာပရိသတ်များအနေနဲ့ ဆင်ခြင်ကြည့်ရင် ပိုပြီးသိပါတယ်။ မိမိတို့ ဘဝါဘဝက ဒါနတွေပြုလုပ်ခဲ့လို့ အခုပစ္စုပ္ပန်ဘဝရောက်လာတော့ ဒါနတွေ ပြုချင်တဲ့စိတ်တွေ မဖြစ်ကြပါဘူးလား ... ဖြစ်ကြပါတယ်ဘုရား။ အဲဒါ

အာသေဝနဖြစ်တယ်။ အတိတ်အတိတ်ဘဝက ဒါနကုသိုလ်တွေက ထုံပေးလိုက်လို့ ပစ္စုပ္ပန်ဘဝမှာ ဒါနပြုစရာရှိလို့ရှိရင် လက်မနေးပေဘူး။ ပြုနေတာပါပဲ။ ပြုလုပ်ချင်နေတာ အာသေဝနသတ္တိပါပဲ။ သီလတွေလည်း အဖန်ဖန် အထပ်ထပ် ဆောက်တည်နိုင်တာ ဟို ... အတိတ်အတိတ်ဘဝတွေကတည်းက တရားနာပရိသတ်များ သီလဆောက်တည်ခဲ့တဲ့ အာသေဝနပစ္စည်းတွေ ရှိခဲ့လို့ပဲတဲ့။

သမထ ဝိပဿနာတရားတွေ အခုပွားများအားထုတ်နေတာလည်း အတိတ်အတိတ်ဘဝတွေက မိမိတို့ သမထ ဝိပဿနာတရားတွေ အထုံဝါသနာအလေ့ ရှိခဲ့လို့ပင်ဖြစ်တယ်။ အဲဒီအတိတ်အတိတ်ဘဝက သမထ ဝိပဿနာကုသိုလ်တွေက အာသေဝနသတ္တိဖြင့် ကျေးဇူးပြုခဲ့လို့ ယခုပစ္စုပ္ပန်ဘဝမှာ ဝိပဿနာတရားတွေ အားထုတ်နိုင်တယ်။ အားမထုတ်နိုင်ပါဘူးလား ... အားထုတ်နိုင်ပါတယ်ဘုရား။

သုတ္တန်နည်းအရတော့ အတိတ်အတိတ်ဘဝတွေကရှိခဲ့တဲ့ ကုသိုလ်တွေကနေပြီးတော့ ယခုပစ္စုပ္ပန်ဘဝမှာဖြစ်နေတဲ့ ကုသိုလ်တွေကို အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနေတယ်။ ဝိပဿနာရှုတဲ့အခါမှာလည်း ဒီအတိုင်းပါပဲ။ ရှေးရှေးကရှုခဲ့တဲ့ ဝိပဿနာကုသိုလ်တွေက နောက်နောက်မှာဖြစ်တဲ့ ဝိပဿနာကုသိုလ်တွေကို ဝိပဿနာဉာဏ်တွေကို အဆင့်ဆင့် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။

နာမရူပပရိစ္ဆေဒဉာဏ်က ဝိပဿနာကုသိုလ်တွေ ဝိပဿနာဉာဏ်တွေက ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်လာရအောင် သူကနေပြီးတော့ ရင့်ကျက်လာအောင် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်က

ကုသိုလ်တွေကလည်း သမ္မသနဉာဏ်ဖြစ်အောင် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။ သမ္မသနဉာဏ်က ကုသိုလ်တွေကလည်း ဥဒယဗ္ဗယဉာဏ်ကုသိုလ်တွေကို အာသေဝနသတ္တိဖြင့် အဆင့်ဆင့် ကျေးဇူးပြုတယ်။ သုတ္တန်နည်းအရ အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။

ဒါကြောင့် ဟို ... ရှေ့ပိုင်းမှာ ဝိပဿနာရှုရတာ မထင်ရှားပေဘူး။ အာသေဝနက အားနည်းတဲ့အတွက်ကြောင့် နောက်ပိုင်းနောက်ပိုင်းကျတော့ မထင်ရှားလာပါဘူးလား ... ထင်ရှားလာပါတယ်ဘုရား။ ထင်ရှားလာတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်ရင်တော့ အတော့်ကို ထင်ရှားလာပြီ။ ဝိပဿနာရှုရတာ အဟော်အားရှိလာပြီ။ ဘာဖြစ်လို့လဲဆိုရင် နောက်နောက်က ဝိပဿနာဉာဏ်တွေ ဝိပဿနာကုသိုလ်တွေက အာသေဝနပစ္စည်းတွေကို ရခဲ့လို့ပါပဲ။ အလယ်ပိုင်းကျတော့ ပိုထင်ရှားလာတယ်။

သင်္ခါရုပေက္ခာဉာဏ်ရောက်တော့ ပိုပြီးထင်ရှားလာတယ်။ အာသေဝနပစ္စည်းတွေကို အဆင့်ဆင့် ရခဲ့တဲ့အတွက်ကြောင့် သင်္ခါရုပေက္ခာဉာဏ်ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်မှာ ထိုင်ရ၊ မှတ်ရတာ လွယ်လွယ်ကူကူပဲ ထိုင်ပြီး ကြည့်နေရသလိုပဲ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေတဲ့အခါ ဖောင်းတာ၊ ပိန်တာတွေက အလိုလိုပေါ်နေသကဲ့သို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ မလွယ်ကူသွားပါဘူးလား ... လွယ်ကူသွားပါတယ်ဘုရား။ ဘာဖြစ်လို့လွယ်ကူတာလဲဆိုရင် အာသေဝနပစ္စည်းတွေကို ရခဲ့လို့ဖြစ်တယ်။

အောက်ကဉာဏ်စဉ်တွေဖြစ်တဲ့ နာမရူပပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ၊ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ

ဆိုတဲ့ အဲဒီဉာဏ်တွေက အာသေဝနပစ္စည်းတွေကို ရခဲ့လို့ သင်္ခါရုပေက္ခာ ဉာဏ်ကျတော့ လွယ်လွယ်လေး မမှတ်နေရပါဘူးလား ... မှတ်နေရပါတယ် ဘုရား။ အဆင့်ဆင့် ကျေးဇူးပြုတယ်။

ဒါကြောင့် အစပိုင်းမှာတော့ ကြိုးစားပြီးတော့ မမှတ်ရပါဘူးလား ... ကြိုးစားပြီးတော့ မှတ်ရပါတယ်ဘုရား။ အလယ်ပိုင်းနဲ့ နောက်ပိုင်းကျတော့ သက်သာခွင့်တွေရသွားတယ်။ အာသေဝနပစ္စည်းတွေ ရခဲ့တဲ့အတွက်ကြောင့် ချမ်းသာလွယ်ကူပြီးတော့ တရားထူးတရားမြတ်တွေလည်း ရသွားနိုင်ပါတယ်။ အာသေဝနပစ္စည်းရလို့ တရားထူးတရားမြတ်တွေ ရသွားတဲ့အကြောင်းလေး ပြောပြီးတော့ တရားအဆုံးသတ်ပါတော့မယ်။

မြတ်စွာဘုရားလက်ထက်တော်အခါက မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ အဲဒီအချိန်အခါမှာ သာဝတ္ထိ မြို့သား ရွှေပန်းထိမ်သည်၏ သားငယ်တစ်ယောက်က သံသရာရဲ့အပြစ်တွေ မြင်ပြီးတော့ ဘုံ(၃)ပါးရဲ့အပြစ်တွေ မြင်ပြီးတော့ အရှင်သာရိပုတ္တရာမထေရ် ထံမှာ သာသနာဘောင်ဝင်လိုက်တယ်။ အရှင်သာရိပုတ္တရာမထေရ်ကိုယ်တိုင် ကမ္မဋ္ဌာန်းတရားပေးပါတယ်။ ကမ္မဋ္ဌာန်းတရားပေးတော့ အရှင်သာရိပုတ္တရာ မထေရ်က ဒီရွှေပန်းထိမ်သည်သားငယ်ရဲ့ အသွင်အပြင်ကိုကြည့်ပြီးတော့ တရားပေးပါတယ်။

ဒီရွှေပန်းထိမ်သည်သားငယ်ရဲ့ မျက်မှောက်မှာတွေ့ရတဲ့ အသွင်အပြင်ကို ကြည့်ပြီး ကမ္မဋ္ဌာန်းတရားပေးပါတယ်။ ရုပ်ရည်ကလည်း လှပနေတယ်။ အ ရွယ်ကလည်း ငယ်တယ်။ ဒီ(၂)ခုကိုထောက်ထားပြီးတော့ ဘာကမ္မဋ္ဌာန်း ပေး သလဲဆိုရင် အသုဘကမ္မဋ္ဌာန်းပေးတယ်။ ရုပ်ရည်ကလည်း လှပတင့်တယ်

တော့ ဒီရုပ်ရည်တွေမှာ စွဲလမ်းနေတဲ့ လောဘတဏှာလည်း ရှိနိုင်တယ်။ အရှယ်ကလည်း ငယ်တဲ့အတွက် လောဘတဏှာတွေ များနေတတ်တယ်ဆိုတဲ့ ဒီ(၂)ခုကိုထောက်ထားပြီးတော့ ဘာကမ္မဋ္ဌာန်းပေးလိုက်ပါသလဲ ... အသုဘကမ္မဋ္ဌာန်းပါဘုရား။ အသုဘကမ္မဋ္ဌာန်းပေးလိုက်တယ်။

သံသရာအပြစ်ကိုမြင်လာတဲ့ ပုဂ္ဂိုလ်ဆိုတော့ အရှင်သာရိပုတ္တရာမထေရ်ပေးတဲ့အတိုင်း ကမ္မဋ္ဌာန်းကိုယူပြီးတော့ တောထွက်ပြီးတော့ အားထုတ်ပါတယ်။ အသုဘကမ္မဋ္ဌာန်းနဲ့ သမာဓိနိမိတ်တောင် မထင်ပေဘူး။ မထင်တော့ ပြန်လာတယ်။ ပြန်လာတဲ့အခါ "အရှင်ဘုရားပေးတဲ့ ကမ္မဋ္ဌာန်းနဲ့ တပည့်တော် တရားမတွေ့ပါဘူးဘုရား"ဆိုတော့ အရှင်သာရိပုတ္တရာမထေရ် သိပ်သဘောမကျဘူး။ "ဒီကိုယ်တော် ပေးလိုက်တဲ့နည်းအတိုင်း နေရာကျအောင် အားထုတ်ပုံမရဘူး"။ အသုဘကမ္မဋ္ဌာန်းပဲ ထပ်မံပြီးတော့ သေချာသထက် သေချာအောင် ထပ်မံပေးလိုက်တယ်။ ဒုတိယတစ်ခေါက် သွားအားထုတ်ပါသော်လည်း တရားမတွေ့၍ ပြန်လာခဲ့ပြန်တယ်။ "အရှင်ဘုရားညွှန်ကြားတဲ့အတိုင်း တပည့်တော် အားထုတ်ပါတယ်ဘုရား။ တရားမတွေ့ခဲ့ပါဘူးဘုရား" ဟု လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာမထေရ်က အသုဘကမ္မဋ္ဌာန်းကိုပင် ပြည့်စုံနိုင်သမျှပြည့်စုံအောင် ထပ်ပြီးပေးတယ်။ ထပ်ပြီးပေးပြီးတော့ တတိယတစ်ခေါက် ပြန်အားထုတ်ခိုင်းပြန်တယ်။

တရားလိုချင်တဲ့ပုဂ္ဂိုလ်လေးဆိုတော့ အားမထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။ တတိယတစ်ခေါက်လည်း တရားတွေမတွေ့ခဲ့၍ ပြန်လာပြီးလျှင် အရှင်သာရိပုတ္တရာအား "တပည့်တော် ကြိုးကြိုးစားစား အားထုတ်ပါတယ်ဘုရား။ သမာဓိတောင်မှ မဖြစ်ပါဘူးဘုရား"ဟု လျှောက်ထားတော့ အရှင်သာရိပုတ္တရာမထေရ် သတိရသွားတယ်။ "ဒီပုဂ္ဂိုလ်က မိမိကဲ့

သို့ သာဝကဖြစ်တဲ့ပုဂ္ဂိုလ်က တရားပေးလို့ တရားရနိုင်တဲ့ပုဂ္ဂိုလ်မျိုး မဟုတ်ပေဘူး"ဟုသိကာ မြတ်စွာဘုရားထံ အပ်နှံလိုက်ပါတယ်။

မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ ... ပုဂ္ဂိုလ်တို့ရဲ့ အဇ္ဈာသယအလိုအားလျော်စွာ ကမ္မဋ္ဌာန်းတရားပေးနိုင်၊ ကမ္မဋ္ဌာန်းတရား ပြနိုင်တယ်ဆိုတာ သာဝကတွေရဲ့အရာ မဟုတ်ပေဘူး။ ဘုရားရှင်တို့ရဲ့အရာဖြစ်တယ်" ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ ရွှေပန်းထိမ်သည်သားငယ်ရဲ့ ဘဝါဘဝတွေ၌ အာသေဝနပစ္စည်းတွေကို မြတ်စွာဘုရား ရှာလိုက်တော့ ဘဝငါးရာပတ်လုံး ရွှေနဲ့ပဲ မွေ့လျော်ခဲ့တယ်။ ရွှေတည်းဟူသော အရောင်မှာပင် စိတ်တွေက တည်ခဲ့တယ်။ ရွှေရောင်မှာပဲ စိတ်ကမတည်ရပါဘူးလား ... တည်ရပါတယ်ဘုရား။ ရွှေပန်းထိမ်သည်ဆိုတော့ ဒီရွှေရောင်ကိုပဲ အမြဲမကြည့်နေရပါဘူးလား ... ကြည့်နေရပါတယ်ဘုရား။

အဲဒီရွှေမှာ အာသေဝနပစ္စည်းတွေ ရထားတာကိုမြင်တော့ မြတ်စွာဘုရား ရွှေအဆင်းနဲ့တူတဲ့ ပဒုမ္မာကြာပန်းကြီး ဖန်ဆင်းပြီး ထိုရဟန်းကို ပေးလိုက်တယ်။ အဲဒီရွှေပဒုမ္မာကြာပန်းကြီးကို ယူသွားပြီးတော့ ကျောင်းအစွန်အဖျားတစ်ခု၏ သဲပုံမှာစိုက်ပြီးတော့ "လောဟိတကံ၊ လောဟိတကံ - နီသောအဆင်း၊ နီသောအဆင်းဟူ၍ ရှုရမယ်"ဟု လောဟိတကကမ္မဋ္ဌာန်းကို ရှုခိုင်းလိုက်တာ တစ်ခဏအတွင်းမှာပဲ ဘဝါဘဝက အာသေဝနပစ္စည်း ရလာတဲ့အတွက်ကြောင့် ဥပစာရသမာဓိ ဖြစ်သွားပေတယ်။ အဆင့်ဆင့်ရှုမှတ်လိုက်တာ (၄)ဆင့်တက်သွားပေတယ်။ စတုတ္ထဈာန်တိုင်အောင် ရရှိသွားတယ်။ မမြန်ပါဘူးလား ... မြန်ပါတယ်ဘုရား။ ဘာရလို့လဲ၊ အာသေဝနရလို့။ ဘဝါဘဝက ရွှေမှာထုံခဲ့တဲ့ အာသေဝနကမ္မဋ္ဌာန်းပေးလိုက်တော့ ချက်ချင်းပဲ သမာဓိမဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ချက်ချင်း

သမာဓိဖြစ်သွားတော့ စတုတ္ထစျာန်တိုင်အောင် ရရှိသွားတဲ့အခါ မြတ်စွာဘုရား စောင့်ပြီးတော့ ကြည့်နေတော်မူပါတယ်။

ဒီရဟန်းတော် သူ့ရဲ့သမာဓိဉာဏ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်အောင် တက်သွားနိုင်သလားဆိုကော့ မတက်သွားနိုင်ပေဘူး။ မတက်သွားနိုင်တာကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ချက်ချင်းပဲ တန်ခိုးတော်ဖြင့် "ပဒုမ္မာကြာပန်းကြီး ညှိုးနွမ်းပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလိုက်တော့ ပဒုမ္မာကြာပန်းကြီးဟာ လက်နဲ့ပွတ်ချေလိုက်သလို ညှိုးနွမ်းသွားတယ်။

ရဟန်းတော် သံဝေဂ ချက်ချင်းဖြစ်သွားတယ်။ "သြော် ... ဥတုကြောင့် ဖြစ်သည့် ဥတုဇရုပ် ပဒုမ္မာကြာပန်းကြီးဟာ ချက်ချင်းညှိုးနွမ်းသွားပါလား။ မိမိသန္တာန်မှာရှိတဲ့ ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်တွေဟာလည်း ဒီလိုပဲ ညှိုးနွမ်းပျက်စီးမှာပဲ"ဟု သံဝေဂဉာဏ် ဖြစ်သွားတယ်။

နောက်တစ်ခါ အဲဒီအနီးအနားမှာ လူငယ်တစ်စုက ရေကန်ထဲမှ ကြာပွင့်တွေခူးခူးပြီး ဆိတ်ဖြတ်ပြီးတော့ ကန်ဘောင်ရိုးမှာ တင်ထားကြတယ်။ အဲဒါ တင်ထားတာမြင်တော့လည်း သံဝေဂဉာဏ်ဖြစ်ပြန်တယ်။ "ရေထဲမှာရှိတဲ့ ကြာပွင့်တွေကတော့ လန်းဆန်းရွှင်ပြနေကြတယ်။ ဆိတ်ဖြတ်ပြီးတော့ ကန်ဘောင်ရိုးပေါ်မှာ တင်လိုက်တဲ့ ကြာပွင့်တွေကတော့ ညှိုးနွမ်း၊ ညစ်နွမ်းသွားတယ်။ ဥတုဇရုပ်တွေတောင် မမြဲပါလား။ ပြောင်းလဲနေကြပါလား"ဟု သံဝေဂဉာဏ်တွေ ဖြစ်တယ်။ တရားရမယ့်ပုဂ္ဂိုလ်ဆိုတော့ သံဝေဂမဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။

သံဝေဂဖြစ်တဲ့အခိုက်အတန့် မြတ်စွာဘုရားဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူတယ်။ ဒီရဟန်း သူ့ဟာသူ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေသို့ ရောက်နိုင်သလားဆိုတော့ မရောက်နိုင်ပေဘူးတဲ့။ မရောက်နိုင်တာကိုမြင်တော့ မြတ်စွာဘုရား တန်ခိုးတော်ဖြင့် ကြွလာပြီးတော့ ဂါထာတစ်ပုဒ် ဟောကြားပါတယ်။

**ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊**
**ကုမုဒံ သာရဒိကံဝ ပါဏိနာ။**
**သန္တိမဂ္ဂမေဝ ဗြူဟယ၊**
**နိဗ္ဗာနံ သုဂတေန ဒေသိတံ။**

**သာရဒိကံ** = သာရဒဥတုဥ္ဖြစ်သော၊ (ဝါ) တန်ဆောင်မုန်းလဥ္ဖြစ်သော၊ **ကုမုဒံ** = ကုမုဒြာကြာကို၊ **ပါဏိနာ** = လက်ဖြင့်၊ **ဆိန္ဒတိဣဝ** = ဖြတ်သကဲ့သို့၊ **ဝေံ** = ဤအတူ၊ **အတ္တနော** = မိမိ၏၊ **သိနေဟံ** = ချစ်ခြင်း လောဘတဏှာကို၊ **ဥစ္ဆိန္ဒ** = ဖြတ်လော့။

**သုဂတေန** = မြတ်စွာဘုရားသည်၊ **နိဗ္ဗာနံ** = ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို၊ **ဒေသိတံ** = ဟောတော်မူအပ်၏။ **သန္တိမဂ္ဂမေဝ** = ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကိုသာလျှင်၊ **ဗြူဟယ** = ပွားများလော့။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။ (ဓမ္မပဒ-ဋ္ဌ-၂/၂၆၈)

သာဓု ... သာဓု ... သာဓုပါဘုရား။

ရေအိုင်ထဲမှာရှိတဲ့ ကြာပွင့်တွေ၊ ကြာရိုးတွေကို လူငယ်တစ်စုက လက်နဲ့ ဆိတ်ဖြတ် ဆိတ်ဖြတ်လိုက်သလို သင့်သန္တာန်မှာရှိတဲ့ ချစ်ခြင်း-သိနေဟာ လောဘတဏှာကိုလည်း ပြတ်အောင်ရှုမှတ်ပါ။ ဖြတ်လိုက်ပါ။ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ ငါဘုရားဟောထားတယ်။ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်(၈)ပါးတရားကို သင်ပွားများပါ။ မဂ္ဂင်(၈)ပါးတရားကို ဘာနဲ့ပွားများရပါမလဲ၊ သတိပဋ္ဌာန်တရား(၄)ပါးနဲ့ ပွားများရမယ်။ သတိပဋ္ဌာန်တရားတွေ ပွားများပါလို့ မြတ်စွာဘုရား မိန့်ကြားလိုက်တဲ့အခါကျတော့ ချက်ချင်းပဲ ရှုမှတ်ပွားများလိုက်တာ တစ်ခဏအတွင်းမှာပဲ၊ ဂါထာအဆုံးမှာပဲ ရဟန္တာ တစ်ခါတည်းဖြစ်သွားပါတယ်။

စျာန်က သမာဓိက သိပ်အားကောင်းတယ်။ စတုတ္ထစျာန်တိုင်အောင် ရောက်နေတော့ ချက်ချင်းမရနိုင်ပါဘူးလား ... ချက်ချင်းရနိုင်ပါတယ်ဘုရား။ ချက်ချင်းပဲ ရနိုင်တယ်တဲ့။ အဲဒါလေးတွေ အာသေဝနပစ္စည်းရဲ့အကြောင်းလေးတွေ မှတ်မိရအောင် ဆောင်ပုဒ်လေး စီထားပါတယ်။

ဆောင်ပုဒ် ။ ။ ဘဝငါးရာ၊ ရွှေခွဲ့သာ၊ ထုံလာစိတ်တည်ကြည်။

ရွှေပန်းထိမ်သည်သားငယ်ရဟန်း ဘဝငါးရာ ရွှေမှာထုံလာတဲ့ အာသေဝနပစ္စည်းရလာတဲ့အတွက်ကြောင့် ပဒုမ္မာကြာပန်းကြီး ပေးလိုက်တဲ့အခါ တစ်ခဏအတွင်းမှာပဲ စိတ်မတည်ငြိမ်သွားပါဘူးလား ... တည်ငြိမ်သွားပါတယ်ဘုရား။ သမာဓိတွေဖြစ်၊ စျာန်တွေရသွားတာပါပဲ။

ဆောင်ပုဒ် ။ ။ နီရောင်ကမ္မဋ္ဌာန်း၊ ထိုရဟန်း၊ စီးဖြန်းစေခဲ့သည်။

ရွှေနီရောင်ကမ္ဗလာနှင့် ပဒုမ္မာကြာပန်းကြီး ဖန်ဆင်းပြီးတော့ စီးဖြန်းနိုင်းလိုက်တော့ အာသေဝနရှိတဲ့အတွက်ကြောင့် အမြန် စိတ်တွေမတည်သွားပါဘူးလား ... စိတ်တွေ တည်သွားပါတယ်ဘုရား။

ဆောင်ပုဒ် ။ ။ ဂါထာဆုံးမှာ၊ ရဟန္တာ၊ မှန်စွာဖြစ်ပေသည်။

ဂါထာဆုံးသွားတာနဲ့ ရဟန္တာ တစ်ခါတည်း ဖြစ်သွားပေတယ်။ သမာဓိက သိပ်အားကောင်းတယ်။ သမာဓိအားကောင်းတော့ ဝိပဿနာဉာဏ်တွေ အလျင်အမြန် ဖြစ်သွားတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ဒါကြောင့် ရှေ့ပိုင်းမှာ သမာဓိဖြစ်အောင် အားမထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။ အားထုတ်ရတယ်။

ဆောင်ပုဒ် ။ ။ အာသေဝန၊ အထုံရ၊ ဖြစ်ရ ရဟန္တာ။

ဘဝါဘဝက အာသေဝနပစ္စည်းရထားတဲ့အတွက်ကြောင့် အမြန် ရဟန္တာဖြစ်မသွားပါဘူးလား ... အမြန် ရဟန္တာဖြစ်သွားပါတယ်ဘုရား။ အာသေဝနလည်း အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။ ဒါကြောင့် အာသေဝနတွေ ထုံထုံပေးရတယ်။

ဝိပဿနာရှုရတာ တစ်ခါတလေလည်း ကောင်း၊ တစ်ခါတလေလည်း မကောင်း။ မကောင်းပေမယ့်လည်း မှတ်မနေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။ ဘာအတွက်လဲ၊ အာသေဝနအတွက်။ နောက်တော့ တောက်လျှောက်ကောင်းသွားတာပါပဲ။ တရားရှုမှတ်ရာမှာတော့ ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့် ဖြစ်နေတာပါပဲ။ ဆိုးတဲ့အခါတွေကပဲ မများနေပါဘူးလား ... များနေပါတယ်ဘုရား။ များ ငင်များပြားသော်လည်း အာသေဝနဖြစ်အောင်

ကြိုးစားပြီးတော့ မရှုမှတ်နေရပါဘူးလား ... ကြိုးစားပြီးတော့ ရှုမှတ်နေရပါတယ်ဘုရား။ အာသေဝန ကျေးဇူးမများပါဘူးလား ... ကျေးဇူးများပါတယ်ဘုရား။ ကျေးဇူးများတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္ဆာဇာတပစ္စည်းနှင့် အာသေဝနပစ္စည်းတရားတို့ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# ကမ္မပစ္စည်း

၁၃၅၃-ခု၊ သီတင်းကျွတ်လဆန်း(၈)ရက်နေ့၊ နေ့လယ်ပိုင်းမှာ ကမ္မပစ္စည်းတရားတော်ကို ဟောကြားပါ့မယ်။

ကမ္မဆိုတာ **ကရောတိ အဘိသင်္ခရောတီတိ ကမ္မံ။ ကရောတိ အဘိသင်္ခရောတိ** = မိမိကြောင့်ဖြစ်တဲ့ ရုပ်နာမ်တရားတို့ကို ပြုပြင်စီရင်တတ်၏။ **ဣတိတသ္မာ** = ထို့ကြောင့်၊ **ကမ္မံ** = ကမ္မမည်၏။

ရုပ်တရား၊ နာမ်တရားတွေ ဖြစ်ပေါ်လာအောင် စီရင်ပေးတတ်တဲ့ သဘောတရားကို ကံ - ကမ္မဟုခေါ်ပါတယ်။ ထိုကမ္မကလည်း (၂)မျိုးရှိပါတယ်။ သဟဇာတကမ္မနှင့် နာနက္ခဏိကကမ္မလို့ ပစ္စယနိဒ္ဒေသပါဠိတော်မှာ (၂)မျိုးလုံး ဟောကြားပါတယ်။ ကမ္မရဲ့ မှတ်သားစရာ အထူးကတော့ သိပ်မရှိလှပါဘူး။ ဒီကမ္မ(၂)မျိုးပဲ ရှိပါတယ်။

သဟဇာတကမ္မဆိုတာကတော့ ယခုပြုလုပ်တဲ့ခဏမှာပဲ မိမိရဲ့ပစ္စယုပ္ပန်ဖြစ်တဲ့ သမ္ပယုတ္တက္ခန္ဓာဆိုတဲ့ နာမ်တရားတွေ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ဆိုတဲ့ ရုပ်တရားတွေကို အတူတကွဖြစ်၍ ကျေးဇူးပြုနေတယ်။ သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုနေတယ်။

နာနက္ခဏိကကမ္မသတ္တိဆိုတာကတော့ ကံပြုတဲ့အချိန်ကတခြား အကြောင်းတရားက အချိန်ကာလတစ်ပါး၊ အကျိုးတရားက အချိန်ကာလ အခါ တစ်ပါးမှာဖြစ်တယ်။

**အညော ကမ္မသာ ဥပ္ပတ္တိက္ခဏော၊**
**အညော ဝိပါကဿ ဥပ္ပတ္တိက္ခဏော။**

**ကမ္မဿ** = ကံ၏၊ **ဥပ္ပတ္တိက္ခဏော** = ဖြစ်ရာခဏသည်၊ **အညော** = တစ်ပါးတည်း။ **ဝိပါကဿ** = အကျိုးဝိပါက်၏၊ **ဥပ္ပတ္တိက္ခဏော** = ဖြစ်ရာခဏ သည်၊ **အညော** = တစ်ပါးတည်း။

ကံဆိုတာက အကြောင်းတရား၊ ဝိပါက်ဆိုတာက အကျိုးတရားဖြစ်တယ်။ ကံအကြောင်းတရားက တစ်ပါးသောခဏမှာဖြစ်တယ်။ မိမိကံကြောင့်ဖြစ်တဲ့ အကျိုးတရားတွေက တစ်ပါးသောခဏမှာဖြစ်တယ်။ ထိုထိုဘဝတွေမှာ ပြု လိုက်တဲ့ကံတွေက ဟို … အနာဂတ်ဘဝ နောက်နောင်ဘဝတွေမှာ အကျိုး ပေးတယ်။ ဟို … အတိတ်အတိတ်ဘဝတွေက ပြုခဲ့တဲ့ကံတွေက ဒီဘဝ ဒီဘဝတွေမှာ အကျိုးပေးတယ်။ ကံ-ပြုလုပ်တဲ့ အချိန်ကာလက တခြား၊ အကျိုးပေးနေတာက တခြားတခြား ဘဝတွေမှာ၊ တခြားတခြား အချိန် ကာလတွေမှာ လိုက်ပြီးတော့ အကျိုးပေးနေတာကို နာနက္ခဏိကကမ္မလို့ ဆို ရပါတယ်။ သဟဇာတကမ္မနှင့် နာနက္ခဏိကကမ္မ(၂)မျိုးကို ဒီနေ့ ဟောကြား ရမယ်။

ကမ္မပစ္စည်းကို ဟောကြားတဲ့နေရာမှာလည်း ရှေးဦးစွာ ကမ္မပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်နှင့် အနက်အဓိပ္ပါယ် အပြည့်အစုံဖြစ်တယ်။ ဒုတိယ တရားနာပရိသတ်များသန္တာန်မှာ၊ ထိုထိုပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ကံအမျိုးမျိုးတွေ

က ကံစီမံနေပုံဖြစ်တယ်။ တတိယ ကံအမျိုးမျိုးတွေ ကုန်သွားအောင် ကျင့်ကြံပုံဖြစ်တယ်။ ဒီ(၃)ပိုင်းထားပြီး ဟောကြားပါမယ်။ ပထမဆုံး ကမ္မပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်နှင့် အနက်အဓိပ္ပါယ်အကျဉ်းချုပ်၊ ဒုတိယ တရားနာပရိသတ်များသန္တာန်၊ ထိုထိုပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ကံအမျိုးမျိုးတွေက ပြုပြင်စီမံ ကျေးဇူးပြုနေပုံ၊ တတိယ ကံအမျိုးမျိုးတွေ ကုန်သွားအောင် ကျင့်ကြံအားထုတ်ပုံလို့ (၃)ပိုင်းထားပြီး ဟောကြားပါမည်။ ပထမဆုံး ကမ္မပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်နှင့် ကမ္မပစ္စည်း၏ အနက်အဓိပ္ပါယ် ဟောကြားပါတော့မယ်။

**ကမ္မပစ္စယောတိ -**

**ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။**

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။**

**ကမ္မပစ္စယောတိ** = ကမ္မပစ္စည်းဟူသည်ကား၊ **ကုသလာကုသလံ** = ကုသိုလ် အကုသိုလ်ဖြစ်သော၊ **ကမ္မံ** = နာနက္ခဏိကစေတနာသည်၊ **ဝိပါကာနံ** = ဝိပါက်ဖြစ်ကုန်သော၊ **ခန္ဓာနံ** = ဝိပါက်စိတ်ဆတ္တိံသ စေတသိက်အဋ္ဌတ္တိံသ နာမက္ခန္ဓာတို့အားလည်းကောင်း၊ **ကဋတ္တာရူပါနဉ္စ** = ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်တို့အားလည်းကောင်း၊ **ကမ္မပစ္စယေန** = နာနက္ခဏိကကမ္မပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**စေတနာ** = စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာသည်၊ **သမ္ပယုတ္တကာနံ** = သမ္ပယုတ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = စိတ်တစ်ခုယုတ်ကိုးဆယ် စေတနာကြဉ်သော စေတသိက်ကေပညာသတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုစေတနာ စေတနာနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **ကမ္မပစ္စယေန** = သဟဇာတကမ္မပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

နာနက္ခဏိကကမ္မဆိုတာ ထိုထိုဘုံဘဝခဏတွေမှာ လိုက်ပြီးတော့ အကျိုးပေးတတ်တဲ့ကမ္မဖြစ်တယ်။ ပစ္စည်းတရားက ကုသိုလ်၊ အကုသိုလ်စေတနာဖြစ်တယ်။ ကုသိုလ်၊ အကုသိုလ်စေတနာကနေပြီးတော့ ထိုထိုဘုံဘဝတွေမှာ ကုသိုလ်၊ အကုသိုလ်ရဲ့ အကျိုးဝိပါက်တွေ၊ ကမ္မဇရုပ်တွေ ကာမ၊ ရူပ၊ အရူပဘုံတွေမှာဖြစ်အောင် အကျိုးပေးတဲ့ နာနက္ခဏိကကမ္မသတ္တိဖြစ်တယ်။

သဟဇာတကမ္မသတ္တိကတော့ ယခုတရားနာပရိသတ်များ ပြုလုပ်နေတဲ့ အခိုက်အတန့်မှာပဲ စေတနာကနေပြီးတော့ ကုသိုလ်တွေပြုလုပ်မယ်ဆိုလို့ရှိရင် ကုသိုလ်ကံတွေဖြစ်တယ်။ ထိုကုသိုလ်ကံတွေက ယှဉ်ဖက်စိတ်စေတသိက်တရားတွေဖြစ်အောင် ကျေးဇူးပြုတယ်။ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ၊ သွားနေ လာနေ ရပ်နေ ထိုင်နေတဲ့ စိတ္တဇရုပ်တွေ ဖြစ်ပေါ်အောင် ကျေးဇူးပြုတယ်။ အခုအခိုက်အတန့်မှာ ပစ္စုပ္ပန်မှာ ကျေးဇူးပြုတာကိုတော့ သဟဇာတကမ္မလို့ ဆိုရပါတယ်။

ဒါနစတဲ့ ကုသိုလ်ကံတစ်ခုကို ပြုလုပ်လိုက်တဲ့အခါမှာ ကမ္မ(၂)မျိုးလုံး ပါသွားတယ်။ သဟဇာတကမ္မက အခုပြုလုပ်နေဆဲခဏမှာ အတူတကွဖြစ်တဲ့ ကုသိုလ်စိတ်တွေ ကာမာဝစရကုသိုလ်စိတ်တွေကို သဟဇာတကမ္မ ကုသိုလ်စေတနာက ကျေးဇူးပြုနေတာဖြစ်တယ်။ လှုဒါန်းနေသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာအမျိုးမျိုး စိတ္တဇရုပ်တွေကိုလည်း သဟဇာတကမ္မ ကုသိုလ်စေတနာက ကျေးဇူးပြုနေတာဖြစ်တယ်။

နာနက္ခဏိကကမ္မကတော့ ဘဝါဘဝတွေမှာ လိုက်ပြီးတော့ ကျေးဇူးပြုတယ်။ ဒီနေ့ပြုလိုက်တဲ့ ဒါနကုသိုလ်တွေဟာ အဲဒီလို သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုနေတဲ့အပြင် နာနက္ခဏိကကမ္မသတ္တိဖြင့် ဘဝါဘဝတွေမှာလည်း လိုက်ပြီးတော့ ကျေးဇူးပြုပါတယ်။ ကာမာဝစရကုသိုလ်ဆိုတော့ ကာမသုဂတိ(၇)ဘုံမှာ ချမ်းသာအမျိုးမျိုးတွေနဲ့ တွေ့ကြုံရအောင် နာနက္ခဏိကကမ္မသတ္တိနဲ့ နောက်နောင်ဘဝတွေအတွက် (ကမ္မသတ္တိနဲ့) ကျေးဇူးပြုလိုက်ပါတယ်။ ကမ္မပစ္စည်းရဲ့ အနက်အဓိပ္ပါယ်အကျဉ်းချုပ်နဲ့ ကမ္မပစ္စည်း ကျေးဇူးပြုပုံ အသင့်အတင့် ပြည့်စုံသွားပြီ။

## ကံတွေအကျိုးပေးပုံ

အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ဒိဋ္ဌဓမ္မဝေဒနီယ - အခုမျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ကံ၊ ဥပပဇ္ဇဝေဒနီယ - ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံ၊ အပရာပရိယဝေဒနီယ - တတိယဘဝမှစပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတဲ့ကံ၊ အဟောသိကံ - အကျိုးမပေးနိုင်တဲ့ကံလို့ အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် (၄)မျိုးဖြစ်တယ်။

ဒိဋ္ဌဓမ္မဝေဒနီယကံဆိုတာ တရားနာပရိသတ်များ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့အခါ ပထမဇောစေတနာတည်းဟူသောကံဟာ ယခုမျက်မှောက်ဘဝမှာ ပဲ အကျိုးပေးစရာရှိရင် အကျိုးပေးလိုက်တာပါပဲ။ ယခုမျက်မှောက်ဘဝမှာ အကျိုးပေးခွင့်မရဘူးဆိုလို့ရှိရင် အဲဒီကံဟာ အဟောသိကံ ဖြစ်သွားပြီ။ နောင်လည်း အကျိုးမပေးတော့ပေဘူး။

ဥပပဇ္ဇဝေဒနီယကံဆိုတာ တရားနာပရိသတ်များ ကုသိုလ်ကောင်းမှုပြုတဲ့ အခါ သတ္တမဇော အဆုံးဇောစေတနာတည်းဟူသောကံ ဖြစ်တယ်။ အဲဒီ အဆုံးဇောကံဟာ ဒုတိယဘဝမှာ အကျိုးပေးပါတယ်။ ဒုတိယဘဝမှာ အကျိုး ပေးခွင့်ရရင်ရ၊ မရလို့ရှိရင် အကျိုးမပေးတဲ့ အဟောသိကံ ဖြစ်သွားရတယ်။

အလယ်ဇော(၅)ချက်စေတနာကံက နောက်နောင် ထိုထိုဘဝတွေမှာ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အကျိုးပေးတယ်။ နိဗ္ဗာန်ရောက်သည့် တိုင်အောင် ရည်မှန်းထားလို့ရှိရင် နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အကျိုးပေးတယ်။

ပထမဇောစေတနာတည်းဟူသောကံက အခုမျက်မှောက်ဘဝမှာ အကျိုး ပေးတယ်။ သတ္တမဇောစေတနာတည်းဟူသောကံက ဒုတိယဘဝမှာ အကျိုး ပေးတယ်။ အကျိုးပေးခွင့်မရလို့ရှိရင် နောက်ထပ် အကျိုးမပေးတဲ့အတွက် ကြောင့် အဟောသိကံ ဖြစ်သွားတယ်။

အလယ်ဇောစေတနာ(၅)ချက်တည်းဟူသောကံက တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ အကျိုးပေးတယ်။

ဟို ... အရင်သီတင်းတစ်ပတ်က ဆောင်ပုဒ်တွေ ဆိုခဲ့ပါတယ်။ အခု တော့ စေတနာအမည်နဲ့ပဲ ဆိုလိုက်ရအောင်။ စေတနာဟာ ကံနဲ့အတူတူပဲ။

ဆောင်ပုဒ်။ ။ ပထမဇောစေတနာ၊ ခုဘဝါ၊ မုန်စွာအကျိုးပေးသည်။

ပထမဇောစေတနာတည်းဟူသောကံဟာ ဒီဘဝမှာပဲ အကျိုးပေးတယ်။ အကျိုးပေးပုံလည်း အရင်သီတင်းတွေက ဟောကြားခဲ့ပါပြီ။ "ပထမဇောကံ ဟာ"လို့ ဆိုရင်လည်း ရပါကယ်။ ကံ-လို့ ထည့်ဆိုရင်လည်း ရပါတယ်။

ဆောင်ပုဒ်။ ။ ပထမဇောကံဟာ၊ ခုဘဝါ၊ မုန်စွာအကျိုးပေးသည်။
သတ္တမဇောကံဟာ၊ ဒုဘဝါ၊ မုန်စွာအကျိုးပေးသည်။
အလယ်ဇောကံဟာ၊ ဖြစ်လေရာ၊ မုန်စွာအကျိုးပေးသည်။

အကျိုးပေးရာကာလ၏ အစွမ်းဖြင့် ကံ(၄)မျိုးဖြစ်တယ်။

အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံတွေ အမျိုးမျိုးပဲဖြစ်တယ်။ ကာမာဝစရကုသိုလ်ကံတွေ၊ အကုသိုလ်ကံတွေ၊ ရူပါဝစရကုသိုလ်ကံတွေ၊ အရူပါဝစရကုသိုလ်ကံတွေလို့ (၄)မျိုးရှိပါတယ်။ အကုသိုလ်ကံတွေကတော့ အပါယ်ဘုံဘဝမှာပဲ အကျိုးပေးပါတယ်။ ကာမာဝစရကုသိုလ်ကံကျတော့ လူပြည်၊ နတ်ပြည်(၆)ထပ်မှာ အကျိုးပေးပါတယ်။

အခုတရားနာပရိသတ်များကတော့ ကာမာဝစရကုသိုလ်ကံတွေ အများကြီး ပြုထားကြပါတယ်။ ဒါနတွေပြုလုပ်တာ ကာမာဝစရကုသိုလ်ကံ၊ သီလတွေ ဆောက်တည်တာ ကာမာဝစရကုသိုလ်ကံ၊ ဝေယျာဝစ္စတွေ ပြုလုပ်တာ ကာမာဝစရကုသိုလ်ကံတွေ။ ဒီနေ့ထိ ကာမာဝစရကုသိုလ်ကံတွေ အများကြီး

ပြုထားကြပါတယ်။ အဲဒီကာမာဝစရကုသိုလ်ကံတွေက အကျိုးပေးတဲ့အခါ ဘယ်မှာအကျိုးပေးလဲဆိုရင် ကာမသုဂတိ(၇)ဘုံလို့ဆိုတဲ့ လူ့ပြည်၊ နတ်ပြည် (၆)ထပ်မှာ အကျိုးပေးတယ်။

ရူပါဝစရကုသိုလ်ကံတွေက ရူပါဝစရစျာန်ရတဲ့ ပုဂ္ဂိုလ်တွေအတွက် ရူပါဝစရ(၁၆)ဘုံမှာ အကျိုးပေးတယ်။ အရူပါဝစရကုသိုလ်ကံတွေက အရူပါဝစရစျာန်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက် အရူပါဝစရ(၄)ဘုံမှာ အကျိုးပေးတယ်။ ဘုံဘဝအားဖြင့်လည်း အမျိုးမျိုးဖြစ်ကြတယ်။ ကံအမျိုးမျိုးတွေ တရားနာပရိသတ်များသန္တာန်မှာ ရှိနေကြတယ်။ အဲဒီကံအမျိုးမျိုးတွေကြောင့်ပဲ ဘဝါဘဝတွေမှာလည်း အမျိုးမျိုးတွေကို ရရှိကြတယ်။ ကံကပဲ စီမံခန့်ခွဲပေးနေတာဖြစ်တယ်။

**ကမ္မံ သတ္တေ ဝိဘဇတိ။**

**သတ္တေ** = သတ္တဝါတို့ကို၊ **ကမ္မံ** = ကံသည်၊ **ဝိဘဇတိ** = ခွဲခြမ်းဝေဖန်၏။

ဘယ်လိုခွဲခြမ်း ဝေဖန်သလဲဆိုတော့ -

**ယဒိဒံ ဟီနပဏီတတာယ** = အကြင် အယုတ် အမြတ် အလတ် စသည်ဖြင့်၊ **ကမ္မံ** = ကံသည်၊ **ဝိဘဇတိ** = ခွဲခြမ်းဝေဖန်၏။ ကံကနေပြီးတော့ သတ္တဝါတွေကို ခွဲခြမ်းဝေဖန်ပေးကြတယ်။ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေကို ဂတိ(၅)ပြား ချာချာလည်နေရအောင်၊ ရောက်နေကြရအောင်လည်း ကံကပဲ ပို့ပေးနေတာပဲဖြစ်တယ်။ တရားနာပရိသတ်များ ဂတိ(၅)ပြား ချာချာလည်ခဲ့ပါတယ်။ အနမတဂ္ဂသံသရာလို့ဆိုတဲ့ သံသရာက အလွန်ကြာခဲ့တဲ့အတွက်ကြောင့် ဂတိ(၅)ပြား (၃၁)ဘုံမှာ ချာချာလည်ခဲ့တာဖြစ်တယ်။ အဲဒါ ဘာကြောင့်လဲ၊ ကံကြောင့်ပဲဖြစ်တယ်။

ဂတိ(၅)ဖြာတို့တွင် နိရယဂတိ - ငရဲမှာလည်း တရားနာပရိသတ်တို့နှင့်တကွ ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေ ခံခဲ့ရဖူးတယ်။ အဲဒါလည်း ကံကြောင့်ပဲ။ အကုသိုလ်ကံကြောင့်ပဲ။ ငရဲကျနိုင်တဲ့ အကုသိုလ်ကံကြောင့်ပဲဖြစ်တယ်။

ပေတာဂတိ - ပြိတ္တာလည်း ဖြစ်ခဲ့ကြဖူးတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲ။ တိရစ္ဆာနဂတိ - ဘဝများစွာ တိရစ္ဆာန်လေးတွေလည်း ဖြစ်ခဲ့ဖူးတယ်။ အဲဒါ ဘာကြောင့်လဲ၊ ကံကြောင့်ဖြစ်ရတာပဲ။ မနုဿဂတိ - လူ့ဘဝလည်း အဖန်ဖန်အထပ်ထပ်အခါခါ ဖြစ်ခဲ့ကြရတယ်။ အခုလည်း လူ့ဘဝမှာ ဖြစ်နေရတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကာမာဝစရကုသိုလ်ကံတွေကြောင့်ပဲ ဖြစ်တယ်။

ဒေဝဂတိ - နတ်ပြည်၊ ဗြဟ္မာပြည်တွေမှာ ဘဝပေါင်းများစွာ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်သတ္တဝါများ ဖြစ်ခဲ့ကြရတယ်။ ဘဝတွေခြားခဲ့လို့သာ မသိခဲ့တာဖြစ်တယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲ။ ဂတိ(၅)ဖြာ (၃၁)ဘုံထဲမှာ ချာချာလည်အောင် ပြုလုပ်တာလည်း ဘယ်သူပြုလုပ်တာလဲ၊ ကံပဲပြုလုပ်တာဖြစ်တယ်။ အဲဒါလေးတွေ သဘောကျ မှတ်မိရအောင် ဆောင်ပုဒ်လေး စီထားပါတယ်။

ဆောင်ပုဒ်။ ။ ဂတိငါးဖြာ၊ လည်ရတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ဂတိ(၅)ဖြာ (၃၁)ဘုံမှာ ချာချာလည်နေရတာ ဘာကြောင့်လဲ၊ အရင်းခံရှာလိုက်တော့ ကံကြောင့်ပဲ။ လည်ပြီးလာတဲ့ဘဝ အလွန်များစွာပဲ။ လည်တဲ့ ဝဋ္ဋသာကေလေး ပြောရမလား၊ မပြောရဘူးလား။ အရင်လည်း တရားနာပရိသတ်များ မကြာမကြာ ကြားဖူးနေတယ်။ "ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှင်းရှင်း" ဆိုတဲ့ ဝက်မလေး သံသရာလည်ပုံမှာ -

တစ်ချိန်သောအခါ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွလာခဲ့ပါတယ်။ မြို့ဝရောက်တော့ ဝက်မလေးတစ်ကောင်ကို မြင်သောအခါ မြတ်စွာဘုရား ပြုံးတော်မူပါတယ်။ ပြုံးလိုက်တဲ့အခါ သွားတော်မှ အရောင်တွေထွက်လာ၍ ပြုံးရတဲ့အကြောင်းကို အရှင်အာနန္ဒာက လျှောက်ကြားတဲ့အခါ "ချစ်သား အာနန္ဒာ ... ဒီနားမှာ ဝက်မလေးကို သင်မြင်ပါသလား" "မြင်ပါတယ်ဘုရား" "အဲဒီဝက်မကို မြင်ရလို့ ပြုံးတာပါပဲ"ဟု မိန့်ကြားတော်မူတယ်။

"ဒီဝက်မလေးဟာ သာမညမဟုတ်ဘူး။ ဗြဟ္မာပြည်ကနေလာဖြစ်တဲ့ ဝက်မလေးဖြစ်တယ်"ဟု မြတ်စွာဘုရား ဝက်မလေးအကြောင်းကို ဟောကြားပါတယ်။ "ဒီဝက်မလေးဟာ ကကုသန်မြတ်စွာဘုရားလက်ထက်တော်၌ ကြက်မဖြစ်တယ်။ အဲဒီကြက်မဘဝတုန်းက ကမ္မဋ္ဌာန်းကျောင်းအနီးမှာ ရောက်နေခိုက် ကမ္မဋ္ဌာန်းယောဂီတစ်ယောက်က ကမ္မဋ္ဌာန်းတရားတွေ ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့အသံကို ကြားနေခိုက်မှာ သေဆုံးကွယ်လွန်သွားတယ်။ ကွယ်လွန်တဲ့အခါ ဥဗ္ဗရီဆိုတဲ့ မင်းသမီးဖြစ်တယ်။ သံဝေဂတွေဖြစ်ပြီး ပရိဗိုဇ်မဝတ်ကာ တရားအားထုတ်တယ်။

တစ်ချိန်သောအခါ အိမ်သာကဋီထဲ ဝင်သွားရာတွင် လောက်တွေကို ကြည့်ပြီးတော့ ရှုလိုက်တာ ပထမဈာန်ရသွားတယ်။ ကွယ်လွန်သွားတဲ့အခါ ပထမဈာန်ဗြဟ္မာပြည်မှာ ကမ္ဘာနဲ့ချီပြီးတော့ ဗြဟ္မာတို့စည်းစိမ်ကို ခံစားစံစားရတယ်။ ပထမဈာန်ရဲ့ အစွမ်းသတ္တိတွေ ကုန်သွားတဲ့အခါ၊ ဗြဟ္မာသက်တမ်းတွေ ကုန်သွားတဲ့အခါ လူ့ပြည်မှာ သူဌေးသမီးဖြစ်တယ်။ မကောင်းမှု အကုသိုလ်ကံတွေ ပြုလုပ်မိတဲ့အတွက်ကြောင့် ငါဘုရားပွင့်တော်မူလာတဲ့ ယခုအချိန်အခါမှာ ဝက်မလေးလာဖြစ်နေရတယ်။"

ဤကဲ့သို့ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သောအခါ ရဟန်းတော်တွေ ထိတ်လန့်သွားတယ်။ သံဝေဂတွေ ဖြစ်သွားတယ်။ အဲဒီမှာ ရပ်လျက်ပင် မြတ်စွာဘုရား ဂါထာ(၆)ပုဒ် ဟောကြားပါတယ်။ ဂါထာရဲ့အဆုံးမှာ ရဟန်းတွေ သောတာပန် စသည် ဖြစ်သွားကြတယ်။ အဲဒီဝက်မလေး ဘယ်နဘဝ ကျင်လည်ရသလဲဆိုတော့ (၁၃)ဘဝဖြစ်တယ်။ ဝက်မဘဝက စတေပြီး ကျင်လည်ရတဲ့ နောက်နောက်ဘဝတွေ အားလုံးပေါင်းလိုက်တော့ (၁၃)ဘဝဖြစ်တယ်။ နောက်ဆုံးဘဝရောက်သွားတဲ့အခါ (၁၃)ခုမြောက်ဘဝမှာ အမတ်ကြီးကတော် သွားဖြစ်တယ်။

မဟာအနုရုဒ္ဓါမထေရ်ဆိုတာ အဘိညာဉ်သမာပတ်ရတဲ့ မထေရ်ဖြစ်တယ်။ ရွာထဲကို ဆွမ်းခံကြွလာတယ်။ အဲဒီအမတ်ကတော်အိမ်ရှေ့သို့ ရောက်သွားတယ်။ နောက်က သံဃာတော်တွေကလည်း စီတန်းပြီးတော့ ဆွမ်းခံကြွတော်မူတယ်။ အဲဒီအိမ်ရှေ့ ရောက်သွားတော့၊ အဲဒီအမျိုးသမီးကိုမြင်တော့ "ဟင်း ... ဝက်မလေးဟာ ဒီမှာ အမတ်ကြီးကတော် လာဖြစ်နေရပါလား" ဟု ဆရာတော်ကြီးက နောက်ကရဟန်းတွေကို ပြောလိုက်တယ်။ အမတ်ကြီးကတော်ကြားသွားတော့ ထိတ်လန့်သွားတယ်။ "ဩော် ... ဆရာတော်ဘုရားကြီး ဘယ့်နှယ်အမိန့်ရှိလိုက်ပါလိမ့်"ဟု လန့်သွားပြီး ဇာတိဿရဉာဏ်တွေ ရုတ်တရက် ဖြစ်ပေါ်လာတယ်။

ဇာတိဿရဉာဏ်ဆိုတာ ဘဝါဘဝကို ပြန်မြင်တဲ့ဉာဏ်ဖြစ်တယ်။ ထိတ်လန့်သွားတဲ့အတွက်ကြောင့် အတိတ်ဘဝတွေကို ပြန်မြင်သွားတယ်။ နောက်နောက်ဘဝတွေက လူဖြစ်ခဲ့ရတာ၊ ကြက်မကြီးဖြစ်ခဲ့ရတာ၊ မင်းသမီးဖြစ်ခဲ့ရတာ စသည့် နောက်နောက်ဘဝါဘဝတွေ ပြန်မြင်ရတော့ ထိတ်လန့်သွားတယ်။

လူ့ဘောင်လူ့လောကမှာ မနေချင်တော့ပေဘူး။ အမတ်ကြီးထံ ခွင့်တောင်းပြီးတော့ သာသနာဘောင်သို့ ဝင်လာတယ်။ သာသနာဘောင်သို့ဝင်ပြီး တရားအားထုတ်တယ်။ မဟာသတိပဋ္ဌာနသုတ်တရားကို နာကြားရတဲ့အခါ သောတာပန်ဖြစ်သွားတယ်။ သောတာပန်ဖြစ်ပြီး နောက်တော်တော်ကြာတော့ အာသီဝိသောပမသုတ္တန်ကို ထပ်နာရသောကြောင့် ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတဲ့အခါ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးမှာ သူ့ဘဝအကြောင်းတွေအားလုံး ဘိက္ခုနီသံဃာ - ရဟန်းမိန်းမတို့အား ဟောကြားလိုက်ပါတယ်။ (၁၃)ဘဝ ကျင်လည်ခဲ့ရပြီးမှ ပရိနိဗ္ဗာန် ဝင်စံခဲ့ရတယ်။ ဘဝများစွာ ဂတိ(၅)ဖြာလည်ပုံ၊ လူဖြစ်လိုက်၊ ကြွက်ဖြစ်လိုက်၊ ဝက်ဖြစ်လိုက် မလည်ခဲ့ရပါဘူးလား ... လည်ခဲ့ရပါတယ်ဘုရား။

ဒီနေရာမှာ တန်ခိုးအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တို့ ကျေးဇူးများတယ်ဆိုတာ သိသာတယ်။ ဒီဆရာတော်ကြီးကသာ ဒီအမျိုးသမီးကို ဒီလိုအတိတ်အကြောင်းတွေ ပြန်ပြီးတော့ မပြောလိုက်ဘူးဆိုရင် ဒီအမျိုးသမီး သံဝေဂရပါ့မလား ... မရပါဘုရား။ အဘိညာဉ်သမာပတ်နဲ့ပြည့်စုံတဲ့ ဆရာတော်ကြီးဆိုတော့ "ဝက်မလေးဟာ ဒီမှာ အမတ်ကြီးကတော် ဘယ့်နှယ်လာဖြစ်နေသလဲ၊ ဖြစ်နေပါပကော"လို့ ရဟန်းတော် သံဃာတော်တွေကို ခပ်ကျယ်ကျယ် မိန့်ကြားနေတာကို အမျိုးသမီးကြားလိုက်တော့ ထိတ်လန့်ပြီး သံဝေဂဖြစ်တယ်။ ဇာတိဿရဉာဏ် ချက်ချင်းဖြစ်ပြီးတော့ သာသနာဘောင်သို့ ဝင်ဖြစ်သွားတယ်။

အဘိညာဉ်သမာပတ်ရတဲ့ပုဂ္ဂိုလ်ရဲ့ အထောက်အပံ့ရတော့လည်း တရားထူးတရားမြတ်ရဖို့ရာ အခွင့်ကောင်းတစ်ခု ဖြစ်သွားပေတယ်။ ဂတိ(၅)ဖြာချာချာလည်ရပုံလေး ... အဲဒီသာဓကနဲ့ ပြည့်စုံထင်ရှားပါပြီ။

ထိုကဲ့သို့ ကံစီမံလို့ ဥပပတ္တိဘဝတွေမှာ ဆန်းကြယ်စွာ ဖြစ်ခဲ့ရပုံများမှာ … တစ်ခါတစ်ရံ အလွန်မြင့်မြတ်တဲ့ ဘဝမျိုးတွေ ရောက်သွားကြတယ်။ တစ်ခါတစ်ရံကျတော့လည်း ယုတ်နိမ့်တဲ့ ဘဝတွေ ရောက်သွားကြတယ်။ တစ်ခါတစ်ရံတော့လည်း အလွန်ဆင်းရဲဒုက္ခရောက်တဲ့ဘဝ၊ တစ်ခါတစ်ရံ အလွန်ချမ်းသာတဲ့ဘဝ၊ ဥပပတ္တိဆိုတဲ့ ဘဝတွေမှာ မြင့်လိုက်နိမ့်လိုက်၊ ချမ်းသာလိုက်ဆင်းရဲလိုက်၊ ပြည့်ပြည့်စုံစုံရှိလိုက် မပြည့်မစုံရှိလိုက်။ အဲဒီလို ဘဝများစွာမှာ မြင့်လိုက်နိမ့်လိုက်နဲ့ ဖြစ်နေရတာ၊ ကျင်လည်နေရတာ ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲဖြစ်တယ်။ အဲဒါလေးမှတ်မိရအောင် ဆောင်ပုဒ်ဆိုရအောင်-။

ဆောင်ပုဒ် ။ ။ ဘဝများစွာ၊ မြင့်နိမ့်တာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

**ကမ္မနာနာကရဏံ ပဋိစ္စ သတ္တာနံ အတ္တဘာဝေ နာနာကရဏံ ပညာယတိ။**

**ကမ္မနာနာကရဏံ** = ကံ၏ အသီးသီးကွဲပြားသည်ကို ပြုတတ်သော အထူးကို၊ **ပဋိစ္စ** = စွဲ၍၊ **သတ္တာနံ** = သတ္တဝါတို့၏၊ **အတ္တဘာဝေ** = အတ္တဘော၌၊ **နာနာကရဏံ** = အသီးသီးကွဲပြားသည်အဖြစ်ကို ပြုတတ်သော အထူးသည်၊ **ပညာယတိ** = ထင်၏။

ပါဠိတော်တွေမှာလာတဲ့စကားတွေကို အဋ္ဌကထာတွေမှာ အထက်ပါအတိုင်း ဖွင့်ပြထားပါတယ်။ ဘဝါဘဝတွေ အတ္တဘောတွေဖြစ်ရတဲ့အခါ တချို့တချို့ဘဝတွေမှာ အလွန်လှ အလွန်တင့်တယ်၊ တချို့တချို့ဘဝတွေမှာ မြင်လို့မကောင်း ရှုလို့မကောင်း အလွန်အရုပ်ဆိုးကြတယ်။ တချို့တချို့သောဘဝတွေမှာ ခန္ဓာကိုယ်တွေဟာ အလွန့်အလွန်ပြည့်စုံတယ်။ တချို့တချို့သော

ဘ၀တွေမှာ မပြည့်စုံပေဘူး။ ခြေလက်အင်္ဂါတွေ ချို့တဲ့လို့၊ အဆင်းသဏ္ဍာန်တွေ ပျက်လို့။ အဲဒီလို ဘ၀တွေမှာ အမျိုးမျိုး တင့်တင့်တယ်တယ်ဖြစ်လိုက်၊ အလွန်ဆိုးဝါးတဲ့ ဘ၀မျိုးတွေမှာဖြစ်လိုက်နဲ့ ဒီလိုတင့်တယ်ခြင်း၊ မတင့်တယ်ခြင်း၊ လှပခြင်း၊ မလှပခြင်း အမျိုးမျိုးတွေဖြစ်ရတာလည်း ဘာကြောင့်လဲဆိုတော့ ကံကြောင့်ပဲဖြစ်တယ်။ အဲဒါလေးလည်း ဆောင်ပုဒ်ဆိုရအောင်-။

**ဆောင်ပုဒ်။ ။ အတ္တာခန္ဓာ၊ လှ မလှတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။**

ခန္ဓာကိုယ်အတ္တဘောတွေ ဖြစ်ရတဲ့အခါ တချို့တချို့သောဘ၀တွေမှာ သိပ်ပြီးတော့ တင့်တယ်လှပတယ်။ တချို့တချို့သောဘ၀တွေမှာလည်း မြင်မကောင်း ရှုမကောင်း အမျိုးမျိုးဖြစ်ရတာလည်း ကံကြောင့်ဖြစ်ရတာပဲဖြစ်တယ်။

ဆောင်ပုဒ် ။ ။ လောကစံရှစ်ဖြာ၊ တွေ့ကြုံတာ၊
မှန်စွာကံကြောင့်ဖြစ်ပေသည်။

**အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **အဋ္ဌ** = ရှစ်ပါးကုန်သော၊ **ဣမေ လောကဓမ္မာ** = ဤလောကဓံတရားတို့သည်၊ **လောကံ** = လူအပေါင်း သတ္တဝါအပေါင်းကို၊ **အနုပရိဝတ္တန္တိ** = အစဉ်လိုက်၍နေကြလေကုန်၏။

**လောကောစ လောကဓမ္မေ အနုပရိဝတ္တတိ။**

**လောကောစ** = လူအပေါင်း သတ္တဝါအပေါင်းသည်လည်း၊ **လောကဓမ္မေ** = လောကဓံရှစ်ပါးသို့၊ **အနုပရိဝတ္တတိ** = အစဉ်လိုက်၍နေလေ၏။ **ဣတိ** =

ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

လောကဓံရှစ်ပါးတရားတွေဟာ လောကကြီးမှာ နေထိုင်တဲ့လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေနောက်ကို အစဉ်မပြတ်ဘဲ လိုက်နေကြတာပါပဲတဲ့။ တစ်နည်းအားဖြင့်သော်လည်း လောကထဲမှာ နေထိုင်တဲ့ လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေကလည်း လောကဓံရှစ်ပါးနောက်ကို လောကဓံရှစ်ပါးရှိရာသို့ အမြဲသွားနေကြတာပဲ။ အဲဒီလို မြတ်စွာဘုရားက ဟောကြားထားပါတယ်။ ရင်ဆိုင်နေရတာပဲ၊ ဘယ်ပုဂ္ဂိုလ်မှ မလွတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ လောကဓံရှစ်ပါးကို ရှောင်ကွင်းလို့ မရပေဘူးတဲ့။ ဒီလောကဓံရှစ်ပါးကလည်း ပုဂ္ဂိုလ်သတ္တဝါတွေနောက်သို့ အစဉ်လိုက်နေတယ်။ ပုဂ္ဂိုလ်သတ္တဝါတွေကလည်း လောကဓံရှစ်ပါးနောက်သို့ အစဉ်လိုက်နေတယ်။ အမြဲရင်ဆိုင်နေကြရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ကင်းကြပေဘူး။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေလည်း လောကဓံရှစ်ပါးနှင့် ကင်းကြပါရဲ့လား ... မကင်းကြပါဘုရား။ လောကဓံတရားရှစ်ပါး တွေ့နေကြရတာပါပဲ။ လောကဓံတရားရှစ်ပါးနဲ့ တွေ့တဲ့အခါ -

**ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။**

**လောကဓမ္မေဟိ** = လောကဓံတရားရှစ်ပါးတို့နှင့်၊ **ဖုဋ္ဌဿ** = တွေ့ထိသော၊ **အဿ** = ထိုပုဂ္ဂိုလ်အား၊ **စိတ္တံ** = စိတ်သည်၊ **န ကမ္ပတိ** = မတုန်လှုပ်။ မတုန်လှုပ်လို့ရှိရင်တော့ မင်္ဂလာတွေဖြစ်တယ်။ တုန်လှုပ်လို့ရှိရင်တော့ အမင်္ဂလာ၊ အကုသိုလ်တရားတွေ ပွားများတယ်။

လောကဓံရှစ်ပါးတရားတွေ ရှောင်ကွင်းလို့မရ၊ တွေ့ရမှာမုချပဲ။ တွေ့တဲ့အခါမှာ မတုန်မလှုပ်ရအောင် သည်းခံနိုင်ဖို့ပါပဲ။ မတုန်လှုပ်အောင် ယောနိသောမနသိကာရဖြင့် စောင့်ရှောက်ရမယ်။ ကာကွယ်ရမယ်။ အကောင်းဆုံးကတော့ သတိပဋ္ဌာန်ဝိပဿနာတရားတွေနဲ့ ကာကွယ်လို့ရှိရင် အကောင်းဆုံးပါပဲ။ လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါ သတိပဋ္ဌာန်ဝိပဿနာတရားအခြေခံရှိတဲ့ပုဂ္ဂိုလ်များကတော့ ရှုမှတ်မှုဖြင့် ကျော်လွှန်သွားနိုင်မယ်ဖြစ်တယ်။ မတုန်လှုပ်ပေဘူး။ လောကဓံရှစ်ပါး သရုပ်ကလေးလည်း ဆိုရအောင်။

လောကဓံရှစ်ပါးက -

**လာဘော အလာဘော၊ ယသော အယသော၊**

**နိန္ဒာ ပသံသာ၊ သုခံ ဒုက္ခာ**-ဆိုတဲ့ လောကဓံရှစ်ပါးဖြစ်တယ်။ အခုတရားနာပရိသတ်များနဲ့တကွ ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေ အမြဲတမ်း တွေ့နေကြရပေတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲဖြစ်တယ်။ လောကဓံရှစ်ပါး ဆောင်ပုဒ်ကလေးတွေ ဆိုရအောင်-။

**ဆောင်ပုဒ်။ ။ လာဘ်ရများခြင်း၊ လာဘ်နည်းခြင်း၊ ဖြစ်ခြင်းလောကဓံ။**

ကံကြောင့် လာဘ်လာဘတွေ အလွန်ပေါ်များတယ်။ လိုချင်တာတွေအားလုံးရ။ စိတ်ထဲက လိုချင်လိုက်၊ ကြံစည်စိတ်ကူးတာတွေ ရလာတယ်။ ရှာဖွေလိုက်ရင်လည်း လွယ်လွယ်နဲ့ရလာတယ်။ အဲဒီလို လာဘ်လာဘတွေ ပေါပေါများများ ရတာဟာလည်း လောကဓံတရားပဲတဲ့။ လာဘ်ရခြင်းအားကြီးတော့ လာဘ်လာဘပစ္စည်းဥစ္စာတွေ ပေါများတဲ့ပုဂ္ဂိုလ်တွေ အသင့်အတင့် နှလုံးသွင်းတတ်၊ အသုံးချတတ်ရင် ကုသိုလ်တရားတွေ ဖြစ်တာပါပဲ။ အသင့်အတင့် နှလုံးမသွင်းတတ်၊ အသုံးမချတတ်ဘူးဆိုရင် အကုသိုလ်

တရားတွေ မဖြစ်ဘူးလား ... ဖြစ်ပါတယ်ဘုရား။ လောကဓံတရား တိုက်ခတ်တာတွေကို မခံနိုင်ကြဘဲ ဖြစ်ကြရတယ်။

ပစ္စည်းပစ္စယတွေ ပေါများလို့ အပါယ်ငရဲသို့ ကျကျသွားတဲ့ပုဂ္ဂိုလ်တွေ မြတ်စွာဘုရားလက်ထက်က အမြောက်အမြားရှိတယ်။ မြတ်စွာဘုရား ဟောထားပါတယ်။ သူဌေးသားတွေ ငရဲကျကျသွားတယ်။ အဲဒါတွေ လာဘ်လာဘ ပေါများလို့ လောကဓံဒဏ်ကို မခံနိုင်ကြလို့ ငရဲကျသွားတာပင်ဖြစ်တယ်။

လာဘ်လာဘနည်းတာဟာလည်း လောကဓံတရားပဲ။ ရှားရှားပါးပါး ရှာဖွေလို့မရတော့ အကုသိုလ်တွေ မဖြစ်ကြပါဘူးလား ... ဖြစ်ကြပါတယ်ဘုရား။ ခိုးတာ၊ တိုက်တာ၊ လုယက်တာတွေ ဖြစ်လာတယ်။ လောကဓံဒဏ်ကို မခံနိုင်လို့ပါပဲ။ ပေါပေါများများ လာဘ်လာဘတွေရတာလည်း လောကဓံပဲ။ ဒါကိုလည်း သည်းခံနိုင်ရမယ်။ ရှားရှားပါးပါး ဖြစ်လာတဲ့အခါမှာ ဒါလည်း လောကဓံပဲ။ ဒါကိုလည်း သည်းခံနိုင်ရမယ်။ သည်းခံနိုင်တာကတော့ ယောနိသောမနသိကာရ အသင့်အတင့်နှလုံးသွင်းဖြင့် သည်းခံနိုင်တယ်။ မိမိလာဘ်လာဘတွေ ပေါများလာ၊ လွယ်လွယ်နဲ့ရလာတာဟာ မိမိအတိတ်ဘဝက ကောင်းခဲ့လို့လား၊ မကောင်းခဲ့လို့လား ... ကောင်းခဲ့လို့ပါဘုရား။ ကောင်းတဲ့ကုသိုလ်များခဲ့လို့ဖြစ်တယ်။ ကုသိုလ်ကံများခဲ့လို့ အခုဘဝမှာ ပေါပေါများများ ဖြစ်လာတယ်။

အဲဒီလာဘ်လာဘတွေကို တွယ်တာနေလို့တော့ မတော်ပေဘူး။ နောက်နောင်ဘဝတွေမှာ ဒီလိုပဲ ပေါပေါများများ ကောင်းမှုတွေကို ဆက်ကာဆက်ကာ ပြုသွားနိုင်ဖို့ရာ အခုဘဝမှာ ကောင်းမှုကုသိုလ်အထူးတွေ ဆတက်ထမ်းပိုး တိုးပြီးတော့ ပြုမှုတော်မယ်လို့ ဒီလိုအသင့်အတင့် နှလုံးသွင်းလိုက်လျှင် ဤလောကဓံတရား ပေါများတဲ့လောကဓံတရားကြောင့် ဘာဖြစ်လာမလဲ

ဆိုတော့ ကုသိုလ်တွေ မဖြစ်လာဘူးလား ... ဖြစ်ပါတယ်ဘုရား။ ဒီပေါ်များတဲ့ ပစ္စည်းပစ္စယတွေ အမှီပြုပြီးတော့ ကုသိုလ်ကောင်းမှုတွေ ရှေးကထက် ဆတက်ထမ်းပိုး တိုးပြီးတော့ လုပ်နေမယ်လို့ နှလုံးသွင်းလိုက်တာနဲ့ ဒီလောကဓံကြောင့် ကုသိုလ်တွေ ဖြစ်လာတယ်။ နှလုံးမသွင်းတတ်ရင်တော့ မြတ်စွာဘုရားလက်ထက်က ဟောကြားခဲ့တဲ့ သူဌေးသားတွေလိုပဲ အပါယ်ငရဲသို့ ကျသွားမှာဖြစ်တယ်။ ပစ္စည်းပစ္စယတွေ ပေါ်များအားကြီးတော့ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ကြပေဘူး။ ဒုစရိုက်အမျိုးမျိုးတွေပြုတော့ အကုသိုလ်တွေဖြစ်ပြီး အပါယ်ငရဲကို ကျသွားရတယ်။

လောကဓံတရားနဲ့ တွေ့ရတဲ့အခါ ချမ်းသာပေါ်များတဲ့လောကဓံနဲ့ တွေ့ရင်လည်း အသင့်အတင့် နှလုံးသွင်းပြီးတော့ သည်းခံနိုင်ရမယ်။ ဆင်းရဲတဲ့ လောကဓံနဲ့ တွေ့ရရင်လည်း ဒီလိုပဲ အသင့်အတင့် နှလုံးသွင်းရမှာပဲ။ ဒီလို မိမိမှာ ပစ္စည်းပစ္စယတွေ ရှားပါးနေတာဟာ မိမိအတိတ်က ကောင်းခဲ့လို့လား၊ မကောင်းခဲ့လို့လား၊ မကောင်းခဲ့ကြလို့။ ဒါနကုသိုလ်တွေ နည်းခဲ့ကြလို့၊ မကောင်းခဲ့ကြလို့ အခုလို ရှားပါးနေတာပဲ။ ဒီဘဝမှာ အကောင်းဆုံးကုသိုလ်ဖြစ်နိုင်အောင် ဓမ္မိယလဒ္ဓရတဲ့ပစ္စည်းတွေ လှူဒါန်းမယ်လို့ ဒီလိုနှလုံးသွင်းလိုက်လျှင် လောကဓံတရားကို သည်းခံနိုင်တာပါပဲ။

ရှားပါးတဲ့လောကဓံတရား လာဘ်နည်းတဲ့လောကဓံတရားကိုလည်း သည်းခံနိုင်သွားပေတယ်။ သတိပဋ္ဌာန်ဝိပဿနာတရား အခြေခံရှိတဲ့ပုဂ္ဂိုလ်ကျတော့ သတိပဋ္ဌာန်ဝိပဿနာတရား ပွားများလိုက်ရင် အကုန်လွန်မြောက်သွားတာပါပဲ။ ပထမလောကဓံကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဒုတိယလောကဓံကို သွားကြစို့-။

ဆောင်ပုဒ်။ ။ ခြံရံများခြင်း၊ နည်းပါးခြင်း၊ ဖြစ်ခြင်းလောကဓံ။

တစ်ခါတစ်ရံတော့ အခြံအရံပရိသတ်တွေ၊ အပေါင်းအဖော်တွေ၊ မိသားစုတွေ၊ မိတ်ဆွေသင်္ဂဟတွေ သိပ်များတယ်။ တချို့တချို့ဘဝတွေမှာ ကူညီမည့်သူ၊ စောင့်ရှောက်မည့်သူ သိပ်များခဲ့ကြတယ်။ တချို့တချို့ဘဝတွေမှာ တစ်ခါတစ်ရံကျပြန်တော့လည်း အခြံအရံပရိသတ်တွေ မရှိဘူး။ ကိုယ်တစ်ယောက်တည်းပဲ ဘာကိစ္စမှ အလွယ်တကူပြုလုပ်လို့ မရပေဘူး။ အခြံအရံပရိသတ်က အလွန်နည်းပါးတယ်။ အဲဒီလို အခြံအရံပရိသတ်တွေ များပြားတာ၊ နည်းပါးတာဟာလည်း ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲ။ အခြံအရံနည်းပါးတာလည်း လောကဓံ။ အခြံအရံများပြားတာလည်း လောကဓံ။ အခြံအရံပရိသတ်တွေ သိပ်များတော့ အကူအညီတွေ သိပ်ရတော့ မာန်မာနတွေ သိပ်တက်သွားရင်လည်း လောကဓံတရား အရိုက်အခတ်ကိုခံရတာပါပဲ။

အခြံအရံတွေနည်းလို့ အားတွေ သိပ်ငယ်နေလို့ရှိရင်လည်း လောကဓံတရား အတိုက်ခံရတဲ့အတွက်ကြောင့် အကုသိုလ်တရားတွေ ပွားများတာပါပဲ။ ပေါ်များတာလည်း လောကဓံပဲ။ နည်းပါးသွားတာလည်း လောကဓံပဲ။ အခု လောကမှာ ထင်ရှားတာတော့ ဆုတ်ယုတ်သွား၊ နည်းပါးသွားတာကိုသာ လောကဓံတရားနဲ့ တွေ့ရတယ်လို့ ဒီလိုအများက ပြောကြတယ်။ ဟုတ်ပါရဲ့လား … မဟုတ်ပါဘုရား။ မဟုတ်ပေဘူး။ များပြားတာလည်း လောကဓံပဲ။ ဒါလည်း အင်မတန် သတိထားရပါတယ်။

ပေါပေါများများ ကြွယ်ကြွယ်ဝဝ သိုင်းသိုင်းဝန်းဝန်းရှိကြတဲ့ ပုဂ္ဂိုလ်တွေမှာ တစ်ရံတစ်ခါ အမှားတွေ အမှားတွေ ဖြစ်သွားတတ်ကြပေတယ်။ လောကဓံဒဏ် မခံနိုင်တဲ့အတွက်ကြောင့် ဖြစ်ကြရပေတယ်။ ပေါ်များတဲ့လောကဓံက ပိုကြောက်စရာကောင်းပေတယ်။ ပြည့်စုံလေလေ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်လေ၊ လောကဓံတရားသဘောကို မထိန်းနိုင်လေ ဒုက္ခများလေ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ ပေါ်များတာလည်း လောကဓံပဲ။ ဒုတိယလောကဓံပြီးတော့ တတိယလောကဓံသွားကြစို့-။

**နိန္ဒာ ပသံသာ။**

**နိန္ဒာ** = ကဲ့ရဲ့ခြင်းလည်းကောင်း၊ **ပသံသာ** = ချီးမွမ်းခြင်းလည်းကောင်း။

ဆောင်ပုဒ်။ ။ ကဲ့ရဲ့ပြန်ခြင်း၊ ချီးမွမ်းခြင်း၊ ဖြစ်ခြင်းလောကဓံ။

အကဲ့ရဲ့တာလည်း တစ်ခါတစ်ရံ ခံရတယ်၊ အချီးမွမ်းတာလည်း တစ်ခါတစ်ရံ ခံရတယ်။ အဲဒါတွေဟာ လောကဓံပါပဲတဲ့။ အဲဒီလောကဓံတွေ ဘာကြောင့်ဖြစ်တာလဲ၊ ကံကြောင့်ပဲ။ တစ်ခါတလေ ဘာမှ မိမိမှာ အပြစ်ရှိတာ မဟုတ်ပေဘူး။ အပြစ်မရှိဘဲနဲ့ အကဲ့ရဲ့တွေခံရတယ်။ အစွပ်စွဲတွေ ခံနေရတယ်။ အဲဒါ ဘာကြောင့်လဲ၊ အတိတ်ဘဝက ကံတွေကြောင့်ပဲ။ ကံက စီမံထားတာ။ ကံကြောင့်ဖြစ်တာ။

တစ်ခါတစ်ရံကျပြန်တော့လည်း အချီးမွမ်းတွေ ခံနေရပြန်တယ်။ ဂုဏ်သိက္ခာအမျိုးမျိုးတွေနဲ့ ပြည့်စုံလို့ အချီးမွမ်းတွေ ခံနေရတယ်။ တစ်ခါတစ်ရံကျပြန်တော့လည်း မိမိဂုဏ်သိက္ခာတွေ ဒီလောက်များစွာ ရှိတာမဟုတ်ဘူး။ ချီးမွမ်းချင်တဲ့ပုဂ္ဂိုလ်တွေက ချီးမွမ်းနေကြတယ်။ အဲဒီလို ချီးမွမ်းတာ၊ ကဲ့ရဲ့တာတွေလည်း လောကဓံတွေပဲ။ ချီးမွမ်းခံရလို့ရှိရင်လည်း သည်းမခံနိုင်တတ်တဲ့

ပုဂ္ဂိုလ်၊ လောကစံမခံတတ်တဲ့ပုဂ္ဂိုလ်မှာ အများများအယွင်းယွင်းတွေ ဖြစ်သွားတတ်တယ်။ ကဲ့ရဲ့တာကိုလည်း သည်းမခံတတ်လို့ရှိရင် အများများအယွင်းယွင်းတွေ မဖြစ်သွားတတ်ပါဘူးလား ... ဖြစ်သွားတတ်ပါတယ်ဘုရား။

သည်းခံပုံတွေ ပါဠိတော်မှာ ဟောကြားထားပါတယ်။ အအေးဒဏ်၊ အပူဒဏ်တွေကိုလည်း သည်းခံရမှာပါပဲတဲ့။ တရားဓမ္မကို ဒီဘဝမှာပဲ အပါယ်တံခါးပိတ်တဲ့အဆင့်ထိအောင် လိုချင်ကြတယ်ဆိုရင် အအေးအပူလည်း သည်းခံရမယ်။ မှက်၊ ခြင်၊ ယင် ကိုက်တာကိုလည်း သည်းခံရမယ်။ ဆာလောင်မွတ်သိပ်မှုကိုလည်း သည်းခံရမယ်။ သူတစ်ပါးတွေက မကောင်းသဖြင့် စွပ်စွဲပြောဆိုတာကိုလည်း သည်းခံနိုင်ရမယ်တဲ့။ ကိုယ့်ခန္ဓာကိုယ်ထဲက ရောဂါဝေဒနာတွေကိုလည်း သည်းခံရမှာပဲတဲ့။ သေလောက်အောင်ဖြစ်ရတဲ့ ရောဂါဝေဒနာတွေကိုလည်း သည်းခံပြီးတော့ အမှတ်ကို ကြိုးကြိုးစားစား မှတ်ရမယ်။ ကဲ့ရဲ့တဲ့စကားကိုလည်း တကယ်တမ်း တရားဓမ္မကို အလေးဂရုပြုတဲ့ပုဂ္ဂိုလ်၊ လိုချင်တဲ့ပုဂ္ဂိုလ်ဟာ သည်းခံရမှာပါပဲတဲ့။ ချီးမွမ်းတဲ့ တတိယလောကစံပြီးတော့ -

နောက်စတုတ္ထက သုခံ ဒုက္ခံဖြစ်တယ်။
ဆောင်ပုဒ်ကလေး အရင်ဆိုကြစို့-။

**ဆောင်ပုဒ်။ ။ ချမ်းသာပြန်ခြင်း၊ ဆင်းရဲခြင်း၊ ဖြစ်ခြင်းလောကစံ။**

ကိုယ်ချမ်းသာ စိတ်ချမ်းသာ။ ချမ်းသာလိုက်တာ အဖက်ဖက်က ပြည့်စုံနေတယ်။ တစ်ခါတစ်ရံကျပြန်တော့လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လိုက်တာ ဘာမှမပြည့်စုံဘူး။ ကိုယ်ကလည်းဆင်းရဲ စိတ်ကလည်းဆင်းရဲ။ အမျိုးမျိုးဖြစ်နေရတယ်။ တရားနာပရိသတ်များ မတွေ့ကြရပါဘူးလား ...

တွေ့ကြရပါတယ်ဘုရား။ တစ်ခါတစ်ရံကျတော့လည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာ၊ တစ်ခါတစ်ရံတော့လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတယ်။ ဘဝါဘဝတွေမှာလည်း ဒီလိုပဲ၊ တချို့တချို့ဘဝတွေမှာ တစ်ဘဝလုံး ကိုယ်ချမ်းသာ စိတ်ချမ်းသာ၊ တချို့တချို့ဘဝတွေမှာ တစ်ဘဝလုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲရန့် တစ်ဘဝတာ ကုန်သွားရတယ်။

အဲဒီလို လောကဓံတရားတွေနှင့် တွေ့ရတာဟာ၊ ကြုံရတာဟာ ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲ။ နာနက္ခဏိကကံကြောင့် ဘဝါဘဝတွေမှာ ကံကစီမံခဲ့တာဖြစ်တယ်။ လောကဓံတရားတို့တွင် ကောင်းတဲ့လောကဓံတရားနဲ့ တွေ့တဲ့အခါ ကောင်းတဲ့ကံက စီမံပေးလိုက်လို့ ကောင်းတဲ့လောကဓံတွေနဲ့ တွေ့ရတာဖြစ်တယ်။ မကောင်းတဲ့လောကဓံတွေ တွေ့ရတဲ့အခါကျတော့ အကုသိုလ်ကံတွေက စီမံပေးလိုက်လို့ မကောင်းတဲ့လောကဓံနဲ့ တွေ့ရတာဖြစ်တယ်။ တရားနာပရိသတ်များ ထိုထိုဘဝတွေမှာ ကုသိုလ်ကံတွေလည်း ရှိခဲ့ကြလို့၊ အကုသိုလ်ကံတွေလည်း ရှိခဲ့ကြလို့ ဖြစ်ကြရတယ်။

အခုတရားနာပရိသတ်များကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် အသိကရှိထားတော့ အကုသိုလ်ကံတွေတော့ နည်းနိုင်သမျှနည်းအောင်၊ ကုသိုလ်ကံတွေကိုတော့ များနိုင်သမျှများအောင် ကြိုးကြိုးစားစား အားထုတ်နေကြရပေတယ်။

ကံရဲ့အကြောင်းကို သိအောင် လေ့လာကြရပေတယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ဖြစ်တယ်။ ကောင်းတာတွေဖြစ်တဲ့ ဒါနပြုလို့ရှိရင်၊ သီလဆောက်တည်လို့ရှိရင်၊ သမထဝိပဿနာတွေ ပွားများလို့ရှိရင် မိမိသန္တာန်မှာ ကုသိုလ်ကံတွေဖြစ်တယ်။ ကုသိုလ်ကံတွေဟာ ဒီဘဝမှာလည်း ပထမ

ဇောစေတနာကံက အကျိုးပေးနိုင်တယ်။ သတ္တမဇောစေတနာကံက ဒုတိယဘဝမှာလည်း အကျိုးပေးနိုင်တယ်။ အလယ်ဇောစေတနာကံက တတိယဘဝမှစပြီးတော့ နိဗ္ဗာန်တိုင်အောင် ရည်မှန်းထားလို့ရှိရင် နိဗ္ဗာန်တိုင်အောင် ဒီကံတွေက အကျိုးပေးနိုင်တယ်။ လူသာလျှင် သေပျောက်သွားပါသော်လည်း ကံကတော့ မပျောက်ပေဘူး။ ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ကောင်းကျိုးတွေသာ ပေးတယ်လို့ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိတယ်ဟု ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ကို ကမ္မဿကတာသမ္မာဒိဋ္ဌိဟုခေါ်တယ်။

အကုသိုလ်ကံတွေ ဆိုတာဟာလည်း ပြုမိလို့ရှိရင် မိမိသန္တာန်မှာ အကုသိုလ်ကံဖြစ်တယ်။ လူသာလျှင် သေပျောက်သွားမယ်။ ဒီကံကတော့ မပျောက်ပေဘူး။ အရိပ်ပမာ နောက်ဘဝများသို့ လိုက်ပါသွားတယ်။ ဒီဘဝမှာလည်း မကောင်းကျိုးတွေပေးတယ်။ နောက်နောင်ဘဝတွေမှာလည်း ယုတ်နိမ့်ရာယုတ်နိမ့်ရာ ဘုံဘဝတွေမှာဖြစ်ရလို့ ယုတ်နိမ့်ရာယုတ်နိမ့်ရာ ဘုံဘဝတွေမှာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေဖြစ်ရအောင် ဒုက္ခတွေလိုက်ပေးတယ်လို့ ယခုတရားနာပရိသတ်များ အကြွင်းမဲ့ ယုံကြည်ကြပေတယ်။ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ရှိတယ်။ အဲဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်တယ်။

ဒါကြောင့် အခုအချိန်အခါမှာ -

ကောင်းမှုကံတွေချည်းပဲ ပြုလုပ်နေကြရပေတယ်။ ဒါနလည်း လက်လှမ်းမီသမျှ ပြုလုပ်ကြရပေတယ်။ သီလလည်း ဆောက်တည်ကြရပေတယ်။ အထူးသဖြင့် သမထဝိပဿနာတရားတွေ ပွားများနေကြရပေတယ်။

ဒီမှာ လောကဓံတရား ဘယ်ပုဂ္ဂိုလ်မှ မကင်းနိုင်ဘူးဆိုတဲ့ သာဓကလေးတစ်ခု နည်းနည်းပြောကြားပါဦးမည်။

ပဋ္ဌာန်းတရားတွေ၊ ပရမတ္ထတရားတွေ နာကြားကြရတာ ကြာတော့လည်း ပျင်းခြောက်သလို ရှိသွားတတ်ပါတယ်။ ဝတ္ထုကြောင်းတွေ၊ သုတ္တန်ဒေသနာတော်တွေ အနည်းငယ်ထည့်ပြီးတော့ ဟောကြားရပါတယ်။ လောကဓံတရား ရှစ်ပါးနှင့်တွေ့ရတာ ဘယ်သူ့ကြောင့်လဲ၊ ကံကြောင့်တွေ့ရတာဖြစ်တယ်။ လောကဓံတရားတွေ ဘယ်ပုဂ္ဂိုလ်မှ မကင်းနိုင်ကြပေဘူး။ ပုထုဇဉ်ပုဂ္ဂိုလ်မဆိုထားနဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေတောင်မှ မကင်းကြပေဘူး။ လောကဓံတရားတွေနဲ့ တွေ့တဲ့အခါ မတုန်လှုပ်ဖို့ရာ အရေးကြီးပါတယ်။ လောကဓံတရားမကင်းတဲ့ သာဓကတွေ၊ ရဟန္တာပုဂ္ဂိုလ်လည်း မကင်းဘူးဆိုတဲ့ သာဓကတွေ ပြောပြပါမယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ သာဝတ္ထိပြည်သား အတုလဆိုတဲ့ ဥပါသကာနှင့် ဥပါသကာ(၅၀၀) တရားနာရန် ကျောင်းသို့ ထွက်လာကြတယ်။ ဘယ်သူ့ထံ အရင်သွားသလဲဆိုရင် အရှင်ရေဝတဆီ အရင်သွား၍ ဆည်းကပ်ရှိခိုးကန်တော့ကြတယ်။ အရှင်ရေဝတက အလွန်စကားနည်းတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အချိန်ရှိသမျှ တစ်ပါးတည်းနေတတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ စကားမပြောဘဲ သူ့ရဲ့ သမာပတ်ချမ်းသာနှင့်ပဲ နေတတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီလို ဥပါသကာတွေ ဦးစွာရှိခိုးကန်တော့တဲ့အခါ တစ်ခွန်းမှ မမေးလိုက်ပေဘူး။ နှုတ်လေးတောင် မဆက်လိုက်ပေဘူး။ တရားလည်း တစ်ခွန်းမှ မဟောပေဘူး။ ထိုအခါ ဥပါသကာတွေ ကဲ့ရဲ့ပြီးတော့ ထသွားကြတယ်။ အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀) ထသွားကြတယ်။ ထသွားပြီးတော့ ဘယ်ရောက်သွားကြသလဲ၊ ဘယ်သူ့ဆီ သွားကြသလဲဆိုတော့ အရှင်သာရိပုတ္တရာထံ ရောက်သွားကြတယ်။

အရှင်သာရိပုတ္တရာမထေရ်ကို ရှိခိုးဦးချကန်တော့ကြတယ်။ အရှင်သာရိပုတ္တရာမထေရ်က မေးတော်မူပါတယ်။ "အတုလဥပါသကာနဲ့ ဥပါသကာအပေါင်းတို့ ဘယ်ကများ လာကြသလဲ"ဟု မေးတော်မူပါတယ်။ "တရားနာဖို့ရာ အရှင်ရေဝတထံမှ လာခဲ့ကြပါတယ်ဘုရား။ အရှင်ရေဝတက တရားစကား တစ်ခွန်းမှ မပြောလို့၊ တရားစကား တစ်ခွန်းမှ မဟောလို့ ထလာခဲ့ကြပါတယ်ဘုရား။ ယခု တရားနာချင်လို့ အရှင်သာရိပုတ္တရာထံ ဆည်းကပ်လာကန်တော့ကြပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။ အရှင်သာရိပုတ္တရာမထေရ်က နက်နဲသိမ်မွေ့ ခက်ခဲတဲ့ အဘိဓမ္မာတရားတွေ ခပ်များများ ခပ်ရှည်ရှည် ဟောကြားတော်မူပါတယ်။ ဥပါသကာတွေ စိတ်ပျက်သွားကြတယ်။ "ဒီလောက် နက်နဲခက်ခဲတဲ့တရားတွေကို ဒီလောက် ရှည်ရှည်လျားလျား ဟောရသလား"ဆိုပြီး ကဲ့ရဲ့ကာ ထသွားကြတယ်။

ထသွားပြီး ဘယ်သူ့ဆီ ရောက်သွားသလဲဆိုရင် အရှင်အာနန္ဒာထံ သွားရောက်၍ ရှိခိုးကန်တော့ကြတယ်။ "အတုလဥပါသကာနှင့်တကွ ဥပါသကာ (၅၀၀) ဘယ်ကလာခဲ့ကြသလဲ"ဟု မေးတော်မူရာ "ရှေးဦးစွာ အရှင်ရေဝတထံ ချဉ်းကပ်ပြီးတော့ တရားနာရန် သွားကန်တော့ကြပါတယ်ဘုရား။ တရားတစ်ပုဒ်မှ မဟောတဲ့အတွက်ကြောင့်၊ စကားတစ်ခွန်းမှ မပြောတဲ့အတွက်ကြောင့် တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ဒုတိယ အရှင်သာရိပုတ္တရာမထေရ်ထံသို့ ချဉ်းကပ်ပြီး တရားနာဖို့ရာ လျှောက်ထားခဲ့ကြပါတယ်ဘုရား။ သိမ်မွေ့နက်နဲ ခက်ခဲတဲ့ အဘိဓမ္မာတရားတွေ အရှည်ကြီး အကျယ်တဝင့်ဟောနေတော့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ယခု အရှင်ဘုရားထံမှ တရားနာရန် လာခဲ့ကြပါတယ်ဘုရား"ဟု လျှောက်ထားကြပေတယ်။

အရှင်အာနန္ဒာက သိလွယ်တဲ့၊ စိတ်ဝင်စားစရာကောင်းတဲ့ တရားတွေကို ဟောကြားပေးပါတယ်။ အနည်းငယ် အကျဉ်းချုပ်၍ ဟောကြားပေးပါတယ်။ သူတို့အတိုင်းအတာပမာဏနဲ့ မှန်းပြီးတော့ ဟောကြားပေးလိုက်ပါတယ်။ ဟောကြားလိုက်တော့ မကျေနပ်ကြပေဘူး။ "မြတ်စွာဘုရားတရားကိုပင် နမြောနေတယ်၊ တရားတော်ကိုသော်မှ အတိုင်းအတာပမာဏနဲ့ ဟောတယ်"ဟု ကဲ့ရဲ့သွားကြပြန်တယ်။

ထို့နောက် မြတ်စွာဘုရားထံ သွားရောက်ကာ ကန်တော့ကြတယ်။ မြတ်စွာဘုရားက "အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀)တို့ ဘယ်ကမျှား လာခဲ့ကြသလဲ"ဟု မိန့်တော်မူပါတယ်။ "တပည့်တော်တို့ ... ရှေးဦးစွာ အရှင်ရေဝတထံ တရားနာဖို့ရန် ချဉ်းကပ်လိုက်တော့ တရားတစ်ပုဒ်မှ မဟောလိုက်တာနဲ့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ဒုတိယ အရှင်သာရိပုတ္တရာထံ တရားနာဖို့ရာ ချဉ်းကပ်တော့ သိမ်မွေ့ခက်ခဲ နက်နဲတဲ့ အဘိဓမ္မာတရားတွေ အရှည်ကြီး ဟောနေတာနဲ့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။

တတိယ အရှင်အာနန္ဒာထံ တရားနာဖို့ရန် ချဉ်းကပ်ပြီး လျှောက်ထားပါတယ်။ အရှင်အာနန္ဒာက တရားဟောပါတယ်ဘုရား။ သိလွယ်တဲ့တရားလေးတွေ၊ နာကြားလို့ကောင်းတဲ့တရားလေးတွေ အတိုင်းအတာပမာဏနဲ့ ဟောပါတယ်ဘုရား။ တရားကိုတောင်မှ ပြည့်ပြည့်စုံစုံ မဟောလို့ အတိုင်းအတာနဲ့ ဟောတဲ့အတွက်ကြောင့် တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား"ဟု လျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ "အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀)တို့ ... ကဲ့ရဲ့ခြင်းတရားတွေဆိုတာ ယခုမှဖြစ်တာ

မဟုတ်ပေ၊ ဟိုယခင် ကမ္ဘာဦးကာလ အချိန်အခါကတည်းက ရှိကြတာပဲ။ အဲဒီကဲ့ရဲ့တာတွေ၊ ချီးမွမ်းတာတွေဟာ ပမာနမဟုတ်ပါဘူး။ မှန်ကန်ဖို့ရာက အဓိကပဲ။ လူမိုက်တို့ ကဲ့ရဲ့တာ၊ ချီးမွမ်းတာတွေဟာ အဓိကမဟုတ်ပါဘူး။ ပညာရှိတွေ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကသာ အဓိကဖြစ်တယ်။ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကို ခံကြရတာတော့ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ကြပါဘူး"လို့ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်ပါတယ်။

တရားမဟောတော့လည်း မကဲ့ရဲ့ပါဘူးလား ... ကဲ့ရဲ့ပါတယ်ဘုရား။ တရားအရှည်ကြီး ဟောပြန်တော့လည်း ကဲ့ရဲ့ပြန်တယ်။ တရားအနည်းငယ် အတိုင်းအတာနဲ့ ဟောပြန်တော့လည်း ကဲ့ရဲ့တယ်။ အရှင်ရေဝတဆိုတာ ရဟန္တာ၊ အရှင်သာရိပုတ္တရာလည်း ရဟန္တာ၊ အရှင်အာနန္ဒာဆိုတာကတော့ သောတာပန်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေသော်မှ ကဲ့ရဲ့ခံရတယ်ဆိုတော့ တရားနာပရိသတ်များကော လွတ်ပါ့မလား ... မလွတ်ပါဘုရား။ မလွတ်ပေဘူး။ ကဲ့ရဲ့ခံရတာ လောကဓံတရားပဲ။ အဲဒါကို သည်းခံကြရပါတယ်။

ပညာရှိပုဂ္ဂိုလ်များ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကိုတော့ အမှန်အတိုင်းဖြစ်တဲ့အတွက်ကြောင့် လိုက်နာပြီးပြုပြင်ကြရမှာဖြစ်တယ်။ ပညာမရှိတဲ့ပုဂ္ဂိုလ်တွေ ကဲ့ရဲ့ချီးမွမ်းတာကိုတော့ အဓိကမထားရပေဘူး။ နှလုံးမသွင်းရပေဘူး။ အဲဒါလေးလည်း မှတ်မိရအောင် ဆောင်ပုဒ်လေးတွေ စီထားပါတယ်။ လိုက်ဆိုကြရအောင်-။

**ဆောင်ပုဒ်။ ။ တိတ်ဆိတ်များစွာ၊ နည်းငယ်သာ၊ ဟောတာကဲ့ရဲ့သည်။**

တရားတစ်ပုဒ်မှမဟောတဲ့ အရှင်ရေဝတ ရဟန္တာကိုလည်း ကဲ့ရဲ့တာပါပဲ။ သိမ်မွေ့နက်နဲတဲ့ အဘိဓမ္မာတရားတွေ ရှည်ရှည်ဟောကြားပေးတဲ့

အရှင်သာရိပုတ္တရာကိုလည်း ကဲ့ရဲ့တာပဲ။ တရားကို ပုဂ္ဂိုလ်နှင့်မျှအောင် အတိုင်းအတာနဲ့ဟောတဲ့ အရှင်အာနန္ဒာကိုလည်း ကဲ့ရဲ့တာပါပဲ။ လောကမှာ ဒီအတိုင်းပဲလို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ စကားမပြောတဲ့သူကိုလည်း ကဲ့ရဲ့တာပါပဲ။ စကားသိပ်များတဲ့ ပုဂ္ဂိုလ်ကိုလည်း ကဲ့ရဲ့တာပါပဲ။ စကားနည်းနည်းပြောတဲ့ ပုဂ္ဂိုလ်ကိုလည်း ကဲ့ရဲ့တာပါပဲ။ ပြည့်စုံအောင် မပြောပါဘူး၊ တိုတောင်းလိုက်တာ စသည်ဖြင့် ဖြစ်လာပြန်တယ်။ ဘယ်မှာ လွတ်နိုင်ပါသလဲ၊ ဘယ်မှာမှ မလွတ်နိုင်ပေဘူး။

ဆောင်ပုဒ် ။ ။ မည်သူမဆို၊ ကဲ့ရဲ့ကို၊ လွတ်ကိုမလွတ်ပြီ။

ဘယ်ပုဂ္ဂိုလ်မှ ကဲ့ရဲ့တာ မလွတ်နိုင်ပေဘူး။ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ - "အပြစ်မရှိတဲ့ မြေကြီးဆိုတာရှိတယ်။ သူ့ပေါ်မှာ ဘာတွေပဲ ပစ်ချပစ်ချ ပြန်မပြောတတ်တဲ့ မြေကြီးကိုပင် ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့ကြတာပါပဲ။ ပရိသတ်(၄)ပါးအလယ်မှာ တင့်တင့်တယ်တယ်နေတတ်တဲ့၊ တရားဓမ္မတွေ နိဗ္ဗာန်ရောက်သည်တိုင်အောင် ဟောပြတဲ့ မြတ်စွာဘုရားကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ"ဟု မိန့်ကြားတော်မူပါတယ်။

"အေးချမ်းစွာ ထွက်လာတဲ့ လမင်းကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ။ အပူငွေ့ကိုပေးတတ်သော နေမင်းကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ။ မင်းကျင့်တရားနဲ့ ပြည့်စုံအောင်နေပြီး တိုင်းပြည်အုပ်ချုပ်နေတဲ့ မင်းကိုလည်း တစ်ခါတလေ ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀)တို့ကို အဲဒီလို မိန့်ကြားပြီးတဲ့နောက် မြတ်စွာဘုရား တရားဟောပါတယ်။ တရားဟောကြားလိုက်တော့ အတုလဥပါသကာနှင့်တကွ ဥပါသကာ(၅၀၀)သောတာပန် ဖြစ်သွားကြတယ်။

မြတ်စွာဘုရားနဲ့တွေ့ကြတော့ သောတာပန် ဖြစ်သွားကြတယ်။ တော်တော်နေရာကျသွားကြပေတယ်။ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တ အမှီရတော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တရားထူးတရားမြတ်တွေ ရသွားနိုင်တယ်။ ကလျာဏမိတ္တ သိပ်အရေးကြီးပါတယ်။ ကလျာဏမိတ္တ အမှီရတဲ့ပုဂ္ဂိုလ်များ မကြာခဏ မိမိတို့အလိုရှိအပ်တဲ့ တရားထူးတရားမြတ်တွေ ရသွားကြပေတယ်။

တစ်ရံသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်တယ်။ "မြတ်စွာဘုရား ... ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီဘဝမှာ အဘိညာဉ်သမာပတ် မဂ်ဖိုလ် တရားထူးတရားမြတ်တွေ ရဖို့ရာ တစ်ဝက်လောက်တော့ သေချာပြီဘုရား"လို့ သွားလျှောက်ထားတယ်။

မြတ်စွာဘုရားက ထိုလျှောက်ထားချက်ကို ကန့်ကွက်တယ်။ "ညီတော်အာနန္ဒာ ... ဘယ်လိုပြောတာလဲ၊ ဒီလိုမပြောရပေဘူး။ ကလျာဏမိတ္တ အမှီရတဲ့ပုဂ္ဂိုလ်များ တရားရဖို့ရာ လုံးဝသေချာတယ်။ သူ့ပါရမီအားလျော်စွာ လုံးဝသေချာတယ်"ဟု မိန့်ကြားတော်မူပါတယ်။ အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀) မြတ်စွာဘုရားတည်းဟူသော အမှီရတော့ သောတာပန် မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။

ကဲ့ရဲ့တာကတော့ ဘာမဆို ကဲ့ရဲ့ကြတာပါပဲ။ မြေကြီး၊ ဘုရား၊ လ၊ နေ၊ မင်း အားလုံးကို ကဲ့ရဲ့တယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ အကဲ့ရဲ့ကတော့ မလွတ်ကြပေဘူး။ ကိုယ့်မှာ တရားရှိဖို့၊ အကဲ့ရဲ့ခံနိုင်ဖို့၊ သည်းခံနိုင်ဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရား ဟောကြားလိုက်တော့ တရားထူးတရားမြတ်တွေ ရသွားကြတယ်။ အဲဒါလေးလည်း ဆောင်ပုဒ်ဆိုရအောင်-။

**ဆောင်ပုဒ်။ ။ မြေကြီးဘုရား၊ လနေမင်းအား၊ မထားကဲ့ရဲ့သည်။**

မြေကြီးကိုလည်း ကဲ့ရဲ့တာပဲ။ ဘုရားကိုလည်း ကဲ့ရဲ့တာပဲ။ လကိုလည်း ကဲ့ရဲ့တာပဲ။ နေကိုလည်း ကဲ့ရဲ့တာပဲ။ မင်းကိုလည်း ကဲ့ရဲ့တာပဲဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

**ဆောင်ပုဒ် ။ ။ လောကဓံမှ၊ မည်သူမျှ၊ လွတ်ရမရှိပြီ။**

လောကဓံတရားမှ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ကြပေဘူး။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေလည်း လောကဓံတရားနဲ့ တွေ့ကြရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကံကနေပြီး စီမံနေပုံ၊ ဘဝအမျိုးမျိုးတို့၌ ကျင်လည်နေရပုံ၊ ဘဝါဘဝတွေမှာ နိမ့်ကာမြင့်ကာ ဂတိ(၅)ဖြာ ချာချာလည်ရပုံတို့ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ ဒီကံတွေ မကုန်သမျှကာလပတ်လုံး ဒီဂတိတွေမှာ ချာချာလည်လို့ မဆုံးပေဘူး။ ဒီကံတွေ ကုန်သွားမှသာ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရသွားကြ၊ မျက်မှောက်ပြုသွားကြမှာဖြစ်တယ်။ ကံတွေကုန်အောင် ကျင့်ကြံအားထုတ်ဖို့ အရေးကြီးကြပေတယ်။ ကံတွေက ဘယ်နှမျိုးရှိလဲ၊ အကျဉ်းချုပ်အားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံဟု (၃)မျိုးရှိပါတယ်။

ကာယကံ - ကိုယ်၌ဖြစ်တဲ့ကံ၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့တစ်ပါးသားသမီး ဖျက်ဆီးခြင်း။ ဝစီကံ - နှုတ်၌ဖြစ်တဲ့ကံ၊ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြီးပြောခြင်း၊ အကျိုး

မရှိတဲ့ စကားတွေ အချိန်ကုန်ခံပြီးတော့ ပြောခြင်း။ မနောကံ - စိတ်၌ဖြစ်တဲ့ကံ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော (၃)မျိုးတို့တွင် အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ဥစ္စာတွေကို မတရားသဖြင့် လိုချင်တဲ့ အကြံအစည် လောဘ၊ ဗျာပါဒ - သေကြောင်းအကြံအစည်တွေ၊ သူတစ်ပါးတွေ ပျက်စီးသွားအောင်၊ သူတစ်ပါးတွေ ဆင်းရဲဒုက္ခရောက်သွားအောင် ကြံစည်ခြင်း၊ မိစ္ဆာဒိဋ္ဌိ - ကောင်းတာလုပ်လို့ ကောင်းတဲ့ကံမဖြစ်၊ ကောင်းကျိုးတွေ မခံစားရ၊ မကောင်းတာတွေပြုသော်လည်း မကောင်းတဲ့ကံမဖြစ်၊ မကောင်းတဲ့ အပြစ်ဒဏ်တွေ မခံရဘူးလို့ မှားမှားယွင်းယွင်းယူထားတဲ့ မိစ္ဆာဒိဋ္ဌိဟူ၍ မနောကံ (၃)ပါးဖြစ်တယ်။

ကာယကံ(၃)ပါးဆိုတဲ့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားသမီးဖျက်ဆီးတာတွေကိုတော့ ဘာနဲ့ပယ်ရမလဲဆိုရင် သီလတရားနဲ့ ပယ်ရမယ်။ သီလဆောက်တည်ထားတဲ့ပုဂ္ဂိုလ်တွေ သူ့အသက်သတ်လို့ ဖြစ်ပါ့မလား ... မဖြစ်ပါဘုရား။ သူ့ဥစ္စာ ခိုးနိုင်ပါတော့မလား ... မခိုးနိုင်ပါဘုရား။ သူတစ်ပါးသားသမီး ဖျက်ဆီးနိုင်ပါတော့မလား ... မဖျက်ဆီးနိုင်ပါဘုရား။ ကာယကံ (၃)ပါးကို သီလတရားနဲ့ ပယ်ရမယ်။

ဝစီကံ(၄)ပါးကိုလည်း သီလတရားနဲ့ပဲ ပယ်ရမယ်။ နှုတ်မှာဖြစ်ပေါ်လာတဲ့ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းခြင်း၊ အကျိုးမရှိတဲ့စကားတွေ အချိန်ကုန်ခံ၍ ပြောခြင်းဆိုတဲ့ ဝစီကံ(၄)ပါးကိုလည်း သီလဆောက်တည်ထားတဲ့အခါ ဖြစ်နိုင်ပါသေးရဲ့လား ... မဖြစ်နိုင်ပါဘုရား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်မှာ - ငါးပါးသီလကို အပြည့်အစုံ ဆောက်တည်တော့မယ်ဆိုလို့ရှိရင် မုသာဝါဒသိက္ခာပုဒ်နှင့် အလားတူ ပိသုဏဝါစာသိက္ခာပုဒ်၊ ဖရုသဝါစာသိက္ခာပုဒ်၊ သမ္ဖပ္ပလာပသိက္ခာပုဒ် ဒီသိက္ခာပုဒ်တွေလည်း လိုက်နာစောင့်စည်းရမယ်။ မုသာဝါဒနှင့် အလားတူတဲ့အတွက်ကြောင့်ဖြစ်တယ်။

ပိသုဏဝါစာဆိုတာ ဆရာတော်များက တရားနာပရိသတ်များ နားလည်အောင် မြန်မာလို "ကုန်းတိုက်တယ်"လို့ ပြန်ဆိုထားတယ်။ ပါဠိမှာတော့ ပိယ+သုည။ ပိယ-က ချစ်တာ၊ သုည-က ဆိတ်သုဉ်းသွားအောင် ပြုလုပ်တာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ခင်မင်ချစ်ခင်နေတာကို အချစ်ဆိတ်သုဉ်းသွားအောင်၊ မုန်းတီးသွားအောင် ပြောပေးလိုက်တဲ့ စကားပဲဖြစ်တယ်။ ချစ်ခင်တဲ့ပုဂ္ဂိုလ်နှစ်ယောက် မုန်းသွားအောင်၊ မိမိကိုတော့ ချစ်ခင်လာအောင် ပြောဆိုခြင်းကို ကုန်းတိုက်တဲ့စကားဟု ဆရာ့ဆရာတော်ကြီးများက ပြန်ဆိုကြပါတယ်။

အဲဒီပိသုဏဝါစာကိုလည်း ရှောင်ကြဉ်ရမယ်။ မုသာဝါဒသိက္ခာပုဒ်နှင့် အလားတူလို့တဲ့။ ဖရုသဝါစာ - ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်း ပြောဆိုတဲ့စကား။ ဒါလည်း ရှောင်ကြဉ်ရမယ်။ မုသာဝါဒနှင့် အလားတူပဲ။ အဲဒီဖရုသဝါစာမှာ ယူဆပုံလေးတွေရှိတယ်။ နှုတ်က ကြမ်းကြမ်းတမ်းတမ်း ပြောဆိုငြားသော်လည်း စေတနာက မကြမ်းတမ်းဘူးဆိုရင် ဖရုသဝါစာ မဖြစ်ပေဘူး။

သားအမိသားအဖတွေ၊ မိသားစုတွေ အတူတကွနေကြရတဲ့အခါ တစ်ခါတလေ စိတ်တိုင်းမကျကြလို့ တစ်ခါတစ်ခါ ကြိမ်းမောင်းငေါက်ငမ်းတဲ့

စကားတွေ မပြောတတ်ကြပါဘူးလား ... ပြောတတ်ကြပါတယ်ဘုရား။ ပြော တိုင်းပြောတိုင်း ဖရုသဝါစာဖြစ်ပြီလို့ဆိုရင်တော့ ဒုက္ခပါပဲ၊ ပြောတိုင်း မဖြစ် ပေဘူး။ နှုတ်ကပင် ကြမ်းကြုတ်သော်လည်း စိတ်ကမကြမ်းရင်၊ စေတနာက မ ကြမ်းရင် ဖရုသဝါစာ မဖြစ်ပါဘူး။ စေတနာကြမ်းတာကသာလျှင် အဓိကပဲ။

တစ်ချိန်သောအခါ အတူတကွနေကြသည့် အမိနှင့်သား သဘောထား ချင်း မတိုက်ဆိုင်ကြပေဘူး။ ခဏခဏခိုက်ရန်ဖြစ် စကားများတော့ သား ကပြောတယ်။ "မိခင်အိမ်မှာ မနေတော့ဘူး။ အရပ်တစ်ပါးသို့ သွားတော့ မယ်"ဟု ပြောတယ်။ မိခင်က "အေး ... သွားချင်လည်း သွားပေါ့။ တော ထဲရောက်ရင် မင်းကို တောထဲက ကျွဲရိုင်းမခတ်လို့ သေလိမ့်မယ်၊ သေပါ စေ"လို့ ပြောလိုက်တယ်။

မသွားစေချင်လို့ ပြောတာဖြစ်တယ်။ သားကတော့ "ကျွဲရိုင်းမခတ်လို့ သေချင်လည်း သေပါစေ"ဆိုပြီး သွားတယ်။ တောထဲရောက်သွားတော့ ကျွဲ ရိုင်းမတစ်ကောင်က ခတ်ဖို့ရာ အရှိန်အဟုန်နဲ့ ပြေးလာပေတယ်။ အင်း ... သူ့အမေပြောလိုက်တဲ့အတိုင်း အရှိန်ပြင်းစွာနဲ့ ပြေးလာတော့ သူဘယ်လိုမှ ရှောင်ကွင်းလို့ မရတော့ပေဘူး။ "မိမိမှာ အားကိုးစရာဆိုလို့ သစ္စာအဓိဋ္ဌာန် သာ အားကိုးစရာရှိတော့တယ်"ဟု သတိရကာ သစ္စာအဓိဋ္ဌာန်ပြုလိုက်ပါတယ်။

"သူ့အမေသည် တကယ်တမ်း သူ့ကို သေစေချင်တဲ့ စေတနာနဲ့ ကျိန် စာတိုက်တာဆိုရင်တော့ ကျွဲရိုင်းမခတ်လို့ သေပါစေသတည်း။ ဒီလိုမဟုတ် ပေဘူး။ မသွားစေချင်တဲ့ စေတနာနဲ့ ပြောတာဖြစ်လို့ရှိရင်တော့ ကျွဲရိုင်းမ မခတ်ပါစေနဲ့"လို့ သစ္စာအဓိဋ္ဌာန်ပြုလိုက်တယ်။ ထိုအခါ ကျွဲရိုင်းမသည် ကြိုး နဲ့ချည်ထားလိုက်သလို ရပ်တန့်သွားလေ၏။ ထို့ကြောင့် မိခင်၏စကားသည်

ဖရုသဝါစာ မဖြစ်ပေဘူး။ နှုတ်ကသာကြမ်း၍ စေတနာက မကြမ်းရင် ဖရုသဝါစာ မဖြစ်ပေဘူး။

နှုတ်ကတော့ ချိုချိုသာသာရှိတယ်။ စေတနာကကြမ်းရင်တော့ ဖရုသဝါစာ ဖြစ်တယ်ဆိုတဲ့ သာဓကမှာ -

တစ်ချိန်သောအခါ တိုင်းပြည်မှာ ပုန်ကန်သော လူဆိုးတစ်ယောက်ကို ဖမ်းလို့မိခဲ့သော် မင်းကြီးထံ ခေါ်လာခဲ့ရမည်ဟု အမိန့်ထုတ်ထား၏။ တစ်နေ့သောအခါ မင်းကြီးသည် အမတ်ကြီးများ၊ မင်းသားငယ်များနှင့် အတူတကွ ညီလာခံဝင် အစည်းအဝေးထိုင်နေကြ၏။ ထိုအချိန်မှာ သူပုန်လူဆိုးကို ဖမ်းမိလာသဖြင့် မင်းကြီးထံ ခေါ်ဆောင်လာခဲ့ပေသည်။ မင်းကြီးက ဂုဏ်သရေရှိသည့် အမတ်ကြီးများ၊ မင်းသားငယ်များနှင့် အတူတကွ အစည်းအဝေးပြုနေခိုက်ဖြစ်သဖြင့် "ထိုလူဆိုးကို တောထဲခေါ်သွားပြီး ချမ်းချမ်းသာသာ အိပ်စေလိုက်ပါ"ဟု အမိန့်ပေးလိုက်လေ၏။ စင်စစ်တော့ "တောထဲခေါ်သွားပြီး သတ်ပစ်လိုက်"ဟု ပြောတာဖြစ်ပေတယ်။

ဤကဲ့သို့ အမိန့်ပေးကာ ပြောလိုက်ခြင်းသည် နှုတ်ကသာချို၍ စေတနာက ကြမ်းသောကြောင့် ဖရုသဝါစာ ဖြစ်ပေတယ်။ စေတနာကလည်း ကြမ်းတယ်၊ နှုတ်ကလည်း ကြမ်းတယ်ဆိုရင်တော့ ဖရုသဝါစာဖြစ်တာ ထင်ရှားတယ်။ ဖရုသဝါစာကိုလည်း မုသာဝါဒနှင့် အလားတူဖြစ်၍ ရှောင်ကြဉ်ရပေတယ်။ လောကအကျိုးလည်းမရှိ၊ သံသရာအကျိုးလည်းမရှိတဲ့ စကားတွေကို အချိန်ကုန်ခံပြီး ပြောနေတဲ့စကားတွေဟာ သမ္ဖပ္ပလာပဖြစ်တယ်။ အဲဒီစကားကိုလည်း မုသာဝါဒနှင့် အလားတူ ရှောင်ကြဉ်ကြရပေတယ်။ သူနှစ်ဦးတို့၏ အချစ်ပျက်အောင် ကုန်းတိုက်တဲ့ ပိသုဏဝါစာကိုလည်း မုသာဝါဒ

နှင့် အလားတူ ရှောင်ကြဉ်ကြရပေတယ်။ အဲဒီဝစီကံ(၄)ပါးကိုလည်း သီလ ဖြင့်ပင် ပယ်ရပေတယ်။ ကိုယ်နှင့်နှုတ်မှာ ဖြစ်ပေါ်လာတဲ့ ကာယကံ (၃)ပါး၊ ဝစီကံ(၄)ပါးကို သီလဖြင့် ပယ်ကြရပေတယ်။ ဆောင်ပုဒ်ဆိုကြရအောင်-။

ဆောင်ပုဒ် ॥ ॥ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ ကံကိုကား၊
ပယ်ရှားမြတ်သီလာ။

စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ မနောကံတွေဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ဖြစ်တယ်။ အဘိဇ္ဈာ - သူတစ်ပါးရဲ့စည်းစိမ်ကို မတော်မတရား နည်းနဲ့ ကိုယ့်စည်းစိမ်ဥစ္စာဖြစ်လာအောင် ကြံစည်တဲ့လောဘ၊ ဗျာပါဒ - သူတစ်ပါးတွေ ပျက်စီးကြောင်း ကြံစည်တဲ့ဒေါသ၊ မိစ္ဆာဒိဋ္ဌိ - မှားယွင်းစွာ ယူတာ၊ တရားနာပရိသတ်များသန္တာန်မှာ အလွန်နည်းပါတယ်။ အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်လာအောင် မတော်မတရားနည်းနဲ့ ကြံစည်တဲ့လောဘ မရှိသလောက် နည်းပါးကြပါတယ်။ ဗျာပါဒ - သူတစ် ပါးကို သေကြောင်းအကြံအစည်။ ဒါလည်း နည်းပါတယ်။ ဗျာပါဒအကြမ်း စားတော့ နည်းပါတယ်။

ယောဂီများသန္တာန်မှာ ဗျာပါဒအနုစားလေးတွေတော့ ဖြစ်နေတတ်ပါ တယ်။ ဗျာပါဒအနုစားကို ဘယ်လောက်ထိ ယူရမလဲဆိုရင် ဘုရားအလောင်း တော် ဗျာပါဒဝိတက်လို့ ယူဆပုံဖြင့် သိကြရပေတယ်။

မိုးတွေရွာအားကြီးတော့ စိတ်အနှောင့်အယှက်တွေ ဖြစ်သွားတယ်ဆိုလို့ ရှိရင် အဲဒါလေးတွေလည်း ဗျာပါဒဝိတက်ပါပဲတဲ့။ နွေအခါ နွေရာသီမှာ အပူ ရှိန် အလွန်ပြင်းထန်လို့ တရားအားထုတ်တဲ့အခါမှာ စိတ်အနှောင့်အယှက် တွေ ဖြစ်သွားရင်လည်း ဗျာပါဒဝိတက်ပါပဲတဲ့။ ဆောင်းအခါမှာ အအေးဒဏ်

တွေ အလွန်များလို့ အအေးဒဏ်နှိပ်စက်လို့ စိတ်အနှောင့်အယှက် ဖြစ်သွားရင်လည်း ဗျာပါဒဝိတက်ပဲဟု ဘုရားအလောင်းတော်သည် ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ ဗျာပါဒဝိတက်ကို သိတော်မူပါတယ်။

မိုးရွာလို့၊ မိုးကြီးလို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ နေပူရှိန်တွေ ပြင်းထန်လို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ အအေးဒဏ်တွေ နှိပ်စက်လို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ အဲဒီထိအောင် ဗျာပါဒဝိတက်လို့ ယူဆပါတယ်။ တရားထူးတရားမြတ်တွေကို ရဖို့ရာ စိတ်အနှောင့်အယှက်တွေဖြစ်တဲ့ ဗျာပါဒတွေကိုလည်း ဘုရားအလောင်းပယ်ပါတယ်။

တရားနာပရိသတ်များသန္တာန်မှာလည်း သားကြောင့်၊ သမီးကြောင့်၊ ဇနီးကြောင့်၊ လင်ယောက်ျားကြောင့်၊ ပစ္စည်းဥစ္စာအတွက်ကြောင့်၊ ဆွေမျိုး မိတ်သင်္ဂဟတွေကြောင့် ကြောင့်ကြမှုလေးတွေ မဖြစ်ကြပါဘူးလား ... ဖြစ်ကြပါတယ်ဘုရား။ အဲဒါ ဗျာပါဒလေးတွေပဲဖြစ်တယ်။ သူကလည်း တရားထူးတရားမြတ်ရဖို့ရာ အနှောင့်အယှက် ဖြစ်ပေတယ်။ စိတ်ကြောင့်ကြမှုလေးတွေဖြစ်သည့် အဲဒီဗျာပါဒတွေကိုလည်း ပယ်ရမှာပဲ။ ဘာနဲ့ပယ်ရမလဲဆိုရင် သူ့အစဉ်အတိုင်းဆိုရင် သမထသမာဓိနဲ့ ပယ်ရမယ်။ ပုတီးစိပ်လိုက်တယ်၊ သမထအာရုံတစ်ခုကို စူးစိုက်ပြီးတော့ ရှုလိုက်တယ်ဆိုရင် ဗျာပါဒဟာ ခေတ္တငြိမ်းသွားတယ်။

ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာအာရုံများကို စူးစိုက်ဆင်ခြင်လိုက်၊ နှလုံးသွင်းလိုက်၊ ပွားများလိုက်၍ သမထအာရုံတစ်ခုခုမှာ စိတ်ကိုငြိမ်အောင်ထားလို့ သမာဓိဖြစ်သွားတဲ့အခါ အဲဒီလို ပူပန်ကြောင့်ကြမှု ဗျာပါဒလေးတွေဖြစ်ပါတော့မလား ... မဖြစ်တော့ပါဘုရား။ မဖြစ်တော့ပေဘူး။ စိတ်ဆိုတာ

အာရုံ(၂)ခုမှာ တစ်ပြိုင်နက်ဖြစ်လို့ မရပေဘူး။ တစ်ခုသောအာရုံမှာ တည်ငြိမ်သွားရင် ဟိုက ဗျာပါဒလေးတွေ ပူပန်မှုတွေ အားလုံးပျောက်သွားနိုင်တယ်။ အဲဒီ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော မနောကံ(၃)ပါးကိုတော့ သမထဘာဝနာဖြင့် ပယ်ရမယ်။ စိတ်အစဉ်မှာဖြစ်နေတဲ့ မနောကံကိုတော့ ဘာနဲ့ပယ်ရမလဲ ... သမာဓိနဲ့ ပယ်ရပါမယ်ဘုရား။ အစဉ်အတိုင်း ပယ်ပုံလေးဖြစ်တယ်။ ဆောင်ပုဒ်လေး ဆိုလိုက်ကြရအောင်-။

**ဆောင်ပုဒ် ။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာခြား၊ ကံကိုကား၊ ပယ်ရှားမြတ်သမာ။**

စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံ မနောကံ(၃)ပါးကိုတော့ သမာဓိဖြင့် ပယ်ရမယ်။ ကိုယ်နှုတ်၌ ဖြစ်ပေါ်လာတဲ့ အကုသိုလ် ကာယကံ၊ ဝစီကံတွေကိုတော့ သီလနဲ့ ပယ်ရှားရမယ်။ စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ် မနောကံ(၃)ပါးကိုတော့ သမာဓိနဲ့ ပယ်ရှားရမယ်။ ဘဝအဆက်ဆက်က၊ သံသရာအဆက်ဆက်ကဖြစ်ခဲ့တဲ့ ကံဟောင်းတွေ တရားနာပရိသတ်များသန္တာန်မှာ မရေမတွက်နိုင်အောင် အများအပြား ရှိခဲ့ကြတယ်။ အဲဒီကံဟောင်းတွေ မကုန်သမျှကာလပတ်လုံး တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို မရောက်နိုင်သေးပေဘူး။

အဲဒီကံဟောင်းတွေကိုတော့ ဘာနဲ့ပယ်ရမလဲ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်ရမယ်။ အားထုတ်လို့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် ပြည့်စုံသွား၍ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတဲ့အခါ ဘဝဟောင်းများကပါလာတဲ့ အပါယ်ငရဲသို့ ကျစေနိုင်တဲ့ ကံဟောင်းတွေ အကုန်ပြတ်သွားတယ်။ စိတ်ချလက်ချ သံသရာထဲမှာ ကျင်လည်လို့ ရသွားပြီဖြစ်တယ်။ ပညာဖြင့်

ပယ်သတ်တာ ဖြစ်ပေတယ်။ ဟို ... အနမတဂ္ဂသံသရာ ဘဝါဘဝတွေက ပါလာတဲ့ အကုသိုလ်ကံဟောင်းတွေကိုတော့ ပညာဖြင့် ပယ်ရမယ်။ ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ပယ်ရမယ်။ ဆောင်ပုဒ်လေး ဆိုလိုက်ကြပါဦးစို့-။

ဆောင်ပုဒ် ။ ။ ဘဝများစွာ၊ လိုက်ပါလာငြား၊ ကံကိုကား၊
ပယ်ရှားမြတ်ပညာ။

တရားနာပရိသတ်များသန္တာန်မှာဖြစ်တဲ့ ကံတွေက ကာယကံ - ကိုယ်၌ဖြစ်တဲ့ကံ၊ ဝစီကံ - နှုတ်၌ဖြစ်တဲ့ကံ၊ မနောကံ - စိတ်ထဲမှာဖြစ်တဲ့ကံ၊ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က ပြုခဲ့တဲ့ကံလို့ အဲဒီကံတွေ ရှိထားကြတယ်။ အဲဒီကံတွေကို အစဉ်အတိုင်း ပယ်ကြရတယ်။ ကာယကံ၊ ဝစီကံကိုတော့ သီလနဲ့ပယ်ရတယ်။ စိတ်ထဲမှာရှိတဲ့ မနောကံကိုတော့ သမထသမာဓိနဲ့ ပယ်ရတယ်။ ဘဝများစွာ သံသရာအဆက်ဆက်က လိုက်ပါလာတဲ့ အပါယ်ငရဲကိုကျစေနိုင်တဲ့ ကံဟောင်းတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်လိုက်လို့ ကုန်သွားရင် ဘယ်တော့မှ အပါယ်ငရဲကို ပြန်မကျတော့ပေဘူး။

အဲဒီကံတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်လိုက်၍ ကံတွေကုန်သွားတော့ အပါယ်ငရဲမှ လွတ်မြောက်သွားတယ်။ အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားပြီဖြစ်တယ်။ နောက်တစ်ခါ ဆက်ပြီးကျင့်လိုက်၍ သကဒါဂါမိဖြစ်သွားရင် လူ့ပြည်၊ နတ်ပြည်မှာ တစ်ကြိမ်ပဲ ဖြစ်ရတော့တယ်။ လူ့ပြည်၊ နတ်ပြည်မှာ အကြိမ်ကြိမ်ဖြစ်ရမည့် သံသရာဝဋ်ဒုက္ခတွေမှ မလွတ်မြောက်သွားပါဘူးလား ... လွတ်မြောက်သွားပါတယ်ဘုရား။ တစ်ကြိမ်ပင် ဖြစ်ရတော့တယ်။

နောက်တစ်ခါ ဆက်လက်ကျင့်ကြံ အားထုတ်လိုက်၍ အနာဂါမ်ဖြစ်သွားတဲ့အခါ အနာဂဍ္ဍ-ဆိုတဲ့အတိုင်း ကာမသုဂတိ(၇)ဘုံမှာ ဖြစ်ရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒုက္ခတွေ လုံးဝပြတ်သွားတယ်။ အနာဂါမ်ဖြစ်တော့ ကာမသုဂတိ(၇)ဘုံမှာ ဖြစ်စေတဲ့ကံတွေ အကုန်လုံး ကင်းပြတ်သွားတယ်၊ ကုန်သွားတယ်။

ရဟန္တာဖြစ်သွားတဲ့အခါကျတော့ (၃၁)ဘုံမှာဖြစ်ရမယ့် ကံဆိုးကံကောင်းတွေ အကုန်လုံး ကုန်သွားတယ်။ ကံတွေကုန်သွားတဲ့အခါ တရားနာပရိသတ်များ ဘယ်ကိုရောက်သွားကြမလဲဆိုတော့ နိဗ္ဗာန်ချမ်းသာသို့ ဝင်စံသွားကြရမှာပဲဖြစ်တယ်။ အဲဒီနိဗ္ဗာန်ချမ်းသာ ရောက်သွားတဲ့အခါကျရင် ကံတွေ အကုန်လုံး ကုန်သွားတော့တာပါပဲ။ နိဗ္ဗာန်ချမ်းသာဆိုတာ သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု နိဗ္ဗာန်(၂)မျိုးရှိတယ်။

ဘယ်နိဗ္ဗာန်ရောက်ရောက် ကံတွေကုန်သွားပြီဖြစ်တယ်။ ရဟန္တာပုဂ္ဂိုလ်များသန္တာန်မှာ နိဗ္ဗာန်(၂)မျိုးရှိတယ်။ ပရိနိဗ္ဗာန်မစံမီ ကိလေသာ(၁၀)ပါး ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ရတယ်။ ထိုရဟန္တာပုဂ္ဂိုလ်များသန္တာန်မှာ ခန္ဓာ(၅)ပါးတော့ ရှိသေးတယ်။ ကိလေသာတွေ အကုန်ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်လို့ ဆိုရပါတယ်။ အနုပါဒိသေသနိဗ္ဗာန်ဆိုတာကတော့ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံဝင်သွားပြီးတဲ့အခါ ခန္ဓာ(၅)ပါး အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ အဲဒါ အနုပါဒိသေသနိဗ္ဗာန်ထဲသို့ ရောက်သွားတာဖြစ်တယ်။ ခန္ဓာ(၅)ပါး လုံးဝမရှိတော့ဘဲနဲ့ ပရိနိဗ္ဗာန် စံဝင်သွားတာကိုတော့ အနုပါဒိသေသနိဗ္ဗာန်လို့ ဆိုရပါတယ်။ အဲဒီနိဗ္ဗာန်ကိုရောက်သွားရင် ကံတွေလည်း အားလုံး ကုန်သွားပြီဖြစ်တယ်။

ကံတွေကုန်အောင် ကျင့်နည်းလမ်းစဉ်မှာ ကိုယ်နှုတ်ဖြင့်ပြုတဲ့ကံကို သီလနဲ့ပယ်၊ စိတ်ဖြင့်ပြုတဲ့ကံကိုတော့ သမထသမာဓိနဲ့ပယ်၊ ဘဝများစွာက ပါလာတဲ့ ကံဟောင်းတွေကိုတော့ ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ပယ်ကြရပါတယ်။ ဒီကံတွေကုန်သွားတဲ့အခါ တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြတာပါပဲ။ အသင့်အတင့်ပြည့်စုံသွားပါပြီ။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ ကမ္မပစ္စည်းတရားကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရားပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# ဝိပါကပစ္စည်း

ဒီနေ့ ဝိပါကပစ္စည်းတရား ဟောကြားရပါမယ်။ ဝိပါက-ဆိုတာ ရင့်ကျက်နေတာ၊ အကျိုးတရားပဲ။

**ဝိပစ္စနံ ဝိပါကော။**
**ဝိပစ္စနံ** - ရင့်ကျက်ခြင်း။ **ဝိပါကော** - ရင့်ကျက်ခြင်း။

ရင့်ကျက်ခြင်းသို့ ရောက်နေတဲ့ အကျိုးတရား။ အဲဒီအကျိုးတရားက နေပြီးတော့ တစ်ခါ အကျိုးတရားတစ်ပါးဖြစ်အောင် ကျေးဇူးပြုတယ်။ အလွန်သိမ်မွေ့နက်နဲခက်ခဲတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။ အကျိုးတရားတစ်ခုကနေပြီးတော့ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတယ်ဆိုတာ အလွန်ပဲ နက်နဲခက်ခဲ သိမ်မွေ့တယ်။ ဝိပါကပစ္စည်းဆိုတာ အကျိုးက အကျိုးဖြစ်ပေါ်အောင် ကျေးဇူးပြုတာဖြစ်တယ်။ များသောအားဖြင့် အားရှိတဲ့ အကြောင်းတရားတွေက အကျိုးတရားတွေ ဖြစ်ပေါ်အောင် ကျေးဇူးပြုတာက ထင်ရှားတယ်။ အကျိုးတရားက အကျိုးတရားကို ကျေးဇူးပြုတာက မထင်ရှားပေဘူး။

မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားလို့ မြတ်စွာဘုရား ဟောကြားလို့ ယခုတရားနာပရိသတ်များနှင့်တကွ ဝေနေယျပုဂ္ဂိုလ်သတ္တဝါတွေ သိကြရတာ၊ နာကြရတာဖြစ်တယ်။ ဝိပါကပစ္စည်းပါဠိတော် အကျဉ်းချုပ်ကို မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် ပစ္စယနိဒ္ဒေသပါဠိတော် (၁)ခါက်လောက်တော့ ပူဇော်လိုက်ကြရအောင်-။

**ဝိပါကပစ္စယောတိ -**

**ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။**

**ဝိပါကပစ္စယောတိ** = ဝိပါကပစ္စည်းဟူသည်ကား၊ **ဝိပါကာ** = ဝိပါက်ဖြစ်ကုန်သော၊ **စတ္တာရော** = (၄)ပါးကုန်သော၊ **အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **ခန္ဓာ** = ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည်၊ **အညမညံ+အညမညဿ** = အချင်းချင်းအား၊ (ဝါ) **အညော အညဿ** = တစ်ပါးသည်တစ်ပါးအား၊ **ဝိပါကပစ္စယေန** = ဝိပါကပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဝိပါက်ဖြစ်တဲ့ နာမက္ခန္ဓာ(၄)ပါးက ဝိပါက်ဖြစ်တဲ့ နာမက္ခန္ဓာ(၄)ပါးကို အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။ ဝေဒနာ သညာ သင်္ခါရဆိုတဲ့ ဝိပါက်နာမက္ခန္ဓာ(၃)ပါးကနေပြီးတော့ ဝိညာဏ်ဆိုတဲ့ ဝိပါက်နာမက္ခန္ဓာ(၁)ပါးကို၊ ဝိညာဏ်ဆိုတဲ့

ဝိပါက်နာမက္ခန္ဓာ(၁)ပါးက ဝေဒနာ သညာ သင်္ခါရဆိုတဲ့ နာမက္ခန္ဓာ(၃)ပါးကို၊ ဝေဒနာ သညာဆိုတဲ့ နာမက္ခန္ဓာ(၂)ပါးက သင်္ခါရ ဝိညာဏ်ဟူသော နာမက္ခန္ဓာ(၂)ပါးကို အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ ကျေးဇူးပြုပြီးတာနဲ့ ကုန်ပျက်ကုန်ပျက်၊ ဖြစ်ပျက်ဖြစ်ပျက်သွားတယ်။

(၁)ပါးသော နာမက္ခန္ဓာက (၃)ပါးသော နာမက္ခန္ဓာကို၊ (၃)ပါးသော နာမက္ခန္ဓာက (၁)ပါးသော နာမက္ခန္ဓာကို၊ (၂)ပါးသော နာမက္ခန္ဓာက (၂)ပါးသော နာမက္ခန္ဓာကို အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ ကျေးဇူးပြုပြီးတာနဲ့ ကုန်ပျက်ကုန်ပျက်သွားတယ်။ တစ်ခုမှတော့ မမြဲဘူး။ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ တရားနာပရိသတ်များသန္တာန်မှာတော့၊ ဉာဏ်မှာတော့ မထင်ရှားပေဘူး။ မြတ်စွာဘုရား ဟောကြားလို့ မိမိတို့သန္တာန်မှာ ဝိပါက်နာမက္ခန္ဓာ(၄)ပါး ဤကဲ့သို့ အချင်းချင်း အပြန်ပြန်အလှန်လှန် ဝိပါကသတ္တိဖြင့် ကျေးဇူးပြုနေတယ်လို့ သိရပါတယ်။

ဝိပါကဆိုတာ ရင့်ကျက်နေတဲ့သဘော။ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မှည့်နေတာနဲ့ တူတယ်။ သရက်သီးများမှာ အခိုက်အတန့် (၄)မျိုးရှိတယ်။

အပွင့် အခိုက်အတန့်၊
အကင်း အခိုက်အတန့်၊
ဝမ်းပြင်း အခိုက်အတန့်၊
မှည့်နေတဲ့ အခိုက်အတန့်-လို့ ဘယ်နမျိုးပါလဲ ... (၄)မျိုးပါဘုရား။

(၄)မျိုးရှိသလို ဝိပါက်မှာလည်း အခိုက်အတန့် (၄)မျိုးရှိတယ်။

စေတနာဝတ္ထု - စေတနာ အခိုက်အတန့်၊
ကမ္မာဝတ္ထု - ကံ အခိုက်အတန့်၊
နိမိတ္တာဝတ္ထု - နိမိတ် အခိုက်အတန့်၊
ဝိပါကာဝတ္ထု - ဝိပါက် အခိုက်အတန့်လို့ (၄)မျိုး အခိုက်အတန့်ရှိတယ်။
(ဒီပနီ-၄၈၆)

ဝိပါကအခိုက်အတန့်ကျတော့ ရင့်ကျက်သွားလို့ မှည့်နေတာနဲ့တူတယ်။ စေတနာအခိုက်အတန့်၊ ကောင်းမှုကုသိုလ်တွေပြုနေတဲ့ စေတနာအခိုက်အတန့်၊ ဒုစရိုက်အမှုတွေပြုနေတဲ့ သတ်နေ ခိုးနေတဲ့ စေတနာအခိုက်အတန့်၊ အဲဒီအခိုက်အတန့်လည်း ရှိပေတယ်။ တရားနာပရိသတ်များ ဒီနေ့လို ဒါန တွေ ပြုလုပ်လိုက်၊ သီလတွေ ဆောက်တည်လိုက်၊ ဘာဝနာကုသိုလ် ပွားများလိုက်၊ ပွားများနေတဲ့ အခိုက်အတန့်မှာဖြစ်တဲ့ စေတနာလေးရှိတယ်။ အဲဒီစေတနာလေးကို ကံလို့လည်းခေါ်လို့ရတယ်။ အဲဒီစေတနာ အခိုက်အတန့်ကို စေတနာအခိုက်အတန့်လို့ ခေါ်ရတယ်။

ဒုစရိုက်တွေ ပြုနေတဲ့အခါ အကုသိုလ်စေတနာတွေ၊ သုစရိုက်တွေ ပြုနေတဲ့ အခိုက်အတန့်ဆိုလည်း ကုသိုလ်စေတနာတွေ၊ တရားနာပရိသတ်များ ရဲ့သန္တာန်မှာတော့ ကုသိုလ်စေတနာတွေ ဖြစ်တာကများပါတယ်။ ဒီနေ့ဆိုလို့ ရှိရင် ကုသိုလ်စေတနာတွေ၊ လှူနေတန်းနေကြ။ လေမှုတ်စက်အတွက်လှူ လိုက်၊ ဆွမ်းတွေလှူလိုက်၊ ဝေယျာဝစ္စအမှုတွေပြုလိုက်၊ သီလတွေ ဆောက် တည်လိုက်၊ ဝိပဿနာတရားတွေ ပွားများအားထုတ်လိုက်၊ အဲဒီပွားများ အားထုတ်နေတဲ့၊ ပြုနေတဲ့အခိုက်အတန့်မှာ စေတနာလေးတွေပါတယ်။ အဲဒီစေတနာကို စေတနာအခိုက်အတန့်လို့ ခေါ်တယ်။ ဝိပါက်စိတ်တွေ ဖြစ် ဖို့ရာ အခိုက်အတန့်တစ်ခု ဖြစ်ပေတယ်။ ဘာနဲ့တူပါသလဲဆိုတော့ ပြုလုပ်

နေဆဲ အခိုက်အတန့်မှာဖြစ်တဲ့ စေတနာသည် သရက်ပွင့်တွေ ပွင့်နေတဲ့ အခိုက်အတန့်နဲ့တူတယ်။ အဲဒီဆောင်ပုဒ်လည်း ဆိုရအောင်-။

**ဆောင်ပုဒ် ။ ။ ဒုသုနှစ်ဖြာ၊ သုံးခဏာ၊ စေတနာခိုက်တန့်မည်။**

ဒု - ဒုစရိုက်မှုတွေ၊ သူတစ်ပါးအသက်သတ်ခြင်းစတဲ့ ဒုစရိုက်မှုတွေ ပြုလုပ်တဲ့အခါ စေတနာ ဖြစ်လာတယ်။ ဥပါဒ်+ဌီ+ဘင်ဆိုတဲ့ ခဏငယ်သုံးခု ဖြစ်ပြီးတာနဲ့ ချုပ်သွားတယ်။ ခဏငယ်သုံးခု ဖြစ်နေတဲ့အခိုက်အတန့်လေးကို စေတနာလို့ခေါ်တယ်။ တရားနာပရိသတ်များ ကုသိုလ်ကောင်းမှုတွေပြု၊ ဒီနေ့လို ဒါနတွေပြု၊ သီလတွေဆောက်တည်၊ ဝိပဿနာတရားတွေ ပွားများအားထုတ်နေတဲ့ စေတနာသည် ဥပါဒ်+ဌီ+ဘင်ဆိုပြီး ချက်ချင်း ပျက်သွားတာပဲ။ ဥပါဒ်+ဌီ+ဘင်။ ဥပါဒ် - ဖြစ်လိုက်၊ ဌီ - ခဏလေးတည်၊ ဘင် - ပျက်သွားတယ်။ အဲဒီ ဥပါဒ်+ဌီ+ဘင်ဆိုတဲ့ ခဏငယ်သုံးခု အခိုက်အတန့်လေးကိုတော့ စေတနာအခိုက်အတန့်လို့ခေါ်တယ်။ ဝိပါက်စိတ်တွေဖြစ်ဖို့ရာ အခြေခံဖြစ်ပေတယ်။

ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာမှာ အင်မတန်ပဲ သိမ်မွေ့ပါတယ်။ အခိုက်အတန့်၊ အခိုက်အတန့်တွေ ပြောင်းပြောင်းသွားပြီးတော့ ဖြစ်သွားရပေတယ်။ တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ အခြင်းအရာလေးတွေကို ကျမ်းဂန်တွေမှာ ဖွင့်ပြတဲ့အတိုင်း သိကြရပေတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ ဒုစရိုက်တွေ ပြုနေတဲ့အခိုက်အတန့် ဥပါဒ်+ဌီ+ဘင် အခိုက်အတန့်လေးမှာရှိတဲ့ စေတနာ။ သုစရိုက်တွေ ဒါန၊ သီလ၊ ဝိပဿနာတရားတွေ ပွားများအားထုတ်တဲ့ အခိုက်အတန့် ဥပါဒ်+ဌီ+ဘင်ဆိုတဲ့ အခိုက်အတန့်။ အခိုက်အတန့်လေးကို စေတနာအခိုက်အတန့်လို့ခေါ်တယ်။

ကမ္မာဝတ္ထု - ကံအခိုက်အတန့်၌ ဥပါဒ်+ဌီ+ဘင်ဆိုပြီး ဒီစေတနာလေး ဟာ ပျက်သွားတာပဲ။ ပျက်သွားပင် ပျက်သွားငြားသော်လည်း သူ့ရဲ့ အစွမ်း သတ္တိကတော့ မပျက်သွားပေဘူး။ ဒုစရိုက်အမှုတွေ ပြုလုပ်တဲ့ပုဂ္ဂိုလ်ဆိုလို့ ရှိရင် ဒုစရိုက်ပြုလုပ်တဲ့ပုဂ္ဂိုလ်ရဲ့ နာမ်အစဉ်မှာ သတ္တိလေးတွေ ပါသွားတယ်။ သုစရိုက်အမှုတွေ တရားနာပရိသတ်များလို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ တရားတွေ ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဆိုလို့ရှိရင်လည်း စေတနာလေးကတော့ ချုပ်ပျက်သွားသော်လည်း သူ့ရဲ့အစွမ်းသတ္တိကတော့ နာမ်အစဉ် စိတ်အစဉ်မှာ လိုက်ပြီးတော့ ပါသွားတယ်။ အဲဒီလိုက်ပါသွားတဲ့ အခိုက်အတန့်လေးကိုတော့ သတ္တိကိုတော့ ကံအခိုက်အတန့်လို့ခေါ်တယ်။ ဝိပါက်စိတ်တွေဖြစ်ဖို့ရာ သူလည်း အခြေခံတစ်ခုပဲ ဖြစ်ပေတယ်။

ဆောင်ပုဒ်။ ။ စိတ်စဉ်လိုက်သွား၊ သတ္တိကား၊ ကံများခိုက်တန့်မည်။

ကောင်းမှုတွေ ပြုလုပ်တဲ့အခိုက်အတန့်မှာ စေတနာလေးဟာ ဥပါဒ်+ဌီ +ဘင်ဆိုပြီးတော့ ခဏသုံးပါး ပြည့်သွားရင်တော့ ပျက်သွားတယ်။ ဒီစေတ နာလေးကသာ ပျက်သွားသော်လည်း စေတနာရဲ့ အစွမ်းသတ္တိကတော့ မ ပျက်သွားပေဘူး။ ကံ၏ ကုသိုလ်ကောင်းမှုအရှိန်သတ္တိတွေ စိတ်အစဉ် နာမ် အစဉ်မှာ လိုက်ပါသွားတယ်။ အဲဒီသတ္တိလေးကို ကံလို့ခေါ်တယ်။ ကမ္မာဝတ္ထု- ကံအခိုက်အတန့်ဖြစ်တယ်။ ဝိပါက်ဖြစ်ဖို့ရာ တရားနာပရိသတ်များသန္တာန်မှာ မြင်သိ၊ ကြားသိ၊ နံ့သိ၊ စားသိ၊ ထိသိစတဲ့ ဝိပါက်စိတ်ကလေးဖြစ်ဖို့ရာ အခြေခံတစ်ခုပဲ ဖြစ်တယ်။

နောက်တစ်ခါ နိမိတ္တာဝတ္ထု - နိမိတ်အခိုက်အတန့်၌ ကွယ်လွန်ခါနီး ကျတော့ ဘဝတစ်ပါး ပြောင်းခါနီးကျတော့ နိမိတ်တွေ ထင်လာတယ်။ အဲဒီ

ထင်လာတဲ့ အခိုက်အတန့်ကိုတော့ နိမိတ္တာဝတ္ထုဟု ခေါ်ရတယ်။ နောင်ဘဝမှာ ဝိပါက်အကျိုးတရားတွေ ဖြစ်ဖို့ရာ အခြေခံတစ်ခုပဲ။ မသိမ်မွေ့ပါဘူးလား ... သိမ်မွေ့ပါတယ်ဘုရား။ သိမ်မွေ့တယ်။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အလွန်သိမ်မွေ့တာပါပဲ။

ဆောင်ပုဒ် ။ ။ နိမိတ်ထင်လာ၊ ထိုအခါ၊ နိမိတ္တာခိုက်တန့်မည်။

နိမိတ်တွေ ထင်လာတယ်။ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်လို့ ဘယ်နှမျိုးရှိပါသလဲ ... သုံးမျိုးရှိပါတယ်ဘုရား။ ကံနိမိတ်ရယ်၊ ကမ္မနိမိတ်ရယ်၊ ဂတိနိမိတ်ရယ်။ တရားနာပရိသတ်များ ဘဝတစ်ပါးသို့ ပြောင်းတဲ့အခါ၊ ထိုထိုပုဂ္ဂိုလ်တွေ ဘဝတစ်ပါးသို့ ပြောင်းခါနီးမှာ ဒီနိမိတ်(၃)မျိုးထဲက တစ်မျိုးမျိုးတော့ ထင်လာတယ်။

ကံနိမိတ်ဆိုတာ ကုသိုလ်ကောင်းမှုတွေ ပြုထားကြတာဖြစ်တယ်။ တရားနာပရိသတ်များ တစ်ဘဝလုံးမှာ ကောင်းမှုတွေပြုထားကြတဲ့ ကုသိုလ်ကံတွေ ရှိကြတယ်။ ကွယ်လွန်ခါနီးကျတော့ အဲဒီကံတွေကို ပြန်သတိရလာတယ်။ ပြုနေတဲ့အခိုက်အတန့်မှာလိုပဲ ကောင်းမှုတွေ ပြုနေရသလို စိတ်ထဲဉာဏ်ထဲမှာ ထင်လာတယ်။ ဤကဲ့သို့ စိတ်ထဲမှာ ထင်လာတာကို ကံနိမိတ်လို့ ဆိုရတယ်။

ကမ္မနိမိတ်ဆိုတာကတော့ ပြုပုံအခြင်းအရာနဲ့တကွ ထင်လာတယ်။ ကျောင်းတွေဆောက်ထားမယ်ဆိုရင် မိမိဆောက်ထားတဲ့ ကျောင်းကြီးတွေပါထင်လာတယ်။ ဆွမ်းကျွေးတဲ့ ကုသိုလ်တွေဆိုလို့ရှိရင် သံဃာတော်အရှင်မြတ်တွေ ဆွမ်းတွေကပ်နေတာ၊ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဆွမ်းတွေကျွေးနေတာ၊ ဥပုသ်သည်တွေကို ဆွမ်းတွေကျွေးနေတဲ့ အခြင်းအရာတွေကို

စိတ်ထဲမှာ ထင်လာတယ်။ ရေလှူထားလို့ရှိရင်လည်း ရေတွေပေါ့လေ။ လေမှုတ်စက်တွေ လှူထားလို့ရှိရင်လည်း လေမှုတ်စက်တွေ လှူထားတဲ့ အခြင်းအရာတွေ၊ အပေါင်းအဖော်တွေနဲ့တကွ ရေစက်ချနေတာတွေ၊ ဒီလိုဟာတွေ ထင်လာတယ်။ အဲဒါကိုတော့ ကမ္မနိမိတ်လို့ခေါ်တယ်။

ဂတိနိမိတ်ဆိုတာကတော့ မိမိရောက်သွားရမယ့်ဘဝ ဂတိနိမိတ် လူ့ပြည်ရောက်မယ်ဆိုရင်လည်း အမိဝမ်းရေ၊ မိဘဆွေမျိုးတွေ၊ မောင်နှမတွေ ထင်လာတယ်။ နတ်ပြည်ရောက်မယ်ဆိုရင်လည်း နတ်ပြည်က နိမိတ်တွေ၊ နတ်သမီး ဗိမာန် ဉယျာဉ် ရေကန်တွေ၊ နတ်သမီး နတ်သားတွေ၊ ဉယျာဉ် ဗိမာန် ရေကန်တွေ ထင်လာတယ်။ နိရယဂတိ - ငရဲ ရောက်ရတော့မယ်ဆိုရင်လည်း ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံတွေ ထင်လာတယ်။ အဲဒီလို ထင်လာတာကတော့ ရောက်သွားရမယ့် ဂတိအတွက် ထင်လာတဲ့အတွက်ကြောင့် ဂတိနိမိတ်လို့ခေါ်တယ်။ အဲဒီဂတိနိမိတ်တွေထင်နေတဲ့ အခိုက်အတန့်ကတော့ နိမိတ္တာဝတ္ထု - နိမိတ်အခိုက်အတန့်ဖြစ်ပေတယ်။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အခြေခံတစ်ခုပါပဲ။

ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အလွန်သိမ်မွေ့နူးညံ့တယ်။ အဆင့်ဆင့် ရင့်ကျက်လာရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပေတယ်။ စေတနာအခိုက်အတန့်က သရက်ပွင့်နဲ့တူတယ်။ ကမ္မာဝတ္ထု - ကံအခိုက်အတန့်က သရက်ကင်းနဲ့တူတယ်။ နိမိတ္တာဝတ္ထု - နိမိတ်အခိုက်အတန့်က ဝမ်းပြင်းနဲ့တူတယ်။ ရောက်ခါနီးဖြစ်နေတဲ့ အချိန်အခါလေးဖြစ်တယ်။

နောက်ဝိပါကာဝတ္ထု - ဝိပါက်အခိုက်အတန့်ဦ ဝိပါက်အခိုက်အတန့်ဆိုတာ ဘဝသစ်မှာသွားပြီး ဖြစ်လိုက်တာဖြစ်တယ်။

## ဆောင်ပုဒ် ။ ။ ဘဝသစ်မှာ၊ ဖြစ်၍လာ၊ ဝိပါခိုက်တန့်မည်။

ဘဝသစ်မှာ လူလာဖြစ်တယ်။ တရားနာပရိသတ်များရဲ့ ဖြစ်စဉ်ပါပဲ။ ဟို ... ထိုထိုဘဝတွေက သုစရိုက်မှုတွေ၊ သမထ ဝိပဿနာတွေပြုခဲ့တာ စေတနာဝတ္ထု - စေတနာအခိုက်အတန့်ဖြစ်တယ်။ နာမ်အစဉ်မှာ ကုသိုလ်အစွမ်း သတ္တိ လိုက်ပါလာတဲ့ အခိုက်အတန့်ကတော့ ကမ္မာဝတ္ထု - ကံအခိုက် အတန့်ဖြစ်တယ်။ တရားနာပရိသတ်များ ဖြစ်ခဲ့ဖူးပြီ။ ကံတွေ မဖြစ်ခဲ့ပါဘူး လား ... ဖြစ်ခဲ့ပါတယ်ဘုရား။ ဖြစ်ခဲ့ပါတယ်။

နိမိတ္တာဝတ္ထု - ဘဝတစ်ပါးက ကွယ်လွန်ခါနီးမှာ နိမိတ်တွေ ထင်လာ တယ်။ ကံနိမိတ်။ စိတ်ထဲမှာ ကုသိုလ်ကောင်းမှုတွေ ပြုနေရသလို ကြည် လင်နေတယ်။ ကုသိုလ်ကောင်းမှုတွေ ပြန်သတိရတယ်။ စိတ်ထဲတင်ပဲ ပြန် သတိရတယ်။ အဲဒါ ကံနိမိတ်ဖြစ်တယ်။

ကမ္မနိမိတ်။ ပြုပုံအခြင်းအရာနဲ့တကွ ထင်လာတယ်။ ကျောင်းတွေ လှူ နေတာ၊ ဘုရားတွေ လှူနေတာ၊ ဘုရားတွေမှာ ဆီမီးကပ်နေတာ၊ သံဃာ တော်တွေ ဆွမ်းကပ်နေတာ စသည်ဖြင့် အခြင်းအရာတွေနဲ့တကွ ထင်လာ တာကိုတော့ ကမ္မနိမိတ်။ ထိုထိုဘဝတွေက တရားနာပရိသတ်များ ထင်ခဲ့ တယ်။ ဒါပေမယ့်လည်း ဘဝတွေက ခြားနေတော့ မသိတော့ပေဘူး။

ဂတိနိမိတ်။ မိမိရောက်ရမည့် ဂတိနိမိတ်ဆိုရင် လူ့ပြည်ရောက်ရမယ်ဆို ရင်လည်း အမိဝမ်းရေ၊ ညီအစ်ကို မောင်နှမတွေ ထင်လာတတ်ပါတယ်။ နတ်ပြည်ရောက်ရတော့မယ်ဆိုရင်လည်း နတ်ဗိမာန်တွေ၊ နတ်သမီး နတ် သားတွေ၊ ဥယျာဉ်တွေ ထင်လာတယ်။ တရားနာပရိသတ်များ ဘဝါဘဝ တွေမှာ ထင်လာခဲ့တဲ့ နိမိတ်တွေပါပဲ။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အခြေခံပါပဲ။

နောက်တစ်ခါ ဘဝတစ်ပါး ပြောင်းသွားတော့ ဘဝသစ်မှာဖြစ်တာကို ပဋိသန္ဓေလို့ခေါ်တယ်။ ပဋိသန္ဓေသွားဖြစ်တာ ဝိပါက်စိတ်ပဲ။ ပဋိသန္ဓေစိတ်ဆိုတဲ့ ဝိပါက်စိတ်က ဘဝသစ်မှာ သွားဖြစ်တယ်။ အဲဒီဖြစ်တဲ့အခိုက်အတန့်ကိုတော့ ဝိပါကအခိုက်အတန့်လို့ခေါ်တယ်။ အခိုက်အတန့် ဘယ်နှမျိုးလဲ၊ (၄)မျိုး။ ဒီလောက်ပဲ သိမ်မွေ့နူးညံ့ပါတယ်။ သိမ်မွေ့နူးညံ့တဲ့ အခိုက်အတန့်(၃)မျိုးကို ကျော်လွန်ပြီးတော့ တရားနာပရိသတ်များ အခုလူ့ဘဝမှာ လာဖြစ်ရတာ၊ ဝိပါက်စိတ်တွေ ဖြစ်ရတာ ဝိပါကအခိုက်အတန့် ဖြစ်ပေတယ်။ ဘဝဟောင်းကနေ၍ ဘဝသစ် ပြောင်းပုံပါပဲ။

ဘဝသစ်မှာလာဖြစ်တဲ့ ပဋိသန္ဓေစိတ်ဆိုတာ ဝိပါက်စိတ်ပါပဲ၊ ဘဝဟောင်းကနေ၍ ဘဝသစ်ပြောင်းတာလည်း တရားနာပရိသတ်ဟောင်း၊ ယောဂီဟောင်းများ၊ ဥပုသ်သည်ဟောင်းများတော့ မကြာခဏ နာကြားဖူးပါတယ်။ ဘဝဟောင်းက စိတ်စေတသိက်တရားတွေပဲ ဝိညာဏ်လေးကပဲ ဘဝတစ်ပါးကို ပြောင်းလာတယ်လို့ ဒီလိုယူလိုက်မယ်ဆိုလို့ရှိရင်တော့ ဘာဒိဋ္ဌိဖြစ်သွားလဲဆိုတော့ သဿတဒိဋ္ဌိ ဖြစ်သွားတယ်။

ဘဝဟောင်းက စိတ်ကလေးကပဲ ဝိညာဏ်လေးကပဲ အသက်ကောင်လေးကပဲ ဘဝသစ်သို့ပြောင်းလာတယ်။ ငှက်ကလေးများ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ပျံပျံသွားသလိုပဲ။ ဘဝဟောင်းက ဝိညာဏ်လေးဟာ လိပ်ပြာကောင်လေးဟာ ဘဝသစ်သို့ ပြောင်းပြောင်းသွားပြီးတော့ လာခဲ့တယ်လို့ ယူလိုက်လို့ရှိရင် သဿတဒိဋ္ဌိအယူ ဖြစ်သွားတယ်။ ဒီလိုမဟုတ်ဘူး။ ဘဝဟောင်းကဟာတွေ ဘဝဟောင်းမှာပဲ ရပ်ခဲ့၊ ပျောက်ခဲ့ပြီလို့ နောက်ဘဝသို့ လိုက်မပါလာဘူး၊ ဘဝဆိုတာ တစ်ခုပဲရှိတယ်၊ နောက်ဘဝ မရှိဘူး၊ ဒီလိုယူလိုက်လို့ရှိရင်လည်း ဥစ္ဆေဒဒိဋ္ဌိ။ ဒီနှစ်ပါးမှလွတ်အောင် မြတ်စွာဘုရား

တရားတော်အရ သိဖို့ရာ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ကောင်းပေတယ်။

ဘဝသစ်မှာ လာဖြစ်တာဟာ ဘဝဟောင်းက အကြောင်းလည်း မကင်းဘူး။ ဥပမာအားဖြင့် - ပုံ့တင်သံနှင့်လည်းတူတယ်၊ အရိပ်နှင့်လည်းတူတယ်၊ မီးညှိထွန်းတာနှင့်လည်းတူတယ်၊ တံဆိပ်ခတ်နှိပ်တာနှင့်လည်းတူတယ်။

ဆောင်ပုဒ်။ ။ ပဲ့တင်အရိပ်၊ မီးတံဆိပ်၊ ခတ်နှိပ်သန္ဓေတူပေသည်။

"ပဲ့တင်သံ" တောထဲတောင်ထဲသွားပြီးတော့ အသံတွေ အော်လိုက်တယ်။ အော်လိုက်တော့ ပဲ့တင်သံတွေ ပြန်ပြီးတော့ ကြားလာတယ်။ အဲဒီပဲ့တင်သံဟာ ဒီကအော်လိုက်တဲ့ အသံလား၊ တခြားစီလား။ ပြန်ကြားတဲ့ ပဲ့တင်သံနဲ့ အော်လိုက်တဲ့အသံက အတူတူပဲလား၊ တခြားစီလားလို့ ဆိုလို့ရှိရင် ... တခြားစီပါဘုရား။ တခြားစီပဲ။ တခြားစီပင် ဖြစ်ငြားသော်လည်း ဒီပဲ့တင်သံဟာ ပကတိအော်လိုက်တဲ့ အသံနဲ့ကင်းပြီးတော့ ဖြစ်မှုဖြစ်ပါ့မလား ... မဖြစ်ပါဘုရား။ မဖြစ်ပေဘူး။

အဲဒီလိုပါပဲ။ အကြောင်းအကျိုးပဲ။ ဘဝဟောင်းက ကံစသည့်အကြောင်းကြောင့် ဘဝသစ်မှာ လာဖြစ်ရတာဖြစ်တယ်။ အကြောင်းအကျိုး မကင်းဘဲနဲ့ လာဖြစ်တယ်။ ဘဝဟောင်းကတရားတွေ လိုက်ပါလာတာ၊ နာမ်တရားတွေ လိုက်ပါလာတာလည်း မဟုတ်ပေဘူး။ ဘဝဟောင်းက ကံအစရှိတဲ့ အကြောင်းကြောင့် ဘဝသစ်မှာ လာဖြစ်ရတာဖြစ်တယ်။ ပဋိသန္ဓေနေရတာဖြစ်တယ်။ တရားနာပရိသတ်များ ဖြစ်ခဲ့တဲ့ ဖြစ်ပုံတွေပါပဲ။

အရိပ်ဆိုတာကတော့ ကိုယ်လုံးပေါ်မှန်ရှေ့မှာ လူတစ်ယောက် သွားရပ်နေတယ်။ မှန်ထဲမှာ အရိပ်မထင်လာပါဘူးလား ... ထင်လာပါတယ်ဘုရား။ မှန်ထဲမှာရှိတဲ့အရိပ်နဲ့ ရပ်နေတဲ့လူက အတူတူပဲလား၊ တခြားစီလားလို့မေးရင် ... တခြားစီပါဘုရား။ တခြားစီပဲ။ မှန်ထဲကအရိပ်ဟာ ဒီလူပဲလို့ ပြောလို့ ရမှရပါ့မလား ... မရပါဘုရား။ မရပေဘူး။ ဒါပေမဲ့လည်း ရပ်နေတဲ့လူနဲ့ ဒီအရိပ်ဟာ ကင်းပြီးတော့ ဖြစ်လို့ရပါသလား ... မရပါဘုရား။ ရပ်နေတဲ့လူကြောင့် အဲဒီလူအရိပ် သွားထင်တာပဲ။ အဲဒီလိုပါပဲ။ ဘဝဟောင်းက ဘဝတစ်ပါးကကံနဲ့ ရပ်နေတဲ့လူနဲ့တူတယ်။ မှန်မှာထင်တဲ့လူရိပ်နဲ့ ဘဝသစ်မှာဖြစ်လာတဲ့ ပဋိသန္ဓေနေလာတဲ့ပုဂ္ဂိုလ်နဲ့တူတယ်။ အကြောင်းတော့ ကင်းပါရဲ့လား ... မကင်းပါဘုရား။ ဘဝဟောင်းက ကံတည်းဟူသောအကြောင်း၊ ဥပါဒါန်တည်းဟူသောအကြောင်း စသည့်အကြောင်းကြောင့် ဘဝသစ်မှာ လာပြီးတော့ဖြစ်ရတာ မှန်ထဲကအရိပ်နဲ့တူတယ်။

မီးဆိုတာကတော့ အိမ်ခြေတစ်ရာရှိတဲ့ရွာမှာ ရှေးဦးစွာ တစ်အိမ်ကပဲ မီးထွန်းထားတယ်။ နောက်အိမ်နောက်အိမ်တွေက လာပြီးကော့ ဒီအိမ်မှာ မီးထွန်းယူကြရတယ်။ ထွန်းယူသွားတဲ့ နောက်အိမ်နောက်အိမ်တွေမှာ ထွန်းထားတဲ့မီးတွေဟာ ပထမဒီအိမ်က မီးပဲလားလို့ဆိုလို့ရှိရင် ... မဟုတ်ပါဘုရား။ ဒါဖြင့် ဒီအိမ်ကမီးနဲ့ ပထမအိမ်ကမီးနဲ့ ကင်းပြီးတော့ ရသွားတာ ဟုတ်ပါရဲ့လား ... မဟုတ်ပါဘုရား။ မကင်းပေဘူး။ ပထမအိမ်ကမီးကပဲ ရယူသွားတာပဲ။ ဒါကြောင့် အကြောင်းတော့ မကင်းပေဘူး။ ပထမအိမ်ကမီးနဲ့ ဘဝဟောင်းက ကံနဲ့တူတယ်။ နောက်နောက်အိမ်တွေမှာ သွားသွားပြီးလင်းနေတဲ့ မီးတွေကတော့ ဘဝသစ်မှာ သွားဖြစ်တာနဲ့တူတယ်။

"ပဲ့တင်အရိပ်၊ မီးတံဆိပ်၊ ခတ်နှိပ်သနွေတူပေသည်"ဟု ဆိုရာ၌ တံဆိပ်တုံးနှင့်တူပုံမှာ တံဆိပ်တုံးကို မင်တွေသုတ်ပြီးတော့ စက္ကူပေါ်မှာ ရိုက်ချလိုက်တဲ့အခါ စာတွေထင်နေတယ်။ စာရွက်ပေါ်မှာ ထင်နေတဲ့ စာတွေဟာ တံဆိပ်တုံးထဲက စာတွေလားလို့မေးရင် ... မဟုတ်ပါဘုရား။ မဟုတ်ပေဘူး။ တံဆိပ်တုံးထဲကစာနဲ့ ကင်းပြီးတော့ ဖြစ်လို့ရပါရဲ့လား ... မရပါဘုရား။ မရပေဘူး။ ဒါကြောင့် တံဆိပ်တုံးထဲကစာက အကြောင်းဖြစ်တယ်။ စာရွက်မှာ သွားထင်တဲ့စာက ... အကျိုးပါဘုရား။ အကျိုးတရားဖြစ်တယ်။ တံဆိပ်တုံးထဲမှာရှိတဲ့စာက ဘဝဟောင်းမှာရှိတဲ့ ကံနဲ့တူတယ်။ စာရွက်ပေါ်မှာ ထင်လာတဲ့စာတွေက ဘဝသစ်မှာဖြစ်တဲ့ ဝိညာဏ်ဝိပါက်စိတ်နဲ့တူတယ်။

ဘဝသစ်မှာဖြစ်လာပုံ၊ ဘဝဟောင်းကအကြောင်းကြောင့် ဘဝသစ်မှာဖြစ်လာပုံလေးဖြစ်တယ်။ အဲဒါလေးကို သိထားလို့ရှိရင်တော့ သဿတဒိဋ္ဌိလည်းမဖြစ်တော့ဘူး။ ဥစ္ဆေဒဒိဋ္ဌိလည်းမဖြစ်တော့ဘူး။ နိမိတ်တွေထင်လာပုံ၊ ဘဝသစ်မှာဖြစ်ရပုံ အဲဒါလေးတွေကို တရားနာပရိသတ်များလည်း ဘဝတိုင်းဘဝတိုင်း ဒီလိုပဲ ပြောင်းလာခဲ့ကြရတာပဲဖြစ်တယ်။ ကံတွေကြောင့် ဘဝသစ်တွေမှာ ဖြစ်ရတယ်။ ဘဝဟောင်းက ဘဝသစ်ကို ပြောင်းခါနီးမှာ နိမိတ်တွေ ထင်လာကြတယ်။ အဲဒီနိမိတ်တွေထင်လာတာကို ကြည့်ပြီးတော့ ဒီပုဂ္ဂိုလ်ကတော့ ကောင်းရာသုဂတိ ရောက်တော့မှာပဲ၊ ဒီပုဂ္ဂိုလ်ကတော့ မကောင်းတဲ့ ဘုံဘဝတွေ ရောက်တော့မှာပဲလို့ သိလို့ရပါတယ်။

အဲဒီနိမိတ်တွေကိုလည်း အာသန္နကံအနေနဲ့ ပြောင်းလဲပေးလို့လည်း ရပါတယ်။ မိတ်ကောင်းဆွေကောင်းတွေက ပြောင်းသွားအောင် ကုသိုလ်ကောင်းမှုတွေ ဆက်ပေးလိုက်လို့ရှိရင် ပြောင်းလဲသွားတတ်ပါတယ်။

တစ်ချိန်သောအခါ သီဟိုဠ်ကျွန်းမှာ၊ သောဏတောင်ခြေမှာ၊ အစေလရှာ ကျောင်းလို့ ရှိပါတယ်။ အဲဒီသောဏတောင်ခြေမှာရှိတဲ့ အစေလရှာကျောင်း မှာ မထေရ်တစ်ပါးရှိတယ်။ သူ့ဘွဲ့တော်ကလည်း အရှင်သောဏမထေရ်တဲ့။ ဓမ္မကထိကမထေရ်ဖြစ်တယ်။ တရားဟောဓမ္မကထိကဆရာတော်ဖြစ်တယ်။ သူ့ဖခင်ကတော့ ဘာလုပ်သလဲဆိုရင် ခွေးမုဆိုး တောမုဆိုးလုပ်တယ်။ သောဏမထေရ် နည်းနည်းမှ မနှစ်သက်ပေဘူး။ မကြာခဏ တိုက်တွန်း တယ်။ "ဒကာကြီး ... ဒီအလုပ်တွေ မလုပ်ပါနဲ့။ ဘုန်းကြီးက ဓမ္မကထိက တရားဟောဆရာ၊ ဒကာကြီးက မုဆိုးလုပ်နေရင် တော်ပါ့မလား" အကြိမ် ကြိမ်အဖန်ဖန် တရားဟောပါတယ်။ မရပေဘူး။ သူ့အတိတ်က အကြောင်း တွေကို။ မရဘူး။ တစ်သက်လုံးပဲ သူမုဆိုးလုပ်နေတယ်။

နောက်တော့ အိုလာတဲ့အခါ အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ မလုပ်နိုင် တော့ပေဘူး။ မလုပ်နိုင်တော့ "ဒကာကြီး ... သာသနာဘောင်သို့ ဝင်ရ မယ်"။ မဝတ်ချင် ဝတ်ချင်နဲ့ အတင်းသင်္ကန်းဝတ်ခိုင်းထားတယ်။ ဝတ်နေ ပြီးတော့နောက် ကွယ်လွန်လောက်တဲ့ ရောဂါဝေဒနာ စွဲကပ်လာတယ်။ စွဲ ကပ်လာတဲ့အခါ ဦးပဉ္စင်းကြီး မြောသွားပြီး ပြန်သတိရတယ်။ "ငါ့သား သော ဏ ... မောင်းပါဦး၊ ကိုက်တော့မယ်"။ ထအော်တယ်။ ထအော်တော့ "ဦး ပဉ္စင်းကြီး ... ဘာတွေပြောနေတာလဲ၊ ဘာတွေကိုက်မှာလဲ" "အို- ခွေးနက် ကြီးတွေ ကိုက်တော့မယ်၊ သင်မတွေ့ဘူးလား"ဟုပြောတယ်။ ငရဲနိမိတ် ထင် လာတာဖြစ်တယ်။ သောဏမထေရ်က "ငါကဲ့သို့သော ဓမ္မကထိကမထေရ် တစ်ပါးရဲ့ဖခင် ငရဲသို့ ကျရောက်သွားတယ်ဆိုတာ မတော်ပေဘူး"ဟု ဆင် ခြင်ကာ -

ကိုရင်တွေကိုခေါ်ပြီး "ကိုရင်တွေ သွားကြ၊ ပန်းတွေလိုက်ခူးကြ၊ ပန်းတွေလိုက်ခူးပြီးတော့ ဗောဓိပင်ရင်ပြင်မှာလည်း ခင်းထားကြ၊ စေတီရင်ပြင်မှာလည်း ခင်းထားကြ၊ စေတီကိုလည်း ပူဇော်ထားကြ"ဟု မိန့်ကြားတယ်။ ကိုရင်တွေ အားလုံးပြုလုပ်ပြီးတဲ့အခါ ဦးပဥ္စင်းကြီးကို ကုတင်ညောင်စောင်းနဲ့တကွ "မ"ယူသွားပြီးတော့ ဘုရားရင်ပြင်တော်ပေါ်မှာ သွားချပြီး "ဦးပဥ္စင်းကြီး ... မျက်စိဖွင့်ကြည့်စမ်းပါဦး၊ ဘုရားမှာ မီးတွေ ပူဇော်ထားတယ်၊ ပန်းတွေ ဆက်ကပ်ထားတယ်၊ တွေ့ရဲ့လား" "တွေ့ပါတယ်ဘုရား" "စေတီကိုကော မြင်ရဲ့လား" "မြင်ပါတယ်ဘုရား" "အဲဒါ ဦးပဥ္စင်းကြီးအတွက် ပူဇော်ထားတာပဲဖြစ်တယ်။ တပည့်တော်ရဲ့ လက်ဆောင်ကတော့ အကောင်းဆုံးလက်ဆောင်ပဲ။ ဘုရားကို ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပါစေ၊ ပန်းတွေ လှူနေတဲ့စိတ်တွေ ဖြစ်ပါစေ"ဟု သတိပေးတရား ဟောကြားတယ်။ ဘယ်သူက သတိပေးတရား ဟောကြားနေပါသလဲ ... သောဏမထေရ်က သတိပေးတရား ဟောကြားနေပါတယ်ဘုရား။

သောဏမထေရ်က သတိပေးတရား ဟောကြားလိုက်တော့ ဦးပဥ္စင်းကြီး သတိတွေရပြီး စေတီကိုအာရုံပြု၊ ပန်းတွေလှူထားတဲ့ အခြင်းအရာတွေကို တွေ့ရပြီး တစ်ခါမေ့မြောသွားပြန်တယ်။ မြောသွားပြီးတော့ ပြန်သတိရလာတော့ "သောဏတို့ ... ကိုရင်တို့ ... ဖယ်ကြလော့၊ ဖယ်ကြလော့" "ဘာလို့ ဖယ်ရမှာလဲ ဦးပဥ္စင်းကြီး" "သင်တို့ရဲ့ မိခင်တွေ လာနေတယ်၊ ဖယ်ကြ ဖယ်ကြ"ဟုပြောတယ်။ ဘယ်သူတွေ လာနေသလဲဆိုတော့ နတ်သမီးတွေ ရောက်လာလို့ ဖယ်ကြ ဖယ်ကြလို့ပြောတယ်။ နတ်ပြည်နိမိတ်တွေ မထင်သွားပါဘူးလား ... ထင်သွားပါတယ်ဘုရား။

အရှင်သောဏမထေရ်သည် "ဦးပဋ္ဌင်းကြီးကတော့ ကောင်းရာနိမိတ်တွေ ထင်သွားပြီ"ဟုဆိုပြီးတော့ နောက်ထပ် ဘာမှပြောဟောခြင်း မပြုတော့ပေဘူး။ ဦးပဋ္ဌင်းကြီးလည်း ပျံလွန်တော်မူသွားပြီး နတ်ပြည်ရောက်သွားတယ်။ ကွယ်လွန်ခါနီးမှာ ဂတိနိမိတ်ထင်တာ ပထမတော့ ဘာနိမိတ်ထင်လာပါသလဲ၊ ငရဲနိမိတ် ထင်လာတယ်။ ခွေးကြီးတွေ ကိုက်စားတော့မယ့် အခြင်းအရာတွေ ထင်လာတယ်။ ငရဲအိုး၊ ငရဲထိန်း၊ ခွေးနက်ကြီးစတဲ့ ဒီလိုနိမိတ်တွေ ထင်လာတာ ငရဲနိမိတ်ထင်လာတာဖြစ်တယ်။ နောက်တော့ သားဖြစ်တဲ့ သောဏမထေရ်က ကုသိုလ်ကောင်းမှုတွေ ဆက်ပေးကာ အာရုံပြောင်းပေးလိုက်တော့ နတ်ပြည်ဂတိနိမိတ် ထင်လာပြီး နတ်ပြည်ရောက်သွားတယ်။ ကွယ်လွန်ခါနီးမှာ ထင်မြဲမမှတာပါပဲ။ (ဥပရိပဏ္ဏာသ-၄၁-၈၈)

ဝိပါက်နဲ့ ကံနဲ့ဟာ အကြောင်းနဲ့အကျိုးပဲ။ ကံတွေက ကမ္မပစ္စည်းတရားက အကြောင်းတရား။ ဝိပါက်က အကျိုးတရား။ ဝိပါက်တွေဟာ ဘဝါဘဝမှာဖြစ်ရတဲ့ ပဋိသန္ဓေဝိပါက်ဝိညာဏ်တွေဖြစ်တယ်။ အဲဒီဝိပါက်ဝိညာဏ်တွေဟာ ပဝတ္တိအခါမှာလည်း မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိဆိုတဲ့ ဝိပါက်ဝိညာဏ်တွေ ဖြစ်ကြရတာဖြစ်တယ်။ တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေတဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်တွေဟာ ဝိပါက်ဝိညာဏ်တွေပဲဖြစ်တယ်။

အဲဒီမြင်သိစိတ်ဆိုတာ ကောင်းတဲ့မြင်သိစိတ်လည်းဖြစ်တယ်၊ မကောင်းတဲ့ မြင်သိစိတ်လည်းဖြစ်တယ်။ မမြင်ချင်တဲ့ အဆင်းတွေ၊ ဆန့်ကျင်ဘက်ဖြစ်တဲ့ မကြည့်ချင်တာတွေ မြင်ရလို့ရှိရင် အနိဋ္ဌာရုံမြင်ရတော့ အကုသလဝိပါက်ဖြစ်တယ်၊ အကုသိုလ်ရဲ့ အကျိုးပေးဖြစ်တယ်။ ဘဝါဘဝက မိမိပြုခဲ့တဲ့ အကုသိုလ်ရဲ့ အကျိုးပေးတွေပါပဲ။

တစ်ခါတစ်ရံကျတော့ ကောင်းဟာတွေ မြင်ရတယ်။ ကျောင်းဘုရားစေတီတွေ၊ ကြည်ညိုဖွယ်ရာတွေ မမြင်ရပါဘူးလား ... မြင်ရပါတယ်ဘုရား။ ဒါကတော့ ကုသလဝိပါက်၊ မိမိဘဝါဘဝက ကောင်းမှုတွေပြုခဲ့လို့ ကောင်းကျိုးတွေ မြင်လာ၊ ထင်လာတာပါပဲ။

နားကကြားတော့လည်း ဒီလိုပဲ။ တစ်ခါ မကြားချင်တဲ့အသံတွေ၊ အလွန်ဆိုးဝါးတဲ့ အသံတွေ၊ ကြိမ်းမောင်းဆဲဆိုနေတဲ့ အသံတွေ ကြားရတာ ဘာဝိပါက်ပါလဲ ... အကုသလဝိပါက်ပါဘုရား။ အကုသလဝိပါက်ဖြစ်တယ်။ တစ်ခါတစ်ရံကျတော့လည်း ကောင်းတဲ့အသံတွေ ကြားရတယ်။ တရားသံတွေ ရွတ်ဖတ်သရဇ္ဈာယ်နေတာ၊ အလွန်သာယာတဲ့ အသံတွေ၊ အလွန်ကြည်နူးစရာကောင်းတဲ့ အသံတွေ ကြားနေရတာကတော့ ကုသလဝိပါက်ဖြစ်တယ်။ ကောင်းကျိုးနှင့် မကောင်းကျိုး နှစ်မျိုး နှစ်မျိုးဖြစ်တယ်။

နှာခေါင်းက နံတဲ့အခါမှာလည်း ဒီလိုပဲ။ ကောင်းတဲ့အနံ့တွေ နံရတဲ့အခါကျတော့ ကုသလဝိပါက်။ မကောင်းတဲ့အနံ့တွေ နံရတဲ့အခါကျတော့ ... အကုသလဝိပါက်ပါဘုရား။

လျှာကလည်း ဒီအတိုင်းပါပဲ။ ကောင်းတဲ့အာဟာရတွေ မှီဝဲရတဲ့အခါကျတော့ ကုသလဝိပါက်၊ ကောင်းတဲ့အစားအစာ အာဟာရတွေ မှီဝဲရတဲ့အခါကျတော့ ကုသလဝိပါက် ကုသိုလ်ရဲ့ အကျိုးဖြစ်တယ်။ မိမိဘဝါဘဝက ကုသိုလ်ကောင်းမှုတွေ ပြုခဲ့လို့ ခုလို ကောင်းကျိုးတွေနဲ့ လာတွေ့ရတာဖြစ်တယ်။ တစ်ခါတစ်ရံကျတော့ မကောင်းတဲ့ အာဟာရတွေ မှီဝဲသုံးဆောင်ရတယ်။ မကြိုက်တာတွေ၊ မနှစ်သက်တာတွေ စားရတဲ့အခါကျတော့ ကုသလဝိပါက်လား၊ အကုသလဝိပါက်လား ... အကုသလဝိပါက်ပါဘုရား။ အကုသလဝိပါက်ဖြစ်တယ်။

ခန္ဓာကိုယ်မှာ အတွေ့အထိမှာလည်း ဒီအတိုင်းပါပဲ။ ကောင်းတဲ့ အတွေ့ အထိတွေ၊ သိမ်မွေ့နူးညံ့တဲ့ အတွေ့အထိတွေ တွေ့ထိရတော့ ကုသလဝိပါက်။ မကောင်းတဲ့ အတွေ့အထိတွေ၊ မတွေ့ချင်တာတွေနှင့် တွေ့ရတဲ့အခါကျတော့၊ ကြမ်းတမ်းတဲ့ အတွေ့တွေ၊ ဒုက္ခတွေနဲ့ တွေ့ရတာကတော့ အကုသလဝိပါက်။ တရားအားထုတ်တဲ့အခါမှာ ကုသိုလ်များခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ ချမ်းချမ်း သာသာ ထိုင်လို့ရတယ်။ အကုသိုလ်များခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ ပင်ပန်း လိုက်တာ၊ ဒုက္ခများလိုက်တာ၊ ဒုက္ခကိုတွေ့လိုက်တာမှ တစ်ခါတည်း ဘယ် လိုမှန်းကို မသိတော့ဘူး။ ဒီခန္ဓာကိုယ်ကြီးကိုတော့ -

စိတ်တော့ မညစ်ရပေဘူး။ ဘဝါဘဝက မိမိမကောင်းခဲ့လို့ အခုတရား အားထုတ်တဲ့အခါ ဒုက္ခတွေ ခံနေရတာ။ ယိမ်းလိုက်၊ ယိုင်လိုက်၊ ဆွဲလိုက်၊ ယမ်းလိုက်၊ အော့ချင်အန်ချင်ဖြစ်လိုက်၊ မူးလိုက်၊ ယားလိုက် မဖြစ်ပါဘူး လား ... ဖြစ်ပါတယ်ဘုရား။ တချို့ကတော့ နည်းနည်း၊ တချို့ကတော့ များ များဖြစ်တယ်။ ရက်ပေါင်းများစွာ တချို့ကဖြစ်တယ်။ ဘယ်သူ့ကြောင့် ဖြစ် နေရတာလဲဆိုတော့ ... အကုသလဝိပါက်ကြောင့်ပါဘုရား။ အကုသိုလ်ကံ တွေကြောင့် ဒီမှာ အကုသလဝိပါက်တွေ လာဖြစ်နေရတာ။ မှတ်လို့နိုင်သွား ရင်တော့ အဲဒီ အကုသလဝိပါက်တွေ ကင်းပျောက်သွားတယ်။

ဝိပဿနာဉာဏ်တွေ အားရှိလာတဲ့အခါ မပျောက်သွားပါဘူးလား ... ပျောက်သွားပါတယ်ဘုရား။ ပျောက်သွားတယ်။ ကိုယ်ကာယမှာလည်း ချမ်း သာတဲ့ အတွေ့လည်း တွေ့ရတယ်။ ဆင်းရဲတဲ့ အတွေ့လည်း တွေ့ရတယ်။ တရားအားထုတ်တဲ့အခါကျတော့ ချမ်းသာတဲ့အတွေ့ တွေ့ရတဲ့ ပုဂ္ဂိုလ်ကလည်း ချမ်းသာသည့်အလျောက် ရှုမှတ်ရတာပဲ။ သုခဝေဒနာပေါ့။ "သုခသဟဂတံ ကာယဝိညာဏံ" ဆိုတဲ့အတိုင်း သုခသဟဂုတ် ကာယဝိညာဏ်ဖြစ်တယ်။ အဲ ဒီမှာဖြစ်တော့ ကာယဝိညာဏ်က ဝေဒနာတွေနဲ့ တွဲပြီးတော့ဖြစ်တယ်။

ဘဝါဘဝက ကောင်းမှုကုသိုလ်အထူးတွေ ပြုခဲ့တဲ့ပုဂ္ဂိုလ်၊ ကောင်းမှုတွေ များတဲ့ပုဂ္ဂိုလ်ကျတော့ သုခဝေဒနာက ပိုပြီးတော့ မထင်ရှားပါဘူးလား ... ပို ပြီးထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။ သုခဝေဒနာပေါ်လာလို့ရှိရင်လည်း ဒီသုခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရမယ်။

ဘဝါဘဝက အကုသိုလ်က သိပ်များခဲ့တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်တော့ ဒုက္ခ ဝေဒနာက ပိုထင်ရှားတယ်။ အဲဒီဒုက္ခဝေဒနာကိုလည်း လွှမ်းမိုးအောင် မှတ် သွားနိုင်ရမယ်။ သုခနဲ့ဒုက္ခကို ကျော်လွန်သွားအောင်၊ လွှမ်းမိုးအောင် ရှု မှတ်နိုင်ဖို့ကတော့ အရေးကြီးဆုံးပါပဲ။

ပထမဆုံး တရားအားထုတ်ခါစမှာတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥ ပေက္ခာဝေဒနာလို့ (၃)မျိုးရှိတဲ့အနက်က ဘယ်ဝေဒနာကို ရှေးဦးစွာ တွေ့ရ ပါသလဲ ... ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ရပါတယ်ဘုရား။ ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ရတယ်။ အဲဒီဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရင် ယောဂီအတွက် တရားအားထုတ်ရတာ တစ်ဝက်လောက်တော့ သေချာသွား ပြီ။ ဒုက္ခဝေဒနာကိုရှုမှတ်ပုံ ယောဂီဟောင်းများတော့၊ တရားနာပရိသတ် ဟောင်းများတော့ မကြာခဏ မနာကြားရပါဘူးလား ... နာကြားရပါတယ် ဘုရား။ နာကြားရတယ်။

ဒုက္ခဝေဒနာကိုရှုမှတ်ပုံ ခုခေတ်အခါမှာ (၃)မျိုးကွဲပြားနေပါတယ်။ ဒီ ဝေဒနာလေး ပျောက်သွားရအောင် ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီး တော့ ရှုမှတ်တာကတစ်မျိုး၊ ဒီဝေဒနာကိုတော့ ဒီတစ်ထိုင်မှာ အပြတ်တိုက် ထုတ်တော့မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ပြီးတော့ ရှုမှတ်တာကတစ်မျိုး၊ ဝေဒနာရဲ့သဘောကို သိအောင်ရှုမှတ်တာကတစ်မျိုးလို့ ဘယ်နှမျိုးပါလဲ ... (၃)မျိုးပါဘုရား။ (၃)မျိုး။

ဝေဒနာကို ပျောက်သွားရအောင် ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီးတော့ ရှုမှတ်တာက၊ ဝေဒနာပျောက်ချင်နေတာက တရားကိုယ်ကောက်လိုက်တော့ ချမ်းသာကို လိုချင်နေတဲ့ လောဘဖြစ်တယ်။ တရားရှုမှတ်တယ်ဆိုတာ လောဘကင်းအောင် အားထုတ်တာလား၊ လောဘတွေ ပွားအောင် အားထုတ်တာလား ... လောဘကင်းအောင် အားထုတ်တာပါဘုရား။ လောဘကင်းအောင် အားထုတ်တာ။

အခုတော့ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာဆိုသလိုပဲ ပျောက်ချင်နေတဲ့ လောဘတွေ ကြားညပ် ကြားညပ်ပါနေတော့ ကိလေသာကြားညပ်လို့ တရားတွေ တော်တော်နဲ့ တွေ့နိုင်ပါ့မလား ... မတွေ့နိုင်ပါဘုရား။ တရားတွေ့ပြီးတဲ့ပုဂ္ဂိုလ်ကလည်း တရားတွေ တော်တော်နဲ့ မတက်နိုင်တော့ပေဘူး။ တရားထူးတရားမြတ်တွေရနိုင်တဲ့ ပုဂ္ဂိုလ်တောင်မှ တော်တော်နဲ့ မရနိုင်တော့ပေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိလေသာကြားညပ်နေလို့။ ဒါကြောင့် ဒီရှုနည်းမှတ်နည်းကိုလည်း မယူသင့်ပေဘူး။ ရှောင်ကြဉ်ရမယ်။

ဒီဝေဒနာကို ဒီတစ်နေ့၊ ဒီတစ်ထိုင်မှာတော့ အပြတ်တိုက်ထုတ်တော့မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ထားတယ်။ စိတ်ကြမ်းကြီးဆိုတာ တရားကိုယ်ကောက်လိုက်တော့ စိတ်နဲ့အတူတကွဖြစ်တဲ့ ဒေါမနဿ ဒေါသ။ တရားရှုမှတ်တယ်ဆိုတာ ဒေါသကင်းအောင် ရှုမှတ်တာလား၊ ဒေါသပွားအောင် ရှုမှတ်တာလားဆိုတော့ ... ဒေါသကင်းအောင် ရှုမှတ်တာပါဘုရား။ ဒေါသကင်းအောင် ရှုမှတ်တာဖြစ်တယ်။

ယခုတော့ မှတ်နေတဲ့ကြားထဲမှာ ပျောက်ရမယ် ပျောက်ရမယ်ဆိုတဲ့ စိတ်ကြမ်းကြီးက မပျောက်သေးဘူးလား၊ ပျောက်ကိုပျောက်ရမယ် စသည်ဖြင့်

စိတ်ကြမ်းကြီးကို တရားကိုယ်ကောက်လိုက်တော့ ဒေါသဖြစ်တယ်။ ဒေါသတွေ ကြားညပ် ကြားညပ်ပြီးတော့ပါနေတယ်။ ဒေါသတွေ ပွားနေသကဲ့သို့ဖြစ်တဲ့အတွက်ကြောင့် တော်တော်နဲ့ တရားမတွေ့နိုင်၊ တရားထူးတရားမြတ်တွေ တော်တော်နဲ့ မရနိုင်ဘဲ ဖြစ်နေတတ်တယ်။ ဒါကြောင့် ဒီရှုနည်းမှတ်နည်းကိုလည်း မယူသင့်ပါဘူး။ ရှောင်ကြဉ်ရမယ်။

ဝေဒနာရဲ့သဘောကို သိအောင်မှတ်။ "သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်"။ သဘောကိုသိမှ ဥဒယဆိုတဲ့ ဖြစ်၊ ဝယဆိုတဲ့ ပျက်ကို မြင်နိုင်တယ်။ ဖြစ်ပျက်မြင်မှ တရားထူးတရားမြတ်တွေ ဆက်ပြီးတော့ ရသွားနိုင်တယ်ဆိုတာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်လေးစီပြီး ညွှန်ကြားခဲ့တယ်။ သဘောကိုသိအောင်မှတ်၊ ဝေဒနာရဲ့သဘောကို သိအောင်ရှုမှတ်ရမယ်။

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ အောင့်တာ၊ မူးတာ၊ ယားတာ၊ ယိမ်းတာ၊ ယိုင်တာတွေ၊ ဒုက္ခဝေဒနာတွေ ပေါ်လာလို့ရှိရင် ဝေဒနာပြင်းထန်တာနဲ့အမျှ ယောဂီက စိတ်ကိုလည်းတင်း၊ ခန္ဓာကိုယ်ကိုလည်း တင်းမိတတ်တယ်။ အဲဒီလို မတင်းမိစေရဘူး။ ဒီဝေဒနာ ပျောက်မှပျောက်ပါတော့မလား၊ တစ်ထိုင်လုံးပဲ ခံနေရတော့မှာလားလို့ ကြောင့်ကြပူပန်မှုတွေလည်းဖြစ်နေတတ်တယ်။ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ အဲဒါတွေလည်း မရှိစေရပေဘူး။ စိတ်ကိုလည်း အနည်းငယ်လျှော့၊ ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျှော့ထားပြီးတော့ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချ။ ချတတ်တာနဲ့တစ်ပြိုင်နက်တည်း တော်တော့်ကို နေရာကျသွားပြီ။

ဝေဒနာကလည်း နာမ်တရား အလွန်လျင်မြန်တယ်။ စိတ်ကလည်း နာမ်တရား အလွန်လျင်မြန်တယ်။ လျင်မြန်တဲ့သဘောလေးပေါ်မှာ လျင်မြန်တဲ့စိတ်ကို၊ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချသွားနိုင်ပြီဆိုရင် စိတ်က အားကောင်းတဲ့အတွက် ဒီဝေဒနာကို လွှမ်းမိုးသွားနိုင်တယ်။ ချတတ်ရင်ပဲ အလွန်နေရာကျသွားပြီ။

**မနောပုဗ္ဗင်္ဂမာ ဓမ္မာ။**

**ဓမ္မာ** = နာမက္ခန္ဓာတရား(၄)ပါးတို့သည်၊ **မနောပုဗ္ဗင်္ဂမာ** = ဝိညာဏက္ခန္ဓာ လျှင် ရှေ့သွားရှိ၏၊ (ဝါ) ပြဓာန်းခြင်းရှိ၏။

စိတ်-ဝိညာဏက္ခန္ဓာက ပြဓာန်းတယ်။ စိတ်က ပိုအားရှိတယ်။ စိတ်က ပိုအားရှိတဲ့အတွက်ကြောင့် စိတ်တည့်တည့်ချလိုက်လို့ရှိရင် စိတ်ကပဲ ဝေဒနာကို လွှမ်းမိုးသွားတာ များပါတယ်။

တည့်တည့်လေးချပြီးတော့ ဒီဝေဒနာ နာနေတာဟာ ဘယ်လောက်နာနေသလဲ။ အသားပေါ် အရေပေါ်လောက်ပဲနာတယ် သို့မဟုတ် အကြောထိအောင်နာတယ်၊ အရိုးထိအောင်နာတယ် သို့မဟုတ် ရိုးတွင်းခြင်ဆီထိအောင် နာတယ်၊ စိတ်နဲ့သိအောင် စူးစိုက်။ စူးစိုက်ပြီးတဲ့အခါကျမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ပိုင်းခြား ပိုင်းခြားပြီးတော့ ရှုမှတ်ပါ။

အပေါ်ယံလေး ရုပ်ရုပ်ပြီးတော့ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ဒီလိုလည်း မရှုမှတ်ရပေဘူး။ ဒီလိုရှုမှတ်လို့ရှိရင် အပေါ်ယံလေး ရုပ်နေတဲ့အတွက်ကြောင့် သမာဓိမဖြစ်ဘူး။ ပိုနာလာလိမ့်မယ်။ ဝေဒနာ၏ သဘောတရားလေးကို၊ နာနေတဲ့ သဘောအခြင်းအရာလေးကို၊ နာနေပုံကို သိနိုင်သမျှသိအောင် စိတ်နဲ့စူးစိုက်။ စူးစိုက်ပြီးတော့ နာတယ်၊ ကျင်တယ်၊ အောင့်

တယ်လို့ ပိုင်းခြား ပိုင်းခြားပြီးတော့ မှတ်လို့ရှိရင် နာတဲ့အခြင်းအရာ နာပုံ အတိုင်းအရှည်ပမာဏကိုသိအောင် စူးစိုက်ရတဲ့အတွက်ကြောင့် စိတ်တည် ငြိမ်မှု သမာဓိ မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ဖြစ်သွား တယ်။

သမာဓိဖြစ်လာပြီဆိုလို့ရှိရင် လေးငါးချက်လောက် ဆင့်ကာဆင့်ကာ မှတ် လိုက်လို့ရှိရင် ပိုနာ၊ ပိုကျင်၊ ပိုအောင့်လာတာ ထင်ရှားလာတတ်ပါတယ်။ အထွတ်အထိပ်သို့ရောက်အောင် နာ၊ ကျင်၊ အောင့်ပြီးတဲ့အခါ ဝေဒနာလည်း အကြောင်းအားလျော်စွာ ပြန်မလျော့လာပါဘူးလား ... ပြန်လျော့လာပါ တယ်ဘုရား။ သည်းခံပြီးတော့ မှတ်လိုက်လို့ ပြန်လျော့လာတာ ယောဂီများ ကိုယ်တိုင် တွေ့ကြရတာပါပဲ။

သည်းတော့ သည်းခံရမယ်တဲ့။ ပထမဆုံးတော့ သည်းခံဖို့ရာ အရေးမ ကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။ နာလာတာနဲ့အမျှ ခန္ဓာကိုယ် ကို လှုပ်ချင်နေပြီဆိုရင်တော့ နေရာမှ ကျမှကျပါတော့မလား ... နေရာမ ကျပါဘုရား။ နေရာမကျတော့ပေဘူး။ သမာဓိ မဖြစ်တော့ဘူး။ နာလာလို့ရှိ ရင် ပိုငြိမ်ပေးရမယ်။ သည်းခံရမယ်။ စိတ်ကို လျှော့ထားရမယ်။ လေးငါး ချက်လောက် ဆင့်ကာဆင့်ကာမှတ်ရင် ပြန်လျော့သွား၊ တခြားနေရာသို့ ရွှေ့ သွား၊ တခြားနေရာမှာ သွားပေါ်နေတာတွေ ယောဂီကိုယ်တိုင် တွေ့မြင်သွား တယ်။

တွေ့မြင်သွားတဲ့အခါ ဝေဒနာဆိုတာ တကယ်တော့ မြဲနေတာလည်း မ ဟုတ်ပေဘူး။ တိုးတိုးပြီးတော့လည်း နာတာပဲ၊ လျော့လျော့လည်းသွားတာ ပဲ။ တိုးတိုးသွားတာ လျော့လျော့သွားတာ သဘောတရားလေးပဲ၊ မြဲတာတော့

မဟုတ်ဘူး။ တိုးတဲ့အခါလည်းတိုး၊ လျော့တဲ့အခါလည်း လျော့သွားတယ်လို့ ဝေဒနာရဲ့ သဘောတရားလေးတွေ စပြီးတော့ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ သဘောသိသွားပြီဖြစ်တယ်။ "သဘောသိမှု၊ ဥဒယ၊ ဝယမြင်နိုင်သည်"ဆိုသည့်အတိုင်း ဖြစ်ခိုက်ကလေး ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချပြီး ရှုမှတ်လိုက်ရင် သဘောကို စသိလာတယ်။ ဝေဒနာတွေ ပြောင်းလဲ ပြောင်းလဲနေတာ၊ တိုးတိုးနာသွားတာ၊ လျော့လျော့နာသွားတာ ဝေဒနာရဲ့သဘောကို သိတာဖြစ်တယ်။

သိသွားပြီးတဲ့နောက် ဆင့်ကာဆင့်ကာရှုမှတ်လို့ သမာဓိဉာဏ်တွေ အားရှိလာတဲ့အခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ရှုမှတ်လိုက်ရင် တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ်တစ်ချက် တခြားနေရာသို့ ရွေ့သွားတာ ယောဂီများ ကိုယ်တိုင်တွေ့ကြရတယ်။ ထို့နောက် အထွတ်အထိပ်သို့ရောက်အောင် နာကျင်ပြီး ပြန်လျော့လာတဲ့အခါမှာလည်း တစ်ချက်မှတ် တစ်ချက်သက်သာ၊ တစ်ချက်မှတ် တစ်ချက်သက်သာ၊ တစ်ချက်မှတ်တစ်ချက် တခြားနေရာသို့ ရွေ့နေတာ ပြောင်းနေတာ၊ ဒီနေရာက ပျောက်သွားပြီးတော့ တခြားနေရာမှာ သွားပေါ်နေတာ ယောဂီများ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ တွေ့ရတယ်။ ဝေဒနာဆိုတာ ပြောင်းလဲနေတာပဲ။ မှတ်တိုင်းမှတ်တိုင်း ပြောင်းလဲနေတာပဲ။ ဖြစ်ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတာပဲဟု ဝေဒနာရဲ့သဘောကို ပိုပြီးတော့ သိလာတယ်။

နောက်တော့ သမာဓိဉာဏ်တွေ ဒီထက်ရင့်ကျက်လာပြီး ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့ယောဂီပုဂ္ဂိုလ် ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်လေးချပြီးတော့ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တာနဲ့ တစ်ချက်မှတ်တစ်ချက်

ယှူပစ်လိုက်သလို ကုန်ပျက်ကုန်ပျက်သွားတာ၊ နောက်ထပ် အသစ်အသစ်တွေ ပေါ်လာလို့ အသစ်အသစ်တွေကိုပဲ လိုက်မှတ်နေရတာဖြစ်တယ်။ စိတ်ညွတ်လိုက်တာနဲ့ ကုန်ပျက်သွား၊ စိတ်ညွတ်လိုက်တာနဲ့ ကုန်ပျက်သွားတာ ဉာဏ်ထက်တဲ့ယောဂီများ ကိုယ်တိုင်တွေ့ရတယ်။ တချို့တချို့ယောဂီများကတော့ မှတ်တောင် မမှတ်လိုက်ရသေးဘူး။ စိတ်ကညွတ်လိုက်တာနဲ့ ဝေဒနာက ကုန်သွား ပျက်သွားပြီဘုရားတဲ့။ ဟုတ်လိုက်တာ။ အဲဒီအဆင့် ရောက်သွားတဲ့အခါကျတော့ ဝေဒနာကို လွှမ်းမိုးသွားပြီ။

ဝေဒနာတွေကိုလွှမ်းမိုးနိုင်တဲ့ သမာဓိဉာဏ်အားကောင်းတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် ရှုနေဆဲခဏမှာ ပေါ်လာတဲ့ဝေဒနာတွေ ပျောက်ပျောက် ပျောက်ပျောက်သွားတာ၊ ကုန်ပျက်ကုန်ပျက်သွားတာ ထင်ရှားတယ်။ ထင်ရှားပြီးတဲ့နောက်ပိုင်းမှာ မရှုခင်ကရှိတဲ့ ဝေဒနာဟောင်းတွေ ပေါ်လာလို့ရှိရင်လည်း မှတ်လိုက်တာနဲ့ ကုန်သွား၊ မှတ်လိုက်တာနဲ့ ပျက်သွားနဲ့ မရှုခင်ကရှိခဲ့တဲ့ ဝေဒနာဟောင်းတွေ ပျောက်ပျောက်သွားတယ်။

ဉာဏ်ထက်တဲ့ယောဂီများကျတော့ ဆေးတောင် သိပ်မလိုတော့ဘူး ဘုရားတဲ့။ ဆေးစားရတာ ကြာပါတယ်။ မှတ်လိုက်လို့ရှိရင် ကုန်ပျက်ကုန်ပျက်သွားတော့ ရောဂါဝေဒနာဖြစ်တာ ခဏလေးနဲ့ သက်သာသွားတယ်။ ခေါင်းကိုက်ရင် ခေါင်းကိုစူးစိုက်ပြီး ရှုမှတ်လိုက်၊ ဇက်ထိုးရင် ဇက်ကိုစူးစိုက်ပြီး ရှုမှတ်လိုက်ရင် မကြာခဏပဲ ကုန်ပျက်ကုန်ပျက်ပြီးတော့ ရောဂါဝေဒနာ ပျောက်သွားတာ တွေ့ကြရတယ်။ ဝိပဿနာရဲ့ အစွမ်းသတ္တိဖြစ်တယ်။ နည်းမှန်လမ်းမှန် ဝေဒနာကို ရှုတတ်လို့ရှိရင် ရှုနေဆဲမှာ ပေါ်လာတဲ့ ဝေဒနာတွေ ပျောက်ပြီးတဲ့အပြင် မရှုခင်ကရှိခဲ့တဲ့ ဝေဒနာတွေပါ ပျောက်ပျောက်သွားတာကို တွေ့ကြရတယ်။ ဆောင်ပုဒ်လေး ဆိုရအောင်-။

ဆောင်ပုဒ် ။ ။ ရှုစဉ်ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ရမည်။

လွှမ်းမိုးအောင်လည်း ရှုမှတ်တတ်ရမယ်။ ရှုစဉ်မှာပေါ်လာတဲ့ ဝေဒနာတွေကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရမယ်။ နဂိုထဲက ဝေဒနာအခြေခံရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ပိုပြီးတော့ နာတာ၊ ကျင်တာ၊ အောင့်တာတွေ ထင်ရှားတယ်။ ပိုပြီးတော့ ခံရတယ်။ သည်းမခံရပါဘူးလား ... သည်းခံရပါတယ်ဘုရား။ သည်းခံရတယ်။ ဝေဒနာပေါ်ရင် သည်းခံဖို့ရာ အရေးကြီးတဲ့ အချက်တစ်ခုပဲ။ သည်းမခံဘဲ ပြောင်းချင်တဲ့စိတ်တွေက များနေရင်တော့ ဖြစ်မှဖြစ်ပါ့မလား ... မဖြစ်ပါဘုရား။ မဖြစ်ဘူး။ သေလောက်သည့် ရောဂါဝေဒနာကိုပင်လျှင် သည်းခံပြီးတော့ ရှုမှတ်ရမယ်ဟု မြတ်စွာဘုရား သုတ္တန်ဒေသနာတော်မှာ မကြာခဏ မိန့်ကြားတယ်။ သေလောက်သည့် ရောဂါဝေဒနာ ပေါ်လာသည့်တိုင်အောင်လည်း သည်းခံပြီးတော့ ရှုမှတ်နိုင်ရမယ်တဲ့။ ရှုမှတ်နိုင်မယ်ဆိုရင်တော့ တရားထူးတရားမြတ်တွေ ရသွားကြပါတယ်။

တစ်ချိန်သောအခါ မထေရ်ကြီးတစ်ပါး ကြိုးကြိုးစားစား မဂ်ရောက် ဖိုလ်ရောက် တရားတွေ အားထုတ်နေတယ်။ တစ်ညလုံး တရားတွေ အားထုတ်ပြီးတော့၊ အအေးတွေမိပြီးတော့ မနက်ကျတော့ လေထိုးတဲ့ရောဂါ ဖြစ်လာတယ်။ ပျံတော်မူမယ့် ရောဂါဆိုတော့ အလွန်ပြင်းထန်၍ အမှတ်သတိတွေ မေ့ပြီး အိပ်ရာထဲမှာ ဟိုဘက်လိမ့်လိုက် ဒီဘက်လိမ့်လိုက်နဲ့၊ သင်္ကန်းတွေလည်း မကပ်တော့ဘူး။ ဟိုလိမ့်ဒီလိမ့် ဖြစ်နေတယ်။

အဲဒီအခါ မထေရ်ကြီးတစ်ပါးရောက်လာတယ်။ ပိဏ္ဍပါတိကမထေရ်တဲ့။ ရောက်လာတဲ့အခါ သတိပေးစကား မိန့်ကြားလိုက်တယ်။ "အရှင်ဘုရား ... ရဟန်းတော်တွေဆိုတာ သည်းခံရခြင်းသဘောရှိပါတယ်ဘုရား"ဟု သတိပေး

လိုက်တယ်။ တစ်ချက်တည်း ငြိမ်ကျသွားတယ်။ မလှုပ်တော့ဘူး။ သူ့ဝေဒ နာပေါ်မှာ သူ့စိတ်တည့်တည့်ချပြီးတော့ ရှုမှတ်လိုက်တာ မကြာမီအချိန်အ တွင်းမှာပဲ ပျံလွန်တော်မူသွားတယ်။ ဘာအဖြစ်နဲ့ ပျံလွန်တော်မူသွားသလဲ ဆိုတော့ အနာဂါမ်အဖြစ်နဲ့ ပျံလွန်တော်မူသွားတယ်။ တရားထူးတရားမြတ် မရသွားပါဘူးလား ... တရားထူးတရားမြတ် ရသွားပါတယ်ဘုရား။

ပထမတော့ မခံနိုင်လို့ လိမ့်နေလူးနေတော့ သမာဓိတောင် မဖြစ်ပေ ဘူး။ နောက် ပိဋကတ်ပါတိကမထေရ်က သတိပေးစကား မိန့်ကြားလိုက်တော့ ချက်ချင်းပဲ သည်းခံလိုက်၍ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချပြီး တော့ ရှုမှတ်လိုက်တဲ့အခါ အနာဂါမ်ဖြစ်သည်အထိ တရားထူးတရားမြတ် တွေ ရသွားတယ်။ အထူးသတိထားစရာ မကောင်းပါဘူးလား ... အထူးသ တိထားစရာ ကောင်းပါတယ်ဘုရား။

ရောဂါဝေဒနာ ဘယ်လောက်ပဲပြင်းထန် ပြင်းထန် လူးလိမ့်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ သည်းမခံတဲ့သဘောတွေကိုတော့ မဖြစ်စေရဘူးတဲ့။ သေ လောက်တဲ့ရောဂါ သေရမယ့်ရောဂါမှ တရားနာပရိသတ်များ လွတ်မှလွတ် ပါ့မလား ... မလွတ်ပါဘုရား။ မလွတ်ဘူး။ မုချတွေ့ရမှာဖြစ်တယ်။ ယခုက နေပြီးတော့ အားတွေယူနေရတယ်။ အခုလို ရှုမှတ်နေရတာ တကယ်တမ်း ပန်းတိုင်ဝင်တဲ့အခါကျတော့ ချမ်းချမ်းသာသာနဲ့ ဝင်နိုင်ရအောင်လို့ ရှုမှတ် နေရတာဖြစ်တယ်။ ဝေဒနာကို လွှမ်းမိုးနိုင်အောင် ရှုမှတ်နေရတာ မဟုတ် ပါဘူးလား ... ဟုတ်ပါတယ်ဘုရား။

သေလောက်တဲ့ ရောဂါဝေဒနာဖြစ်လာ၍ သေရတော့မယ်လို့ သိလာတတ် ကြပေတယ်။ ဒီဝေဒနာကတော့ ဒီဘဝမလွန်မြောက်နိုင်တော့ဘူး၊ မျှော်လင့်

ချက် မရှိတော့ဘူး။ အဲဒီလို သိသွားတဲ့အခါ ကိုယ်နဲ့အသက်ကို မင့်ကွက်တော့ပေဘူး။ ဒီဘဝအတွက် ဘာမှငဲ့ကွက်စရာ မရှိတော့ပေဘူး။ မိမိမှတ်အားရှိသလောက် စူးစိုက်ပြီးတော့ ရှုမှတ်တော့တာပါပဲ။

"ကိုယ်နှင့်အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်"။ ကိုယ်နဲ့အသက် ငဲ့ကွက်နေလို့ရှိရင်တော့ ဉာဏ်စဥ်က သိပ်မတက်ဘူး။ ကိုယ်နှင့်အသက်ကို ထိများ ထိခိုက်သွားဦးမလား၊ အသက်များ တိုသွားမလား၊ ခန္ဓာကိုယ်များ ထိခိုက်သွားမလား၊ ရောဂါဝေဒနာတွေများ ဖြစ်လာဦးမလား၊ အဲဒီလို ငဲ့ကွက်နေရင်တော့ ဉာဏ်ကသိပ်မတက်ပေဘူး။ ကွယ်လွန်ခါနီးမှာ ဒီဝေဒနာက သိပ်ပြင်းထန်တော့ ဒီဝေဒနာက မလွန်မြောက်နိုင်တော့ပေဘူး။ သိသွားတာနဲ့တစ်ပြိုင်နက် ကိုယ်နဲ့အသက်ကို မငဲ့ကွက်တော့ပေဘူး။ မငဲ့ကွက်တော့ ဒီဝေဒနာကိုမီအောင် လိုက်မှတ်သွားနိုင်ရင် ဉာဏ်စဥ်တွေ တစ်ဆင့်တက်ပြီး တရားထူးတရားမြတ်တွေ ရသွားနိုင်ကြတာပါပဲ။

ရောဂါသမသီတိရဟန္တာ၊ ဇီဝိတသမသီတိရဟန္တာ စသည်ဖြင့် ရှိခဲ့ပါတယ်။ ရဟန္တာလည်းဖြစ်၊ အသက်လည်းကုန် ပရိနိဗ္ဗာန်စံတယ်။ ဝေဒနာလည်း ပျောက်၊ ရဟန္တာလည်းဖြစ် စသည်ဖြင့် အမျိုးမျိုးပဲ ရှိခဲ့ကြပါတယ်။ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်လို့ဖြစ်တယ်။

ဆောင်ပုဒ် ။ ။ ကိုယ်နဲ့အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။

အခုကတည်းက လေ့ကျင့်ထားရမယ်။ သေချင်လည်း သေသွားပါစေ၊ ဖြုတ်တော့ မဖြုတ်ပေးဘူး။ လွှမ်းမိုးအောင် ရှုမှတ်မယ်။ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲနဲ့ အလေ့အကျင့်လေး လုပ်ပေးလုပ်ပေးရမယ်။

နောက်တကယ်တမ်း ကွယ်လွန်လောက်တဲ့ ရောဂါဝေဒနာတွေ ရောက်လာတဲ့အခါ အလေ့အကျင့်တွေရထားတော့ သည်းခံသွားနိုင်လို့ရှိရင် တရားထူးတရားမြတ်တွေ ရသွားနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ပုံလေးဖြစ်တယ်။ သုခဝေဒနာကိုလည်း လွှမ်းမိုးအောင် ရှုမှတ်ရမယ်။

**ဒုက္ခာ ဘိက္ခဝေ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **ဒုက္ခာ** = ဆင်းရဲသော၊ **ဝေဒနာ** = ဝေဒနာကို၊ **သလ္လတော** = မြားငြောင့်ဟူ၍ (ဝါ) မြားငြောင့်လို့ထင်အောင်၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာ ထင်ထင်ရှားရှား ပေါ်လာလို့ရှိရင် မြားငြောင့်သဖွယ်ထင်အောင် ရှုမှတ်နိုင်ရမယ်။ တောထဲတောင်ထဲ သွားပြီးတော့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တို့၌ မြားတွေ၊ ငြောင့်တွေ၊ ဆူးတွေ လက်ဖဝါး ခြေဖဝါးတွေမှာ စူးလို့ရှိရင် ဒီဆူးကို အရင်ပယ်နုတ်ပြီးမှ လုပ်စရာကိစ္စအဝဝတွေကို ပြုလုပ်ဆောင်ရွက်လို့ရှိရင် အချိန်မီပြီးတယ်။ ခရီးရောက်တယ်။

ဒီလိုမဟုတ်ဘူး။ ကိစ္စတွေက အရေးကြီးလွန်းလို့ ဆူးကို ငြောင့်ကိုတော့ မနုတ်ဘူး၊ အလုပ်ကိုသာ ပြုလုပ်နေတယ်ဆိုလို့ရှိရင် ပြီးမှုပြီးပါ့မလား ... မပြီးပါဘုရား။ အချိန်ကုန်လူပန်းဖြစ်သလို ယောဂီပုဂ္ဂိုလ်များလည်း မိမိတို့

ခန္ဓာကိုယ်ထဲမှာ ဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခဝေဒနာကို ရှေးဦးစွာ ရှုမှတ်ပါဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဒီလိုမဟုတ်ဘူး။ ဒုက္ခဝေဒနာကြီးကလည်း ထင်ထင်ရှားရှားရှိနေတယ်။ ရှုမှတ်တာက ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် မရှုမှတ်ဘူး။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ ရှုမှတ်နေလို့ရှိရင် စိတ်က မငြိမ်တော့ပေဘူး။ ဒုက္ခဝေဒနာဆီ ပြန်ပြန်ရောက်နေလို့ ဖောင်းတဲ့၊ ပိန်တဲ့၊ ထိုင်တဲ့၊ ထိတဲ့အပေါ်မှာလည်း စိတ်တွေက မကပ်တော့ စိတ်တွေ ဗျာများနေတတ်တယ်။ ပါဠိလိုတော့ ဥဒ္ဓစ္စတွေ ဖြစ်နေတယ်။ တရားတွေ တက်မှတက်ပါတော့မလား ... မတက်ပါဘူရား။

ဒီလိုမဟုတ်ပေဘူး။ ဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခဝေဒနာကို အခုပြောခဲ့သလို လွှမ်းမိုးအောင် ရှုမှတ်ထားနိုင်ပြီဆိုရင်တော့ ဆူးကြောင့်နုတ်ပြီးတော့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေလို အချိန်မီ အလုပ်တွေပြီးသကဲ့သို့ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေ ရသွားနိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဆောင်ပုဒ် ။ ။ ဒုက္ခပေါ်လျှင်၊ ကြောင့်တံကျင်၊ အမှန်ပင်ရှုရမည်။

ဆူးကြောင့်တွေ စူးခံရတဲ့ပုဂ္ဂိုလ်တွေ ဆူးကြောင့်တွေနုတ်ပြီးမှ အလုပ်တွေကို လုပ်သလို ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ပြီးမှ တခြားရှုမှတ်စရာတွေကို ရှုမှတ်ဖို့ရာ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း ယခုတရားနာပရိသတ်များ ရှုမှတ်နေကြတာ ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်းပါတယ်။

**သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **သုခါ** = ချမ်းသာသော၊ **ဝေဒနာ** = ဝေဒနာကို၊ **ဒုက္ခတော** = ဒုက္ခဟူ၍ (ဝါ) ဒုက္ခလို့ထင်အောင်၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သုခဝေဒနာပေါ်လာရင်တော့ ဒုက္ခလို့ထင်အောင် ပြန်ရှုမှတ်နိုင်ရမယ်။ ဘဝါဘဝက ကုသိုလ်ကံတွေကများတော့ ကုသလဝိပါက် ကာယဝိညာဏ်တွေဖြစ်တယ်။ ဝေဒနာလည်း သုခဝေဒနာပဲဖြစ်တော့ သုခဝေဒနာတွေက သိပ်ထင်ရှားတော့ ဒီသုခဝေဒနာပေါ်မှာ သာယာနှစ်သက် စွဲလမ်းနေလို့ရှိရင်တော့၊ ချမ်းသာတာလေးကို သာယာနှစ်သက်နေလို့ရှိရင်တော့ တရားတွေ တက်မှတက်ပါတော့မလား ... တရားမတက်တော့ပါဘုရား။ တရားတွေတော့ မတက်တော့ဘူး။ "ရှုမှတ်ကောင်းဆဲ၊ သာယာစွဲ၊ အထဲရပ်နေသည်"ဆိုတဲ့အတိုင်း တရားတော့ ရှုမှတ်ပါရဲ့။ တရားတွေ အထဲမှာရပ်နေတယ်။ မတက်တော့ပေဘူး။ ရှုလည်းရှုမှတ်ရသေးတယ်၊ တရားလည်း မတက်ဘူး၊ တရားလည်း မရဘူးဆိုရင်တော့ နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျပေဘူး။

အဲဒီသုခဝေဒနာ ပေါ်လာလို့ရှိရင် ဒုက္ခလို့ပြန်ထင်အောင် ရှုမှတ်နိုင်ရမယ်။ တရားနာပရိသတ်များလောက် သမာဓိဉာဏ်တွေ အခြေခံရှိလို့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာတဲ့ယောဂီပုဂ္ဂိုလ် ဒုက္ခလို့ ပြန်ထင်

သွားတာပဲ။ သုခ = ချမ်းသာတာက ကိုယ်ကချမ်းသာတာ၊ စိတ်ကချမ်းသာတာဟူ၍ နှစ်မျိုးရှိတယ်။ ဘယ်ဟာကိုပဲရှုရှု ရှုလို့ရပါတယ်။ ချမ်းသာနေတာလေးကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ စူးစူးစိုက်စိုက် ရှုမှတ်လို့ရှိရင် ချမ်းသာတာလေးဟာ ဖြစ်ပြီးတာနဲ့ ပျက်သွား၊ ဖြစ်ပြီးတာနဲ့ ပျက်သွား။ သမာဓိဉာဏ် အားကောင်းတာနဲ့အမျှ အလျှင်အမြန် အလျှင်အမြန် ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတာကို မြင်ရမယ်။

အလျှင်အမြန် ဖြစ်ပြီးတော့ ပျက်နေတော့၊ လျှင်မြန်အားကြီးတော့ နှိပ်စက်နေသလိုပဲ၊ တကယ်စင်စစ်တော့ ချမ်းသာတာမဟုတ်ပါလား၊ ဖြစ်တာ ပျက်တာတွေက နှိပ်စက်နေလို့ ဆင်းရဲတစ်မျိုးပါလားလို့ ပြန်မထင်သွားနိုင်ပါဘူးလား ... ပြန်ထင်သွားနိုင်ပါတယ်ဘုရား။ ထင်သွားလို့ရှိရင် သုခဝေဒနာကို ဒုက္ခလို့ ထင်သွားတဲ့အတွက်ကြောင့် တရားတွေတွေ့ တရားတွေတက်၊ တရားထူးတရားမြတ်တွေ ရသွားနိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပေတယ်။

**ဆောင်ပုဒ် ။ ။ သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင်ရှုရမည်။**

သုခဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခလို့ထင်အောင် ရှုမှတ်နိုင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

**အဒုက္ခမသုခံ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **အဒုက္ခမသုခံ** = ဆင်းရဲလည်း မဟုတ် ချမ်းသာလည်းမဟုတ်သော၊ **ဝေဒနာ** = ဥပေက္ခာဝေဒနာကို၊ **အနိစ္စတော** = အနိစ္စဟူ၍၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** =

မြတ်စွာဘုရားသည်၊ **အဝေါ်စ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥပေက္ခာဝေဒနာပေါ်လာလို့ရှိရင် အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ဒုက္ခဝေဒနာလည်း ထင်ရှားတယ်။ သုခဝေဒနာလည်း ထင်ရှားတယ်။ ဥ ပေက္ခာဝေဒနာဆိုတာတော့ မထင်ရှားတဲ့ဝေဒနာ၊ သိမ်မွေ့တဲ့ဝေဒနာဖြစ် တယ်။ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မိဂပဒဝဋ္ဋဉ္စနနည်းနဲ့ ကျမ်း ဂန်တွေမှာပြတယ်။

ကျောက်ဖျာပေါ်ကို သမင်တစ်ကောင် ဖြတ်သွားတယ်။ ဖြတ်နေဆဲ အ ခိုက်အတန့်မှာတော့ မတွေ့ရပေဘူး။ နောက်မှ ရောက်သွားတယ်။ အတက် ခြေရာကိုလည်း တွေ့ရတယ်။ အဆင်းခြေရာကိုလည်း တွေ့ရတယ်။ အတက် ခြေရာနဲ့ အဆင်းခြေရာကို တွေ့ရတော့ ဒီကျောက်ဖျာပေါ်က သမင်ဖြတ်သွား တယ်ဆိုတာ မသိရပါဘူးလား ... သိရပါတယ်ဘုရား။ သိရတယ်။ အတက် ခြေရာနဲ့ သုခဝေဒနာနဲ့တူတယ်။ အဆင်းခြေရာနဲ့ ဒုက္ခဝေဒနာနဲ့တူတယ်။ ဒီ နှစ်ခုကြားမှာ ဥပေက္ခာဝေဒနာရှိတယ်။

တရားနာပရိသတ်များ တရားရှုမှတ်လို့ သင်္ခါရုပေက္ခာဉာဏ်ရောက်သွား တဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ ဥပေက္ခာဝေဒနာကို တွေ့ကြရတယ်။ ဖောင်း တယ်၊ ပိန်တယ်ဟု ထိုင်ခါစလေးက တစ်ချက်နှစ်ချက်လောက် ရှုမှတ်လိုက် ရတယ်။ မှတ်စရာအာရုံတွေကလည်း အလိုလိုပေါ်လို့၊ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ ယောဂီက လွယ်လွယ်လေးနဲ့ မှတ်သွားရတယ်။ ကြောင့်ကြလည်း မစိုက်ရတော့ပေဘူး။ လွယ်အားကြီးတော့ တွေဝေသွား

တယ်။ မောဟဝင်နေတတ်တယ်။ ဖြစ်တာပျက်တာ၊ ကုန်တာပျက်တာတွေ မသိတော့ဘူး။

အဲဒီအဆင့်ရောက်တော့ ကုန်တဲ့ပျက်တဲ့ အဆင့်ပဲ။ ကုန်တာပျက်တာတွေ မတွေ့တော့ပေဘူး။ မေးပြီးတော့လိုက်နေတော့ ရုပ်တရား၊ နာမ်တရား ကုန်မှု ပျက်မှုတွေ မထင်ရှားတော့ပေဘူး။ မထင်ရှားတော့ မောဟတွေ ဝင်သွားတယ်။ ဥပေက္ခာဝေဒနာမှာတော့ မောဟကိန်းနေတယ်။ အဲဒီမောဟကိန်းနေတာကို ဘာလို့ထင်အောင် ရှုမှတ်နိုင်ရမလဲ၊ အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ အနိစ္စလို့ ထင်သွားတာနဲ့တစ်ပြိုင်နက်တည်း ဒီမောဟ ရှိပါတော့မလား ... မရှိတော့ပါဘုရား။

**အဒုက္ခမသုခံ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **အဒုက္ခမသုခံ** = ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော၊ **ဝေဒနာ** = ဥပေက္ခာဝေဒနာကို၊ **အနိစ္စတော** = အနိစ္စဟူ၍၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

အနိစ္စလို့ထင်အောင် ရှုမှတ်ရမယ်။ လွယ်တဲ့အတိုင်း မေးပြီးတော့ မလိုက်နေဘဲနဲ့ ရှိရှိသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လို့ရှိရင် ဖောင်းတယ်လို့မှတ်လည်း ရိပ်ခနဲကုန်သွားတာ၊ ပိန်တယ်လို့မှတ်လည်း ရိပ်ခနဲကုန်သွားတာ။ သမာဓိဉာဏ် အားပြည့်လာတဲ့အခါ ဖောင်းတယ်လို့ရှုမှတ်လိုက်ရင်

ဖောင်းတာလည်း ရိပ်ခနဲကုန်သွားတာ၊ ဖောင်းတယ်လို့ ရှုမှတ်လိုက်တဲ့ မှတ်သိစိတ်လည်း ရိပ်ခနဲကုန်သွားတာ တွေ့ကြရတယ်။

ပိန်တယ်လို့ရှုမှတ်လိုက်ရင် ပိန်တာလည်း ရိပ်ခနဲကုန်သွားတာ၊ မှတ်သိစိတ်လည်း နောက်က ရိပ်ခနဲ ကုန်ပျက်ကုန်ပျက်သွားတာ တွေ့ရတော့ ဖောင်းတဲ့ပိန်တဲ့ ရုပ်တရားတွေလည်း မမြဲဘူး၊ ရှုမှတ်နေတဲ့ မှတ်သိစိတ်လည်း မမြဲဘူး၊ အနိစ္စလို့ မထင်သွားနိုင်ပါဘူးလား ... အနိစ္စလို့ ထင်သွားနိုင်ပါတယ်ဘုရား။ ထင်သွားနိုင်တယ်။ အနိစ္စလို့ ထင်သွားတာနဲ့တစ်ပြိုင်နက် ဥပေက္ခာဝေဒနာမှာကိန်းနေတဲ့ မောဟကို ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေတယ်။

ဆောင်ပုဒ် ။ ။ ဥပေက်ပေါ်လျှင်၊ မြဲမထင်၊ အမှန်ပင်ရှုရမည်။

ကုန်တာပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား၊ ဒုက္ခပါလား၊ ဒီလိုကုန်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့မရဘူး၊ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရတဲ့ အနတ္တပါလားလို့ တစ်ဆက်တည်း မထင်သွားပါဘူးလား ... ထင်သွားပါတယ်ဘုရား။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်အမြင်တွေ ပိုင်သွားတဲ့အခါကျတော့ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေ ရသွားတာပါပဲ။

ကိုယ်ကာယမှာ ကောင်းတဲ့အတွေ့တွေ လာတွေ့တော့ သုခသဟဂုတ်ကာယဝိညာဏ်ဖြစ်တယ်။ ကောင်းတဲ့ဝိညာဏ်လေးဖြစ်တယ်။ ကိုယ်ကာယမှာ မကောင်းတဲ့ အတွေ့အထိတွေ လာတွေ့ထိတော့ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်တယ်။ ဝေဒနာနဲ့တကွ တွဲဖြစ်တော့ ဝေဒနာကိုရှုမှတ်လို့ လွှမ်းမိုး

သွားရင် တရားထူး တရားမြတ်တွေ ရသွားနိုင်တယ်။ ကောင်းတဲ့ အတွေ့လည်းမဟုတ်၊ မကောင်းတဲ့ အတွေ့လည်းမဟုတ် အလယ်အလတ်မှာဖြစ်တဲ့ ဥပေက္ခာဝေဒနာ ဖြစ်လာတဲ့အခါကျတော့ အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ရှုမှတ်ပုံလေးတွေ အတိုချုပ်ပါပဲ။

အဲဒီမှာ ဝိပါက်စိတ်တွေရဲ့ဖြစ်ပုံ၌ ဒွေပဥ္စဝိညာဏ်(၁၀)ဆိုတာ စက္ခုဝိညာဏ်ဒွေး(၂)ခု၊ သောတဝိညာဏ်ဒွေး(၂)ခု၊ ဃာနဝိညာဏ်ဒွေး(၂)ခု၊ ဇိဝှါဝိညာဏ်ဒွေး(၂)ခု၊ ကာယဝိညာဏ်ဒွေး(၂)ခု။ ငါးဒွေးဆိုတော့ ဘယ်နခုပါလဲ ... ဆယ်ခုပါဘုရား။ ဆယ်ခုကို ဒွေပဥ္စဝိညာဏ်(၁၀)လို့ခေါ်တယ်။ အဲဒီဒွေပဥ္စဝိညာဏ်(၁၀)ဆိုတာ အဲဒီစိတ်တွေက သိကာမျှမတ္တပဲ။ အာရုံတွေကို ဘာမှ ပိုင်းပိုင်းခြားခြားသိတဲ့ စိတ်တွေမဟုတ်ဘူး။ သိကာမျှမတ္တဖြစ်တဲ့စိတ်တွေဖြစ်တယ်။ နောက် ဘဝင်(၁၉)ခုဆိုတာကတော့ မသိတဲ့စိတ်လို့ စိတ်ပညာဆရာများက သတ်မှတ်ကြတယ်။ တရားနာပရိသတ်များ အိပ်နေတဲ့အခါမှာ ဘာစိတ်တွေဖြစ်နေလဲ ... ဘဝင်စိတ်တွေ ဖြစ်နေပါတယ်ဘုရား။ ဘဝင်စိတ်တွေ ဖြစ်နေတယ်။

**ဘဝဿ အင်္ဂ ဘဝင်္ဂ။**

**ဘဝဿ** = ဘဝ၏၊ **အင်္ဂ** = အကြောင်းတည်း။ **ဘဝင်္ဂ** = ဘဝ၏အကြောင်း။

တစ်ဘဝလုံးမှာဖြစ်နေတဲ့ စိတ်လို့ ဆိုရပါတယ်။ ဝိထိစိတ်တွေ မဖြစ်တဲ့အခါ ဒီဘဝင်စိတ်ပဲ ဖြစ်တာပါပဲ။ အိပ်နေတဲ့အခါဖြစ်တဲ့ ဘဝင်စိတ်တွေက အာရုံတွေကိုတော့ အသင့်အတင့် သိပါတယ်။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေဆိုတဲ့ ပဋိသန္ဓေနေခဲ့စဉ်က နိမိတ်တွေကိုပဲ သိတာပါပဲ။ ဒါပေမယ့် အာရုံ

တွေက ဝေးနေလို့ မသိတဲ့စိတ်လို ဖြစ်နေတယ်။ လောကီစိတ်ပညာဆရာတွေက မသိစိတ်လို့ သတ်မှတ်တယ်။

ဒွေးပဉ္စဝိညာဏ်(၁၀)ကတော့ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိဆိုတဲ့ ဝိညာဏ်(၁၀)ကတော့ သိကာမျှမတ္တဖြစ်တဲ့စိတ်။ ဘဝင်စိတ်တွေကတော့ မသိစိတ်။ ဝိပါက်စိတ်တွေထဲက ပိုင်းပိုင်းခြားခြားသိတဲ့ ဝိပါက်စိတ်တွေကတော့ ဖိုလ်စိတ်(၄)ခု။ ဖိုလ်စိတ်(၄)ခုကတော့ ပိုင်းပိုင်းခြားခြားသိတယ်။ နိဗ္ဗာန်ရဲ့ အာရုံကို ပိုင်းပိုင်းခြားခြား မသိပါဘူးလား ... သိပါတယ်ဘုရား။ သိတယ်။

တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ ဝိပါက်စိတ်တွေဟာ (ဖိုလ်ရဖူးတဲ့ပုဂ္ဂိုလ်ဆိုရင်) (ဖိုလ်စိတ်တွေပါ) (၃)မျိုးရှိတယ်။ ဒွေးပဉ္စဝိညာဏ်(၁၀)က သိကာမျှမတ္တဖြစ်တဲ့စိတ်ဖြစ်တယ်။ ဘဝင်စိတ်တွေက မသိစိတ်ဖြစ်တယ်။ ဖိုလ်စိတ်(၄)ခုက ပိုင်းပိုင်းခြားခြားသိတဲ့စိတ်ဖြစ်တယ်။

ဝိပါက်စိတ်တွေဆိုတာ အကျိုးတရားတွေပဲ။ ကံ၏ အကျိုးတရားတွေဖြစ်တယ်။ ကောင်းတာလည်းဖြစ်ရ၊ မကောင်းတာလည်းဖြစ်ရ။ မကောင်းတဲ့ကံ၏ အကျိုးပေးတွေကို ဘယ်ပုဂ္ဂိုလ်မှတော့ တားမြစ်လို့ မရဘူး။ မြတ်စွာဘုရားလည်း မတားမြစ်ပေးနိုင်ပေဘူး။ ဒီဝိပါက်အကျိုးတွေကို ပညာအရာမှာ တေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာကလည်း ပညာနဲ့ မတားပေးနိုင်ဘူး။ တန်ခိုးအရာမှာ တေဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန်ကလည်း တန်ခိုးနဲ့လည်း မတားပေးနိုင်ဘူး။ ဝိဇ္ဇာမန္တန်အတတ်တွေနဲ့ မတားပေးနိုင်ဘူး။ သိပ္ပံဆရာတွေကလည်း မတားပေးနိုင်ဘူး။

မတားပေးနိုင်တဲ့အရာ (၄)မျိုးရှိပါတယ်။ အိုတာရယ်၊ နာတာရယ်၊ သေတာရယ်၊ မကောင်းမှုကံရဲ့ အကျိုးပေးဝိပါက်ရယ်၊ ဘယ်နှမျိုးပါလဲ ... (၄)မျိုး

ပါဘုရား။ (၄)မျိုးကို ဘယ်ပုဂ္ဂိုလ်မှ မတားပေးနိုင်ဘူးတဲ့။ မြတ်စွာဘုရားက လည်း မတားပေးနိုင်ပေဘူး။ တန်ခိုးအဘိညာဉ်ရပြီးတဲ့ပုဂ္ဂိုလ်လည်း မတား ပေးနိုင်ပေဘူး။

ဆောင်ပုဒ်။ ။ အိုနာသေမျိုး၊ မကောင်းကံကျိုး၊ လေးမျိုးတားမရ။

မြတ်စွာဘုရား လက်ထက်တော်အခါကစပြီးတော့ ယခုတိုင်အောင် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို မအိုစေရဘူးလို့ ဘယ်သူများပြောနိုင်ပါသလဲ ... မ ပြောနိုင်ပါဘုရား။ ဘယ်ပုဂ္ဂိုလ်မှ မပြောနိုင်ဘူး။ သိပ္ပံပညာရှင် ဆရာကြီး တွေလည်း မပြောနိုင်၊ တန်ခိုးအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေလည်း မပြောနိုင် ပေဘူး။ ဝိဇ္ဇာမန္တန်အဘတ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း မပြောနိုင်ပေဘူး။

နာခြင်းသဘောတရားကိုလည်း မနာရဘူးလို့ ဘယ်သူက တာဝန်ယူနိုင် ပါသလဲ ... တာဝန်မယူနိုင်ပါဘုရား။ တာဝန်မယူနိုင်ဘူး။ ရောဂါဝေဒနာပေါ် လာမှ လိုက်ပြီးတော့ ကုပေးကြတာပဲ။ ဒီလောက်ပဲရှိတယ်။

မသေရဘူးလို့ ဘယ်တိုင်းပြည်က ကြေညာတာရှိပါသလဲ ... မရှိပါဘု ရား။ ဘယ်လောက်ပဲ သိပ္ပံပညာတွေ ထွန်းကားတဲ့ တိုင်းပြည်ကြီးတွေ ဖြစ် စေကာမူ မသေရဘူးလို့ မကြေညာနိုင်ပါဘူး။ ဘယ်ပုဂ္ဂိုလ်မှ မတားမြစ်နိုင် ပါဘူး။

မကောင်းတဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးကိုလည်း ဘယ်သူမှ မတား မြစ်နိုင်ပါဘူး။ မတားမြစ်နိုင်တဲ့ သာကေလေးတစ်ခု ပြောပြီးတော့ တရား အဆုံးသတ်ရအောင်-။

မြတ်စွာဘုရား လက်ထက်တော်အခါက သာမာဝတီဆိုတာ အလွန်ထင်ရှားခဲ့တယ်။ သာမာဝတီရဲ့အတ္တုပ္ပတ္တိ အကျဉ်းချုပ်လေးပါပဲ။ သာမာဝတီဟာ နောက်ဆုံး ဘဝအဆုံးသတ်ရတော့ ဘာနဲ့အဆုံးသတ်ရသလဲဆိုတော့ မီးလောင်တိုက်ထဲ သွင်းပြီးတော့ အဆုံးသတ်သွားရတယ်။ သောတာပန်ဖြစ်ပြီးမှ မီးလောင်တိုက် အသွင်းခံရတယ်။ အရှင်ပစ္စေကဗုဒ္ဓါကို သေစေလိုသောစေတနာဖြင့် မီးရှို့ခဲ့တဲ့ အကုသိုလ်ကံ၏အကျိုးကို ခံသွားရပေတယ်။

ဤကဲ့သို့ ဝိပါကပစ္စည်းကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်းကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# အာဟာရပစ္စည်း

၁၃၅၃-ခု၊ သီတင်းကျွတ်လပြည့်နေ့၊ နေ့လယ်ပိုင်းမှာ ဟောကြားရမည့် တရားတော်က အာဟာရပစ္စည်းတရားနှင့် ဣန္ဒြိယပစ္စည်းတရားတို့ဖြစ်တယ်။ အချိန်ရလို့ရှိရင်လည်း (၂)ပစ္စည်းလုံးပဲ ဟောကြားပါမယ်။ အချိန်မရရင်တော့ (၁)ပစ္စည်းပဲ ဟောကြားရမယ်။

အာဟာရပစ္စည်း၌ အာဟာရဆိုတာ ဆောင်ပေးနေတာဖြစ်တယ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရုပ်တရား၊ နာမ်တရားတွေက ရုပ်နာမ်တရားတို့အား ဆက်လက်ပြီးတော့ တိုးပွားရှင်သန်နေရအောင် ဆောင်ပေးတာကို အာဟာရဟုခေါ်တယ်။

တရားနာပရိသတ်များနဲ့ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့ သိနေကြတာက ရုပ်အာဟာရဖြစ်တယ်။ အာဟာရကို မှီဝဲသုံးဆောင်ရတဲ့အတွက်ကြောင့် ဒီရုပ်ကိုယ်ကြီးဟာ ရှင်သန်နေတယ်လို့ သိနေကြတယ်။ နေ့စဉ်နဲ့အမျှ အပြင်က အာဟာရတွေကို မှီဝဲနေကြရတာဖြစ်တယ်။ အဲဒီအပြင်က ဗဟိဒ္ဓ အာဟာရတွေကိုတော့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သိနေကြတယ်။ အာဟာရ မမှီဝဲရလို့ရှိရင် ဒီရုပ်ခန္ဓာကြီးဟာ ပြတ်စဲသွားနိုင်တယ်။ ရုပ်အာဟာရဖြစ်သည့် ဗဟိဒ္ဓအာဟာရကို အားလုံးပဲ သိနေကြတယ်။ ဒါပေမဲ့လည်း ဗဟိဒ္ဓ

မှာသာ ရုပ်အာဟာရရှိတာမဟုတ်ဘူး။ ရုပ်အာဟာရဩဇာဆိုတာ ခန္ဓာကိုယ်အတွင်းမှာလည်း ရှိနေတယ်။

နာမ်အာဟာရကတော့ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ နာမ်အာဟာရကြောင့် တရားနာပရိသတ်များ ဆက်လက်ပြီးတော့ အသက်တွေ ရှင်နေကြတာဖြစ်တယ်။ ရုပ်အာဟာရကိုတော့ သိကြတယ်။ နာမ်အာဟာရကတော့ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။ အဲဒီအာဟာရပစ္စည်းကို အခုစပြီးတော့ ဟောကြားပါတော့မယ်။

ဒီအာဟာရပစ္စည်းတရားတွေ ပစ္စယုပ္ပန်တရားတွေဟာ ဘယ်မှာရှိနေတာလဲဆိုတော့ တရားနာပရိသတ်များရဲ့သန္တာန်၊ ထိုထိုပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ဖြစ်နေတဲ့၊ ရှိနေတဲ့ ကရားတွေပါပဲ။ အခုတရားနာနေတဲ့ အခိုက်အတန့်တော့ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့၊ ရှိနေတဲ့တရားတွေကို ဟောကြားနေတာပဲလို့ နလုံးသွင်းပြီးတော့ နာကြားလို့ရှိရင် ပိုမှတ်မိပါတယ်။ စပြီးတော့ ဟောကြပါစို့။ ဆရာတော်ရဲ့နောက်က တစ်ခေါက် အားလုံးလိုက်ဆိုရအောင်-။

**အာဟာရပစ္စယောတိ -**

**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။**

**အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။**

**အာဟာရပစ္စယောတိ** = အာဟာရပစ္စည်းဟူသည်ကား၊ **ကဗဠီကာရော** = အလုပ်အလွေ့ကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော၊ **အာဟာရော** = အာဟာရသည်၊ **ဣမဿ** = ဤသို့သဘောရှိသော၊ **ကာယဿ** =

စတုသမုဋ္ဌာနိကရုပ်အား၊ **အာဟာရပစ္စယေန** = ရုပ်အာဟာရပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **အာဟာရာ** = ဖဿ စေတနာ ဝိညာဏ် ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါးတို့သည်၊ **သမ္ပယုတ္တကာနံ**= သမ္ပယုတ်ဖြစ်ကုန်သော၊ **ဓမ္မာနဉ္စ** = စိတ် ၈၉-ခု စေတသိက် ၅၂-ခုတို့အား လည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုအာဟာရ အာဟာရနှင့်ယှဉ်သော စိတ် စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း၊ **အာဟာရပစ္စယေန** = နာမ်အာဟာရပစ္စယ သတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရေ့ သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ရုပ်အာဟာရ၊ နာမ်အာဟာရလို့ (၂)မျိုးရှိတဲ့အနက်က ရုပ်အာဟာရကို ရှေးဦးစွာ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဟောကြားပါ့မယ်။ ပစ္စည်း အကြောင်းတရားနဲ့ ပစ္စယုပ္ပန်အကျိုးတရားတို့ ဒီ(၂)မျိုးရှိတဲ့အနက်က ပစ္စည်း အကြောင်းတရားကို ရှေးဦးစွာ ရှင်းပြပါ့မယ်။ ပစ္စည်းအကြောင်းတရားထဲက ကဗဠီကာရော အာဟာရော- အရကောက်ထားတာကတော့ စတုသမုဋ္ဌာနိ ကဩဇာလို့ အရကောက်ထားပါတယ်။

စတု-ဆိုတာက ၄-ပါး၊ သမုဋ္ဌာနိက-ဆိုတာက အကြောင်းရှိသော၊ ဩ ဇာ-က ဩဇာရုပ်။ တရားနာပရိသတ်များ မှီဝဲသုံးဆောင်နေတဲ့ သစ်သီး ခဲ ဖွယ် ထမင်းစသော အာဟာရတွေမှာရှိတဲ့ ဩဇာဖြစ်တယ်။ အဲဒီဩဇာလေး

ပါပဲ။ အဲဒီဩဇာဟာ ဗဟိဒ္ဓဩဇာ - ပြင်ပဩဇာ၊ အဇ္ဈတ္တိကဩဇာ - အတွင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ ဩဇာဟု ဒီလိုလည်း (၂)မျိုးပြားပါတယ်။ အဲဒီဩဇာသည် စတု - ဖြစ်ကြောင်းတရားအားဖြင့် (၄)ပါးရှိပါတယ်။ စတုသမုဋ္ဌာနိက - (၄)ပါးသောအကြောင်းကြောင့်ဖြစ်တဲ့ ဩဇာဖြစ်တယ်။

ပစ္စယုပ္ပန်ဘက်က ရုပ်ကလည်း စတုသမုဋ္ဌာနိကရုပ်ဖြစ်တယ်။ စတု-က (၄)ပါး၊ သမုဋ္ဌာနိက-က အကြောင်းရင်းရှိသောရုပ်။ (၄)ပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်ကလည်း (၄)မျိုးပဲဖြစ်ပါတယ်။ အကြောင်း(၄)ပါးကြောင့်ဖြစ်တဲ့ ရုပ်ဖြစ်တဲ့အတွက်ကြောင့် ပစ္စယုပ္ပန်ဘက်က ရုပ်ကလည်း (၄)မျိုးဖြစ်တယ်။ ပစ္စည်းဘက်က ဩဇာကလည်း (၄)မျိုးဖြစ်တယ်။ ပစ္စယုပ္ပန်အကျိုးတရားဘက်က ရုပ်ကလည်း (၄)မျိုးဖြစ်တယ်။ ရုပ်(၄)မျိုးကို ဒီဆောင်ပုဒ်ကလေး ဆိုကြရအောင်-။

**ဆောင်ပုဒ်။ ။ ကံစိတ်ဥဟာ၊ ရုပ်လေးဖြာ၊ မှန်စွာဖြစ်ပေသည်။**

တရားနာပရိသတ်များရဲ့သန္တာန်မှာ ရုပ်ဟာ(၄)မျိုးရှိတယ်။ “ကံ” ကံကြောင့်ဖြစ်တဲ့ရုပ်၊ “စိတ်” စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ “ဥ” ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ “ဟာ” အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့ ဘယ်နှမျိုးရှိပါသလဲ ... (၄)မျိုးရှိပါတယ်ဘုရား။ (၄)မျိုးရှိတယ်။ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်(၄)မျိုးကို မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။

မြတ်စွာဘုရားညာဏ်တော်မှာ ထင်ရှားလို့ ဟောကြားလိုက်တဲ့အတွက်ကြောင့် တရားနာပရိသတ်များ သိနေရတယ်။ သာသနာတော်ကြီးနဲ့ လာတွေ့ကြုံနေလို့ ပဋ္ဌာန်းဒေသနာတော်ကို တတ်မြောက်တဲ့ ဆရာတော်၊ သံဃာတော်တွေရှိနေလို့ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ရုပ်အမျိုးမျိုးတွေ မသိ

ကြရပါဘူးလား ... သိကြရပါတယ်ဘုရား။ တစ်ခေါက်လောက် ပြန်ဆိုကြရအောင်။

**ဆောင်ပုဒ်။ ။ ကံစိတ်ဥဟာ၊ ရုပ်လေးဖြာ၊ မှန်စွာဖြစ်ပေသည်။**

("ကံ" ကံကြောင့်ဖြစ်တဲ့ရုပ်၊ "စိတ်" စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ "ဥ" ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ "ဟာ" အာဟာရကြောင့်ဖြစ်တဲ့ရုပ်) အကြောင်းကြောင့်ဖြစ်တဲ့ရုပ်တွေ (၄)မျိုးရှိတယ်တဲ့။ အဲဒီရုပ်(၄)မျိုးထဲမှာလည်း ဩဇာရုပ်လည်း ရှိတယ်တဲ့။ အဲဒီဩဇာရုပ်က ရုပ်(၄)မျိုးလုံးမှာပဲရှိတယ်ဆိုတဲ့ ဆောင်ပုဒ်လည်း ဆိုရအောင်-။

**ဆောင်ပုဒ် ။ ။ ဩဇာရုပ်ဟာ၊ လေးမျိုးမှာ၊ မှန်စွာရှိပေသည်။**

ဩဇာရုပ်က တစ်ခုတည်းဖြစ်တယ်။ ကမ္မဇရုပ်ကလည်း အများကြီး၊ စိတ္တဇရုပ်ကလည်း အများကြီး၊ ဥတုဇရုပ်ကလည်း အများကြီး၊ အာဟာရဇရုပ်ကလည်း အများကြီးရှိကြတယ်။ ဩဇာရုပ်က တစ်ခုတည်းပါပဲ။ ကမ္မဇရုပ် - ကံကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာလည်း ဩဇာရုပ်ပါတယ်။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာလည်း ဩဇာရုပ်ပါတယ်။ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာလည်း ဩဇာရုပ်ပါတယ်။ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာလည်း ဩဇာရုပ်ပါတယ်။ အဲဒီဩဇာရုပ်(၄)မျိုးကို ပါဠိလို စတုသမုဋ္ဌာနိကဩဇာလို့ ဆိုပါတယ်။

ပစ္စည်းတရားဘက်က စတုသမုဋ္ဌာနိက ဩဇာရုပ်ဆိုတာ (၄)ပါးသော အကြောင်းကြောင့်ဖြစ်တဲ့ ဩဇာရုပ်။ အဲဒီဩဇာရုပ်ကနေပြီးတော့ တရားနာ ပရိသတ်များသန္တာန်မှာရှိနေတဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တွေကို ကျေးဇူးပြုနေတယ်။

အဲဒီဩဇာရုပ်ကလည်း ခန္ဓာကိုယ်အပြင်ဘက်မှာရှိတဲ့ ထမင်းဟင်း သစ်သီး ခဲဖွယ်မှာရှိနေတဲ့ ဩဇာရုပ်ကတစ်မျိုး၊ ခန္ဓာကိုယ်အတွင်းမှာရှိနေတဲ့ အဇ္ဈတ္တိကဩဇာကလည်း တစ်မျိုး၊ ဘယ်နှမျိုးရှိပါသလဲ ... နှစ်မျိုးရှိပါတယ်ဘုရား။ အများအပြားသိနေကြတာကတော့၊ သာမန်သိနေကြတာကတော့ အပြင်ဘက်က ထမင်း ခဲဖွယ်စတဲ့ ဒီလိုအာဟာရတွေကို ဩဇာပဲလို့ သိကြတယ်။ ကိုယ်ခန္ဓာအတွင်းမှာရှိနေတဲ့ ဩဇာကိုတော့ မသိတာများတယ်။ ဆရာဝန်တွေကတော့ သိကောင်းသိပါလိမ့်မယ်ထင်တယ်။ မြတ်စွာဘုရားကတော့ ထင်ရှားစွာ သိတော်မူပါတယ်။ ခန္ဓာကိုယ်ထဲမှာလည်း အာဟာရ ဩဇာရုပ်တွေ ရှိနေတယ်။

ဆောင်ပုဒ် ။ ။ တွင်းပြင်နှစ်ဖြာ၊ ရုပ်ဩဇာ၊ မှန်စွာရှိပေသည်။

အတွင်းက အဇ္ဈတ္တိကဩဇာ - အဇ္ဈတ္တိကအာဟာရ၊ ပြင်ပက သစ်သီး ခဲဖွယ် ထမင်းစတဲ့ ဝတ္ထုတွေမှာရှိတဲ့ ဩဇာလို့ ဩဇာရုပ်တွေကို အတွင်းနဲ့ အပြင် ခွဲလိုက်တော့ နှစ်မျိုးရှိတယ်။ အပြင်ဘက်ကဩဇာက ဥတုဇဩဇာပဲ။ သစ်သီး ခဲဖွယ်တွေမှာရှိနေတဲ့ ဩဇာက ဥတုဇဩဇာပဲ။ ခန္ဓာကိုယ်ထဲမှာဖြစ်တဲ့ ဩဇာကတော့ (၄)မျိုးလုံးပဲ။ ကမ္မဇဩဇာလည်းရှိတယ်။ စိတ္တဇဩဇာလည်းရှိတယ်။ ဥတုဇဩဇာလည်းရှိတယ်။ အာဟာရဇဩဇာလည်းရှိတယ်။

ကမ္မဇရုပ်တွေထဲမှာလည်း အဋ္ဌကလာပ်ရုပ်(၈)ခု။ စိတ္တဇရုပ်ထဲမှာလည်း အဋ္ဌကလာပ်ရုပ်(၈)ခု။ ဥတုဇရုပ်ထဲမှာလည်း အဋ္ဌကလာပ်ရုပ်(၈)ခု။ အာဟာရဇရုပ်ထဲမှာလည်း အဋ္ဌကလာပ်ရုပ်(၈)ခုရှိတယ်။ အဋ္ဌကလာပ်ရုပ်(၈)ခုဆိုတာ ဓာတ်ကြီး(၄)ပါးဖြစ်သည့် ပထဝီ အာပေါ် တေဇော ဝါယော

(၄)ပါးရယ်၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာရယ်၊ ဘယ်နှမျိုးပါလဲ ... (၈)မျိုးပါဘုရား။ (၈)မျိုးဖြစ်တယ်။ ဝဏ္ဏ - အဆင်း၊ ဂန္ဓ - အနံ့၊ ရသ - အရသာ၊ ဩဇာဆိုတာ ရုပ်တစ်မျိုးပဲ။ အဲဒါဟာ ဘယ်ရုပ်ထဲမှာဖြစ်ဖြစ် ရှိနေတာပဲ။ အယုတ်ဆုံးအားဖြင့် နေရောင်ခြည်ထဲမှာလည်း ဒီအဋ္ဌကလာပ်ရုပ်(၈)ခုဟာ ရှိနေတာပဲ။ လရောင်ထဲမှာလည်း အဋ္ဌကလာပ်ရုပ်(၈)ခုဟာ ရှိနေတာပဲ။

တရားနာပရိသတ်များသန္တာန်မှာလည်း ဒီအဋ္ဌကလာပ်ရုပ်တွေ ကမ္မဇရုပ်ထဲမှာလည်းရှိ၊ စိတ္တဇရုပ်ထဲမှာလည်းရှိ၊ ဥတုဇရုပ်ထဲမှာလည်းရှိ၊ အာဟာရဇရုပ်ထဲမှာလည်း ရှိနေတော့ အတွင်းသန္တာန်က ဩဇာကတော့ (၄)မျိုးရမနေပါဘူးလား ... ရနေပါတယ်ဘုရား။ အဲဒီအတွင်းသန္တာန်မှာရှိတဲ့ ဩဇာရုပ်(၄)မျိုးကို စတုသမုဋ္ဌာနိကဩဇာ။ အပြင်ဘက်ကရှိခဲ့တဲ့ စတုဇရုပ်ကိုလည်း ဒီ(၄)မျိုးထဲမှာ ထည့်သွင်းရတယ်။ အဲဒီလိုခွဲလိုက်တော့ အပြင်ကဩဇာ၊ အတွင်းကဩဇာ (၂)မျိုးလုံးရှိပါတယ်။ အဲဒီအတွင်းဩဇာ၊ အပြင်ဩဇာ (၂)မျိုးက ဣမသ္မိ ကာယသ္မိ-လို့ခေါ်တဲ့ စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တွေကို ကျေးဇူးပြုနေတယ်။ ဖြစ်ပေါ်လာရအောင်၊ ဆက်လက်ပြီး တည်ရှိနေရအောင် ဩဇာရုပ်တရားက နေပြီးတော့ တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ ဣမသ္မိ ကာယသ္မိ-ကိုယ်ကာယကြီး စတုသမုဋ္ဌာနိကရုပ်အား ကျေးဇူးပြုနေတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားပါတယ်။

ဒီတရားတော်တွေက ပဋ္ဌာန်းတရားတော်ဆိုတော့ အကြောင်းအကျိုးတွေ အလွန်ပဲသိမ်မွေ့ နက်နဲခက်ခဲပါတယ်။ ခက်ခဲတာကိုလည်း အထူးဂရုစိုက်ပြီးတော့ နာကြားနေရတယ်။ ဟောတဲ့ပုဂ္ဂိုလ်ကလည်း သိနိုင်တဲ့အဆင့်ကို ရောက်အောင် အားစိုက်ပြီးတော့ ဟောကြားနေရတယ်။ သိစေချင်တာတွေ

များရင်တော့ အကုန်လုံးသိစရာတွေ တစ်ချိန်တည်းမှာ စုပြုံပြီး ဟောလိုက်ပြန်ရင်လည်း အချိန်ကုန်လှူပန်း ဖြစ်သွားမှာလည်း စိုးရိမ်ရတယ်။

တစ်လသားလေးကို မိခင်က မြန်မြန်ကြီးစေချင်တာနဲ့ (၅)လစာထမင်းတွေ ကျွေးလိုက်ရင် ကြီးမှုကြီးပါတော့မလား ... မကြီးပါဘုရား။ မကြီးတဲ့အပြင် ဒုက္ခတွေဖြစ်သွားလိမ့်မယ်။ ယခုလည်း အဲဒါနဲ့ ဆင်ဆင်ပါပဲ။ သိစေချင်တာတွေရှိနေတော့ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ဟောချင်နေတယ်။ ဟောချင်တဲ့အတိုင်းပဲ သိပ်ဟောလို့တော့ မလွယ်ဘူး။

**အာဟာရ**ဆိုတာ **သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။ သဗ္ဗေ** = အလုံးစုံသော၊ **သတ္တာ** = သတ္တဝါတို့သည်၊ **အာဟာရဋ္ဌိတိကာ** = အာဟာရလျှင်တည်ရာရှိကုန်၏။

အာဟာရရှိမှ အသက်ရှင်နေကြတယ်။ သိထားဖို့တော့ မကောင်းပါဘူးလား ... သိထားဖို့ကောင်းပါတယ်ဘုရား။ သိထားဖို့ကောင်းတယ်။

ပစ္စည်းတရားဘက်က ဗဟိဒ္ဓသန္တာန်၌ ဥတုဇသြဇာကနေပြီးတော့ ပစ္စယုပ္ပန်ဘက်က စတုသမုဋ္ဌာနိကရုပ်တွေထဲက အာဟာရဇရုပ်ကိုသာလျှင် တိုက်ရိုက်ကျေးဇူးပြုနိုင်တယ်။ ဥတုဇသြဇာရုပ်ကနေပြီးတော့ ကမ္မဇရုပ်ကိုလည်း ထောက်ပံ့တဲ့အနေနဲ့ ကျေးဇူးပြု၊ စိတ္တဇရုပ်ကိုလည်း ထောက်ပံ့တဲ့အနေနဲ့ ကျေးဇူးပြု၊ ဥတုဇရုပ်ကိုလည်း ထောက်ပံ့တဲ့အနေနဲ့ ကျေးဇူးပြုနိုင်တယ်။ ဗဟိဒ္ဓသြဇာက စတုသမုဋ္ဌာနိကရုပ်လို့ဆိုတဲ့ ရုပ်(၄)မျိုးထဲက အာဟာရဇရုပ်ကိုတော့ တိုက်ရိုက်ကျေးဇူးပြုတာ ဖြစ်ပေတယ်။ ကျန်တဲ့ရုပ်(၃)မျိုးကိုတော့ ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုတယ်။

အဇ္ဈတ္တိကဩဇာ - အတွင်းသန္တာန်မှာရှိနေတဲ့ ဩဇာက အားရှိနေမှ ပြင်ပက အာဟာရဩဇာတွေ ထည့်ပေးတဲ့အခါ (၂)ခုပေါင်းစပ်ပြီးတော့ ကမ္မသဿ ကာယသဿလို့ဆိုတဲ့ စတုသမုဋ္ဌာနိကရုပ်တွေကို ကျေးဇူးပြုနိုင်တယ်။ အတွင်းကဩဇာ အားမရှိတော့လို့ရှိရင် အပြင်ကဩဇာတွေ ထည့်ပေးပင် ထည့်ပေးငြားသော်လည်း ရုပ်တွေက မရှင်သန်နိုင်တော့ဘူး။ အတွင်းဩဇာက အားမရှိတော့ အားမပေးနိုင်တော့ပေဘူး။

ဒါကြောင့် ဝေဒနာရှင်တွေ အားအင်ကုန်ခန်းနေကြတာ သိပ်ထင်ရှားပါတယ်။ အတွင်းဩဇာ အင်အားရှိတာနဲ့အမျှ အပြင်ကနေပြီးတော့ ဩဇာတွေ ထည့်ပေးလို့ရတယ်။ ဆေးတွေသွင်းကြတာ အချို့အချို့သော လူနာ ဂိလာနတွေအတွက်တော့ အကျိုးများပါတယ်။ အတွင်းကဩဇာက အားကောင်းနေတဲ့အတွက်ကြောင့် အားဆေးသွင်းပေးလိုက်တဲ့အခါ ဆေးဆိုတဲ့ အပြင်ကဩဇာနဲ့ အတွင်းက အဇ္ဈတ္တိကဩဇာတွေနဲ့ ပေါင်းစပ်ပြီးတော့ ကမ္မသဿ ကာယသဿ-ဤကိုယ်ကြီးကို ကျေးဇူးပြုနိုင်သေးတယ်။

ဒီလိုမဟုတ်တော့ဘူး။ လူမမာက သိပ်အားအင်နည်းသွားပြီး အတွင်းကဩဇာတွေက အားမရှိတော့ပေဘူး၊ ကုန်ခန်းတော့မယ်ဆိုရင် အပြင်ကဩဇာတွေ ဆေးတွေ သွင်းပေးပင်သွင်းပေးငြားသော်လည်း ဒီလူမမာအတွက် ကမ္မသဿ ကာယသဿကြီးဟာ သိပ်ကျေးဇူးမများတော့ပေဘူး။ တချို့တချို့ပုဂ္ဂိုလ်တွေ ဆေးသွင်းလိုက်မှ ဒုက္ခတွေ ပိုမများသွားပါဘူးလား ... ပိုများသွားပါတယ်ဘုရား။ ဘာဖြစ်လို့လဲဆိုရင် အတွင်းကဩဇာက မရှိတော့လို့ ဖြစ်ပေတယ်။ အတွင်းကဩဇာကမရှိတော့ ဘယ်လိုပဲဆေးသွင်းသွင်း ရပါသေးရဲ့လား ... မရပါဘုရား။ မရပေဘူး။ အတွင်းကဩဇာရှိတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ လူမမာမှာမှ ပိုထင်ရှားတယ်။ လူကောင်းကျတော့ သိပ်မထင်ရှားပေဘူး။

အတွင်းကဩဇာလည်း သိပ်အရေးကြီးတာပဲ။ အတွင်းကဩဇာရှိနေတယ်ဆိုတာ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ အတွင်းကဩဇာကောင်းတာနဲ့အမျှ အပြင်ကဩဇာတွေ ထည့်ပေးတော့ ရူပကာယ ကာယသဆိုတဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်လို့ဆိုတဲ့ ဒီကာယကြီးဟာ ကြီးထွားရှင်သန်ပြီးတော့ အသက်ရှည်စွာ တည်နေတယ်။ ဩဇာက ကျေးဇူးပြုပေတယ်။

အတွင်းဩဇာ ကောင်းတာနဲ့အမျှ အစာကြေကျက်ပြီးတော့ ကျန်းမာရေးတွေ ကောင်းလာတယ်။ ဆာလောင်မွတ်သိပ်မှုတွေလည်း အတွင်းဩဇာကောင်းလို့သာ ဆာလောင်မွတ်သိပ်ခြင်း ဖြစ်လာတာ ဖြစ်ပေတယ်။ နေ့စဉ်နှင့်အမျှ မစားပေးရပါဘူးလား ... စားပေးရပါတယ်ဘုရား။ ဘာကြောင့်စားပေးရတာလဲ ... ဆာလို့ပါဘုရား။ ဆာလို့စားတာ။ မဆာဘဲနဲ့တော့ စားမှစားပါ့မလား ... မစားပါဘုရား။ အတွင်းကဩဇာကောင်းနေလို့ အစာအာဟာရတွေ စားပေးနေရတာဖြစ်တယ်။

အဲဒါ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ဆာတာလည်း ရောဂါတစ်မျိုးပဲတဲ့။ မှန်ပါတယ်။ ဆာတာလည်း ... ရောဂါတစ်မျိုးပါဘုရား။ ရောဂါတစ်မျိုးပဲတဲ့။ ရောဂါထဲမှာ ဆာတဲ့ရောဂါက အလွန်ကဲဆုံး၊ အပြင်းထန်ဆုံး ရောဂါပါပဲ။ မြတ်စွာဘုရား တစ်ချိန်သောအခါ အာဠဝီပြည်မှ ဆင်းရဲသားတစ်ယောက်ကို အကြောင်းပြုပြီးတော့ ဟောကြားပါတယ်။

**ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ။**
**ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။**

**ဇိဃစ္ဆာ** = ဆာလောင်ခြင်းသည်၊ **ပရမာ** = အလွန်ကဲဆုံးသော၊ **ရောဂါ** = ရောဂါမည်၏။ **သင်္ခါရာ** = ခန္ဓာ(၅)ပါး သင်္ခါရတရားတို့သည်၊ **ပရမာ** =

အလွန်ကဲဆုံးသော၊ **ဒုက္ခာ** = ဆင်းရဲတို့မည်ကုန်၏။ **တေ** = ဤသဘော တရားကို၊ **ယထာဘူတံ** = ဟုတ်တိုင်းမှန်စွာ၊ **ဉတွာ** = သိ၍ (ဝါ) သိသော ကြောင့်၊ **ပဏ္ဍိတော** = ကျိုးကြောင်းမြင်သိ ပညာရှိသည်၊ **နိဗ္ဗာနံ** = နိဗ္ဗာန် သို့၊ **သစ္ဆိကရောတိ** = မျက်မှောက်ပြု၏၊ **တေ နိဗ္ဗာနံ** = ဤနိဗ္ဗာန်သည်၊ **ပရမံ** = အမြတ်ဆုံးဖြစ်သော၊ **သုခံ** = ချမ်းသာမည်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအား ဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဆာလောင်ခြင်းဟာ အလွန်ကဲဆုံးရောဂါဖြစ်တယ်။ အဆိုးဆုံးရောဂါ ပဲတဲ့။ အခြားရောဂါတွေက ဆေးကုလိုက်လို့ရှိရင် ပျောက်ကင်းသွားနိုင်တယ်။ တချို့တချို့သော ရောဂါတွေ မပျောက်သွားပါဘူးလား ... ပျောက်သွားပါ တယ်ဘုရား။ မပျောက်သွားငြားသော်လည်း အသင့်အတင့် သက်သာရာ ရ ရှိသွားတယ်။ ဆာလောင်ခြင်းရောဂါကိုတော့ ဆေးကုလို့ ရပါရဲ့လား ... မရ ပါဘုရား။ အာဟာရနဲ့ အမြဲတမ်း ဆေးမကုနေရပါဘူးလား ... အမြဲတမ်း ဆေးကုပေးနေရပါတယ်ဘုရား။

နေ့စဉ်နေ့တိုင်း ဆေးကုပေးနေရတယ်၊ အာဟာရတွေ ထည့်ပေးနေရတယ်။ အလွန်ကဲဆုံးရောဂါဆိုတာ မမှန်ပါဘူးလား ... မှန်ပါတယ်ဘုရား။ ယခုဘဝ တင် ဆာတာမဟုတ်ဘူး။ အတိတ်အတိတ်ဘဝတွေကလည်း ... ဆာခဲ့ပါ တယ်ဘုရား။ ဆာခဲ့လို့ ဆေးမကုခဲ့ရပါဘူးလား ... ဆေးကုခဲ့ရပါတယ်ဘုရား။ ဘဝမကုန်သေးလို့ရှိရင်လည်း နောက်အနာဂတ်ဘဝတွေ ဘယ်လောက်များ ကုရဦးမလဲ ... နိဗ္ဗာန်ရောက်သည့်တိုင်အောင် ကုရဦးမယ်။ အဆိုးဆုံး ရောဂါဆိုတာ မမှန်ပါဘူးလား ... အဆိုးဆုံးရောဂါဆိုတာ မှန်ပါတယ်ဘုရား။ အဆိုးဆုံးရောဂါပါပဲ။

**သင်္ခါရာ ပရမာ ဒုက္ခာ။**

**သင်္ခါရာ** = ခန္ဓာ(၅)ပါး သင်္ခါရတရားတို့သည်၊ **ပရမာ** = အလွန်ကဲဆုံးသော၊ **ဒုက္ခာ** = ဆင်းရဲတို့မည်ကုန်၏။

ခန္ဓာ(၅)ပါးဟာ အဆင်းရဲဆုံးဒုက္ခပဲ။ ခန္ဓာ(၅)ပါးရကတည်းက ဆင်းရဲမနေပါဘူးလား ... ဆင်းရဲနေပါတယ်ဘုရား။ နေ့စဉ်နေ့စဉ်နဲ့အမျှ မပြုပြင်ပေးနေရပါဘူးလား ... ပြုပြင်ပေးနေရပါတယ်ဘုရား။ ရာကျွေးရတယ်၊ သန့်ရှင်းအောင် ပြုပေးရတယ်၊ ခွံ့ပေးရတယ်၊ အမျိုးမျိုးလုပ်ပေးရတယ်။ မလုပ်ပေးရပါဘူးလား ... လုပ်ပေးရပါတယ်ဘုရား။ ဒီခန္ဓာဝန်ထုပ်ကြီးကို ဆောင်ထားလိုက်ရတာ ပညာဉာဏ်ဖြင့်ကြည့်လိုက်တော့ တစ်ခုမှ ချမ်းသာခြင်း မရပါဘူး။ ခန္ဓာ(၅)ပါး သင်္ခါရတရားဟာ အဆိုးဆုံးဒုက္ခ ဖြစ်ပေတယ်။

အဲဒီသဘောကို ကြည့်ပြီးတော့ ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊ ဉတွာ - သိ၍။ "ဆာလောင်ခြင်းဟာ အလွန်ကဲဆုံးရောဂါ၊ ခန္ဓာ(၅)ပါးဟာ အဆိုးဆုံး ဒုက္ခဆင်းရဲတွေပဲ"လို့ အဲဒီသဘောကို အမှန်အတိုင်းသိပြီးတော့ ဝိပဿနာတရားတွေ အားထုတ်လို့ရှိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်။ နိဗ္ဗာန်ချမ်းသာကတော့ ချမ်းသာထဲမှာ အကောင်းဆုံးချမ်းသာ၊ အမြတ်ဆုံးချမ်းသာဟု မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ အာဟာရပစ္စည်းနဲ့ စပ်ပြီးတော့ သိစရာလေးပါပဲ။

အတွင်းကသြဇာ ကောင်းတာနဲ့အမျှ ဆာလောင်မွတ်သိပ်ခြင်းလည်း ဖြစ်လာမယ်။ ဆာလောင်မွတ်သိပ်ခြင်းကို အမြဲတမ်းပျောက်အောင် ဆေးကုပေးနေရတယ်။ အာဟာရတွေ စားပေးနေရတယ်။ အဲဒါလေးတွေကို အဲဒီလိုဟောကြားလိုက်တော့ တရားထူးတရားမြတ်တွေရတဲ့ပုဂ္ဂိုလ်တွေ ရှိကြတယ်တဲ့။

မြတ်စွာဘုရားကိုယ်တိုင် အလုပ်ပေးတရားတွေနဲ့ ဟောကြားလိုက်တော့ အဲဒီမှာ ဆင်းရဲသားတစ်ယောက်ဟာ သောတာပန်ဖြစ်သွားတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ တစ်နေ့သောအခါ မြတ်စွာဘုရား လောကဓာတ်ကို ဉာဏ်မျက်စိနဲ့ ကြည့်လိုက်သောအခါ ဆင်းရဲသားတစ်ယောက် သောတာပန်ဖြစ်နိုင်တဲ့ ဥပနိဿယအကြောင်းကို မြင်တော်မူ၍ သာဝတ္ထိပြည်မှ အာဠဝီပြည်သို့ ကြွလာတယ်။ ကြွလာတဲ့အခါ အာဠဝီပြည်သူပြည်သားတွေ မြတ်စွာဘုရားကို ဆွမ်းခဲဖွယ် ဘောဇဉ် အာဟာရတွေ စီမံပြီးတော့ လှူဒါန်းကြတယ်။

အဲဒီဆင်းရဲသားယောက်ျားကတော့ မြတ်စွာဘုရား ရောက်လာတဲ့အချိန်မှာ နွားတစ်ကောင်က ထွက်ပြေးသွားလို့ နွားပျောက်ကိုရှာဖို့ရာနဲ့ မြတ်စွာဘုရားထံသွားပြီးတော့ ရှိခိုးပူဇော်ကန်တော့ဖို့ရာ သူ့မှာ ကိစ္စ(၂)မျိုး ပေါ်လာတယ်။ ဘယ်ကိစ္စကို အရင်ဆောင်ရွက်ရပါ့မလဲ။ နွားပျောက်တာကို အရင်ရှာမှတော်မယ်။ သို့မဟုတ်ရင် မြတ်စွာဘုရားကိုလည်း ကျေကျေနပ်နပ် ဖူးမြော်ရမှာ မဟုတ်ဘူးဆိုပြီး နွားနောက်သို့ လိုက်သွားပြီး နွားပျောက်တာကို လိုက်ရှာတယ်။ နွားတွေ့တဲ့အခါ နွားကိုပြန်မောင်းခဲ့ပြီးတော့ နွားအုပ်ထဲမှာ ထည့်ထားခဲ့ကာ မြတ်စွာဘုရားထံ လာခဲ့တယ်။

အချိန်ကလည်း မွန်းတည့်ချိန် (၁၂)နာရီအချိန် ဖြစ်သွားပြီ။ အိမ်ပြန်သွားလို့ရှိရင် မြတ်စွာဘုရားနှင့် တွေ့ချင်မှ တွေ့ရတော့မှာဖြစ်တယ်။ ဒီတော့ အိမ်သို့မပြန်တော့ဘူး။ မြတ်စွာဘုရားထံပဲ အရောက်သွားမယ်။ ထမင်းလည်း မစားရသေးပေဘူး။ ရောက်သွားတဲ့အခါ မြတ်စွာဘုရားက "ဒီယောက်ျားဟာ

ထမင်းတွေ သိပ်ဆာနေတယ်။ ဆာနေတုန်းမှာ တရားဟောလို့ရှိရင် စိတ်က မတည်ငြိမ်တဲ့အတွက်ကြောင့် ဒီယောကျ်ား တရားရမှာမဟုတ်ဘူး"ဟု မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတော်မူတယ်။

ထို့ကြောင့် ဆွမ်းကျွေးတဲ့ ဥပါသကာတွေကို၊ ဝေယျာဝစ္စအဖွဲ့တွေကို "ထမင်းဟင်းလေးများ ကျန်သေးလား၊ သံဃာတော်တွေကကျန်တဲ့ ထမင်းဟင်းလေးများ ရှိသေးလား"ဟု မေးတော်မူပါတယ်။ ရှိသေးတဲ့အကြောင်း လျှောက်ထားကြတဲ့အခါ "အဲဒီဆင်းရဲသားယောကျ်ားကို ထမင်းဟင်း ကျွေးလိုက်ကြပါဦး"ဟု မိန့်ကြားသဖြင့် ထမင်းကျွေးကြတယ်။ စားပြီးတဲ့အခါ မြတ်စွာဘုရား တရားဟောပါတယ်။ ဒီဂါထာကို ဟောတာပါပဲ။

**ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ။**
**ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။**

**ဇိဃစ္ဆာ** = ဆာလောင်ခြင်းသည်၊ **ပရမာ** = အလွန်ကဲဆုံးသော၊ **ရောဂါ** = ရောဂါမည်၏။ **သင်္ခါရာ** = ခန္ဓာ(၅)ပါး သင်္ခါရတရားတို့သည်၊ **ပရမာ** = အလွန်ကဲဆုံးသော၊ **ဒုက္ခာ** = ဆင်းရဲတို့မည်ကုန်၏။ **ဧတံ** = ဤသဘောတရားကို၊ **ယထာဘူတံ** = ဟုတ်တိုင်းမှန်စွာ၊ **ဉတွာ** = သိ၍ (ဝါ) သိသောကြောင့်၊ **ပဏ္ဍိတော** = ကျိုးကြောင်းမြင်သိ ပညာရှိသည်၊ **နိဗ္ဗာနံ** = နိဗ္ဗာန်သို့၊ **သစ္ဆိကရောတိ** = မျက်မှောက်ပြု၏။ **ဧတံ နိဗ္ဗာနံ** = ဤနိဗ္ဗာန်သည်၊ **ပရမံ** = အမြတ်ဆုံးဖြစ်သော၊ **သုခံ** = ချမ်းသာမည်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဆာလောင်ခြင်းဟာ အပြင်းထန်ဆုံးရောဂါ၊ ခန္ဓာ(၅)ပါးကြီးဟာ အဆင်းရဲဆုံးသောဒုက္ခ၊ နိဗ္ဗာန်ဟာ အချမ်းသာဆုံး သုခချမ်းသာ။ နိဗ္ဗာန်က အချမ်းသာဆုံးဖြစ်တဲ့ သုခပဲဟု မြတ်စွာဘုရားဟောကြားပြီးတော့ အလုပ်ပေးတရား ဟောကြားလိုက်ရာ အဲဒီယောက်ျား မြတ်စွာဘုရားတရားတော်ကို နာကြားရသောကြောင့် အပါယ်တံခါးပိတ်တဲ့အဆင့် သောတာပန်အဖြစ်သို့ ရောက်သွားပါတယ်။

ဆာလောင်ခြင်းကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားဟောကြားတာဖြစ်တယ်။ အဲဒီဆာလောင်ခြင်းတွေ ကင်းသွားရအောင်၊ အပြီးတိုင် ကင်းသွားရအောင်၊ ထိုထိုရောဂါတွေ ကင်းစင်သွားရအောင် ဘယ်တရားများ အားထုတ်ရပါ့မလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ရပါမယ်ဘုရား။ ဒီအဖြေက အဓိကပါပဲ။ သတိပဋ္ဌာန်တရား အားထုတ်နေတာ ဆာလောင်ခြင်းတွေ ကင်းသွားအောင်၊ ဆာလောင်ခြင်းရောဂါတွေ၊ အပြင်းထန်ဆုံးရောဂါတွေ ပျောက်ကင်းရအောင် တရားအားထုတ်နေရတာဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ရုပ်အာဟာရအကြောင်းကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ယခု နာမ်အာဟာရအကြောင်း ဟောကြားပါတော့မယ်။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **အာဟာရာ** = အာဟာရတို့သည်၊ **သမ္ပယုတ္တကာနံ** = သမ္ပယုတ်ဖြစ်ကုန်သော၊ **ဓမ္မာနဉ္စ** = စိတ် ၈၉-ခု စေတသိက် ၅၂-ခုတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုအာဟာရနှင့်ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **အာဟာရပစ္စယေန** = နာမ်အာဟာရပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

နာမ်အာဟာရကို တရားကိုယ်အရကောက်လျှင် (၃)ပါး။ ဖဿ စေတနာ ဝိညာဏ်တို့ဖြစ်တယ်။ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ တရားတွေပါပဲ။ ဖဿဆိုတာ အတွေ့သဘောဖြစ်တယ်။ စေတနာဆိုတာ တရားနာပရိသတ်များသိတဲ့အတိုင်း စေ့ဆော်ပေးနေတဲ့၊ အရာရာမှာ အမှုကိစ္စတွေကို ရွက်ဆောင်နိုင်ရအောင် စေ့ဆော်နှိုးဆော်ပေးနေတာ စေတနာဖြစ်တယ်။ ဝိညာဏ်ဆိုတာ အာရုံတွေကို သိနေတာဟာ ဝိညာဏ်ဖြစ်တယ်။ ဒီ(၃)ပါးကနေပြီးတော့ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိတဲ့ စိတ်တွေ၊ ရုပ်တွေကို ဖြစ်ပေါ်လာရအောင်၊ ရှင်သန်နေရအောင် ဆောင်ပေးကာ ကျေးဇူးပြုပေးတယ်။

ဒီတရားတွေရှိနေလို့ တရားနာပရိသတ်များ အသက်တွေရှင်ပြီးတော့ နေထိုင်ကြရတာ ဖြစ်ပေတယ်။ ဖဿ အတွေ့ကနေပြီးတော့ အာရုံရဲ့ ကောင်းဆိုးအရသာတွေ တွေ့ပြီးတော့ သမ္ပယုတ်တရားတွေကို ထင်ရှားဖြစ်ပေါ်အောင် ကျေးဇူးပြုတယ်။ စေတနာကလည်း သူ့ရဲ့ကိစ္စအားလျော်စွာ လှုံ့ဆော်တဲ့အနေမျိုး၊ တိုက်တွန်းတဲ့အနေမျိုးနဲ့ တရားနာပရိသတ်များသန္တာန်မှာဖြစ်တဲ့ သမ္ပယုတ်တရားတွေ စိတ်စေတသိက်တရားတွေဖြစ်အောင်၊ ရုပ်တရားတွေဖြစ်အောင် ကျေးဇူးပြုတယ်။ ဝိညာဏ်ကလည်း အာရုံကိုသိခြင်းကိစ္စဖြင့် သူ့ကိစ္စအားလျော်စွာ သမ္ပယုတ်တရားတွေကို ဖြစ်စေတယ်၊ သိစေတယ်။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တရားတွေကိုလည်း ဖြစ်စေတယ်။ မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ တရားနာပရိသတ်များဉာဏ်မှာတော့ သိပ်တော့မထင်ရှားဘူး။ ယခုလို ဟောကြားမှပဲ ထင်ရှားပါတယ်။

သဟဇာတ-အတ္တတကွ ဖြစ်ဖော်ဖြစ်ဖက်အနေနဲ့ ဖဿကလည်း တရားနာပရိသတ်များရဲ့သန္တာန်မှာ သမ္ပယုတ်တရားလို့ဆိုတဲ့ စိတ်စေတသိက်တရားတွေနဲ့ ရုပ်တရားတွေ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနေတယ်။ တရားနာ

ပရိသတ်များသန္တာန်မှာရှိတဲ့ စေတနာကလည်း သမ္ပယုတ်တရားတွေလို့ဆိုတဲ့ စိတ်စေတသိက်တရားတွေနဲ့ ရုပ်တရားတွေဖြစ်အောင် ကျေးဇူးပြုနေတယ်။ ဝိညာဏ်လို့ခေါ်တဲ့ စိတ်ကလည်း တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ သမ္ပယုတ်တရားတွေလို့ဆိုတဲ့ စေတသိက်တရားတွေနဲ့ ရုပ်တရားတွေဖြစ်ပေါ်အောင်၊ အာဟာရသတ္တိဖြင့် တည်တံ့အောင် ကျေးဇူးပြုနေတယ်။ ရှိနေတဲ့အခိုက်အတန့် အတူတကွဖြစ်၍ ကျေးဇူးပြုတယ်။

ဒါက အဘိဓမ္မာဒေသနာတော်မှာလာတဲ့ နည်းအတိုင်း မြတ်စွာဘုရား ပဋ္ဌာန်းပါဠိတော်မှာ ဟောကြားတယ်။ သုတ္တန်ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားတဲ့နည်းဆိုတာ ပိုထင်ရှားပါတယ်။

တိဏ္ဏံ သင်္ဂတိ ဖဿော စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

တိဏ္ဏံ သင်္ဂတိ ဖဿော-ဟုဆိုတဲ့အတိုင်း မျက်စိအကြည်ရယ်၊ ရူပါရုံအဆင်းရယ်၊ မြင်သိစိတ်ရယ် (၃)ခုပေါင်းဆုံလိုက်တဲ့အခိုက်အတန့် ပေါင်းဆုံပြီးတော့ဖြစ်လာတဲ့ အတွေ့လေးကို ဖဿလို့ခေါ်တယ်။ အဲဒီဖဿက ဘယ်သူ့ကို ဆောင်ထားသလဲ၊ ဘယ်သူ့ကို ကျေးဇူးပြုသလဲဆိုတော့ ဝေဒနာကို ကျေးဇူးပြုတယ်။ ဖဿပစ္စယာ ဝေဒနာ။ ဖဿအတွေ့ကောင်းရင် ကောင်းတဲ့ဝေဒနာဖြစ်တယ်။ ဖဿကအတွေ့ဆိုးရင် ဆိုးတဲ့ဝေဒနာဖြစ်တယ်။ အလယ်အလတ်ဆိုရင် ဥပေက္ခာဝေဒနာဖြစ်တယ်။

ဝေဒနာကနေပြီးတော့ တစ်ခါ ဝေဒနာပစ္စယာ တဏှာ-ဟုဆိုသည့်အတိုင်း တဏှာကို ကျေးဇူးပြုတယ်။ တဏှာပစ္စယာ ဥပါဒါန်-ဟုဆိုသည့်အတိုင်း တဏှာကနေ ဥပါဒါန်ကို ကျေးဇူးပြုတယ်။ ဥပါဒါနပစ္စယာ ဘဝေါ-ဟုဆိုသည့်အတိုင်း ဥပါဒါန်ကနေ ဘဝဆိုတဲ့ ကမ္မဘဝကို ကျေးဇူးပြုတယ်။

ဖဿတည်းဟူသော ပစ္စည်းတရားက ဝေဒနာ တဏှာ ဥပါဒါန် ကံဆိုတဲ့ တရားတွေ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနေတယ်။ သုတ္တန်ဒေသနာတော်နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ထဲကို မဝင်သွားပါဘူးလား ... ဝင်သွားပါတယ်ဘုရား။

စေတနာလို့ခေါ်တဲ့ ပစ္စည်းတရားမှာ စေတနာဆိုတာ ကမ္မဘဝဖြစ်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြစ်တယ်။ ကမ္မဘဝ၊ ဥပပတ္တိဘဝလို့ (၂)မျိုးရှိတဲ့အနက်က စေတနာက ကမ္မဘဝဖြစ်တယ်။ အဲဒီကမ္မဘဝက ဥပပတ္တိဘဝဆိုတဲ့ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတွေကိုဖြစ်အောင် ကျေးဇူးပြုတယ်။

ဝိညာဏပစ္စယာ နာမရူပံ-ဟု ဆိုသည့်အတိုင်း ဝိညာဏ်တည်းဟူသော အာဟာရပစ္စည်းတရားက ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာ သဠာယတနံ-လို့ ဆိုသည့်အတိုင်း ဝိညာဏ်ကနေပြီးတော့ နာမ်ရုပ်၊ နာမ်ရုပ်ကနေ သဠာယတနကို ဆက်လက်ပြီးတော့ ကျေးဇူးပြုတယ်။

သုတ္တန်ဒေသနာတော်နည်းအားဖြင့်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ထဲ ဝင်သွားတယ်။ ဖဿကနေပြီးတော့ ဝေဒနာ၊ ဝေဒနာကနေ တဏှာ၊ တဏှာကနေ ဥပါဒါန်၊ ဥပါဒါန်ကနေ ဘဝကို ကျေးဇူးပြုတယ်။ စေတနာကနေ ဥပပတ္တိဘဝလို့ခေါ်တဲ့ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတွေကို ကျေးဇူးပြုတယ်။ ဝိညာဏ်ကနေ နာမ်ရုပ်၊ သဠာယတနတို့ကို ကျေးဇူးပြုတယ်။ အဲဒါ တရားနာပရိသတ်များရဲ့သန္တာန်မှာ ဖြစ်နေတာပါပဲ။

ပဋိစ္စသမုပ္ပါဒ်ထဲ ရောက်သွားတဲ့အခါကျတော့ ရှုမှတ်ဖို့ရာ ဖြစ်သွားပြီ။ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊

ဥပါဒါန်ကြောင့် ကမ္မဘဝ။ ဘဝတွေဖြစ်ပြီးတဲ့အခါ ဇာတိ ဇရာ မရဏတွေ၊ သောက ပရိဒေဝတွေ ဆက်လက်ပြီးတော့ ဖြစ်သွားတော့ ပဋိစ္စသမုပ္ပါဒ်စက် ရဟတ်ကြီး လည်သွားတယ်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး သံသရာကြီး လည်နေရတာကို ဘာနဲ့ဖြတ်ရပါ့မလဲ၊ ဝိပဿနာဖြင့် ဖြတ်ရတယ်။

ဖဿပြီးတော့ ဝေဒနာ။ ဖဿမှာက နာမ်အတွေ့ဆိုတော့ သိပ်တော့ မ ထင်ရှားဘူး။ ဝေဒနာကျတော့ တရားနာပရိသတ်များ မထင်ရှားလာပါဘူး လား ... ထင်ရှားလာပါတယ်ဘုရား။ ကောင်းတဲ့ဖဿအတွေ့ တွေ့ရရင် သုခ ဝေဒနာ၊ မကောင်းတဲ့ဖဿအတွေ့ တွေ့ရရင် ဒုက္ခဝေဒနာ၊ အလယ်အ လတ်ဖြစ်တဲ့ဖဿအတွေ့ တွေ့ရရင် ဥပေက္ခာဝေဒနာဖြစ်တယ်။ ဝေဒနာ(၃) မျိုး တွေ့ကြရတယ်။ ဥပေက္ခာဝေဒနာကတော့ မထင်ရှားပေဘူး။

အထင်ရှားဆုံးကတော့ ဒုက္ခဝေဒနာ။ ဒုက္ခဝေဒနာကျတော့ ဝိပဿနာ ရှုလို့ မရသွားပါဘူးလား ... ရသွားပါတယ်ဘုရား။ ရသွားတယ်။ ဝေဒနာကို နိုင်အောင် ရှုနိုင်ပြီဆိုရင်တော့ တဏှာမဖြစ်တော့ဘူး။ ဝေဒနာကို တဏှာ မဖြစ်နိုင်အောင် ရှုမှတ်နိုင်ရမည်။ ရှုမှတ်လိုက်တာနဲ့ကုန်ပျက်၊ ရှုမှတ်လိုက် တာနဲ့ကုန်ပျက်ကိုမြင်တော့ ဝေဒနာကို သာယာတဲ့သဘော ရှိနိုင်ပါတော့မ လား ... မရှိတော့ပါဘုရား။

ဒုက္ခဝေဒနာကလည်း တဏှာကို ဖြစ်စေနိုင်တာပါပဲ။ ဒုက္ခဝေဒနာ တွေ့ ရတော့ ဒီဒုက္ခဝေဒနာက လွတ်မြောက်ပြီး ချမ်းသာတဲ့ သုခဝေဒနာလေးကို လိုချင်လိုက်တာ။ ချမ်းသာကိုလိုချင်တော့ တဏှာဖြစ်တယ်။ ဒုက္ခလည်း တ ဏှာကို ကျေးဇူးမပြုပါဘူးလား ... ကျေးဇူးပြုပါတယ်ဘုရား။ တဏှာဖြစ်သွား ရင်တော့ ဥပါဒါန် စွဲလမ်းခြင်း၊ ကံ ဘဝတွေ၊ ဇာတိ ဇရာ မရဏတွေ ဖြစ် ကုန်တယ်။ ဒါကြောင့် ဝေဒနာမှာ ပြတ်အောင်ရှုမှတ်နိုင်ရမယ်။

ဝေဒနာကို ရှုမှတ်သွားနိုင်တဲ့ ယောဂီပုဂ္ဂိုလ်မှာ ရှုမှတ်လိုက်တာနဲ့ကုန်ပျက်၊ ရှုမှတ်လိုက်တာနဲ့ကုန်ပျက်တာကို မြင်သွားရင် သာယာနိုင်ပါတော့မလား ... မသာယာနိုင်တော့ပါဘုရား။ ကောင်းတဲ့ဝေဒနာလေးတွေကိုလည်း တောင့်တနိုင်ပါတော့မလား ... မတောင့်တနိုင်တော့ပါဘုရား။ မတောင့်တနိုင်တော့ပေဘူး။ ရှုမှတ်လိုက်တာနဲ့ကုန်ပျက်၊ ရှုမှတ်လိုက်တာနဲ့ကုန်ပျက်တာကို သိအောင်လိုက်မှတ်နေရတော့ တဏှာဆက်ပြီးတော့ မဖြစ်နိုင်တော့ပေဘူး။ တဏှာချုပ်သွားတယ်။ တဏှာချုပ်တော့ ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်တော့ ကံတွေချုပ်၊ ကံတွေချုပ်တော့ ဘဝတွေချုပ်၊ ဘဝတွေချုပ်တော့ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတွေ ချုပ်ငြိမ်းတယ်။ ပဋိစ္စသမုပ္ပါဒ်တရားတွေ ချုပ်ငြိမ်းရအောင် ဘယ်တရားများ အားထုတ်ရပါမလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ရပါမယ်ဘုရား။

ဒီလိုဆိုရင်တော့ သတိပဋ္ဌာန်ဝိပဿနာတရား အားမထုတ်တဲ့ပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပါဒ်လည်ချင်လို့ အားမထုတ်တာဖြစ်တယ်လို့ပြောရင် ကောင်းမှ ကောင်းပါ့မလား ... ကောင်းပါတယ်ဘုရား။ ပြတ်ချင်ရင်တော့ အားထုတ်။ မပြတ်ချင်ရင်တော့ အားမထုတ်နဲ့ဆိုတဲ့ အဓိပ္ပါယ်ရောက်သွားပါတယ်။ ပြတ်တော့ပြတ်ချင်တယ်။ အားတော့အားမထုတ်ချင်ဘူးဆိုရင်တော့ ဒါကကော့လည်း သဘာဝကျမှကျပါ့လား ... သဘာဝမကျပါဘုရား။ ပြတ်ချင်ရင် အားထုတ်ရတယ်။ အားမထုတ်တာကတော့ မပြတ်ချင်သေးလို့ပဲဆိုရင်တော့ မမှားနိုင်ပါဘူး။

ယခုဘဝမှာ အားထုတ်လို့ရှိရင် အပါယ်သံသရာသို့ ရောက်စေနိုင်တဲ့ စွဲလမ်းမှု တဏှာ၊ တပ်မက်တဲ့ တဏှာ ဥပါဒါန်တွေ ပြတ်သွားနိုင်ပါတယ်။ သောတာပန်အဆင့်ရောက်သွားတော့ မပြတ်သွားပါဘူးလား ... ပြတ်သွား

ပါတယ်ဘုရား။ ပြတ်သွားနိုင်တယ်။ ဒဲဒီလောက်ပြတ်ဖို့ရာ အဓိကထားပြီး တော့ ယခုတရားနာပရိသတ်များ၊ ယောဂီများတော့ ရှုမှတ်နေကြရတယ်။ အလွန်ပဲ နေရာကျပါတယ်။ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်း ပါတယ်။ သုတ္တန်နည်းအားဖြင့် ထင်ရှားပါတယ်။ ဝိပဿနာရှုကွက်ကတော့ ဝေဒနာမှာ ရှုရပါတယ်။ အာဟာရပစ္စည်းအတွက်ဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဤကဲ့သို့ အာဟာရပစ္စည်း၏ ကျေးဇူးပြုပုံများကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

## ဃာနိန္ဒြိယပစ္စည်း

ဃာနိန္ဒြိယပစ္စည်းကို ဆက်လက်ပြီး ဟောကြားပါဦးမည်။ ဃာနိန္ဒြိယဆိုတာ အစိုးရခြင်းအနက်ကို ဟောပါတယ်။ အဓိပတိကလည်း အစိုးရခြင်းအနက်ကို ဟောပါတယ်။ ဘယ်လိုများ ထူးခြားပါသလဲ၊ စကြာမင်းကြီးသည် လေးကျွန်းတစ်မြင်းမိုရ်လုံးကို ပြိုင်ဘက်မရှိဘဲ အစိုးရသကဲ့သို့ အဓိပတိပစ္စည်း၏ အစိုးရခြင်းသည် ပြိုင်ဘက်မရှိ အစိုးရခြင်းဖြစ်ပေသည်။

ပဒေသရာဇ်မင်းတို့သည် သူ့ဌာန၊ သူ့နယ်ပယ်အပိုင်းအခြား အရပ်ဒေသ၌သာ အစိုးရသကဲ့သို့ ဣန္ဒြိယပစ္စည်း၏ အစိုးရခြင်းသည် မျက်စိဌာန၊ နားဌာန၊ နှာခေါင်းဌာန၊ လျှာဌာန၊ ကိုယ်ဌာနဟူသော အသီးသီး မိမိတို့ ဌာန၌သာ အစိုးရခြင်းဖြစ်ပေသည်။ ဤကဲ့သို့ ထူးခြားကြပါပေတယ်။

**ဆောင်ပုဒ်** ။ ။ **ပြိုင်ဘက်မရှိ၊ စိုးရဘိ၊ အဓိပတိသာ။**
**ကိုယ့်ဌာနတွင်၊ စိုးရလျှင်၊ ခေါ်တွင်ဣန္ဒြိယာ။**

သူ့ဌာနမှာပဲ သူအစိုးရတယ်။ စက္ခုန္ဒြိယဆိုရင် မျက်စိမှာပဲ အစိုးရတယ်။ သောတိန္ဒြိယဆိုရင်လည်း နားအကြည်မှာပဲ အစိုးရတယ်။ ဃာနိန္ဒြိယဆိုရင်လည်း နှာခေါင်းအကြည်မှာပဲ အစိုးရတယ်။ ဇိဝှိန္ဒြိယဆိုရင်လည်း လျှာမှာပဲ

အစိုးရတယ်။ ကာယိန္ဒြိယဆိုရင်လည်း ကိုယ်မှာပဲ အစိုးရတယ်။ တစ်ကိုယ်လုံးကို အစိုးမရနိုင်ဘူး။ အားလုံးသောတရားတွေကို အစိုးမရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်။ ဣန္ဒြိယပစ္စည်းပါဠိတော်ကို ဆက်လက်ဟောကြားပါမယ်။

ဣန္ဒြိယပစ္စယောတိ -

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဣန္ဒြိယပစ္စယောတိ = ဣန္ဒြိယပစ္စည်းဟူသည်ကား။ စက္ခုန္ဒြိယံ = မျက်စိအကြည်ဟုဆိုအပ်သော စက္ခုဝတ္ထုသည်၊ စက္ခုန္ဒြေသည်၊ စက္ခုဝိညာဏဓာတုယာစ = မြင်သိစိတ်ဟုဆိုအပ်သော စက္ခုဝိညာဏ်ဓာတ်ဒွေးအားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ = ထိုစက္ခုဝိညာဏ်ဒွေးနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ = သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန

= ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

အနက်ကလွယ်ပါတယ်။ ဖယားထဲမှာ တွေ့တဲ့အတိုင်းပဲ။ အဆုံးနားကပဲ ဆိုလိုက်ပါတော့မယ်။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **ဣန္ဒြိယာ** = ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုတဲ့ နာမ်ဣန္ဒြေ(၈)ပါး ပစ္စည်းတရားတို့သည်၊ **သမ္ပယုတ္တကာနံ** = သမ္ပယုတ်ဖြစ်ကုန်သော၊ **ဓမ္မာနဉ္စ** = စိတ် (၈၉)ခု စေတသိက်(၅၂)ခုတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထို ဣန္ဒြိယ ဣန္ဒြိယနှင့်ယှဉ်သော စိတ်စေတသိက်တွေဖြစ်ကြောင်းဖြစ်ကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **ဣန္ဒြိယ ပစ္စယေန** = ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူး ပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသ တည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဣန္ဒြိယက (၃)မျိုးရှိပါတယ်။ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ နာမ် ဣန္ဒြိယလို့ ဘယ်နမျိုးပါလဲ ... (၃)မျိုးပါဘုရား။ စက္ခုန္ဒြိယကစပြီးတော့ ကာယိန္ဒြိယတိုင်အောင်(၅)မျိုးက ဝတ္ထုပုရေဇာတိန္ဒြိယဖြစ်တယ်။ ဝတ္ထု-က မှီ ရာတည်ရာ၊ ပုရေ-က ရှေးက၊ ဇာတ-က ဖြစ်တာ၊ ဣန္ဒြိယ-က အစိုးရတာ။ ရူပဇီဝိတိန္ဒြိယ၌ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ-ဆိုတဲ့အချက်က ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားနှင့် ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားတို့ဖြစ်တယ်။

အရူပိနော ဣန္ဒြိယာ-ဆိုတဲ့အချက်ကတော့ နာမ်ဣန္ဒြိယ ပစ္စည်းတရား ဖြစ်တယ်။ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-က နာမ်ဣန္ဒြိယ ပစ္စယုပ္ပန်တရားဖြစ်တယ်။ (၃)မျိုးခွဲပြီးတော့ သိထားရမယ်။ ဝတ္ထုပုရေဇာတိန္ဒြိယရယ်၊ ရူပဇီဝိတိန္ဒြိယရယ်၊ နာမ်ဣန္ဒြိယရယ် ဘယ်နှမျိုးပါလဲ ... (၃)မျိုးပါဘုရား။ (၃)မျိုး အစဉ်အတိုင်းပါပဲ။

စက္ခုန္ဒြိယံ-မှ ကာယိန္ဒြိယံတိုင်အောင်က ဝတ္ထုပုရေဇာတိန္ဒြိယ။ ရူပဇီဝိတိန္ဒြိယံ-ဆိုတာက ရုပ်ဇီဝိတိန္ဒြိယ။ အရူပိနောဣန္ဒြိယ-က နာမ်ဣန္ဒြိယလို့ (၃)မျိုး။ မျိုးအားဖြင့် (၃)မျိုးဖြစ်တယ်။

ဝတ္ထုပုရေဇာတိန္ဒြိယ-၌ စက္ခုန္ဒြိယံ အရကောက်လိုက်တော့ မျက်စိအကြည် ဟုဆိုအပ်သော စက္ခုဝတ္ထု။ အာဟာရချို့တဲ့လို့ဖြစ်စေ၊ အကြောင်းတစ်ပါးပါး ကြောင့်ဖြစ်စေ မျက်စိအကြည်က အားနည်းသွားပြီဆိုလို့ရှိရင် မြင်သိစိတ် ကလေးကလည်း ရှင်းရှင်းလင်းလင်း မမြင်တော့ဘူး။ မျက်စိမှုန်နေတဲ့ပုဂ္ဂိုလ် များ မြင်သိစိတ်ကလေး ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ဖြစ်ပါရဲ့လား ... မဖြစ်ပါဘုရား။ မျက်စိမှုန်ဝါးဝါး ဖြစ်လာတယ်။ ဘယ်သူက အစိုးရနေပါသလဲ၊ မျက်စိအကြည်လေးက စက္ခုဝတ္ထုက အစိုးမရထားပါဘူးလား ... အစိုးရထားပါတယ်ဘုရား။ မြင်သိစိတ်ကို အစိုးရထားတယ်။

မျက်စိအကြည်ကောင်းတာနဲ့အမျှ မြင်သိစိတ်ကလေး ကြည်ကြည်လင်လင် မြင်တယ်၊ ပြတ်ပြတ်သားသား မြင်တယ်။ မျက်စိအကြည် ညံ့သွားတာနဲ့ မြင်သိစိတ်လေးကလည်း ညံ့သွားတယ်။ မြင်သိစိတ်ကလေးကို ဘယ်သူက အစိုးရထားသလဲ၊ မျက်စိအကြည်လေးက အစိုးရထားတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

အဲဒီမျက်စိအကြည်ဆိုတာ ကမ္မဇရုပ်ဖြစ်တယ်။ ကမ္မဇရုပ် အားမကောင်းလို့ နဂိုတည်းက မျက်စိအကြည် အားမကောင်းတဲ့ပုဂ္ဂိုလ်လည်းရှိတယ်။ အာဟာရဇရုပ်က ညံ့သွားလို့ ကမ္မဇရုပ်ကို ကျေးဇူးမပြုနိုင်တဲ့အခါ မျက်စိအကြည်ဟာ အားနည်းသွားတာလည်းရှိတယ်။ အာဟာရမပြည့်စုံလို့ မျက်စိအကြည် အားနည်းသွားတဲ့အခါ မျက်စိအကြည်က အားနည်းတာနဲ့အမျှ မြင်သိစိတ်ကလေးကလည်း အားနည်းသွားတယ်။ မျက်စိအကြည် အားကောင်းတာနဲ့အမျှ မြင်သိစိတ်လည်း အားကောင်းလာတာဟာ ထင်ရှားပါတယ်။ မျက်စိအကြည်က မြင်သိစိတ်ကို အစိုးရနေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

ပစ္စယုပ္ပန်တရားဘက်က အရကောက်ထားတာကတော့ စက္ခုဝိညာဏ်ဟုဆိုအပ်သော မြင်သိစိတ်(၂)ပါးဖြစ်တယ်။ (၂)ပါးဆိုတာက တရားနာပရိသတ်ယောင်း၊ ယောဂီယောင်းများကတော့ မကြာခဏ နားကြားနေရပေတယ်။ မျက်လုံးက နှစ်လုံးရှိလို့ (၂)ပါးလို့ ကောက်ထားတာလားလို့ဆိုတော့ မဟုတ်ဘူး။ ကောင်းတဲ့ မြင်သိစိတ်က တစ်ခု၊ မကောင်းတဲ့ မြင်သိစိတ်က တစ်ခု။ အကုသလဝိပါက်လို့ခေါ်တဲ့ မကောင်းတဲ့ မြင်သိစိတ်က တစ်ခု၊ မကောင်းတာတွေ မြင်ရတယ်။ မကောင်းတာတွေ မြင်ရတာ မကောင်းတဲ့ အကုသိုလ်ရဲ့ အကျိုးပေးပဲ။

ကောင်းတာတွေ မြင်ရတော့ ကောင်းတဲ့ ကုသလဝိပါက်စိတ်ကလေးဖြစ်တယ်။ ဟို ... အတိတ်အတိတ်ဘဝတွေက ကောင်းတဲ့ ကုသိုလ်ကံတွေရဲ့ အကျိုးပေးဖြစ်တယ်။ ကုသိုလ်၊ အကုသိုလ်ကံရဲ့ အကျိုးပေး(၂)မျိုးကို ပြထားတာပဲ။ ကောင်းတဲ့ မြင်သိစိတ်က တစ်မျိုး၊ မကောင်းတဲ့ မြင်သိစိတ်က တစ်မျိုးလို့ (၂)မျိုးပြထားပါတယ်။ ဘယ်သူ့သန္တာန်မှာပါလဲ ... တပည့်တော်တို့ရဲ့

သန္တာန်မှာပါဘုရား။ မကောင်းတာလည်း မမြင်ရပါဘူးလား ... မြင်ရပါတယ်ဘုရား။ ကောင်းတာလည်းမြင်ရတယ်။ "စေ-၇"ဆိုတာ သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခု၊ စိတ်တိုင်းစိတ်တိုင်းမှာယှဉ်နေတဲ့ စေတသိက်(၇)ခုပါပဲ။

သောတိန္ဒြိယမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ သောတိန္ဒြိယ-အရ နားအကြည်ဟုဆိုအပ်သော သောတဝတ္ထု။ ဝတ္ထုပုရေဇာတိန္ဒြိယ၌ ဝတ္ထုဆိုတာ မှီရာတည်ရာ။ နားအကြည်လေးဟာ သောတဝိညာဏ်စိတ် ကြားသိစိတ်ရဲ့ မှီရာတည်ရာဖြစ်တယ်။ သူ့ကိုမှီပြီးတော့ ကြားသိစိတ်လေး မဖြစ်ရပါဘူးလား ... ဖြစ်ရပါတယ်ဘုရား။ မှီပြီးတော့ ဖြစ်ရတဲ့အတွက်ကြောင့် နားအကြည်လေးကို သောတဝတ္ထုလို့ မခေါ်ရပါဘူးလား ... ခေါ်ရပါတယ်ဘုရား။ ခေါ်ရတယ်။ ပုရေဇာတဆိုတာက ရှေးကလည်း ဖြစ်နေနှင့်တယ်။ နားအကြည်လေးက ကြားသိစိတ် မဖြစ်ခင်ကတည်းက မဖြစ်နေနှင့်ပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ဒါကြောင့် ပုရေဇာတဖြစ်တယ်။

ဣန္ဒြိယ-က အစိုးလည်းရတယ်။ နားအကြည်ကောင်းတာနဲ့အမျှ ကြားရတဲ့ အသံတွေဟာ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကြားရတယ်။ ကြားသိစိတ်ကလေးဟာ ထင်ထင်ရှားရှားဖြစ်တယ်။ နားအကြည်က ညံ့သွားပြီဆိုလို့ရှိရင် ကြားသိစိတ်ကလေးကလည်း ညံ့သွားတယ်။ တော်ရုံတန်ရုံပြောလို့ မကြားတော့ပေဘူး။ ဘာဖြစ်လို့ ဒီအသိစိတ်က ညံ့သွားတာလည်းဆိုတော့ နားအကြည်က ညံ့သွားလို့ ကြားသိစိတ်လည်း ညံ့သွားတာဖြစ်တယ်။ နားအကြည်က ကြားသိစိတ်ကို အစိုးရနေတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ အသက်ကြီးလာတော့ နားအကြည်ဟာ ညံ့သွားတော့ ကြားတာတွေလည်း သိပ်ပြီးတော့ မပြတ်သားတော့ပေဘူး။ မသဲကွဲတော့ပေဘူး။ နားအကြည်က အစိုးရနေတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဃာနိန္ဒြိယ-အရ နှာခေါင်းအကြည်ဟုဆိုအပ်သော ဃာနပသာဒကို အရ ကောက်ထားပါတယ်။ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၌ ဝတ္ထုဆိုတာ မှီရာတည် ရာ၊ နှာခေါင်းအကြည် ဃာနပသာဒကလေးဟာ နံသိစိတ်ရဲ့ မှီရာတည်ရာ မဖြစ် ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ သူ့ကိုမှီပြီးတော့ ဖြစ်ရတယ်။ ပုရေဇာတ ဆိုတာက နှာခေါင်းအကြည်လေးဟာ နံသိစိတ်မဖြစ်ခင်ကတည်းက ရှေးက ဖြစ်နေနှင့်တယ်။ ပုရေဇာတ၌ ပုရေ-က ရှေး၊ ဇာတ-က ဖြစ်တာ။ မထင် ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဣန္ဒြိယ-က အစိုးရတာဖြစ်တယ်။ နှာခေါင်းအကြည် ကောင်းတာနဲ့အ မျှ နံသိစိတ်ကလေးဟာ သိသိသာသာ အနံ့တွေ မသိရပါဘူးလား ... သိရ ပါတယ်ဘုရား။ သိရပေတယ်။ နှာခေါင်းအကြည် - ဃာနပသာဒက ညံ့သွားပြီ ဆိုရင် နံတဲ့အနံ့တွေလည်း မကွဲပြားဘူး။ နံသိစိတ်ကလေးဟာ ညံ့သွားတာ ပါပဲ။ တချို့တော့ နှာခေါင်းအကြည်ဟာ ညံ့သွား၊ ပျက်သွားတဲ့အတွက်ကြောင့် အနံ့ကို မသိတော့ဘူး။ နှာခေါင်းအကြည်ကနေ နံသိစိတ်ကို အစိုးရတယ် ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဇိဝှိန္ဒြိယံမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ လျှာအကြည်ဟုဆိုအပ် သော ဇိဝှါပသာဒတရားဖြစ်တယ်။ ဝတ္ထုပုရေဇာတိန္ဒြိယ၌ ဝတ္ထု-က မှီရာတည် ရာ၊ ဇိဝှါဝိညာဏ်စားသိစိတ်ရဲ့ မှီရာတည်ရာလည်းဖြစ်တယ်။ လျှာအကြည် လေးဟာ ပုရေဇာတ - ရှေးကလည်း ဖြစ်နေနှင့်တယ်။

ဣန္ဒြိယ-က အစိုးလည်းရတယ်။ လျှာအကြည် ကောင်းတာနဲ့အမျှ စား သိစိတ်ကလေးဟာ ပိုပြီးတော့ အသိမကောင်းပါဘူးလား ... ကောင်းပါတယ် ဘုရား။ "ဟာ- အရသာရှိလိုက်တာ"။ လျှာအကြည်က ညံ့သွားတော့ စား

သိစိတ်ကလေးဟာလည်း ညံ့သွားတာပဲဖြစ်တယ်။ စားရတာ ဘာမှလည်း အရသာ မသိသလိုလို မဖြစ်နေတတ်ပါဘူးလား ... ဖြစ်နေတတ်ပါတယ်ဘုရား။ ဘာကြောင့်လဲ၊ လျှာအကြည်က ညံ့သွားလို့။ လျှာအကြည်က စားသိစိတ်ကို အစိုးရနေတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

ကာယအကြည်မှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ကာယိန္ဒြိယ-အရ ကာယအကြည်လည်း ဒီအတိုင်းပါပဲ။ ဝတ္ထုပုရေဇာတိန္ဒြိယ-၌ ကိုယ်ကာယ အကြည်လေးဟာ ကာယဝိညာဏ်စိတ်ဖြစ်ဖို့ရာ မှီရာတည်ရာဖြစ်တဲ့အတွက်ကြောင့် ဝတ္ထုဖြစ်တယ်။ ကာယအကြည်လေးဟာ ထိသိစိတ်၏ ရှေးဦးစွာ ကြိုတင်ဖြစ်နေနှင့်တဲ့အတွက်ကြောင့် ပုရေဇာတဖြစ်တယ်။

ဣန္ဒြိယ-က အစိုးရတယ်။ ကာယအကြည် ကောင်းတာနဲ့အမျှ ထိသိမှုတွေလည်း ပြတ်ပြတ်သားသား သိရတယ်။ ကာယအကြည် ညံ့သွားတာနဲ့ ထိသိမှုတွေလည်း ညံ့သွားပါတယ်။ ကာယိန္ဒြိယ-အရ ကာယအကြည်ကနေပြီးတော့ ကာယဝိညာဏ်စိတ် ထိသိစိတ်ကို အစိုးရနေတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ သူကလည်း နှစ်ခု နှစ်ခုရှိတာကို ရှေ့ကပြောခဲ့တဲ့အတိုင်းပါပဲ။ ကောင်းတဲ့ထိသိစိတ်က တစ်ခု၊ မကောင်းတဲ့ ထိသိစိတ်က တစ်ခု။ အကုသလဝိပါက် မကောင်းတဲ့ထိသိစိတ်က တစ်ခု၊ ကုသလဝိပါက် ကောင်းတဲ့ထိသိစိတ်က တစ်ခု၊ နှစ်ခုပဲဖြစ်တယ်။

ရူပဇီဝိတိန္ဒြိယံ သွားကြစို့-။ ရူပဇီဝိတိန္ဒြိယ = ရုပ်ဇီဝိတိန္ဒြေ။ တရားနာ ပရိသတ်များသန္တာန်မှာ ရုပ်ဇီဝိတိန္ဒြေဆိုတဲ့ ရုပ်တစ်မျိုး ရှိနေပါတယ်။ ရုပ်သက်တွေ ရှင်သန်နေရအောင် ရုပ်ဇီဝိတိန္ဒြေက စောင့်ရှောက်ထားတာ ဖြစ်တယ်။ အဲဒီရုပ်ဇီဝိတိန္ဒြေကနေပြီးတော့ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ

ကမ္မဇရုပ်(၉)ခုကို ကျေးဇူးပြုတယ်။ ရုပ်ဇီဝိတိန္ဒြေက ပစ္စည်းဖြစ်နေတော့ က လာပ်တူ ကမ္မဇရုပ်ဒသကလို့ မပြည့်တော့ဘူး။ တစ်ခုနုတ်လိုက်တော့ ဘယ် နခု ဖြစ်သွားပါသလဲ ... (၉)ခုဖြစ်သွားပါတယ်ဘုရား။ (၉)ခုဖြစ်တယ်။

အဲဒါကတော့ သဂြိုဟ်သင်ဖူးတဲ့ပုဂ္ဂိုလ်တွေ၊ အဘိဓမ္မာသင်ဖူးတဲ့ ပုဂ္ဂိုလ် တွေကျမှ ထင်ရှားတယ်။ "ဒသက၊ ဒသက"လို့ဆိုတာ (၁၀)ခုပေါင်း။ (၁၀) ခုပေါင်းဆိုတာဖြစ်တယ်။ အဋ္ဌကလာပ်ရုပ်က ရှစ်ခု၊ ဇီဝိတရုပ်ကတစ်ခု - (၉)ခု၊ စက္ခုပသာဒ မျက်စိအကြည်ထည့်လိုက်တော့ (၁၀)ခု။ အဲဒါကို စက္ခု ဒသကကလာပ်ဟုခေါ်တယ်။ ရုပ်ဇီဝိတိန္ဒြေက ပစ္စည်းဖြစ်နေတော့ ရုပ်ဇီဝိ တိန္ဒြေတစ်ခု နုတ်လိုက်တော့ (၁၀)ခုထဲက တစ်ခုနုတ်လိုက်တော့ (၉)ခုပဲ ကျန်တော့တယ်။ (၉)ခုကို ကျေးဇူးပြုတယ်။

နား - သောတဒသကကလာပ်ကလည်း ထိုနည်းလည်းကောင်းပဲ။ အ သင့်အတင့် သဘောပေါက်နေပါတယ်။ ရုပ်ဇီဝိတိန္ဒြေက ကျန်တဲ့ရုပ်တွေကို အစိုးရပြီးတော့ဖြစ်နေပါတယ်။ ရုပ်ဇီဝိတိန္ဒြေ အားကောင်းတာနဲ့အမျှ ကျန် တဲ့ကလာပ်တူရုပ် (၉)ခုကလည်း အားကောင်းနေတယ်။ ရုပ်ဇီဝိတိန္ဒြေ အား နည်းတာနဲ့အမျှ ကမ္မဇကလာပ်တွေလည်း အားနည်းသွားတယ်။ ရုပ်ဇီဝိ တိန္ဒြေက အစိုးရတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **ဣန္ဒြိယာ** = ဣန္ဒြေတို့သည်၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတည်းဟူသော နာမ် ဣန္ဒြေ တရားကိုယ်(၈)ပါးတို့သည်၊ **သမ္ပယုတ္တကာနံ** = သမ္ပယုတ်ဖြစ်ကုန် သော၊ **ဓမ္မာနဉ္စ** = စိတ် (၈၉)ခု စေတသိက်(၅၂)ခုတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုနာမ်ဣန္ဒြေနှင့်ယှဉ်သော စိတ်စေတသိက်တို့လျှင် ဖြစ် ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း

ကောင်း။ **ဣန္ဒြိယပစ္စယေန** = ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ **ပစ္စယော**+ဥပကာရကော = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဇီဝိတဆိုတာလည်း နာမ်က္ခန္ဓ၊ စိတ်ဆိုတာလည်း နာမ်က္ခန္ဓ၊ ဝေဒနာဆိုတာလည်း နာမ်က္ခန္ဓ၊ သဒ္ဓါဆိုတာလည်း နာမ်က္ခန္ဓ၊ ဝီရိယဆိုတာလည်း နာမ်က္ခန္ဓ၊ သတိဆိုတာလည်း နာမ်က္ခန္ဓ၊ ဧကဂ္ဂတာဆိုတာလည်း နာမ်က္ခန္ဓ၊ ပညာဆိုတာလည်း နာမ်က္ခန္ဓ။ သူတို့က သူတို့နဲ့ အတူတကွဖြစ်တဲ့ သမ္ပယုတ်တရားတွေကို အစိုးရနေတယ်။ စိတ်(၈၉)ခု၊ စေတသိက်(၅၂)ပါးကိုလည်း အစိုးရတယ်။ စိတ္တဇရုပ်ကိုလည်း အစိုးရတယ်။ ပဋိသန္ဓေကမ္မဇရုပ်ကိုလည်း အစိုးရတယ်။

ဇီဝိတရုပ် အသက်ရုပ်ပါပဲ။ ရုပ်ဇီဝိတ - ရုပ်သက်၊ နာမ်ဇီဝိတ - နာမ်သက်။ နာမ်သက်ကနေပြီးတော့ သမ္ပယုတ်တရားတွေကိုလည်း ရှင်သန်နေရအောင် ကျေးဇူးပြုနေတယ်။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း တစ်ဆင့် အစိုးရတဲ့အနေနဲ့ ကျေးဇူးပြုနေတယ်။ နာမ်ဇီဝိတက အားနည်းသွားလို့ရှိရင် သမ္ပယုတ်တရားတွေလည်း အားနည်းသွား၊ ရုပ်တွေလည်း အားနည်းသွားနိုင်ပါတယ်။ ဤကဲ့သို့ အစိုးရတာ ထင်ရှားတယ်။

စိတ်ကလည်း ဣန္ဒြိယပစ္စည်းအနေနဲ့ သမ္ပယုတ်တရားတွေကို အစိုးရတယ်။ ဦးဆောင်ရှေ့သွားအဖြစ်ဖြင့် စိတ်အားထက်သန်တာနဲ့အမျှ သမ္ပယုတ်တရားတွေ စိတ်စေတသိက်တရားတွေလည်း ထက်သန်လာတယ်။ စိတ်က

အားနည်းနည်းလျော့သွားရင် သမ္ပယုတ်တရားတွေလည်း ... လျော့သွားပါတယ်ဘုရား။ လျော့သွားတော့ ရုပ်တရားတွေ အမူအရာတွေလည်း လျော့သွားတယ်။ အစိုးရလို့ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဝေဒနာကလည်း ဣန္ဒြိယပစ္စည်းအနေနဲ့ သမ္ပယုတ်တရားတွေကို အစိုးရတယ်။ ဝေဒနာတွေ သိပ်ပြီးတော့ပြင်းထန်တယ်၊ သို့မဟုတ် ချမ်းသာတယ်။ ချမ်းသာတာတော့ သိပ်ထင်ရှားတယ်။ ဝေဒနာက သုခဝေဒနာဖြစ်နေလို့ရှိရင် သမ္ပယုတ်တရားတွေလည်းချမ်းသာ၊ စိတ်လည်းချမ်းသာ၊ ကိုယ်လည်းချမ်းသာ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ ဝေဒနာကနေပြီးတော့ ဣန္ဒြိယအနေနဲ့ အစိုးရထားတာဖြစ်တယ်။ ဝေဒနာက ဒုက္ခဝေဒနာဆိုလို့ရှိရင် မချမ်းသာတော့ဘူး။ သမ္ပယုတ်တရားတွေလည်း မချမ်းသာတော့ဘူး။ ဝေဒနာက ဆင်းရဲလာရင် ရုပ်တရားတွေကလည်း မချမ်းသာတော့ဘူး။ ဝေဒနာက အစိုးရတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

သဒ္ဓါက အစိုးရတာ ပိုထင်ရှားတယ်။ သဒ္ဓါက ကောင်းလို့ရှိရင် သမ္ပယုတ္တကာနံ-ဆိုတဲ့တရားတွေ စိတ်စေတသိက်တွေ၊ တံသမုဋ္ဌာနာနံ ရူပါနဉ္စ-ဆိုတဲ့ စိတ္တဇရုပ်တွေ ပိုပြီးတော့ ရွှင်ရွှင်ပျပျ ထက်ထက်သန်သန် ဖြစ်ကြတယ်။ သဒ္ဓါတရားကောင်းတဲ့ပုဂ္ဂိုလ်တွေ စိတ်ကလည်း မကြည်လင်နေပါဘူးလား ... ကြည်လင်နေပါတယ်ဘုရား။ ရုပ်ကိုယ်အမူအရာတွေကလည်း သွက်လက်နေတယ်။

ဆွမ်းကျွေးတဲ့အခါ၊ အလှူဒါနတွေ ပြုလုပ်နေတဲ့အခါ သိပ်ထင်ရှားပါတယ်။ သဒ္ဓါတရား ထက်သန်နေတဲ့အတွက်ကြောင့် စိတ်တွေကလည်း ရွှင်လန်းနေတယ်၊ ချမ်းသာနေတယ်၊ ကြည်လင်နေတယ်။ စိတ်ကလည်း ကြည်

လင်နေတဲ့အတွက်ကြောင့် မျက်နှာအရေအဆင်းတွေပါ လိုက်ပြီးတော့ မကြည်လင်နေတတ်ပါဘူးလား ... ကြည်လင်နေတတ်ပါတယ်ဘုရား။ ကြည်လင်နေတယ်။ ကိုယ်အမူအရာတွေလည်း သွက်လက်နေတယ်။ စိတ္တသမုဋ္ဌာနာနဋ္ဌ ရူပါနံ-ဆိုတာ ကိုယ်အမူအရာတွေပဲ။ သဒ္ဓါတည်းဟူသော ဣန္ဒြိယပစ္စည်းကြောင့် ကိုယ်အမူအရာတွေလည်း သွက်လက်နေတယ်၊ နှုတ်အမူအရာတွေလည်း သွက်လက်နေတယ်။

ဆွမ်းကျွေးတော့ "မှီဝဲကြပါ၊ သုံးဆောင်ကြပါ" မပြောပါဘူးလား ... ပြောပါတယ်ဘုရား။ အဲဒါ တံသမုဋ္ဌာနာနဋ္ဌ ရူပါနံ-တွေပဲ။ ဘယ်သူက ကျွေးမွေးပြုနေတာလဲ ... သဒ္ဓါက ကျွေးမွေးပြုနေတာပါဘုရား။ သဒ္ဓါတည်းဟူသော ဣန္ဒြိယပစ္စည်းက ကျွေးမွေးပြုနေတယ်။ သွက်သွက်လက်လက်နဲ့ စားဖွယ်တွေ ထည့်ပေး၊ လုပ်ပေး၊ ပြုပြင်ပေးနေတာလည်း တံသမုဋ္ဌာနာနဋ္ဌ ရူပါနံ-တွေပဲ။ သူ့ရဲ့ပစ္စည်းက ဘယ်သူပါလဲ ... သဒ္ဓါပါဘုရား။ သဒ္ဓါဖြစ်တယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

သဒ္ဓါက ညံ့သွားပြီဆိုရင်တော့ သမ္ပယုတ္တကာနံ-ဆိုတဲ့ စိတ်ကြည်လင်မှုတွေ၊ ချမ်းသာမှုတွေလည်း နည်းနည်းလျော့ရဲသွားတယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေလည်း နည်းနည်းလျော့ရဲသွားတယ်။ သဒ္ဓါကအစိုးရထားတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

ဝီရိယကလည်း ထိုနည်းလည်းကောင်းပါပဲ။ ဝီရိယ = ဣန္ဒြိယပစ္စည်း ဝီရိယကောင်းတဲ့ပုဂ္ဂိုလ်တွေ တက်တက်ကြွကြွ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ စိတ်ကလည်း တက်တက်ကြွကြွ၊ ကိုယ်အမူအရာကလည်း တက်တက်ကြွကြွ။ ဝီရိယ လျော့သွားပြီဆိုလို့ရှိရင် ကိုယ်အမူအရာကလည်းလျော့ရဲ

စိတ်တွေကလည်းလျော့ရဲ၊ စေတသိက်တွေကလည်းလျော့ရဲ၊ စိတ္တဇရုပ်တွေက လည်း ... လျော့ရဲပါတယ်ဘုရား။ ဝီရိယက အစိုးရနေတယ်ဆိုတာ မထင် ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

သတိကလည်း ဣန္ဒြိယအနေနဲ့ အစိုးရပြီး ကျေးဇူးပြုနေတယ်။ သတိ ကောင်းလို့ရှိရင် သမ္ပယုတ်တရားတွေကလည်း အရာရာမှာ အမှတ်တွေ ကောင်းနေတယ်။ အရာရာမှာ အဆင်သင့်ပဲ။ သတိကောင်းတဲ့အတွက်ကြောင့် ရုပ်တရားတွေလည်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ဖြစ်နေ တတ်ပါတယ်။ သတိက ညံ့သွားပြီဆိုလို့ရှိရင် အရာရာမှာ လျော့ရဲသွားတာ သတိက အစိုးရတာဖြစ်တယ်။

ကေဂ္ဂတာကလည်း ထိုနည်းလည်းကောင်းပါပဲ။ ကေဂ္ဂတာ စိတ်တည် ငြိမ်မှုဟာ အားကောင်းနေလို့ရှိရင် ဘယ်အာရုံကိုပဲ မှတ်လိုက်မှတ်လိုက် တည် ငြိမ် တည်ငြိမ်နေတာ ကပ်ခနဲ ကပ်ခနဲ တည်တည်သွားတယ်။ သမ္ပယုတ် တရားတွေကလည်း တည်ငြိမ်၊ ရုပ်ကလည်း တည်ငြိမ်။ ကေဂ္ဂတာက ညံ့ သွားပြီဆိုလို့ရှိရင် သမ္ပယုတ်တရားတွေကလည်း မတည်ငြိမ်၊ စိတ်ကလည်း မတည်ငြိမ်တော့ပေဘူး။ စိတ်တွေ လွင့်နေတယ်။ ရုပ်တရားတွေလည်း နိုင် နိုင်မာမာ မရှိတော့ပေဘူး။ ခဏခဏ လှုပ်ချင်၊ ပြင်ချင် ဖြစ်လာတယ်။ ဘာ ဖြစ်လို့လဲ၊ ကေဂ္ဂတာ အစိုးရမှုက လျော့ရဲသွားလို့ မတည်ငြိမ်တော့ဘူး။

ပညာကလည်း ဣန္ဒြိယအနေနဲ့ အစိုးရပြီး ကျေးဇူးပြုနေတယ်။ ပညာ ဉာဏ် ထက်သန်နေတဲ့အခါ အသိဉာဏ်တွေဟာ၊ သမ္ပယုတ်တရားတွေဟာ အကုန်လုံး ပညာနောက်ကိုလိုက်ပြီးတော့ အသိဉာဏ်တွေ ထက်မြက်ဖို့ရာ ဖြစ်လာကြတာပဲ။ ရုပ်တရားတွေကလည်း နိုင်နိုင်မာမာ သွက်သွက်လက် လက် ဖြစ်ကြတယ်။ ပညာက ညံ့သွားပြီဆိုလို့ရှိရင် သမ္ပယုတ်တရားတွေ

လည်း လျော့ရဲ ညံ့သွားကြတာပါပဲ။ ပညာက အစိုးရထားတယ်ဆိုတာ မ ထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

အဲဒီမှာကတော့ ဝိပဿနာရှုလို့ ရသွားပြီဖြစ်တယ်။ ဝိပဿနာရှုကွက် ပါပဲ။ သဟဇာတမျိုးထဲကပါပဲ။ နာမ်ဣန္ဒြိယဆိုတာ သဟဇာတမျိုးထဲကဖြစ် တယ်။ စိတ်တို့၊ သဒ္ဓါတရားတို့၊ ဝီရိယတို့က ထက်သန်အားရှိနေတာ ဝိပဿ နာတရား ရှုမှတ်နေတဲ့အခါ ထင်ရှားနေတတ်ပါတယ်။ ဘယ်အမှုအရာတွေ မှာ ထင်ရှားနေသလဲဆိုရင် ဣရိယာပုထ်ကြီး(၄)ပါးမှာတော့ ပိုထင်ရှားတယ်။ တရားရှုမှတ်လို့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်လာလို့ရှိရင် ဝိပဿနာရှုလို့ ရသွားပါပြီ။ စိတ်တို့၊ ဝေဒနာတို့၊ သဒ္ဓါတို့ကနေပြီးတော့ သမ္မယုတ္တကာနံ ဓမ္မာ နံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-လို့ခေါ်တဲ့ ပစ္စယုပ္ပန်တရားတွေကို ကျေးဇူးပြုနေ တဲ့အခိုက်အတန့် ဝိပဿနာရှုကွက်ထဲမှာ ရောက်သွားပြီဖြစ်တယ်။

ဝိပဿနာရှုမှတ်နေတဲ့ တရားနာပရိသတ်များ၊ ယောဂီဟောင်းများက သိ ပါတယ်။ ရှုမှတ်ခါစ နာမရူပပရိစ္ဆေဒဉာဏ်မှာတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်နေရတယ်။ တရားဝင်ခါစတော့ ဘာမှ ကွဲကွဲပြားပြား မသိသေးဘူး။ ဖောင်းတာကလည်း မိမိဝမ်းဗိုက်ကြီးကပဲ ဖောင်းနေတယ်၊ ရှုမှတ်တာကလည်း မိမိကပဲ ရှုမှတ် နေတယ်။ ပိန်တာကလည်း မိမိဝမ်းဗိုက်ကြီးကပဲ ပိန်နေတယ်၊ ပိန်တယ်လို့ ရှုမှတ်တာကလည်း မိမိကပဲရှုမှတ်နေတယ်။ ထိုင်နေတာကလည်း မိမိခန္ဓာ ကိုယ်ကြီးကပဲ ထိုင်နေတယ်၊ ရှုမှတ်တာကလည်း မိမိကပဲ ရှုမှတ်နေတယ်။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်နေတဲ့အခါမှာလည်း မိမိကိုယ်ကြီး ကပဲ လှမ်း ကြွ ချနေတယ်၊ ရှုမှတ်တာကလည်း မိမိကပဲ ရှုမှတ်နေတယ်လို့ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်ဟာ တပေါင်းတည်း ဖြစ်နေသေးတယ်။

နောက်တော့ သမာဓိဉာဏ် ဖြစ်လာပြီဆိုတော့ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေတဲ့အခါ ဖောင်းတာက တခြား၊ မှတ်သိလိုက်တာက တခြား၊ ပိန်တာက တခြား၊ မှတ်သိလိုက်တာက တခြား၊ ထိုင်တာက တခြား၊ မှတ်သိလိုက်တာက တခြား၊ ထိတာက တခြား၊ မှတ်သိလိုက်တာက တခြားလို့ မကွဲပြားသွားပါဘူးလား ... ကွဲပြားသွားပါတယ်ဘုရား။

ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာတွေက ဘာမှမသိတတ်တဲ့ ရုပ်တရား။ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်လို့ မှတ်သိမှတ်သိလိုက်တာက သိတတ်တဲ့အတွက်ကြောင့် ... နာမ်တရားပါဘုရား။ မကွဲပြားသွားပါဘူးလား ... ကွဲပြားသွားပါတယ်ဘုရား။

ဒီခန္ဓာကိုယ်ကြီးထဲမှာ "ငါ" "ငါ"ဆိုတာ တကယ်စင်စစ်တော့ ရှိတာမဟုတ်ဘူး၊ ဝေါဟာရ အပြောမျှပဲရှိတယ်၊ တကယ်စင်စစ်တော့ ရုပ်တရား၊ နာမ်တရား (၂)ပါးပဲရှိတယ်လို့ သိသွားတယ်။ အတ္တဒိဋ္ဌိ မကွာသွားပါဘူးလား ... ကွာသွားပါတယ်ဘုရား။ အတ္တဒိဋ္ဌိကွာသွားတယ်။ နာမရူပပရိစ္ဆေဒဉာဏ်ရောက်တော့ အတ္တဒိဋ္ဌိကွာသွားတယ်။ အပါယ်တံခါးပိတ်ဖို့ရာ အကောင်းဆုံး အခြေခံအဆင့်ပဲ ဖြစ်ပါတယ်။

ဆက်ကာဆက်ကာရှုမှတ်တော့ ဉာဏ်စဉ်တစ်ခု တက်သွားတဲ့အခါ အကြောင်းနဲ့အကျိုးကို သိလာတယ်။ ဖောင်းတာ ပိန်တာတွေက ရှေ့က ပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်က လိုက်လိုက်ပြီးတော့ ရှုမှတ်နေရတာပဲ။ ထိုင်တာ ထိတာတွေက ရှိနေလို့ မှတ်သိစိတ်က ရှုမှတ်နေရတာပဲ။ ရှေ့က ပေါ်ပေါ်ပေးနေတာ၊ ရှေ့က ရှိရှိနေတာတွေကတော့ အကြောင်းပဲ၊ နောက်က လိုက်လိုက်ပြီးတော့ ရှုမှတ်နေရတာ၊ သိနေတာကတော့ အကျိုး

တရားပဲ။ ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာတွေက အကြောင်းတရား၊ မှတ်သိမှတ်သိနေတာက ... အကျိုးတရားပါဘုရား။ အကျိုးတရား။ အဲဒီ ဉာဏ်အဆင့် ရောက်သွားတဲ့ ယောဂီဟာ တော်တော်လေး အထွေထွေအ သေးစိတ်အမှတ်တွေ ရှုမှတ်လို့ ရသွားပါတယ်။ အထူးသဖြင့်တော့ ဣရိယာ ပုထ်ကြီး(၄)ပါးမှာ ရှုမှတ်လို့ ရလာပါတယ်။

အဲဒီဉာဏ်အဆင့်မှာ အထူးသတိထားလိုက်လို့ရှိရင် ရပ်နေရာကနေသွား ရတော့မယ်ဆိုရင် အထူးသတိထားလိုက်တဲ့အခါ သွားချင်တဲ့စိတ်တွေ ရှေး ဦးစွာ ထင်ရှားနေတတ်ပါတယ်။ ထင်ရှားနေတော့ သွားချင်တယ်၊ သွားချင် တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ သွားချင်တဲ့စိတ် ကြောင့် သွားရတယ်။ မသိရပါဘူးလား ... သိရပါတယ်ဘုရား။ သွားချင်တဲ့ စိတ်ကြောင့် သွားတဲ့ကိုယ်အမူအရာတွေ ဖြစ်လာတယ်။ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မရှု မှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ သွားချင်တဲ့စိတ်က နာမ်က္ခန္ဓာ ယပစ္စည်း။ သွားနေတဲ့ ကိုယ်အမူအရာကြီးက တံသမုဋ္ဌာနာနဉ္စ ရူပါနံ-က စိတ္တဇရုပ် ပစ္စယုပ္ပန်ပဲ။

သွားချင်တယ်၊ သွားချင်တယ်လို့ ရှုမှတ်တာက နာမ်က္ခန္ဓာယထဲက စိတ် ကိုမှတ်တာဖြစ်တယ်။ သွားတယ် သွားတယ်၊ ဘယ်လှမ်းတယ် ညာလှမ်း တယ်လို့ ရှုမှတ်နေတာက ဘယ်သူ့ကို ရှုမှတ်နေတာလဲ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဆိုတဲ့ စိတ္တဇရုပ်ကို ရှုမှတ်နေတာဖြစ်တယ်။

သွားရာက စင်္ကြံဦးသို့ ရောက်ခါနီးမှာ ရပ်ရတော့မယ်ဆိုရင် တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်းလောက်ကတည်းက အထူးသတိထားလိုက်လို့ရှိရင် ရပ် ချင်တဲ့စိတ်တွေ ရှေးဦးစွာ မထင်ရှားနေပါဘူးလား ... ထင်ရှားနေပါတယ်

ဘုရား။ ထင်ရှားနေတော့ ရပ်ချင်တယ်၊ ရပ်ချင်တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ နောက်ပြီးမှ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေကနေ တွန်းကန်ပေးလိုက်လို့ ရပ်တဲ့ကိုယ်အမူအရာဖြစ်လာမှ ရပ်တယ်၊ ရပ်တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။

ရပ်ချင်တဲ့စိတ်က အကြောင်းတရား၊ ရပ်တဲ့ ကိုယ်အမူအရာကြီးက ... အကျိုးတရားပါဘုရား။ ရပ်ချင်တဲ့စိတ်ဆိုတာ ဒီမှာ နာမ်ဣန္ဒြိယပစ္စည်းထဲမှာ ကြည့်လိုက်တော့ အရူပိနော ဣန္ဒြိယာ-အရ စိတ်မပါပါဘူးလား ... ပါပါတယ်ဘုရား။ စိတ်ကိုလည်း မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ရပ်တဲ့ကိုယ်အမူအရာဆိုတာ စိတ္တဇရုပ်ဖြစ်တယ်။ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ထဲမှာပါတဲ့ စိတ္တဇရုပ်ကို မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ဝိပဿနာရှုကွက်ထဲ မရောက်နေပါဘူးလား ... ရောက်နေပါတယ်ဘုရား။ ဩော် ... ဝိပဿနာရှုရတာ ပဋ္ဌာန်းဒေသနာတော်တရားတွေကို ရှုနေရတာပဲ။ မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာပါပဲ။

ရပ်ရာက ထိုင်ရတော့မယ်ဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်က အထူးသတိထားလိုက်ရင် ထိုင်ချင်တဲ့စိတ်တွေဖြစ်တာ မထင်ရှားပါဘူးလား ... ထင်ရှားနေပါတယ်ဘုရား။ ထင်ရှားတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ပစ္စည်းကို ရှုမှတ်တာလား၊ ပစ္စယုပ္ပန်ကို ရှုမှတ်တာလား ... ပစ္စည်းကို ရှုမှတ်တာပါဘုရား။ ပစ္စည်းကိုရှုမှတ်တာဖြစ်တယ်။ အရူပိနော-အရ စိတ်ကို ရှုမှတ်နေတာဖြစ်တယ်။ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ဘယ်သူ့ကို ရှုမှတ်တာလဲ၊ ပစ္စည်းကို ရှုမှတ်တာလား၊ ပစ္စယုပ္ပန်ကို ရှုမှတ်တာလား ... ပစ္စည်းကိုရှုမှတ်တာပါဘုရား။ ပစ္စည်းထဲက စိတ်ကို ရှုမှတ်နေတာဖြစ်တယ်။

ရပ်ရာမှ ထိုင်ရတော့မည့်အခါမှာလည်း အထူးသတိထားလိုက်လို့ရှိရင် ထိုင်ချင်တဲ့စိတ်တွေက ရှေးဦးစွာ ထင်ရှားနေတတ်ပါတယ်။ ထင်ရှားနေတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု ရှုမှတ်ကြရပါတယ်။ နောက်ပြီးမှ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်လို့ဖြစ်လာတဲ့ ကိုယ်အမူအရာတွေဖြစ်လာတဲ့အခါ ထိုင်တယ်၊ ထိုင်တယ်ဟု မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ တံသမုဋ္ဌာနာနန္တ ရူပါနံ-အရ စိတ္တဇရုပ်ကို ရှုမှတ်တာဖြစ်တယ်။ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ရုပ် ထိုင်တဲ့ကိုယ်အမူအရာကြီး မဖြစ်လာပါဘူးလား ... ဖြစ်လာပါတယ်ဘုရား။

ထိုင်တယ်၊ ထိုင်တယ်လို့ ရှုမှတ်ရတာက ပါဠိတော်ထဲက ဘယ်အချက်ကို ရှုမှတ်ရတာလဲ၊ တံသမုဋ္ဌာနာနန္တ ရူပါနံ-ကို ရှုမှတ်ရတာဖြစ်တယ်။ ပဋ္ဌာန်းထဲမှာ မသက်ဝင်နေပါဘူးလား ... သက်ဝင်နေပါတယ်ဘုရား။ သက်ဝင်နေပေတယ်။ ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ရတယ်။ ထိုင်ချင်တဲ့စိတ်က အကြောင်းတရား၊ ထိုင်တဲ့ကိုယ်အမူအရာကြီးက အကျိုးတရားဖြစ်တယ်။ တံသမုဋ္ဌာနာနန္တ ရူပါနံနှင့် မကိုက်ညီပါဘူးလား ... ကိုက်ညီပါတယ်ဘုရား။

ထိုနာမ်က္ခန္ဓာထဲက စိတ်ကအကြောင်း၊ ထိုင်တဲ့ကိုယ်အမူအရာကြီးက အကျိုးစိတ္တဇရုပ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားပါတယ်။

ဆောင်ပုဒ် ။ ။ ထိုင်ချင်တာကနာမ်၊ ထိုင်နေဟန်ကရုပ်၊
သူမဟုတ်၊ ငါမဟုတ်၊ ထိုင်တာနာမ်နဲ့ရုပ်။
နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ထိုင်ရင်းအလုပ်လုပ်။

ထိုင်ချင်တာက သိတတ်တဲ့အတွက်ကြောင့် ဘာလို့ဆိုရပါမလဲ ... နာမ်လို့ဆိုရပါမယ်ဘုရား။ ထိုင်နေတဲ့ကိုယ်အမူအရာကြီးက မသိတတ်တဲ့အတွက်ကြောင့် ... ရုပ်ပါဘုရား။ "နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ထိုင်ရင်းအလုပ်လုပ်" ဘယ်အလုပ်ကို လုပ်ရမလဲ၊ ထိုင်တယ်၊ ထိုင်တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ရှုမှတ်ရတာ ဝိပဿနာအလုပ်ဖြစ်တယ်။ ထိုင်ရင်းအလုပ်လုပ်တော့ ရုပ်နာမ် မကွဲသွားပါဘူးလား ... ကွဲသွားပါတယ်ဘုရား။ အကြောင်းအကျိုးလည်း ကွဲသွားပါတယ်။

ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ရတယ်။ ထိုင်ချင်တဲ့စိတ်က အကြောင်းတရား၊ ထိုင်တဲ့ကိုယ်အမူအရာကြီးက ... အကျိုးတရားပါဘုရား။ အကျိုးတရားဖြစ်တယ်။

ထိုင်ရာက လျောင်းချရတော့မယ်ဆိုလို့ရှိရင်လည်း အဲဒီဉာဏ်အဆင့်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်က အထူးသတိထားလိုက်တဲ့အခါမှာ လျောင်းချင်တဲ့စိတ်တွေ ရှေးဦးစွာ ထင်ရှားနေတယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားနေတော့ လျောင်းချင်တယ်၊ လျောင်းချင်တယ်ဟု မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ လျောင်းချင်တယ်၊ လျောင်းချင်တယ် ရှုမှတ်ရတာ လျောင်းချင်တဲ့စိတ်ကို ရှုမှတ်ရတာ ပစ္စည်းဘက်ကလား၊ ပစ္စယုပ္ပန်ဘက်ကလား ... ပစ္စည်းဘက်ကပါဘုရား။ အရှုပ်နော ကျွန်ုပ်ယာ-အရမှာ စိတ်မပါပါဘူးလား ... ပါပါတယ်ဘုရား။ အဲဒီစိတ်ကို ရှုမှတ်ရတာ ဖြစ်ပေတယ်။

ထိုင်ရာက လျောင်းချရတော့မယ်ဆိုလို့ရှိရင် လျောင်းချင်တယ်၊ လျောင်းချင်တယ်လို့ ရှုမှတ်ရတာက ပစ္စည်းဘက်က စိတ်ကို ရှုမှတ်ရတာဖြစ်တယ်။

လျှောင်းချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းချလိုက်လို့ လျှောင်းတဲ့ ကိုယ်အမူအရာဖြစ်လာမှ လျှောင်းတယ်၊ လျှောင်းတယ်ဟု ရှုမှတ်ရပေတယ်။

လျှောင်းတယ်၊ လျှောင်းတယ်လို့ ရှုမှတ်ရတာက ပစ္စည်းဘက်ကို ရှုမှတ်တာလား၊ ပစ္စယုပ္ပန်ဘက်ကို ရှုမှတ်တာလား ... ပစ္စယုပ္ပန်ဘက်ကို ရှုမှတ်တာပါဘုရား။ တံသမုဋ္ဌာနာနန္တ ရူပါနံ-အရ စိတ္တဇရုပ်ကို ရှုမှတ်ရတာဖြစ်တယ်။ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်လာတဲ့ ကိုယ်အမူအရာကြီးက စိတ္တဇရုပ်ဖြစ်ပေတယ်။ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ လျှောင်းချင်တဲ့စိတ်ကြောင့်ဖြစ်လာတဲ့ ကိုယ်အမူအရာကြီးကို မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ စိတ္တဇရုပ်ပဲဖြစ်ပေတယ်။ ထင်ရှားသွားပါပြီ။ ဝိပဿနာ ရှုကွက်ထဲ ရောက်သွားပြီဖြစ်တယ်။ တရားနာပရိသတ်များလည်း ရှုတတ်သွားပါပြီ။ ဒီဉာဏ်အဆင့်လောက် ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်တွေလည်း များပါတယ်။ အဲဒီဉာဏ်အဆင့်သို့ ရောက်သွားတဲ့ပုဂ္ဂိုလ် သာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပြီဖြစ်ပေတယ်။

**ဣတိမိနာ ပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော၊ ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။**

**ဣတိမိနာ ပန ဉာဏေန** = ဤသို့ အကြောင်းအကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ **သမ္ပန္နာဂတော** = ပြည့်စုံသော၊ **ဝိပဿကော** = ဝိပဿနာရှုမှတ်ပွားများသောယောဂီပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနေ** = မြတ်စွာဘုရား၏သာသနာတော်မြတ်၌၊ **လဒ္ဓဿာသော** = ရအပ်သောသက်သာရာရှိသည်ဖြစ်၍၊ **လဒ္ဓပတိဋ္ဌော** = ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍၊

**နိယတဂတိကော** = ကောင်းမြတ်သော သုဂတိဘဝမြဲသော၊ **စုဠသောတာ ပန္နောနာမ** = အငယ်စားသောတာပန်မည်သည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **အဠကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ ယော ဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာ ရသွား ပါပြီ။ ဝါဒတစ်ပါးတို့ဖြင့် ဘယ်လိုပင်ဟောဟောပြောပြော မတုန်လှုပ်တော့ ပါဘူး။ ထောက်ရာတည်ရာ ရသွားပြီ။

အဟေတုကဒိဋ္ဌိ။ အကြောင်းမရှိဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာကြတယ်၊ ဆင်းရဲကြတယ်ဆိုတဲ့ ဒိဋ္ဌိ ဒိဋ္ဌိအယူအဆတွေနဲ့လည်း ပြောဟောလို့ မရ တော့ဘူး။ ယုံကို မယုံတော့ပေဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲမှာ အကြောင်းနဲ့အ ကျိုးကို တွေ့နေရတော့ ယုံပါတော့မလား ... မယုံတော့ပါဘုရား။ အကြောင်း ဖြစ်တဲ့ ကိုယ့်စိတ်က စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်တဲ့အခါ အကျိုးဖြစ်တဲ့ ကောင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေဖြစ်လို့ ကောင်းကျိုးတွေ ခံ စားရတာ၊ အကြောင်းဖြစ်တဲ့ ကိုယ့်စိတ်က မကောင်းတဲ့ စိတ်ဆိုးစိတ်ညစ်တွေ ဖြစ်သွားတဲ့အခါ အကျိုးဖြစ်တဲ့ မကောင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ တွေဖြစ်လို့ မကောင်းကျိုးတွေနဲ့ တွေ့ရတာ ထင်ရှားနေတော့ အကြောင်း မရှိဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာကြတယ်၊ ဆင်းရဲကြတယ်ဆိုတာ ယုံမှ ယုံပါတော့မလား ... မယုံတော့ပါဘုရား။ ဘယ်လောက်ပဲ ဟောဟောပြော ပြော မယုံတော့ပေဘူး။ မတုန်လှုပ်တော့ပေဘူး။ ထောက်ရာတည်ရာ မရ သွားပါဘူးလား ... ရသွားပါတယ်ဘုရား။

ဝိသမဟေတုဒိဋ္ဌိကြောင့်လည်း မတုန်လှုပ်တော့ပေဘူး။ ဝိသမဟေတုဒိဋ္ဌိ၌ ဝိသမ-ဆိုတာ မညီမျှတာ၊ သမ-က ညီမျှတာ။ ပုဂ္ဂိုလ်သတ္တဝါတွေကို တန်ခိုးရှင်၊ ဖန်ဆင်းရှင်တွေက ဖန်ဆင်းထားတာဖြစ်တယ်ဟူသော အယူဝါဒမျိုးလည်း ရှိကြတယ်။ ဖန်ဆင်းတာက အကြောင်း၊ ပုဂ္ဂိုလ်သတ္တဝါတွေ လာဖြစ်တာက အကျိုးတရားဖြစ်တယ်။ ဖန်ဆင်းတဲ့ပုဂ္ဂိုလ်တွေက မေတ္တာ၊ ကရုဏာရှင်တွေဖြစ်တဲ့အတွက်ကြောင့် အားလုံး အကောင်းချည်းပဲ ဖန်ဆင်းကြတာပါပဲ။ မကောင်းတာ ဖန်ဆင်းပါ့မလား ... မဖန်ဆင်းပါဘုရား။ ကောင်းအောင်ချည်းပဲ ဖန်ဆင်းကြတယ်။ ဒါပေမယ့် လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်လာကြတော့ အကျိုးတရားတွေကတော့ အကုန်လုံး အကောင်းချည်းပဲ ဖြစ်ကြပါရဲ့လား ... မဖြစ်ကြပါဘုရား။

တချို့က သိပ်ကောင်း သိပ်တော်၊ တချို့ကလည်း အသင့်အတင့်၊ တချို့ကလည်း မပြည့်မစုံ။ မကောင်းတာတွေလည်း ဖြစ်နေကြရတာ မရှိပါဘူးလား ... ရှိနေပါတယ်ဘုရား။ အကြောင်းကတော့ ကောင်းအောင်၊ တူအောင် ဖန်ဆင်းတယ်။ အကျိုးကျတော့ မကောင်းတာရော၊ ကောင်းတာရော၊ အသင့်အတင့်ရော ဖြစ်နေကြတယ်။ မညီမမျှ မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။

မညီမမျှဖြစ်တဲ့ အယူဝါဒကို ဝိသမဟေတုဒိဋ္ဌိလို့ဆိုရတယ်။ အဲဒီဒိဋ္ဌိဖြင့် ဘယ်လိုပင် ပြောပြောဟောဟော မယုံတော့ပေဘူး။ အဲဒီဒိဋ္ဌိမျိုးလည်း မဖြစ်လာနိုင်တော့ပေဘူး။ ထောက်ရာတည်ရာရသွားပြီ။ ကိုယ့်ခန္ဓာကိုယ်ထဲမှာ အကြောင်းနဲ့အကျိုး ထင်ရှားစွာ တွေ့မြင်ရတော့ ကိုယ့်စိတ်ကကောင်းရင် ကောင်းတဲ့ ကိုယ်အမူအရာတွေဖြစ်လို့ ကောင်းကျိုးတွေ ခံစားနေရတာ၊ ကိုယ့်စိတ်တွေက မကောင်းတဲ့စိတ်တွေ ဖြစ်သွားလို့ရှိရင် မကောင်းတဲ့ ကိုယ်

အမူအရာ၊ နှုတ်အမူအရာတွေဖြစ်သွားလို့ မကောင်းတဲ့ အပြစ်ဒဏ်တွေ၊ မကောင်းကျိုးတွေနဲ့ တွေ့နေရတာ ကိုယ်တိုင်သိတော့ ပုဂ္ဂိုလ်သတ္တဝါတွေ ကောင်းတာ မကောင်းတာတွေ ဖြစ်ရတာ အတိတ်အတိတ်ဘဝများက ကံကြောင့်ပဲ။ အကြောင်းကံကြောင့် ပုဂ္ဂိုလ်သတ္တဝါတွေ အမျိုးမျိုး ကွဲပြားနေကြတာပဲဆိုတာ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ သိသွားတော့ ဖန်ဆင်းတဲ့ဝါဒကို ယုံမှယုံပါတော့မလား ... မယုံတော့ပါဘုရား။ မယုံတော့ပေဘူး။

သာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပါပြီ။ ဝိပဿနာရှုရတာ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ စူဠသောတာပန် - အငယ်စားသောတာပန် ဖြစ်သွားပြီဖြစ်တယ်။ သုဂတိဘဝတွေပဲ မြဲသွားပါပြီ။ အဲဒီအဆင့်လောက်ရောက်အောင် အားထုတ်ဖို့ကတော့ သိပ်ပြီး အကြာကြီးလည်း အားမထုတ်ရပါဘူး။ အသင့်အတင့်ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ (၁၀)ရက်အတွင်းမှာ ဒီဉာဏ်အဆင့်ကိုရောက်တာ များပါတယ်။ (၁၀)ရက်လောက်တော့ ဒုက္ခမခံနိုင်ပါဘူးလား ... ဒုက္ခခံနိုင်ပါတယ်ဘုရား။

အပါယ်သံသရာမှ လွတ်ရအောင် ဒီလောက်လေးတော့ ဒုက္ခခံနိုင်ရမယ်။ ဒီလောက်ကလေးမှ ဒုက္ခမခံချင်ဘဲ အပါယ်သံသရာမှလည်း လွတ်ချင်လို့ရှိရင်တော့ နေရာမှကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျပေဘူး။ (၁၀)ရက်လောက် ဒုက္ခခံလိုက်ရင်တော့ စူဠသောတာပန်ဖြစ်သွားလို့ ဒုတိယဘဝစသည်မှာ အပါယ်မကျနိုင်တော့ပေဘူး။ အဲဒီလောက်တော့ အားထုတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ များပါတယ်။

ယခုတရားနာပရိသတ်များတော့ အားထုတ်နေကြပါတယ်။ ဒီလောက်နဲ့တော့ မရောင့်ရဲ မတင်းတိမ်ကြပါဘူး။ မဟာသောတာပန်ဖြစ်အောင် ဆက်လက်ပြီးတော့ အားထုတ်နေကြတယ်။ မဟာသောတာပန်ဆိုတော့ ဉာဏ်စဉ်တွေ အဆင့်ဆင့်တက်သွားပြီးလျှင် သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတဲ့အခါ မဟာသောတာပန်ဖြစ်သွားတယ်။ ဘယ်သောအခါမှ အပါယ်သံသရာသို့ ပြန်မရောက်ရတော့ပေဘူး။ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက မိမိမိုက်ခဲ့ဆိုးခဲ့လို့ ပြုလုပ်ခဲ့တဲ့ အပါယ်ကျစေနိုင်တဲ့ ကံဆိုးကံဟောင်းတွေ အကုန်လုံး ကင်းပျောက်သွားတယ်။ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်လိုက်တယ်။

ဒီဘဝမှာလည်း ငယ်ရွယ်စဉ်အခါက မသိမိုက်မားလို့ ပြုလုပ်ကျူးလွန်ခဲ့တဲ့၊ အပါယ်ငရဲသို့ ကျရောက်စေနိုင်တဲ့ ကံဆိုးကံဟောင်းတွေ ရှိခဲ့လို့ရှိရင်လည်း အကုန်လုံး ကင်းပျောက်သွားအောင် သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်လိုက်တယ်။ နောင်ဘယ်သောအခါမှ အပါယ်သံသရာသို့ ပြန်မရောက်ရတော့ပေဘူး။ ဘဝသံသရာမှာလည်း မကြောက်မရွံ့ ကျင်လည်လို့ ရသွားပါတယ်။ ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် ငရဲများကျရောက်ရဦးမလား၊ ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် တိရစ္ဆာန်များ သွားဖြစ်ရဦးမလားလို့ စိတ်ထဲမှာကို ယုံမှားသံသယ မရှိတော့ပါဘူး။

မိမိဟာ ဒီဘဝမျိုးတွေ မရောက်နိုင်တော့ပေဘူး။ ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် ပြိတ္တာလို့ခေါ်တဲ့ တစ္ဆေ သရဲ ဥစ္စာစောင့်ဘဝမျိုးများ ရောက်သွားရဦးမလားလို့ စိတ်ထဲမှာ ယုံမှားသံသယ မရှိတော့ပေဘူး။ ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် အသုရကာယ်လို့ခေါ်တဲ့ ဘဝမျိုးများ ရောက်သွားရဦးမလားလို့ စိတ်ထဲမှာကို ယုံမှားသံသယ မရှိတော့ပါဘူး။ မိမိဟာ ဒီဘဝ

မျိုးတွေ မရောက်နိုင်တော့ဘူး။ ဘဝသံသရာမှာ မကြောက်မရွံ့ ကျင်လည်လို့ မရသွားပါဘူးလား ... ရသွားပါတယ်ဘုရား။ ဘယ်တရားအားထုတ်လို့ပါလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်လို့ပါဘုရား။

ဘဝသံသရာမှာ ကျင်လည်ရတဲ့အခါမှာလည်း ဒီဘဝထက် မြင့်မြတ်မြင့်မြတ်တဲ့ဘဝတွေသို့ပဲ ရောက်ရောက်သွားတာပဲ။ ဒီဘဝထက် မြင့်မြတ်တဲ့ဘဝ၊ ဒီဘဝထက်ကို စိတ်နေစိတ်ထားတွေ မြင့်မြတ်တဲ့ဘဝ၊ ဒီဘဝထက်ကို ပစ္စည်းဥစ္စာရတနာတွေ ပေါများကြွယ်ဝချမ်းသာတဲ့ဘဝ၊ ဒီဘဝထက်ကို အမျိုးအနွယ် မြင့်မြတ်တဲ့ဘဝ၊ ဒီဘဝထက်ကို ရုပ်ရည်အဆင်း လှပတင့်တယ်တဲ့ဘဝတွေသို့ပဲ ရောက်ရောက်သွားပါတယ်။

ဘဝချမ်းသာတွေနဲ့ တွေ့ရလို့ သတိပဋ္ဌာန်ဝိပဿနာတရားတွေ အားထုတ်ဖို့ရာ မေ့သွားတယ်ဆိုလို့ရှိရင်လည်း ဘယ်နဘဝလောက်မေ့လို့ရပါသလဲ ... (၇)ဘဝပဲ မေ့လို့ရပါတယ်ဘုရား။ (၇)ဘဝပဲမေ့လို့ရတယ်။ (၇)ဘဝမှာ အထူးသံဝေဂရပြီးတော့ အထူးအားထုတ်လိုက်ရင် ကိလေသာအာသဝေါတွေ ကုန်ခန်းနေတဲ့ ရဟန္တာဖြစ်ပြီးတော့ နိဗ္ဗာန်သို့ ဝင်စံသွားရပေတယ်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ရတာ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ ပဋ္ဌာန်းဒေသနာတော်နဲ့လည်း မကိုက်ညီနေပါဘူးလား ... ကိုက်ညီနေပါတယ်ဘုရား။ ကိုက်ညီတယ်။ ကိုက်ညီတယ်ဆိုတော့ အားထုတ်ဖို့ရာ ဖြစ်ပေတယ်။ မိမိရည်မှန်းချက် ပြည့်စုံအောင် အားထုတ်ဖို့ရာဖြစ်တယ်။

ကာယန္တြယပစ္စည်းဆိုတော့ ကာယနွေခြောက်ပါးကအဓိက။ ကာယနွေခြောက်ပါးကို လုံခြုံအောင် ဝိပဿနာမရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ မျက်စိကလည်း မြင်တယ် မြင်တယ်၊ နားကလည်း ကြားတယ် ကြားတယ်၊ နှာခေါင်းက

လည်း နံ့တယ် နံ့တယ်၊ လျှာကလည်း စားတယ် စားတယ်၊ ကိုယ်ကလည်း ထိတယ် ထိတယ်၊ စိတ်ကလည်း ကြံစည်တယ် ကြံစည်တယ်၊ ဒွါရ ခြောက်ပါးကနေ ရှုမှတ်နေရတယ်။ အဓိကကတော့ ကိုယ်ကာယကတော့ အဓိကပဲ။ တရားနာပရိသတ်များ ကိုယ်ကာယမှာ အဓိကထားပြီးတော့ ရှုမှတ်နေရတာဖြစ်တယ်။ ကိုယ်ကာယမှာ ရှုမှတ်နေလို့ရှိရင် ကျန်တဲ့ဌာနတွေလည်း မလုံခြုံနေပါဘူးလား ... လုံခြုံနေပါတယ်ဘုရား။ လုံခြုံနေတယ်။ ဣန္ဒြေခြောက်ပါးကို စောင့်စည်းနိုင်မှ မိမိအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရနိုင်မယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရား မကြာခဏ ဟောကြားတော်မူပါတယ်။

တစ်ချိန်သောအခါ သုဗြဟ္မာနတ်သားကြီးဆိုတာ နတ်ပြည်မှာ နတ်သမီး (၁၀၀၀)နဲ့ ခံစားစံစားကာ နေရတယ်။ တစ်နေ့သောအခါမှာ နတ်သမီး (၅၀၀)က ပန်းပင်ပေါ်တက်ပြီးတော့ ပန်းပွင့်တွေ ခြွေချကြတယ်။ (၅၀၀)က အောက်ကနေပြီးတော့ ပန်းပွင့်တွေ သီကုံးပြီး သုဗြဟ္မာနတ်သားကြီးကို ဆင်မြန်းဖို့ရာ သီကုံးနေကြတယ်။ တော်တော်လေး ကြာသွားတဲ့အခါကျတော့ ပန်းပင်ပေါ်က နတ်သမီးတွေရဲ့ အသံလည်း မကြားတော့ဘူး။ ပန်းပွင့်တွေလည်း မကျလာတော့ သုဗြဟ္မာနတ်သားကြီးက နတ်သမီးတွေ ဘယ်ကိုများ သွားကြသလဲဟု သူ့ရဲ့ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တဲ့အခါ နတ်သမီးတွေ တစ်ခဏအတွင်းမှာ ကွယ်လွန်သွားကြပြီး ငရဲရောက်သွားတာကို တွေ့မြင်ရတော့ ထိတ်လန့်လိုက်တာ၊ စိတ်သောကတွေ ဖြစ်လိုက်တာ၊ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ သူ့ရဲ့အပေါင်းအဖော် နတ်သမီးတွေ ဒီလိုချက်ချင်းပဲ ပျောက်ကွယ်ပြီးတော့ ငရဲမှာခံနေရတာမြင်တော့ စိတ်သောကတွေ အလွန်ပဲ ဖြစ်တယ်။ စိတ်ဆင်းရဲမှုတွေဖြစ်တယ်။

မိမိအတွက်လည်း နောက်ဘယ်လောက်ကြာကြာ နတ်ပြည်မှာ နေရဦးမလဲလို့ သူ့ရဲ့ဉာဏ်ဖြင့် ကြည့်လိုက်တဲ့အခါ (၇)ရက်ပဲ ကျန်တော့တာကို မြင်သွားတယ်။ သုပြဟ္မာနတ်သားကြီးနဲ့ ကျန်တဲ့နတ်သမီး(၅၀၀) နောက်(၇)ရက်ကြာလို့ရှိရင် ငရဲကို ကျရမှာကို မြင်ရပြန်တော့ စိတ်သောက ထပ်မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။

ငရဲကျနေတဲ့ နတ်သမီး(၅၀၀)ကြောင့် စိတ်သောကတွေဖြစ်ရတာက တစ်မျိုး၊ မိမိတို့လည်း ငရဲကျရမှာကိုမြင်ရလို့ စိတ်သောကတွေဖြစ်ရတာက တစ်မျိုး။ နှစ်မျိုးလုံးဖြစ်နေတော့ ကိုးကွယ်ရာ၊ ထောက်ရာတည်ရာ မရှိတော့ပေဘူး။ တစ်လောကလုံးမှာ ရှာလိုက်တာ၊ ဘယ်ပုဂ္ဂိုလ်ဟာ မိမိရဲ့ ကိုးကွယ်အားထားရာ ဖြစ်ပါ့မလဲလို့ ရှာလိုက်တာ ရှာလို့ကို မရဘူး။ မြတ်စွာဘုရားမှတစ်ပါး မိမိမှာ ကိုးကွယ်ရာ မရှိတော့ပေဘူးလို့မြင်တော့ မြတ်စွာဘုရားထံ ဆင်းခဲ့ပြီး လျှောက်ထားတယ်။

"မြတ်စွာဘုရား ... တပည့်တော်မှာ အင်မတန်ပဲ စိတ်သောကတွေ ဖြစ်နေရပါတယ်ဘုရား။ တပည့်တော်မှာ အကြောင်း၂-ပါးကြောင့် စိတ်ဒုက္ခတွေဖြစ်နေရပါတယ်ဘုရား။ မြတ်စွာဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိတော့ပါဘူးဘုရား"လို့ လျှောက်ထားတော့ မြတ်စွာဘုရား တရားဟောပါတယ်။

**နာညတြ ဗောဇ္ဈာတပသာ၊**
**နာညတြိန္ဒြိယ သံဝရာ။**
**နာညတြ သဗ္ဗနိဿဂ္ဂါ၊**
**သောတ္ထိံ ပဿာမိ ပါဏိနံ။**

**ဗောဇ္ဈာတပဿာ** = ဗောဇ္ဈင်အကျင့် ဓုတင်အကျင့်ကို၊ **အညတြ** = ကြဉ်ထား၍၊ **ပါဏီနံ** = သုပြဟ္မာနတ်သားနှင့် နတ်သမီး(၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏၊ **သောတ္ထိံ** = ချမ်းသာခွင့်ကို၊ **န ပဿာမိ** = ငါဘုရားမြင်တော်မမူ။ **ဣန္ဒြိယသံဝရာ** = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းကို၊ **အညတြ** = ကြဉ်ထား၍၊ **ပါဏီနံ** = သုပြဟ္မာနတ်သားနှင့် နတ်သမီး(၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏၊ **သောတ္ထိံ** = ချမ်းသာခွင့်ကို၊ **န ပဿာမိ** = ငါဘုရားမြင်တော်မမူ။ **သဗ္ဗနိဿဂ္ဂါ** = အလုံးစုံသောဒုက္ခတို့၏ လွတ်မြောက်ရာဖြစ်သောနိဗ္ဗာန်ကို၊ **အညတြ** = ကြဉ်ထား၍၊ **ပါဏီနံ** = သုပြဟ္မာနတ်သားနှင့် နတ်သမီး(၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏၊ **သောတ္ထိံ** = ချမ်းသာခွင့်ကို၊ **န ပဿာမိ** = ငါဘုရားမြင်တော်မမူ။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သုပြဟ္မာနတ်သားနှင့် နတ်သမီး(၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မမြင်ဘူးတဲ့။ ဗောဇ္ဈင်အကျင့်တွေဖြစ်အောင် ဘယ်တရားများ အားထုတ်ရပါ့မလဲဆိုတော့ သတိပဋ္ဌာန်ဝိပဿနာတရားပဲ အားထုတ်ရမယ်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်လို့ရှိရင် ဗောဇ္ဈင်(၇)ပါးဟာ သူ့ဉာဏ်စဉ်အားလျော်စွာ ပါဝင်သွားတယ်။

**ဣန္ဒြိယသံဝရာ** = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းကို၊ **အညတြ** = ကြဉ်ထား၍၊ **ပါဏီနံ** =

သုပြဟ္မာနတ်သားနှင့် နတ်သမီး(၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏၊ **သောတ္ထိ** = ချမ်းသာခွင့်ကို၊ **န ပဿာမိ** = ငါဘုရားမြင်တော်မမူ။

ဣန္ဒြေခြောက်ပါး လုံခြုံအောင်လို့ ဘယ်တရားများ ကျင့်ရပါမလဲ ... သတိပဋ္ဌာန်တရား ကျင့်ရပါမယ်ဘုရား။ သတိပဋ္ဌာန်တရားပဲ ကျင့်ရမယ်။ ဣန္ဒြေခြောက်ပါး လုံခြုံရင်တော့ ချမ်းသာမယ်၊ ဣန္ဒြေခြောက်ပါး မလုံခြုံရင်တော့ ဆင်းရဲပါမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

**သဗ္ဗနိဿဂ္ဂါ** = အလုံးစုံသောဒုက္ခတို့၏ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို၊ **အညတြ** = ကြဉ်ထား၍၊ **ပါဏိနံ** = သုပြဟ္မာနတ်သားနှင့် နတ်သမီး (၅၀၀) အလုံးစုံသောပုဂ္ဂိုလ်သတ္တဝါတို့၏၊ **သောတ္ထိ** = ချမ်းသာခွင့်ကို၊ **န ပဿာမိ** = ငါဘုရားမြင်တော်မမူ။

နိဗ္ဗာန်ကိုကြဉ်ထားပြီးတော့ အခြားအခြားသော အရပ်ဒေသတွေမှာ သတ္တဝါတွေရဲ့ ချမ်းသာခွင့်ဆိုတာ၊ အမြဲတမ်း ချမ်းသာခွင့်ဆိုတာ ငါဘုရား မြင်တော်မမူဘူး။ နိဗ္ဗာန်ချမ်းသာလျှင် ချမ်းသာအစစ်ဖြစ်တယ်။ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်ထိန်းရမယ်။ ဣန္ဒြိယပစ္စည်းအရ တရားနာပရိသတ်များ ရှုမှတ်နိုင်မယ်ဆိုရင် မလုံသွားပါဘူးလား ... လုံသွားပါတယ်ဘုရား။ လုံသွားနိုင်တာပဲ။ ချမ်းသာရနိုင်တယ်။ ဣန္ဒြေခြောက်ပါး လုံအောင်လည်း သတိပဋ္ဌာန်ဝိပဿနာတရားတွေကျင့်မှ လုံခြုံအောင် စောင့်စည်းနိုင်မယ်။

ဆောင်ပုဒ် ။ ။ ဗောဇ္ဈင်ကျင့်များ၊ ကြဉ်ပယ်ထား၊
အများချမ်းသာမမြင်ပါ။
ဣန္ဒြေစောင့်ငြား၊ ကြဉ်ပယ်ထား၊
အများချမ်းသာမမြင်ပါ။
နိဗ္ဗာန်ပယ်ထား၊ ရပ်တစ်ပါး၊
အများချမ်းသာမမြင်ပါ။

ဣန္ဒြိယပစ္စည်းနဲ့ ဣန္ဒြေခြောက်ပါး လုံခြုံအောင် စောင့်စည်းဖို့ရာ ဝိပဿနာတရား ရှုမှတ်ကြရပါတယ်။ တရားနာပရိသတ်များကတော့ အသင့်အတင့် ရှုမှတ်နေကြပါတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ အာဟာရပစ္စည်းနဲ့ ဣန္ဒြိယပစ္စည်းတရားတို့ကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# ဈာနပစ္စည်း

၁၃၅၃-ခု၊ သီတင်းကျွတ်လဆုတ်(၈)ရက်နေ့မှာ ဟောကြားရမယ့်တရားတော်က ဈာနပစ္စည်းတရားတော်ဖြစ်တယ်။

ဈာန-ဆိုတာက မြန်မာလိုရိုးရိုးပြန်လိုက်တော့ "ဈာန်"လို့ပဲ ပြန်လိုက်တယ်။ "ဈာန်"လို့ မြန်မာလိုပြန်လိုက်တာနဲ့ တရားနာပရိသတ်များနှင့်တကွ ထိုထိုပုဂ္ဂိုလ်တွေ၊ ပါဠိဘာသာနဲ့ ဝေးကွာတဲ့ပုဂ္ဂိုလ်တွေမှာ "ဒို့နှင့်တော့ ဝေးကွာနေတာပဲ၊ ဒို့မရနိုင်တဲ့ တရားတွေပဲ"လို့ ဒီလို စိတ်ထဲမှာ ဖြစ်ဖြစ်သွားတတ်တယ်။ "ဈာန်"လို့ ကြားတာနဲ့ "မြေလျှိုး မိုးပျံတဲ့ဈာန်၊ ဒို့နဲ့ မထိုက်တန်ပါကလား"လို့ ဒီလိုများ ဖြစ်သွားရမလားဆိုတော့ ဒီလိုမဖြစ်ရပေဘူး။

အဲဒီမိုးပျံတဲ့ဈာန်မျိုးလည်း ရှိပါတယ်။ တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေတဲ့ဈာန်တွေလည်း ရှိနေပါတယ်။ ကိုယ်ကသာမသိလို့၊ မြတ်စွာဘုရား ပါဠိတော်အရ၊ မြတ်စွာဘုရား တရားတော်အရ တရားနာပရိသတ်များသန္တာန်မှာ "ဈာန်"လို့ခေါ်ရတဲ့ တရားတွေ ရှိနေတာပါပဲ။ အဲဒါလေး သိထားတော့ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။

ဈာနလို့ ပြောလိုက်တာနဲ့ ပါဠိကလည်းဖြစ်ပြန်၊ မြန်မာလိုပြန်တော့ "ဈာန်"လို့ ပြန်လိုက်ပြန်တော့ "အို ... ဒီနဲ့လည်း မထိုက်တန်တဲ့ တရားတွေပဲ၊ နားလည်နိုင်တော့မှာ မဟုတ်တော့ပါဘူး"ဆိုပြီးတော့ ပေါ့ပေါ့ဆဆ ဒီလိုများ ဖြစ်သွားရင်တော့ နေရာမှကျမှကျပါ့မလား ... နေရာမကျပါဘုရား။ ဒနေရာမကျဘူး။

မိမိတို့သန္တာန်မှာလည်း ဒီ"ဈာန်" ဈာနတရားတွေ ရှိနေတယ်၊ ကျေးဇူးပြုနေတယ်။ အဲဒီလိုသိထားပြီးတော့ မိမိတို့သန္တာန်မှာ ဒီဈာန်တရားတွေ ဖြစ်ပေါ်လာအောင် အားထုတ်မယ်လို့ နှလုံးသွင်းတာမျိုး ဖြစ်လာရအောင် ဟောကြားရတာပါပဲ။

ပါဠိတော်အနေအထား ကြည့်လိုက်တော့ လွယ်လွယ်ပါပဲ။ ပစ္စည်းဘက်က နာမ်တရား၊ ပစ္စယုပ္ပန်ဘက်က နာမ်နဲ့ရုပ်လို့ ဒီလိုနှစ်မျိုးတွေ့ရတယ်။ တရားနာပရိသတ်များ တွေ့နေရပါပြီ။ နောက်ပါဠိတော်မှာ ပစ္စည်းဘက်က ဈာနင်္ဂါနိ၊ ပစ္စယုပ္ပန်ဘက်က ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-လို့ ပါဠိတော် လွယ်လွယ်လေးပဲ။ သဘောတရားလည်း ဒီလောက်မခက်လှပါဘူး။

တကယ်စင်စစ်တော့ တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နိုင်တဲ့ တရားတွေပါပဲ။ မိမိတို့သန္တာန်မှာ မဖြစ်နိုင်တဲ့တရား ပစ္စည်းဘက်ကလည်း မပါဘူး၊ ပစ္စယုပ္ပန်ဘက်ကလည်း မပါဘူး။ ကရားနာပရိသတ်များသန္တာန်မှာ ဖြစ်နိုင်တဲ့ တရားတွေကိုပဲ မြတ်စွာဘုရား ဟောကြားထားတာပဲ။ ဒီလို နှလုံးသွင်းပြီးတော့ နာကြားရပါမယ်။ ပါဠိတော်လေး ကုသိုလ်ဖြစ် ဟောကြပါစို့။ ဆရာတော်နောက်က လိုက်၍ဆိုကြရအောင်-။

**ဈာနပစ္စယောတိ -**

**ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာန ပစ္စယေန ပစ္စယော။**

အနက်ပေးပါတော့မယ်။

**ဈာနပစ္စယောတိ** = ဈာနပစ္စည်းဟူသည်ကား၊ **ဈာနင်္ဂါနိ** = ဈာနင်တရားကိုယ်(၅)ပါးတို့သည်၊ **ဈာနသမ္ပယုတ္တကာနံ** = ဈာန်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = ဒွေပဉ္စဝိညာဏ်(၁၀)ကြဉ်သော စိတ်(၇၉)ခု၊ စေတသိက်(၅၂)ပါးတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုဈာနင် ဈာနင်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **ဈာနပစ္စယေန** = ဈာနပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုတတ်သည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဈာနင်္ဂါနိ-၌ ဈာနင်တရားကိုယ်(၅)ပါးဆိုတာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတို့ဖြစ်တယ်။ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ တရားတွေပဲတဲ့။ အဲဒီ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာနင်တရားကိုယ်ငါးပါးက ပစ္စည်းတရားဖြစ်တယ်။

ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-လို့ဆိုတဲ့ ဈာန်အင်္ဂါ(၅)ပါးနဲ့ယှဉ်တဲ့ စိတ်(၇၉)ခု၊ စိတ်(၈၉)ခုအနက်က ဒွေပဉ္စဝိညာဏ်(၁၀)ကိုကြဉ်ရတယ်တဲ့။ (၈၉)ထဲက (၁၀)နုတ်လိုက်တော့ (၇၉)ခုကို ပါဠိ

ဝေါဟာရလို တစ်ခုယုတ်(၈၀)လို့ ခေါ်ပါတယ်။ စေတသိက်ကတော့ (၅၂) ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တွေက အကျိုးပစ္စယုပ္ပန်တရားအနေနဲ့ ဖြစ်ပေါ်နေတယ်။

တရားနာနေတဲ့ အခိုက်အတန့်မှာတော့ ဘယ်သူ့သန္တာန်မှာ ဖြစ်ပေါ်နေတာလဲလို့ မေးလို့ရှိရင်လည်း တရားနာပရိသတ်များသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေပဲလို့ ဖြေရမယ်။ မိမိဉာဏ်မမီလို့သာ မသိတာဖြစ်တယ်။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားလို့ ဟောကြားထား၍ ယခုကြားသိရတော့ သိနိုင်သွားပါပြီ။

စူးစိုက်ပြီး ကပ်၍ရှုရတာကို ဈာန်လို့ခေါ်ရပါတယ်။ အဲဒီဈာန်ကလည်း သမထဈာန်၊ ဝိပဿနာဈာန်လို့ (၂)မျိုးရှိပါတယ်။ သမထဈာန်ရလိုတဲ့ ပုဂ္ဂိုလ်များကတော့ ကသိဏ်းအာရုံတွေကို စူးစိုက်ပြီးတော့ ကပ်၍ရှုနေရတယ်။ ပထဝီကသိဏ်းဆိုရင်လည်း မြေ၊ မြေ၊ မြေလို့ စိတ်ကလေး ဘယ်ကိုမှ မထွက်သွားရအောင် ကသိဏ်းအာရုံ မြေကွက်ကလေးမှာ ကပ်နေရအောင် မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ အဲဒီလို ကပ်၍ရှုရတဲ့အတွက်ကြောင့် ဈာန်တဲ့။

တရားနာပရိသတ်များလို ဝိပဿနာယောဂီများကျတော့ ကိုယ်အမူအရာ၊ စိတ်အမူအရာ ဝေဒနာသဘောတရားတွေမှာ ကပ်ပြီးတော့ ရှုနေရတယ်။ အထူးသဖြင့် ကိုယ်အမူအရာလေးမှာ ကပ်ပြီးတော့ ရှုနေရတယ်။ စူးစိုက်ပြီးတော့ မရှုနေရပါဘူးလား ... စူးစိုက်ပြီးတော့ ရှုနေရပါတယ်ဘုရား။ စိတ်ကလေး မထွက်သွားရအောင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ကိုယ်အမူအရာများမှာ စိတ်ကလေး

ကပ်ပြီးတော့ ရှုနေရတာကို ဘာလို့ခေါ်ပါသလဲ ... ဈာန်လို့ခေါ်ပါတယ်ဘု ရား။ ဈာန်လို့ခေါ်တယ်။ တရားနာပရိသတ်များသန္တာန်မှာလည်း မရှိပါဘူးလား ... ရှိပါတယ်ဘုရား။

ဈာန်လို့ပြောတာနဲ့ ထိတ်လန့်ပြီး ဒို့နဲ့မတန်ဘူးလို့ ဒီလိုယူဆလို့ ကောင်း မှကောင်းပါ့မလား ... မကောင်းပါဘုရား။ မကောင်းပေဘူး။ မိမိသန္တာန် မှာ ရှိနေတာပါပဲ။ အဲဒီဈာန်ရဲ့ အဓိပ္ပါယ်လေးကို ပေါ်လွင်ရအောင် ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက တရားနာပရိသတ်များနဲ့ နောင် လာနောက်သားတွေ မှတ်သားလို့ရအောင် ဆောင်ပုဒ်တွေ စီခဲ့ပါတယ်။ ဈာန် ရဲ့ အဓိပ္ပါယ်ဆောင်ပုဒ် ဆိုကြပါစို့-။

ဆောင်ပုဒ်။ ။ စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ပေသည်။

စူးစိုက်ပြီးတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွ တယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ကိုယ်အမူအရာမှာ စူးစိုက်ပြီးတော့ ကပ်၍ရှုနေရတာကို ဘာလို့ခေါ်ပါသလဲ ... ဈာန်လို့ခေါ်ပါတယ်ဘုရား။

သမထလမ်းကလာတဲ့ ပုဂ္ဂိုလ်အတွက်လည်း သမထအာရုံကသိုဏ်းတွေ မှာ၊ ပထဝီကသိုဏ်းဝန်း မြေကွက်စသည်မှာ စူးစိုက်ပြီးတော့ စိတ်တွေ အာရုံတစ်ပါးသို့ မရောက်သွားရအောင် ကပ်ပြီးတော့ ရှုနေရတယ်။ ခွာလို့ ရပါ့မလား ... ခွာလို့မရပါဘုရား။ အဲဒီလို ကပ်ပြီးတော့ရှုနေတာကို ဘာလို့ ခေါ်ပါသလဲ ... ဈာန်လို့ခေါ်ပါတယ်ဘုရား။ ဈာန်တဲ့။

အဲဒီဈာန်ကလည်း ခုပြောခဲ့ပြီးတဲ့အတိုင်း သမထဈာန်နဲ့ ဝိပဿနာဈာန် လို့ (၂)မျိုးကွဲပြားတယ်။ ပါဠိဝေါဟာရအားဖြင့်တော့ အာရမ္မဏူပနိဇ္ဈာန၊

လက္ခဏူပနိဇ္ဈာနလို့ ဒီလို(၂)မျိုးကွဲပြားပါတယ်။ အဲဒီပါဠိတော် အဋ္ဌကထာ အဖွင့်အားလျော်စွာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်လေးတွေ စီထားပေးပါတယ်။ လိုက်ဆိုရအောင်။

ဆောင်ပုဒ်။ ။ အာရမ္မဏူ၊ လက္ခဏူ၊ နှစ်မူကွဲပြားသည်။

အာရမ္မဏူပနိဇ္ဈာန်ဆိုတာ ကသိုဏ်းအာရုံကို ကပ်ပြီးတော့ရှုနေတဲ့ ဈာန်ဖြစ်တယ်။ လက္ခဏူပနိဇ္ဈာန်ဆိုတာ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲ၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတွေကို ကပ်ပြီးတော့ရှုနေတဲ့ ဈာန်ဖြစ်တယ်။ ဘယ်နှမျိုးပါလဲ ... နှစ်မျိုးပါဘုရား။ တရားနာပရိသတ်များသန္တာန်မှာတော့ ဘယ်ဈာန်ရထားပါသလဲ ... လက္ခဏူပနိဇ္ဈာန်ပါဘုရား။ လက္ခဏူပနိဇ္ဈာန် မရထားပါဘူးလား ... ရထားပါတယ်ဘုရား။ ကိုယ့်သန္တာန်မှာရှိတဲ့ဈာန်ကို ဟောတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ သမထဈာန်၊ ဝိပဿဈာန်၊ နှစ်တန်သူ့အမည်။

အာရမ္မဏူပနိဇ္ဈာန်ဆိုတာ သမထဈာန်ဖြစ်တယ်။ လက္ခဏူပနိဇ္ဈာန်ဆိုတာက ဝိပဿနာဈာန်ဖြစ်တယ်။ သူ့အမည်အတိုင်း မြန်မာဝေါဟာရ ထင်ထင်ရှားရှားဖြစ်အောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ထပ်ပြီးတော့ ဖော်ပြထားတာဖြစ်တယ်။ ပါဠိလိုတော့ တပ္ပါကဋီကရဏဝါကျလို့ ခေါ်ပါတယ်။ အထက်က မထင်ရှားသေးတဲ့ ပါဠိဝေါဟာရလေးကို မြန်မာဝေါဟာရဖြင့် ထင်ရှားအောင် ထပ်ပြီးတော့ ရှင်းပြတာဖြစ်တယ်။

ဆောင်ပုဒ်။ ။ သမထဈာန်၊ ဝိပဿဈာန်၊ နှစ်တန်သူ့အမည်။

အာရမ္မဏူပနိဇ္ဈာန်ကိုတော့ သမထဈာန်၊ လက္ခဏူပနိဇ္ဈာန်ကိုတော့ ဝိပဿနာဈာန်လို့ မြန်မာ သူ့အမည်အားဖြင့် အဲဒီလို သိရပါတယ်။

ဆောင်ပုဒ်။ ။ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။

သမထဈာန်ရဲ့ သဘောတရားလေး ထပ်ပြီးတော့ ဖွင့်ပြတယ်။ အင်မတန်ပဲ တန်ဖိုးရှိတဲ့ ဆောင်ပုဒ်ပဲ။ သမထဈာန်ရဲ့ အဓိပ္ပါယ်ဖွင့်ပြတယ်။ တည်ငြိမ်ရုံမျှပဲ ရှုနေတယ်။ ကသိုဏ်းအာရုံလေးမှာ စိတ်ကလေး ဘယ်မှမထွက်သွားရအောင် တည်ငြိမ်ရုံ ရှုနေတာကိုတော့ ဘာဈာန်လို့ခေါ်ပါသလဲ ... သမထဈာန်လို့ ခေါ်ပါတယ်ဘုရား။ သမထဈာန်တဲ့။ ဆောင်ပုဒ်နဲ့ပဲ တော်တော် ပြည့်စုံနေပါပြီ။ တည်ငြိမ်ရုံမျှ ရှုနေလို့ရှိရင် သမထပဲတဲ့။

"လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿဈာန်ခေါ်သည်။" အဲဒါလေးကတော့ တရားနာပရိသတ်များနဲ့ သက်ဆိုင်နေတော့ ရအောင်ပဲ ဆိုလိုက်ရအောင်။

ဆောင်ပုဒ်။ ။ လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿဈာန်ခေါ်သည်။

လက္ခဏာသုံးရပ်ဆိုတာ အနိစ္စလက္ခဏာ၊ နောက်ပြီးတော့ ဒုက္ခလက္ခဏာ၊ နောက်ပြီးတော့ အနတ္တလက္ခဏာ။ ဒီလက္ခဏာရေးသုံးပါးကို သိအောင် ရှုသိမှတ်နေတဲ့ဈာန်ကိုတော့ ဝိပဿနာဈာန်လို့ဆိုရတယ်။ တရားနာပရိသတ်များသန္တာန်မှာ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ အဲဒါကို သိအောင် ကပ်ပြီးတော့ ရှုနေရတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုနေတာ ဒီလက္ခဏာရေးသုံးပါးကို သိနေအောင်ပဲ ရှုနေရတာပါပဲ။ အဲဒီဝိပဿနာဈာန် မိမိတို့သန္တာန်မှာ ရှိနေတယ်။

ဒီစျာန်(၂)ပါးတို့တွင် ဘယ်စျာန်က ပိုပြီးတော့ အကျိုးများမလဲ။ သမထ စျာန်နဲ့ ဝိပဿနာစျာန် ဘယ်စျာန်က ပိုအကျိုးများနေပါသလဲ၊ ဒီလိုလည်း မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။

လောကမှာတော့ အမျိုးမျိုးပဲ။ သမထသမားလည်းရှိ၊ နောက်ပြီးတော့ ဝိ ပဿနာသမားလည်းရှိ။ ဘယ်သူက ပိုအကျိုးများနိုင်သလဲ၊ ဒါလေးလည်း မေးဖို့ မလိုပါဘူးလား ... လိုပါတယ်ဘုရား။ လိုပါတယ်။

နှိုင်းယှဉ်လို့လည်း ရပါတယ်တဲ့။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးက နှိုင်းယှဉ်ပြထားပါတယ်။ ဒုတိယစျာန်နဲ့ ဥဒယဗ္ဗယဉာဏ်အနု ပိုင်းနဲ့ တူတယ်တဲ့။ ဒုတိယစျာန်နဲ့ ဘာနဲ့တူပါသလဲ ... ဥဒယဗ္ဗယဉာဏ်အနု ပိုင်းနဲ့ တူပါတယ်ဘုရား။ တတိယစျာန်နဲ့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းနဲ့ တူ တယ်တဲ့။ စတုတ္ထစျာန်က သင်္ခါရုပေက္ခာဉာဏ်နဲ့ တူတယ်။ တရားနာပရိသတ် များ အဲဒါလေး မှတ်ထားစရာပဲ။ ကိုယ်လည်း စျာန်ရနေတာကို စျာန်ရမှန်း သိရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။

ဥဒယဗ္ဗယဉာဏ်အနုပိုင်းသို့ ရောက်နေလို့ရှိရင် မိမိမှာ ဒုတိယစျာန် ရ ထားတာနဲ့ အတူတူပါပဲတဲ့။ အဲဒီကနေ စျာန်လမ်းကို ခွဲသွားရင်လည်း ရ သွားနိုင်တယ်တဲ့။ တချို့တချို့ ကမ္မဋ္ဌာန်းဆရာတွေက နည်းနည်း အရောင် လေးမြင်လာလျှင် သမထလမ်းသို့ ခွဲခွဲပေးတယ်။ ခွဲပေးလို့ ဟိုဘက်သမထ လမ်းကို အားသန်သွားရင်တော့ သိပ်နေရာမကျတော့ပေဘူး။ အဲဒီ သမထ စျာန်ဘက်ကို ယိုင်သွားတဲ့အခါ လောကရေးရာဘက်တွေကို၊ စီးပွားရေး ကြီးပွားရေးဘက်တွေကို ယိုင်သွားရင်တော့ နေရာမှ ကျမှကျပါတော့မလား ... နေရာမကျပါဘုရား။ နေရာမကျတော့ပေဘူး။

ဒုတိယဈာန်နဲ့ ဥဒယဗ္ဗယဉာဏ်အနုပိုင်းနဲ့ တူတယ်။ တတိယဈာန်နဲ့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းနဲ့ တူတယ်။ စတုတ္ထဈာန်နဲ့ သင်္ခါရုပေက္ခာဉာဏ်နဲ့ တူတယ်တဲ့။ ယခုတရားနာပရိသတ်များ ရောက်ဖူးတာ များကြပါတယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြတဲ့နည်းနဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ရောက်ဖူးတဲ့ပုဂ္ဂိုလ်က များပါတယ်။ ဒီတော့ ဒီဈာန်တွေမရပါဘူးလား ... ရပါတယ်ဘုရား။ ကိုယ်ရတဲ့ဈာန်ကိုသိရင် ပိုပြီးတော့ ကျေးဇူးမများပါဘူးလား ... ကျေးဇူးများပါတယ်ဘုရား။ သမထဘက်ကိုတော့ မယိုင်သွားစေနဲ့၊ ဒါလေးလည်း သိထားဖို့ မကောင်းပါဘူးလား ... သိထားဖို့ ကောင်းပါတယ်ဘုရား။ သိထားဖို့ကောင်းတယ်။

သမထရဲ့ သဘောတရားလေး အနည်းငယ် ပြောပြပါမယ်။ သမထဆိုတာ ဒိဋ္ဌဓမ္မသုခဝိဟာရ - မျက်မှောက်သော ကိုယ်၏အဖြစ်မှာ ချမ်းသာခွင့်ရတယ်။ ချမ်းသာခွင့်ရပြီးတော့ အောင်မြင်တဲ့ပုဂ္ဂိုလ်တွေ လာဘ်လာဘတွေလည်း ပေါ်များလာတတ်တယ်။ အဲဒါကိုမှီပြီးတော့ စိတ်တွေကလည်း ယိမ်းယိုင်သွားတတ်တယ်။ ယိမ်းယိုင်သွားရင် နေရာကျမှုကျပါတော့မလား ... နေရာမကျပါဘုရား။ နေရာမကျတဲ့ သာဓကတွေ မြတ်စွာဘုရား တော်တော်များများ ဇာတ်တွေမှာ ဟောကြားခဲ့ပါတယ်။ တရားနာပရိသတ်များ မကြာခဏ နာကြားဖူးတဲ့ ဇာတ်တော်ပဲ။ အလွန်ထင်ရှားတဲ့ ဇာတ်တော်ပဲ။ သာဓကပြဖို့ ကောင်းပါတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရားအလောင်းတော် ဟိမဝန္တာအရပ်မှာ ရသေ့ပြုပြီးတော့ သမထဈာန်ကိုရအောင် အားထုတ်တယ်။ သာသနာပအခါမှာဆိုတော့ ဈာန်ရအောင်ပဲ အားထုတ်လို့ရတယ်။ ဘုရားလောင်း အားထုတ်လိုက်တာ ဈာန်တွေရနေတယ်။

ဟိမဝန္တာမှာနေရတာ အချိန်ကကြာတော့ ကျန်းမာရေးက သိပ်မပြည့်စုံပေဘူး။ ဟိမဝန္တာမှာ ဆားမမှီဝဲရတော့ ဆားလိုတဲ့အတွက်ကြောင့် ဆားမှီဝဲအံ့သောငှာ ဗာရာဏသီပြည်သို့ ကြွလာပြီး ဆွမ်းခံလှည့်လည်တော့ မင်းနန်းတော်ရှေ့ ရောက်သွားတယ်။ မင်းကြီးမြင်တဲ့အခါ အလွန်ကြည်ညိုသွားတယ်။

စျာန်သမာပတ်ရထားတဲ့ပုဂ္ဂိုလ်ဆိုတော့ ကိုယ်အမူအရာကလည်း သိမ်မွေ့နူးညံ့တဲ့အမူအရာနဲ့ ဆွမ်းခံကြွတာကိုမြင်ရတော့ အလွန်ကြည်ညိုသွားတယ်။ ကြည်ညိုတော့ နန်းတော်ထဲသို့ပင့်တယ်။ ပင့်ပြီးတော့ လျှောက်ထားတယ်။ "အရှင်ဘုရား ... ဘယ်နေရာမှာ သီတင်းသုံးပါလဲဘုရား" "ဟိမဝန္တာမှာ သီတင်းသုံးပါတယ်" "ဒီလိုဆိုရင် ဟိမဝန္တာသို့ ပြန်မကြွပါနဲ့တော့ဘုရား၊ တပည့်တော်ရဲ့ မင်းဥယျာဉ်မှာပဲ သီတင်းသုံးပါဘုရား၊ ကိုးကွယ်ဆည်းကပ်ပါရစေဘုရား၊ တပည့်တော်ကို ဆုံးမပေးတဲ့ ဆရာတစ်ဆူအနေနဲ့ သီတင်းသုံးတော်မူပါဘုရား"လို့ လျှောက်ထားလိုက်တော့ မင်းကြီးရဲ့ လျှောက်ထားချက်ကို ငံ့ညှာပြီးတော့ ဥယျာဉ်ထဲမှာ သီတင်းသုံးနေတယ်။

နေ့စဉ်နေ့တိုင်း နန်းတော်ထဲသို့ကြွ၍ ဆွမ်းဘုဉ်းပေးရပေတယ်။ အချိန်ကာလ အတော်ကြာသွားတဲ့အခါ ဇနပုဒ်တွေမှာ သူပုန်ထတဲ့အတွက်ကြောင့် မင်းကြီးကိုယ်တိုင်ထွက်၍ သူပုန်နှိမ်နင်းဖို့ရာ ဖြစ်လာတယ်။ ဇနပုဒ်များသို့ သွားရောက် သူပုန်နှိမ်နင်းနေသည့်အခိုက်မှာ ဆရာရသေ့ကြီးကို ပြုစုဖို့ရာ "မုဒုလက္ခဏာ"မိဖုရားကြီးကို အပ်နှင်းလိုက်တယ်။ "ဆရာရသေ့ကြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိအောင် ဆွမ်းဘောဇဉ် အာဟာရတွေကို စီမံပြီးတော့ လှူဒါန်းပါ၊ ပြုစုပါ"ဟု မှာထားခဲ့ပြီး သူပုန်နှိမ်နင်းဖို့ရာ မင်းကြီးထွက်ပေတယ်။

သူပုန်နှိမ်နင်းဖို့ရာ ထွက်သွားပြီးတဲ့အခါ ရသေ့ကြီးလည်း နေ့စဉ်နေ့တိုင်း နန်းတော်ထဲ ကြွမြဲကြွပြီး ဆွမ်းဘုဉ်းပေးပါတယ်။ တစ်နေ့သောအခါ ရသေ့ကြီး ဆွမ်းဘုဉ်းပေးကြွတာ အချိန်နည်းနည်းနောက်ကျသွားတယ်။ မိဖုရားကြီးက ဆွမ်းတွေပြင်ဆင်ပြီး နန်းတော်အပြင်ခန်းမှာ ရသေ့ကြီးကို စောင့်နေတယ်။ ရသေ့ကြီး အချိန်နောက်ကျတော့ ဈာန်သမာပတ်နဲ့ အမြန်ကြွလာပြီး နန်းတော်ထဲသို့ ဝင်လိုက်တဲ့အခါ သက်နန်းသံကြား၍ မိဖုရားကြီး အမြန်ထလိုက်တာ အဝတ်ကျွတ်ကျသွားတယ်။ ၎င်းအဝတ်ကျွတ်ကျသွားတာကို ရသေ့ကြီး မြင်သွားတယ်။

မြင်သွားတော့ အဲဒီမိဖုရားကြီးရဲ့အာရုံ၌ တပ်မက်တဲ့ လောဘတဏှာ ဖြစ်သွားတယ်။ ဖြစ်သွားတာနဲ့ ချက်ချင်းဈာန်တွေ လျှောကျသွားတယ်။ ဈာန်သမာပတ်နဲ့ လောဘတဏှာနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ ဈာန်သမာပတ်တွေရအောင် ကျင့်ကြံအားထုတ်တဲ့အခါမှာလည်း လောဘတဏှာ ပယ်ခွာနိုင်မှသာလျှင်၊ ငြိမ်းအောင် ပြုလုပ်နိုင်မှသာလျှင် ဈာန်သမာပတ် ရနိုင်ပါတယ်။ ရပြီးတဲ့ ဈာန်သမာပတ်ကလည်း လောဘတဏှာ ဖြစ်လာတာနဲ့ တစ်ပြိုင်နက်တည်း ချက်ချင်းလျှောကျသွားတယ်။ ဈာန်သမာပတ်ဟာ ခိုင်မြဲပါရဲ့လား ... မခိုင်မြဲပါဘုရား။ ဘာမှ အားမကိုးလောက်ဘူး။ ဒီအာရုံလေးလောက်နဲ့ ဈာန်သမာပတ်လျှောရတယ်။ လောဘတဏှာဖြစ်တာနဲ့ သူနဲ့ဆန့်ကျင်ဘက်အာရုံနှင့် တွေ့တာနဲ့ လျှောကျသွားတယ်။

ထိုအခါ မိဖုရားကြီးထံမှ ဆွမ်းကိုအကပ်ခံပြီး နန်းတော်ထဲမှာ မဘုဉ်းပေးတော့ပေဘူး။ သူရဲ့သဘာဝကို သူသိပြီး နန်းတော်ထဲမှာ ဆွမ်းမဘုဉ်းပေးတော့ပေဘူး။ ဥယျာဉ်ထဲ ပြန်သွားတယ်။ ဆွမ်းလည်း မဘုဉ်းပေးတော့ပေဘူး။ သပိတ်ကြီး ကုတင်အောက်မှာချကာ ကုတင်ပေါ်မှာ တုံးလုံးလှဲပြီးတော့

မိဖုရားကြီးအာရုံနဲ့ပဲ အချိန်တွေကုန်နေတယ်။ ဈာန်သမာပတ်ဟာ ခိုင်မြဲပါရဲ့လား ... မခိုင်မြဲပါဘုရား။ မခိုင်မြဲပေဘူး။

မင်းကြီး (၇)ရက်တိုင်တိုင် သူပုန်တွေနှိမ်နင်းပြီးတော့ ပြန်လာတဲ့အခါ နန်းတော်ထဲသို့ အရင်မဝင်ပါဘဲ ဆရာရသေ့ကြီးထံ အရင်ဝင်လာပြီး ရှိခိုးဦးချတယ်။ ရသေ့ကြီးကုတင်ပေါ်မှာ တုံးလုံးလှဲနေတာကိုမြင်တော့ "အရှင်ဘုရား ... နေမကောင်းလို့လားဘုရား၊ ဘာဖြစ်ပါသလဲဘုရား" "နေကောင်းပါတယ်" "ဘာကြောင့် ယခုလိုဖြစ်နေတာပါလဲဘုရား" "နန်းတော်ထဲက အာရုံတစ်ခုကြောင့်ပဲ" "ဘာအာရုံပါလဲဘုရား" "မိဖုရားကြီးအာရုံ" "အိုအရှင်ဘုရား၊ တပည့်တော်ရအောင် ဖန်တီးပေးပါ့မယ်၊ ကြွတော်မူပါ"ဟုဆိုကာ နန်းတော်သို့ ပင့်သွားတယ်။

လောဘတဏှာက မိဖုရားကြီးအာရုံ၌ သိပ်ငြိကပ်နေတော့ မင်းကြီးခေါ်ရာ နန်းတော်သို့ လိုက်သွားတယ်။ နန်းတော်သို့ရောက်တော့ မင်းကြီးက မိဖုရားကြီးကို ရသေ့ကြီးအား အပ်နှင်းလိုက်တယ်။ မိဖုရားကြီးကိုလည်း ဤသို့ မှာကြားလိုက်တယ်။ "သင်- ရသေ့ကြီး၏ သီလတွေ မပျက်ပါစေနဲ့၊ ရသေ့ကြီး၏ သီလတွေ မပျက်စီးအောင် စောင့်ရှောက်ပါ"ဟု မှာကြားလိုက်တယ်။ ရသေ့ကြီးသည် မိဖုရားကြီးကိုခေါ်ဆောင်၍ နန်းတော်မှဆင်းကာ ထွက်လာခဲ့တယ်။ (ဇာတက-ဋ္ဌ-၁/၃၂၃)

နန်းတော်တံခါးမှ ထွက်တဲ့အခါ မိဖုရားကြီးက ဤသို့ပြောတယ်။ "အရှင်ရသေ့ကြီး ... အကျွန်ုပ်တို့မှာ နေစရာအိမ် မရှိသေးဘူး၊ အိမ်တစ်အိမ် မင်းကြီးထံ သွားတောင်းပါ"ဟု ပြောတယ်။ ပြောတော့ ရသေ့ကြီးက မင်းကြီးထံ သွားရောက်၍ အိမ်တောင်းတယ်။ မင်းကြီးက ကျင်ကြီးကျင်ငယ်တွေ စွန့်ရာဖြစ်တဲ့အိမ်ကို ပေးလိုက်တယ်။

မိဖုရားကြီးကို ခေါ်ဆောင်၍ ထိုအိမ်သို့ သွားကြတယ်။ ရောက်သွားတဲ့အခါ မိဖုရားကြီးက "မသန့်ရှင်းဘူး၊ ထိုအိမ်ထဲသို့ မဝင်ချင်ဘူး"လို့ ပြောတယ်။ "ဒါဖြင့်ဘာလုပ်ပေးရမလဲ" "သန့်ရှင်းဖို့ရာ မင်းကြီးထံသို့သွား၍ ပေါက်တူး၊ ခြင်းတောင်းများ သွားတောင်းပါ"ဟု ပြောတဲ့အတိုင်း ပေါက်တူး၊ ခြင်းတောင်းတွေ သွားတောင်းကာ သန့်ရှင်းရေးတွေ ပြုလုပ်ပေးတယ်။ "ထိုင်စရာ၊ အိပ်စရာလည်း မရှိဘူး"လို့ ပြော၍ မင်းကြီးထံသွား၍ ကုတင်တောင်းပေတယ်။

ကုတင်များ ရောက်လာသောအခါ ကုတင်ပေါ်၌ နှစ်ယောက်အတူ ထိုင်လိုက်ကြတယ်။ ထိုင်ပြီးတဲ့အခါ မိဖုရားကြီးကပြောတယ်။ "ဘယ်လိုလဲ ... ရသေ့ရဟန်းအဖြစ်ကိုမျှ သတိမရတော့ပေဘူးလား၊ တကယ်မွန်မြတ်တဲ့ ဘဝကိုမျှ သတိမရတော့ဘူးလား"ဟုဆိုကာ ရသေ့ကြီး၏ မုတ်ဆိတ်ကို ခပ်နာနာလေး ဆွဲလိုက်တော့မှ ဈာန်ရသည့် ရသေ့အဖြစ်ကို ပြန်သတိရသွားတယ်။ လောဘတဏှာ၏ အပြစ်တို့ကိုမြင်ပြီး ဟိမဝန္တာသို့ ပြန်ကြွသွားတယ်။

သမထဈာန် နိုင်မြဲပါရဲ့လား ... မနိုင်မြဲပါဘုရား။ ဘုရားအလောင်းမို့တော်ပါသေးတယ်။ သာမန်ပုဂ္ဂိုလ်ဆိုရင် ဒုက္ခမများပါဘူးလား ... ဒုက္ခများပါမယ်ဘုရား။ အားကိုးလောက်ပါရဲ့လား ... အားမကိုးလောက်ပါဘုရား။ အားမကိုးလောက်ပါဘူး။ ဘုရားလောင်းတောင်မှ ဒီလိုဖြစ်ရင် သာမန်ပုဂ္ဂိုလ်ဆိုရင်တော့ ပြောစရာ မရှိတော့ပါဘူး။ သမထဈာန်တွေ အားမကိုးလောက်ပါဘူး။

အဲဒီသမထဈာန် ရပြီးတဲ့နောက်ပိုင်းမှာ ဝိပဿနာဈာန်ဖြစ်ရအောင် ဆက်လက်ပြီးတော့ အားထုတ်မယ်ဆိုရင်တော့ ကောင်းပါတယ်။ အခြေခံ

ကောင်းရပါတယ်။ အဲဒီတော့ တရားနာပရိသတ်များ သမထလည်း အား ထုတ်တဲ့ပုဂ္ဂိုလ်တွေ ရှိလို့ရှိရင်လည်း အဲဒီသမထသမာဓိအခြေခံ ရလာလို့ရှိ ရင် ဝိပဿနာဘက်ကို ကူးဖို့ရာ၊ ဝိပဿနာဉာဏ်တွေ မြန်မြန်ဖြစ်ဖို့ရာ အား မထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။ အားထုတ်ရတယ်။

**ဈာနင်္ဂါနိ** = ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာနင်တရားကိုယ်(၅)ပါးတို့သည်၊ **ဈာနသမ္ပယုတ္တကာနံ** = ဈာန်နှင့်ယှဉ် ကုန်သော၊ **ဓမ္မာနဉ္စ** = ဒွေပဉ္စဝိညာဏ်(၁၀)ကြဉ်သော စိတ်(၇၉)ခု၊ စေတ သိက် (၅၂)ပါးတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုဈာန် ဈာန်နှင့် ယှဉ်သော စိတ်စေသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇ ရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **ဈာနပစ္စယေန** = ဈာနပစ္စယ သတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

ပါဠိတော် ပြန်ပြီးတော့ ဆင်ခြင်ကြည့်ရအောင်။ ဝိတက်ဆိုတာ အာရုံ သို့ တင်ပေးတတ်တာ။ သမ္ပယုတ်တရားတွေကို တင်ပေးတတ်တာဖြစ်တယ်။ ဝိစာရဆိုတာ အာရုံကို အဖန်ဖန်သုံးသပ်တာ။ သမ္ပယုတ်တရားတွေကို သုံး သပ်ဆင်ခြင်စေတာဖြစ်တယ်။ ပီတိဆိုတာ နှစ်သက်အားရမှု။ သမ္ပယုတ်တရား တွေကိုလည်း နှစ်သက်အားရစေတယ်။ ဝေဒနာဆိုတာ ခံစားမှု။ သမ္ပယုတ် တရားတွေကိုလည်း အာရုံ၏အရသာကို ခံစားစေတယ်။

ဧကဂ္ဂတာဆိုတဲ့ ပစ္စည်းတရားက စိတ်တည်ငြိမ်မှုဖြစ်တယ်။ စိတ်တည် ငြိမ်မှုဆိုတဲ့ ဧကဂ္ဂတာကလည်း ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာ နဉ္စ ရူပါနံ-ဆိုတဲ့ ဈာန်နဲ့ယှဉ်တဲ့ သမ္ပယုတ်တရားတွေကို တည်ငြိမ်စေတယ်။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း ဖြစ်စေတယ်။

ဝိတက်-ဆိုတာ အာရုံသို့ ရှေးရှုတင်ပေးတတ်တာ။ ကြံစည်တယ်လို့လည်း မြန်မာဝေါဟာရပြန်ရတယ်။ ဒီနေရာမှာတော့ ဝိပဿနာဉာဏ်တွေဖြစ်အောင် အားထုတ်တဲ့အခါမှာတော့ အာရုံသို့ ရှေးရှုတင်ပေးတတ်တာကို စိတ်ကို အာရုံပေါ်သို့ ရောက်သွားအောင် တင်ပေးတတ်တာ ဝိတက်ပဲဖြစ်တယ်။

တရားနာပရိသတ်များ ဝိပဿနာတရားအားထုတ်တော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ အားထုတ်နေတဲ့ အခိုက်အတန့် ဖောင်းတဲ့အပေါ်မှာ၊ ပိန်တဲ့အပေါ်မှာ၊ ထိုင်တဲ့အပေါ်မှာ၊ ထိတဲ့အပေါ်မှာ စိတ်ကလေး ရောက်ရောက်သွားအောင် တင်ပေးနေတာ ဝိတက်ပဲဖြစ်တယ်။

ဝိစာရ-ဆိုတာ အာရုံကို အဖန်ဖန်သုံးသပ်တာ။ ဖောင်းတဲ့အပေါ်မှာလည်း စိတ်ကလေးဟာ သုံးသပ်ပြီးတော့နေတယ်။ ပိန်တဲ့အပေါ်မှာလည်း စိတ်ကလေးဟာ သုံးသပ်ပြီးတော့နေတယ်။ ထိုင်တဲ့အပေါ်မှာလည်း စိတ်ကလေးဟာ သုံးသပ်ပြီးတော့နေတယ်။ ထိတဲ့အပေါ်မှာလည်း စိတ်ကလေးဟာ သုံးသပ်ပြီးတော့နေတယ်။ ဝိတက်နဲ့ ဝိစာရဟာ မိတ်ဖက်ပဲ။ ဝိတက်က အာရုံပေါ်သို့ တင်ပေးလိုက်တယ်။ ဝိစာရက သုံးသပ်လိုက်တယ်၊ ဆင်ခြင်လိုက်တယ်။

သမထဈာန်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ ဈာန်မှာလည်း အဲဒီအတိုင်းပါပဲ။ ကျမ်းဂန်ဆရာများ ဥပမာပြထားတာကတော့ ဝိတက်နဲ့ဝိစာရ အခိုက်အတန့်ပဲကွဲတယ်။ ရှေးပညာရှင်ကြီးများ ဖွင့်ဆိုထားသည်မှာ- ရှေးခေတ်အခါက ငှက်ကြီးများ မြေကနေပြီး ကောင်းကင်သို့ ပျံတက်တယ်၊ ကောင်းကင်လေဟုန်စီးတဲ့ အရပ်ထိအောင် ပျံတက်ရတယ်တဲ့။ အဲဒီလိုစပြီးတော့ မြေကနေ ပျံတက်နေတဲ့အခိုက်အတန့် အတောင်ကိုခတ်ခတ်ပြီးတော့ ပျံတက်နေတဲ့အခိုက်အတန့်ကတော့ ဘာနဲ့တူသလဲဆိုရင် ဝိတက်နဲ့တူတယ်တဲ့။ အာရုံ

ပေါ်သို့ စိတ်တွေရောက်သွားရအောင် ဝိတက်ကနေ တင်ပို့နေတာ ငှက်ကြီး အတောင်ခတ်ခတ်ပြီးတော့ တက်နေတာနဲ့ တူတယ်တဲ့။

အာရုံပေါ်သို့ စိတ်ရောက်သွားတဲ့အခါ ဒီအာရုံပေါ်မှာပဲ သုံးသပ်ဆင်ခြင်နေပါတယ်။ ငှက်ကြီးဟာ ကောင်းကင်ကို ရောက်သွား၍ လေဟုန်မိသွားတဲ့အခါ အတောင်တွေ ဖြန့်ဝဲပြီးတော့ ကောင်းကင်မှာ ရစ်ဝဲလှည့်နေတယ်။ စွန်ကြီးများ လှည့်ပတ်ဝဲနေတာ တရားနာပရိသတ်များ တွေ့ဖူးပါလိမ့်မယ် ... တွေ့ဖူးပါတယ်ဘုရား။ အတောင်ခတ်ပါသေးရဲ့လား ... မခတ်တော့ပါဘုရား။ မခတ်တော့ဘူး။ ရစ်ဝဲပြီးတော့နေတယ်။ အဲဒီလို ရစ်ဝဲပြီးတော့နေတာနဲ့ ဝိစာရနဲ့ တူတယ်တဲ့။ အာရုံပေါ်သို့ ရောက်သွားတဲ့အခါ ဒီအာရုံပေါ်မှာပဲ ရစ်ဝဲပြီးနေသကဲ့သို့ ဝိစာရက ဖြစ်နေပါတယ်။ ဝိတက်နဲ့ဝိစာရ ဤသို့ အခိုက်အတန့်အားဖြင့် ထူးကြပါတယ်။

ပီတိ-ဆိုတာကတော့ နှစ်သက်ခြင်း၊ အားရခြင်းဖြစ်တယ်။ ရှုမှတ်လိုက်တဲ့အခါ စိတ်တွေတည်ငြိမ်၊ သမာဓိတွေဖြစ်လာပြီး ကေဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါဖြစ်လာတဲ့အခါ စိတ်တွေတည်ငြိမ်လာတယ်။ ဤကဲ့သို့ စိတ်တွေတည်ငြိမ်လာတဲ့အခါ ပီတိဖြစ်လာတယ်။ နှစ်သက်အားရမှုတွေ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ မှတ်လို့ကောင်းနေတယ်။ "တပည့်တော်နှစ်သက်အားရမှုတွေ၊ ပီတိတွေဖြစ်နေတယ်"ဟု တချို့ယောဂီများ မလျှောက်ပါဘူးလား ... လျှောက်ပါတယ်ဘုရား။ ပီတိတွေဖြစ်နေတယ်။ ဝိပဿနာရှုတဲ့အခါ ပီတိတွေ တော်တော်များများပဲ ဖြစ်ပါတယ်။

ဝေဒနာ-ဆိုတာကတော့ တရားရှုမှတ်တဲ့အခါ ဝေဒနာ(၃)မျိုး တွေ့ရပါတယ်။ ဒီနေရာမှာတော့ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဉပေက္ခာ

ဝေဒနာလို့ ဝေဒနာ(၃)မျိုးလုံးပဲ ရရှိနိုင်ပါတယ်။ ဝိပဿနာရှုတဲ့အခါလည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာနဲ့ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ အဲဒီဝေဒနာဆိုတဲ့ ဈာန်အင်္ဂါကိုလည်း တရားနာပရိသတ်များ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ တွေ့ရပါတယ်။ ကိုယ့်သန္တာန်မှာရှိနေတာကို မြတ်စွာဘုရား ဟောတာပါပဲ။ သမထဈာန်ကတော့ မိမိသန္တာန်မှာ မရှိဘူးလို့ ဆိုရမှာပါပဲ။ ဝိပဿနာဈာန်ကတော့ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။

ဧကဂ္ဂတာ-ဆိုတာ အာရုံလေးပေါ်မှာ စိတ်ကလေး တည်တည်သွားတာဖြစ်တယ်။ ဖောင်းတယ်လို့ရှုမှတ်လိုက်ရင် ဖောင်းတဲ့အပေါ်မှာ စိတ်ကလေးကပ်ကပ်ပြီး တည်တည်သွားတာ၊ အာရုံပေါ်မှာ စိတ်ကလေးကပ်ပြီး တည်သွားတာဖြစ်တယ်။ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် စိတ်ကလေးကပ်ပြီး တည်သွားတာ၊ ပိန်စမှ ပိန်ဆုံးတိုင်အောင် စိတ်ကလေးကပ်ပြီး တည်သွားတာ၊ ကြွစမှ ကြွဆုံးတိုင်အောင် စိတ်ကလေးကပ်ပြီး တည်သွားတာ၊ လှမ်းစမှ လှမ်းဆုံးတိုင်အောင် စိတ်ကလေးကပ်ပြီး တည်သွားတာ၊ ချစမှ ချဆုံးတိုင်အောင် စိတ်ကလေးကပ်ပြီး တည်သွားတာ ဘာလို့ခေါ်ပါသလဲ ... ဧကဂ္ဂတာလို့ ခေါ်ပါတယ်ဘုရား။ ဧကဂ္ဂတာပဲ ဖြစ်တယ်။

တရားနာပရိသတ်များ ဝိပဿနာရှုမှတ်နေတာ ဈာန်တွေ မရရှိနေပါဘူးလား ... ရရှိနေပါတယ်ဘုရား။ ဈာန်အင်္ဂါ(၅)ပါးအပေါင်းကို ဈာန်လို့ခေါ်တာပါပဲ။ "ဒို့လည်း ဈာန်ရတယ်"လို့ ပြောလို့မရပါဘူးလား ... ရပါတယ်ဘုရား။ ဘာဈာန်လဲလို့မေးရင်တော့ ဝိပဿနာဈာန်ဖြစ်တယ်။ "သမထဈာန်ကိုတော့ ဒို့မရရှိပေဘူး၊ ဝိပဿနာဈာန်ရရှိတယ်"။ ဒီဈာန်နှစ်မျိုးထဲက ဘယ်ဈာန်က များ ကျေးဇူးများသလဲလို့မေးရင် ... ဝိပဿနာဈာန်က ကျေးဇူးများပါတယ်

ဘုရား။ ဒါကြောင့် ဆရာတော်၊ သံဃာတော်ကြီးများက အခုအခါ ဘယ်စျာန်ကို ညွှန်ပြနေပါသလဲ ... ဝိပဿနာစျာန်ကို ညွှန်ပြနေပါတယ်ဘုရား။ ကျေးဇူးများတဲ့ ဝိပဿနာစျာန်ကိုပဲ ညွှန်ပြပေးနေပါတယ်။ မြတ်စွာဘုရား အလိုကျပါပဲတဲ့။

အဲဒီစျာနင်တရားကိုယ်(၅)ပါးကနေပြီးတော့ စျာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဆိုတဲ့ သမ္ပယုတ်တရားတွေကို ကျေးဇူးပြုနေတယ်။ ဝိတက်ကလည်း အာရုံပေါ်သို့ ရောက်သွားအောင် သမ္ပယုတ်တရားတွေကို တင်ပေးတယ်၊ ကျေးဇူးပြုတယ်။ ဝိစာရကတော့ အာရုံပေါ်မှာ စိတ်ရောက်သွားတဲ့အခါ သမ္ပယုတ်တရားတွေကို အဖန်ဖန် သုံးသပ်နေရအောင် ကျေးဇူးပြုတယ်။

ပီတိကလည်း သမ္ပယုတ်တရားတွေမှာ နှစ်သက်အားရမှုတွေဖြစ်အောင် ကျေးဇူးပြုတယ်။ ဝေဒနာကလည်း သမ္ပယုတ်တရားတွေကို ကျေးဇူးပြုတယ်။ သောမနဿဝေဒနာဆိုရင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရအောင်၊ ဒေါမနဿဆိုရင်လည်း နှလုံးမသာယာမှုတွေဖြစ်ရအောင်၊ ဥပေက္ခာဆိုရင်လည်း အလယ်အလတ် သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်တဲ့ သဘောတရားများ သမ္ပယုတ်တရားတွေမှာ ဖြစ်နေရအောင် ကျေးဇူးပြုတယ်။ ဘယ်သူက ကျေးဇူးပြုသလဲ၊ ဝေဒနာက ကျေးဇူးပြုတယ်။

ဧကဂ္ဂတာကလည်း သမ္ပယုတ်တရားတွေကို ကျေးဇူးပြုနေတယ်။ တည်ငြိမ်အောင် အာရုံတွေပေါ်မှာ တည်ငြိမ်တည်ငြိမ်သွားအောင် အာရုံရဲ့ အစ၊ အလယ်၊ အဆုံးလေးမှာ တည်ငြိမ်တည်ငြိမ်သွားအောင် ခဏိကသမာဓိ

ဖြစ်အောင် ကျေးဇူးပြုတယ်။ ဝိပဿနာယောဂီဆိုတော့ ခဏိကသမာဓိ တစ်ခဏမျှ တည်ငြိမ်တည်ငြိမ်သွားအောင် ဘယ်သူက ကျေးဇူးပြုနေသလဲ ... ကေဂ္ဂတာက ကျေးဇူးပြုနေတယ်။

စိတ်တွေဆိုတာ ဖြစ်လို့ရှိရင် တစ်ခုတည်း ဒီလိုဖြစ်တာမဟုတ်ပေဘူး။ ဖြစ်နိုင်သမျှ သူ့ပစ္စည်းအားလျော်စွာဖြစ်တယ်။ ကေဂ္ဂတာဖြစ်လို့ရှိရင် ကေဂ္ဂတာနှင့်ယှဉ်ဖက် စိတ်စေတသိက်တွေဖြစ်တယ်။ စိတ္တဇရုပ်တွေလည်းဖြစ်တယ်။ ပဋိသန္ဓေကမ္မဇရုပ်တွေလည်းဖြစ်တယ်။ အဲဒီတရားတွေကို ကေဂ္ဂတာက ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေတယ်။

ဈာနပစ္စည်းဆိုတာ သဟဇာတမျိုးထဲကပါပဲ။ အတူတကွဖြစ်ဖက်အနေနဲ့ ကျေးဇူးပြုတာပါပဲ။ သူ့ရဲ့ပစ္စယုပ္ပန်တရား အကျိုးတရားတွေကို အတူတကွဖြစ်၍ ကျေးဇူးပြုနေတယ်။ တရားနာပရိသတ်များသန္တာန်မှာပဲ ကျေးဇူးပြုနေတာပါပဲ။ စိတ္တဇရုပ်တွေဖြစ်အောင်လည်း ကျေးဇူးပြုတယ်။ ပဋိသန္ဓေကမ္မဇရုပ်တွေဖြစ်အောင် ကျေးဇူးပြုနေတယ်။ ဈာနသတ္တိဖြင့် ကျေးဇူးပြုနေတယ်။ ဝိပဿနာယောဂီများဆိုတော့ ဝိပဿနာကို အဓိကထားပြီးတော့ ရှုမှတ်ရတယ်။ စာပေကျမ်းဂန်တွေ လေ့လာတဲ့အခါမှာ ဝိပဿနာတွေ အဓိကထားပြီးတော့ မလေ့လာရပါဘူးလား ... လေ့လာရပါတယ်ဘုရား။

အခု ပဋ္ဌာန်းဒေသနာတော်ကို လေ့လာတဲ့အခါမှာလည်း ဝိပဿနာကိုပဲ အဓိကထားပြီးတော့ လေ့လာနေရတယ်။ ဝိတက်က ဝိပဿနာတရားအားထုတ်တဲ့အခါမှာ ဘယ်လိုများကျေးဇူးပြုသလဲဆိုတော့၊ ဘာတွေပယ်ပေးသလဲဆိုတော့ ဝိတက်ကနေပြီးတော့ ထိနမိဒ္ဓကို ပယ်ပေးတယ်။ အာရုံပေါ်သို့ စိတ်ကလေး အမြန်အမြန်ရောက်အောင် တင်ပေးနေတော့ ဒီကြားထဲမှာ ထိနမိဒ္ဓ ဝင်လို့ရပါ့မလား ... ဝင်လို့မရပါဘုရား။

ထိနမိဒ္ဓ-ဆိုတာ တရားနာပရိသတ်များတော့ သိပြီးသားပါပဲ။ ထိနဥ္စ = စိတ်၏မခံ့ခြင်းလက္ခဏာရှိသော ထိနစေတသိက်လည်းကောင်း၊ မိဒ္ဓဥ္စ = စေတသိက်တို့၏ မခံ့ခြင်းလက္ခဏာရှိသော မိဒ္ဓစေတသိက်လည်းကောင်း။ စိတ်တွေ ငိုက်မြည်းသွားအောင်၊ စေတသိက်တွေ လျော့ရဲသွားအောင် ပြု လုပ်နေတာတွေကို ထိနမိဒ္ဓခေါ်တယ်။ ထိနမိဒ္ဓဝင်လာပြီဆိုလို့ရှိရင် ရှုမှတ် လို့ မကောင်းတော့ပေဘူး။ စိုက်ကျသွား၊ ငိုက်ကျသွား မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ အဲဒီလိုမဖြစ်အောင် ဘယ်သူက ပယ်ပေးနေပါ သလဲ၊ ဝိတက်က ပယ်ပေးနေတာဖြစ်တယ်။ အာရုံလေးအပေါ်မှာ ထင်ထင် ရှားရှား ရောက်ရောက်နေရအောင် ဝိတက်က တင်ပေးနေတော့ ထိနမိဒ္ဓ ဝင်ခွင့်မရပေဘူး။ ဝိတက်က ထိနမိဒ္ဓကို ပယ်တယ်။ ဈာန်ပစ္စည်းတရားထဲ ကပဲဖြစ်တယ်။

ဝိစာရက ဘာကိုပယ်သလဲဆိုလို့ရှိရင် ဝိစိကိစ္ဆာကိုပယ်တယ်။ ဝိစာရက အာရုံပေါ်မှာ သုံးသပ်သုံးသပ်ပေးနေတယ်။ ဝိစိကိစ္ဆာက မဆုံးဖြတ်တတ်တာ ဖြစ်တယ်။ ဝိစာရက ဆင်ခြင်သုံးသပ်တာဖြစ်တယ်။ ယခုလို ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ် နေခြင်းဖြင့် ဝိစိကိစ္ဆာကို ပယ်နေတာဖြစ်တယ်။ ယခုလို ရှုမှတ်နေခြင်းဖြင့် တရားထူးတရားမြတ်ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ ရမှရနိုင်ပါ့မလား လို့ အာရုံကို မဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာကို ဝိစာရက သုံးသပ်သောအား ဖြင့် ပယ်တယ်။ အမှန်အတိုင်းပဲလို့ ရှုမှတ်သုံးသပ်နေတာက ဝိစာရဖြစ်တယ်။ အဲဒီလို သုံးသပ်နေတော့ ဒီဝိစိကိစ္ဆာ ဝင်နိုင်ပါ့မလား ... မဝင်နိုင်ပါဘုရား။ မဝင်နိုင်ပေဘူး။ ဝင်ခွင့်မရတာကိုပင် ပယ်တယ်လို့ ဆိုရပေတယ်။

ပီတိတည်းဟူသော ဈာန်အင်္ဂါက ဘာကိုပယ်လိုက်သလဲဆိုတော့ ဗျာပါဒကို ပယ်တယ်။ ဗျာပါဒဆိုတာ ကြောင့်ကြပူပန်မှုလေးတွေဖြစ်တယ်။ ဗျာပါဒကြီးကတော့ သူတစ်ပါးကို သတ်ဖို့ရာ ဖြတ်ဖို့ရာ၊ သူတစ်ပါးတွေကို ဒုက္ခရောက်အောင် ကြံစည်တာကို ဗျာပါဒကြီးဖြစ်တယ်။ ဒါကတော့ ထင်ရှားတယ်။

ဗျာပါဒအနုစားလေးကတော့ တရားနာပရိသတ်များသန္တာန်မှာလည်း ရှိနေကြတယ်။ ဝိပဿနာတရား အားထုတ်နေတဲ့အခါမှာ တစ်ခါတစ်ခါ ဗျာပါဒလေးတွေ ဝင်ဝင်လာတယ်။ အိမ်မှာရှိတဲ့မိသားစု နေရာမှ ကျမှကျပါ့မလား၊ အဆင်မှ ပြေမှပြေကြပါရဲ့လား၊ သားက ဘယ်လိုများ ဖြစ်နေပါမလဲ၊ သမီးက ဘယ့်နယ်များ ဖြစ်နေပါမလဲ၊ ကြီးပွားရေး စီးပွားရေးက အဆင်မှပြေပါ့မလားလို့ ဒီလိုစိတ်တွင် ဝင်လာတာလေးကို ဘာလို့ခေါ်ပါသလဲ၊ ဗျာပါဒလို့ခေါ်တယ်။ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။

ဆရာတော်၊ သံဃာတော်တွေဆိုရင် သီတင်းသုံးဖော်တွေ နေရာမှ ကျမှကျပါ့မလား၊ သူတို့အတွက်မှ အဆင်ပြေပါ့မလား၊ ဘာတွေများ ဖြစ်နေကြသလဲ၊ ကြောင့်ကြပူပန်မှုလေးတွေ ဝင်နေတာကို ဘာခေါ်ပါသလဲ ... ဗျာပါဒလို့ ခေါ်ပါတယ်ဘုရား။

အဲဒီဗျာပါဒကို ဘယ်သူကပယ်ပါသလဲ၊ ပီတိကပယ်တယ်။ ဝိပဿနာတရားအားထုတ်လို့ ပီတိ(၅)မျိုး ဖြစ်လာပြီဆိုရင် ပီတိဖြစ်လာတဲ့ပုဂ္ဂိုလ်တွေမှာ ဗျာပါဒကို မရှိတော့ပေဘူး။ နှစ်သက်အားရမှုတွေဖြစ်နေတော့ ဗျာပါဒ ဝင်နိုင်ပါ့မလား ... မဝင်နိုင်တော့ပါဘုရား။ မဝင်နိုင်တော့ပေဘူး။ ပီတိ(၅) မျိုးအကြောင်းကို နောက်မှ ဆက်လက်ပြီးတော့ ဟောကြားပါမယ်။

ဝေဒနာထဲမှာ သုခဝေဒနာပါတယ်။ အဲဒီသုခဝေဒနာက ဘာကိုပယ်ပါသလဲ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စကိုပယ်တယ်။ ဝိပဿနာတရားအားထုတ်တော့ ကာယိကသုခ၊ စေတသိကသုခ - ကိုယ်ကလည်းချမ်းသာ၊ စိတ်ကလည်းချမ်းသာ။ ယောဂီများ အမှတ်ကောင်းတဲ့အခါ သုခတွေကို မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ အဲဒီသုခဝေဒနာက ဘာကိုပယ်သလဲ၊ ဥဒ္ဓစ္စကိုပယ်တယ်။

ဥဒ္ဓစ္စဆိုတာ-စိတ်တွေပျံ့လွင့်နေတာဖြစ်တယ်။ အာရုံ၌ မှတ်စိတ်မတည်ပေဘူး။ အတိတ်ကိုလည်း ပြေးသွားပြီးတော့ ကြံစည်လိုက်၊ အနာဂတ်ကိုလည်း ပြေးသွားပြီးတော့ ကြံစည်လိုက်။ အဲဒီလို အတိတ်၊ အနာဂတ်ကို ပြေးနေတာ၊ ဟိုဟိုဒီဒီ ကြံနေတာကို ဘာလို့ခေါ်ပါသလဲ ... ဥဒ္ဓစ္စလို့ခေါ်ပါတယ်ဘုရား။ သုခ - ချမ်းသာလာတော့ အဲဒါတွေ မကြံစည်နိုင်တော့ပေဘူး။ သုခ - ချမ်းသာနေတော့ အဲဒါတွေ ကြံစည်ပါတော့မလား ... မကြံစည်တော့ပါဘုရား။ မကြံစည်တော့ပေဘူး။ သုခက ဘာကိုပယ်လိုက်ပါသလဲ၊ ဥဒ္ဓစ္စကို ပယ်လိုက်တယ်။ ကုက္ကုစ္စကိုလည်းပယ်တယ်။

ကုက္ကုစ္စ-ဆိုတာ ပြုလိုက်မိတဲ့ ဒုစရိုက်၊ မပြုလိုက်မိတဲ့ သုစရိုက်တွေကို နောင်တပူပန်နေတာဖြစ်တယ်။ မကောင်းတာလေးတွေ ပြုမိလိုက်၊ ပြောမိလိုက်တယ်။ အဲဒါလေးတွေ မကောင်းပါဘူးဆိုပြီး ပြန်ပြန်ပြီးတော့ နောင်တပူပန်မှုလေးတွေ ဖြစ်နေတတ်တယ်။ ဒီစကားမျိုးကို မပြောသင့်ဘဲနဲ့ ပြောမိတာပဲ၊ ဒီအမှုအရာလေးက မပြုသင့်တာ ပြုမိတာပဲ၊ ဒီအသုံးအနှုန်းလေး မသုံးသင့်တာကို သုံးမိတာပဲလို့ တစ်ခါတစ်ခါ ပြန်ပြန်ပြီး စိတ်ထဲမှာ ထင်လာ၊ ရောက်လာတတ်တယ်။ အဲဒီလို စိတ်ပူပန်မှုလေး ဖြစ်ဖြစ်နေတာကို ကုက္ကုစ္စလို့ ဆိုရတယ်။

မပြုလိုက်ရတဲ့ သုစရိုက် - ဘုရားရှိခိုးတဲ့အချိန်မှာ ရှိမခိုးလိုက်ရပေဘူး၊ ဆွမ်းတော်ကပ်ချိန်မှာ မကပ်လိုက်ရပေဘူး၊ ဝေယျာဝစ္စပြုလုပ်ချိန်မှာ မပြုလုပ်လိုက်ရပေဘူး၊ တရားရှုမှတ်တဲ့အချိန်မှာ မရှုမှတ်လိုက်ရပေဘူး၊ အို- မပြုလိုက်ရဘူး၊ မပြုလိုက်ရဘူး။ အဲဒီလို နှောင်တပြန်ပြီးတော့ ပူပန်ဖြစ်နေတာ ကုက္ကုစ္စပဲဖြစ်တယ်။

ချမ်းသာနေတော့ အဲဒါလေးတွေ ပြန်ပြီးတော့ နှလုံးသွင်းနိုင်ပါတော့မလား၊ မသွင်းနိုင်တော့ပေဘူး။ ထို့ကြောင့် ကုက္ကုစ္စကိုလည်း သုခကပယ်တယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ ဝိပဿနာတရားအားထုတ်ရတာ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ နေရာကျလိုက်တာ။

ပီတိအားကောင်းတာနဲ့အမျှ တရားထူး တရားမြတ်တွေရဖို့ရာ အခြေခံကောင်းပဲ ဖြစ်ပေတယ်။ ပီတိက အမျိုးမျိုးပဲဖြစ်ကြတယ်။ ဘယ်ပီတိပဲဖြစ်ဖြစ် ဝိပဿနာရှုမှတ်လို့ ဖြစ်လာတဲ့ ပီတိကတော့ တရားရဖို့ပါပဲတဲ့။ အပြင်ဘက်က ပီတိတွေကတော့ တရားရဖို့ မဟုတ်ပေဘူး။ ပြင်ပမှာရှိတဲ့ ပီတိတွေရှိတယ်။

ကာမာမိသာပီတိ၊ လောကာမိသာပီတိ၊ ဝဋ္ဋာမိသာပီတိလို့ အပြင်ကပီတိတွေ ရှိပါတယ်။ အဲဒါတွေကတော့ တရားရကြောင်း မဟုတ်ပေဘူး။

ကာမာမိသာပီတိ-ဆိုတာ ကာမဂုဏ်တရားတွေ ခံစားရရှိလို့ အဆင်းကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အသံကောင်းကောင်း၊ အရသာကောင်းကောင်း၊ အတွေ့အထိကောင်းကောင်း၊ အိမ်ရာတိုက်တာကောင်းကောင်း၊ မော်တော်ကားကောင်းကောင်းတွေ ရရှိလာတယ်ဆိုရင် ပီတိမဖြစ်

ကြပါဘူးလား ... ပီတိဖြစ်ကြပါတယ်ဘုရား။ အဲဒီပီတိကို ဘာလို့ခေါ်ပါသလဲ၊ ကာမာမိသာပီတိလို့ ခေါ်ရတယ်။ အဲဒီပီတိဟာ တရားရကြောင်း မဟုတ်ပေဘူး။

လောကာမိသာပီတိ-ဆိုတာ လောကရေးရာတွေ ဆောင်ရွက်လို့ အောင်မြင်လာတယ်၊ မိသားစုအတွက်၊ မိမိကိုယ်ရေးကိုယ်တာအတွက်တွေ ဆောင်ရွက်လို့ အောင်မြင်လာတယ်၊ ရပ်ကွက်အတွက် ဆောင်ရွက်လို့ အောင်မြင်လာတယ်၊ တိုင်းပြည်အတွက် ဆောင်ရွက်လို့ အောင်မြင်လာတယ်ဆိုရင် ပီတိမဖြစ်ပါဘူးလား ... ပီတိဖြစ်ပါတယ်ဘုရား။ လောကာမိသာပီတိလို့ ခေါ်ရတယ်။ ဤကဲ့သို့ လောကရေးရာအတွက် ဆောင်ရွက်လို့ အောင်မြင်လာတဲ့အခါမှာလည်း ပီတိတွေဖြစ်တယ်။ ဒီပီတိကလည်း တရားရကြောင်း မဟုတ်ပေဘူး။

ဝဋ္ဋာမိသာပီတိ-ဆိုတာ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေပြုပြီးတဲ့အခါ မိမိမှာ ကောင်းမှုတွေပြုထားတာပဲ၊ ဘဝသံသရာမှာတော့ ချမ်းချမ်းသာသာ ကျင်လည်ရမှာပဲ၊ ယုတ်နိမ့်တဲ့ဘုံဘဝတွေတော့ မရောက်နိုင်တော့ပေဘူး၊ ဘဝသံသရာမှာ ချမ်းချမ်းသာသာ အထက်တန်းကျကျ ကျင်လည်ရတော့မှာပဲလို့ ကိုယ်ပြုထားတဲ့ ကောင်းမှုတွေ အကြောင်းပြုပြီးတော့ အားရမှုပီတိတွေဖြစ်တယ်။ အဲဒီပီတိကိုတော့ ဝဋ္ဋာမိသာပီတိလို့ ခေါ်ရတယ်။ အဲဒီပီတိကလည်း တရားရကြောင်း မဟုတ်သေးဘူးတဲ့။

အဲဒီပီတိတွေက တရားရကြောင်းဆိုရင်တော့ လောကရေးရာတွေ ဆောင်ရွက်နေရင်းနဲ့ပဲ တရားတွေ ရရသွားကြမှာပေါ့။ လောကီနဲ့လောကုတ္တရာဆိုတာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ လောကထဲက လွတ်မြောက်မှ လောကုတ္တရာထဲ ရောက်နိုင်မှာဖြစ်တယ်။

**လောကတော ဥတ္တရံ၊ လောကုတ္တရံ၊**

**လောကတော** = လောကမှ၊ **ဥတ္တရံ** = လွန်မြောက်တတ်သည်တည်း။ **လောကုတ္တရံ** = လောကမှ လွန်မြောက်တတ်သည်။

လောကမှ လွန်မြောက်သွားမှ လောကုတ္တရာဖြစ်တယ်။ လွန်မြောက်အောင်လည်း များသောအားဖြင့် ဆန့်ကျင်ဘက်လုပ်မှ လွန်မြောက်တယ်။ အဲဒီပီတိတွေဖြစ်နေရုံနဲ့တော့ တရားမရနိုင်ပေဘူး။ ကာမာမိသာပီတိ၊ လောကာမိသာပီတိ၊ ဝဋ္ဋာမိသာပီတိ။ ဒီပီတိတွေနဲ့ တရားမရနိုင်ပါဘူး။ တရားနာပရိသတ်များလို ဝိပဿနာတရားအားထုတ်လို့ ဖြစ်လာတဲ့ ပီတိကျတော့ တရားရနိုင်ပါတယ်။ ပီတိအားကောင်းလေလေ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူးတရားမြတ်တွေ မြန်မြန်ရဖို့ရာ ဖြစ်ပေတယ်။

ဝိပဿနာတရားရှုမှတ်တော့ ဘယ်အဆင့်မှာ ပီတိတွေ များများဖြစ်တတ်သလဲ၊ ဥဒယဗ္ဗယဉာဏ်ရောက်မှ ပီတိတွေ များများတွေ့တတ်ပါတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေရတာ အစပိုင်းမှာတော့ ဘာမှမထင်ရှားသေးဘူး။ ဖောင်းတာကလည်း မိမိဝမ်းဗိုက်ကပဲဖောင်း၊ မှတ်တာကလည်း မိမိကပဲမှတ်။ ပိန်တာကလည်း မိမိဝမ်းဗိုက်ကပဲပိန်၊ မှတ်တာကလည်း မိမိကပဲမှတ်။ ထိုင်တာကလည်း မိမိကိုယ်ကြီးကပဲထိုင်၊ မှတ်တာကလည်း မိမိကပဲမှတ်နေတယ်။ ထိနေတာကလည်း မိမိကိုယ်ကြီးကပဲ ထိနေတယ်၊ မှတ်တာကလည်း မိမိကပဲမှတ်နေတယ်လို့ အစပိုင်းမှာတော့ တစ်ခဲတည်း၊ တစ်လုံးတည်း၊ တပေါင်းတည်းပဲ ထင်နေသေးတယ်။

နောက်သမာဓိဉာဏ် ဖြစ်လာတဲ့အခါကျတော့ ဖောင်းတယ်လို့ရှုမှတ်လိုက်ရင် ဖောင်းတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့

ရှုမှတ်လိုက်ရင် ပိန်နေတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ထိုင်တယ်လို့ရှုမှတ်လိုက်ရင် ထိုင်နေတာကတခြား၊ မှတ်သိလိုက်တာကတခြား။ ထိတယ်လို့ရှုမှတ်လိုက်ရင် ထိနေတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ တခြားစီ မသိနေပါဘူးလား ... သိနေပါတယ်ဘုရား။

နိုင်ငံခြားသားယောဂီများကျတော့ မပြောတတ်ပေဘူး။ နာမရူပပရိစ္ဆေဒဉာဏ်ရောက်သော်လည်း မပြောတတ်ပေဘူး။ ဘယ်လိုပြောသလဲဆိုလို့ရှိရင် "တရားအားထုတ်စ အခါတုန်းကတော့ သူ့မှာ လူတစ်ယောက်ပဲ ရှိပါတယ်။ အခုတော့ လူနှစ်ယောက် နှစ်ယောက် ဖြစ်သွားပြီ"လို့ သူကပြောတယ်တဲ့။ လူဘယ်နှယောက် ဖြစ်နေပါသလဲ ... နှစ်ယောက် ဖြစ်နေပါတယ်ဘုရား။ နှစ်ယောက်ဖြစ်နေတယ်။ မှတ်စရာအာရုံက တစ်ခု၊ မှတ်သိစိတ်က တစ်ခုလို့ပြောတာ။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ နာမရူပပရိစ္ဆေဒဉာဏ်ရောက်တဲ့ နိုင်ငံခြားသားတွေ ပြောတာဖြစ်တယ်။ အခုတော့ လူနှစ်ယောက် ဖြစ်သွားပြီလို့ ပြောတယ်။

နာမရူပပရိစ္ဆေဒဉာဏ် ရောက်သွားပြီးတော့ ဆင့်ကာဆင့်ကာရှုမှတ်တော့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်လာတယ်။ အကြောင်းနဲ့အကျိုးကိုသိတဲ့ဉာဏ်။ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ မကြာခဏပဲ သိသွားကြတယ်။ ဖောင်းတာ ပိန်တာတွေက ရှေ့မှ ပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်မှ လိုက်လိုက်မှတ်နေရတာပဲ။ ထိုင်တာ ထိတာတွေက ရှိနေလို့၊ ပေါ်ပေးနေလို့ မှတ်သိစိတ်က မှတ်နေရတာပဲ။ ဒီလိုလည်း သိလာတတ်ပါတယ်။ ဖောင်းတာ ပိန်တာလေးက ရှေ့က ပေါ်ပေါ်ပေးနေတယ်။ မပေါ်ပေးနေရပါဘူးလား ... ပေါ်ပေးနေပါတယ်ဘုရား။ မှတ်သိစိတ်က နောက်က လိုက်လိုက်မှတ်နေရတယ်။

မှတ်သိစိတ်က အကျိုးတရား။ ဖောင်းတာ ပိန်တာတွေက ပေါ်ပေးလို့ မှတ်ရတာ၊ မပေါ်ပေးရင်တော့ ... မှတ်လို့မရပါဘုရား။ မှတ်လို့မရပေဘူး။ ဖောင်းတာ ပိန်တာတွေက အမျိုးမျိုး ပြောင်းလဲသွားတတ်တယ်။ "ရင်ဝမှာလည်း တက်၍ဖောင်းပိန်၊ လည်ပင်းမှာလည်း တက်၍ဖောင်းပိန်၊ ငယ်ထိပ်မှာလည်း ဖောင်းပိန်များ သွားဖြစ်နေတယ်ဘုရား။" မလျှောက်ထားပါဘူးလား ... လျှောက်ထားပါတယ်ဘုရား။ ဘယ်လိုများ မှတ်ရမလဲဆိုတော့ ငယ်ထိပ်မှာပဲလိုက်ပြီး ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်ရပေတယ်။ သိဖို့ရာ အဓိကပဲ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။

တစ်ခါတလေလည်း ဘေးဘက်ကကပ် ဖောင်းပိန်နေတယ်ဘုရားတဲ့။ ဘယ်လိုမှတ်ရပါ့မလဲ၊ အဲဒီဘေးဘက်ကို လိုက်ပြီးတော့ ဖောင်းတယ်၊ ပိန်တယ်ပဲ လိုက်မှတ်ပါ။ ကျောဘက်က ဖောင်းပိန်ရင်လည်း ကျောဘက်ကိုပဲ လိုက်ပြီးတော့ ဖောင်းတယ်၊ ပိန်တယ် ရှုမှတ်ပေးရတယ်။ ဖောင်းတာ ပိန်တာတွေ ရွှေ့သွားတာနဲ့အမျှ မှတ်သိစိတ်က နောက်ကနေပြီးတော့ ရွှေ့ရွှေ့ပြီးတော့ မရှုမှတ်နေရပါဘူးလား ... လိုက်မှတ်နေရပါတယ်ဘုရား။ ဖောင်းတာ ပိန်တာတွေက အကြောင်းဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

နာမရူပပရိစ္ဆေဒဉာဏ် ရောက်ခါစကတည်းက ကမ္မဋ္ဌာန်းဆရာများကတော့ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်ရအောင် "ယောဂီ ... အထွေထွေအသေးစိတ် အမှတ်ကလေးကိုလည်း မှတ်ပေးရတယ်။ မှတ်တတ်ပြီလား" "မမှတ်တတ်သေးပါဘုရား။ နည်းနည်းပါးပါးပဲ ရပါတယ်ဘုရား" ဟု မလျှောက်ပါဘူးလား ... လျှောက်ပါတယ်ဘုရား။ လျှောက်ထားတယ်။

နောက်ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့အခါ ယောဂီက ဆရာသမားတွေ ညွှန်ပြတဲ့အတိုင်း မှတ်လို့ရသွားတတ်ပါတယ်။ အဲဒီဉာဏ်အဆင့်ရောက်သွားတော့ ဣရိယာပုထ်ကြီး(၄)ပါးမှာ အထူးသတိထားလိုက်တဲ့အခါ အကြောင်းနဲ့အကျိုးတွေ ထင်ရှားလာတယ်။

ရပ်နေရာက သွားရတော့မယ်ဆိုလို့ရှိရင် အထူးသတိထားလိုက်တဲ့အခါ သွားချင်တဲ့စိတ်တွေ ယောဂီဉာဏ်မှာ မထင်ရှားနေပါဘူးလား ... ထင်ရှားနေပါတယ်ဘုရား။ ထင်ရှားတော့ ဘယ့်နှယ်မှတ်မလဲဆိုတော့ သွားချင်တယ်၊ သွားချင်တယ်ဟု မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ နောက်ပြီးမှ သွားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းပို့ပေးလိုက်လို့ သွားတဲ့ကိုယ်အမူအရာတွေ ဖြစ်လာတယ်။ အထူးသတိထားတဲ့ပုဂ္ဂိုလ်တွေမှာ တွန်းပို့နေတာ တော်တော့်ကို သိသာပါတယ်။ သွားတဲ့အမူအရာ ဖြစ်လာတဲ့အခါကျမှ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ သွားချင်တဲ့စိတ်ကြောင့် သွားရတာပဲ။ ယောဂီ မသိပါဘူးလား ... သိပါတယ်ဘုရား။ သွားချင်တဲ့စိတ်က အကြောင်းတရား၊ သွားတဲ့ကိုယ်အမူအရာကြီးက ... အကျိုးတရားပါဘုရား။ မသိလာပါဘူးလား ... သိလာပါတယ်ဘုရား။

သွားနေရာက စင်္ကြံဦး၊ စင်္ကြံအဆုံးနားသို့ ရောက်တဲ့အခါကျတော့ ရပ်ရတော့မယ်ဆိုရင် အထူးသတိထားလိုက်တဲ့အခါ နှစ်လှမ်း၊ သုံးလှမ်းလောက်ကစပြီးတော့ ရပ်ချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ အဲဒီတော့ ဘယ့်နှယ်မှတ်ရမလဲ၊ ရပ်ချင်တယ်၊ ရပ်ချင်တယ်လို့ ရှုမှတ်ရပါတယ်။ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ပေးလိုက်လို့ ရပ်တဲ့ကိုယ်အမူအရာ ဖြစ်လာတယ်။ ရပ်တဲ့ကိုယ်အမူအရာဖြစ်လာမှ ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်ရမယ်။

ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဍာန်များကိုတော့ ခွာနိုင်သမျှခွာ၊ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ထားလို့ တောင့်တင်းနေတဲ့ သဘောလေးကိုပဲ ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်ရပေတယ်။ ရပ်ချင်တဲ့စိတ်ကြောင့် ရပ်ရတာပဲ။ ယောဂီ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

ရပ်ချင်တဲ့စိတ်က အကြောင်းတရား၊ ရပ်နေတဲ့ ကိုယ်အမူအရာကြီးက အကျိုးတရား။ တရားနာပရိသတ်များလောက် သမာဓိဉာဏ်အခြေခံရှိတဲ့ ပုဂ္ဂိုလ်များအတွက် ဒီဉာဏ်ရောက်လာတော့ ခက်ပါသလား ... မခက်ပါဘုရား။ မခက်လှပါဘူး။ အထူးသတိထားရင် ထင်ရှားပါတယ်။ သတိမထားရင်တော့ မထင်ရှားပေဘူး။ သတိပဋ္ဌာန်လို့ဆိုတဲ့အတိုင်း သတိကတော့ မထားရပါဘူးလား ... ထားရပါတယ်ဘုရား။

ရပ်ရာမှ ထိုင်ချရတော့မယ်ဆိုလို့ရှိရင်လည်း ထိုင်ချင်တဲ့စိတ်တွေ ထင်ရှားနေတတ်ပါတယ်။ ထင်ရှားနေတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ် မှတ်ရတယ်။ မှတ်ပြီးတော့မှ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ချလိုက်လို့ ထိုင်တဲ့ကိုယ်အမူအရာပေါ်လာမှ ထိုင်တယ်၊ ထိုင်တယ်ဟု ရှုမှတ်ရပါတယ်။

ထိုင်တယ်၊ ထိုင်တယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဍာန်များကိုတော့ ခွာနိုင်သမျှခွာ၊ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းချလိုက်လို့ ခန္ဓာကိုယ်အမူအရာ အောက်ကို တရွေ့ပြီး တရွေ့ ရွေ့ရွေ့ကျသွားတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်။ ရွေ့ရွေ့ကျသွားတဲ့သဘောက ပရမတ်ပဲ။ ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဍာန်များကတော့ ပညတ်ပဲ။

ဝိပဿနာဆိုတာ ပညတ်ကို မရှုရပေဘူး။ ပညတ်ကိုရှုတာ များနေရင်တော့ ယောဂီမှာ တရားတွေ ကြာသွားလိမ့်မယ်။ တရားရှုမှတ်တဲ့အခါ၊ တရားအားထုတ်တဲ့အခါ တရားတွေ ကြာချင်ပါရဲ့လား ... မကြာချင်ပါဘုရား။ မကြာချင်ရင် ဘယ်လိုလုပ်ရမလဲ၊ ပညတ်ကို ခွာနိုင်သမျှခွာရမယ်။

ဆောင်ပုဒ်။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဝိပဿနာရှုတဲ့အခါမှာ မရိုးနိုင်တဲ့ အမှာဆောင်ပုဒ်ပါပဲ။ ဘယ်တော့မှ မရိုးသွားပေဘူး။ ဘယ်ယောဂီကိုမေးမေး အဖြေကတော့ ပေးရမယ်။ ဘယ်လိုရှုမှတ်ရမှာလဲ၊ ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဌာန်တွေ ရှုမှတ်ရမှာလား၊ သို့မဟုတ် ဘယ်လိုများ မှတ်ရပါ့မလဲလို့ မေးလို့ရှိရင် တရားနာပရိသတ်များ မဖြေရပါဘူးလား ... ဖြေရပါမယ်ဘုရား။ ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဌာန်တွေ မရှုမှတ်ရပေဘူး။ တရားမြန်မြန်တွေ့ချင်လို့ရှိရင် အဲဒါတွေကို ခွာနိုင်သမျှခွာရမယ်။ ခွာတယ်ဆိုတာ အာရုံမပြုနဲ့ဟု ဆိုလိုပါတယ်။ အောက်ကိုရွေ့ကျသွားတဲ့ သဘောလေးကိုသာ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။

ထိုင်ရာမှ လျောင်းချရတော့မယ့် အချိန်ရောက်လာလို့ လျောင်းချရတော့မယ်ဆိုလို့ရှိရင်လည်း အထူးသတိထားလိုက်လို့ရှိရင် လျောင်းချင်တဲ့စိတ်တွေ ထင်ရှားနေတတ်ပါတယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ သာမန်သတိထားရင်တော့ မထင်ရှားပေဘူး။ ဘာဖြစ်လို့လဲ၊ အမှတ်သတိမပါဘဲနဲ့၊ ချင်စိတ်ကို သတိမထားဘဲနဲ့ သွား၊ ရပ်၊ ထိုင်၊ လျောင်းခဲ့တဲ့ အကြိမ်ပေါင်းက မရေမတွက်နိုင်တော့ပေဘူး။ ဒီဘဝမှာသာလားလို့ မေးလိုက်ရင် အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက အမှတ်သတိမပါဘဲနဲ့ သွားခဲ့တာ၊

ရပ်ခဲ့တာ၊ ထိုင်ခဲ့တာ၊ လျှောင်းခဲ့တာတွေ မရှိခဲ့ပါဘူးလား ... ရှိခဲ့ပါတယ်ဘုရား။ အာသေဝနပစ္စည်းတွေကရလားလို့ သာမန်သတိထားရင်တော့ မထင်ရှားပေဘူး။ အထူးသတိထားရင် ထင်ရှားပါတယ်။

လျှောင်းချင်တဲ့စိတ်က ရှေးဦးစွာ ထင်ရှားနေတော့ လျှောင်းချင်တယ်၊ လျှောင်းချင်တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ လျှောင်းချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းချလိုက်လို့ ခန္ဓာကိုယ်အမူအရာ တရွေ့ရွေ့ လျှောင်းကျသွားတဲ့အခါကျမှ လျှောင်းတယ်၊ လျှောင်းတယ်ဟု ရှုမှတ်ရတယ်။

လျှောင်းတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဌာန်များကိုတော့ ခွာနိုင်သမျှခွာ၊ ရွေ့ရွေ့ပြီးတော့ ကျသွားတဲ့သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ပြီး ရှုမှတ်ရပါတယ်။ ဝိပဿနာရှုတဲ့နေရာမှာ အချက်အချာတစ်ခုပါပဲ။ ပညတ်ပုံသဏ္ဌာန်ဒြပ်တွေကို ခွာပြီးတော့ သဘောတရားမျှကိုသာ မှတ်တတ်တာ ဝိပဿနာရှုတဲ့အခါမှာ အချက်အချာတစ်ခု၊ အရေးကြီးတဲ့ အချက်တစ်ခုဖြစ်တယ်ဟု မသိထားရပါဘူးလား ... သိထားရပါတယ်ဘုရား။ မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။ သိထားသင့်တယ်။

ပစ္စုပ္ပန်လည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်ရပေတယ်။ လျှောင်းချတဲ့အခါ တရွေ့ပြီးတရွေ့ အောက်သို့ရွေ့ကျသွားတဲ့ အစဉ်လေးကို မီနိုင်သမျှမီအောင် စူးစိုက်ရပါတယ်။ ပေါ့ပေါ့ဆဆလေး မရှုရပေဘူး။ တရွေ့ပြီးတရွေ့ ကျသွားတဲ့အစဉ်လေးကို မီနိုင်သမျှမီအောင် စူးစိုက်ရပေတယ်။ ကျသွားပြီဆိုတာနဲ့ စိတ်ကလျှော့လိုက်ရင် အဲဒီအစဉ်လေးကို မမီတော့ပေဘူး။

ထိုင်တဲ့အခါမှာဖြစ်စေ၊ လျောင်းတဲ့အခါမှာဖြစ်စေ၊ ရပ်တဲ့အခါမှာဖြစ်စေ ရွေ့နေတဲ့ အစဉ်လေးကို မီနိုင်သမျှမီအောင် စူးစိုက်ကြရပေတယ်။

တရားနာပရိသတ်များက တကယ်ဝိပဿနာတရား အားထုတ်မယ့်ပုဂ္ဂိုလ်တွေဆိုတော့ ဝိပဿနာအကြောင်းကိုတော့ မသိသင့်ပါဘူးလား ... သိသင့်ပါတယ်ဘုရား။ သိသင့်တယ်။ ပစ္စုပ္ပန်တည့်နိုင်သမျှတည့်အောင် ရွေ့နေတဲ့အစဉ်လေးကို မီနိုင်သမျှမီအောင် စူးစိုက်ရပေတယ်။ တရွေ့ပြီးတရွေ့ ရွေ့သွားတာ ထင်ရှားလာပါလိမ့်မယ်။

အဲဒီလို အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့အခါ အမှတ်တွေ စိပ်စိပ်လေး ရှုမှတ်လို့ရသွားပြီဖြစ်တယ်။ တရားတွေ ရှေ့ကိုဆက်လက်ပြီး တက်တော့မှာဖြစ်တယ်။ အထွေထွေအမှတ်တွေ ရှုမှတ်ချင်တဲ့ ယောဂီပုဂ္ဂိုလ်များ ရှုမှတ်လို့ မရသွားပါဘူးလား ... ရှုမှတ်လို့ရသွားပါတယ်ဘုရား။ ဣရိယာပုထ်ကြီး(၄)ပါးကစပြီး ရှုမှတ်လို့ရသွားရင်နောက်တော့ အသေးစိတ်ကိုယ်အမူအရာတွေအားလုံး ရှုမှတ်လို့ ရသွားတတ်ပါတယ်။ ဆင့်ကာဆင့်ကာရှုမှတ်တော့ သမ္မသနဉာဏ်သို့ ရောက်သွားပါတယ်။

သမ္မသနဉာဏ်သို့ ရောက်သွားတဲ့အခါကျတော့ နာတာ ကျင်တာ အောင့်တာ၊ ကိုက်တာ ခဲတာ၊ မူးတာ ယားတာ၊ အော့ချင်အန်ချင်ရှိတာ၊ ယိမ်းတာ ယိုင်တာ၊ တွန်းတာ ဆွဲတာတွေ အမျိုးမျိုးပဲ တွေ့လာတတ်ပါတယ်။ ဝေဒနာ အမျိုးမျိုးတွေ တွေ့လာတတ်ပါတယ်။ ယောဂီဟောင်းများကိုယ်တိုင်လည်း တွေ့ဖူးကြပါတယ်။ တခြားသောယောဂီတွေ ယိမ်းနေတာ ယိုင်နေတာ၊ မူးနေတာ အန်ချင်နေတာ၊ နာနေတာ ကျင်နေတာ အောင့်

နေတာ၊ ခေါင်းစိုက်စိုက်ပြီး ကြမ်းနဲ့ ဆောင့်နေတာတွေကိုလည်း မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ဘာဉာဏ်လို့ ခေါ်ရပါမလဲ ... သမ္မသနဉာဏ်ပါဘုရား။ သမ္မသနဉာဏ်ဖြစ်တယ်။ ကိုယ်တိုင်လည်း ဖြစ်ခဲ့ဖူးတယ်။ သူတစ်ပါးတွေဖြစ်တာကိုလည်း မြင်နေရတယ်။

ယောဂီမှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေ ဖြစ်ရပေတယ်။ ရှေ့ပိုင်း နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မှာတော့ ကောင်းတာလေးတွေ တစ်ခါတလေလည်း တွေ့ခဲ့ရတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်မှာ အထူးတွေ့တတ်တယ်။ တစ်ခါတလေ ဘယ်လိုထိုင်လို့ ကောင်းသွားမှန်းမသိဘူး။ "ပုံသဏ္ဍာန် ဒြပ်တွေ မထင်ရှားတော့ဘူးဘုရား"လို့ လျှောက်ထားတယ်။ တရားတွေ သိပ်ကောင်းသွားတယ်။

နောက်တစ်ချိန် ဒီလိုရအောင် ထိုင်ဦးမယ်ဆိုပြီး ကြိုးစားထိုင်လိုက်တယ်။ မရတော့ပေဘူး။ "ဘယ်လိုဖြစ်သွားသလဲဘုရား"တဲ့။ ကောင်းအောင်လည်း မှတ်လို့ မရတော့ဘူး။ "မရတော့ပေဘူးယောဂီ၊ သူ့ဉာဏ်အဆင့်က မရောက်သေးဘူး။ ဒါပေမဲ့ ယောဂီကို တရားကနေပြီးတော့ ဆွဲခေါ်လိုက်တာဖြစ်တယ်"။ တရားသဘောဆိုတာ ဒီလိုရှိပါတယ်။ ဒီလိုချမ်းသာခွင့် ရပါတယ်လို့ တရားက ယောဂီကို မဆွဲခေါ်လိုက်ပါဘူးလား ... ဆွဲခေါ်လိုက်ပါတယ်ဘုရား။ ဆွဲခေါ်လိုက်တယ်။

နာတာ ကျင်တာ အောင့်တာတွေ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မှာ သိပ်ပြီးတော့ မထင်ရှားပေဘူး။ သမ္မသနဉာဏ်ရောက်လာတော့ ထင်ရှားပါတယ်။ နာတာ ကျင်တာ အောင့်တာတွေ၊ ကိုက်တာ ခဲတာတွေ၊ မူးတာ ယားတာတွေချည်း ရှုနေရတော့ ရှေ့နားက ကောင်းတော့မလိုလိုနဲ့

အခုတော့ ဆိုးတာတွေပဲ တွေ့တွေ့နေရတယ်။ တရားရတော့မှာ မဟုတ်တော့ ပါဘူးလို့ စိတ်ဓာတ်တွေ ကျသွားတတ်ပါတယ်။

မြတ်စွာဘုရားတရားတော်တွေဆိုတာ အဆင့်ဆင့် ချမ်းသာခွင့်ရတယ်။ အဆင့်ဆင့် နူးညံ့သိမ်မွေ့တယ်လို့ ကြားခဲ့ဖူးတယ်။ အခုတော့ အရှေ့ပိုင်း နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်မှာတော့ ဟုတ်တော့မလိုလိုနဲ့ ရက်လေး (၁၀)ရက်လောက်ရလာတော့ ဆင်းရဲဒုက္ခတွေနဲ့ပဲ တွေ့နေရတယ်။ တရားတော့ ရနိုင်တော့မှာ မဟုတ်တော့ပါဘူးဟု စိတ်ဓာတ်တွေကျကာ ယောဂီ ချုံးချုံးချပြီးတော့ ငိုတတ်တယ်။

ကမ္မဋ္ဌာန်းဆရာတွေက အားပေးစကားတွေ ပြောရတယ်။ "ယောဂီအတွက် တရားတွေ သိပ်ကောင်းပါတယ်။ ယောဂီကသာ မှတ်လို့မကောင်းတာ၊ တရားသဘောအရတော့ အလွန်ကောင်းပါတယ်။ ဒီဉာဏ်မှာ ဆိုးသလောက် အထက်ဉာဏ်ကျတော့ ကောင်းတာတွေ တွေ့ဖို့ရာ ရှိပါတယ်" ဟု အားပေး စကား ပြောရပေတယ်။

"အရှင်ဘုရားကသာ ကောင်းတယ်လို့ပြောတယ်။ တပည့်တော်က သေ ..သေရတော့မယ်"ဟု ပြောတယ်။ ယောဂီက မကျေနပ်ပေဘူး။ ပြန်လျှောက်ထားတယ်။ သိပ်ဆင်းရဲနေတာကိုး။ မငိုရတဲ့ ယောဂီရယ်လို့ မရှိသလောက် ပါပဲ။ တချို့ကလည်း နည်းနည်းရက်တတ်တာနဲ့ ကြိတ်ပြီးတော့ပဲ ငိုနေတာပါပဲ။

မဟာစည်ရိပ်သာမှာ ဆရာတော် တရားဝင်အားထုတ်ခါစ ကမ္မဋ္ဌာန်းဆရာ ဆီမှာ တရားအစစ်ခံရပါတယ်။ ရဟန်းယောဂီများနဲ့ အမျိုးသားယောဂီများ အတူတကွ တရားအစစ်ခံရပါတယ်။ ရဟန်းယောဂီများကို ရှေးဦးစွာ စစ် နေစဉ်မှာ နောက်နားကနေပြီးတော့ အမျိုးသားယောဂီများက ထိုင်နေပြီး

တရားမှတ်နေကြရပါတယ်။ နောက်မှယောဂီတစ်ယောက်က တရှုံ့ရှုံ့နဲ့ ရှိုက်ရှိုက်ပြီးတော့ ငိုနေတယ်။

ကမ္မဋ္ဌာန်းဆရာက "ဘာဖြစ်လို့ ဒကာကြီးက ဒီမှာလာငိုနေရတာတုံး" ဟု မိန့်ကြားတော့ "တပည့်တော် အသက်(၆၀)ရှိပါပြီဘုရား။ တစ်ခါမှ မငိုခဲ့ဖူးဘူးဘုရား။ အရှင်ဘုရားတို့ရိပ်သာရောက်မှ ငိုနေရပါတယ်ဘုရား"တဲ့။ မငိုရပါဘူးလား ... ငိုရပါတယ်ဘုရား။ ငိုရတယ်။ ကောင်းသောငိုခြင်း မဖြစ်ပါဘူးလား ... ကောင်းသောငိုခြင်းပါဘုရား။ ကောင်းသောငိုခြင်းပဲ။

ဆရာသမားတွေ ညွှန်ပြတဲ့အတိုင်း အဲဒီသမ္မသနဉာဏ်ကနေ၍ ဆင့်ကာဆင့်ကာ မပြတ်မလပ်အောင် ထိုင်မှတ်လိုက်၊ စင်္ကြံလျှောက်မှတ်လိုက်၊ အထွေထွေအသေးစိတ်အမှတ်တွေ ရအောင် ကြိုးစားပြီးမှတ်လိုက်တဲ့အခါ မကြာမီရက်အတွင်းမှာ တချို့ယောဂီပုဂ္ဂိုလ်တွေ (၂)ရက်၊ (၃)ရက်အတွင်းမှာပဲ တရားတွေ တက်သွားကြပါတယ်။ ဥဒယဗ္ဗယဉာဏ် ရောက်သွားကြပါတယ်။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ ပြောင်းပြန် ပြန်ဖြစ်သွားပါတယ်။ ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်းပေါ့ပါး၊ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ်ကလည်းနူးညံ့ စိတ်ကလည်းနူးညံ့၊ ကာယကမ္မညတာ စိတ္တကမ္မညတာ = ကိုယ်ကလည်းခံ့ကျန်း စိတ်ကလည်းခံ့ကျန်း ဖြစ်ရတယ်။

အစပိုင်းက တစ်ထိုင်မှာ တစ်နာရီမှာ တစ်ခါနှစ်ခါ ပြင်ထိုင်ရတဲ့ပုဂ္ဂိုလ် ဥဒယဗ္ဗယဉာဏ်ရောက်တော့ တစ်ခါမှ မပြင်ရတော့ပေဘူး။ တစ်ခါမှ မပြင်

ရတဲ့ ယောဂီများကျတော့ (၂)နာရီ၊ (၃)နာရီ၊ (၄)နာရီ၊ (၅)နာရီ ဆက်ထိုင်နိုင်သွားကြတယ်။

ဥဒယဗ္ဗယဉာဏ် ရောက်လာတဲ့အခါ ကာယပါဂုညတာ စိတ္တပါဂုညတာ = ကိုယ်ကလည်းလေ့လာပြီးသား စိတ်ကလည်းလေ့လာပြီးသားဖြစ်တယ်။ "မှတ်စရာအာရုံလေးကလည်း အလိုလိုပေါ်လို့၊ မှတ်သိစိတ်ကလည်း အလိုလို မှတ်နေရသကဲ့သို့ ထိုင်ကြည့်နေရသလိုပဲဘုရား။" ယောဂီများ မလျှောက်ထားတတ်ပါဘူးလား ... လျှောက်ထားတတ်ပါတယ်ဘုရား။ လျှောက်ထားတတ်တယ်။

"ဖောင်းတာ ပိန်တာတွေကလည်း အလိုလိုပေါ်လို့ မှတ်သိစိတ်ကလည်း အလိုလို မှတ်နေရသကဲ့သို့ ဖြစ်နေပါတယ်ဘုရား။ ထိုင်ပြီးတော့ ကြည့်နေရသလိုပါပဲဘုရား"လို့ လျှောက်ထားတယ်။ ကိုယ်ကလည်းလေ့လာပြီးသား၊ စိတ်ကလည်းလေ့လာပြီးသား။ ကာယိကသုခ၊ စေတသိကသုခ = ကိုယ်ကလည်းချမ်းသာ၊ စိတ်ကလည်းချမ်းသာဖြစ်ပုံကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

**သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော၊**
**အမာနုသီ ရတိ ဟောတိ သမ္မာ ဓမ္မံ ဝိပဿတော။**

**သုညာဂါရံ** = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ **ပဝိဋ္ဌဿ** = ဝင်လျက်၊ **သန္တစိတ္တဿ** = ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **သမ္မာ** = ကောင်းစွာ၊ **ဓမ္မံ** = ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ဝိပဿတော** = ဝိပဿနာရှုသော၊ **ဘိက္ခုနော** = ဘေးကိုရှုတတ်ယောဂီမြတ်အား၊ **အမာနုသီ**

= လူ့သာမန် နတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ **ရတိ** = ဝိပဿနာ ပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **တ္တတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယညာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်း ကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်း သဘောတရားတွေကို ရှုမှတ်ပြီးတော့နေလိုက်တာ လူ့သာမန်မဆိုထားနဲ့ နတ် သာမန်တို့တောင်မှ မခံစား မတွေ့သိနိုင်တဲ့ ဝိပဿနာပီတိသုခတွေနဲ့ ပျော် မွေ့နေပြီးတော့ နေရတယ်။

ဝိပဿနာပီတိ (၅)မျိုးရှိပါတယ်။ ခုဒ္ဒကာပီတိ - အငယ်စားပီတိ။ ရင် ထဲက လှိုက်ခနဲ၊ ကျောထဲက သိမ့်ခနဲဖြစ်ပြီးတော့ တစ်ခါလောက်ပဲ ဖြစ် ပြီးတော့ ပျောက်သွားတယ်။ အငယ်စားပီတိဖြစ်တယ်။ ခဏိကာပီတိ - ခဏခဏဖြစ်တယ်။ ဟိုကလှုပ်လိုက်၊ ဒီကလှုပ်လိုက်၊ ရင်ထဲက လှိုက်ခနဲဖြစ် လိုက်၊ ဖိုခနဲဖြစ်လိုက်၊ ကျောကလှုပ်ခနဲဖြစ်လိုက်၊ ရွခနဲဖြစ်လိုက်။ "အသား တွေ လှုပ်တယ်ဘုရား၊ အကြောလေးတွေ လှုပ်တယ်ဘုရား" မလျှောက်ပါ ဘူးလား ... လျှောက်ပါတယ်ဘုရား။ ဘာပီတိလို့ခေါ်ရပါမလဲ ... ခဏိကာ ပီတိလို့ခေါ်တယ်။

ငါးများတဲ့ ရေအိုင်ထဲမှာ ငါးပွက်ကလေးတွေ ဟိုကပွက်လိုက်၊ ဒီက ပွက်လိုက် ဖြစ်နေသလို ခန္ဓာကိုယ်ထဲမှာ ဟိုကလှုပ်လိုက်၊ ဒီကလှုပ်လိုက်၊ ရိပ်ခနဲဖြစ်လိုက်၊ လှိုက်ခနဲဖြစ်လိုက်၊ ဖိုခနဲဖြစ်လိုက်၊ တစ်ခါတလေလည်း

မျက်ရည်တွေ ကျလာတတ်တယ်။ အဲဒါတွေဟာ ခဏိကာပီတိ - ခဏ ခဏဖြစ်တဲ့ ပီတိဖြစ်တယ်။

ဩက္ကန္တိကာပီတိ - ခန္ဓာကိုယ်အထက်ပိုင်းကနေ၍ အအေးငွေ့ အပူငွေ့ တွေနဲ့ ခြုံချပေးလိုက်သလို ခန္ဓာကိုယ်အောက်ပိုင်းကျတော့ ပျောက်သွားတယ်။ ခန္ဓာကိုယ်အောက်ပိုင်းကနေ၍ အထက်ပိုင်းကို အအေးငွေ့ အပူငွေ့လေးတွေ နဲ့ ပက်ဖြန်းလိုက်သလို အထက်ပိုင်းရောက်တော့ ပျောက်သွားတယ်။ ယောဂီများက လျှောက်ထားတယ်။ "အပြင်က အအေးငွေ့ အပူငွေ့နဲ့လည်း မတူပါဘူးဘုရား။ လူ့ဘဝမှာ တစ်ခါမှ ဒီလို အအေးငွေ့ အပူငွေ့မျိုးတွေ မထိတွေ့ မခံစားဖူးပါဘုရား"လို့ လျှောက်ထားတယ်။ ဘာပီတိပါလဲ ... ဩက္ကန္တိကာပီတိ။ တရားကောင်းတဲ့ယောဂီများ မကြာခဏ လျှောက်ထား ကြတယ်။

ဥဗ္ဗေဂါပီတိ - အထက်ကို ပျံတက်တဲ့ပီတိ။ အထက်သို့ စိတ်ကိုညွတ် ထားရင်တော့ ပျံသွားကာ ကောင်းကင်ထိ ပျံတက်တတ်တယ်။ ကောင်းကင် ကနေပျံပြီး သွားလိုတဲ့နေရာအရပ်သို့ ရောက်သွားတာလည်းရှိတယ်။ အခု ခေတ်အခါတော့ ကောင်းကင်ပျံနိုင်တာတော့ သိပ်မရှိတော့ပါဘူး။

အခုခေတ် အချို့ယောဂီတွေလည်း ဖြစ်တော့ဖြစ်ပါတယ်။ လက်ကလေး ကြွနေတယ်။ လက်ကလေး ကြွတက်ပြီး ရှိခိုးသလိုလည်း ဖြစ်နေတတ်တယ်။ ဒူးကလေး ထောက်ပြီးတော့လည်း ကြွတက်သွားတတ်တယ်။ အပေါ်ကို ခန္ဓာကိုယ် ဆွဲတင်ထားသလိုလည်း မရှိနေတတ်ပါဘူးလား ... ရှိနေတတ် ပါတယ်ဘုရား။ ကြွသလိုဖြစ်နေတတ်တယ်။ အဲဒါကို ဘာပီတိလို့ ခေါ်ရပါ့ မလဲ၊ ဥဗ္ဗေဂါပီတိလို့ ခေါ်ရပါတယ်။

ခပ်ကြမ်းကြမ်းလည်း ဖြစ်တတ်တယ်။ နောက်ကနေ၍ ဆွဲလိုက်သလို၊ တွန်းလိုက်သလို၊ ဆတ်ခနဲဆို တွန်းလိုက်၊ ဆတ်ခနဲဆွဲလိုက်သလိုလည်း ဖြစ်သွားတတ်တယ်။ တစ်ခါတလေလည်း ကျောမှာလာပြီးထိထားသလို မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ ခေါင်းမှာ လာဖိထားသလို၊ ကိုင်ထားသလို ဖြစ်နေတတ်ပါတယ်။ ဥဗ္ဗေဂါပီတိပဲဖြစ်တယ်။ အလွန်ပဲ ဆန်းကြယ်ပေတယ်။

ယောဂီကလည်း ခပ်နည်းနည်း၊ ရိပ်သာကလည်း ဖွင့်ခါစ၊ မီးကလည်း သိပ်မရှိတော့ ညဘက် တရားတွေထိုင်နေကြတဲ့အခါ အဲဒီလို ဥဗ္ဗေဂါပီတိ ဖြစ်တဲ့သူတွေရှိကြတော့ နောက်ကလာကိုင်ထားသလို၊ လက်မောင်းကို လာဆွဲလိုက်သလိုဖြစ်၍ နောက်လှည့်ကြည့်လိုက်တော့ ဘယ်သူ့ကိုမှလည်း မတွေ့ပေဘူး။ တစ်ခါပြန်မှတ်ပြန်တယ်။ တစ်ခါပြန်မှတ်တော့ တစ်ခါကိုင်ပြန်တယ်၊ ဆွဲပြန်တယ်။

ဒီရိပ်သာဟာ တစ္ဆေခြောက်တဲ့ရိပ်သာလို့ ပြောကြတယ်။ ခြောက်နေသလား ... မခြောက်ပါဘုရား။ မခြောက်ပါဘူး။ ကိုယ့်တရား ကိုယ်မသိတော့ အမှတ်တွေ မကျကုန်ပါဘူးလား ... အမှတ်တွေ ကျကုန်ပါတယ်ဘုရား။ ကမ္မဋ္ဌာန်းဆရာက "ရိပ်သာမှာ ဘယ်တစ္ဆေရှိရမှာတုံး၊ ကိုယ့်ပီတိ ကိုယ်ပြန်ကြောက်နေတာကိုး" ခပ်ထန်ထန်လေး မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ ဥဗ္ဗေဂါပီတိဖြစ်တာ အမှန်ပါပဲ။

ငိုချင်သလို ရယ်ချင်သလိုလည်း ဖြစ်လာတတ်တယ်။ ငိုရရယ်ရ ဖြစ်ကြတယ်။ အခုပဲငို အခုပဲရယ် ပြန်ဖြစ်တယ်။ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ ဘာပီတိလို့ ဆိုရပါမလဲ ... ဥဗ္ဗေဂါပီတိပါဘုရား။

တရားနာပရိသတ်များက ဝိပဿနာယောဂီတွေဆိုတော့ ဒီလိုတရားရဲ့ သဘောတရားတွေလည်း မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။ ကိုယ်ကိုယ်တိုင် ဖြစ်လာလို့ရှိရင်လည်း "ဪ ... ဒါပီတိပဲ။ ဒါတွေ ကျော်လွန်အောင် ဆက်ပြီးတော့ မှတ်ရမှာပဲ"။ သူတစ်ပါးတွေ ဖြစ်လာတဲ့ အခါလည်း ဖျောင်းဖျမပေးရပါဘူးလား ... ဖျောင်းဖျပေးရပါတယ်ဘုရား။ သိထားရမယ့် အချက်တွေပဲဖြစ်တယ်။

အချို့ယောဂီတွေမှာ ဘဂါဘဝကအကြောင်းအားလျော်စွာ ပီတိအမျိုးမျိုး တွေ ဖြစ်ကြတယ်။ ထိုင်ရင်းလည်း ခုန်ဆွခုန်ဆွဖြစ်ပြီး ရှေ့ကိုရွှေ့သွားတတ်တယ်။ ဖားလိုလည်း ခုန်ခုန်ပြီးတော့ ရွှေ့သွားတယ်။ ဘဝကအကြောင်းတွေလည်း ပါတော့ပါမှာပေါ့လေ။ တချို့ကလည်း လက်ကလေး မြှောက်ရင်း မြှောက်ရင်းနဲ့ပဲ ကချင်တဲ့စိတ်တွေ ဖြစ်လာလို့၊ ဘယ့်နှယ်ဖြစ်သလဲ၊ ကနေတယ်။ အဲဒီလိုဖြစ်လာတဲ့အခါ ကတယ်၊ ကတယ်လို့ပင် လိုက်၍မှတ်ရပေတယ်။

တချို့က စကြံလျှောက်ရင်းနဲ့လည်း ကနေသလို ဖြစ်သွားတတ်တယ်။ ဘာပီတိလဲ၊ ဥဗ္ဗေဂါပီတိဖြစ်တယ်။ ခါးက နဂိုအမူအရာမဟုတ်ဘဲ စကြံလျှောက်တာ ဘယ်လိုအမူအရာလည်းတော့ မပြောတတ်ဘူး။ ခါးက နွဲ့တဲ့ နွဲ့တဲ့ဖြစ်ပြီး လျှောက်သွားတယ်။ စကြံဆုံးလည်း ဆုံးမှန်းမသိပေဘူး။ အဲဒီလိုဖြစ်တာကို ဘေးကလိုက်ပြီးတော့ စောင့်ရှောက်ပေးရပေတယ်။ ဘာပီတိပါလဲ ... ဥဗ္ဗေဂါပီတိပါဘုရား။

ရေးခေတ်ရေးအခါကတော့ ကောင်းကင်ပျံတက်ပါတယ်။ သီဟိုဠ်ကျွန်းမှာ ဝတ္တကာလကဆိုတဲ့ တောင်ခြေရွာတစ်ရွာ ရှိပါတယ်။

တောင်ထိပ်ပေါ်မှာ စေတီတည်ထား ကိုးကွယ်ကြတယ်။ တစ်ချိန်သော တစ်နေ့သောအခါမှာ စေတီမှာ ဘုရားပွဲတော်ကျင်းပကြတယ်။ ကျင်းပတဲ့ အခါ စေတီမှာလည်း ဆီမီးတွေလည်းထွန်းထားတယ်။ ရဟန်းတော်တွေက လည်း ပါဠိတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေကြတယ်။ ဘုရားဖူးပရိသတ်တွေ ကလည်း ဆီမီးတွေ၊ ပန်းတွေယူပြီးတော့ လက်ယာရစ်လှည့်ပြီးတော့ ပူဇော် နေကြတယ်။

တောင်ခြေက အိမ်တစ်အိမ်ကလည်း သူတို့လည်း ဘုရားဖူးသွားကြ မယ်၊ တရားနာသွားကြမယ်ဆိုတော့ ပြင်ဆင်ကြတယ်။ အမျိုးသမီးငယ်တစ် ယောက်ကတော့ သူ့မှာ ကိုယ်ဝန်အရင့်အမာရှိနေလို့ မိဘတွေက "သင် မလိုက်ခဲ့နဲ့၊ ဒို့သင့်အတွက် ဘုရားလည်း ပိုဖူးခဲ့မယ်၊ တရားလည်း ပိုနာခဲ့ မယ်၊ သင်အိမ်စောင့်နေခဲ့"ဆိုပြီးတော့ အိမ်သူအိမ်သား မိဘတွေ ဘုရားဖူး သွားကြတယ်။

အဲဒီအချိန်တွင် ကိုယ်ဝန်ရှိသူအမျိုးသမီးငယ် အိမ်ဝသို့ထွက်ပြီးတော့ ဘုရားရှိခိုးပူဇော် အာရုံပြုလိုက်တဲ့အခါ စေတီမှာပူဇော်ထားတဲ့ ဆီမီးတွေ ကြည်ညိုစရာတွေလည်း တွေ့ရ၊ ရဟန်းတော် သံဃာတော်တွေ ရွတ်ဖတ် သရဇ္ဈာယ်နေတဲ့ အသံတွေလည်း ကြားရ၊ ဘုရားဖူးတွေ စေတီကို လက်ယာ ရစ်လှည့်ပြီးတော့ ဆီမီးတွေ၊ ပန်းတွေနဲ့ ပူဇော်နေတာကိုလည်း တွေ့မြင်ရ တော့ နှစ်သက်အားရမှုပီတိတွေ ဖြစ်လာတယ်။

အဲဒီကြည်ညိုတဲ့ ပီတိတွေဖြစ်လာပြီးတော့ သူ့ခန္ဓာကိုယ်က အလိုလို ကြွတက်သွားတယ်။ ကြွကြွတက်သွားပြီးတော့ ကောင်းကင်ရောက်တဲ့အခါ သူစိတ်ညွတ်နေတဲ့အတိုင်း စေတီရင်ပြင်ပေါ်သို့ ရောက်သွားတယ်။ ရောက်

သွားတဲ့အခါ ဘုရားကို ရှိခိုးကန်တော့တယ်။ ဘုရားရှိခိုးပြီးတော့ တရားနာ ပရိသတ်ထဲဝင်ပြီး တရားနာနေတယ်။

သူ့မိဘတွေ နောက်မှရောက်လာကြတယ်။ သူ့ကိုမြင်တော့ "ဟဲ့- ဘယ့်နယ်တုံး၊ မလိုက်လာခဲ့နဲ့ပြောတာ ဘာကြောင့် လိုက်လာရသလဲ၊ ဘယ် လမ်းကလာခဲ့သလဲ၊ မြန်လှချည်လား"ဆိုတော့ "သူ ကုန်းကြောင်းခရီးဖြင့် လာခဲ့တာမဟုတ်ပါဘူး။ ကောင်းကင်ခရီးဖြင့် လာခဲ့ပါတယ်"ဟု ဖြေတယ်။ မိဘတွေက "ဟဲ့- မပြောကောင်းဘူး၊ ကောင်းကင်ခရီးဆိုတာ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတွေရဲ့ သွားရာခရီးဖြစ်တယ်။ မပြောကောင်းတာ မပြောရဘူး"ဟု ပြောကြတယ်။ "သူဒီလိုပဲ လာခဲ့ရပါတယ်"လို့ ပြန်ပြောတယ်။ ဘာပီတိပါ လဲ ... ဥဗ္ဗေဂါပီတိပါဘုရား။

အပြန်ကျတော့ မိဘတွေနဲ့အတူ ပြန်ရတယ်။ ကောင်းကင်ခရီးက ပြန် လို့ မရတော့ပေဘူး။ အိမ်အပြန်မှာ ပီတိကမရှိတော့ ကုန်းကြောင်းပဲ ဆင်း ပြန်လာခဲ့ရတယ်။ အဲဒီပီတိတွေ အားကောင်းလေလေ တရားတွေ မြန်မြန် တွေ့၊ တရားတွေ မြန်မြန်တက်ဖို့ရာ ဖြစ်လေလေပဲ။ ပီတိအားကောင်းလို့ တရားထူးတရားမြတ်ရသွားတဲ့ သာဓကတွေ မြတ်စွာဘုရားလက်ထက်တော် အခါက တော်တော်များများ ရှိခဲ့ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်အခါက မဟာကပ္ပိနမင်းနဲ့ အနောဇာ ဒေဝီတို့သည် ကုက္ကုဋဝှပြည်ကို အုပ်စိုးနေကြတယ်။ တစ်ချိန်သောအခါ မဇ္ဈိမဒေသက ကုန်သည်တွေ ကုန်သွယ်လာကြတယ်။ အဲဒီအချိန်အခါမှာ မင်းကြီးက ဥယျာဉ်ထဲထွက်ပြီး အမတ်ကြီးတစ်ထောင်နဲ့ ဥယျာဉ်ထဲ လှည့် လည်ပြီးတော့ ကြည့်နေတယ်။ ကုန်သည်တွေ နန်းတော်ရောက်လာတဲ့အခါ

မင်းကြီးနဲ့အမတ်ကြီးများ ဥယျာဉ်ထဲမှာ ရှိနေပါတယ်ဆိုတဲ့အကြောင်းကြား တော့ မင်းကြီးထံသွားကြတယ်။ လက်ဆောင်ပဏ္ဏာတွေ ဆက်သကြတယ်။

ကုန်သည်တွေကို မင်းကြီးက နှုတ်ဆက်စကား မိန့်ကြားတယ်။ မိန့်ကြား ပြီးတဲ့အခါ "သင်တို့တိုင်းပြည်မှာ သာသာယာယာရှိပါရဲ့လား" "သာသာယာ ယာရှိပါတယ်" "သင်တို့မင်းကြီးက တိုင်းပြည်ကို မင်းကျင့်တရား(၁၀)ပါးနှင့် အညီ အုပ်ချုပ်နိုင်ပါရဲ့လား" "အုပ်ချုပ်နိုင်ပါတယ်"။

"သင်တို့တိုင်းပြည်မှာ ဘာသတင်းထူးများ ယခုကြားနေရပါသလဲ"ဆို တော့ ကုန်သည်တွေက ဖြေကြရပါတယ်။ "ကျွန်ုပ်တို့တိုင်းပြည်မှာ ဘုရား ရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"လို့ ပြောလိုက်တဲ့အခါ မဟာ ကပ္ပိနမင်းကြီး မေ့သွားတယ်။

နောက်တစ်ခါ ပြန်သတိရတော့ "အမောင်ကုန်သည်တို့ ဘာသတင်း စကား ပြောကြတာလဲ" "ကျွန်ုပ်တို့တိုင်းပြည်မှာ ဘုရားရတနာဆိုတာ ဖြစ် ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောလိုက်တော့ တစ်ခါပြန်မေ့သွားပြန်တယ်။ ပြန်သတိရလာတော့ ပြန်မေးပြန်တယ်။ တတိယအကြိမ်လည်း ဒီအတိုင်းပဲ တစ်ခါပြန်မေ့သွားပြန်တယ်။ ပြန်သတိရလာတော့ "အမောင်ကုန်သည်တို့ ဘာသတင်းထူးပြောတာလဲ" "ကျွန်ုပ်တို့တိုင်းပြည်မှာ ဘုရားရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"လို့ ပြောလိုက်တဲ့အခါ (၄)ကြိမ်ကျမှပဲ ကောင်းကောင်းသိသွားတယ်။ "အမောင်ကုန်သည်တို့ ဘုရားရတနာကို ပြော နိုင်တဲ့အတွက်ကြောင့် အမောင်တို့ကို တစ်သိန်း ဆုပေးမယ်"။

"နောက်ဘာသတင်းထူးများ ကြားရပါသေးလဲ" "ကျွန်ုပ်တို့ဟိုင်းပြည်မှာ တရားရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောတဲ့အခါမှာလည်း (၃)ကြိမ်တိုင်တိုင်ပဲ မေ့သွားတယ်။ (၄)ကြိမ်ကျမှပဲ သတိရတယ်။ "အမောင်ကုန်သည်တို့ တရားရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် တစ်သိန်း ဆုပေးမယ်"။ ဘယ်နှသိန်း ရသွားပါပြီလဲ ... နှစ်သိန်းရသွားပါပြီဘုရား။

"အမောင်ကုန်သည်တို့ နောက်ထပ် ဘာသတင်းထူးများ ကြားရသေးသလဲ" "ကျွန်ုပ်တို့တိုင်းပြည်မှာ သံဃာရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောတဲ့အခါမှာလည်း (၃)ကြိမ်တိုင်တိုင် ဒီလိုပဲ မေ့သွားပြီး (၄)ကြိမ်ကျမှပဲ သတိရတယ်။ "သံဃာရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် တစ်သိန်းထပ်ပြီးတော့ ဆုပေးပါမယ်"ဟုဆိုပြီး ဆုပေးတယ်။ ဘယ်နှသိန်း ရသွားပါပြီလဲ ... သုံးသိန်းရသွားပါပြီဘုရား။ ဖရဏာပီတိ ဝွမ်းဆီထိသကဲ့သို့ မေ့မေ့သွားတာဖြစ်တယ်။

တရားနာပရိသတ်များ၊ ယောဂီများလည်း သတိထားစရာပါပဲ။ တစ်ခါတစ်ရံ အမှတ်တွေကောင်းတော့ သတိကလေး မလစ်မလစ်သွားပါဘူးလား ... လစ်သွားပါတယ်ဘုရား။ လစ်သွားလို့ တရားထူး တရားမြတ်တွေ ရထားပြီလို့ထင်ရင်တော့ တရားတွေ ရှေ့ကိုမတက်နိုင်တော့ပေဘူး။ သတိလစ်တိုင်းလည်း တရားကောင်းတယ်လို့ မဆိုရသေးပေဘူး။ ပီတိကြောင့်လည်း လစ်တယ်။ သမာဓိကြောင့်လည်း လစ်တတ်တယ်။ ပဿဒ္ဓိကြောင့်လည်း လစ်တတ်တယ်။ လစ်တာတွေ အမျိုးမျိုးရှိပါတယ်။

"ဘုရားရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် တစ်သိန်း၊ တရားရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် တစ်သိန်း၊ သံဃာရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် တစ်သိန်း၊ (၃)သိန်းပေးပါတယ်ဟု ရေးထားတဲ့စာကို မိဖုရားကြီးကို သွားပြပါ။ သင်တို့ကို (၃)သိန်းပေးပါလိမ့်မယ်။ သတင်းစကားလည်း မှာကြားလိုက်ပါဦးမယ်။ မင်းကြီးကတော့ မြတ်စွာဘုရားထံ သွားပြီးတော့ သာသနာဘောင်ဝင်ပြီး ရဟန်းဝတ်တော့မယ်။ မိဖုရားကြီးကို နန်းတော်နဲ့ တိုင်းပြည်ကို အကုန်လုံးပဲ အပ်နှင်းလိုက်ပါတယ်ဆိုတဲ့ အဲဒီသတင်းစကားလေးလည်း ပြောကြားလိုက်ပါ"။

အမတ်ကြီးတွေကိုလည်း မေးတယ်။ "အမတ်ကြီးများတို့ ဘယ်လိုသဘောရသလဲ၊ မင်းကြီးကတော့ ဒီကနေပြီး မြတ်စွာဘုရားရှိရာသို့ သွားပြီးတော့ ရဟန်းပြုတော့မယ်။ သင်တို့ ဘယ်လိုများသဘောရသလဲ" "မင်းကြီးလိုပါပဲ၊ မင်းကြီးနောက်က လိုက်ကြမယ်"ဟု ဖြေကြားကြပေတယ်။ "ဒီလိုဆိုလို့ရှိရင်လည်း အမတ်ကြီးကတော်များကိုလည်း မှာကြပါဦး"ဟု အမှာစကားတွေ မှာခိုင်းတယ်။

မင်းကြီးနဲ့ အမတ်ကြီးတစ်ထောင် မြင်းစီးပြီး မြတ်စွာဘုရားရှိတော်မူရာအရပ်ကို ဦးတည်ပြီးတော့ ခရီးထွက်ခဲ့ကြတယ်။ ပထမမြစ်ချောင်းတစ်ချောင်းရောက်သွားတဲ့အခါ လှေသင်္ဘောတွေ ရှာလို့မရတော့ ဘုရားဂုဏ်တော်တွေ အာရုံပြုပြီးတော့ ကူးသွားကြတယ်။ ဒုတိယမြစ်ချောင်းရောက်တဲ့အခါ လှေသင်္ဘော ရှာလို့မရတဲ့အတွက်ကြောင့် တရားဂုဏ်တော်တွေ အာရုံပြုပြီးတော့ ကူးသွားကြတယ်။ တတိယမြစ်ချောင်း ရောက်သွားတဲ့အခါလည်း လှေသင်္ဘောတွေ ရှာလို့မရတဲ့အတွက်ကြောင့် သံဃာဂုဏ်တော်ကို အာရုံပြုပြီးတော့၊ နှလုံးသွင်းပြီးတော့ ကူးသွားကြတယ်။ ချောချောမောမောပဲ ဟိုတစ်ဖက်ကမ်းသို့ ရောက်သွားကြတယ်။

ဟိုဘက်ကမ်း ရောက်သွားကြတော့ မြတ်စွာဘုရားက ညောင်ပင်အောက်မှာ စောင့်ပြီးတော့ကြို့နေသကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ် လွှတ်ပြီးတော့ သီတင်းသုံးနေတော်မူတယ်။ ရောင်ခြည်တော်တွေမြင်တော့ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ကြီးတစ်ထောင်တို့ မြတ်စွာဘုရားရှိတော်မူရာသို့ ဦးတည်ပြီးတော့ သွားကြတယ်။ ရောက်သွားတဲ့အခါ မြတ်စွာဘုရား တရားဟောလိုက်တာ တရားလည်းဆုံး မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ကြီးတစ်ထောင် သောတာပန်ဖြစ်သွားကြတယ်။ မမြန်ပါဘူးလား ... မြန်ပါတယ်ဘုရား။ ဘာအခြေခံရထားလို့လဲ ... ပီတိအခြေခံရထားလို့ပါဘုရား။ ပီတိအခြေခံရထားလို့ဖြစ်တယ်။

ကုန်သည်တွေက မိဖုရားကြီးထံသွားပြီး မင်းကြီးပေးသည့် စာကိုပြတော့ "အမောင်ကုန်သည်တို့ များလှချည်လား၊ မင်းကြီးအတွက် ဘာအကျိုးတွေဆောင်ရွက်ပေးလို့လဲ" "ဘာအကျိုးမှ မဆောင်ရွက်ပေးရပါဘူး။ မင်းကြီးကို သတင်းထူးတွေ ပြောလို့ပါပဲ" "အဲဒီသတင်းထူးကို ကျွန်ုပ်ကိုလည်း ပြောလို့မရဘူးလား" "ရပါတယ်" "ပြောလို့ရရင် ပြောကြပါ"။

"ကျွန်ုပ်တို့တိုင်းပြည်မှာ ဘုရားရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောလိုက်တဲ့အခါ မိဖုရားကြီးလည်း မေ့သွားတယ်။ ပြန်သတိရလာတော့ "အမောင်ကုန်သည်တို့ ဘာသတင်းထူး ပြောကြတာလဲ" "ကျွန်ုပ်တို့တိုင်းပြည်မှာ ဘုရားရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောလိုက်တဲ့အခါ ပြန်မေ့သွားပြန်တယ်။ (၃)ကြိမ်တိုင်တိုင် မေ့သွားတယ်။ ပီတိမများပါဘူးလား ... ပီတိများပါတယ်ဘုရား။

ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ဘုရားလို့ ကြားလိုက်တာနဲ့ မေ့မေ့သွားတယ်။ (၄)ကြိမ်ကျမှ ကောင်းကောင်းသိတော့ "အမောင်ကုန်သည်တို့ သင်တို့ကို မင်းကြီးက ဘုရားရတနာ ပြောနိုင်တဲ့အတွက်ကြောင့် ဘယ်နှသိန်းပေးလိုက်သလဲ" "(၁)သိန်းပေးပါတယ်" "ကျွန်ုပ်က မွဲပါတယ်။ ကျွန်ုပ်က (၃)သိန်းပေးမယ်"ဟု ပြောတယ်။ မွဲတဲ့လူက ဘယ်နှသိန်းပေးပါသလဲ ... (၃)သိန်းပေးပါတယ်ဘုရား။

ဒကာကြီးများနဲ့ ဒကာမကြီးများ သဒ္ဓါတရားမှာတော့ မကွာခြားပါဘူးလား ... ကွာခြားပါတယ်ဘုရား။ ကျောင်းအဆောက်အဦတွေထဲ ထည့်တဲ့အထဲမှာ ဒကာမကြီးတွေနှာမည်က တော်တော်များနေတာ တွေ့ရတယ်။ ဟိုရှေးအခါထဲက ကွာခြားခဲ့တာ အခုမှ မဟုတ်ပါဘူး။ ဒါကြောင့် အပြစ်ပြောစရာ မလိုတော့ပါဘူး။ မြတ်စွာဘုရားလက်ထက်တော်အခါထဲက ကွာခြားခဲ့တာကြီးကို အခုမှ လာအပြစ်တင်နေရင်တော့ နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျပေဘူး။ ကျွန်ုပ်က မွဲပါတယ်ဆိုပြီး ဘယ်နှသိန်းပေးပါသလဲ ... (၃)သိန်းပေးပါတယ်တဲ့။ ဘုရားရတနာကို ပြောနိုင်တဲ့အတွက် ကုန်သည်တွေကို (၃)သိန်းပေးပါတယ်။

"နောက်ဘာသတင်းထူး ကြားရပါသေးလဲ" "ကျွန်ုပ်တို့တိုင်းပြည်မှာ တရားရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောတဲ့အခါမှာလည်း ဒီလိုပဲ (၃)ကြိမ်တိုင်တိုင် မေ့သွားတယ်။ ပီတိတွေ ပျံ့နှံ့လို့ မေ့သွားတာဖြစ်တယ်။ (၄)ကြိမ်ကျမှ သတိရတော့ "အမောင်ကုန်သည်တို့ တရားရတနာကို ပြောနိုင်တဲ့အတွက်ကြောင့် သင်တို့ကို (၃)သိန်းထပ်ပေးပါတယ်" ဘယ်နှသိန်းရသွားပါသလဲ ... ခြောက်သိန်းပါဘုရား။ ခြောက်သိန်းရပြီ။

"နောက်ထပ် ဘာသတင်းထူးများ ကြားရပါသေးသလဲ" "ကျွန်ုပ်တို့ တိုင်းပြည်မှာ သံဃာရတနာဆိုတာ ဖြစ်ထွန်းပေါ်ပေါက်နေပါတယ်"ဟု ပြောတဲ့အခါမှာလည်း ဒီလိုပဲ (၃)ကြိမ်တိုင်တိုင် မေးသွားတယ်။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တွေဆိုတော့၊ နောက်ဆုံးဘဝ ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်တွေဆိုတော့ ပီတိမများပါဘူးလား ... များပါတယ်ဘုရား။ ဘုရား၊ တရား၊ သံဃာနဲ့စပ်တဲ့ ပီတိတွေ သိပ်အားကြီးတယ်။ မေ့မေ့သွားတယ်။ (၄)ကြိမ်ကျမှ သတိရတယ်။ "အမောင်ကုန်သည်တို့ သံဃာရတနာကို သင်တို့ ပြောနိုင်တဲ့အတွက်ကြောင့် နောက်ထပ် (၃)သိန်းထပ်ပေးပါတယ်။" ဘယ်နှသိန်းရသွားပါသလဲ ... ကိုးသိန်းရသွားပါတယ်ဘုရား။ ကိုးသိန်းရသွားပြီ။

အဲဒီလို (၃)သိန်းပေးမယ်လို့ ပြောပြီးတဲ့အခါ မင်းကြီးမှာကြားလိုက်တဲ့ အမှာစကားတွေ ကုန်သည်တွေက မိဖုရားကြီးကို ပြောကြားပါတယ်။ "မင်းကြီးက အမှာစကားတွေ မှာလိုက်ပါတယ်" "ဘာစကားတွေပါလဲ" "မင်းကြီးကတော့ ဥယျာဉ်ကနေ၍ မြတ်စွာဘုရားရှိတော်မူရာအရပ်ကို သွားပြီးတော့ ရဟန်းပြုတော့မယ်။ နန်းတော်နဲ့ တိုင်းပြည်စည်းစိမ်ကို မိဖုရားကြီးကို အပ်နှင်းလိုက်ပါတယ်။ မိဖုရားကြီး အလိုရှိသလို စီမံခန့်ခွဲပါ၊ အသုံးပြုပါဟု မှာကြားလိုက်ပါတယ်"။

မင်းကြီးမှာကြားလိုက်တဲ့အတိုင်း ပြောပြလိုက်တော့ မိဖုရားကြီးရဲ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ မင်းကြီး စွန့်ပစ်လိုက်တဲ့ တံတွေးပေါက်ကို မိမိက ကောက်ယူပြီးတော့ မျိုရသကဲ့သို့ ထင်သွားတယ်။ မင်းစည်းစိမ်ဆိုတာ အလွန်ဒုက္ခများပါတယ်။ မများပါဘူးလား ... များပါတယ်ဘုရား။ အလွန်ဒုက္ခများတယ်။ မလိုချင်ပါဘူးတဲ့။ မင်းကြီးလိုပဲ တရားထူးတရားမြတ်ရဖို့ မြတ်စွာဘုရားထံသွား၍ ရဟန်းပြုလိုတဲ့ စိတ်ဆန္ဒတွေများပြီးတော့ မင်းကြီး

ကဲ့သို့ တရားထူးတရားမြတ်တွေရအောင် အားထုတ်တော့မယ်ဆိုပြီးတော့ အမတ်ကြီးကတော်တစ်ထောင်ကို တိုင်ပင်တယ်။

"အမတ်ကြီးကတော်တို့ ဘယ်လိုသဘောရကြသလဲ" "မိဖုရားကြီးသဘော အတိုင်းပါပဲ" "ကျွန်ုပ်တော့ မြတ်စွာဘုရားရှိတဲ့နေရာသို့ သွားတော့မယ်။ မင်းကြီးလိုပဲ တရားထူးတရားမြတ်တွေ ရအောင်ယူတော့မယ်" "ဒီလိုဆိုလို့ ရှိရင် ကျွန်ုပ်တို့လည်း လိုက်ကြပါမယ်" "လိုက်မယ်ဆိုရင် ရထားတွေပြင် ကြ"ဆိုတဲ့အတိုင်း ရထားတွေပြင်ကြတယ်။ ပြင်ပြီးတော့ မင်းကြီးသွားတဲ့လမ်း အတိုင်းပဲ မြတ်စွာဘုရားရှိတဲ့နေရာသို့ ဦးတည်ပြီးတော့ ထွက်ခဲ့ကြတယ်။

မြစ် ၃-တန်ကိုလည်း မင်းကြီးလိုပဲ ပထမမြစ်ကိုတော့ ဘုရားဂုဏ်တော် ကို အာရုံပြုပြီးတော့ ကူးကြတယ်၊ ဒုတိယမြစ်ကိုလည်း တရားဂုဏ်တော်ကို အာရုံပြုပြီးတော့ ကူးကြတယ်၊ တတိယမြစ်ကိုတော့ သံဃာဂုဏ်တော်ကို အာရုံပြုပြီးတော့ ကူးကြတယ်။ ဟိုဘက်ကမ်းရောက်သွား၍ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်တွေ မြင်ရတဲ့အခါ ရထားပေါ်က ဆင်းပြီးတော့ မြတ်စွာ ဘုရားရှိတဲ့နေရာသို့ ဦးတည်ပြီးတော့ ဝင်သွားကြတယ်။

ရောက်သွားတဲ့အခါ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ကြီးတစ်ထောင်တို့ ရဟန်းဖြစ်နေကြပေတယ်။ ဟေဟိဘိက္ခုရဟန်းတွေ၊ မြတ်စွာဘုရားခေါ်ထားလို့ ရဟန်းတော်တွေ ဖြစ်နေကြပေတယ်။ ဝါတော်(၆၀)ရတဲ့ မထေရ်ကြီးများလို သပိတ်၊ သင်္ကန်းတွေ ဝတ်ရုံပြီးတော့ ရဟန်းတော်တွေ ဖြစ်နေကြတယ်။ အဲဒီရဟန်းတော်တွေကို မမြင်ရအောင် မြတ်စွာဘုရား တန်ခိုးတော်နဲ့ ကွယ် ထားတယ်။ မိဖုရားကြီးနှင့် အမတ်ကြီးကတော်တွေ မြင်ရလို့ရှိရင် ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်ပြီးတော့ စိတ်တွေ မတည်ငြိမ်ပါဘဲ တရားတွေ မရနိုင်မှာကို

မြတ်စွာဘုရား မြင်တော်မူတဲ့အတွက်ကြောင့် ဘာနဲ့ကွယ်ထားပါသလဲ ... တန်ခိုးတော်နဲ့ ကွယ်ထားပါတယ်ဘုရား။ ကွယ်ထားတယ်။

ရတ်တရက် ရဟန်းတော်ကြီးတွေ ဖြစ်နေတာကို မြင်ရတော့ တချို့က လည်း ဝမ်းသာကြမယ်။ တချို့ကလည်း ဝမ်းနည်းကြမယ်။ ဝမ်းသာဝမ်းနည်း တွေ ဖြစ်နေလို့ရှိရင် စိတ်ကမတည်ငြိမ်၊ သမာဓိမဖြစ်ပေဘူး။ သမာဓိမဖြစ် ရင် ဝိပဿနာဉာဏ်လည်း ... မဖြစ်တော့ပါဘုရား။ အဲဒါကိုမြင်တော့ မြတ်စွာ ဘုရား တရားမဟောသေးဘဲနဲ့ ဘာနဲ့ကွယ်ထားပါသလဲ ... တန်ခိုးနဲ့ ကွယ် ထားပါတယ်ဘုရား။ ကွယ်ထားပြီးတော့ အမတ်ကြီးကတော်တစ်ထောင်နဲ့ အနောဇာဒေဝီမိဖုရားကို တရားထပ်ဟောပါတယ်။

တရားအသံကတော့ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ကြီးတစ်ထောင်လည်း ကြားနေရတယ်။ အသံကိုတော့ နှစ်ဦးလုံးကို ကြားရတယ်။ အဆင်းကိုတော့ မမြင်ရပေဘူး။ မြတ်စွာဘုရား တရားဟောလိုက်တော့ ပီတိအခြေခံများတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သည့်အားလျော်စွာ အနောဇာဒေဝီနဲ့ အမတ်ကြီးကတော် တစ်ထောင်လည်း တရားဆုံးတာနဲ့ သောတာပန် ဖြစ်သွားကြတယ်။

သောတာပန်ဖြစ်သွားတော့ လူ့ဘောင်လူ့လောကမှာတော့ မပျော်ကြ တော့ပေဘူး။ အထက် တရားထူးတရားမြတ်တွေရဖို့ရာ အားထုတ်ချင်ကြတဲ့ အတွက်ကြောင့် မြတ်စွာဘုရားက ဘိက္ခုနီမကျောင်းတိုက်သို့ ပို့စေပြီးတော့ ရဟန်းပြုစေလိုက်တယ်။

မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ကြီးတစ်ထောင်ကတော့ အဲဒီအနောဇာ ဒေဝီတို့ကိုဟောတဲ့ တရားလည်းဆုံးရော ရဟန္တာလည်း ဖြစ်သွားကြတယ်။

ဘာအခြေခံကကောင်းခဲ့လို့လဲဆိုတော့ ပီတိအခြေခံကကောင်းခဲ့လို့ဖြစ်တယ်။ ပီတိအခြေခံကောင်းတဲ့ပုဂ္ဂိုလ်များ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်ရတယ်ဆိုတာ ထင်ရှားပါတယ်။

အနောဇာဒေဝီမိဖုရားနဲ့ အမတ်ကြီးကတော်တစ်ထောင်တို့ ဘိက္ခုနီမပြုပြီးတဲ့အခါ ဆက်လက်ပြီးတော့ အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားကြတယ်။ ပီတိအခြေခံကောင်းတဲ့ပုဂ္ဂိုလ်များ တရားထူးတရားမြတ်တွေ မြန်မြန်ရတယ်ဆိုတဲ့ သာဓကပေါ့ပဲ။ ဝိပဿနာဈာန် အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ အကျိုးများပါတယ်။ ဝိပဿနာဈာန်အင်္ဂါတွေထဲက ပီတိဈာန်အင်္ဂါကနေ၍ ကျေးဇူးပြုပုံဖြစ်တယ်။ ဝိပဿနာအတွက် ကျေးဇူးမများပါဘူးလား ... ကျေးဇူးများပါတယ်ဘုရား။

ဝေဒနာကလည်း ကျေးဇူးများပါတယ်။ ဝေဒနာ(၃)မျိုးလုံး ဝိပဿနာမရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ဒုက္ခဝေဒနာကိုလည်း ရှုရတယ်။ သုခဝေဒနာကိုလည်း ရှုရတယ်။ ဒုက္ခဝေဒနာ ဒေါမနဿကိုအခြေခံပြီးတော့ တရားထူး တရားမြတ်ရသွားတဲ့ သာဓကတွေလည်း ကျမ်းဂန်တွေမှာ ထင်ရှားစွာ ရှိခဲ့ပါတယ်။ ဒေါမနဿဝေဒနာကို အခြေခံပြီးတော့ တရားရသွားတဲ့ သာဓကကို ကျဉ်းကျဉ်းတော့ ပြောလို့ရကောင်းပါလိမ့်မယ်။

မဟာသီဝမထေရ်အကြောင်းကို တရားနာပရိသတ်များအား လွန်ခဲ့တဲ့ သီတင်းတစ်ပတ်က အနည်းငယ် ပြောကြားခဲ့ဖူးပါပြီ။ မဟာသီဝမထေရ်သည် ဂိုဏ်းကြီး(၁၈)ဂိုဏ်းကို အုပ်ချုပ်ပြီးတော့ တရားတွေ ပြပေးနေတယ်။ ပိဋကသုံးပုံတွေ သင်ကြားပေးနေတယ်။ သူ့တရားပြပေးလို့ တရားရသွားတဲ့ ရဟန္တာပေါင်းက (၃)သောင်းရှိပါတယ်တဲ့။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကတော့ ရေတွက်လို့ မရလောက်အောင် များပြားပါတယ်။

တစ်နေ့သောအခါ ရဟန္တာ(၃)သောင်းထဲက အဘိညာဥ်သမာပတ်ရတဲ့ ရဟန္တာတစ်ပါးက ဆရာမဟာသီဝကို အာရုံပြုပြီးတော့ ကြည့်လိုက်တယ်။ ဘယ်အဆင့်များ ရောက်နေလဲ၊ ရဟန္တာအဆင့် ရောက်ပြီလားလို့ ကြည့်လိုက်တော့ ဘယ်အဆင့်မှ မရောက်သေးဘူး။ ပုထုဇဥ်ပဲဖြစ်နေတာကို မြင်တဲ့အတွက်ကြောင့် ကြွလာပြီးတော့ "ဆရာတော်ကြီးဘုရား ... တပည့်တော်ကို စာတစ်ဝါလောက် သင်ပေးပါဦးဘုရား"ဟု လျှောက်ထားတယ်။ "ဟာ- သင့်အတွက် စာသင်ဖို့ရာ အချိန်မရှိတော့ပါဘူး။ ဆွမ်းခံသွားရင်းလည်း တရားတွေ သင်ပေးနေရတယ်။ ခြေဆေးရင်းလည်း သင်ပေးနေရတယ်။ အယုတ်ဆုံးသဖြင့် မျက်နှာသစ်နေတဲ့အချိန်မှာလည်း သင်ပေးနေရတာပဲ"ဟု မိန့်ကြားတယ်။

"အို- ဒီလိုလားဘုရား။ ဒီလိုဆိုရင် အရှင်ဘုရား နံနက်စောစောလေးမှာ တစ်ချိန်လောက်မှ တရားနှလုံးသွင်းချိန်လေးများ မရတော့ပါဘူးလားဘုရား" "မရတော့ပေဘူး" "အို- ဒီလိုလားဘုရား။ ဒီလိုဆိုလို့ရှိရင်တော့ သေမင်းရောက်လာတဲ့အခါ မအားသေးဘူး၊ စာချစရာရှိသေးတယ်လို့ အရှင်ဘုရား ပြောရမှာပဲနော်"ဆိုပြီးတော့ ကောင်းကင်သို့ ပျံတက်သွားတယ်။

မထေရ်ကြီး ထိတ်လန့်သွားတယ်။ "အို- ဒီရဟန်း တကယ်စာသင်ချင်လို့ မဟုတ်ပါဘူး။ မိမိကိုလာပြီးတော့ တရားပြတာပဲ။ တရားအားထုတ်တာ မခက်ပါဘူး"။ ရဟန္တာတွေဖြစ်အောင် ပြထားပေးတဲ့ ဆရာတော်ကြီးဆိုတော့ ရဟန္တာဖြစ်တဲ့နည်းလမ်းတွေ သူကျွမ်းကျင်နေတော့ တရားအားထုတ်တာ မခက်ပါဘူးဆိုပြီး ဝါဆိုလဆန်း(၁၃)ရက်မှာ တောထွက်သွားတယ်။ ဝါဆိုလပြည့်နေ့ ပြန်ကြွလာပြီးတော့ ကျောင်းရှိသံဃာတွေနဲ့ ဝါဆိုမယ်။ (၃)ရက်လောက် အားထုတ်ရင် ရဟန္တာဖြစ်နိုင်ပါတယ်ဆိုပြီး တောထွက်သွားတယ်။

အားထုတ်လိုက်တာ ဝါဆိုလပြည့်နေ့သို့ ရောက်လာသော်လည်း တရားထူးတရားမြတ် မရပေဘူး။ နောက်တစ်ခါ တစ်ဝါတွင်းဆက်ပြီး အားထုတ်မယ်ဆိုပြီး အားထုတ်တယ်။ တစ်ဝါတွင်းဆိုတာ မကြာပေဘူးဟု ဆက်လက်ပြီး အားထုတ်နေတယ်။ ဝါကျွတ်တော့လည်း တရားမရပေဘူး။ မရတော့စိတ်နှလုံးမသာမယာမှု ဒေါမနဿဖြစ်လာတယ်။ ဖြစ်တော့ မျက်ရည်ကျတယ်။

တရားနာပရိသတ်များ၊ ယောဂီများလည်း တရားတွေ အတွေ့ဆိုးပြီး တရားတွေမတက်တဲ့အခါ မျက်ရည်မကျပါဘူးလား ... မျက်ရည်ကျပါတယ်ဘုရား။ ဆရာတော်ကြီးလည်း မျက်ရည်ကျတယ်။ တရားကိုလိုချင်တော့ဆက်လက်ပြီးတော့ အားထုတ်တယ်။ ဝါကျွတ်တိုင်း ဝါကျွတ်တိုင်း မျက်ရည်ကျရတယ်တဲ့။ ဘယ်နှဝါရသွားပြီလဲ၊ (၂၉)နှစ်၊ (၂၉)ဝါ ရသွားပြီ။ တရားမရသေးပေဘူး။ ဝါကျွတ်တိုင်း ဝါကျွတ်တိုင်း မျက်ရည်ကျရတယ်။

နောက် ဝါ(၃၀)ပြည့်တဲ့နှစ်ကျတော့ အကြီးအကျယ် မျက်ရည်ကျတယ်။ ဒီဘဝမှာတော့ တရားထူးတရားမြတ် ရထိုက်တဲ့ပုဂ္ဂိုလ် မဟုတ်ပါဘူးဆိုပြီး မျက်ရည်အကြီးအကျယ်ကျတယ်။ အနီးအနားမှာရှိတဲ့ နတ်သမီးတစ်ဦးကလည်း အသံခပ်ကျယ်ကျယ်နဲ့ပဲ ငိုလိုက်တယ်တဲ့။ ငိုလိုက်တဲ့အခါမှာ ဆရာတော်ကြီး ကြားသွားတယ်။ "ဒီနားမှာ လာငိုနေတာ ဘယ်သူလဲ" "တပည့်တော် နတ်သမီးပါဘုရား" "ဘာကြောင့် ငိုရတာလဲ" "မဂ်တရား ဖိုလ်တရားလေးများ ရမလားလို့ ငိုရတာပါဘုရား"လို့ လျှောက်ထားလိုက်တယ်။

"သြော်- နတ်သမီး၊ နတ်သားတွေတောင် သိကုန်ပြီ။ အို-မဟာသိဝ ... ဒီလိုတော့ မဖြစ်ဘူး။ သင်ဒီထက် ဆတက်ထမ်းပိုး တိုးပြီးတော့ အားထုတ်

ရမယ်"။ ထူးထူးခြားခြား အားထုတ်လိုက်တာ (၄)မဂ်(၄)ဖိုလ် အဆင့်ဆင့် တက်ပြီးတော့ ရဟန္တာဖြစ်သွားတယ်။

ဒေါမနဿအခြေခံပြီးတော့ တရားမရသွားပါဘူးလား ... တရားရသွား ပါတယ်ဘုရား။ အဲဒီလို တရားတွေရသွားတဲ့ သာကေရှိခဲ့ပါတယ်။

ဘယ်နဝါကျင့်ရပါသလဲ ... ဝါ(၃၀)ကျင့်ရပါတယ်။ ငွဲ့မကောင်းပါဘူးလား ... ငွဲ့ကောင်းပါတယ်ဘုရား။ ဘယ်နဝါ၊ ဝါ(၃၀)တဲ့။ တရားနာပရိသတ်များ ကတော့ ရက်(၃၀)ပဲ အားထုတ်နိုင်ကြတယ်။ ရက်(၃၀)တောင်မှ မနည်းဘဲ အားထုတ်ရပေတယ်။ အိမ်မှုကိစ္စ၊ လူမှုကိစ္စတွေ များလှပါတယ်ဘုရားဟု လျှောက်ထားကြတယ်။ တကယ်ပဲ များသလား၊ ငွဲ့ကိုပဲ လျှော့လိုက်တာလား မပြောတတ်တော့ပါဘူး။ အဲဒီလို မဟာသီဝ ရသွားတာ ဒေါမနဿကိုအခြေ ခံပြီးတော့ မရသွားပါဘူးလား ... ရသွားပါတယ်ဘုရား။ ရသွားပါတယ်။

ဝေဒနာထဲက ဒေါမနဿဝေဒနာကလည်း ဝိပဿနာရှုတဲ့အခါမှာ ကျေး ဇူးမပြုပါဘူးလား ... ကျေးဇူးပြုပါတယ်ဘုရား။ ကျေးဇူးပြုတယ်။ အဲဒီမျက် ရည်မျိုးကတော့ ကျသင့်ပါတယ်။ ကျချင်လည်းကျပါစေ။ ဒီဒေါမနဿမျိုး တော့ ဖြစ်ချင်လည်းဖြစ်ပါစေ။ တရားရဖို့ရာ အခြေခံကောင်းတစ်ခု ဖြစ်နေ ပေတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ ဈာနပစ္စည်းတ ရားကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာ ကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ် သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော

နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# မဂ္ဂပစ္စည်း

၁၃၅၃-ခု၊ သီတင်းကျွတ်လကွယ်နေ့၊ နေ့လယ်ပိုင်းမှာ ဟောကြားရမယ့် တရားတော်က မဂ္ဂပစ္စည်းတရားတော်ဖြစ်တယ်။

မဂ္ဂဆိုတာ လမ်းခရီးကို ဟောပါတယ်။ ပကတိသော လမ်းခရီးတွေမှာ လမ်းကောင်းလမ်းမှန်နဲ့ လမ်းဆိုးလမ်းမှား နှစ်ခုရှိကြပါတယ်။ တောထဲ တောင်ထဲသွားတဲ့ပုဂ္ဂိုလ်တွေ လမ်းကောင်းလမ်းမှန်ကို ရရှိဖို့ရာ အထူးသတိ ထားပြီးတော့ သွားရတယ်။ လမ်းဆိုးလမ်းမှားကို မသွားမိအောင် အထူး သတိထားပြီးတော့ သွားရတယ်။ အဲဒီလိုပါပဲ။

တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ မဂ္ဂပစ္စည်းတရားတွေကလည်း ကောင်းရာဘုံဘဝ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်သို့သွားကြောင်း ဖြစ်တဲ့ မဂ္ဂင်တရားတွေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်သို့ အပါယ် လေးဘုံသို့ သွားကြောင်းဖြစ်တဲ့ မဂ္ဂင်တရားတွေလို့ နှစ်မျိုး ကွဲပြားသွားပါ တယ်။

ပကတိသောလမ်းမှာ လမ်းကောင်းလမ်းမှန်နဲ့ လမ်းဆိုးလမ်းမှား နှစ်ခု ရှိသလို တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ မဂ္ဂင်တရားတွေဟာလည်း

ကောင်းရာဘုံဘဝနှင့် ကောင်းမြတ်တဲ့နိဗ္ဗာန်သို့သွားဖို့ရာ မဂ္ဂင်တွေလည်း ရှိကြတယ်။ ယုတ်ညံ့တဲ့ဘုံဘဝတွေ ရောက်သွားဖို့ရာ မဂ္ဂင်တွေလည်း ရှိကြတယ်။ နှစ်မျိုးရှိကြပါတယ်။

အဲဒီနှစ်မျိုးရှိတဲ့အနက်က ကောင်းတဲ့မဂ္ဂင်တို့ကို မိမိတို့သန္တာန်မှာ ဖြစ်ပွားနေရအောင် အားမထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။ ဆိုးတဲ့မဂ္ဂင်၊ မှားတဲ့မဂ္ဂင်တွေ ကင်းနိုင်သမျှကင်းအောင် အားထုတ်နေကြရတယ်။

အခုဟောကြားတဲ့ မဂ္ဂပစ္စည်းတရားသည် ထိုထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ၊ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ တရားတွေပါပဲတဲ့။ နာကြားနေတဲ့အခိုက်အတန့်မှာတော့ မိမိတို့သန္တာန်မှာရှိနေတဲ့ မဂ္ဂင်တရားတွေကို ဟောကြားနေတာပဲလို့ နှလုံးသွင်းပြီးတော့ နာကြားလို့ရှိရင် ပိုပြီးတော့ မှတ်မိပါတယ်။ တခြားအရပ်မှာရှိနေတဲ့ တရားတွေကို မြတ်စွာဘုရား ဟောကြားတာ မဟုတ်ပါဘူး။ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ တရားတွေကိုပဲ ဟောကြားနေတာဖြစ်တယ်။ အဲဒီလိုနှလုံးသွင်းပြီးတော့ နာကြရမယ်။ အဲဒီလိုနှလုံးသွင်းပြီးတော့ နာကြားလို့ရှိရင် ပိုမှတ်မိကြပါလိမ့်မယ်။

မဂ္ဂပစ္စည်းသဘောတရားအနေနဲ့ ပါဠိတော်မှာတော့ ခပ်လွယ်လွယ်ပါပဲ။ ပါဠိတော်ရွတ်ဆိုပြီးတော့ မြတ်စွာဘုရားကို ပူဇော်ကြရအောင်။ အားလုံးဆရာတော့်နောက်က လိုက်ပြီးဆိုကြရမယ်။

**မဂ္ဂပစ္စယောတိ -**

**မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။**

**မဂ္ဂပစ္စယောတိ** = မဂ္ဂပစ္စည်းဟူသည်ကား၊ **မဂ္ဂင်္ဂါနိ** = မဂ္ဂင်တရားကိုယ် (၁၂)ပါးတို့သည်၊ **မဂ္ဂသမ္ပယုတ္တကာနံ** = မဂ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = သဟိတ်စိတ် ၇၁-ပါး စေတသိက် ၅၂-ပါးတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနံ** = ထိုမဂ္ဂင် မဂ္ဂင်နှင့်ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနဉ္စ** = သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ **မဂ္ဂပစ္စယေန** = မဂ္ဂပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မဂ္ဂင်္ဂါနိ-အရ မဂ္ဂင်တရားကိုယ် (၁၂)ပါးပဲရတယ်။ သမ္မာဒိဋ္ဌိစသော ကောင်းတဲ့မဂ္ဂင်က(၈)ပါး၊ မိစ္ဆာဒိဋ္ဌိစတဲ့ မကောင်းတဲ့မဂ္ဂင်က(၄)ပါး၊ (၈)ပါးနဲ့(၄)ပါးနဲ့ပေါင်းလိုက်တော့ (၁၂)ပါးရတယ်။ အဲဒီကောင်းတဲ့မဂ္ဂင်တွေကလည်း သူနဲ့ယှဉ်တဲ့ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ-လို့ခေါ်တဲ့ သဟိတ်စိတ်စေတသိက်တရားတွေကို ကောင်းအောင် ကျေးဇူးပြုနေတယ်။ ကောင်းတဲ့စိတ်စေတသိက်တွေဖြစ်လာအောင် မကောင်းတဲ့စိတ်စေတသိက်တွေမှ ကောင်းတဲ့ ဖြူစင်တဲ့စိတ်စေတသိက်တွေဖြစ်လာအောင် မဂ္ဂင်တရားကိုယ်(၈)ပါးက ကျေးဇူးပြုနေတယ်။

တံသမုဋ္ဌာနာနဉ္စ ရူပါနံ-အရ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း မကောင်းတဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေမှ ကောင်းတဲ့ စင်ကြယ်တဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေ ဖြစ်ပေါ်လာအောင် သမ္မာဒိဋ္ဌိစတဲ့ ကောင်းတဲ့မဂ္ဂင်တွေကနေ ကျေးဇူးပြုနေတယ်။

မိစ္ဆာဒိဋ္ဌိစတဲ့ မကောင်းတဲ့မဂ္ဂင်တွေကလည်း မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ-လို့ခေါ်တဲ့ မိမိတို့နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေကို ကောင်းတဲ့ဘက်ကနေပြီး မကောင်းတဲ့ဘက်ကိုရောက်သွားအောင် ပို့ဆောင်ကျေးဇူးပြုနေတယ်။ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-အရ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း ကောင်းတဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေမှ မကောင်းတဲ့ ညစ်ညမ်းတဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေဖြစ်အောင် သူကလည်း ဆောင်ပို့ကျေးဇူးပြုနေတယ်။

မဂ္ဂင်္ဂါနိ- မဂ္ဂဆိုတာကတော့ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်တရားကိုယ်(၈)ပါးအပေါင်းကို မဂ္ဂဟုခေါ်တယ်။ မိစ္ဆာဒိဋ္ဌိစတဲ့ မဂ္ဂင်တရားကိုယ်(၄)ပါးအပေါင်းကိုလည်း မဂ္ဂဟုခေါ်တယ်။ အပေါင်းကိုတော့ မဂ္ဂ၊ အစိတ်အစိတ်ကိုတော့ မဂ္ဂင်္ဂါနိ။ မဂ္ဂသဒ္ဒါက တိုက်ရိုက်ဟောတာကတော့ ပကတိသော လမ်းခရီးကိုဟောတယ်။ ခုနက ပြောခဲ့ပြီးတဲ့အတိုင်းပဲ ပကတိသော လမ်းခရီးမှာ ကောင်းတဲ့လမ်းခရီး မှန်ကန်တဲ့လမ်းခရီး၊ ဆိုးတဲ့လမ်းခရီး မှားတဲ့လမ်းခရီးဟု နှစ်မျိုးရှိပါတယ်။

တောထဲတောင်ထဲမှာ သွားတဲ့ပုဂ္ဂိုလ်မှာ လမ်းခရီး နှစ်မျိုးရှိနေကြသလို မိမိသန္တာန်မှာရှိနေတဲ့ မဂ္ဂင်တရားတွေကလည်း ကောင်းတဲ့မဂ္ဂင်တရားတွေ၊ မှန်ကန်တဲ့မဂ္ဂင်တရားတွေဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ မှန်ကန်တဲ့တရားတွေလည်း ရှိကြတယ်။ သူတို့ကလည်း ကောင်းရာသုဂတိဘုံဘဝ၊ ကောင်းမြတ်တဲ့နိဗ္ဗာန်သို့ ပို့ဆောင်ပေးတယ်။ မကောင်းတဲ့ဘုံဘဝ၊ မကောင်းတဲ့ အကုသိုလ်တရားတွေမှ ကောင်းမြတ်တဲ့ဘုံဘဝ၊ ကောင်းမြတ်တဲ့ ကုသိုလ်တရားတွေဖြစ်အောင်၊ ဖြူစင်တဲ့ကုသိုလ်တရားတွေဖြစ်အောင် သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်တရားတွေကနေ ပို့ဆောင်ပေးကြတယ်။

မဂ္ဂင်ဆိုတာကတော့ တရားနာပရိသတ်များ ကြားဖူးတဲ့အတိုင်း ယာဉ်ရထား၊ လှေ၊ သင်္ဘောကြီးများ၊ မြင်းရထား၊ မော်တော်ကား ယာဉ်ရထားကြီးများနဲ့ နှိုင်းယှဉ်ပြီးတော့ ဥပမာပြထားပါတယ်။ တရားနာပရိသတ်များမှာရှိနေတဲ့ မဂ္ဂင်ယာဉ်ရထားက ဘယ်နမျိုးရှိပါသလဲဆိုရင် နှစ်မျိုးရှိတယ်။ ကောင်းတဲ့မဂ္ဂင်ယာဉ်ရထား၊ ဆိုးတဲ့မဂ္ဂင်ယာဉ်ရထားလို့ ... နှစ်မျိုးပါဘုရား။

ကောင်းတဲ့မဂ္ဂင်ယာဉ်ရထားက တရားနာပရိသတ်များ လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ပေးတယ်။ အခုလို အတူတကွရှိနေတဲ့ ပစ္စုပ္ပန်အခိုက်အတန့်မှာလည်း မဂ္ဂင်တရားကိုယ်(၈)ပါးက မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-လို့ခေါ်တဲ့ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားနှင့် ရုပ်တရားတွေကို ကောင်းအောင်ပဲ ကျေးဇူးပြုတယ်။ မကောင်းတာတွေမှ ကင်းပျောက်ပြီး ကောင်းတာတွေ ရောက်သွားအောင် မဂ္ဂင်(၈)ပါးက ကျေးဇူးပြုတတ်တယ်။ ကောင်းတဲ့မဂ္ဂင်က ကောင်းတဲ့ဘုံဘဝသို့ရောက်အောင် ကျေးဇူးပြုတယ်။ သူနဲ့ယှဉ်နေတဲ့ စိတ်စေတသိက်တရားတွေကိုလည်း ကောင်းအောင်ပဲ ကျေးဇူးပြုတယ်။ ရုပ်တရားတွေကိုလည်း ကောင်းအောင်ပဲ ကျေးဇူးပြုတယ်။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝဆိုတဲ့ မကောင်းတဲ့မဂ္ဂင်(၄)ပါးကလည်း မကောင်းတဲ့ဘုံဘဝတွေ ရောက်သွားအောင် ကျေးဇူးပြုတယ်။ အခုပစ္စုပ္ပန်အခိုက်အတန့်မှာတော့ သူနဲ့အတူတကွ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ၊ ရုပ်တရားတွေကိုလည်း မကောင်းတာတွေဖြစ်ပေါ်အောင်ပဲ ကျေးဇူးပြုတယ်။ ကောင်းတဲ့စိတ်စေတသိက်တရားတွေမှ မကောင်းတဲ့စိတ်စေတသိက်တရားတွေဖြစ်သွားအောင် မကောင်းတဲ့မဂ္ဂင်(၄)ပါးက ကျေးဇူးပြုတယ်။ မကောင်းတဲ့စိတ်စေတသိက်၊ စိတ္တဇရုပ်၊

ပဋိသန္ဓေကမ္မဇရုပ်တွေ ဖြစ်အောင်လည်း ဒီမကောင်းတဲ့မဂ္ဂင်(၄)ပါးကပဲ ကျေးဇူးပြုနေတယ်။

ဘယ်သူ့သန္တာန်မှာ ကျေးဇူးပြုနေတာလဲလို့ မေးလိုက်ရင် ... တပည့်တော်တို့သန္တာန်မှာ ကျေးဇူးပြုနေပါတယ်ဘုရား။ တရားနာပရိသတ်များသန္တာန်မှာ ကျေးဇူးပြုနေတာကို ပြောနေတာပါပဲ။ ဒီတရားတွေဟာ တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေကြ၊ ရှိနေကြတာပဲ။ အခိုက်အတန့်အားဖြင့် ကောင်းတဲ့မဂ္ဂင်(၈)ပါးရှိနေကြ၊ အခိုက်အတန့်အားလျော်စွာ မကောင်းတဲ့မဂ္ဂင်(၄)ပါးလည်း ရှိနေတတ်ပါတယ်။ မရှိအောင်တော့ မကြိုးစားရပါဘူးလား ... ကြိုးစားရပါတယ်ဘုရား။

**သမ္မာဒိဋ္ဌိ** = မှန်ကန်စွာ မြင်သိခြင်း၊ **သမ္မာသင်္ကပ္ပ** = မှန်ကန်စွာ ကြံစည်ခြင်း၊ **သမ္မာဝါစာ** = မှန်ကန်စွာ ပြောဆိုခြင်း၊ **သမ္မာကမ္မန္တ** = မှန်ကန်စွာ ပြုလုပ်ခြင်း၊ **သမ္မာအာဇီဝ** = မှန်ကန်စွာ အသက်မွေးခြင်း၊ **သမ္မာဝါယာမ** = မှန်ကန်စွာ ကြောင့်ကြစိုက်၊ လုံ့လစိုက်ခြင်း၊ **သမ္မာသတိ** = မှန်ကန်စွာ အမှတ်သတိရခြင်း၊ **သမ္မာသမာဓိ** = မှန်ကန်စွာ စိတ်တည်ငြိမ်ခြင်း၊ ဘယ်နှမျိုးပါလဲ ... (၈)မျိုးပါဘုရား။ အဲဒါကိုတော့ ကောင်းမြတ်တဲ့မဂ္ဂင်။ တရားနာပရိသတ်များသန္တာန်မှာရှိတာ များပါတယ်။ အဲဒီမဂ္ဂင်(၈)ပါးအပေါင်းကို ပါဠိလို မဂ္ဂလို့ခေါ်ပါတယ်။

အဲဒီမဂ္ဂဆိုတဲ့ အဓိပ္ပါယ်က -

**ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။**

**ကိလေသေ** = လောဘ ဒေါသ မောဟစသော ကိလေသာတို့ကို၊ **မာရေန္တော** = သတ်လျက်၊ **နိဗ္ဗာနံ** = နိဗ္ဗာန်သို့၊ **ဂစ္ဆတိ** = သွားတတ်၏။

**ဏ္ဍတိတသ္မာ** = ထိုသို့ လောဘ ဒေါသ မောဟစတဲ့ ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်ကိုသွားတတ်တဲ့သတ္တိကြောင့်၊ **မဂ္ဂေါ** = မဂ္ဂမည်၏။

သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်(၈)ပါးအပေါင်းက တရားနာပရိသတ်များသန္တာန်မှာ ရှိနေတဲ့ အပါယ်ငရဲကိုကျစေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟစသည်တွေကို သတ်ပြီး နိဗ္ဗာန်သို့သွားနေတာ၊ နိဗ္ဗာန်သို့ပို့ဆောင်နေတာ ဖြစ်ပေတယ်။

မဂ္ဂင်ယာဉ်ရထားလို့ခေါ်တာကို သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်(၈)ပါးကိုတော့ မဂ္ဂင် ယာဉ်ရထားလို့ အများသိနေကြတယ်။ မိစ္ဆာဒိဋ္ဌိစတဲ့ မဂ္ဂင်(၄)ပါးကလည်း ပို့တာပါပဲ။ ဘယ်ကိုပို့ပါသလဲ၊ အပါယ်လေးဘုံကို ပို့တာဖြစ်တယ်။ သူတို့က လည်း ယာဉ်ရထားပဲ။

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ မဂ္ဂင်ယာဉ်ရထားဟာ နှစ်မျိုး ရှိနေပါတယ်။ ကောင်းမြတ်တဲ့ ဘုံဘဝကိုရောက်ဖို့ရာ၊ နိဗ္ဗာန်သို့ရောက်ဖို့ရာ ပို့ပေးနေတဲ့ ယာဉ်ရထားကတစ်မျိုး၊ ဘယ်နပါးရှိပါသလဲ ... (၈)ပါးရှိပါတယ် ဘုရား။ မကောင်းတဲ့ အပါယ်လေးဘုံကို ကျရောက်စေနိုင်တဲ့ မဂ္ဂင်ယာဉ် ရထားကတစ်မျိုး၊ ဘယ်နပါးရှိပါသလဲ ... (၄)ပါးရှိပါတယ်ဘုရား။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ "မိစ္ဆာ"ဟူသောပုဒ်ကို အားလုံးမှာ လိုက်ထည့်ရတယ်။ မိစ္ဆာဆိုတာ မှားယွင်းတာပဲ။ လမ်းမှားနဲ့ တူပါတယ်။ မိစ္ဆာယာဉ်ရထားတွေ ရှိနေရင်တော့ လမ်းမှားကိုမောင်းတာနဲ့ မတူပါဘူးလား ... တူပါတယ်ဘုရား။ ဘယ်ကိုရောက်သွားနိုင်ပါသလဲ ... အပါယ်ငရဲကို ရောက်သွားနိုင်ပါတယ်ဘုရား။ အပါယ်ငရဲသို့ ရောက်သွား နိုင်ပေတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိရဲ့ အဓိပ္ပါယ်ဖြစ်တယ်။

သမ္မာဒိဋ္ဌိရဲ့ အဓိပ္ပါယ်ကတော့ တော်တော်သိနေကြပါတယ်။ သမ္မာဒိဋ္ဌိရဲ့ အဓိပ္ပါယ်မှာ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ မြင်သိတာ၊ ရုပ်တရား၊ နာမ်တရားတွေ ခွဲခြားပြီးတော့သိတာ၊ အကြောင်းအကျိုးကို ခွဲခြားပြီးတော့သိတာ၊ အဖြစ် အပျက်ကိုသိတာ၊ အပျက်ကိုသိတာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသိတာ သမ္မာ ဒိဋ္ဌိပဲ။ သမ္မာဒိဋ္ဌိအကြောင်းကတော့ တရားနာပရိသတ်များ အတော်ပဲ နာခဲ့ ဖူးပါတယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အဲဒီသမ္မာ ဒိဋ္ဌိစတဲ့ မဂ္ဂင်(၈)ပါးအပေါင်းကို အဓိပ္ပါယ်တွေ ရှင်းရှင်းလင်းလင်းသိရအောင် ဆောင်ပုဒ်စီထားပါတယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကို ပူဇော်သောအားဖြင့် တစ်ခေါက်လောက် ဆိုရအောင်။

ဆောင်ပုဒ် ။ ။ မှန်စွာမြင်သိ၊ ကြံမိမှန်ကန်၊
မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်၊
မှန်စွာကြောင့်ကြ၊ မှတ်ရမှန်ကန်၊
စူးစိုက်ကပ်၊ ရှစ်ရပ်မဂ်လမ်းမှန်။

မှန်စွာမြင်သိဆိုတာ သမ္မာဒိဋ္ဌိ၊ ကြံမိမှန်ကန်ဆိုတာ သမ္မာသင်္ကပ္ပ၊ မှန် စွာပြောဆိုတာ သမ္မာဝါစာ၊ မှန်စွာပြုဆိုတာ သမ္မာကမ္မန္တ၊ ရှာမှုလမ်းမှန်ဆို တာ သမ္မာအာဇီဝ၊ မှန်စွာကြောင့်ကြဆိုတာ သမ္မာဝါယာမ၊ မှတ်ရမှန်ကန် ဆိုတာ သမ္မာသတိ၊ စူးစိုက်ကပ်ဆိုတာ သမ္မာသမာဓိ၊ ရှစ်ရပ်မဂ်လမ်းမှန်ဆို တာ လမ်းမှန်တဲ့ မဂ္ဂင်(၈)ပါးအပေါင်းဖြစ်တယ်။ သူတို့ရဲ့အဓိပ္ပါယ်လေး အ တိုချုပ်ပါပဲ။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့ရဲ့ အဓိပ္ပါယ်လေးလည်း ဆောင်ပုဒ်ဆိုလိုက်ရင် ရှင်းသွားပါလိမ့်မယ်။ ဆောင်ပုဒ်လေး ဆိုကြရအောင်။

ဆောင်ပုဒ် ။ ။ ကံကျိုးမရှိပါ၊ စွဲယူတာ၊ မိစ္ဆာဒိဋ္ဌိမည်။

ကံလည်းမရှိ၊ ကံ၏အကျိုးလည်း မရှိဘူး၊ ကုသိုလ်ကံပြုပေမယ့် ကုသိုလ်ကံရဲ့အကျိုး မခံစားရဘူး၊ အကုသိုလ်ကံပြုပေမယ့် အကုသိုလ်ကံရဲ့ အပြစ်ဒဏ်တွေလည်း မခံစားရဘူး၊ ကုသိုလ်ကံလည်း မရှိဘူး၊ အကုသိုလ်ကံလည်း မရှိဘူး၊ ကုသိုလ်ကံရဲ့ အကျိုးပေးလည်း မရှိဘူး၊ အကုသိုလ်ကံရဲ့ အကျိုးပေးလည်း မရှိဘူးလို့ စွဲယူထားတဲ့ အယူအဆဟာ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား ... မိစ္ဆာဒိဋ္ဌိပါဘုရား။ တရားနာပရိသတ်များရဲ့သန္တာန်မှာတော့ မရှိကြပါဘူး။ ကံ၊ ကံ၏အကျိုး အမြဲတမ်း ယုံကြည်အားကိုးနေတော့ သမ္မာဒိဋ္ဌိ မဖြစ်နေပါဘူးလား ... သမ္မာဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား။ မိစ္ဆာဒိဋ္ဌိမှ လွတ်ကင်းနေတယ်။

မိစ္ဆာဒိဋ္ဌိကို အတိုချုပ်ပြောပြပါဆိုရင် ပြောပြနိုင်ရအောင် အနည်းငယ်ရှင်းပြပါမယ်။ တရားနာပရိသတ်များက ဗုဒ္ဓဘာသာပုဂ္ဂိုလ်တွေဆိုတော့ ဗုဒ္ဓဘာသာတရားတွေကို သူတစ်ပါးက မကြာခဏ မမေးကြပါဘူးလား ... မေးကြပါတယ်ဘုရား။ မိစ္ဆာဒိဋ္ဌိဆိုတာ ဘယ်လိုဟာပါလဲ၊ မှားယွင်းတဲ့အယူဆိုတာ ဘယ်လိုဟာပါလဲလို့မေးရင် ကုသိုလ်ကံလည်း မရှိဘူး။ ကုသိုလ်ကံပြုပေမယ့် ဒါနတွေ၊ သီလတွေ၊ သမထ ဝိပဿနာကုသိုလ်ကံတွေ ပြုပင်ပြုငြားသော်လည်း အဲဒီကုသိုလ်ကံတွေဆိုတာ ရှိကိုမရှိပါဘူးတဲ့။

သူ့အသက်သတ်၊ သူ့ဥစ္စာခိုးခြင်းစတဲ့ မကောင်းမှုဒုစရိုက်၊ မကောင်းမှုအကုသိုလ်ကံတွေပြုလည်း အဲဒီအကုသိုလ်ကံတွေ မရှိဘူးတဲ့။ အကုသိုလ်ကံရဲ့ အကျိုးပေးတွေလည်း မရှိဘူး၊ ပေးလှူရခြင်းအကျိုးတွေလည်း မရှိဘူး၊ သီလဆောက်တည်တဲ့ အကျိုးတွေလည်း မရှိဘူး၊ သူတစ်ပါးအသက်

သတ်တာ၊ သူတစ်ပါးဥစ္စာကိုခိုးတဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးတွေလည်း မရှိဘူးလို့ ယူလိုက်ရင် မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ တရားနာပရိသတ်များသန္တာန်မှာ တော့ မကင်းနေပါဘူးလား ... ကင်းနေပါတယ်ဘုရား။

မိစ္ဆာဝါစာဥ္ မိစ္ဆာ-က မှားတာ၊ ဝါစာ-က ပြောဆိုတဲ့စကား။ မှားယွင်း စွာ ပြောဆိုတဲ့စကားကို မိစ္ဆာဝါစာတဲ့။ အဲဒါကိုတော့ မရှိအောင် ကြိုးစား နေရတယ်။ ဝစီဒုစရိုက်လေးပါးဖြင့် ပြောဆိုနေတာ မိစ္ဆာဝါစာဖြစ်တယ်။ ဝစီ ဒုစရိုက်လေးပါးဆိုတာ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆို ကြိမ်းမောင်း ပြောဆိုတတ်ခြင်း၊ အကျိုးမရှိတဲ့ စကားတွေကို ပြောဆိုခြင်း၊ ဒါကတော့ အတော်ထင်ရှားပါတယ်။

ပါဠိလိုတော့ ကုန်းတိုက်တာကို ပိသုဏဝါစာတဲ့။ ပိသုဏဝါစာဆိုတာ ပိယ+သုညပါပဲ။ ပိယ-က ချစ်တာ၊ သုည-က ဆိတ်သုဉ်းသွားအောင် ပြု လုပ်တာ။ သူနှစ်ဦးတို့ ချစ်ခင်တာ၊ ကြည်ညိုလေးစားနေတာကို ပျက်သွား အောင်၊ ဆိတ်သုဉ်းသွားအောင် ပြောဆိုလိုက်တဲ့စကားကို ပိသုဏဝါစာတဲ့။ ဆရာတော်ကြီးများက ပါဠိစာပေမတတ်တဲ့ပုဂ္ဂိုလ်တွေ မြန်မြန်သိရအောင် ဘယ်လိုများ ပြန်လိုက်ပါသလဲ၊ ကုန်းတိုက်ခြင်းတဲ့။ ကုန်းတိုက်တယ်ဆိုတာ အချစ်ပျက်အောင် ပြောတဲ့စကားကို ကုန်းတိုက်တယ်လို့ ခေါ်ရပါတယ်။ အင်မတန် ကြောက်စရာကြီးပဲ။ ဆရာတော်ကြီးတွေ ပြန်ဆိုလိုက်တော့ ကြောက်စရာမကောင်းပါဘူးလား ... ကြောက်စရာကောင်းပါတယ်ဘုရား။ အတော်လည်း ကြောက်စရာပါပဲ။ အင်မတန်လည်းပဲ သတိထားရပါတယ်။

မိမိတို့ မိဘဆွေမျိုးတွေကသာ သီလ၊ သမာဓိနဲ့ပြည့်စုံတယ်၊ တစ်ဖက် သော မိဘဆွေမျိုးတွေ အကျင့်ပျက်ကြတာပဲ စသည်ဖြင့် တစ်ဖက်သော

ဆွေမျိုးမိဘတွေ အကြည်ညိုပျက်သွားအောင်ပြောတာ ဘာစကားဖြစ်သွားပါသလဲ၊ မိစ္ဆာဝါစာ ပိသုဏာဝါစာ ဖြစ်သွားတယ်။ တရားနာပရိသတ်များတော့ မပြောကြပါဘူး။

ဆရာတော်၊ သံဃာတော်များလည်း အထူးသတိထားရတာပါပဲ။ မိမိတို့ ဂိုဏ်းဂဏကသာ သီလ၊ သမာဓိနဲ့ပြည့်စုံတယ်။ တစ်ပါးသော ဂိုဏ်းဂဏတွေက မပြည့်စုံပါဘူး၊ ချို့ယွင်းတာတွေ များပါတယ်လို့ပြောလိုက်လို့ရှိရင် တစ်ပါးသော ဂိုဏ်းဂဏတွေ အကြည်ညိုပျက်သွားတဲ့ စကားဖြစ်လို့ ပိသုဏာဝါစာ ဖြစ်သွားနိုင်ပေတယ်။ ပိယ+သုညပဲ။ ပိယ-က ချစ်ခင်ကြည်ညိုတာကို သုည-က ဆိတ်သုဉ်းသွားအောင်၊ ပျက်သွားအောင် ပြောလိုက်တဲ့စကား။ ဆရာတော်ကြီးတွေက ဘယ်လိုပြန်လိုက်သလဲ၊ ကုန်းတိုက်တယ်တဲ့။ မြန်မြန်သိအောင်၊ မြန်မာစကားဖြင့်သိရအောင် ကုန်းတိုက်တယ်တဲ့။ အဲဒါလည်း မိစ္ဆာဝါစာပါပဲ။

ဖရုသဝါစာ၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြီး ပြောဆိုသောစကားကို ဖရုသဝါစာလို့ ဆိုရပါတယ်။ တရားနာပရိသတ်များကတော့ ရှောင်နိုင်သမျှ ရှောင်ရတယ်။ အဲဒါလည်း အလေ့အကျင့်က လုပ်ပေးရပါတယ်။ အချို့အချို့ပုဂ္ဂိုလ်များက ဘဝအခြေခံအားလျော်စွာ မိမိတို့စရိုက်အားလျော်စွာ ခပ်ကြမ်းကြမ်းလေးပြောရမှ ကျေနပ်ပေတယ်။ ကောင်းသလား၊ မကောင်းဘူးလား ... မကောင်းပါဘူးဘုရား။ မကောင်းပါဘူး။ သိမ်သိမ်မွေ့မွေ့က အကောင်းဆုံးပါပဲ။ ဖရုသဝါစာရှောင်ကြဉ်မှ မြတ်စွာဘုရားအလိုကျဖြစ်တယ်။

ဖရုသဝါစာဆိုတာ နှုတ်ကလည်းကြမ်းတမ်း၊ စိတ်စေတနာကလည်း ကြမ်းတယ်။ အဲဒီလို ကြမ်းတဲ့စကားဟာ မိစ္ဆာဝါစာတဲ့။ မိစ္ဆာဝါစာဟာ

ဘယ်ကိုရောက်သွားတတ်ပါသလဲ၊ အပါယ်ငရဲကို ရောက်သွားရာ လမ်းကြောင်းဖြစ်တယ်။ ယာဉ်ရထားလည်းဖြစ်တယ်။ အပါယ်ငရဲသို့ပို့မယ့် ယာဉ်ရထားကြီးတစ်ခုပဲ။ အဲဒီဖရုသဝါစာ နှုတ်ကသာကြမ်းတယ်၊ စိတ်စေကနာက မကြမ်းဘူးဆိုလို့ရှိရင်တော့ ဖရုသဝါစာ ကြမ်းတမ်းတဲ့စကား မဖြစ်ပေဘူး။

တစ်ချိန်သောအခါ သားအမိနှစ်ယောက် အတူတကွ နေထိုင်ကြတယ်။ သားအမိနှစ်ယောက် သဘောထားချင်း မတူကြပေဘူး။ သဘောထားချင်း မတူကြတော့ မကြာခဏ ခိုက်ရန်ဖြစ်ကြတယ်။ ခိုက်ရန်ဖြစ်ကြရတော့ သားဖြစ်တဲ့ပုဂ္ဂိုလ်က စိတ်ညစ်လာတယ်။ "ဒီမိခင်နဲ့တော့ မနေတော့ပါဘူး၊ မိခင်အိမ်မှာ ကျွန်ုပ်မနေတော့ဘူး၊ သွားတော့မယ်" "အေး - သွားရင်သွား၊ သွားလို့ရှိရင် တောထဲရောက်သွားတဲ့အခါ သင့်ကိုကျွဲရိုင်းခတ်ပြီးတော့ သေလိမ့်မယ်" "သေပါစေ၊ သေချင်သေ သွားမှာပဲ"ဆိုပြီး သွားလိုက်တယ်။ တောထဲရောက်သွားတော့ တကယ်ပဲ ကျွဲရိုင်းမကြီးတစ်ကောင်က အဟုန်ပြင်းစွာနဲ့ သူ့ကိုခတ်ဖို့ရာ ပြေးလာခဲ့တယ်။ သူရှောင်လို့ မလွတ်နိုင်တော့ပေဘူး။ ဘယ်လိုမှ ရှောင်ကွင်းလို့ မရတော့ဘူးလို့ သိလိုက်တော့ သစ္စာဓိဋ္ဌာန်ပြုလိုက်တယ်။

"သူ့မိခင်သည် တကယ်တမ်း သေစေလိုတဲ့ စိတ်စေတနာပါလို့ရှိရင်တော့ ကျွဲရိုင်းမက သူ့ကိုခတ်ပါစေ၊ စေတနာမပါဘဲနဲ့ နှုတ်ကသာပြောတာဆိုရင် တကယ်တော့ မသေစေချင်ဘူးဆိုလို့ရှိရင် ဒီကျွဲရိုင်းမ မိမိကို မခတ်ပါစေနဲ့"ဟု သစ္စာဓိဋ္ဌာန်ပြုလိုက်တယ်။

ကျွဲရိုင်းမကြီးဟာ အဲဒီနေရာမှာ ချည်ထားလိုက်သလို တစ်ခါတည်း ရပ်နေတယ်။ သူ့ဆီ မကျူးကျော်လာနိုင်ဘူး။ နောက်တော့ တခြားအရပ်ဘက်

လုည့်ပြီးတော့ ထွက်သွားတယ်။ ဖရုသဝါစာဖြစ်ပါသလား၊ မဖြစ်ပါဘူးလား ... မဖြစ်ပါဘုရား။ နှုတ်ကသာကြမ်းတယ် ... စေတနာက မကြမ်းလို့ပါ ဘုရား။ မသွားစေချင်လို့ ပြောတာပါပဲ။ သတိထားစရာပဲ။ နှုတ်ကြမ်းသော် လည်း စေတနာမကြမ်းလို့ရှိရင် ဖရုသဝါစာ မဖြစ်ဘူးဆိုတာ ထင်ရှားတယ်။

နှုတ်ကသာချိုပြီးတော့ စေတနာက ကြမ်းတယ်၊ စိတ်ကကြမ်းတယ် ဆိုရင်တော့လည်း ဖရုသဝါစာဖြစ်တယ်။ တစ်ချိန်သောအခါ မင်းကြီးက မင်းသားငယ်တွေနဲ့၊ မှူးကြီးမတ်ရာတွေနဲ့ ညီလာခံ အစည်းအဝေးထိုင်နေ တယ်။ အဲဒီအချိန်မှာ တိုင်းပြည်မှာ အလွန်ဆိုးသွမ်းပြီး မိလျှင် တစ်ခါတည်း မင်းကြီးထံဖမ်းခဲ့ဖို့ အမိန့်ထုတ်ထားတဲ့လူဆိုးကို ဖမ်းလို့မိလာတယ်။ ရဲတွေ က၊ အာဏာသားတွေက လူဆိုးကို မင်းကြီးထံ ခေါ်လာတယ်။ ရောက်လာ တဲ့အခါ မင်းကြီးက အလွန်ဂုဏ်သရေရှိတဲ့ ပရိသတ်တွေနဲ့ အတူတကွ နေရတဲ့အခိုက်အတန့်ဖြစ်လို့ ကြမ်းကြမ်းတမ်းတမ်းပြောလို့ မတော်ပေဘူး။ ချိုချိုသာသာပဲ ပြောလိုက်တယ်။

“အေး ... ဒီလူဆိုးကို တောထဲခေါ်သွားပြီးတော့ ချမ်းချမ်းသာသာပဲ အိပ်စေလိုက်ပါတော့” နှုတ်ကတော့ မချိုသာပါဘူးလား ... ချိုသာပါတယ် ဘုရား။ ဘာလုပ်ခိုင်းလိုက်တာလဲ ... သတ်ခိုင်းလိုက်တာပါဘုရား။ ဖရုသ ဝါစာဖြစ်တယ်။ သမ္ဘာဝါစာလား၊ မိစ္ဆာဝါစာလား ... မိစ္ဆာဝါစာပါဘုရား။ မိစ္ဆာ ဝါစာ အပါယ်လမ်းကြောင်းပဲတဲ့။ အဲဒါလေးတွေ သတိထားပြီးတော့ အလေ့ အကျင့်ပြုရတာပေါ့လေ။ နှုတ်ကကြမ်းမိရင်လည်း စိတ်ကပါ တစ်ခါတစ်ခါ ကြမ်းသွားတတ်တာ ဖြစ်တတ်တယ်။ နှုတ်မကြမ်းတာက ပိုကောင်းပါတယ်။ ရိပ်သာဆိုတော့ ဒါလေးတွေက သိမ်မွေ့ပြီးသားပါပဲ။ ဒါပေမယ့်လည်း သိ ထားရင်တော့ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ကောင်းပါ တယ်။

သမ္ဖပ္ပလာပ = သိမ်ဖျင်းတဲ့စကားတွေ ပြောတတ်တာ။ လောကအကျိုးလည်း မရှိဘူး။ သံသရာအကျိုးလည်း မရှိဘူး။ နိဗ္ဗာန်ရောက်ကြောင်းတရား၊ သုဂတိဘုံဘဝလည်း ရောက်ကြောင်းတရားလည်း မဟုတ်ပေဘူး။ လောကမှာလည်း လောကအတွက်အကျိုးမရှိ၊ သံသရာအတွက်၊ လောကုတ္တရာရေးရာ နိဗ္ဗာန်ရောက်ကြောင်းအတွက်လည်း အကျိုးမရှိဘူး။ အဲဒီစကားတွေပြောတာလည်း သမ္ဖပ္ပလာပဖြစ်တယ်။ အကျိုးမရှိတဲ့စကားဟာ သမ္မာဝါစာလား၊ မိစ္ဆာဝါစာလား ... မိစ္ဆာဝါစာပါဘုရား။ ဘယ်ကိုသွားတတ်ပါသလဲ ... အပါယ်ငရဲသို့ သွားတတ်ပါတယ်ဘုရား။ အပါယ်ငရဲသို့ သွားတတ်တယ်။ အဲဒါတွေလည်း မပြောရပေဘူး။

အကျိုးမရှိတဲ့စကားတွေ၊ မယ်ဘွဲ့ မောင်ဘွဲ့တွေ၊ ဟုတ်တာတွေလည်း မဟုတ်ဘဲနဲ့ စိတ်ကူးယဉ်ထားတာတွေ ဖတ်ကြ ရေးကြ၊ အဲဒါတွေဟာ အချိန်ကုန်ပြီး အကျိုးမရှိတဲ့စကား သမ္ဖပ္ပလာပပါပဲ။ မိစ္ဆာဝါစာဆိုတာ ဝစီဒုစရိုက်လေးပါး ပြောဆိုတာပါပဲ။ မိစ္ဆာဝါစာ၏ ဆောင်ပုဒ်လေးပါ ဆိုရအောင်။

ဆောင်ပုဒ်။ ။ မုသာပိသု၊ ဖရုသမ္ဖာ၊ ဤလေးဖြာ၊ မိစ္ဆာဝါစာမည်။

မုသာ = လိမ်ပြောတာ၊ ပိသုဏာ = အချစ်ပျက်အောင်ပြောတာ၊ ဖရုသ = ကြမ်းတမ်းစွာပြောတာ ဆဲဆိုကြိမ်းမောင်းပြီးပြောဆိုတာ၊ သမ္ဖပ္ပလာပ = အကျိုးမရှိတဲ့စကားတွေ အချိန်ကုန်ခံပြီးပြောတာ၊ အဲဒါကို ဝစီဒုစရိုက်လေးပါး လို့ခေါ်တယ်။ မိစ္ဆာဝါစာလို့လည်းခေါ်တယ်။

ထို့နောက် မိစ္ဆာကမ္မန္တ။ မိစ္ဆာ = မှားမှားယွင်းယွင်း၊ ကမ္မန္တ = ပြုလုပ်တာ။ မှားယွင်းစွာ ပြုလုပ်တာဆိုတာ ဘာတွေလဲဆိုတော့ သူ့အသက်သတ်တာ ကိုယ်ဖြင့်မသတ်ရပါဘူးလား ... သတ်ရပါတယ်ဘုရား။ သူ့ဥစ္စာခိုးတာ

ကိုယ်ဖြင့်ခိုးရတာပဲ များပါတယ်။ နှုတ်ဖြင့်ခိုးတာတော့ ခပ်နည်းနည်းပါပဲ။ ကာမေသုမိစ္ဆာစာရ = သူ့မယား၊ သားသမီးကို ဖျက်ဆီးတာ။ ဒီသုံးပါးက မိစ္ဆာကမ္မန္တ။ ဆောင်ပုဒ်လေး လိုက်ဆိုကြပါစို့။

**ဆောင်ပုဒ်။ ။ သတ်ခိုးကာမေ၊ ကံသုံးထွေ၊ ပြုလေမိစ္ဆာကမ္မမည်။**

သတ် = သူတစ်ပါးအသက်ကိုသတ်တာ၊ ပါဏာတိပါတ။ ခိုး = သူတစ်ပါးဥစ္စာကိုခိုးတာ၊ အဒိန္နာဒါန။ ကာမေ = သူတစ်ပါးသားသမီးကို ဖျက်ဆီးတာ၊ ကာမေသုမိစ္ဆာစာရ။ ဒီကာယကံသုံးပါးဟာ မိစ္ဆာကမ္မန္တပဲ။

မိစ္ဆာကမ္မန္တ = အပါယ်သို့လားကြောင်းဖြစ်တဲ့တရားကို တရားနာပရိသတ်များသန္တာန်မှာ ကင်းနိုင်သမျှကင်းအောင် မဆင်ခြင်ရပါဘူးလား ... ဆင်ခြင်ရပါတယ်ဘုရား။ ငယ်ရွယ်စဉ်အခါကတည်းက မိကောင်း ဖကောင်း၊ ဆရာကောင်း သမားကောင်းတွေနဲ့ အတူတကွနေခဲ့ရလို့ ဒီမိစ္ဆာကမ္မန္တ = သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားသမီး ဖျက်ဆီးခြင်းဆိုတဲ့ ကာယကံသုံးပါးကို လုံခြုံအောင် စောင့်ထိန်းခဲ့ကြရတယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်စရာ မကောင်းဘူးလား ... ကောင်းပါတယ်ဘုရား။ မိမိတို့သန္တာန်မှာ မရှိပေဘူး။ ကင်းခဲ့ပေတယ်။

ထို့နောက် မိစ္ဆာဇီဝ = မှားယွင်းတဲ့ အသက်မွေးခြင်းဖြစ်တယ်။ မှားယွင်းတဲ့ အသက်မွေးခြင်းဆိုတာ ကာယဒုစရိုက်သုံးပါးဖြင့် အသက်မွေးတာနဲ့ မုသာဝါဒါ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပဆိုတဲ့ ဝစီဒုစရိုက်လေးပါးနဲ့ အသက်မွေးတာလည်း မှားယွင်းသော အသက်မွေးခြင်းဖြစ်တယ်။ သူတစ်ပါးကို လိမ်ညာပြောပြီး စီးပွားရှာရတယ်။ ကြမ်းတမ်းစွာ ပြောဆို

ကြိမ်းမောင်းပြီးမှ ကိုယ့်စီးပွားဥစ္စာရာရတယ်။ သူတစ်ပါး အချစ်ပျက်အောင် ပြောပြီးမှ စီးပွားတွေရအောင် ရှာရတယ်။ သမ္မပ္ပလာပဖြင့် ပြောပြီးတော့ ပစ္စည်းဥစ္စာတွေ ရှာရတယ်၊ အသက်မွေးဝမ်းကြောင်းတွေ ပြုရတယ်ဆိုရင် ဘာလို့ခေါ်ပါသလဲ၊ မိစ္ဆာဇီဝတဲ့။ တရားနာပရိသတ်များတော့ မရှိကြပါဘူး။ နည်းနည်းပါးပါး ရှိနေလို့ရှိရင်လည်း ကင်းအောင် သတိထားပြီးတော့ နေရတယ်။

ဒကာကြီးတစ်ယောက်ကတော့ တော်တော့်ကို သတိရှိသွားတယ်။ သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်နေခြင်းဖြင့် အဲဒါတွေကင်းအောင် သုံးသပ်မိတတ်တယ်။ မိမိရဲ့အာဇီဝဟာ သမ္မာအာဇီဝ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား။ သတိပဋ္ဌာန်တရားပွားများတဲ့ပုဂ္ဂိုလ်က စိတ်နဲ့ပွားများတော့ စိတ်ကို ပြန်ပြန်ပြီး မသိနေပါဘူးလား ... သိနေပါတယ်ဘုရား။ ဒီအလုပ်ဟာ မဟုတ်ဘူး၊ မဟုတ်ဘူး။ မဟုတ်ရင်တော့ မလုပ်တော့ဘူး။ ဒီအလုပ်နဲ့တော့ အသက်မမွေးတော့ဘူး။ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ဘာတရားအားထုတ်လိုက်လို့လဲ ... ဝိပဿနာတရား အားထုတ်လိုက်လို့ ပါဘုရား။

တစ်သက်တစ်ခါတော့ မငတ်ပါဘူး။ မိစ္ဆာဇီဝကြီးနဲ့ အသက်မွေးနေရရင် နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ လက်ဖက်ရည်ဆိုင် အလုပ်ဖြင့် အသက်မွေးရတဲ့ ဒကာကြီးတစ်ဦးက လျှောက်ထားသည်မှာ "မြန်မာပြည်မှာ ငတ်တယ်လို့ဆိုတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိသလောက်ပါပဲ။ မိစ္ဆာဇီဝအလုပ်နဲ့တော့ အသက်မမွေးတော့ဘူး" ဟု လျှောက်ထားတယ်။ သြော် ... တော်လိုက်တာ၊ တော်လိုက်တာ မချီးမွမ်းရပါဘူးလား ... ချီးမွမ်းရပါတယ်ဘုရား။ အဲဒါလေးကိုလည်း အတုယူရမယ်။ သူ့ရဲ့အလုပ်သမားတွေ

ငေါက်ရင်မ်းရ၊ ကြိမ်းမောင်းရတာ တပည့်တော် ဖရုသဝါစာတွေ ဖြစ်တယ်လို့ ထင်တယ်ဘုရား။ အဲဒါနဲ့ပဲ အဲဒီလက်ဖက်ရည်ဆိုင်ကို ဖျက်လိုက်ပါတယ်။ တခြားလုပ်ငန်းပဲ လုပ်ပါတော့တယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

မိစ္ဆာဇီဝ = ဝစီဒုစရိုက်လေးပါးနဲ့ အသက်မွေးတာ။ လိမ်ပြောပြီးတော့ အသက်မွေးရတာ၊ ကုန်းတိုက်ပြီးတော့ အသက်မွေးရတာ၊ ကြမ်းတမ်းစွာဆဲဆိုကြိမ်းမောင်းပြီးတော့ အသက်မွေးရတာ၊ သိမ်ဖျင်းတဲ့စကားတွေ ပြောပြီးတော့ အသက်မွေးရတာ မိစ္ဆာဇီဝဖြစ်တယ်။ သူ့အသက်သတ်ပြီးတော့ အသက်မွေးရတာ၊ ခိုးပြီးတော့ အသက်မွေးရတာ၊ သူတစ်ပါးသားသမီးကို ဖျက်ဆီးပြီးတော့ အသက်မွေးရတာလည်း မိစ္ဆာဇီဝဖြစ်ပေတယ်။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး အသက်မွေးရတာကိုတော့ သမ္မာအာဇီဝ။ မိစ္ဆာဇီဝနဲ့ သမ္မာအာဇီဝ ပြောင်းပြန်ပဲ။ အဲဒီမိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝလို့ဆိုတဲ့ မကောင်းတဲ့မဂ္ဂင်တွေကတော့ ယုတ်နိမ့်တဲ့ဘုံဘဝတွေ၊ အပါယ်လေးဘုံကိုသွားရာ ယာဉ်ရထားတွေပဲလို့ သိနေကြတော့ မရှောင်ကြဉ်ရပါဘူးလား ... ရှောင်ကြဉ်ရပါတယ်ဘုရား။

ခုတရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေတဲ့အခိုက်အတန့် မဂ္ဂပစ္စည်းဆိုတာက သဟဇာတမျိုး ပစ္စည်းဖြစ်တယ်။ အတူတကွရှိနေတဲ့ အခိုက်အတန့်မှာ ကျေးဇူးပြုတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ရှစ်ပါးကတော့ ကောင်းမြတ်တဲ့ မဂ္ဂင်ရှစ်ပါး၊ မှန်ကန်တဲ့ မဂ္ဂင်ရှစ်ပါးကတော့ သူနဲ့

အတူတကွဖြစ်တဲ့ သမ္ပယုတ်တရားတွေကို မကောင်းတဲ့စိတ်စေတသိက်တွေ၊ မကောင်းတဲ့ရုပ်တွေ မဖြစ်ရအောင်၊ ကောင်းတဲ့စိတ်စေတသိက်၊ ရုပ်တွေ ဖြစ်ရအောင် ကျေးဇူးပြုတယ်။

မိစ္ဆာသမ္ပယုတ်တရားတွေ မဖြစ်ရအောင်၊ စိတ္တဇရုပ်တွေလည်း မညစ်ညမ်းသွားရအောင် သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးကနေ အတူတကွဖြစ်တဲ့ သမ္ပယုတ်တရားတွေ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေကို ကျေးဇူးပြုတယ်။ ထင်ရှားပါတယ်နော် ... ထင်ရှားပါတယ်ဘုရား။ ကောင်းမြတ်တဲ့တရားတွေ၊ ဖြူစင်တဲ့တရားတွေဖြစ်အောင် သူတို့က ပို့ဆောင်ပေးတယ်။ ကျေးဇူးပြုပေးတယ်။

ထို့နောက် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝဆိုတဲ့ မဂ္ဂင်လေးပါးကလည်း မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဆိုတဲ့ သမ္ပယုတ်တွေ စိတ္တဇရုပ်၊ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတွေကို ကျေးဇူးပြုတယ်။ ဘယ်လိုကျေးဇူးပြုသလဲ၊ ကောင်းတဲ့သမ္ပယုတ်တရားတွေ စိတ်စေတသိက်တွေကို မကောင်းတဲ့သမ္ပယုတ်တရားတွေ စိတ်စေတသိက်တရား တွေဖြစ်အောင် ကျေးဇူးပြုတယ်။ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-အရ ကောင်းတဲ့ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း မကောင်းတဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေ ဖြစ်လာအောင် ကျေးဇူးပြုတယ်။

အယူမှား အယူလွဲတွေယူ၊ မကောင်းတဲ့စကားတွေပြော၊ မကောင်းတဲ့ အမှုတွေပြုလုပ်၊ မကောင်းတဲ့အသက်မွေးမှုတွေ ပြုလုပ်နေတော့ သမ္ပယုတ်တရားတွေလည်း ကောင်းမှကောင်းပါတော့မလား ... မကောင်းပါဘုရား။ မကောင်းတော့ဘူး။ အကုသိုလ်တွေပဲ ဖြစ်ကုန်တယ်။ အဖြူကုသိုလ်တရား

တွေကို အမည်းတွေဖြစ်သွားအောင် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတွေက ကျေးဇူးပြုတယ်။ အကုသိုလ်အမည်းတွေ ဖြစ်ဖြစ်ကုန် တယ်။ စိတ်စေတသိက်တရားတွေက အမည်းတွေဖြစ်တော့ ရုပ်တွေလည်း ညစ်နွမ်းတယ်။ မညစ်နွမ်းပါဘူးလား ... ညစ်နွမ်းပါတယ်ဘုရား။ ညစ်နွမ်း သွားတယ်။ ဘယ်သူက ကျေးဇူးပြုသလဲ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတွေက ကျေးဇူးပြုတယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါ တယ်ဘုရား။

ဒါကြောင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝလို့ခေါ်တဲ့ မ ကောင်းသော မဂ္ဂင်တရားတွေလည်း မိမိတို့သန္တာန်မှာ ကင်းနိုင်သမျှကင်း အောင် ယခုတရားနာပရိသတ်များ ကျင့်ကြံအားထုတ်နေကြရတယ်။ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာပဲ။ ငယ်ရွယ်စဉ်အခါတည်းက မိကောင်းဖကောင်း၊ ဆရာကောင်း သမားကောင်းတွေနဲ့ အတူတကွနေခဲ့ရလို့ မိကောင်းဖကောင်း၊ ဆရာကောင်း သမားကောင်းတို့ရဲ့ အဆုံးအမဩဝါဒကို ခံယူခဲ့ရလို့ မိစ္ဆာဒိဋ္ဌိ လည်း မရှိခဲ့ပေဘူး။ မိစ္ဆာဝါစာလည်း တတ်နိုင်သမျှ မရှောင်ကြဉ်ခဲ့ရပါဘူး လား ... ရှောင်ကြဉ်ခဲ့ရပါတယ်ဘုရား။ မိစ္ဆာကမ္မန္တ = သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူတစ်ပါးသားသမီးဖျက်ဆီးခြင်းကို လုံးဝကို ရှောင်ကြဉ်နိုင်ခဲ့ပါ တယ်။ မိစ္ဆာအာဇီဝ = မှားယွင်းသော အသက်မွေးဝမ်းကြောင်းပြုခြင်းကို လည်း စွမ်းနိုင်သမျှ မရှောင်ကြဉ်ခဲ့ကြပါဘူးလား ... ရှောင်ကြဉ်ခဲ့ကြပါတယ် ဘုရား။

သိလို့သာ ရှောင်ကြဉ်နိုင်တယ်။ မသိလို့ရှိရင်တော့ မရှောင်ကြဉ်နိုင်ဘူး။ အခုတော့ သိထားကြပါတယ်။ ငယ်ရွယ်စဉ်အခါတည်းက မိကောင်းဖကောင်း၊ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့ခဲ့ရလို့ မိကောင်းဖကောင်း၊ ဆရာ

ကောင်း သမားကောင်းများရဲ့ ဆုံးမသြဝါဒကို ခံယူခဲ့ရလို့ မိစ္ဆာမဂ္ဂင်လေးပါး ကို ရှောင်ကြဉ်ခဲ့ကြတယ်။ ယခုလည်း ပဌာန်းပါဠိတော်အရ ထပ်ပြီးတော့ သိရအောင် နာကြားရတာပဲ။ သေသေချာချာသိအောင် မနာကြားရပါဘူးလား ... နာကြားရပါတယ်ဘုရား။ မကြားဖူးတဲ့စကားလည်း ကြားရအောင်၊ ကြား ဖူးတာလည်း စင်ကြယ်သွားအောင်၊ အယူလည်း ဖြောင့်မှန်သွားအောင် စတဲ့ တရားနာခြင်းရဲ့ အကျိုးငါးပါး ရရှိပါတယ်။ အတိုချုပ်လေး ဆောင်ပုဒ်ဆိုကြ ပါဦးစို့။

ဆောင်ပုဒ်။ ။ မကြားဖူးကြား၊ ကြားဖူးစင်ကြယ်၊
ယုံမှားဖွယ်ပျောက်၊ အယူဖြောင့်သူ၊
စိတ်ကြည်ဖြူပါ၊ တရားနာ၊ ငါးဖြာအကျိုးရသတည်း။

တရားနာရတာ မကြားဖူးသေးတဲ့ စကားတွေကိုလည်း ကြားနာရတယ်။ ကြားဖူးပြီးတဲ့ တရားစကားတွေကိုလည်း ပိုပြီးတော့ ထင်ထင်ရှားရှား ပိုင်း ပိုင်းခြားခြားသိရတယ်။ ယုံမှားသံသယ ရှိနေတာလည်း ပျောက်ကင်းသွား တတ်ပါတယ်။ မပျောက်ကင်းတတ်ပါဘူးလား ... ပျောက်ကင်းတတ်ပါတယ် ဘုရား။ အယူမှား အယူလွဲရှိလို့ရှိရင်တော့ အယူဖြောင့် အယူကောင်းတွေ ရောက်သွားတတ်ပါတယ်။ စိတ်တွေလည်း ကြည်ဖြူလာတတ်ပါတယ်။ တရား ဟောကောင်းတဲ့ ဓမ္မကထိကတွေ ဟောကြားလိုက်တော့ အကြောင်းကြောင်း တွေကြောင့် စိတ်တွေညစ်နေတာ စိတ်တွေကြည်လာတယ်။ စိတ်ကြည်လင် ခြင်း အကျိုးကိုလည်း ရပါတယ်။

အခုဒီမှာ တရားနာပရိသတ်များက ဝိပဿနာယောဂီတွေဆိုတော့ ဝိ ပဿနာနဲ့စပ်တဲ့ မဂ္ဂင်(၈)ပါးက ပါလာပြီဖြစ်တယ်။ အဲဒီမဂ္ဂင်(၈)ပါးထဲကလည်း

ကျေးဇူးအများဆုံး အထင်ရှားဆုံးဖြစ်တဲ့ မဂ္ဂင်(၂)ပါးကို ဒီနေ့ ဟောကြားပါ့မယ်။ သမ္မာဝါယာမနဲ့ သမ္မာသတိ ဒီ(၂)ခု ဟောကြားပါ့မယ်။ သမ္မာဝါယာမကို ရှေးဦးစွာ ဟောကြားပါ့မယ်။ သမ္မာဝါယာမဆိုတာ မှန်ကန်စွာ လုံ့လစိုက်၊ ကြောင့်ကြစိုက်ခြင်း သမ္မပ္ပဓာန = လုံ့လ(၄)ချက်နှင့် ကြောင့်ကြစိုက်၊ လုံ့လစိုက်တာကို သမ္မာဝါယာမဖြစ်တယ်။ သမ္မပ္ပဓာန်လုံ့လ(၄)ချက်ရှိပါတယ်။

**အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော။**

မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်ပေါ်လာအောင်ဘဲ အားထုတ်ရမယ်။

**ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော။**

မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးတဲ့ အကုသိုလ်တရားတွေကိုတော့ ပယ်နိုင်ရအောင် အားထုတ်ရမယ်။

**အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော။**

မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်ပေါ်လာရအောင် အားထုတ်ရမယ်။

**ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။**

မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးတဲ့ ကုသိုလ်တရားတွေကို လွန်စွာတိုးပွားလာအောင် အားထုတ်ရမယ်။ သမ္မပ္ပဓာန်လုံ့လ(၄)ချက်ဖြင့် အားထုတ်တာကို သမ္မာဝါယာမတဲ့။ တရားနာပရိသတ်များ အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ အားထုတ်ဖို့ရာ အခြေခံကောင်း(၄)ချက်ကို မှတ်မိထားရင် ပိုမကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။

မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုအားထုတ်ရပါမလဲ၊ မဖြေတတ်သေးဘူး။ ဒီသမ္မာဝါယာမ သဘောပေါက်သွားအောင် အားလုံးဖြေကြရမယ်။ မိမိကျင့်ရမယ့်တရား၊ တိုက်ရိုက်ကျင့်နေရမယ့်တရား မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။

မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ အားထုတ်ရပါမလဲ ... မဖြစ်ပေါ်အောင်ဘဲ အားထုတ်ရပါမယ်ဘုရား။ မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးတဲ့ အကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ အားထုတ်ရပါမလဲ ... ပယ်ဖို့ရာ အားထုတ်ရပါမယ်ဘုရား။ တရားနာပရိသတ်များကိုယ်တိုင် ကျင့်နေတဲ့တရားပဲ။ မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ ကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ အားထုတ်ရပါမလဲ ... ဖြစ်ပေါ်လာအောင် အားထုတ်ရပါမယ်ဘုရား။ မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးပြီးတဲ့ ကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုအားထုတ်ရပါမလဲ ... လွန်စွာတိုးပွားအောင် အားထုတ်ရပါမယ်ဘုရား။ အင်မတန်ပဲ အသုံးကျတာပါပဲ။

ဒီတစ်ခါက်တော့ အားလုံးပဲ ဖြေရမယ်။ သမ္မာဝါယာမရဲ့ အစိပ္ပါယ်လေး သိရအောင်၊ ဘယ်နချက်ပါလဲ ... (၄)ချက်ပါဘုရား။ မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ အားထုတ်ရပါမလဲ ... မဖြစ်ပေါ်အောင်ဘဲ အားထုတ်ရပါမယ်ဘုရား။ မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးတဲ့ အကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ အားထုတ်ရပါမလဲ ... ပယ်ဖို့ရာ အားထုတ်ရပါမယ်ဘုရား။ တရားနာပရိသတ်များကိုယ်တိုင် ကျင့်နေတဲ့တရားပဲ။ မိမိသန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ ကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုများ

အားထုတ်ရပါမလဲ ... ဖြစ်ပေါ်လာအောင် အားထုတ်ရပါမယ်ဘုရား။ မိမိသန္တာန်မှာ ဖြစ်ပေါ်ဖူးပြီးတဲ့ ကုသိုလ်တရားတွေကို သမ္မာဝါယာမဖြစ်အောင် ဘယ်လိုအားထုတ်ရပါမလဲ ... လွန်စွာတိုးပွားအောင် အားထုတ်ရပါမယ်ဘုရား။ လွန်စွာတိုးပွားအောင် အားထုတ်ရမယ်။ ဒီတော့မှပဲ သမ္မာဝါယာမအင်္ဂါနဲ့ညီပြီး နိဗ္ဗာန်ရောက်သွားမယ်။

မဖြစ်ဖူးသေးတဲ့ အကုသိုလ်တရားတွေ တရားနာပရိသတ်များသန္တာန်မှာ ရှိပါတယ်။ ဒီဘဝအတွက် ပြောတာပါ။ အနမတဂ္ဂသံသရာ အတိတ်ဘဝတွေက ရေတွက်ရင်တော့ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားရယ်လို့ မရှိကောင်းဘူး။ ဘဝက အလွန်ကြာညောင်းတဲ့အတွက်ကြောင့် ဖြစ်ဖူးတဲ့ အကုသိုလ်တွေချည်းပဲ။ ဒီဘဝအတွက် ပြောတာပါပဲ။ ဒီဘဝမှာ တရားနာပရိသတ်များသန္တာန်မှာ မဖြစ်ဖူးသေးတဲ့ အကုသိုလ်တရားတွေ ရှိကြပါတယ်။ တချို့တချို့သောပုဂ္ဂိုလ်တွေသန္တာန်မှာ ဖြစ်နေကြတယ်။ လူကိုသတ်တာ၊ သူတစ်ပါးရဲ့ပစ္စည်းကို သိန်းသန်းနဲ့ ကုဋေနဲ့ချီပြီး ခိုးယူကြတာ မဖြစ်တတ်ကြပါဘူးလား ... ဖြစ်တတ်ကြပါတယ်ဘုရား။ တရားနာပရိသတ်များသန္တာန်မှာ ဖြစ်ဖူးပါလား၊ မဖြစ်ဖူးဘူး။ မဖြစ်ဖူးတဲ့ အကုသိုလ်တရားတွေ မရှိပါဘူးလား၊ ရှိတယ်တဲ့။

ဥပမာ ... ဘာနဲ့တူသလဲဆိုတော့ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရောဂါတို့ တစ်ပါးသောပုဂ္ဂိုလ်တွေ၌ ဖြစ်နေကြတဲ့အခါမှာ မိမိသန္တာန်မှာ မဖြစ်လာရအောင် မကာကွယ်ရပါဘူးလား ... ကာကွယ်ရပါတယ်ဘုရား။ အဲဒီလိုပါပဲ။ မဖြစ်ဖူးသေးတဲ့ အကုသိုလ်တရားတွေ မိမိသန္တာန်မှာ မဖြစ်လာရအောင် ကာကွယ်ရ၊ အားထုတ်နေရတယ်။

မိမိသန္တာန်မှာဖြစ်ဖူးတဲ့ အကုသိုလ်တွေဆိုတာကတော့ အကုသိုလ်(၃) မျိုးပဲ။ ကိုယ်နဲ့နှုတ်မှာဖြစ်တဲ့အကုသိုလ်၊ စိတ်အစဉ်မှာဖြစ်တဲ့အကုသိုလ်၊ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက အနုသယအနေနဲ့ လိုက်ပါလာတဲ့ အညစ်အကြေးအကုသိုလ်လို့ ဘယ်နှမျိုးရှိပါသလဲ ... (၃)မျိုးရှိပါတယ်ဘုရား။ အဲဒါတွေကို ဘာလုပ်ရပါ့မလဲ၊ ပယ်ရမယ်။

မိမိသန္တာန်မှာ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တရားတွေ ရှိကြပါတယ်။ အချို့ အချို့သောပုဂ္ဂိုလ်တွေ ဘုရားမတည်ဖူးသေးဘူး။ ဘုရားတည်ရတဲ့ကုသိုလ်က မဖြစ်ဖူးသေးဘူး။ အချို့အချို့သောပုဂ္ဂိုလ်တွေ ဝိပဿနာတရား အားထုတ်တာလည်း မဖြစ်ဖူးသေးဘူး။ ဒါနလည်း ပြုခဲ့ဖူးပြီ၊ သီလလည်း ဆောက်တည်ခဲ့ဖူးပြီ၊ သမထလည်း ပုတီးတွေလည်း စိပ်ခဲ့ဖူးပြီ။ ဝိပဿနာတရား အားမထုတ်ရသေးတော့ ဝိပဿနာတရားအားထုတ်တာ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်တာ မဖြစ်သွားပါဘူးလား ... အားထုတ်တာ ဖြစ်သွားပါတယ်ဘုရား။ ဝိပဿနာတရားတွေ အားထုတ်နေရင်ပဲ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်နေတာဖြစ်ပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ် - နာမ်နဲ့ရုပ်နဲ့ ကွဲပြားပြီး သိတဲ့ဉာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်က အထက်အထက်ဉာဏ်တွေရောက်အောင် ပစ္စယပရိဂ္ဂဟဉာဏ် ရောက်အောင် အားထုတ်မနေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ ပစ္စယပရိဂ္ဂဟဉာဏ်က ကုသိုလ်တွေရရှိအောင် အားထုတ်နေရတယ်။ မဖြစ်ဖူးတဲ့ ဝိပဿနာဉာဏ်တွေဖြစ်အောင် အားထုတ်နေရတယ်။

ပစ္စယပရိဂ္ဂဟဉာဏ် - အကြောင်းနဲ့အကျိုးသိတဲ့ဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ကလည်း သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ရောက်အောင် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ မဖြစ်ဖူးသေးတဲ့

သမ္မာသနဉာဏ်ကုသိုလ်တွေ၊ မဖြစ်ဖူးသေးတဲ့ ဥဒယဗ္ဗယဉာဏ်ကုသိုလ်တွေ မိမိသန္တာန်မှာဖြစ်အောင် အားထုတ်နေရတယ်။

သမ္မာသနဉာဏ်က မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေ၊ ဥဒယဗ္ဗယဉာဏ်က မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေ မိမိသန္တာန်မှာ ဖြစ်ပေါ်အောင်ပဲ အားထုတ်နေရတယ်။ သမ္မာသနဉာဏ်က ဥဒယဗ္ဗယဉာဏ်သို့ရောက်အောင်၊ ဥဒယဗ္ဗယဉာဏ်က ဘင်ဂ်ဉာဏ်သို့ရောက်အောင်၊ ဘင်ဂ်ဉာဏ်က ဘယဉာဏ်သို့ရောက်အောင်၊ ဘယဉာဏ်က အာဒီနဝဉာဏ်သို့၊ အာဒီနဝက နိဗ္ဗိဒါသို့၊ နိဗ္ဗိဒါက မုဉ္စိတုကမျတာသို့၊ မုဉ္စိတုကမျတာက ပဋိသင်္ခါသို့၊ ပဋိသင်္ခါက သင်္ခါရုပေက္ခာသို့၊ သင်္ခါရုပေက္ခာက အနုလောမသို့၊ အနုလောမက ဂေါတြဘူဉာဏ်သို့ရောက်အောင် အဆင့်ဆင့်တက်အောင် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ ဂေါတြဘူဉာဏ်က မဂ်ဉာဏ်သို့ရောက်သွားရအောင် အားမထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။

မဖြစ်ဖူးသေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ မဂ်ဉာဏ်တွေဆိုတာ မဖြစ်ဖူးတဲ့ ကုသိုလ်တွေပဲဖြစ်တယ်။ သောတာပတ္တိမဂ်ဉာဏ်ရောက်အောင် အားထုတ်မယ်လို့ ရည်မှန်းချက်နဲ့ အားထုတ်နေတာ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေ မိမိသန္တာန်မှာဖြစ်အောင် အားထုတ်နေတာပဲ။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဝိပဿနာတရားအားထုတ်နေတာ သမ္မပ္ပဓာန်လုံ့လ(၄)ချက်ထဲက ဘယ်ဟာပါလဲဆိုရင် မိမိသန္တာန်မှာ မဖြစ်ဖူးတဲ့ ကုသိုလ်တရားတွေကို ဖြစ်ပေါ်လာအောင် အားထုတ်နေတာလို့ ဆုံးဖြတ်လို့မရပါဘူးလား ... ရပါတယ်ဘုရား။

မိမိသန္တာန်မှာ ဖြစ်ဖူးပြီးတဲ့ ကုသိုလ်တရားတွေကိုတော့ လွန်စွာတိုးပွား လာအောင် အားထုတ်ရမယ်။ တရားနာပရိသတ်များ အားထုတ်နေကြရတာ ပါပဲ။ ဆွမ်းတွေကျွေးခဲ့တာ အကြိမ်ပေါင်းများစွာ မကျွေးခဲ့ပါဘူးလား ... ကျွေးခဲ့ပါတယ်ဘုရား။ မွေးနေ့တိုင်း မွေးနေ့တိုင်းမှာ အလှူတွေ လုပ်ခဲ့တယ်။ ခပ်ငယ်ငယ်တည်းကစပြီး ဒီနှစ်မွေးနေ့လည်း လုပ်ကြတာပဲ။ မလုပ်ပါဘူး လား ... လုပ်ပါတယ်ဘုရား။ ထပ်တိုးပွားအောင် လုပ်နေကြတာဖြစ်တယ်။ နှစ်တိုင်းနှစ်တိုင်း ဝါဆိုသင်္ကန်းတွေ လှူခဲ့တယ်။ နောက်က နှစ်တွေတော် တော်များများ လှူခဲ့တယ်။ ဒီနှစ်လည်း ထပ်ပြီးတော့ မလှူပါဘူးလား ... လှူပါတယ်ဘုရား။ ဘာလုပ်တာပါလဲ၊ ကုသိုလ်တွေ တိုးပွားအောင် လုပ်နေ တာ။ နှစ်တိုင်းနှစ်တိုင်း ကထိန်သင်္ကန်းတွေလည်း မလှူခဲ့ပါဘူးလား ... လှူခဲ့ပါတယ်ဘုရား။ ဒီနှစ်လည်း တစ်ခါထပ်ပြီးတော့ ... လှူပါတယ်ဘုရား။ ဘယ်လိုဖြစ်အောင် ပြုလုပ်တာပါလဲ ... တိုးပွားအောင် ပြုလုပ်တာပါဘုရား။ တိုးပွားအောင် ပြုလုပ်တာ။

သီလတွေ ဆောက်တည်လိုက်တာ။ ငယ်ရွယ်စဉ်အခါတည်းက ငါးပါး သီလတွေ ဆောက်တည်ခဲ့တယ်။ ယခုလည်း ထပ်ထပ်ပြီးတော့ မဆောက် တည်နေပါဘူးလား ... ဆောက်တည်နေပါတယ်ဘုရား။ ဘာဖြစ်အောင် ပြုလုပ်နေတာပါလဲ ... တိုးပွားအောင် ပြုလုပ်နေတာပါဘုရား။ တိုးပွားအောင် ပြုလုပ်တာဖြစ်တယ်။ သဘောပေါက်သွားပါပြီ။

သမ္မပ္ပဓာန်လုံ့လ(၄)ချက်ဖြင့် အားထုတ်နေတာ သမ္မာဝါယာမဖြစ်တယ်။ သမ္မာဝါယာမဆိုတာ မဂ္ဂင်(၈)ပါးထဲက အစိတ်အပိုင်းလေးတစ်ခု ဖြစ်ပါတယ်။ သူကလည်း နိဗ္ဗာန်ရောက်ကြောင်းပါပဲ။ သမ္မာဝါယာမနဲ့ပြည့်စုံရင် ဘယ်ကို ရောက်သွားပါမလဲ ... နိဗ္ဗာန်သို့ ရောက်သွားပါမယ်ဘုရား။ နိဗ္ဗာန်သို့

ရောက်သွားမယ်။ သုဂတိဘုံဘဝတွေသို့ ဆင့်ကာဆင့်ကာ ရောက်ပြီးတော့ နောက်ဆုံးတော့ နိဗ္ဗာန်ရောက်သွားမယ်။ အဲဒီဆောင်ပုဒ်တွေပါ ထည့်ပြီး တော့ ဆိုလိုက်ရအောင်။

ဆောင်ပုဒ် ။ ။ မဖြစ်ဖူးငြား၊ အကုသိုလ်များ၊ ထင်ရှားမဖြစ်လာ။
ဖြစ်ဖူးပြီးငြား၊ အကုသိုလ်များ၊ ပယ်ရှားလျင်မြန်စွာ။
မဖြစ်ဖူးငြား၊ ကုသိုလ်များ၊ ဖြစ်ပွားစေဖို့ရာ။
ဖြစ်ဖူးပြီးငြား၊ ကုသိုလ်များ၊ လွန်စွာတိုးပွားရာ။

သမ္မပ္ပဓာန်လုံ့လ(၄)ချက်ဖြင့်အားထုတ်လို့ သမ္မာဝါယာမ ဖြစ်ပုံလေးပါပဲ။ ဒီမှာ လိုရင်းအချက်ကတော့ ဖြစ်ဖူးပြီးတဲ့ အကုသိုလ်တွေ ပယ်နိုင်ဖို့ရာဖြစ် တယ်။ အကုသိုလ်ပယ်နိုင်မှသာလျှင် တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်သွားနိုင်တယ်။ အကုသိုလ်ရှိနေသမျှ ကာလပတ်လုံးတော့ နိဗ္ဗာန် ချမ်းသာကို ရနိုင်ပါ့မလား ... မရနိုင်ပါဘုရား။ မရနိုင်ပေဘူး။ အကုသိုလ်နဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ ဒီတော့ အကုသိုလ်တွေ ပယ်နိုင်မှဖြစ်မယ်။

အကုသိုလ်တွေက ဘယ်နှမျိုးရှိနေပါသလဲ၊ တရားနာပရိသတ်များရဲ့ သန္တာန်မှာ အကြမ်းဖျင်းအားဖြင့် အကုသိုလ်(၃)မျိုးရှိပါတယ်။ ဘယ်နှမျိုးရှိ နေပါသလဲ ... (၃)မျိုးရှိနေပါတယ်ဘုရား။

ကိုယ်နဲ့နှုတ်မှာဖြစ်ပေါ်နေတဲ့ အကုသိုလ်ကတစ်မျိုး၊ စိတ်အစဉ်မှာဖြစ် ပေါ်နေတဲ့ အကုသိုလ်ကတစ်မျိုး၊ အနုသယဂ္ဂသံသရာ ဘဝပေါင်းများစွာက

ကိန်းလာပါလာတဲ့ အကုသိုလ်ကတစ်မျိုး။ ဘယ်နှမျိုးပါလဲ ... (၃)မျိုးပါဘုရား။ ကိုယ့်သန္တာန်မှာရှိတဲ့ အကုသိုလ်ကို ကိုယ်သိမှ ပယ်နိုင်မှာပါ။ မသိမှမသိဘဲနဲ့ ပယ်လို့မှ ရမှရပါ့မလား ... မရပါဘုရား။ သိထားဖို့ အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။

ကိုယ်နှုတ်မှာဖြစ်ပေါ်နေတဲ့ အကုသိုလ်ကတစ်မျိုး၊ စိတ်အစဉ်မှာဖြစ်ပေါ်နေတဲ့ အကုသိုလ်ကတစ်မျိုး၊ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ အနုသယအကုသိုလ်ကတစ်မျိုး။ ကိုယ်နှုတ်မှာဖြစ်ပေါ်နေတဲ့ အကုသိုလ်တွေ ဘာနဲ့များပယ်ရမလဲ၊ မသိချင်ပါဘူးလား ... သိချင်ပါတယ်ဘုရား။ စိတ်အစဉ်မှာဖြစ်ပေါ်နေတဲ့ အကုသိုလ်ကို ဘာနဲ့များပယ်ရမလဲ၊ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ ကိန်းလာတဲ့ အကုသိုလ်တွေကို ဘာနဲ့များပယ်ရမလဲ၊ သူ့အကုသိုလ်နဲ့သူ ပယ်ဖို့တရားကိုက်ညီမှသာလျှင် မြန်မြန်ပယ်ခြင်းကိစ္စတွေ ပြီးနိုင်ပါတယ်။

ကိုယ်နှုတ်တွေမှာဖြစ်ပေါ်နေတဲ့ အကုသိုလ်တရားတွေ သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူတစ်ပါးသားသမီးဖျက်ဆီး၊ လိမ်ညာပြော ကုန်းတိုက်တာ စတဲ့ ဒုစရိုက်(၇)ပါးက ကိုယ်နှုတ်မှာ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ ကိုယ်နှုတ်မှာဖြစ်တဲ့ အကုသိုလ်တွေ ဝီတိက္ကမအကုသိုလ်လို့ခေါ်တယ်။ လွန်ကျူးပြီးတော့ဖြစ်တယ်။ အင်မတန်ပဲ ထင်ရှားပါတယ်။ ခိုးလိုက်ရင် ခိုးလိုက်တဲ့ပုဂ္ဂိုလ်လည်း မသိပါဘူးလား ... သိပါတယ်ဘုရား။ တခြားသောပုဂ္ဂိုလ်တွေကကော ... သိပါတယ်ဘုရား။ ဒီလူ"ခိုးတယ် ခိုးတယ်"နဲ့ သိတယ်။ အလွန်ထင်ရှားတာပဲ။ ဝီတိက္ကမ(လွန်ကျူး)ပြီးတော့ဖြစ်တဲ့ အကုသိုလ်ကို ဘာနဲ့ပယ်ရမလဲဆိုတော့ သီလနဲ့ပယ်ရမယ်။ ငါးပါးသီလ ဆောက်တည်ထားလိုက်တဲ့အခါ မခိုးနိုင်တော့ဘူး။ မသတ်နိုင်တော့ဘူး။ သူတစ်ပါးသား

သမီးကို မဖျက်ဆီးနိုင်တော့ဘူး။ မလိမ်နိုင် မညာနိုင်တော့ဘူး။ ငါးပါးသီလ က မပယ်လိုက်ပါဘူးလား ... ပယ်လိုက်ပါတယ်ဘုရား။ ကိုယ်နှုတ်မှာဖြစ် ပေါ်လာတဲ့ အကုသိုလ်တွေကို သီလနဲ့ပယ်ရမယ်။

ဆောင်ပုဒ် ။ ။ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုမျှား၊ ပယ်ရှားမြတ်သီလာ။

ကိုယ်နှင့်နှုတ်မှာဖြစ်ပေါ်လာတဲ့အတိုင်း သူ့အသက်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းခိုးယူခြင်း၊ သူတစ်ပါးသားသမီးဖျက်ဆီးခြင်း၊ လိမ်ညာပြောခြင်း အစ ရှိတဲ့ ကိုယ်နှင့်နှုတ်မှာဖြစ်ပေါ်လာတဲ့ အကုသိုလ်တရားတွေကိုတော့ သီလ ဖြင့် ပယ်ရမယ်။ သီလဆောက်တည်ထားလို့ရှိရင် ပယ်ပြီးသား မဖြစ်သွားပါ ဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။ ပယ်ပြီးသား ဖြစ်သွား တယ်။

ကိုယ်နှုတ်သို့ မရောက်လာပါဘဲ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတဲ့ အကုသိုလ် တွေကို ဘာနဲ့ပယ်ရပါမလဲ။

ဆောင်ပုဒ် ။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုမျှား၊ ပယ်ရှားမြတ်သမာ။

ကိုယ်နှင့်နှုတ်ကို မရောက်လာဘူး။ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ်။ လို ချင်စရာလေးတွေ တနုံ့နုံ့လိုချင်တယ်။ ဟိုဟာလိုချင် ဒီဟာလိုချင်၊ ဟိုဟာ ကိုတပ်မက်လိုက် ဒီဟာကိုတပ်မက်လိုက် ကိုယ်နှုတ်တွေကိုတော့ မရောက် လာဘူး။ မရှိတတ်ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။ လိုချင်စရာလေးတွေ မရလို့ စိတ်ထဲမှာ တနုံ့နုံ့ နှလုံးမသာမယာမှုလေးတွေလည်း မဖြစ်တတ်

ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ အို ... မရသေးပါလား မရသေးပါလား။ ဖြစ်မှဖြစ်ပါတော့မလား။ ရမှရယူနိုင်ပါတော့မလားလို့ ကြောင့်ကြပူပန်မှုကလေး၊ နှလုံးမသာယာမှုလေးတွေ မကြာခဏ ရှိနေတတ်ပါတယ်။

ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်များကတော့ ကိုယ့်စိတ်ကိုယ် မကြာခဏ ပြန်ပြီးတော့ သုံးသပ်မိတတ်ပါတယ်။ ဩော် ... ဒီစိတ်တွေဟာ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား ... အကုသိုလ်စိတ်ပါဘုရား။ အကုသိုလ်တွေပဲ။ မရတာတွေ ရချင်နေတာလည်း လိုချင်နေတာလည်း လောဘ။ ရချင်တာကို မရလို့ စိတ်နှလုံးပူပန်မှု ရှိနေတာလည်း ဒေါသ။ မကြာခဏ မဖြစ်နေတတ်ပါဘူးလား ... ဖြစ်နေတတ်ပါတယ်ဘုရား။ သားငယ်၊ သမီးငယ်တွေကို သဘောမကျ၊ သဘောမကျတော့ စိတ်ထဲမှာ ပြောတော့မပြောဖြစ်ဘူး။ စိတ်ထဲမှာ သဘောမကျပေဘူး။ ဒီကလေးတွေ နေပုံထိုင်ပုံ၊ ပြောဆိုပုံ နေရာမကျပါဘူး။ စိတ်ထဲမှာ တနုံ့နုံ့နဲ့ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ စိတ်အစဉ်မှာဖြစ်တာ တော်တော်များများပါပဲ။ ဝိပဿနာတရား အားထုတ်ပြီးတဲ့ပုဂ္ဂိုလ်များ ကိုယ့်စိတ်ကိုယ် သိနေတတ်ပါတယ်။ ဒါတွေဟာ ကြောင့်ကြပူပန်မှုတွေပဲ။ တရားရှုမှတ်နေရတာ ကောင်းပါတယ်။ ဒီလို မဖြစ်သွားတတ်ပါဘူးလား ... ဖြစ်သွားတတ်ပါတယ်ဘုရား။ ဖြစ်သွားတတ်တယ်။

အဲဒီ စိတ်အစဉ်မှာဖြစ်တဲ့ အကုသိုလ်တွေကိုတော့ ဘာနဲ့ပယ်ရမလဲ၊ သူ့အစဉ်အတိုင်းဆိုလို့ရှိရင် သမထနဲ့ ပယ်ရမယ်။ ဘုရားရှိခိုးနေလိုက်တဲ့အခါ စိုးရိမ်ပူပန်ကြောင့်ကြမှုလေးတွေ၊ လိုချင်တပ်မက်မှုလေးတွေ မရှိတော့တာ သမာဓိက၊ သမထကနေပြီးတော့ ပယ်လိုက်ပါတယ်။ စိတ်အစဉ်မှာ ဖြစ်တဲ့ အကုသိုလ်တွေကို ပယ်လိုက်တာပါပဲ။

ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က လိုက်လာတဲ့ အကုသိုလ် အညစ်အကြေးတွေကို ဘာနဲ့ပယ်ရမလဲ၊ ဝိပဿနာပညာ၊ မဂ်ပညာနဲ့ ပယ်ရမယ်။

ဆောင်ပုဒ် ။ ။ ဘဝစဉ်ဆက်၊ ကိန်းလျက်ပါငြား၊ အကုများ၊ ပယ်ရှားမြတ်ပညာ။

ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က လိုက်ပြီး ကိန်းပြီးပါလာတဲ့ အစွမ်းသတ္တိတွေ၊ အနုသယတွေ၊ အကုသိုလ်တရားတွေ တရားနာပရိသတ်များသန္တာန်မှာ ရှိကြတယ်။ အင်မတန်ပဲ များပြားပါတယ်။ စုပေါင်းထားတာတွေ ရှိနေတယ်။ အဲဒီအကုသိုလ်တွေ ပယ်နိုင်မှသာလျှင် တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိသွားနိုင်တယ်။ ဆုတောင်းနေရုံနှင့်တော့ မရနိုင်ပေဘူး။

ကိုယ်နှုတ်တွေမှာရှိတဲ့ အကုသိုလ်တွေ၊ စိတ်အစဉ်မှာရှိတဲ့ အကုသိုလ်၊ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ အကုသိုလ်အညစ်အကြေးတွေ ဘာနဲ့များ ဥပမာတူသလဲဆိုတော့ ကျမ်းဂန်တွေမှာ ရှင်းပြထားသည်မှာ အဆိပ်ပင်ကြီးနဲ့ တူတယ်တဲ့။ မိမိတို့သန္တာန်မှာရှိနေတဲ့ အကုသိုလ် (၃)မျိုးဟာ ဘာနဲ့တူပါသလဲ ... အဆိပ်ပင်ကြီးနဲ့ တူပါတယ်ဘုရား။ လူတွေကို ဒုက္ခပေးတဲ့ အဆိပ်ပင်ကြီးနဲ့ တူတယ်တဲ့။

အဆိပ်ပင်ကြီးမှာ အပိုင်း(၃)ပိုင်းရှိတယ်။ အကိုင်းတွေ အခက်တွေက တစ်ပိုင်း၊ ပင်စည်လုံးပတ်ကြီးက တစ်ပိုင်း၊ အမြစ် ရေသောက်မြစ်ကြီးက တစ်ပိုင်း၊ ဘယ်နပိုင်းရှိပါသလဲ ... (၃)ပိုင်းရှိပါတယ်။ တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ အကုသိုလ်ကလည်း ဘယ်နပိုင်းရှိနေပါသလဲ ...

(၃)ပိုင်းပါဘုရား။ (၃)ပိုင်း။ ကိုယ်နှုတ်တွေမှာဖြစ်တဲ့ အကုသိုလ်၊ စိတ်အစဉ်မှာဖြစ်တဲ့ အကုသိုလ်၊ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ အကုသိုလ်လို့ (၃)ပိုင်းရှိပေတယ်။

အဆိပ်ပင်ကြီးရဲ့ အကိုင်းအခက်နဲ့ ဘာနဲ့တူသလဲ၊ တရားနာပရိသတ်များ သန္တာန်မှာ ကိုယ်နှုတ်တွေမှာဖြစ်တဲ့ အကုသိုလ်တွေနဲ့ တူတယ်။ အဆိပ်ပင်ကြီးရဲ့ အကိုင်းအခက်တွေကို အဝေးကြီးကနေ၍ မမြင်ရပါဘူးလား ... မြင်ရပါတယ်ဘုရား။ ကိုယ်နှင့်နှုတ်မှာ လွန်ကျူး လွန်ကျူးပြီးတော့ဖြစ်တဲ့ အကုသိုလ်ကလည်း ထင်ရှားတယ်။ ကိုယ်ကိုယ်တိုင်လည်း မသိပါဘူးလား ... သိပါတယ်ဘုရား။ အို ... လွန်ကျူးမိပြီ လွန်ကျူးမိပြီ၊ မဟုတ်တာတွေ ပြောမိပြီ စသည်ဖြင့် ကိုယ်တိုင်လည်းသိတယ်၊ သူတစ်ပါးတို့လည်း သိသိသွားတယ်။ ထင်ရှားတာချင်း မတူပါဘူးလား ... တူပါတယ်ဘုရား။ အဆိပ်ပင်ကြီးရဲ့ အကိုင်းအခက်တွေက ထင်ရှားသလို ကိုယ်နှုတ်တွေမှာ လွန်ကျူး လွန်ကျူးပြီးတော့ဖြစ်တဲ့ အကုသိုလ်တရားတွေကလည်း ထင်ရှားတယ်။ ဒါကြောင့် ကိုယ်နှုတ်တွေမှာ လွန်ကျူး လွန်ကျူးပြီးဖြစ်တဲ့ အကုသိုလ်တွေက အဆိပ်ပင်မှာရှိတဲ့ သစ်ပင်ရဲ့ အကိုင်းအခက်တွေနဲ့တူတယ်။

စိတ်အစဉ်မှာရှိတဲ့ အကုသိုလ်အညစ်အကြေးတွေကတော့ မထင်ရှားဘူး။ ပင်စည်လုံးပတ်ကြီးနဲ့တူတယ်။ ပင်စည်လုံးပတ်ကြီးကို အဝေးကနေပြီးတော့ ကြည့်ရတဲ့သူတွေ၊ တစ်မိုင် နှစ်မိုင်လောက်ကနေ ကြည့်ရတဲ့ပုဂ္ဂိုလ်တွေ ဒီပင်စည်လုံးပတ်ကြီးဟာ ဘယ်လောက်ကြီးတယ်လို့ ထင်ထင်ရှားရှား သိရပါရဲ့လား ... မသိရပါဘူးဘုရား။ ခန့်မှန်းခြေလောက်ပဲ သိရတယ်။ အဲဒီလိုပါပဲတဲ့။ စိတ်အစဉ်မှာရှိတဲ့ အကုသိုလ်တွေ သူတစ်ပါးတွေတော့ မသိရဘူး။ ကိုယ်ကိုယ်တိုင်တောင်မှ နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှ သိရပါတယ်။ မထင်ရှားပေဘူး။

အနုမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ အနုသယအာ ကုသိုလ်ကတော့ ဘာနဲ့တူသလဲဆိုတော့ အဆိပ်ပင်ကြီးရဲ့ ရေသောက်မြစ်နဲ့ တူတယ်။ ရေသောက်မြစ်ကြီးဆိုတာ အနားရောက်တာတောင်မှ ဒီရေ သောက်မြစ်ကြီးဟာ ဘယ်လောက်နက်တယ်၊ ကြီးတယ်လို့ သေသေချာချာ သိရပါရဲ့လား ... မသိရပါဘုရား။ ပကတိသော မျက်စိဖြင့်တော့ မသိနိုင် ဘူး။ ဉာဏ်မျက်စိနဲ့မှ သိနိုင်မယ်။ ဒီသစ်ပင်ဟာ ရေသောက်မြစ်ရှိနေလို့ ရှင် သန်နေတာပဲဟု ဉာဏ်ဖြင့်ကြည့်မှသာ သိနိုင်တယ်။ ပကတိသော မျက်စိနဲ့ တော့ မမြင်နိုင်ပေဘူး။ အဲဒီလိုပါပဲ။ အနုမတဂ္ဂသံသရာ ဘဝပေါင်းများစွာ က မိမိတို့သန္တာန်မှာ လိုက်ပါလာတဲ့ အကုသိုလ်အညစ်အကြေးတွေဟာ လည်း အမြစ်ကြီးနဲ့တူတယ်။ မထင်ရှားဆုံးပဲ။ ကိုယ်ကိုယ်တိုင်တော့ မသိ နိုင်ပေ။ မြတ်စွာဘုရား ဟောကြားလို့သာ သိရပေတယ်။

အဆိပ်ပင်ကြီးကို လူတွေ မနှစ်သက်ကြဘူး။ မနှစ်သက်တော့ အဆိပ် ပင်ကြီးကို တွေ့တဲ့အခါ အကိုင်းအခက်တွေလည်းဖြတ်၊ ပင်စည်လုံးပတ်ကြီး လည်းဖြတ် ဖြတ်ပြီးတော့ထားခဲ့မယ်။ ဒီသစ်ပင်ကြီးက အမြစ်ကြီးကို မတူး ဖော်ဘူးဆိုလို့ရှိရင်တော့ နောင် မိုးတွေ၊ ရေတွေ သင့်သွားတဲ့အခါ အဲဒီအ မြစ်ကြီးက အကိုင်းအခက်ထွက်ပြီးတော့ လူတွေကို ဒုက္ခပေးနိုင်သေးတယ်။ အမြစ်ရင်းကို တူးဖော်ထုတ်ဖို့ရာ အရေးကြီးဆုံးပဲ ဖြစ်တယ်။

အဲဒီလိုပါပဲ။ တရားနာပရိသတ်များရဲ့သန္တာန်မှာ အဆိပ်ပင်ကြီးရဲ့ အကိုင်း အခက်များနဲ့တူတဲ့ ကိုယ်နှုတ်တွေမှာဖြစ်တဲ့ အကုသိုလ်တွေကို သီလဖြင့် ပယ်သတ်ထား၊ စိတ်အစဉ်မှာဖြစ်တဲ့ ပင်စည်လုံးပတ်နှင့်တူတဲ့ အကုသိုလ် တွေကို သမထနဲ့ ပယ်သတ်ထားပါသော်လည်း အဆိပ်ပင်ကြီးရဲ့ ရေသောက် မြစ်ကြီးနှင့်တူတဲ့ ဘဝသံသရာများစွာက ကိန်းပါလာတဲ့ အနုသယအကု သိုလ်အညစ်အကြေးများကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် မပယ်သတ်ဘဲ

ထားခဲ့သော် အပါယ်သံသရာစသော ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံရမည်သာ ဖြစ်ပေတယ်။ ထို့ကြောင့် အနုသယအကုသိုလ် အညစ်အကြေးတို့ကို ပယ်သတ်ဖို့ရာ အရေးအကြီးဆုံးပင် ဖြစ်ပေတယ်။

ပယ်သတ်ဖို့ရာမှာလည်း ယခုလိုဘဝမျိုးကို ရရှိမှသာ ပယ်သတ်နိုင်ပေတယ်။ ယခုလိုဘဝမျိုးဆိုတာ လူလည်းဖြစ်နေရတဲ့ အခိုက်အတန့်၊ အသက်လည်းရှင်နေသည့် အခိုက်အတန့်၊ သတိပဋ္ဌာန်ဝိပဿနာတရားတွေလည်း ထွန်းကားနေတဲ့ အခိုက်အတန့်၊ မြတ်စွာဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံနေရတဲ့ အခိုက်အတန့်ဟူသော ရခဲသည့် အခိုက်အတန့်ကြီး(၄)မျိုး ရရှိထားသော ဘဝမျိုးဖြစ်လို့ အဆိပ်ပင်ကြီးရဲ့ အမြစ်ရင်းကြီးနဲ့တူတဲ့ အနုသယအကုသိုလ်ကို ပယ်သတ်နိုင်တာဖြစ်တယ်။

**ဆောင်ပုဒ် ။ ။ ဘဝစဉ်ဆက်၊ ကိန်းလျက်ပါငြား၊ အကုများ၊ ပယ်ရှားမြတ်ပညာ။**

ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် ပယ်သတ်ရမယ်။ ဝိပဿနာဉာဏ်ဖြင့် ရှေးဦးစွာ ပယ်သတ်နေရတာပါပဲ။ အဲဒီအနုသယကိလေသာကလည်း နှစ်မျိုး ရှိပါတယ်တဲ့။ အာရမ္မဏာနုသယနှင့် သန္တာနာနုသယ။ အာရမ္မဏာနုသယဆိုတာ ယခုတရားနာပရိသတ်များ မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရ၊ ကြံစည်စိတ်ကူးရတယ်ဆိုတဲ့ အာရုံတွေမှာ အနုသယတွေ ကိန်းကိန်းသွားတာဖြစ်တယ်။

မြင်ရ ဘဲ့ ၎ ာရုံတစ်ခုပဲဆိုပါတော့၊ အလွန်သာယာဖွယ်ကောင်းတဲ့ အာရုံတစ်ခု မြင်ရန့် က်မှာ မရှုမှတ်နိုင်ခဲ့ဘူး။ ဒီအာရုံ ကွယ်ပျောက်သွားပြီးတဲ့ နောက်ပိုင်းမှာ အချိန်တော်တော်ကြာမှ ပြန်ပြန်ပြီးတော့ သတိရတယ်။

အို ... အလွန်သာယာဖွယ်ကောင်းတာပဲ၊ အလွန်နှစ်သက်ဖွယ်ကောင်းတာပဲ၊ အလွန်ခင်မင်စရာကောင်းတာပဲလို့ ထပ်ထပ်ပြီးတော့ ဖြစ်နေတတ်တယ်။ အဲဒီထပ်ထပ်ပြီးတော့ ဖြစ်နေတာကို ဘာလို့ခေါ်သလဲဆိုတော့ အနုသယလို့ခေါ်တယ်။ ကိန်းတယ်လို့ခေါ်တယ်။ လောဘတဏှာကိလေသာ ကိန်းကိန်းလာတယ်။ သတိရတိုင်း သတိရတိုင်း မကိန်းလာပါဘူးလား ... ကိန်းလာပါတယ်ဘုရား။

ဒေါသဖြစ်စရာ အာရုံဆိုးတွေ့ရတယ်။ အလွန်ဆန့်ကျင်ဘက်ဖြစ်တဲ့ အာရုံနဲ့ တွေ့ရတဲ့အချိန်မှာ မရှုမှတ်နိုင်ခဲ့ဘူး။ မရှုမှတ်နိုင်တဲ့အတွက်ကြောင့် နောင်ပြန်ပြန်သတိရတယ်။ အို ... မမြင်ချင်တာနဲ့ မြင်ရတယ်။ မတွေ့ချင်တာ တွေ့နေရတယ်။ စိတ်နှလုံးမသာယာမှုလေးတွေ ထပ်ထပ်ပြီးတော့ မဖြစ်နေတတ်ပါဘူးလား ... ဖြစ်နေတတ်ပါတယ်ဘုရား။ သတိရတိုင်း သတိရတိုင်း စိတ်နှလုံးမသာယာမှုတွေ ထပ်ထပ်ပြီးတော့ ဖြစ်လာတတ်တယ်။ အဲဒီလို ထပ်ထပ်ပြီးတော့ ဖြစ်လာတာကို ဘာလို့ခေါ်ပါသလဲ ... အနုသယကိန်းတာပါဘုရား။ အနုသယကိန်းတယ်၊ ပဋိဃာနုသယ ဒေါသကိန်းတယ်။ အာရမ္မဏာနုသယ ကြောက်စရာမကောင်းပါဘူးလား ... ကြောက်စရာကောင်းပါတယ်ဘုရား။

အဲဒါ ဒီအာရမ္မဏာနုသယကို မှတ်နိုင်ရင်မှတ်နိုင် မမှတ်နိုင်ရင် သန္တာနာနုသယတွေဖြစ်ပြီးတော့ နောက်နောင်ဘဝတွေမှာ မိမိကို ဒုက္ခပေးဖို့ရာ အမြစ်ကြီးပဲ။ စုဆောင်းလိုက်တာပဲတဲ့။ ကိုယ့်ကိုယ်ကို ဒုက္ခပေးဖို့ရာ ကိုယ်စုဆောင်းလိုက်တာနဲ့ မတူပါဘူးလား ... တူပါတယ်ဘုရား။ တူတယ်။ မြင်ဆဲခဏမှာ၊ ကြားဆဲခဏမှာ ရှုမှတ်နိုင်ရမယ်။ မရှုမှတ်နိုင်လို့ရှိရင်တော့လည်း နောင်ပြန်သတိရတဲ့အခါ ဒီလို စိတ်နှလုံးမသာယာမှုဖြစ်ရတာ။ စိတ်ထဲမှာ

စိတ်နှလုံးမသာယာမှု ဖြစ်လာလို့ရှိရင်တော့ စိတ်ကူးကြံစည်တယ်၊ စိတ်ကူးကြံစည်တယ်၊ စိတ်နှလုံးမသာယာမှုဖြစ်တယ်လို့ ပြန်မှတ်နေရတယ်။ ဝိပဿနာသမာဓိဉာဏ် အားရှိလာလို့ မှတ်လိုက်လို့ရှိရင် စိတ်ကူးကြံစည်မှုတွေက ပျောက်ပျောက်သွားတာ၊ ပျက်ပျက်သွားတာ ကိုယ်တိုင်ပဲ တွေ့ရမယ်။

အဲဒီလို သတိပဋ္ဌာန်နည်းနဲ့လည်း မမှတ်နိုင်ဘူးဆိုလို့ရှိရင်တော့ အနုသယတွေ ကိန်းတယ်။ အဲဒီအနုသယတွေ မကိန်းနိုင်ရအောင်လည်း မြင်ကတည်းက စွမ်းနိုင်လို့ရှိရင်လည်း မြင်တယ်၊ မြင်တယ်လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ မြင်ကာမျှမတ္တမှာ တည်ရအောင် ရှေးဦးစွာ မှတ်ရတာပါပဲတဲ့။

**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။**

**ဒိဋ္ဌေ** = မြင်အပ်သော အဆင်းရူပါရုံ၌၊ **ဒိဋ္ဌမတ္တံ** = မြင်ကာမျှဖြစ်သော စိတ်သည်၊ **ဘဝိဿတိ** = ဖြစ်လတ္တံ့ (ဝါ) ဖြစ်အောင်ရှုရမည်။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင်ရှုနေရမယ်တဲ့။ မြင်လျှင်မြင်ကာမျှမတ္တမှာ မြင်အောင်ရှုတယ်ဆိုတာ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့၊ သတိပဋ္ဌာန်ဝိပဿနာအခြေခံမရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့တော့ ဘယ်လိုပြောတာလဲ၊ မြင်ပြီးပါပြီဆို အားလုံးမြင်သွားတာပါပဲ။ မြင်ကာမျှမတ္တမှာ တည်အောင်ရှုလို့ မတတ်ပါဘူးတဲ့။ တရားနာပရိသတ်များလို သမာဓိဉာဏ်အခြေခံရှိတဲ့ပုဂ္ဂိုလ်၊ သတိပဋ္ဌာန်အခြေခံရှိတဲ့ပုဂ္ဂိုလ်များတော့ မြင်လျှင်မြင်ကာမျှမတ္တဆိုတာ သဘောကျပါတယ်။

စကြံ့လျှောက်နေတဲ့ပုဂ္ဂိုလ် အမှတ်တွေကောင်းနေတဲ့အခိုက်အတန့် ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်နေတဲ့ပုဂ္ဂိုလ်မှာ ပေါ့ပေါ့တက်သွားတာ၊ လှမ်းတဲ့အခါလည်း ပေါ့ပေါ့ပြီးတော့ရွေ့သွားတာ၊ ချလိုက်တဲ့အခါလည်း လေးလေးပြီးတော့ကျသွားတာကို မြင်ရတဲ့ယောဂီပုဂ္ဂိုလ်မှာ သူ့ရှေ့က လူတစ်ယောက် ဖြတ်သွားပြီးတဲ့အခါ သွားမေးကြည့်၊ "ယောဂီရှေ့က ဖြတ်သွားတာ ဘယ်သူလဲ" "လူတစ်ယောက်တော့ ဖြတ်သွားတာပဲ။ ဘယ်သူလည်းတော့ မသိဘူး"။ မပြောပါဘူးလား ... ပြောပါတယ်ဘုရား။ မြင်လျှင်မြင်ကာမျှမတ္တမှာ မတည်သွားပါဘူးလား ... တည်သွားပါတယ်ဘုရား။

သူနှလုံးသွင်းနေတာက ဘာကိုအဓိကထားပြီးတော့ နှလုံးသွင်းနေလဲ၊ အမှတ်ကို အဓိကထားပြီးတော့ နှလုံးသွင်းနေတယ်။ မြင်ဖို့ရာ အဓိကထားပြီးတော့ နှလုံးသွင်းတာမဟုတ်တော့ မြင်လျှင်မြင်ကာမျှမတ္တမှာ မတည်သွားပါဘူးလား ... တည်သွားပါတယ်ဘုရား။ အဲဒီလို တည်သွားလို့ရှိရင် အနုသယဟာ မကိန်းတော့ပါဘူး။ ဒီပုဂ္ဂိုလ်ဟာ ဆန့်ကျင်ဘက်ပဲ၊ ဒီပုဂ္ဂိုလ်ဟာ ခင်မင်စရာ တွယ်တာစရာပုဂ္ဂိုလ်ပဲလို့ ပိုင်းပိုင်းခြားခြားမသိတော့ လောဘလည်းမဖြစ်၊ ဒေါသလည်းမဖြစ်တော့ပေဘူး။

သမာဓိဉာဏ်တွေ သိပ်အားကောင်း၍ ဘင်္ဂဉာဏ်တွေ သိပ်ထက်သန်တဲ့ ပုဂ္ဂိုလ်တွေကျတော့ မြင်တယ်၊ မြင်တယ်လို့ မှတ်လိုက်ရင် မြင်ရတဲ့ အဆင်းရူပါရုံတွေ တရိပ်ရိပ် ပြောင်းလဲနေတာ၊ မြင်သိစိတ်လေး တစ်ခုပြီး တစ်ခု ပျောက်သွားတာ၊ မြင်တယ်၊ မြင်တယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်ပါ ကုန်ပျက်ကုန်ပျက်သွားတာ မြင်ကြရတယ်။ အဲဒီလိုမြင်တော့ ပိုပြီးတော့ ထူးခြားစွာသိရလို့ အကုသိုလ်တွေ မဖြစ်တော့ဘူး။ အနုသယတွေ မကိန်းနိုင်တော့ပေဘူး။

နားကကြားရင်လည်း ဒီလိုပဲမှတ်ရတယ်။ ဒီလိုပဲ ကြားတယ်၊ ကြားတယ် ဟု ကြားကာမျှမတ္တမှာ တည်သွားအောင် မှတ်ရတယ်။ မိမိရဲ့ သမာဓိဉာဏ် အားလျော်စွာ ကြားကာမျှမတ္တမှာ တည်သွားရင် အနုသယတွေ မကိန်းနိုင် တော့ပေဘူး။

အဲဒီလို မြင်ကာမျှမတ္တ၊ ကြားကာမျှမတ္တမှာ မမှတ်နိုင်ဘူးဆိုလို့ရှိရင်တော့ နောက်ပြန်သတိရတဲ့အခါ ကြံစည်တယ် စိတ်ကူးတယ်၊ ကြံစည်တယ် စိတ်ကူးတယ်လို့ မှတ်ရပါတယ်။ သမာဓိဉာဏ် အသင့်အတင့် အားရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ကြံစည်တဲ့၊ စိတ်ကူးတဲ့ စိတ်ကလေး ပျက်ပျက်သွားတာ ကိုယ် တိုင်ပဲ တွေ့ကြတယ်။ ကြံစည်တာ၊ စိတ်ကူးတာ ပျက်ပျက်သွားတော့ အနု သယကိန်းလို့ ရပါသေးရဲ့လား ... ကိန်းလို့မရပါဘုရား။ မရတော့ဘူး။

ကြံစည်တယ်၊ စိတ်ကူးတယ်တောင်မှ မမှတ်တတ်ဘူး။ မိမိသန္တာန်မှာ တော့ ဒါတွေ ပြန်ပြန်သတိရလို့ အနုသယတွေ ကိန်းနေတယ်လို့ သိတဲ့ ပုဂ္ဂိုလ်အတွက် ဘယ်လိုများမှတ်ရပါ့မလဲ ... ကိုယ်ကာယမှာ ရှုမှတ်ရပါမယ် ဘုရား။ ကာယကတော့ တရားနာပရိသတ်များ အနိုင်ဆုံးပါပဲ။ ကြံစည်တယ်၊ စိတ်ကူးဘယ်လည်း မမှတ်နိုင်ဘူးဆိုရင် ထိုင်လျက်ဆိုရင်တော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် မှတ်လိုက်ရမယ်။ အမှတ်ဖြစ်သွားတာနဲ့ ကြံစည်စိတ်ကူးမှုတွေ မရှိတော့ဘူး။ စိတ်က တစ်ချိန်ထဲမှာ နှစ်ခု တစ်ပြိုင် နက်တည်း မဖြစ်နိုင်ပေဘူး။ အမှတ်ဖြစ်သွားတာနဲ့ ပယ်ပြီးသား ဖြစ်သွား တယ်။ အနုသယကို ပယ်ပြီးဖြစ်သွားတယ်။ အနုသယ မကိန်းနိုင်တော့ပေဘူး။

လျောင်းလျက်ဆိုလို့ရှိရင်လည်း ဖောင်းတယ်၊ ပိန်တယ်၊ လျောင်းတယ် မှတ်နေလိုက်ရင် ဒီကြံစည်စိတ်ကူးမှုတွေ မရှိတော့ပေဘူး။ ပယ်ပြီးသား ဖြစ် သွားတယ်။

သွားလျက်ဆိုရင်လည်း ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ အမှတ်ဖြစ်သွားတာနဲ့ ကြံစည် စိတ်ကူးမှုတွေ မရှိတော့ပေဘူး။ ပယ်ပြီးသား ဖြစ်သွားတယ်။ တရားနာပရိ သတ်များ အာရမ္မဏာနုသယကို ပယ်နိုင်တဲ့၊ ပယ်သတ်နိုင်တဲ့ လက်နက် ကောင်း မရထားပါဘူးလား ... ရထားပါတယ်ဘုရား။ ဝိပဿနာလက်နက် ရထားတယ်။ လက်နက်ကောင်းရှိရဲ့သားနဲ့ မပယ်ဘူး၊ မသတ်ဘူး။ ကိုယ့်ကို ဒုက္ခပေးမယ့်တရားတွေကို မပယ်ဘူး၊ မသတ်ဘူးဆိုရင်တော့ နေရာမှ ကျမှ ကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျဘူး။ ကိုယ်ရထားတဲ့ လက်နက်ကို ကိုယ်အသုံးမချဘဲကိုး။ ကိုယ့်ကို ပြန်ဒုက္ခပေးမှာပေါ့။

ဝိပဿနာလက်နက် ရထားပြီးဖြစ်တယ်။ ဘယ်သူပေးထားတာလဲ ... မြတ်စွာဘုရားပေးထားတာပါဘုရား။ မြတ်စွာဘုရားပေးထားတာဖြစ်တယ်။ ကျေးဇူးတော်ရှင်. မဟာစည်ဆရာတော်ဘုရားကြီးကတစ်ဆင့် တရားနာပရိ သတ်များကို မေတ္တာ၊ ကရုဏာရှေ့ထားပြီးတော့ ပေးထားခဲ့တဲ့နည်းတွေ အင်မတန်ကောင်းတဲ့ လက်နက်တွေပေါ့လေ။ ကိလေသာတွေ ပယ်သတ်တဲ့ လက်နက်၊ အနုသယကိလေသာကို ပယ်သတ်နိုင်တဲ့လက်နက်ဆိုတာ ဝိ ပဿနာဉာဏ်ဖြစ်အောင် အားထုတ်ပုံ အားထုတ်နည်းတွေပဲဖြစ်တယ်။

တကယ်စင်စစ် အနုသယကိုပယ်နိုင်တာကတော့ အနမတဂ္ဂသံသရာက ပါလာတဲ့ သန္တာနာနုသယကို ပယ်နိုင်တာကတော့ ဘင်္ဂဉာဏ်ပဲတဲ့။ ဝိပဿ နာဉာဏ်ကတော့ အာရမ္မဏာနုသယ ပစ္စုပ္ပန်မှာတွေ့ရတဲ့၊ အာရုံအမျိုးမျိုး တွေမှာ ဖြစ်ဖြစ်လာတဲ့၊ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်အခါခါ ဖြစ်လာ တဲ့ အနုသယအကုသိုလ်ကို ပယ်နိုင်တယ်။ ဤကဲ့သို့ ပယ်နိုင်တာကလည်း တစ်ဆင့်မကောင်းနေပါဘူးလား ... ကောင်းနေပါတယ်ဘုရား။ နောက်နောင်

ဘဝတွေ အနုသယကင်းဖို့ရာဖြစ်တယ်။ သန္တာနာနုသယတွေ မဖြစ်တော့ပေဘူး။ အတိတ်အတိတ်ဘဝတွေက ပါလာခဲ့တဲ့ သန္တာနာနုသယကိုတော့ မဂ်ဉာဏ်က ပယ်နိုင်တယ်။

မဂ်ဉာဏ်ချည်းသက်သက်ကို သွားယူလို့လည်း မရဘူး။ မဂ်ဉာဏ်ဖြစ်အောင် ဘယ်ကစပြီးတော့ ပွားရသလဲ ... ဝိပဿနာဉာဏ်က စပွားရပါတယ်ဘုရား။ စပွားရတယ်။ မဂ်ဉာဏ်ရဲ့တည်ရာဟာ ဝိပဿနာပဲ။

ဝိပဿနာအားထုတ်လို့ ဝိပဿနာဉာဏ် ရင့်ကျက်သွားတဲ့အခါ မဂ်ဉာဏ်ကို ရောက်သွားတယ်။ မဂ်ဉာဏ်သို့ ရောက်သွားလို့ရှိရင် အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့၊ မိမိကို ဒုက္ခပေးနေတဲ့ အနုသယကို ပယ်သတ်လိုက်တာပါပဲတဲ့။ မဂ်ဉာဏ်ချည်းသက်သက်တော့ ပွားယူလို့ ... မရပါဘုရား။ မရဘူး။ မဂ်ဉာဏ်ဖြစ်ချင်လို့ရှိရင် ဘယ်တရားများပွားများအားထုတ်ရပါမလဲ ... ဝိပဿနာတရား ပွားများအားထုတ်ရပါမယ်ဘုရား။ ပွားများအားထုတ်ရတယ်။ ဒီတော့ သတိပဋ္ဌာန်တရား ပွားများအားထုတ်တာ အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက လိုက်ပါလာတဲ့၊ မိမိတို့ကို ဒုက္ခပေးနေတဲ့ အမြစ်ရင်းကြီးနဲ့တူတဲ့ အနုသယကိုလည်း ပယ်ရာမရောက်နေပါဘူးလား ... ပယ်ရာရောက်နေပါတယ်ဘုရား။ ပယ်ရာရောက်နေတယ်။

အကျိုးဖြစ်တဲ့ မဂ်ဉာဏ်ဖြင့်ပယ်နိုင်ခြင်း အစွမ်းသတ္တိရဲ့အမည်ကို အကြောင်းဖြစ်တဲ့ ဝိပဿနာဉာဏ်မှာ တင်စားပြီးတော့ အကြောင်းဖြစ်တဲ့ ဝိပဿနာဉာဏ်ဖြင့် ပယ်တယ်ဆိုလို့ရှိရင်လည်း မမှားပါဘူး။ ဝိပဿနာအားထုတ်နေရတာ အညစ်အကြေးနဲ့တူတဲ့ အနုသယတွေကို ပယ်နေရတာပဲ။

နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အမြစ်ကို တူးဖော်နေတာပဲ။ အဲဒီလို အမြစ်ရင်းကို ပယ်သတ်နိုင်မှလည်း မိမိတို့အလိုရှိအပ်တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေကို ရသွားနိုင်တယ်။ အမြစ်ရင်းကို မပယ်သတ်ရင်တော့ တရားထူးတရားမြတ်လည်း မရနိုင်ဘူး။ ဘဝသံသရာမှာ အိုလို့မဆုံး၊ နာလို့မဆုံး၊ သေလို့မဆုံးဘဲ ဖြစ်ရမှာပါပဲ။ အဲဒီအမြစ်ရင်းကို မပယ်သတ်နိုင်လို့ ဘဝသံသရာမှာ ပြန်ပြီးတော့ ဒုက္ခတွေတွေ့ရတဲ့ သာဓကလေးတစ်ခုပြောပြီးတော့ တရားအဆုံးသတ်ပါတော့မယ်။ ပရိသတ်ဟောင်း၊ ယောဂီဟောင်းများတော့ မကြာခဏ နာကြားဖူးပါတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတယ်။ တစ်နေ့သောအခါ အရှင်အာနန္ဒာနှင့်တကွ နောက်လိုက်သံဃာတွေနဲ့ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူပါတယ်။ မြို့ဝသို့ရောက်တော့ ဝက်မလေးတစ်ကောင်တွေ့တယ်။ အစာစားနေတယ်။ မြေကြီးတွေ တူးဖော်တူးဖော်ပြီးတော့စားနေတဲ့ ဝက်မလေးတစ်ကောင်တွေ့တော့ မြတ်စွာဘုရား ပြုံးတော်မူလိုက်တယ်။ ပြုံးတော်မူလိုက်တော့ သွားတော်က အရောင်တွေထွက်တော်မူတဲ့အတွက်ကြောင့် မြတ်စွာဘုရား ပြုံးတော်မူတာကို အရှင်အာနန္ဒာကသိတော့ "မြတ်စွာဘုရား ... ဘာကြောင့် ပြုံးတော်မူတာပါလဲဘုရား"ဟု လျှောက်ထားတယ်။

"ဟိုရှေ့နားမှာ ဝက်မလေးတွေ့လား ... " "တွေ့ပါတယ်ဘုရား" "အဲဒီဝက်မလေးကို တွေ့လို့ပြုံးတာ။ ဒီဝက်မလေးဟာ သာမန်ဝက်မလေး မဟုတ်ဘူး။ ဗြဟ္မာပြည်က သက်ဆင်းလာတဲ့ ဝက်မလေး။" အံ့ဩစရာမကောင်းပါဘူးလား ... အံ့ဩစရာကောင်းပါတယ်ဘုရား။ ဗြဟ္မာပြည်ဆိုတာ သာမန်ပုဂ္ဂိုလ်တွေရောက်နိုင်တာ မဟုတ်ပေဘူး။ ကျင့်ကြံလို့ ဈာန်တွေ ရသွားတဲ့အခါကျမှ

ဗြဟ္မာပြည် ရောက်သွားတယ်။ အဲဒီဗြဟ္မာပြည်ကနေပြီးတော့ သက်ဆင်းလာတဲ့ ဝက်မလေးဆိုတော့ ရဟန်းတော်တွေ ထိတ်လန့် အံ့ဩသွားကြတယ်။

“ဒီဝက်မလေးဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ဆွမ်းစားကျောင်းအနီးမှာ ကြက်မကြီးဖြစ်တယ်။ ရဟန်းတစ်ပါးက ဝိပဿနာတရားတွေ သရဇ္ဈာယ်နေတဲ့ တရားအသံနာကြားပြီး ကွယ်လွန်သွားတဲ့အတွက်ကြောင့် မင်းသမီးသွားဖြစ်တယ်။ လူ့ပြည်မှ တရားသံတွေကြားပြီးတော့ မင်းသမီးသွားဖြစ်ရတဲ့အတွက်ကြောင့်၊ တရားလေးက ပါသွားတဲ့အတွက်ကြောင့် လူ့ပြည် လူ့လောကမှာ မပျော်တော့ပေဘူး။ ပရိဗိုဇ်မဝတ်ပြီးတော့ ရသေ့မဝတ်ပြီးတော့ တရားတွေ ကျင့်ကြံအားထုတ်နေတယ်။ ပရိဗိုဇ်မဆိုတော့ ရှစ်ပါးသီလအကျင့်၊ ဆယ်ပါးသီလအကျင့်တွေနဲ့ ပြည့်စုံနေတယ်။

သီလအကျင့်ဆိုတာ အဖျားဖြတ်တရားပဲ။ သီလဟာ ဘာတရားပါလဲ ... အဖျားဖြတ်တရားပါဘုရား။ နောက် သမထလည်း အားထုတ်တယ်။ တစ်နေ့သောအခါ ကုဋီအိမ်သာထဲ ဝင်လိုက်တဲ့အခါ လောက်တွေကို မြင်လိုက်တော့ သူရှုလိုက်တာ ပထမဈာန်ရသွားတယ်။ အဲဒီပထမဈာန်ရသွားတဲ့အခါ ဈာန်သမာပတ်ချမ်းသာနဲ့ပဲ သူပျော်မွေ့ပြီးတော့နေတယ်။ တစ်ဘဝလုံး ပထမဈာန်ချမ်းသာနဲ့ပဲ နေပေတယ်။ ဝိပဿနာကိုတော့ အားမထုတ်ဖြစ်ဘူးတဲ့။ ကွယ်လွန်သွားတော့ ပထမဈာန်ဗြဟ္မာပြည်သို့ ရောက်သွားတယ်။ ပထမဈာန်ဗြဟ္မာပြည်မှာ ကမ္ဘာနဲ့ချီပြီးတော့ ဗြဟ္မာရဲ့ချမ်းသာတွေ ခံစားပြီးတော့ ဈာန်အရှိန်ကလည်း ကုန်သွား၍ ဗြဟ္မာသက်တမ်းကလည်း ကုန်သွားတဲ့အခါကျတော့ လူ့ပြည်မှာ သူဌေးသမီး ပြန်ဖြစ်တယ်။

တစ်ခါတည်း ဝက်မလေးတော့ မဖြစ်ဘူးတဲ့။ ပထမစျာန်ရအောင် အားထုတ်စဉ်က ဥပစာရသမာဓိဆိုတာရှိတယ်။ သူကတစ်ဆင့် အကျိုးပေးပါတယ်။ လူ့ပြည်မှာပြန်ပြီး သူဌေးသမီးဖြစ်တယ်။ သူဌေးသမီးဘဝက ဒုစရိုက်မှုတွေ ပြုလုပ်မိတဲ့အတွက်ကြောင့် ယခု ငါဘုရားပွင့်လာတဲ့အခါမှာ ဒီရာဇဂြိုဟ်မြို့မှာ ဝက်မလေး ဖြစ်နေရတာပဲ"ဟု မြတ်စွာဘုရား မိန့်ကြားလိုက်တော့ ရဟန်းတော်တွေ သံဝေဂဖြစ်ကြတယ်။ အို ... စျာန်ရအောင် အားထုတ်ဖို့ကလည်း လွယ်တာမဟုတ်ဘူး။ စျာန်ရပြီးပုဂ္ဂိုလ်ပင် ဤဝက်ဖြစ်ရသေးတယ်ဟု သံဝေဂတွေဖြစ်နေတဲ့ အခိုက်အတန့်မှာ ရဟန်းတော်တွေ တရားရနိုင်တဲ့အကြောင်းကို မြတ်စွာဘုရား မြင်တော်မူလို့ ရပ်ပြီးတော့ တရားဟောပါတယ်။

**ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊**
**ဆိန္နောပိ ရုက္ခော ပုနရေဝ ရုဟတိ။**
**ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊**
**နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။**

**မူလေ** = အမြစ်အရင်းသည်၊ **အနုပဒ္ဒဝေ** = ဘေးရန်မရှိသည်ဖြစ်၍၊ **ဒဠှေ** = မြဲမြံစွာတည်သည်၊ **သတိ** = ရှိသော်၊ **ဆိန္နောပိ** = ဖြတ်အပ်သော်လည်း၊ **ရုက္ခော** = သစ်ပင်သည်၊ **ပုနရေဝ** = တစ်ဖန်သာလျှင်၊ **ရုဟတိယထာပိ** = အကိုင်းအခက်ပေါက်ကာ စည်ပင်ကြီးပွားပြန်သကဲ့သို့၊ **ဧဝံ** = ဤအတူ၊ **တဏှာနုသယေ** = အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက ကိန်းလာသောတဏှာနုသယကို၊ **အနူဟတေ** = သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့ဖြင့် မပယ်သတ်သည်ရှိသော်၊ **ဣဒံဒုက္ခံ** = ဤဘဝသစ်၌ဖြစ်ရသောဆင်းရဲ အိုရခြင်းဆင်းရဲ နာရခြင်းဆင်းရဲ

သေရခြင်းဆင်းရဲသည်၊ **ပုနပ္ပုနံ** = အဖန်ဖန်အထပ်ထပ်၊ **နိဗ္ဗတ္တတိ** = ဖြစ်ရ၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

အဆိပ်ပင်ကြီးတစ်ပင်ကို ပင်စည်လုံးပတ်၊ အကိုင်းအခက်တွေဖြတ်ထားပြီး အမြစ်ကြီးတော့ မတူးဖော်ဘဲထားခဲ့လို့ရှိရင် ဒီအပင်ကြီးဟာ ဘေးရန်အန္တရာယ်တွေမရှိဘဲနဲ့ ရေတွေ၊ မိုးတွေ၊ လေတွေ အဆင်သင့်သွားတဲ့အခါ အကိုင်းတွေ အခက်တွေ ပြန်ပေါက်ပြီးတော့ ဒီအဆိပ်ပင်ကြီးဟာ လူတွေကို၊ ပုဂ္ဂိုလ်သတ္တဝါတွေကို ဒုက္ခပြန်ရောက်စေသလို အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက ကိန်းလာ၊ ပါလာတဲ့ တဏှာနုသယ အနုသယကိလေသာကို မဂ်ဖြင့် မပယ်သတ်နိုင်လို့ရှိရင် ဘဝသစ်မှာ ဖြစ်ရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ အစရှိတဲ့ ဆင်းရဲတွေ အဖန်ဖန်အထပ်ထပ် ဖြစ်လို့မဆုံး၊ အိုလို့မဆုံး၊ နာလို့မဆုံး၊ သေလို့မဆုံး၊ အပါယ်ငရဲလည်းကျလို့မဆုံး ဖြစ်ရလိမ့်မယ်ဟု မြတ်စွာဘုရား ဟောကြားလိုက်တော့ ရဟန်းတွေ သံဝေဂဖြစ်နေတဲ့အခိုက်အတန့် နာကြားပြီးတော့ အားထုတ်လိုက်ကြတာ သောတာပန်၊ သကဒါဂါမ် စသည်တို့ ဖြစ်သွားကြတယ်တဲ့။

အဲဒီမှာ ဂါထာ(၆)ဂါထာလောက် ဟောကြားလိုက်ပါတယ်။ ရဟန်းတော်တွေ သံဝေဂတွေဖြစ်နေတဲ့အခိုက်အတန့် အားထုတ်လိုက်တော့ တရားထူးတရားမြတ်တွေ မရသွားပါဘူးလား ... ရသွားပါတယ်ဘုရား။ ရသွားကြတယ်။ အဲဒီမှာ ဝက်မလေး ပရိဗိုဇ်မဖြစ်စဉ်အခါတုန်းက အဖျားဖြတ်တရား သီလတရားနဲ့လည်း မပြည့်စုံပါဘူးလား ... ပြည့်စုံပါတယ်ဘုရား။ အလယ်ဖြတ်တရား သမထတရားနဲ့လည်း ပြည့်စုံတယ်။ အရင်းဖြတ်တရား

အမြစ်ဖြတ်ဝိပဿနာတရားနဲ့ မပြည့်စုံခဲ့တဲ့အတွက်ကြောင့် ဘာဖြစ်ရပါသလဲ ... ဝက်မလေး ဖြစ်ရပါတယ်ဘုရား။ ဗြဟ္မာပြည်ကနေပြီးတော့ ဘယ်ရောက်ပါသလဲ ... ဝက်မလေး ပြန်ဖြစ်ပါတယ်ဘုရား။ အမြစ်ဖြတ်တရား အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။

"ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှင်းရှင်း" အင်မတန်ပဲ သတိထားစရာ မကောင်းပါဘူးလား ... သတိထားစရာကောင်းပါတယ်ဘုရား။ ယခုတရားနာပရိသတ်များကတော့ အမြစ်ဖြတ်တရားကို အဓိက ထားပြီးတော့ အားထုတ်နေရတယ်။ အလွန်နေရာကျတာပါပဲ။

ဆောင်ပုဒ်။ ။ အမြစ်မပယ်၊ အကိုင်းပယ်၊ ပြန်လည်ကြီးထွားသည်။

အကိုင်းတွေ၊ ပင်စည်လုံးပတ်တွေသာ ပယ်သတ်ထားတယ်။ အမြစ်ရင်းကြီးကို မတူးဖော်လိုက်တော့ ပြန်လည်ကြီးထွားလာပြီး လူတွေကို ဒုက္ခမပေးပါဘူးလား ... ဒုက္ခပေးပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ အနုသယမပယ်၊ ဒုက္ခနယ်၊ ပြန်လည်ဖြစ်ရသည်။

အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက ကိန်းပါလာတဲ့ အနုသယတွေ မပယ်နိုင်တဲ့အတွက်ကြောင့် ဒုက္ခနယ်ထဲတွင် ဝက်မလေး ပြန်မဖြစ်ရပါဘူးလား ... ဖြစ်ရပါတယ်ဘုရား။ ဒုက္ခနယ် အပါယ်(၄)ဘုံကို ပြန်ကျရတယ်။

ဆောင်ပုဒ်။ ။ အနုသယမပယ်၊ ဝက်မငယ်၊ ပြန်လည်ဖြစ်ရသည်။

အဖျားဖြတ်တရား သီလနဲ့လည်း ပြည့်စုံခဲ့တယ်။ အလယ်ဖြတ်တရား သမထနဲ့လည်း ပြည့်စုံခဲ့တယ်။ အရင်းဖြတ်တရား ဝိပဿနာနဲ့ မပြည့်စုံ

ခဲ့တဲ့အတွက်ကြောင့် အနုသယတည်းဟူသော အမြစ်ရင်းကြီးကို မပယ်နိုင်ခဲ့တဲ့အတွက်ကြောင့် ဘာလေးဖြစ်ရပါသလဲ ... ဝဋ်မလေးဖြစ်ရတယ်တဲ့။

**ဆောင်ပုဒ်။ ။ အနုသယကိုပယ်၊ ဒုက္ခနယ်၊ တကယ်လွတ်ကြသည်။**

ရဟန်းတော်တွေ ဝိပဿနာတရားအားထုတ်လိုက်တော့ အနုသယကို ပယ်လိုက်တဲ့အတွက်ကြောင့် ဒုက္ခနယ်ထဲက လွတ်မြောက်သွားကြတယ်။ သကဒါဂါမ်ဖြစ်သွားတဲ့ ရဟန်းတော်တွေကျတော့ လူ့ပြည်၊ နတ်ပြည်(၆)ထပ်မှာဖြစ်ရတဲ့ အကြိမ်ပေါင်းများစွာ ဖြစ်ရမယ့် အိုခြင်း၊ နာခြင်း၊ သေခြင်းစတဲ့ ဒုက္ခတွေ လွတ်မြောက်သွားတယ်။ တစ်ကြိမ်သာ ယင်းဒုက္ခတွေကို ခံရတော့တယ်။

သကဒါဂါမီ။ သကိံ = တစ်ကြိမ်၊ အာဂါမီ = ပြန်လာတဲ့ပုဂ္ဂိုလ်။ တစ်ကြိမ်ပဲ လူ့ပြည်၊ နတ်ပြည်မှာဖြစ်ရမယ့် ဒုက္ခတွေ ခံရတော့မယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အနာဂါမ်ဖြစ်သွားလို့ရှိရင်တော့ အနာဂန္တာ=ဆိုတဲ့အတိုင်း ကာမဘုံမှာ လူ့ပြည်၊ နတ်ပြည်မှာဖြစ်ရမယ့် အိုရ၊ နာရ၊ သေရတဲ့ဒုက္ခတွေ လုံးဝကင်းလွတ်သွားတယ်။ ဘာကို ပယ်လိုက်လို့ပါလဲ ... အနုသယကို ပယ်လိုက်လို့ပါဘုရား။ အနုသယကို ပယ်လိုက်လို့။

ရဟန္တာဖြစ်အောင် အားထုတ်လိုက်တဲ့အခါကျတော့ အနုသယကို ပယ်လိုက်တဲ့အခါကျတော့ (၃၁)ဘုံမှာဖြစ်ရတဲ့ ဒုက္ခအမျိုးမျိုးကို အကုန်လွန်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ တစ်ခါတည်း ရောက်တော့တာပါပဲ။

**ဆောင်ပုဒ်။ ။ အနုသယပယ်ရန်၊ သတိပဋ္ဌာန်၊ အမှန်ပွားရမည်။**

အနုသယပယ်ဖို့ရာ ဒါနလောက်လေးနဲ့လည်း မပယ်နိုင်၊ သီလလောက်နဲ့လည်း မပယ်နိုင်၊ သမထလောက်နဲ့လည်း မပယ်နိုင်ပေဘူး။ တကယ်တမ်း ဒုက္ခတွေမှ လွတ်မြောက်ချင်တယ်၊ အနုသယကို ပယ်ချင်ပါတယ်ဆိုရင်တော့ ဘယ်တရားများ အားထုတ်ရပါမလဲ ... သတိပဋ္ဌာန်တရား အားထုတ်ရပါမယ်ဘုရား။ အားထုတ်ရမယ်။

သမ္မာသတိဆိုတာ သတိပဋ္ဌာန်တရား (၄)ပါးဖြစ်တယ်။ ကာယာနုပဿနာသတိပဋ္ဌာန် - ကိုယ်အမူအရာလေး ဖြစ်တိုင်းဖြစ်တိုင်း သတိကပ်ပြီးတော့ ရှုမှတ်နေရတယ်။ ဝေဒနာနုပဿနာသတိပဋ္ဌာန် = ကောင်းဆိုးလတ်ဆိုတဲ့အတိုင်း ကောင်းတဲ့ဝေဒနာ၊ ဆိုးတဲ့ဝေဒနာ၊ အလတ်တန်းစားဖြစ်တဲ့ဝေဒနာဟူသော(၃)ပါးကို ပေါ်ရာပေါ်ရာဝေဒနာကို သတိကပ်ပြီးတော့ ရှုမှတ်နေရတယ်။

စိတ္တာနုပဿနာသတိပဋ္ဌာန်ဆိုတာ စိတ်အမူအရာလေး ကောင်းတဲ့စိတ်ဖြစ်ပေါ်လာရင် ကောင်းတဲ့စိတ်ကလေးတွေကိုလည်း ရှုမှတ်ရတယ်။ ဆိုးတဲ့စိတ်ကလေးတွေ ပေါ်လာရင်လည်း ဆိုးတဲ့စိတ်ကလေးတွေကို ရှုမှတ်ရမယ်။ စိတ်ချမ်းသာလာရင်လည်း ချမ်းသာတဲ့စိတ်ကလေးကို ရှုမှတ်ရမယ်။ စိတ်ညစ်သွားရင်လည်း ညစ်တဲ့စိတ်ကို ရှုမှတ်နိုင်ရမယ်။ စိတ်ဆင်းရဲသွားရင်လည်း စိတ်ဆင်းရဲတယ် ရှုမှတ်ရတယ်။ စိတ်အမူအရာလေး ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ရတယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာ ကာယာနုပဿနာသတိပဋ္ဌာန်နဲ့လည်း ရှုလို့မရ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့လည်း ရှုလို့မရ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့လည်း ရှုလို့မရတဲ့ သဘောတရားမှန်သမျှကို ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ပဲ ရှုရတယ်။ မြင်တယ် မြင်တယ်၊ ကြားတယ် ကြားတယ်၊ နံတယ် နံတယ်ဟု ရှုမှတ်ရတယ်။

မြင်ကာမျှမတ္တသဘောလေးမှာ တည်ရအောင်၊ ကြားကာမျှမတ္တသဘောလေးမှာ တည်ရအောင်၊ နံကာမျှမတ္တသဘောလေးမှာ တည်ရအောင် မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ကာယ၊ ဝေဒနာ၊ စိတ္တမှတစ်ပါး ကျန်တာတွေရှုတာကိုတော့ ဘာလို့ခေါ်ပါသလဲ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်ရတယ်။ သဘောတရားမျှကို ရှုရတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်တွေ ဆိုပြီးတော့ တရားအဆုံးသတ်ရအောင်။

ဆောင်ပုဒ်။ ။ ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုရမည်။

ကိုယ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်းမှာ မှန်စွာသိအောင် ရှုရမည်။ ကိုယ်အမူအရာလေး ဖြစ်တိုင်းဖြစ်တိုင်း ထိုင်တယ် ထိုင်တယ်၊ ထတယ် ထတယ်၊ သွားတယ် သွားတယ်၊ ရပ်တယ် ရပ်တယ်၊ လျှောင်းတယ် လျှောင်းတယ်၊ ကွေးတယ် ကွေးတယ်၊ ဆန့်တယ် ဆန့်တယ်လို့ အမူအရာလေးကို သိအောင် ရှုနေရမယ်။

ဆောင်ပုဒ်။ ။ ကောင်းဆိုးလတ်ပါ၊ ဝေဒနာ၊ ပေါ်တာရှုရမည်။

ကောင်းတဲ့သုခဝေဒနာ ပေါ်လာရင်လည်း ရှုရမှာပဲ။ ဆိုးတဲ့ဒုက္ခဝေဒနာ ပေါ်လာရင်လည်း ရှုရမှာပဲ။ ကောင်းတာလည်းမဟုတ် ဆိုးတာလည်းမဟုတ် အလတ်တန်းစားဖြစ်တဲ့ ဥပေက္ခာဝေဒနာပေါ်လာရင်လည်း ရှုရမှာပဲ။

ဆောင်ပုဒ်။ ။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုရမည်။

ကောင်းတဲ့စိတ်ပေါ်လာရင်လည်းရှု၊ ဆိုးတဲ့စိတ်ဖြစ်ပေါ်လာရင်လည်းရှု၊ စိတ်ညစ်တာလည်းရှု၊ စိတ်ဆိုးရင်လည်းရှု၊ စိတ်ချမ်းသာရင်လည်းရှု။ စိတ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်းလည်း ရှုနေရမယ်။

**ဆောင်ပုဒ်။ ။ သဘောတရား၊ ထင်ပေါ်ကြွား၊ ပိုင်းခြားရှုရမည်။**

သဘောတရားတွေ မြင်ကာမျှမတ္တ၊ ကြားကာမျှမတ္တဆိုတဲ့ သဘောတရားတွေ ပိုင်းခြားပိုင်းခြားပြီးတော့ ရှုရမယ်။ သတိပဋ္ဌာန်တရား(၄)ပါး အသင့်အတင့် ပြည့်စုံနေပါပြီ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဆောင်ပုဒ်လေးနဲ့ သဘောပေါက်လောက်ပါပြီ။

ဤကဲ့သို့ ယနေ့ယခုအခါ၌ မဂ္ဂပစ္စည်းတရားကို ရှုမှတ်ပုံနှင့်တကွ အတိုချုပ် နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# သမ္မယုတ္တပစ္စည်း

၁၃၅၃-ခု၊ တန်ဆောင်မုန်းလဆန်း(၈)ရက်နေ့မှာ ဟောကြားမယ့်တရားတော်က သမ္မယုတ္တပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းတရားတော်ဖြစ်တယ်။

သမ္မယုတ္တနဲ့ဝိပ္ပယုတ္တ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပါပဲ။ သမ္မယုတ္တသဘော၊ ဝိပ္ပယုတ္တသဘောလေးတွေ နှစ်ခုထောက်ထားပြီးတော့ သိကြပါတယ်။ ရှေးဦးစွာ သမ္မယုတ္တကို ဟောပါ့မယ်။

သမ္မယုတ္တဆိုတာ ယှဉ်တာပါပဲ။ ယှဉ်ခြင်းသဘော၊ ယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်တဲ့ ပစ္စည်းတရားဖြစ်တယ်။ ယှဉ်တယ်ဆိုတာ အသက်ရှင်နေတာမျိုးကို ရှင်တယ်လို့ ဒီနေရာမှာ ဆိုလိုရင်းမဟုတ်ပါဘူး။ အသက်ရှင်တာများကို မယူရပါဘူး။ တစ်ခုနဲ့တစ်ခု တွဲယှဉ်သော ယှဉ်စပ်ထားတဲ့သဘော အတူတကွယှဉ်တွဲပြီးတော့ ရှိနေတဲ့သဘောဖြစ်တယ်။ အသက်ရှင်တာမျိုး မယူရဘူး။ ယှဉ်တွဲအတူတကွရှိနေတဲ့သဘောကို ယူရပါမယ်။

မြန်မာဝေါဟာရကလည်း တော်တော်လေးပဲ ပရိယာယ်ကများပါတယ်။ ယှဉ်တယ်ဆိုတာ အသက်ရှင်တာကိုလည်း ရှင်တယ်။ ယှဉ်တွဲပြီးတော့နေတာကိုလည်း ယှဉ်တယ်ဟူသော ၂-မျိုးတို့တွင် အသက်ရှင်တာမျိုးကို

ဒီနေရာမှာ ယှဉ်တယ်လို့ မယူရပါဘူး။ ယှဉ်တွဲနေတာမျိုးကို တွဲစပ်ပြီးတော့ အတူတကွဖြစ်တာမျိုးကို ယူရပါမယ်။

**သမံ ကေ့ပ္ပါဒါဒိ ပကာရေဟိ ယုဇ္ဇတိ သမ္ပယုတ္တော။**

**သမံ** = အညီအမျှ **ကေ့ပ္ပါဒါဒိ ပကာရေဟိ** = အတူတကွဖြစ်ခြင်း အစရှိကုန်သောအပြားတို့ဖြင့်၊ **ယုဇ္ဇတိ** = ယှဉ်တတ်၏။ **ဣတိတသ္မာ** = ထိုသို့အညီအမျှ အတူတကွဖြစ်ခြင်း အစရှိသည်တို့ဖြင့် ယှဉ်တတ်သောကြောင့်၊ **သမ္ပယုတ္တော** = သမ္ပယုတ္တမည်၏။

အတူတကွဖြစ်ခြင်း၊ အတူတကွချုပ်ခြင်းစတဲ့ သမ္ပယုတ္တအင်္ဂါ(၄)ပါးတို့ ဖြင့် ယှဉ်ခြင်းကို သမ္ပယုတ္တလို့ ဆိုရပါတယ်။ ပစ္စည်းရဲ့သဘောတရားကတော့ သိပ်မခက်လှပါဘူး။ သဟဇာတပစ္စည်းမျိုးထဲကပါပဲ။ သဟဇာတ ပထမအ ချက်နဲ့တူတယ်။ သဟဇာတပစ္စည်းကို ရထားတဲ့ပုဂ္ဂိုလ်ကတော့ လွယ်တယ်။ ပစ္စည်း ပစ္စယုပ္ပန်ပါဠိတော်ကို မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် ရွတ်ဆိုပြီးမှ အနည်းငယ် ရှင်းပြပါမယ်။ အားလုံး လိုက်ဆိုကြပါဦးစို့။

**သမ္ပယုတ္တပစ္စယောတိ -**
**စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။**

**သမ္ပယုတ္တပစ္စယောတိ** = သမ္ပယုတ္တပစ္စည်းဟူသည်ကား၊ **အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **စတ္တာရော** = လေးပါးကုန်သော၊ **ခန္ဓာ** = ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည်၊ **အညမညံ+အညမညဿ** = အချင်းချင်းအား၊ (ဝါ) **အညောအညဿ** = တစ်ပါးသည်တစ်ပါးအား၊ **သမ္ပယုတ္တပစ္စယေန** = သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော**= ကျေးဇူးပြုတတ်သည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** =

မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

စတ္တာရော ခန္ဓာ အရူပိနော အညမည် သမ္ပယုတ္တပစ္စယေန ပစ္စယော- ဆိုတာ ဟိုရှေ့ကပါခဲ့ပြီးပြီ။ ဘယ်မှာပါခဲ့ဖူးပါသလဲ၊ သဟဇာတပစ္စည်း ပထမအချက်မှာ ပါခဲ့ပြီးပြီ။ အဲဒီကအတိုင်းပါပဲ။ အညမညပစ္စည်းမှာလည်း ပါတော့ပါခဲ့ပါတယ်။ သဟဇာတပစ္စည်းကတော့ အဓိကပါပဲ။ သမ္ပယုတ္တပစ္စည်း ဆိုတာ သဟဇာတမျိုး သဟဇာတထဲက ထွက်ပေါ်လာတာပါပဲ။ သူကတော့ သီးခြား သူ့အင်္ဂါလက္ခဏာပြည့်စုံမှ သမ္ပယုတ္တဖြစ်နိုင်တယ်။ သမ္ပယုတ္တ = ယှဉ်တယ်ဆိုတာ အင်္ဂါ(၄)ချက်နဲ့ပြည့်စုံမှ ယှဉ်တယ်လို့ ဆိုရပါတယ်။ အ တူတကွဖြစ်တာကတော့ သဟဇာတ။ အတူတကွဖြစ်ရုံမျှနဲ့တော့ သမ္ပယုတ္တ ယှဉ်တာတော့ မဖြစ်နိုင်ပေဘူး။ ဒါကြောင့် သမ္ပယုတ္တကို သီးခြား မြတ်စွာ ဘုရား ထပ်မံပြီးတော့ ဟောကြားပါတယ်။ သမ္ပယုတ္တအင်္ဂါ(၄)ပါး ဆောင် ပုဒ်အရင်ဆိုရအောင်။

ဆောင်ပုဒ် ။ ။ ဖြစ်ချုပ်အာရုံ၊ ဝတ္ထုံမှီရာ၊ ဤလေးဖြာ၊
တူတာသမ္ပယုတ်မည်။

"ဖြစ်ချုပ်အာရုံ"ဠ ဖြစ်တာတစ်ခု၊ ချုပ်တာတစ်ခု၊ "အာရုံ"ကတစ်ခု၊ "ဝတ္ထု" ကတစ်ခု၊ "လေးဖြာ"တူရမယ်တဲ့။ သမ္ပယုတ္တပစ္စည်းတရားဆိုတာဟာ ဒီ အင်္ဂါ(၄)ချက်နဲ့ပြည့်စုံမှ သမ္ပယုတ္တပစ္စည်းတရား ဖြစ်နိုင်တယ်တဲ့။ ပါဠိလို တော့ -

(၁) ကေပ္ပါဒ = အတူတကွဖြစ်ခြင်း၊
(၂) ကေနိရောဓ = အတူတကွချုပ်ခြင်း၊
(၃) ကောလမ္ဗန = အာရုံတူခြင်း၊
(၄) ကေဝတ္ထု = မှီရာဝတ္ထုတူခြင်း၊ ဒီ(၄)ပါးတူမှ သမ္ပယုတ္တပစ္စည်း ဖြစ်နိုင်တယ်။

စိတ်ကတော့အဓိကပဲ။ စေတသိက်တွေက စိတ်နှင့် သမ္ပယုတ်ဖြစ်ကြရတယ်။ အဲဒီစေတသိက်တွေဟာ စိတ်နဲ့ ဖြစ်တာလည်းတူရမယ်၊ ချုပ်တာလည်းတူရမယ်၊ အာရုံလည်းတူရမယ်၊ မှီရာဝတ္ထု ဖြစ်ပေါ်ရာ မှီရာဝတ္ထုချင်းလည်းတူရမယ်။ အဲဒီလို(၄)ပါးလုံးတူမှ သမ္ပယုတ္တပစ္စည်း ဖြစ်နိုင်တယ်။ အတူတကွဖြစ်ပြီးတော့ ဒီအင်္ဂါ(၄)ချက် မပြည့်စုံရင်တော့ သမ္ပယုတ္တမဖြစ်ပေဘူး။ နောက်မှ တစ်ခါထပ်ပြီးတော့ ရှင်းပြပါမယ်။

စတ္တာရော ခန္ဓာ အရူပိနော-ဣ စတ္တာရော ခန္ဓာ အရကောက်လိုက်တော့ ဝေ သဉ်_သင် ဝိဉ်_။ စတ္တာရောဆိုတာက ဘယ်နှခုပါလဲ ... (၄)ခုပါဘုရား။ (၄)ခု။ ပါဠိလို စတ္တာရောဆိုတာ (၄)ခု၊ စတုဆိုတာလည်း (၄)ခု။ စတ္တာရောဆိုတာ ပါဠိသဒ္ဒါအရ (၄)ခု။ အဲဒီ(၄)ခုဆိုတာ ဘယ်ဟာတွေလဲဆိုတော့ ဝေ = ဝေဒနာက္ခန္ဓာ၊ သဉ်_= သညာက္ခန္ဓာ၊ သင် = သင်္ခါရက္ခန္ဓာ၊ ဝိဉ်_ = ဝိညာဏက္ခန္ဓာ။ အရူပိနောဆိုတာ ရုပ်မဟုတ်ဘူး၊ နာမ်တရားတွေ။ ရူပဆိုတာက ရုပ်။ "အ"က ရုပ်တရားမဟုတ်တာဆိုတော့ နာမ်တရားတွေ။ ပါဠိဝေါဟာရလေးတွေလည်း သဘောပေါက်နေရအောင်။ ရူပဆိုတာ ရုပ်။ ရူပိနောဆိုတာ ရုပ်တရားတွေ။ အခုတော့ အဲဒီ ရူပိနောရှေ့က "အ"ကလေးထည့်လိုက်တော့ ရုပ်တရားတွေမဟုတ်ဘူးဆိုတော့ နာမ်တရားတွေလို့ ပြောတာပါပဲ။

နာမ်တရားတွေဆိုတာ ဘယ်ဟာတွေလဲဆိုရင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဒီခန္ဓာ(၄)ပါး။ ဒါနာမ်တရားတွေပါပဲ။ အရေအတွက်အားဖြင့် ဘယ်လောက်ရှိပါသလဲ ... (၄)ပါးရှိပါတယ်ဘုရား။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ အပေါင်းရေတွက်လိုက်တော့ (၄)ပါးရှိပါတယ်။ အစိပ်စိပ်သရုပ်အားဖြင့် ရေတွက်လိုက်တော့ စိတ်(၈၉)ခု၊ စေတသိက်(၅၂)ပါးဖြစ်တယ်။ ဒါက အစိပ်ရေတွက်ပြလိုက်တာ။ ရနိုင်သမျှ ရေတွက်ပြလိုက်တာ။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ အရေအတွက်ကို သရုပ်ဖော်ထုတ်ပြပါဆိုရင် စိတ်(၈၉)ခု၊ စေတသိက်(၅၂) ခု၊ ပါဠိလိုတော့ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသဖြစ်တယ်။

ဒွေ-ဆိုတာ (၂)ခု၊ ပညာသ-ဆိုတာ (၅၀)။ စိတ်တစ်ခုယုတ်ကိုးဆယ်ကလည်း ပါဠိဝေါဟာရပါပဲ။ တစ်ခုယုတ်နေတဲ့ ကိုးဆယ်။ နောက်တစ်ခု ထပ်ဖြည့်လိုက်ရင် ဘယ်နခုဖြစ်သွားမလဲ ... (၉၀)ဖြစ်သွားပါမည်ဘုရား။ တစ်ခုယုတ်ကိုးဆယ်ဆိုတာ အဘိဓမ္မာဝေါဟာရပါပဲ။

ပစ္စည်းတရားထဲက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်။ အသေးစိတ်အရေအတွက်အားဖြင့် စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ (၅၂)ပါး။ ပစ္စယုပ္ပန်ဘက်ကကြည့်လိုက်တော့လည်း ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ပဲ။ အကျိုးတရား ပစ္စယုပ္ပန်တရားဘက်ကလည်း ဒီတရားတွေပဲ ပြန်ဖြစ်မနေဘူးလား ... ပြန်ဖြစ်နေပါတယ်ဘုရား။

တရားနာပရိသတ်များရဲ့ ဉာဏ်မှာတော့ မထင်ရှားနိုင်ဘူး။ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားနိုင်တယ်။ သာဝကတွေရဲ့ ဉာဏ်မှာလည်း မထင်ရှားနိုင်ဘူး။ အရှင်သာရိပုတ္တရာစတဲ့ ပညာအရာမှာ

တောဒဂ်ရတဲ့ ပုဂ္ဂိုလ်တွေသည်ပင်လျှင် ကိုယ်တိုင်တော့ ဒီတရားသဘောတွေကို မသိနိုင်ဘူး။ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားမှသာ သိနိုင်ပါတယ်။

အဘိဓမ္မာဒေသနာတော်၌ ပဌာန်းဒေသနာတော်ဆိုတာ အလွန်နက်နဲခက်ခဲသိမ်မွေ့တယ်။ အလွန်လည်း များပြားသည်ဖြစ်၍ လူ့ပြည်မှာ ဟောကြားလို့တော့ တော်တော်နဲ့ မပြီးဆုံးနိုင်ဘူး။ ဘယ်မှာဟောရပါသလဲ ... တာဝတိံသာနတ်ပြည်မှာ ဟောရပါတယ်ဘုရား။ တာဝတိံသာနတ်ပြည်မှာ ဟောကြားရတယ်။ နတ်တွေဆိုတော့ ဉာဏ်ပညာတွေကလည်း အလွန်ထက်မြက်၊ ကံအဟုန်ကြီးမားတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ နတ်ပြည်မှာ ဟောကြားမှပဲ အားလုံး ပြည့်ပြည့်စုံစုံ ဟောကြားလို့ နားလည်နိုင်ကြမယ်ဟု မြတ်စွာဘုရား သိတော်မူလို့ နတ်ပြည်မှာ ဟောကြားခဲ့တာပဲ။ လူတွေအတွက်လည်း ဟောကြားတာပါပဲ။ အရှင်သာရိပုတ္တရာမှတစ်ဆင့် လူတွေအားလုံး တတ်မြောက်ကြတယ်။

အဲဒီမှာ ဟိုဘက်က ပစ္စည်းတရားဘက်ကလည်း ဒီတရားတွေပဲ။ ပစ္စယုပ္ပန်တရားဘက်ကလည်း ဒီတရားတွေပဲ။ ဘယ်လိုများ ကျေးဇူးပြုနိုင်သလဲ၊ ပစ္စည်းတရားဆိုတာ အကြောင်းတရား ကျေးဇူးပြုတတ်တဲ့တရား။ ပစ္စယုပ္ပန်တရားဆိုတာ အကျိုးတရား ကျေးဇူးအပြုခံရတဲ့တရား။ အတူတူ ဘယ့်နှယ်များ ကျေးဇူးပြုနိုင်ပါသလဲ၊ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားတယ်။ တရားနာပရိသတ်များနဲ့ သာမန်ပုဂ္ဂိုလ်တွေ၊ သာဝကတွေဉာဏ်မှာ မထင်ရှားပေဘူး။

ဝေဒနာက ပစ္စည်းဖြစ်လို့ရှိရင် သညာ သင်္ခါရ ဝိညာဏ်တွေက ပစ္စယုပ္ပန်တရားဖြစ်တယ်။ ဝေဒနာ သညာက ပစ္စည်းဘက်ကဖြစ်လို့ရှိရင် သင်္ခါရနဲ့

ဝိညာဏ်က ပစ္စယုပ္ပန်တရားဖြစ်တယ်။ အချင်းချင်းလှည့်ပြီးတော့ ကျေးဇူး ပြုနေတယ်။ အညမည = အချင်းချင်းဆိုတာ အဲဒီအဓိပ္ပါယ်ပါပဲ။ သင်္ခါရနဲ့ ဝိညာဏ်က ပစ္စည်းတရားဖြစ်လို့ရှိရင် ဝေဒနာနဲ့သညာက ပစ္စယုပ္ပန်တရား ဖြစ်တယ်။ ဝိညာဏ်က ပစ္စည်းတရားဖြစ်နေမယ်ဆိုလို့ရှိရင် ဝေဒနာ သညာ သင်္ခါရတို့က ပစ္စယုပ္ပန်တရားဖြစ်တယ်။ လှည့်ပြီးတော့ ကျေးဇူးပြုနေတော့ နှစ်ဖက်စလုံးမှာ အညီအမျှ မပါနေပါဘူးလား ... အညီအမျှ ပါနေပါတယ် ဘုရား။

နာမက္ခန္ဓာ (၃)ပါးအားတတ်သော နာမက္ခန္ဓာ(၁)ပါး၊
နာမက္ခန္ဓာ (၂)ပါးအားတတ်သော နာမက္ခန္ဓာ(၂)ပါး၊
နာမက္ခန္ဓာ (၁)ပါးအားတတ်သော နာမက္ခန္ဓာ(၃)ပါး၊
အချင်းအချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေတယ်။

မြတ်စွာဘုရားဉာဏ်တော်မှာတော့ ထင်ရှားတယ်။ သာမန်ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်မှာတော့ ဒီလောက် ခက်ခဲနက်နဲ သိမ်မွေ့တာ မထင်ရှားနိုင်ပါဘူး။ အဲဒီလို ဝေဒနာက ပစ္စည်းတရားဖြစ်ပြီးတော့ သညာ သင်္ခါရ ဝိညာဏ် တွေက ပစ္စယုပ္ပန်တရား ဖြစ်ပြီးတာနဲ့၊ ပေါ်ပြီးတာနဲ့ တည်နေမလား၊ ပျက် သွားမလားဆိုတော့ ... ပျက်သွားပါမယ်ဘုရား။ ပျက်သွားတာပဲ။ ဝေဒနာ က ပစ္စည်းဖြစ်လိုက်၊ သညာ သင်္ခါရ ဝိညာဏ်က ပစ္စယုပ္ပန်ဖြစ်လိုက် ပျက် သွားလိုက်။ ဝေဒနာ သညာက ပစ္စည်းဖြစ်လိုက်၊ သင်္ခါရ ဝိညာဏ်တွေက ပစ္စယုပ္ပန်ဖြစ်ပြီး ပျက်သွားလိုက်။ အလျှင်အမြန် အလျှင်အမြန် ဖြစ်ပျက် နေတာ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ ဒါကြောင့် မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်း တစ်စက္ကန့်အတွင်းမှာ ကုဋေတစ်သိန်း ဖြစ် ပျက်တယ်။ ဖြစ်ပြီးတော့ ပျက်သွားတယ်ဟု ထင်ရှားတယ်တဲ့။

သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားဟာ ဒါတွေ မြင်နိုင်ရအောင် ပါရမီတော်တွေ ဘယ်လောက်များ ဖြည့်ခဲ့ရပါမလဲ ... လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့ရပါတယ်ဘုရား။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အသက်နဲ့ခန္ဓာကို မငဲ့ညှာဘဲနဲ့ ပါရမီတော်တွေ ဖြည့်ခဲ့ရတယ်။ ဘယ်သူ့အတွက်များ ဖြည့်ခဲ့တာလဲလို့ မေးလို့ရှိရင် ဝေနေယျ ပုဂ္ဂိုလ်သတ္တဝါတွေအတွက်၊ တရားနာပရိသတ်များအတွက်လို့ဆိုရင် မှားပါ့မလား ... မမှားပါဘုရား။ မမှားဘူး။ မိမိတို့အတွက်ပဲဖြစ်တယ်။ ဒီလောက်ဖြည့်ထားတဲ့ပါရမီတွေ ဒီလို ဉာဏ်ထူးတွေရမှ ဟောနိုင်တဲ့တရားတွေ တရားနာပရိသတ်များသိအောင် အားမထုတ်သင့်ဘူးလား ... အားထုတ်သင့်ပါတယ်ဘုရား။ အားထုတ်သင့်တယ်။

ပရိယတ္တိ = သင်ကြားတဲ့အနေနဲ့လည်း အားထုတ်နေကြတယ်။ ပဋိပတ္တိ = ဝိပဿနာအားထုတ်တဲ့အနေနဲ့လည်း အားထုတ်နေကြရတယ်။ နှစ်မျိုးစလုံးပဲ အားထုတ်နေကြရတယ်။ မြတ်စွာဘုရားသာသနာတော်မှာ ဒီနှစ်မျိုးပဲရှိပါတယ်။ ဂန္ထဓုရ = စာပေကျမ်းဂန်တွေ သင်အံလေ့လာခြင်းဆိုတဲ့ ပရိယတ္တိအလုပ်၊ ဝိပဿနာဓုရ = ဝိပဿနာတရားအားထုတ်ခြင်းဟူသော ပဋိပတ္တိအလုပ် ဘယ်နှမျိုးရှိပါသလဲ ... နှစ်မျိုးရှိပါတယ်ဘုရား။ နှစ်မျိုးပဲရှိတယ်။ နှစ်မျိုးလုံးကို အခုတရားနာပရိသတ်များ မိမိတို့ စွမ်းအားရှိသလောက် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။

မြတ်စွာဘုရားသာသနာတော်နဲ့ တွေ့ရတာ နေရာကျလိုက်တာ။ မိမိစွမ်းအားရှိသမျှ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း မြတ်စွာဘုရားအလိုကျ ပရိယတ္တိစာပေကျမ်းဂန်တွေလည်း စွမ်းနိုင်သမျှ သင်အံလေ့လာရလို့ ဂန္ထဓုရဖြစ်တယ်။ ဝိပဿနာဓုရ = ဝိပဿနာတရားတွေလည်း အချိန်

ရသမျှ အားထုတ်နေရတယ်။ မြတ်စွာဘုရားအလိုကျ အားထုတ်နေရတော့ တရားနာပရိသတ်များ ဘယ်များရောက်သွားမယ်ထင်ကြပါသလဲ ... နိဗ္ဗာန်ကို ရောက်သွားပါမယ်ဘုရား။ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်သွားဖို့ပါပဲ။

ပစ္စည်း ပစ္စယုပ္ပန်တရားသဘောတွေတော့ အသင့်အတင့် ထင်ရှားသွားပြီ။ အချင်းချင်းဆိုတဲ့သဘောလေး အချင်းချင်း အပြန်ပြန်အလှန်လှန်ပဲ၊ ဝေဒနာက ပစ္စည်းဖြစ်လို့ရှိရင် သညာ သင်္ခါရ ဝိညာဏ်တွေက ပစ္စယုပ္ပန်ဖြစ် အကျိုးတရားဖြစ်။ ဝေဒနာ သညာနှစ်ပါးက ပစ္စည်းဖြစ်လို့ရှိရင် သင်္ခါရ ဝိညာဏ်နှစ်ပါးက ပစ္စယုပ္ပန်ဖြစ်။ သင်္ခါရ ဝိညာဏ်နှစ်ပါးက ပစ္စည်းဖြစ်လို့ရှိရင် အကြောင်းဖြစ်လို့ရှိရင် ဝေဒနာ သညာနှစ်ပါးက ပစ္စယုပ္ပန်အကျိုးတရားဖြစ်။ မလည်နေပါဘူးလား ... လည်နေပါတယ်ဘုရား။ ဝိညာဏ်က ပစ္စည်းဖြစ်လို့ရှိရင် အကြောင်းတရားဖြစ်လို့ရှိရင် ဝေဒနာ သညာ သင်္ခါရတွေက အကျိုးတရား ပစ္စယုပ္ပန်တရားဖြစ်။ အဲဒီလို လှည့်ပတ်ပြီးတော့ ကျေးဇူးပြုနေပါတယ်။

ပစ္စည်းဘက်ကလည်း ဒီတရားတွေပဲ။ ပစ္စယုပ္ပန်ဘက်ကလည်း ဒီတရားတွေပါပဲ။ အတူတကွ အချင်းချင်းပါပဲ။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ ပစ္စုပ္ပန်ကာလ တစ်ချိန်တည်းမှာဖြစ်တဲ့ အခါကာလမှာပဲ ကျေးဇူးပြုနိုင်တယ်။ နောက် ယှဉ်လည်းယှဉ်နေရမယ်တဲ့။ သဟဇာတလို အတူတကွ ဖြစ်ရုံမျှနဲ့လည်း သမ္မယုတ္တသတ္တိဖြင့် ကျေးဇူးမပြုပေဘူး။ သဟဇာတကတော့ အတူတကွဖြစ်လို့ရှိရင် နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုတာပဲ။ နောက်တော့ ထင်ရှားနေပါတယ်။ သဟဇာတပစ္စည်းထဲမှာ (၄)ခုမြောက် အချက်မှာ -

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။**

**စိတ္တစေတသိကာ** = စိတ်စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာ** = တရားတို့သည်၊ **စိတ္တသမုဋ္ဌာနာနံ** = စိတ်ကြောင့်ဖြစ်ကုန်သော၊ **ရူပါနံ** = စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ **သဟဇာတပစ္စယေန** = သဟဇာတပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

သဟဇာတပစ္စည်းမှာ နာမ်တရားကနေ ရုပ်တရားကို အတူတကွဖြစ်လို့ ကျေးဇူးပြုတယ်။ သမ္ပယုတ္တပစ္စည်းမှာတော့ ဒီလို နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုလို့ မရပေဘူး။ အတူတကွဖြစ်ရုံမျှနဲ့ ကျေးဇူးမပြုနိုင်ဘူး။ ယှဉ်ဖက်ဖြစ်မှ ကျေးဇူးပြုနိုင်တယ်။ ယှဉ်ဖက်ဆိုတာ ခုနပြောခဲ့တဲ့အတိုင်း ဒီတရားတွေဟာ ဖြစ်တာကလည်း တူရမယ်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ဒီတရား(၄)ပါး အကျယ်အားဖြင့် စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဟာ ဖြစ်ခြင်းလည်း တူရမယ်။ နောက်ပြီးတော့ ချုပ်တာချင်းလည်း တူရမယ်။ အာရုံချင်းလည်း တူရမယ်။ သူတို့ဖြစ်ဖို့ရာ ဝတ္ထု မှီရာချင်းလည်း တူရမယ်တဲ့။ သမ္ပယုတ္တအင်္ဂါ ဘယ်နချက်ပါလဲ ... (၄)ချက်ပါဘုရား။ (၄)ချက်တူမှ သမ္ပယုတ္တပစ္စည်း ဖြစ်နိုင်တယ်။

သရုပ်ကို ဥပမာထုတ်ပြီးတော့ ပြလိုက်လို့ရှိရင် ပိုထင်ရှားသွားမယ်။ ဥပမာ ... မြင်သိစိတ်ကလေးဖြစ်တယ်။ မြင်သိစိတ်ကလေးဟာ ဘယ်ကို အာရုံပြုလို့လဲ၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်။ မြင်သိစိတ်ကလေး ဖြစ်လာပြီဆိုလို့ရှိရင် သူနဲ့ယှဉ်ဖော်ယှဉ်ဖက်က စေတသိက်က(၇)ခုဖြစ်တယ်။ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခု။ ဖဿ ဝေဒနာ သညာ စသည်ဖြင့် ဘယ်နခုဖြစ်ပါသလဲ ... (၇)ခုဖြစ်ပါတယ်ဘုရား။ သဗ္ဗစိတ္တသာဓာရဏ

စေတသိက်(၇)ခုလည်း ဘယ်ကိုအာရုံပြုသလဲဆိုတော့ ပဉ္စုပ္ပန်ရူပါရုံကိုပဲ အာရုံပြုတယ်။ အာရုံချင်းလည်းတူပါတယ်။

မြင်သိစိတ်ကလေး ဖြစ်လာတာနဲ့ ဖဿစတဲ့ စေတသိက်(၇)ပါးကလည်း တစ်ပြိုင်နက်ပဲဖြစ်တယ်။ မြင်သိစိတ်ကလေး ချုပ်သွားတာနဲ့ ဒီဖဿစတဲ့ စေတသိက်(၇)ပါးကလည်း တစ်ပြိုင်နက်တည်း ချုပ်ရတယ်။ အာရုံပြုတော့လည်း မြင်သိစိတ်က ပဉ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်။ စေတသိက်(၇)ပါးကလည်း ပဉ္စုပ္ပန်ရူပါရုံကိုပဲ အာရုံပြုရတယ်။ ဒီစေတသိက်(၇)ပါးက ပဉ္စုပ္ပန်ရူပါရုံအဆင်းကိုပဲ အာရုံပြုရတယ်။ အသံကို သွားနားထောင်လို့ မရပါဘူး။ အာရုံတစ်ပါးကို သွား၍အာရုံပြုလို့ မရနိုင်ပေဘူး။ အာရုံချင်း မတူပါဘူးလား ... တူပါတယ်ဘုရား။ မြင်သိစိတ်ဖြစ်တာနဲ့ စေတသိက်(၇)ပါးကလည်းဖြစ်၊ မြင်သိစိတ်အာရုံပြုတဲ့ ပဉ္စုပ္ပန်ရူပါရုံကိုပဲ စေတသိက်(၇)ပါးကလည်း အာရုံပြုရတယ်။ မြင်သိစိတ် ချုပ်သွားတာနဲ့ စေတသိက်(၇)ပါးကလည်း ချုပ်သွားပါတယ်။

မြင်သိစိတ်က ဘယ်ကိုမှီပြီး ဖြစ်ရသလဲဆိုတော့ မျက်စိအကြည် စက္ခုဝတ္ထုကိုမှီပြီးတော့ ဖြစ်ရပါတယ်။ မြင်သိစိတ်ကလေးဟာ ဘာကိုမှီပြီးတော့ ဖြစ်ရသလဲ ... စက္ခုဝတ္ထုကိုမှီပြီးတော့ ဖြစ်ပါတယ်ဘုရား။ စက္ခုဝတ္ထုကိုမှီပြီး ဖြစ်ရတယ်။ ဒါကိုတော့ တရားနာပရိသတ်များ အရင့်အရင်ပစ္စည်းတွေကတည်းက သဘောပေါက်နေပြီဖြစ်တယ်။ မြင်သိစိတ်ကလေးဟာ စက္ခုပသာဒလို့ခေါ်တဲ့ မျက်စိအကြည် = စက္ခုဝတ္ထုကိုမှီပြီး ဖြစ်ရတယ်။ မြင်သိစိတ်က စက္ခုဝတ္ထု = မျက်စိအကြည်ကိုမှီပြီးတော့ ဖြစ်ရသလိုပါပဲ။ သူနဲ့ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်(၇)ပါးကလည်း စက္ခုဝတ္ထုကိုမှီပြီးတော့ ဖြစ်ရတယ်။ မတူပါဘူးလား ... တူပါတယ်ဘုရား။ တူပါတယ်။

ကေပ္ပါဒ = အတူတကွဖြစ်ရမယ်။ ကေနိရောဓ = အတူတကွချုပ်ရမယ်။ ကောလမ္ဗန = အာရုံတူရမယ်။ ကေဝတ္ထုက = မှီရာဝတ္ထုလည်းတူရမယ်။ ဘယ်နချက်လဲ ... (၄)ချက်ပါဘုရား။ လေးချက်တူမှ သမ္ပယုတ်ဖြစ်တယ်။ သမ္ပယုတ္တပစ္စည်းက သဟဇာတမျိုးတော့ ဖြစ်ပါရဲ့။ ဒါပေမယ့် သဟဇာတမျိုးထဲက သူကတော့ ပြည့်စုံရမည့်အင်္ဂါ(၄)ချက်နဲ့ ညီမှသာလျှင် သမ္ပယုတ္တပစ္စည်း ဖြစ်နိုင်တယ်။ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ သာဝကပုဂ္ဂိုလ်တွေဉာဏ်မှာတောင်မှ မထင်ရှားနိုင်ဘူး။ မြတ်စွာဘုရား ဟောကြားမှပဲ အခုလိုသိရတယ်။ တရားနာပရိသတ်များ အဲဒီလို သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရား ဟောကြားတဲ့တရားကို ယခုသိရတာ မိမိ ဘဝါဘဝက ကုသိုလ်ပါရမီလေးတွေ ရှိခဲ့လို့ပါပဲ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖို့ရာပါပဲ။

ကြားသိစိတ်ကလေးကလည်း ဒီလိုပဲ။ ကြားသိစိတ်ကလေး ဖြစ်လာလို့ရှိရင် စေတသိက်ကလည်း (၇)ခုပဲဖြစ်တယ်။ ကြားသိစိတ်နဲ့ အတူတကွဖြစ်တာ စေတသိက် ဘယ်နခုဖြစ်ပါသလဲ ... (၇)ခုပါဘုရား။ သင်္ဂြိုဟ်အဘိဓမ္မာသင်ဖူးတဲ့ပုဂ္ဂိုလ်ကတော့ သိတယ်။ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခုတဲ့။ ကထံ - ဖဿော ဝေဒနာ သညာ စသည်ဖြင့် (၇)ခု။ (၇)ခုကလည်း မခက်ပါဘူး။ အဲဒီ(၇)ခုကလည်း ကြားသိစိတ်ကလေးနဲ့ပဲ အတူတကွဖြစ်တယ်။ စေတသိက်(၇)ခုဟာ ကြားသိစိတ်ကလေး ချုပ်သွားတာနဲ့ စေတသိက်(၇)ပါးလည်း ချုပ်သွားတယ်။ အတူတကွဖြစ်တယ်။ အတူတကွချုပ်တယ်။

ကြားသိစိတ်ကလေးဟာ ဘယ်ကိုအာရုံပြုပါသလဲဆိုရင် ပစ္စုပ္ပန်သဒ္ဒါရုံ၊ ယခုပစ္စုပ္ပန်မှာ ကြားရတဲ့အသံလေးကို အာရုံမပြုပါဘူးလား ... အာရုံပြုပါတယ်ဘုရား။ အဲဒီကြားသိစိတ်ကလေးဟာ ပစ္စုပ္ပန်သဒ္ဒါရုံအသံလေးကို

အာရုံပြုသလိုပဲ။ စေတသိက်(၇)ခုကလည်း ပစ္စုပ္ပန်သဒ္ဒါရုံအသံလေးကိုပဲ အာရုံပြုတယ်။ အာရုံချင်းလည်း မတူပါဘူးလား ... တူပါတယ်ဘုရား။ အာရုံချင်းလည်းတူတယ်။ ကြားသိစိတ်ကလေးဟာ သောတဝတ္ထု နားအကြည်ကိုမှီပြီးတော့ ဖြစ်ရသလိုပဲတဲ့။ သူနဲ့ယှဉ်တဲ့ စေတသိက်(၇)ခုကလည်း နားအကြည် သောတဝတ္ထုကိုပဲ မှီပြီးတော့ ဖြစ်ရတယ်။ မတူကြပါဘူးလား ... တူကြပါတယ်ဘုရား။ အဲဒီလိုတူမှ သမ္မာယုတ္တပစ္စည်း ဖြစ်နိုင်တယ်။ မသိမ်မွေ့ပါဘူးလား ... သိမ်မွေ့ပါတယ်ဘုရား။ သိမ်မွေ့တယ်၊ နက်နဲတယ်၊ ခက်ခဲတယ်။ အဲဒီနက်နဲခက်ခဲတာကို ကြိုးစားပြီးတော့ နာနေရတယ်။ ကိုယ်သိချင်တာကိုနာရတာ အကျိုးများပါတယ်။

ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ဒီတရားတွေကလည်း ယှဉ်ဖက်ဖြင့် တွဲစပ်ပြီးယူလိုက်တော့ သာမန်ပုဂ္ဂိုလ်တွေဉာဏ်မှာတော့ မထင်ရှားဘူး။ စိတ်တစ်ခုက အာရုံတစ်ခုကို သိသွားရင် ဝေဒနာလည်းပါ၊ သညာလည်းပါ၊ သင်္ခါရလည်းပါ၊ ဝိညာဏ်လည်းပါ။ တရားနာပရိသတ်များတော့ သိတဲ့အခိုက်အတန့်ကလေးမှာ ခွဲခြားပြီးတော့ မသိနိုင်ဘူး။ မြတ်စွာဘုရားကတော့ သိတော်မူပါတယ်။

စတုမဓုနဲ့တူတယ်တဲ့။ စတုမဓုမှာ ထောပတ်ရယ်၊ တင်လဲရယ်၊ ပျားရည်ရယ်၊ ဆီရယ် (၄)မျိုးရောထားပါတယ်။ စားလိုက်တဲ့အခါကျတော့ ခွဲခြားပြီးတော့ သိလို့ရပါသလား ... မရပါဘုရား။ ဒီအရသာက ထောပတ်အရသာ၊ ဒါက ဆီအရသာ၊ ဒါက တင်လဲအရသာ၊ ပျားရည်အရသာလို့ ခွဲခြားလို့ ရမှရပါတော့မလား ... ခွဲခြားလို့မရတော့ပါဘုရား။ မရတော့ပေဘူး။ အဲဒီလိုပါပဲ။ သမ္မာယုတ္တအင်္ဂါ(၄)ပါးနဲ့ ရောစပ်ထားတာကို တရားနာပရိသတ်များဉာဏ်နဲ့တော့ ခွဲလို့မရဘူး။ တစ်လုံးတစ်ခဲတည်း ငါသိတယ်၊

ငါမြင်တယ်၊ ငါမှတ်သားတယ်၊ ငါလို့ပဲ စွဲစွဲသွားနိုင်ပေတယ်။ မြတ်စွာဘုရား ကတော့ ဒီလိုသိတာမဟုတ်ပေဘူး။ နာမက္ခန္ဓာ(၄)ပါး သူ့ရဲ့သဘောတရား တွေကို တခြားစီ ခွဲခြား၍ သိတော်မူပါတယ်။ နာမက္ခန္ဓာ(၄)ပါး ဆောင်ပုဒ် လေးလည်း ဆိုလိုက်ကြစို့။

**ဆောင်ပုဒ် ။ ။ သိမှတ်ခံစား၊ ပြုပြင်ငြား၊ လေးပါးနာမ်ခန္ဓာ။**

သိ-ဆိုတာ ဝိညာဏက္ခန္ဓာ၊ မှတ်-ဆိုတာ သညာက္ခန္ဓာ၊ ခံစား-ဆိုတာ ဝေဒနာက္ခန္ဓာ၊ ပြုပြင်-ဆိုတာ သင်္ခါရက္ခန္ဓာ။

နာမက္ခန္ဓာ(၄)ပါးဆိုတာ စိတ်ဝိညာဏ်က အာရုံတစ်ခုကို သိလိုက်တာ ဖြစ်တယ်။ သိလိုက်တဲ့အခါ သညာက မှတ်သားလိုက်တယ်။ အဖြူပဲ အနီပဲ၊ အကြောင်ပဲ အပြောင်းပဲ၊ အမျိုးသားပဲ အမျိုးသမီးပဲ မမှတ်လိုက်ပါဘူးလား ... မှတ်လိုက်ပါတယ်ဘုရား။ မှတ်လိုက်တာ သညာက္ခန္ဓာ။ ဒီအာရုံက ကောင်းတယ်၊ ဒီအာရုံက မကောင်းဘူးဟု မခံစားလိုက်ပါဘူးလား ... ခံစား လိုက်ပါတယ်ဘုရား။ ခံစားလိုက်တာ ဝေဒနာက္ခန္ဓာ။ သင်္ခါရက ပြုပြင်ပေး တယ်။ သိနိုင်အောင်၊ ခံစားနိုင်အောင်၊ မှတ်သားနိုင်အောင် ဘယ်သူက ပြုပြင်ပေးသလဲ ... သင်္ခါရက ပြုပြင်ပေးပါတယ်ဘုရား။ သင်္ခါရက ပြုပြင် ပေးတယ်။ ပြုပြင်ပေးတာ သင်္ခါရက္ခန္ဓာ။ ဒါက မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားလို့ ဟောကြားထားတဲ့အတွက်ကြောင့် ခွဲခြားထားလို့ သိရတာဖြစ် တယ်။ ကိုယ်ကိုယ်တိုင် သိမှသိနိုင်ပါ့မလား ... မသိနိုင်ပါဘုရား။

သိတာလေးတစ်ခုတည်းပဲ သိလိုက်တာပဲ။ ဘာတွေကမှတ်တယ်၊ ဘာ တွေက ခံစားတယ်လို့ တစ်ပြိုင်တည်းကိုတော့ မသိတော့ပေဘူး။ သိတာလေး

တစ်ခုတည်းပဲ သိလိုက်တယ်။ ဘယ်လိုမှတ်သလဲ၊ ဘယ်လိုခံစားလိုက်သလဲဆိုတာ မသိလိုက်ပါဘူး။ ငါသိလိုက်တယ်လို့ပဲ စွဲချင်စွဲသွားတယ်။ ငါသိလိုက်တယ်လို့ပဲ စွဲသွားရင်တော့ ဘာဖြစ်သွားပါသလဲ ... ဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား။ ဒိဋ္ဌိဖြစ်သွားတယ်။

ဝိညာဏ်က သူ့သဘောအတိုင်း သူသိလိုက်တယ်။ သညာက သူ့သဘောအတိုင်း သူမှတ်သားလိုက်တယ်။ ဝေဒနာက သူ့သဘောအတိုင်း သူခံစားလိုက်တာ။ သင်္ခါရက သူ့သဘောအတိုင်း သူပြုပြင်ပေးလိုက်တယ်။ သူ့သဘောတရားနှင့်သူ ဖြစ်နေတာကို ငါသိတယ်ဟု စွဲလမ်းရင်တော့ ဒိဋ္ဌိဖြစ်တယ်။ အခုတော့ မစွဲတော့ဘူး။ သိမှတ်ခံစား၊ ပြုပြင်ကြား၊ လေးပါးနာမ်ခန္ဓာ။ သိ-ဆိုတာ ဝိညာဏက္ခန္ဓာ၊ မှတ်-ဆိုတာ သညာက္ခန္ဓာ၊ ခံစား-ဆိုတာ ဝေဒနာက္ခန္ဓာ၊ ပြုပြင်-ဆိုတာ သင်္ခါရက္ခန္ဓာ။ သဘောပေါက်နေပါပြီ။ သမ္မယုတ္တပစ္စည်းအတွက်တော့ အသင့်အတင့် ပြည့်စုံသွားပါပြီ။

# ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တသွားကြပါစို့။ သမ္ပယုတ္တက ယှဉ်တာ၊ ဝိပ္ပယုတ္တက မယှဉ်တာ။ ယှဉ်ပြီးတော့ ကျေးဇူးပြုတာကတော့ ထင်ရှားပါတယ်။ မယှဉ်ဘဲနဲ့ ကျေးဇူးပြုတာ၊ ကင်းကွာပြီးတော့ ကျေးဇူးပြုတာလည်းရှိတယ်။ မထင်ရှားပေဘူး။ မြတ်စွာဘုရားဉာဏ်တော်မှာမှ ဝိပ္ပယုတ္တရဲ့သဘော ထင်ရှားတယ်။

**စတ္တာရော အရူပိနော ခန္ဓာ စတူဟိ အင်္ဂေဟိ ဝိ ပယုဇ္ဇတီတိ ဝိပ္ပယုတ္တော။**

**စတူဟိ အင်္ဂေဟိ** = လေးပါးကုန်သော အင်္ဂါတို့ဖြင့်၊ **ဝိ ပယုဇ္ဇတိ** = မယှဉ်တတ်။ **ဣတိတသ္မာ** = ထိုသို့မယှဉ်တတ်တဲ့သတ္တိကြောင့်၊ **ဝိပ္ပယုတ္တော** = ဝိပ္ပယုတ္တမည်၏။

ခုနပြောခဲ့တဲ့ အင်္ဂါ(၄)ပါး။ (၁) အတူတကွဖြစ်တာက အင်္ဂါတစ်ပါး၊ (၂) အတူတကွချုပ်တာက အင်္ဂါတစ်ပါး၊ (၃) အာရုံတူတာက အင်္ဂါတစ်ပါး၊ (၄) မှီရာဝတ္ထုတူတာက အင်္ဂါတစ်ပါး။ ဒီအင်္ဂါ(၄)ပါးနှင့် မယှဉ်တာကိုတော့ ဝိပ္ပယုတ္တတဲ့။ ပြောင်းပြန် ဖြစ်မသွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ဖြစ်သွားတယ်။ ပြောင်းပြန် ပြန်ဟောတယ်။ ပြောင်းပြန် ပြန်ဟောလိုက်တော့ ပိုပြီးတော့ နှစ်ခုလုံး ထင်ရှားသွားနိုင်ပါတယ်။ နောက်ပိုင်းကျတော့ မြတ်စွာဘုရား တစ်စုံစီ တစ်စုံစီအားဖြင့် ဟောလိုက်ပါတယ်။

သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တ၊ အတ္ထိနဲ့ နတ္ထိ၊ ဝိဂတနဲ့ အဝိဂတ တစ်စုံစီ တစ်စုံစီ မဟောလိုက်ပါဘူးလား ... ဟောလိုက်ပါတယ်ဘုရား။ အကျဉ်းချုပ်အနေနဲ့၊ နိဂုံးချုပ်အနေနဲ့ တစ်စုံစီ တစ်စုံစီ ဟောလိုက်ပါတယ်။ ပါဠိတော်ကို ရှေးဦးစွာ ရွတ်ဆိုပြီးတော့ မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

**ဝိပ္ပယုတ္တပစ္စယောတိ -**
**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**
**အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

ပါဠိတော်က လွယ်ပါတယ်။ သိပ်တော့ မခက်လှပါဘူး။ ပါဠိတော်ကို မြတ်စွာဘုရားက အကျဉ်းချုပ်ပြီးတော့ ဟောထားပါတယ်။ နောက်တော့ အကျယ်ချဲ့ပြီး နောက်ကပစ္စည်းတွေ ထည့်ရမယ်။

ဝိပ္ပယုတ္တပစ္စယောတိ = ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား၊ **ရူပိနော** = ရုပ်ဖြစ်ကုန်သော၊ **ဓမ္မာ** = ဆဝတ္ထုတရားတို့သည်၊ **အရူပီနံ** = နာမ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = အရူပဝိပါက်(၄)ခုကြဉ်သော သတ္တဝိညာဏဓာတ်တို့အား၊ **ဝိပ္ပယုတ္တပစ္စယေန** = သဟဇာတဝိပ္ပယုတ္တ ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **ဓမ္မာ** = အရူပဝိပါက်(၄)ခုကြဉ်သော စိတ်(၈၅)ခု၊ စေတသိက်ဒွေပညာသ(၅၂) နာမက္ခန္ဓာပစ္စည်းတို့သည်၊ **ရူပီနံ** = ရုပ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = စတုသမုဋ္ဌာနိကရုပ်ဖြစ်သည့် ကေဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယတို့အား၊ **ဝိပ္ပယုတ္တပစ္စယေန** = သဟဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** =

မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပါဠိတော်အနေအထားအားဖြင့် နှစ်မျိုးဟောကြားလိုက်ပါတယ်။ ပထမအချက်၌ ရူပိနော ဓမ္မာ-က ရုပ်ပစ္စည်းတရား၊ အရူပီနံ ဓမ္မာနံ-က နာမ်ပစ္စယုပ္ပန်တရား။

ဒုတိယအချက်၌ အရူပိနော ဓမ္မာ-က နာမ်ပစ္စည်းတရား၊ ရူပီနံ ဓမ္မာနံ-က ရုပ်တရား ပစ္စယုပ္ပန်တရား။ နှစ်ချက်ဟောကြားလိုက်ပါတယ်။ ဝိပ္ပယုတ္တ-က သဘောအားဖြင့် တော်တော်လေး ခက်ခဲနက်နဲ သိမ်မွေ့ပါတယ်။ အထူးဂရုစိုက်ပြီး နာကြားရင်လည်း သဘောပေါက်သွားနိုင်ပါတယ်။ တစ်ခါသဘောပေါက်သွားရင် နောက်နောင်လည်း သဘောပေါက်သွားနိုင်ပါတယ်။ ရှေ့ရှေ့က ပစ္စည်းတွေလည်း သဘောပေါက်သွားတတ်ပါတယ်။

သဘောတရားပစ္စည်းအားဖြင့် ဘယ်နှမျိုးပါနေသလဲဆိုတော့ ဝိပ္ပယုတ္တပစ္စည်းမှာ ရှေ့ရှေ့ကဟောခဲ့ပြီးတဲ့ ပစ္စည်းတွေထဲက ပုရေဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တလို့ (၃)မျိုးပါနေပါတယ်တဲ့။ ဝိပ္ပယုတ္တပစ္စည်းထဲမှာ ဘယ်နှမျိုးပါနေသလဲ ... (၃)မျိုးပါနေပါတယ်ဘုရား။ (၃)မျိုး။ ပုရေဇာတလည်းပါတယ်။ ပစ္ဆာဇာတလည်း ... ပါနေပါတယ်ဘုရား။ သဟဇာတလည်း ... ပါနေပါတယ်ဘုရား။ သဟဇာတလည်းပါနေတယ်။ အဲဒါလေး ရှေးဦးစွာ သိထားရအောင် ဆောင်ပုဒ်လေး ဆိုကြရမယ်။

ဆောင်ပုဒ် ။ ။ ပုရေပစ္ဆာ၊ သဟာသာ၊ သုံးဖြာဝိပ္ပယုတ်မည်။

ပုရေ-က ပုရေဇာတဝိပ္ပယုတ္တ။
ပစ္ဆာ-က ပစ္ဆာဇာတဝိပ္ပယုတ္တ။
သဟ-က သဟဇာတဝိပ္ပယုတ္တ။
ဝိပ္ပယုတ္တ ဘယ်နှမျိုးရှိပါသလဲ ... (၃)မျိုးရှိပါတယ်ဘုရား။ (၃)မျိုးရှိတယ်။

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော**-ဆိုတာ အရကောက်လေးတွေကို ပြထားတော့ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုလို့ ဝတ္ထု(၆)ပါး ကောက်ပြထားတယ်။ ဝတ္ထု(၆)ပါးဆိုတာ ရုပ်တရားပဲ။ ရူပိနော ဓမ္မာ-အရ ဝတ္ထု(၆)ပါးရထားတယ်။ စက္ခုဝတ္ထုဆိုတာ မျက်စိအကြည်။ တရားနာပရိသတ်များသန္တာန်မှာ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ သဘောတရားကို မြတ်စွာဘုရား ဟောကြားထားပါတယ်။ ပဋ္ဌာန်းတရားဆိုတာ တခြားမှာ၊ ပြင်ပမှာ ဟောကြားတာတော့ အလွန်နည်းပါတယ်။ တရားနာပရိသတ်များ၏သန္တာန်၊ ထိုထိုပုဂ္ဂိုလ်တို့၏ သန္တာန်မှာရှိနေတဲ့ တရားတွေပဲ၊ အကြောင်းအကျိုး ဆက်သွယ်ပုံ "ပဋ္ဌာန်းဆက်"ဆိုတာ မိမိသန္တာန်မှာ ရှိနေတဲ့တရားတွေပဲ ဟောကြားတာပါပဲ။

တချို့က အယူအဆတွေ လွဲကြပါတယ်။ ပဋ္ဌာန်းဆက်တွေရှိလို့ ခုမှပြန်တွေ့ကြတယ်တဲ့။ ဟုတ်လား၊ မဟုတ်လားတော့ မသိဘူး။ ပဋ္ဌာန်းဆက်ကို မြတ်စွာဘုရား ဆက်ပြတာကတော့ ရုပ်တရား၊ နာမ်တရားတွေကို ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဆက်ပြတာဖြစ်တယ်။ ထိုထိုပုဂ္ဂိုလ်တွေက ယူဆလိုက်တာကတော့ ပုဂ္ဂိုလ်သတ္တဝါတွေကို ပဋ္ဌာန်းဆက်တွေ ပြန်တွေ့ကြတယ်လို့ ယူဆ

ကြတယ်။ မိဘတွေ၊ ဆွေမျိုးတွေ၊ ဇနီးမောင်နှံတွေ ပြန်ပြီးတော့ ပဋ္ဌာန်းဆက်တွေ ဆက်နေကြတယ်တဲ့။ ကိုယ်လိုချင်တဲ့ဘက်ကို ဆွဲပြီးတော့ ယူဆထားလိုက်တာဖြစ်တယ်။ ပဋ္ဌာန်းဆက်က ဒီလိုတော့ မဟုတ်ပါဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေ အကြောင်းအကျိုး ဆက်ပြီးတော့ ကျေးဇူးပြုနေပုံကို မြတ်စွာဘုရား ဟောကြားထားတာပါပဲ။

စက္ခုဝတ္ထုဆိုတဲ့ မျက်စိအကြည်သည် တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ ရှိနေတယ်။ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ သောတဝတ္ထုဆိုတဲ့ နားအကြည်သည်လည်း တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ ရှိနေတယ်။ ဃာနဝတ္ထုဆိုတဲ့ နှာခေါင်းအကြည်သည်လည်း တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ ရှိနေတယ်။ ဇိဝှါဝတ္ထုဆိုတဲ့ လျှာအကြည်သည်လည်း တရားနာပရိသတ်များရဲ့သန္တာန်မှာပဲ ရှိနေတဲ့တရားပါပဲ။ ကာယဝတ္ထုဆိုတဲ့ ကိုယ်အကြည်သည်လည်း မိမိတို့သန္တာန်မှာ ရှိနေတဲ့တရားပါပဲ။ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့နေပါတယ်။

ကာယအကြည်ကတော့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တည်နေတယ်။ ဝိပဿနာရှုတဲ့အခါမှာတော့ ကျေးဇူးအများဆုံးပါပဲ။ တရားနာပရိသတ်များ ယခုရှုနေကြတာ ကာယဝတ္ထုဆိုတဲ့ ကိုယ်အကြည်ကနေ မရှုနေရပါဘူးလား ... ရှုနေရပါတယ်ဘုရား။ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတည်နေတယ်။ လက်သည်းဖျား၊ ခြေသည်းဖျားကို ဖယ်ထားပြီးတော့ ကျန်တဲ့နေရာဌာနတွေမှာ အကုန်လုံး ကာယအကြည်တွေပဲ ရှိပါတယ်။ အပ်ဖျားလေးနဲ့ တို့တို့ကြည့်လို့ သိသိနေတယ်ဆိုရင် ဒီနေရာမှာ ကာယအကြည်ရှိတယ်။ ကာယအကြည်ရှိလို့ရှိရင် ဝိပဿနာရှုလို့ရပါတယ်။ ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ရှုလို့ရတယ်။

သမာဓိဉာဏ် ရင့်ကျက်လာတဲ့အခါကျတော့ ဘယ်နေရာကိုပဲ ရှုလိုက် ရှုလိုက် မထင်ရှားနေပါဘူးလား ... ထင်ရှားနေပါတယ်ဘုရား။ လှုပ်နေတာ၊ ရွနေတာ၊ တိုးနေတာ။ လက်ဖျားလေးတွေကလည်း တိုးပြီးတော့ သွားနေတာ ရွေ့နေတာ။ နှုတ်ခမ်းဖျားကို အာရုံပြုလိုက်တော့ နှုတ်ခမ်းဖျားက ရွေ့ ရွေ့ပြီးတော့ သွားနေတာ။ နှာခေါင်းဖျားကို အာရုံပြုလိုက်ရင်လည်း ရွေ့ရွေ့ ပြီးတော့ တိုးနေတာပဲ။ တိုးတယ် တိုးတယ်၊ ထိတယ် ထိတယ် မမှတ်ရပါ ဘူးလား ... မှတ်ရပါတယ်ဘုရား။ ဘာကိုမှတ်နေတာလဲဆိုရင် ကာယဝတ္ထု ကာယအကြည်ကို၊ ကာယအကြည်ဓာတ်ရဲ့အတွေ့ကို မှတ်နေရတာပဲ။ ကာယ အကြည်ဓာတ်ကတော့ ဝိပဿနာယောဂီများအတွက်၊ တရားနာပရိသတ် များအတွက် အကျိုးအများဆုံးပါပဲ။

ဟဒယဆိုတာလည်း တရားနာပရိသတ်များရဲ့သန္တာန်မှာ ရှိနေပါတယ်။ နှလုံးအကြည်တဲ့။ အခုဆရာဝန်တွေတွေ့တဲ့ နှလုံးထဲမှာရှိတဲ့ အကြည်တော့ မဟုတ်ပါဘူး။ ကျမ်းဂန်ဒေသနာတော်အရ နှလုံးတစ်ခု ရှိနေပါသေးတယ်။ အဲဒီနှလုံးအကြည်မှာရှိတဲ့ သွေးလေးတွေမှာ တည်နေတဲ့ ဟဒယဝတ္ထုတဲ့။ အဲဒီ ဟဒယဝတ္ထုနဲ့တကွ ဝတ္ထုရုပ်(၆)ပါးက ပစ္စည်းတရား၊ ရူပိနော ဓမ္မာဆိုတဲ့ အတိုင်း ရုပ်တရား။ နောက်ပြီးတော့ သူက ရှေးဖြစ်နေတဲ့အတွက်ကြောင့် ပုရေဇာတဖြစ်တယ်။

ပစ္စယုပ္ပန်တရားဘက်က သတ္တဝိညာဏဓာတ်ဖြစ်တယ်။ အရူပီနံ ဓမ္မာ နံ-ဌ အရူပီနံ အရကောက်လိုက်တော့ သတ္တဝိညာဏဓာတ်ဖြစ်တယ်။ သတ္တ ဆိုတာ(၇)ခု၊ ဝိညာဏဓာတ်ဆိုတာ အသိဓာတ်တဲ့။ သတ္တဆိုတာ ဘယ်နှခု ပါလဲ ... ခုနစ်ခုပါဘုရား။ ဝိညာဏဆိုတာ ... အသိဓာတ်ပါဘုရား။ မြင်သိ စိတ်ကို ပါဠိလိုတော့ စက္ခုဝိညာဏဓာတ် = မြင်သိစိတ်၊ သောတဝိညာဏ

ဓာတ် = ကြားသိစိတ်၊ ဃာနဝိညာဏဓာတ် = နံသိစိတ်၊ ဇိဝှါဝိညာဏ ဓာတ် = စားသိစိတ်၊ ကာယဝိညာဏဓာတ် = ထိသိစိတ်။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးဟူသော မနောဓာတ်၊ မနောဓာတ်(၃)ပါးမှတစ်ပါးသော ဟဒယ ဝတ္ထုကို မှီ၍ဖြစ်သော စိတ်တို့သည် မနောဝိညာဏဓာတ်တို့ ဖြစ်ကြပေသည်။

မနောဓာတ် = ကြံသိစိတ်၊ မနောဝိညာဏဓာတ်လည်း ကြံသိစိတ်ပဲ။ အဲဒီမနောဓာတ်နဲ့ မနောဝိညာဏဓာတ် ခွဲခြားပြီးတော့ မြတ်စွာဘုရား ဟောကြားပါတယ်။ အဲဒီမနောဓာတ်နဲ့ မနောဝိညာဏဓာတ်ကို စိတ်အနေနဲ့ ပေါင်းလိုက်တော့ ကြံသိစိတ်ပဲ ဖြစ်သွားတယ်။ ဓာတ်အနေနဲ့ခွဲတော့ သတ္တ ဝိညာဏဓာတ်၊ စိတ်အနေနဲ့ ခွဲလိုက်တော့ ဝိညာဏ်(၆)ပါး။ ဝိညာဏ်နဲ့ ခွဲလိုက်တော့ ဝိညာဏ်(၆)ပါး။ သတ္တဝိညာဏဓာတ်နဲ့ ဝိညာဏ် အတူတူ ပါပဲ။ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်က တပေါင်းတည်း ကြံသိစိတ်ထဲ မှာ ထည့်လိုက်တယ်။ သူတို့က နာမ်တရားပဲ။ အရူပီနံ-ဋ္ဌ ရူပီနံ-က ရုပ် တရား။ "အ"ထည့်လိုက်တော့ ရုပ်မဟုတ်တာ နာမ်တရားပဲ။ သူတို့က အကျိုးတရား ပစ္စယုပ္ပန်တရားဖြစ်တယ်။

ပစ္စည်းတရားက မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာ အကြည်၊ ကိုယ်အကြည်၊ ဟဒယအကြည်လို့ ဝတ္ထုရုပ်(၆)ပါး။ ဤအကြည် ဓာတ်(၆)ပါးက ပစ္စည်းတရားဖြစ်တယ်။ သူတို့က ရှေးကဖြစ်နေလို့ ပုရေဇာတ ဖြစ်တယ်။ ရှေးက မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ရှေးကဖြစ် တာကို ပုရေဇာတလို့ ခေါ်ရပေတယ်။

မြင်သိစိတ်ဆိုတာ နောက်မှဖြစ်ရတာပဲ။ စက္ခုဝတ္ထုရုပ်ကို မှီပြီးတော့ မြင်သိစိတ်ဖြစ်တယ်။ သောတဝတ္ထုရုပ် နားအကြည်ကို မှီပြီးတော့ ကြားသိ

စိတ်ဖြစ်တယ်။ ဃာနဝတ္ထုရုပ် နှာခေါင်းအကြည်ကို မှီပြီးတော့ နံ့သိစိတ်ဖြစ်တယ်။ ဇိဝှါဝတ္ထုရုပ် လျှာအကြည်ကို မှီပြီးတော့ စားသိစိတ်ဖြစ်တယ်။ ကာယဝတ္ထု ကိုယ်အကြည်ကို မှီပြီးတော့ ထိသိစိတ်ဖြစ်တယ်။ ဟဒယဝတ္ထုအကြည်ကို မှီပြီးတော့ ကြံသိစိတ်ဖြစ်တယ်။

ဟဒယဝတ္ထုကတော့ ဘဝင်ရဲ့ မှီရာဖြစ်တယ်။ ဘဝင်ကို တစ်ဆင့်မှီပြီးတော့ ဝိညာဏ်တွေ ကြံသိစိတ်တွေ ဖြစ်တာပါပဲ။ ဒါပေမယ့် တစ်ဆင့်မှီပေါ့လေ။ ဟဒယဝတ္ထုအကြည်ကို မှီပြီးတော့ ကြံသိစိတ်တွေဖြစ်တယ်။ အဲဒီ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ဟဒယအကြည်တွေက ရှေးဦးစွာ ရှိနေလို့ ပုရေဇာတလည်းဖြစ်တယ်။ ဝိပ္ပယုတ္တလည်းဖြစ်တယ်။ ပစ္စည်းဘက်က ရုပ်တရားတွေချည်းပဲဖြစ်တယ်။

ပစ္စယုပ္ပန်ဘက်က နာမ်တရားဖြစ်တယ်။ အရူပိနံ့ ဓမ္မာနံ-က နာမ်တရားဖြစ်တယ်။ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လား ... ဝိပ္ပယုတ်ပါဘုရား။ ဝိပ္ပယုတ်ဖြစ်တယ်။ သမ္ပယုတ်အင်္ဂါနဲ့လည်း မညီတော့ဘူး။ သမ္ပယုတ်အင်္ဂါက ဖြစ်တာလည်း အတူတူဖြစ်ရမယ်။ ဝတ္ထုရုပ်တွေက ရှေးဖြစ်နေတော့ တူပါသေးရဲ့လား ... မတူပါဘုရား။ ဝိညာဏ်က နောက်မှဖြစ်တယ်။ ဖြစ်တာချင်းလည်း မတူတော့ဘူး။ ချုပ်တာချင်းလည်း မတူတော့ဘူး။ ဝတ္ထုရုပ်တွေက အရှည်ကြီး၊ အကြာကြီး တည်နိုင်တယ်။ စိတ်သက် တစ်ဆယ့်ခုနစ်ချက်တိုင်အောင် တည်သွားနိုင်တယ်။ စိတ်သက်က တစ်ဆယ့်ခုနစ်ချက် ပြည့်သွားအောင် ဖြစ်ပြီးတော့မှ ဒီဝတ္ထုရုပ်တွေက ချုပ်သွားတယ်။ ချုပ်တာချင်းလည်း တူပါရဲ့လား ... မတူပါဘုရား။

စိတ္တက္ခဏတစ်ခုမှာ ဥပါဒ် ဋ္ဌီ ဘင်ဆိုတဲ့ ခဏငယ်လေးက (၃)ချက် ရှိတယ်။ ရုပ်တစ်ခါဖြစ်လို့ရှိရင် စိက်တွေက တစ်ဆယ့်ခုနစ်ချက် ဖြစ်သွား နိုင်တယ်။ ရုပ်သက်တစ်ချက်ကို စိတ်သက် တစ်ဆယ့်ခုနစ်ချက်ရှိတယ်။ ဒီတော့ ချုပ်တာချင်း တူပါတော့မလား ... မတူတော့ပါဘုရား။ ရုပ်သက် တွေက အရှည်ကြီး၊ နာမ်သက် တစ်ဆယ့်ခုနစ်ချက်တောင်ဖြစ်တယ်။ စိတ် သက်က တစ်ချက်တည်းပဲရှိတော့ ချုပ်တာချင်းလည်း မတူတော့ သမ္ပယုတ် ဖြစ်ပါသေးလား ... မဖြစ်တော့ပါဘုရား။ မဖြစ်တော့ဘူး။ ဘာဖြစ်သွားပါသ လဲ ... ဝိပ္ပယုတ်ဖြစ်ပါတယ်ဘုရား။ ဝိပ္ပယုတ်ဖြစ်သွားတယ်။

ဖြစ်တာချင်းလည်း မတူပေဘူး။ ပစ္စည်းတရားဘက်က ဆဝတ္ထုဆိုတဲ့ ဝတ္ထုရုပ်(၆)ပါးက ရှေးဦးစွာဖြစ်လို့ ပုရေဇာတ။ သတ္တဝိညာဏဓာတ်က နောက်မှဖြစ်ရတယ်။ ဖြစ်တာချင်းလည်း မတူဘူး။ ချုပ်တာချင်းလည်း မတူ ဘူး။ ရုပ်သက်က နာမ်သက် တစ်ဆယ့်ခုနစ်ချက်တောင်ဖြစ်တယ်။ နာမ်သက် ကလေးက သတ္တဝိညာဏဓာတ်က တစ်ချက်ပဲ ဖြစ်နိုင်တယ်။ ချုပ်တာချင်း တူပါရဲ့လား ... မတူပါဘုရား။ တစ်ချက်တည်း ဖြစ်ပြီးတာနဲ့ ချုပ်သွားတယ်။ ဒီတော့ ဝိပ္ပယုတ်မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ ဝိပ္ပယုတ်ဖြစ်တယ်။

တူသောအာရုံဆိုရာ၌ အာရုံချင်းလည်း တူရမယ်။ နာမ်တရားတွေက သူ့အာရုံနဲ့သူ အာရုံပြုကြတယ်။ မြင်သိစိတ်က ရူပါရုံအဆင်းကို အာရုံပြု တယ်။ ကြားသိစိတ်က ဘာကိုအာရုံပြုပါသလဲ ... သဒ္ဒါရုံ အသံကိုပါဘုရား။ နံ့သိစိတ်က ဘာကိုအာရုံပြုပါသလဲ ... ဂန္ဓာရုံ အနံ့ကိုပါဘုရား။ စားသိစိတ် က ဘာကိုအာရုံပြုပါသလဲ၊ ကိုယ်နေ့တိုင်း စားနေတာပဲ။ ဘယ်ကိုအာရုံပြု နေလဲမသိတော့ဘူး။ ဟင်းကောင်းရင် ကောင်းတဲ့ဟင်းကို အာရုံပြုတယ်။ ဟင်းမကောင်းရင် မကောင်းတဲ့ဟင်းကိုပဲ အာရုံမပြုရပါဘူးလား၊ ပစ္စုပ္ပန်

ရသာရုံ တွေ့နေရတာလေးပဲ အာရုံပြုတယ်။ ထိသိစိတ်က ဖောဋ္ဌဗ္ဗာရုံ အတွေ့ဆိုတဲ့ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ အတွေ့အာရုံကိုပဲ အာရုံပြုတယ်။ ဒီတော့ နာမ်တရားက သူ့အာရုံနဲ့သူ အာရုံပြုနေတယ်။ ဒါက ပစ္စယုပ္ပန်တရားဘက်က ဖြစ်တယ်။

ပစ္စည်းတရားဘက်က စက္ခုတို့၊ သောတတို့၊ ဃာနတို့၊ ဇိဝှါတို့၊ ကာယတို့၊ ဟဒယတို့က လုံးဝ အာရုံမပြုတတ်ပေဘူး။ ဒီတော့ အာရုံချင်းလည်း တူမှတူပါရဲ့လား ... မတူပါဘုရား။ ပစ္စည်းတရားဘက်က မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ဟဒယအကြည်ဆိုတဲ့ ဝတ္ထုရုပ်(၆)ပါးက ရုပ်တရားဆိုတော့ လုံးဝ အာရုံမပြုတတ်ဘူး။ ဒီတော့ အာရုံချင်းလည်း တူပါရဲ့လား ... မတူပါဘုရား။ ရုပ်တရားတွေဆိုတာ အနာရမ္မဏ = အာရုံမပြုတတ်ဘူးတဲ့။ ရုပ်တရားရဲ့ သဘောတရား အနာရမ္မဏ = အာရုံမပြုတတ်ဘူး။ ရုပ်တရားက ဘာကိုမှ သူ့အသိမရှိဘူး။ ရုပ်တရားက သိနေတာရှိပါရဲ့လား ... မရှိပါဘုရား။ တရားနာပရိသတ်များ၊ ယောဂီများကတော့ ရုပ်တရားက ဘာမှမသိတာကို ပိုသိတာပေါ့။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုဆိုတဲ့ ရုပ်တရားတွေသဘောက အာရုံတစ်ပါးပါးကို အာရုံပြုပြီးတော့ သိနေတယ်ရယ်လို့ သူတို့မှာ အသိမရှိဘူးတဲ့။

အပ္ပဟာတဗ္ဗ = ပယ်လို့မရဘူးတဲ့။ မျက်စိအကြည်ကို ပယ်ပစ်လိုက်မယ်ဆိုပြီး တရားအမှတ်နဲ့ပယ်လို့ ရမှရပါ့မလား ... မရပါဘုရား။ ပယ်လို့မရဘူး။ ပယ်ရင် ဘာဖြစ်သွားမလဲ၊ ကန်းသွားမှာပေါ့။ ကန်းသွားမယ်။ နာမ်တရားနဲ့ မတူဘူး။ နာမ်တရားဆိုတာကတော့ အာရုံပြုတတ်တယ်။ မပြုတတ်ပါဘူးလား ... ပြုတတ်ပါတယ်ဘုရား။ ဖြူတာကိုလည်း အာရုံပြု

မည်းတာကိုလည်း အာရုံပြု၊ ကောင်းတာကိုလည်း အာရုံပြု၊ ဆိုးတာကိုလည်း အာရုံပြုနေတာ ဘယ်သူပါလဲ ... နာမ်တရားပါဘုရား။ နာမ်တရားဖြစ်တယ်။ ဒီတော့ တူပါရဲ့လား ... မတူပါဘုရား။ အာရုံချင်းလည်း မတူတော့ သမ္ပယုတ်မဖြစ်တော့ဘူး။ ဝိပ္ပယုတ်ဖြစ်နေတယ်။

ရုပ်တရားဆိုတာ အပ္ပဟာတဗ္ဗ = မပယ်လည်းမပယ်ရဘူး။ နာမ်တရားတွေကျတော့ ပယ်သင့်တဲ့တရားတွေ မပယ်ရပါဘူးလား ... ပယ်ရပါတယ်ဘုရား။ လောဘကို မပယ်ရပါဘူးလား ... ပယ်ရပါတယ်ဘုရား။ ဒေါသကိုကော ... ပယ်ရပါတယ်ဘုရား။ မောဟကိုကော ... ပယ်ရပါတယ်ဘုရား။ မာန်မာနကို ... ပယ်ရပါတယ်ဘုရား။ ဣဿာ၊ မစ္ဆရိယတွေကို ... ပယ်ရပါတယ်ဘုရား။ တရားနာပရိသတ်များတော့ ဘာနဲ့ပယ်နေကြပါသလဲ ... ဝိပဿနာနဲ့ ပယ်နေရပါတယ်ဘုရား။ ဝိပဿနာမှတ်နေတဲ့အခါ အကုန်ပယ်နေတာပဲ။ ဖြစ်ခွင့်ရပါရဲ့လား ... ဖြစ်ခွင့်မရပါဘုရား။ ဖြစ်ခွင့်မရတာ သည်ပင်လျှင် ပယ်နေတာပဲဖြစ်တယ်။ နာမ်တရားကတော့ ပယ်လို့မရပါဘူးလား ... ရပါတယ်ဘုရား။

ရုပ်နဲ့နာမ်နဲ့ ကွဲရအောင် ပြောပြစမ်းပါလို့ နိုင်ငံခြားသားတွေက မေးလာလို့ရှိရင် ပြောလို့မရပါဘူးလား ... ပြောလို့ရပါတယ်ဘုရား။ ရုပ်တရားဆိုတာ အနာရမ္မဏ = ဘာမှအာရုံမပြုတတ်၊ မသိတတ်ပေဘူး။ ရုပ်နဲ့နာမ်နဲ့ ကွဲသွားတဲ့အခါကျတော့၊ ကွယ်လွန်သွားတဲ့အခါကျတော့ ရုပ်ကိုယ်ချည်း မကျန်နေခဲ့ပါဘူးလား ... ကျန်ခဲ့ပါတယ်ဘုရား။ ဘာများသိပါသေးလဲ ... ဘာမှမသိတော့ပါဘုရား။ အနာရမ္မဏ = အာရုံမပြုတတ်ဘူးဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

နာမ်တရားဆိုတာ သိတတ်တယ်၊ ပယ်လို့ရတယ်။ ရုပ်တရားဆိုတာ မသိတတ်ပေဘူး၊ ပယ်လို့မရပေဘူး။ နာမ်တရားဆိုတာကတော့ မကောင်းတဲ့ နာမ်တွေကို ပယ်လို့ရတယ်။ ပယ်ကြရတယ်။ အဲဒီလို ကွာခြားပါတယ်။ ဒါကြောင့် ရုပ်တရားနဲ့ နာမ်တရားဟာ ဝိပ္ပယုတ္တ မဖြစ်နေပါဘူးလား ... ဝိပ္ပယုတ္တ ဖြစ်နေပါတယ်ဘုရား။ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနေတယ်။

တရားနာပရိသတ်များအတွက်၊ ယောဂီများအတွက်တော့ ဒီစက္ခုဝတ္ထု = မျက်စိအကြည်၊ သောတဝတ္ထု = နားအကြည်၊ ဃာနဝတ္ထု = နှာခေါင်းအကြည်၊ ဇိဝှါဝတ္ထု = လျှာအကြည်၊ ကာယဝတ္ထု = ကိုယ်အကြည်၊ ဟဒယဝတ္ထု = ဟဒယအကြည်ဆိုတာတွေဟာ ဝိပဿနာရှုကွက်တွေပဲ။ ရှုလို့မရပါဘူးလား ... ရှုလို့ရပါတယ်ဘုရား။ အများဆုံးရှုနေရတာကတော့ ကာယဝတ္ထု = ကာယကနေပြီးတော့ ရှုနေရတာပဲ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်မှတ်နေတာ ဘယ်က မှတ်နေတာပါလဲ၊ ကာယက မှတ်နေတာဖြစ်တယ်။ ကာယအကြည်မှာ ဖောဋ္ဌဗ္ဗရုပ်ကလေး လာလာတိုက်နေလို့ မှတ်မနေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။

လာတိုက်တဲ့အခိုက်အတန့် ထိသိစိတ်ကလေး ဖြစ်လာတဲ့အခိုက်အတန့်မှာ ဖောင်းတယ်လို့ ရှုမှတ်ရတယ်။ ဖောင်းတက်လာတဲ့အခါ ကာယအကြည်လေးမှာ လေကတွန်းလိုက်တော့ ဖောင်းတယ်လို့ မသိလာပါဘူးလား ... သိလာပါတယ်ဘုရား။ သိတော့ ဖောင်းတယ်လို့ မမှတ်လိုက်ပါဘူးလား ... မှတ်လိုက်ပါတယ်ဘုရား။ ကာယဝတ္ထု = ကာယအကြည်လေးကို မှတ်နေတာပါပဲ။ ပိန်တယ်လို့မှတ်တဲ့အခါမှာလည်း တွန်းလိုက်တဲ့လေ တိုးပြီးတော့ ထိသွားတဲ့ ဖောဋ္ဌဗ္ဗအတွေ့လေး ဖြစ်သွားတဲ့အခါ ပိန်တယ်လို့သိလာတော့

ပိန်တယ်လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ပိန်တယ်လို့ မှတ်နေရတယ်။ ကာယကနေပြီးတော့ မှတ်နေကြရတာဖြစ်တယ်။

ဒီလိုမှတ်တဲ့အခါမှာလည်း ဝိပဿနာစစ်စစ်တွေဖြစ်အောင် တရားနာပရိသတ်များ၊ ယောဂီများတော့ မှတ်တတ်တဲ့ပုဂ္ဂိုလ်များပါတယ်။ ဝိပဿနာစစ်စစ် အားထုတ်ချင်ပါတယ်။ ဘယ်ရိပ်သာမှာ သွားအားထုတ်ရမလဲ၊ ညွှန်ပြစမ်းပါလို့ တကယ်အားထုတ်ချင်တဲ့ ပုဂ္ဂိုလ်များက မမေးပါဘူးလား ... မေးပါတယ်ဘုရား။ ဝိပဿနာစစ်စစ်ဖြစ်ဖို့ရာ သိပ်အရေးကြီးပါတယ်။ တရားနာပရိသတ်များ စစ်စစ်ပဲ အားထုတ်ချင်ပါတယ်။ တုတ္တယောင်ယောင်တွေတော့ ... အားမထုတ်ချင်ပါဘုရား။ တကယ်လိုလားတဲ့ပုဂ္ဂိုလ်တွေ၊ တကယ်အပါယ်တံခါးပိတ်တဲ့အဆင့်ကို ရောက်ချင်တဲ့ပုဂ္ဂိုလ်တွေ ဝိပဿနာစစ်စစ်ကိုတော့ ရှာဖွေကြပါတယ်။ ဘယ့်နှယ်အားထုတ်ရပါ့မလဲ၊ ဝိပဿနာစစ်စစ်ဖြစ်အောင် ဘယ်လိုအားထုတ်ရပါမလဲလို့ အကယ်၍များ တရားနာပရိသတ်များ၊ ယောဂီများကို မေးလာခဲ့သော် ဖြေနိုင်မှကောင်းမယ်။ ဝိပဿနာစစ်စစ်ပဲ အားထုတ်ရတာဖြစ်တယ်။ ဝိပဿနာစစ်စစ်ဖြစ်ပုံကိုတော့ တရားနာပရိသတ်များ နေ့စဉ်နှင့်အမျှ သဒ္ဓမ္မရံသီရိပ်သာမှာ နာကြားနေရပါတယ်။

ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာ ဝိပဿနာစစ်စစ်ဖြစ်အောင် ဘယ့်နှယ်အားထုတ်ရမလဲ၊ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ မခွာရပါဘူးလား ... ခွာရပါတယ်ဘုရား။ ဘာဖြစ်လို့ ခွာရသလဲ ... ပညတ်ဖြစ်လို့ပါဘုရား။ ပညတ်ဖြစ်လို့တဲ့။ ပုံသဏ္ဌာန် သဏ္ဌာနပညတ်ဟာ ဝိပဿနာရဲ့ အာရုံမဟုတ်ပေဘူး။ ဖောင်းတယ်လို့မှတ်တဲ့အခါမှာလည်း ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးကို ခွာနိုင်သမျှခွာ၊ ဘာဖြစ်လို့လဲဆိုတော့ ပုံသဏ္ဌာန်ဒြပ်ကြီးက ပညတ်ဖြစ်လို့ပဲ။

ဖောင်းတယ်လို့မှတ်တဲ့အခါမှာ အတွင်းက တောင့်တင်းဘွန်းကန်တဲ့ သဘောလေး၊ လေရှူသွင်းလိုက်တာနဲ့အမျှ တောင့်တင်းတွန်းကန်တဲ့ သဘောလေး မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ အဲဒါလေးကိုပဲ ဖောင်းတယ်လို့ ဝေါဟာရအားဖြင့် ခေါ်ရတာပဲ။ ဝေါဟာရအခေါ်မှမရှိလို့ရှိရင် မှတ်လို့ တော်တော်နဲ့ မရပေဘူး။ ပြောလို့မရပေဘူး။ အမှန်စင်စစ် သိရမှာကတော့ တောင့်တင်းတွန်းကန်မှု သဘောလေးကိုပဲ သိအောင်မှတ်ရတာပါပဲ။

ခေါ်တာကလည်း ဝေါဟာရပညတ်ပါပဲ။ ခေါ်တော့ ခေါ်ရမယ်။ သိအောင်တော့ မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ တကယ်တမ်း သိအောင် စူးစိုက်ရမှာကတော့ တောင့်တင်းတွန်းကန်မှု သဘောကလေးကို သိအောင် စူးစိုက်ရမယ်။ ပိန်တယ်လို့မှတ်တဲ့အခါမှာလည်း ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီး ကိုတော့ ခွာနိုင်သမျှခွာ၊ လေရှူထုတ်လိုက်တာနဲ့အမျှ တစ်ရွေ့ပြီးတစ်ရွေ့ လျှပ်သွားတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရတယ်။ ခေါ်တာကလည်း ဝေါဟာရပညတ် ပိန်တယ်လို့ပဲ ခေါ်ရမှာပဲ။ သိအောင်စူး စိုက်ရမှာကတော့ လျှပ်သွားတဲ့သဘော၊ ရွေ့သွားတဲ့သဘောလေးကို သိနိုင် သမျှသိအောင် စူးစိုက်ရမယ်။ အဲဒီလို စူးစိုက်တာဟာ ဝိပဿနာစစ်စစ်ဖြစ် ဖို့ရာ အခြေခံပါပဲ။

ဆောင်ပုဒ် ။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ် ပညတ်ကြီးကိုတော့ ခွာနိုင်သမျှခွာ အာရုံမပြုပါ နဲ့။ ခွာတယ်ဆိုတာ အာရုံမပြုနဲ့လို့ ပြောလိုတဲ့ အဓိပ္ပါယ်ပါပဲ။ ပရမတ်ဆို တာကတော့ ဖောင်းတဲ့အခါ တောင့်တင်းတွန်းကန်တဲ့ သဘောလေး၊ ပိန်တဲ့ အခါ လျှပ်သွားလျော့သွားတဲ့ သဘောလေးကို ပရမတ်လို့ ခေါ်ပါတယ်။ ဝါယောဓာတ်ရဲ့ သဘောလက္ခဏာဖြစ်တယ်။

## ဆောင်ပုဒ် ။ ။ ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်၊ ဝါယောဓာတ်၊ ရှုမှတ်မြတ်ယောဂီ။

ဝါယောဓာတ်ရဲ့လက္ခဏာ ဖောင်းတဲ့အခါမှာ ထောက်ကန်တဲ့၊ တောင့်တင်းတဲ့ သဘောလေး မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ပိန်တဲ့အခါမှာ လျော့သွားတဲ့ သဘောလေး၊ လှုပ်သွားတဲ့ သဘောလေး မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ အဲဒါလေးတွေကို သိအောင်စူးစိုက်ရမယ်။ အစပိုင်းမှာတော့ တော်တော်နဲ့ စူးစိုက်လို့ မရပေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပညတ်ကို သိခဲ့တဲ့အသိက များခဲ့လို့ပါပဲ။ ဒီဘဝသာမဟုတ်ဘူး။ ဟိုး ... အတိတ်အတိတ်ဘဝတွေကလည်း ပညတ်ကိုပဲသိတာ များခဲ့ပါတယ်။ ငါပဲ၊ သူပဲ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ အမျိုးသားပဲ၊ အမျိုးသမီးပဲ၊ ကိုယ့်ဗိုက်ပဲ၊ ကိုယ့်ဝမ်းပဲ၊ ကိုယ့်ခြေကိုယ့်လက်တွေပဲလို့ သိခဲ့တဲ့ဘဝပေါင်းက မများခဲ့ပါဘူးလား ... များခဲ့ပါတယ်ဘုရား။ များခဲ့တယ်။

ပညတ်က ကောင်းကျိုးပေးပါသလား၊ ဆိုးကျိုးပေးပါသလားဆိုတော့ ... ဆိုးကျိုးပေးပါတယ်ဘုရား။ ဆိုးကျိုးပေးတတ်ပါတယ်။ အစွဲတွေ ဖြစ်လာတတ်တယ်။ သူပဲ၊ ငါပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲသွားတာ ဘယ်သူ့ကြောင့် စွဲသွားတာလဲဆိုတော့ ပညတ်ကြောင့် စွဲတာဖြစ်တယ်။ ဝိပဿနာနဲ့ ပညတ်သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ပေတယ်။

ပညတ်ကို ခွာနိုင်သမျှခွာ၊ အစပိုင်းမှာတော့ ခွာပင်ခွာငြားသော်လည်း ပညတ်တွေ ထင်တော့ထင်နေဦးမှာပဲ။ ဘဝါဘဝက အထုံဝါသနာတွေ၊ အာသေဝနပစ္စည်းတွေက ပါလာတော့ တော်တော်နဲ့ ခွာလို့မရပေဘူး။ တဖြည်းဖြည်း ခွာပါများလာတော့လည်း မကွာသွားပါဘူးလား ... ကွာသွားပါတယ်

ဘုရား။ ဝိပဿနာဉာဏ်ကလည်း ရင့်ကျက်လာ၊ ခွာတာကလည်း ခွာပေးတော့။ ထို့နောက် ဝိပဿနာဉာဏ်တွေ ရင့်ကျက်လာတဲ့အခါ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်တွေဟာ မထင်ရှားတော့ဘူး။ ဖောင်းတဲ့အခါ တောင့်တင်းတွန်းကန်တဲ့ သဘောလေး၊ ပိန်တဲ့အခါ လျော့သွားလှုပ်သွားတဲ့ သဘောလေးမျှသာ မထင်ရှားနေတတ်ပါဘူးလား ... ထင်ရှားနေတတ်ပါတယ်ဘုရား။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့မှတ်တာလည်း ကာယဝတ္ထု ကာယအကြည်ကနေ အတွေ့ဖောဋ္ဌဗ္ဗရုပ် လာတွေ့တဲ့အခါ မှတ်နေတာပဲ။ ကာယဝတ္ထုကပဲ မှတ်နေတာပါပဲ။ ကြွတယ်လို့မှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကို ခွာနိုင်သမျှခွာ၊ ဘာဖြစ်လို့ ခွာရမှာလဲ ... ပညတ်ဖြစ်လို့ပါဘုရား။

တရားနာပရိသတ်များ၊ ယောဂီများက တရားတွေ ပြည့်စုံတော့ ကိုယ်နဲ့နီးစပ်တဲ့ မိတ်ဆွေသင်္ဂဟတွေကို တစ်ဆင့်တရားဟောပြဖို့ သာသနာအတွက် သာသနာပြုဖို့ မလိုအပ်နေပါဘူးလား ... လိုအပ်နေပါတယ်ဘုရား။ အများကြီးလိုအပ်တယ်။ ခုအချိန်ခါမှာ ပိုလိုအပ်နေပါတယ်။ ဘာသာဝါဒတွေကများပြားအားကြီးတော့ လူတွေက ဘာသာဝါဒအမျိုးမျိုးတွေ ဟောလိုက်၊ ပြောလိုက်ကြတော့ ယိမ်းယိုင်တုန်လှုပ်နေကြတော့ အမှန်ကိုရောက်ဖို့ မိမိတို့ တာဝန်မရှိနေပါဘူးလား ... တာဝန်ရှိနေပါတယ်ဘုရား။

ကြွတယ်လို့မှတ်တဲ့အခါမှာ ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ ဘာဖြစ်လို့ ခွာရမှာလည်းဆိုတော့ ပညတ်ဖြစ်လို့ ခွာရမယ်။ အပေါ်ကို ရွှေ့ရွှေ့တက်သွားတဲ့သဘောကို သိနိုင်သမျှသိအောင် စူးစိုက်။ လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကို ခွာနိုင်

သမျှခွာ၊ အောက်ကို ရွေ့ရွေ့ကျသွားတဲ့သဘောကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရတယ်။

ဝိပဿနာစစ်စစ်ဖြစ်အောင် ပညတ်ပုံသဏ္ဌာန်ဒြပ်ကို ခွာနိုင်သမျှခွာ၊ ပရမတ်သဘောလေးတွေကို သိနိုင်သမျှသိအောင် စူးစိုက်။ ရွေ့နေတဲ့သဘောလေးဟာ ပရမတ်ပဲ။ နောက်တစ်ချက်က ပစ္စုပ္ပန်ကို တည့်နိုင်သမျှတည့်အောင် စူးစိုက်ရပေတယ်။

ကြွတယ်လို့မှတ်တဲ့အခါ အပေါ်ကို ရွေ့ရွေ့တက်သွားတဲ့ ရွေ့နေတဲ့အစဉ်ကို သန္တတိပစ္စုပ္ပန်လို့ခေါ်တယ်။ အဲဒီအစဉ်လေးကို မိနိုင်သမျှမိအောင် စူးစိုက်ရပေတယ်။ ပေါ့ပေါ့ဆဆလေး မှတ်လို့တော့ မရပေဘူး။ သေသေချာချာ စူးစိုက်၍ မှတ်လိုက်တဲ့အခါမှာ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ရွေ့တက်နေတာ မသိရပါဘူးလား ... သိရပါတယ်ဘုရား။

လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း ရှေ့ကို တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့သွားတဲ့အစဉ်လေးကို သန္တတိပစ္စုပ္ပန်လေးကို တည့်နိုင်သမျှတည့်အောင် စူးစိုက်ရပေတယ်။ ချတယ်လို့မှတ်တဲ့အခါမှာလည်း အောက်ကို ရွေ့ကျသွားတဲ့အစဉ်လေးကို မိနိုင်သမျှမိအောင်၊ တည့်နိုင်သမျှတည့်အောင် စူးစိုက်ရပေတယ်။ ပစ္စုပ္ပန်လည်းတည့်အောင် စူးစိုက်တတ်ရမယ်။ ဝိပဿနာစစ်စစ် ဖြစ်ဖို့ရာပါပဲ။

ဘာကြောင့် ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ရမှာလဲဆိုတော့ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရုပ်တရား၊ နာမ်တရား နှစ်ပါးလုံးက ပစ္စုပ္ပန်အခိုက်အတန့်မှာပဲရှိတယ်။ ဖြစ်ပြီးတာနဲ့ ပျက်သွား၊ ဖြစ်ပြီးတာနဲ့ ပျက်သွား၊ တစ်စက္ကန့်လောက် နောက်ကျသွားတာနဲ့ မရှိတော့ပေဘူး။ မရှိတော့လို့ရှိရင်

မရှိတဲ့တရားကို သွားပြီးမှတ်လို့ ထင်မှထင်ရှားပါ့မလား ... မထင်ရှားပါဘုရား။ မထင်ရှားဘူး။ ရုပ်တရား၊ နာမ်တရားတွေဟာ ခဏာမစဲ အလျင်အမြန် ဖြစ်ပျက် ဖြစ်ပျက်သွားတာပဲ။ တစ်ခဏာလေးတောင် မတည်နိုင်ပေဘူး။

**ဝိဋ္ဌပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။**

**အာကာသေ** = ကောင်းကင်၌၊ **ဝိဋ္ဌပ္ပါဒေါဣဝ** = တိမ်လွှာနှစ်ထပ်ခတ်မိလို့ ဖြစ်ပေါ်လာသော လျှပ်စစ်ရောင်ကဲ့သို့၊ **ဥပ္ပဇ္ဇန္တိစ** = ဖြစ်လည်းဖြစ်ကြကုန်၏၊ **ဝယန္တိစ**= ပျက်လည်း ပျက်သွားကြကုန်၏။

ကောင်းကင်မှာ မိုးဦးကျအခါ တိမ်လွှာနှစ်ထပ် ခတ်မိလို့ လျှပ်စစ်ရောင်လေးတွေ ဝင်းခနဲ ဝင်းခနဲ လက်သွားတယ်။ အဲဒီလျှပ်စစ်ရောင်လေးက လက်နေတဲ့အခိုက်အတန့်ပဲရှိတယ်။ မလက်ခင်တုန်းကလည်း ဘယ်တိမ်တိုက်ထဲမှာ လျှပ်စစ်ရောင်လေး ရှိနေတယ်လို့ ရှာလို့မရဘူး။ လက်ပြီးတဲ့နောက်အခါမှာလည်း ဒီအလင်းရောင်လေးတွေဟာ၊ ဒီလျှပ်စစ်ရောင်လေးတွေဟာ ဘယ်တိမ်တိုက်ထဲမှာ ကျန်ရှိနေသေးတယ်လို့ ရှာလို့မရဘူး။

အဲဒီလိုပါပဲ။ တရားနာပရိသတ်များရဲ့သန္တာန်မှာဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရား နှစ်ပါးလုံးသည်လည်း ဖြစ်ခိုက် ဖြစ်ခိုက်လေးပဲရှိတယ်။ ပျက်ပြီးသွားတာနဲ့ ဒီခန္ဓာကိုယ် ဘယ်နေရာမှာမှ မရှိတော့ပါဘူး။ မဖြစ်ခင်ကလည်း ဒီရုပ်တရား၊ နာမ်တရားတွေ ခန္ဓာကိုယ် ဘယ်နားမှာ ရှိနေတယ်လို့လည်း မရှိကောင်းဘူး။ လျှပ်စစ်ရောင်နဲ့ တူပါတယ်။ ဒါကြောင့် ဖြစ်ခိုက်ကိုသိအောင် ရှုရတယ်။

## ဆောင်ပုဒ် ။ ။ ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိရမည်။

ဖြစ်ခိုက်ရှုမှ သဘာဝဆိုတဲ့ ရွေ့ရွေ့တက်နေတဲ့ သဘောတရားလေးတွေ သိကြရပေတယ်။ ကြွတယ်လို့မှတ်တဲ့အခါမှာ ရွေ့ရွေ့ပြီးတော့ တက်သွားတဲ့ သဘောတရား၊ လှမ်းတယ်လို့မှတ်တဲ့အခါမှာ ရှေ့ကိုရွေ့သွားတဲ့ သဘောတရား၊ ချတယ်လို့မှတ်တဲ့အခါမှာ အောက်ကိုရွေ့သွားတဲ့ သဘောတရားတွေကို သိလာမှာဖြစ်တယ်။

ထို့နောက် သမာဓိဉာဏ် အသင့်အတင့် ရင့်သန်လာတဲ့အခါ သဘောတရားတွေ ပိုပိုပြီးတော့ ထင်ရှားလာပါလိမ့်မယ်။ ကြွတယ်လို့မှတ်တဲ့အခါမှာ တစ်ရွေ့ပြီးတစ်ရွေ့ အပေါ်ကို ရွေ့တက်သွားတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီးတော့ တက်သွားတာ၊ လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း တစ်ရွေ့ပြီးတစ်ရွေ့ ရှေ့ကို ရွေ့ရွေ့ပြီးသွားတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီးတော့ ရွေ့သွားတာ၊ ချတယ်လို့မှတ်တဲ့အခါမှာလည်း အောက်ကို တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ကျသွားတာကို သိပြီးတဲ့အပြင် လေးလေးပြီးတော့ ကျသွားတာများ ပစ္စုပ္ပန်တည့်အောင် မှတ်လိုက်တော့ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ပညတ်ကိုလည်း ခွာတတ်ပြီး ပစ္စုပ္ပန်ကိုလည်း တည့်အောင် စူးစိုက်တတ်သွားပြီဆိုလို့ရှိရင် ပေါ့တာ လေးတာတွေ စကြံလျှောက်တဲ့အခါမှာ ထင်ရှားလာတတ်ပါတယ်။ အစပိုင်းမှာတော့ ပေါ့တာ လေးတာတွေ သိပ်မထင်ရှားဘူး။ ဘာကြောင့် မထင်ရှားလဲဆိုတော့ အဲဒီနှစ်ချက်က ချို့ယွင်းနေလို့ပဲ။ ပညတ်ကြီးကို မှတ်နေလို့ရှိရင် တော်တော်နဲ့ ထင်ရှားပါ့မလား ... မထင်ရှားပါဘုရား။ ပစ္စုပ္ပန်မတည့်လို့ရှိရင်လည်း မထင်ရှားပေဘူး။ ပေါ့ပေါ့သွားတာက တေဇောနဲ့ ဝါယောတို့ရဲ့ သဘောကို တွေ့ရတာဖြစ်တယ်။

**ဆောင်ပုဒ် ။ ။ တေနှင့်ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ့တာထင်ရှားသည်။**

တေ-က တေဇော = အခိုးဓာတ်၊ မီးဓာတ်၊ အပေါ့ဓာတ်ပဲ။ ဝါ-က ဝါယော = လေဓာတ်၊ အပေါ့ဓာတ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာ အထင်ရှားဆုံး ရုပ်တရားတွေပါပဲ။

**ဆောင်ပုဒ် ။ ။ ပနှင့်အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှားသည်။**

ပ-က ပထဝီ = ပထဝီဓာတ်ဆိုတာ အမာဓာတ်၊ မြေဓာတ်၊ အလေးဓာတ်ပဲ။ အာ-က အာပေါဓာတ် = ရေဓာတ်၊ အလေးဓာတ်ပဲ။ တရားနာပရိသတ်များရဲ့သန္တာန်မှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ ဒီရုပ်ကြီးလေးမျိုးကို ပါဠိလို မဟာဘူတ။ မဟာ-က ကြီးကျယ်ထင်ရှားစွာ၊ ဘူတ-က ဖြစ်နေတဲ့ ရုပ်တရားတွေဖြစ်တယ်။ နည်းမှန်လမ်းမှန် ဝိပဿနာရှုလိုက်တော့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ဓာတ်ကြီးလေးပါး မထင်ရှားလာပါဘူးလား ... ထင်ရှားလာပါတယ်ဘုရား။ ပေါ့တာလေးတာကို တွေ့လို့ရှိရင် တရားတွေ့တယ်လို့ မဆိုရပါဘူးလား ... ဆိုရပါတယ်ဘုရား။ တရားတွေ့သွားပြီ။ တရားတွေ့ဖို့ရာ အဓိကပါပဲ။ တရားတွေ့သွားလို့ရှိရင် ယောဂီက သဘောတွေကျပြီး ဆက်ကာဆက်ကာ ရှုလို့ရှိရင် သူ့ရဲ့ပါရမီဉာဏ်အားလျော်စွာ တရားထူး တရားမြတ်တွေ ရသွားကြတာပါပဲ။

**ဓမ္မောစ မင်္ဂလော လောကေ၊ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။**
**ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**ဓမ္မောစ** = တရားတော်သည်လည်း၊ **လောကေ** = လောက၌၊ **မင်္ဂလော** = မကောင်းကျိုးတွေပျောက် ကောင်းကျိုးတွေ ရောက်စေတတ်သော မင်္ဂလာ

တစ်ပါးပင်တည်း။ **ဓမ္မော** = တရားသည်၊ **ဂမ္ဘီရော** = နက်နဲ၏၊ **ဒုဒ္ဒသော** = မြင်နိုင်ခဲ၏။ **ဓမ္မံ** = နက်နဲသော မြင်နိုင်ခဲသောတရားကို၊ **သရဏံ** = ရှုမှတ်သောအားဖြင့် ကိုးကွယ်ရာကို၊ **အာဂမ္မ** = အကြောင်းပြု၍၊ **သဗ္ဗဒုက္ခာ** = အလုံးစုံသော ဆင်းရဲဟူသမျှမှ၊ **ပမုစ္စတိ** = လွတ်ရ၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားတော်သည် တရားနာပရိသတ်များအတွက်၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များအတွက် မကောင်းတဲ့အပြစ်ဒဏ်တွေ၊ မကောင်းကျိုးတွေပျောက်ပြီး ကောင်းကျိုးတွေ ရောက်လာဖို့ရာ မင်္ဂလာတစ်ပါးပဲ။ အဲဒီတရားတော်သည် ဂမ္ဘီရော = နက်နဲ၏၊ ဒုဒ္ဒသော = မြင်နိုင်ခဲ၏။ အလွန်ပဲ နက်နဲပါတယ်။ မြင်လည်း မြင်နိုင်ခဲပါတယ်။ မြတ်စွာဘုရားမပွင့်တဲ့ သာသနာပအခါမှာတော့ လုံးဝမမြင်နိုင်ပါဘူး။ အခုလို သာသနာတွင်းအခါမှာဖြစ်လို့ နည်းမှန်လမ်းမှန် ရှုလိုက်တဲ့အခါ တရားသဘောတွေ မြင်လာနိုင်တယ်။ အဲဒီတရားတွေ မြင်ပြီးရင် တရားကို ကိုးကွယ်ရာအဖြစ် ဆည်းကပ်သွားနိုင်ပြီဆိုလို့ရှိရင် သဗ္ဗဒုက္ခာ ပမုစ္စတိ = အလုံးစုံသော ဆင်းရဲဟူသမျှမှ လွတ်မြောက်သွားနိုင်တယ်။ တရားသဘောတွေ စမြင်သွားတော့ ယောဂီများက စိတ်ဝင်စားလာကြတယ်။

**ဆောင်ပုဒ် ။ ။ သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။**

သဘောသိပြီးတဲ့အခါ ဥဒယ = ဖြစ်၊ ဝယ = ပျက် သိလာကြပေတယ်။ ကြွတယ်လို့မှတ်တဲ့အခါမှာ ပေါ့ပေါ့ပြီးတော့ တက်သွားတာ အဆင့်ဆင့်တွေ

ပိုမျှားလာတယ်။ လှမ်းတယ်လို့မှတ်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရွေ့သွားတာလည်း အဆင့်ဆင့်တွေ ပိုမျှားလာတယ်။ ချတယ်လို့မှတ်တဲ့အခါ လေးလေးပြီးတော့ ကျသွားတာလည်း အဆင့်ဆင့်တွေ ပိုမျှားလာတယ်။ သမာဓိဉာဏ် တစ်ဆင့် ရင့်ကျက် အားရှိလာတဲ့အခါ ပိုပိုမျှားလာတယ်။

ဆင့်ကာဆင့်ကာရှုမှတ်လို့ သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိ ထက်သန်သွားတဲ့အခါ ကြွတယ်လို့မှတ်လိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ အပေါ် ကိုတက်လာတဲ့ အဆင့်ဆင့်ကလေးတွေဟာ ကြားပြတ်ကြားပြတ်သွားတယ်။ ကြားပြတ်သွားတော့ တစ်ဆင့်ကဖြစ်ပြီးတော့ ပျက်သွားပြီးမှ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ ပျက်သွားတယ်။ အဆင့် ဆင့်လေးတွေဟာ ကြားပြတ်သွားတော့ ဖြစ်ပျက်ကလေးတွေ ဖြစ်သွားတယ်။

လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း အဆင့်ဆင့်လေးတွေဟာ ကြားပြတ် ကြားပြတ်သွားတော့ တစ်ဆင့်ကဖြစ်ပြီးတော့ ပျက်သွားပြီးမှ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်ဆိုတော့ ဖြစ်ပျက် ကလေးတွေဖြစ်သွားတယ်။ ချတယ်လို့မှတ်တဲ့အခါမှာလည်း လေးလေးပြီး တော့ကျသွားတဲ့ အဆင့်ဆင့်လေးတွေဟာ တစ်ဆင့်ကဖြစ်ပြီးတော့ ပျက် သွားပြီးမှ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ ပျက်ဆိုတော့ ဖြစ်ပျက်ကလေးတွေ ဖြစ်သွားတယ်။ အဆင့်ဆင့်လေးတွေက ကြားပြတ်ကြားပြတ်သွားတော့ ဖြစ်ပျက်ကလေးတွေ ဖြစ်သွားတယ်။

သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်-လို့ ဆိုသည့်အတိုင်း ဥဒယ-က ဖြစ်၊ ဝယ-က ပျက်။ ခြေထောက်ကြီးကတော့ ဖြစ်ပြီးတော့ ပျက်သွားတယ်လို့ ဖြစ်မှုဖြစ်နိုင်ပါ့မလား ... မဖြစ်နိုင်ပါဘုရား။ ပုံသဏ္ဌာန်ဒြပ်ကြီး ဖြစ်ပြီးတော့

ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားဆိုကာ မှန်းဆလို့ပဲရမယ်။ တကယ်စင်စစ်တော့ မဖြစ်နိုင်ပေဘူး။ မှန်းဆပဲ ဖြစ်နိုင်ပေတယ်။ မှန်းဆဖြစ်ပျက်နဲ့လည်း နိဗ္ဗာန်ကို ရနိုင်ပါ့မလား ... မရနိုင်ပါဘုရား။ မရနိုင်ဘူးတဲ့။ သဘာဝဖြစ်ပျက်ကိုမြင်မှ နိဗ္ဗာန်ရောက်နိုင်မှာဖြစ်တယ်။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် အားရှိထက်သန်လာတဲ့အခါကျတော့ ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကို မခွာပေးနေရတော့ဘူး။ အလိုလိုကွာသွားပြီးဖြစ်တယ်။ ကြွတယ်လို့မှတ်တဲ့အခါ တစ်ရွေ့ပြီးတစ်ရွေ့ အပေါ်ကို ရွေ့ရွေ့တက်သွားတာများ ကုန်ပျက်ကုန်ပျက်သွားတာ၊ လှမ်းတယ်လို့မှတ်တဲ့ အခါမှာလည်း တစ်ရွေ့ရွေ့ ကုန်ပျက်ကုန်ပျက်သွားတာ၊ ချတယ်လို့မှတ်တဲ့ အခါမှာလည်း လေးလေးပြီးတော့ကျသွားတဲ့ သဘောတရားလေးတွေ ကုန်ပျက်ကုန်ပျက်သွားတာကို ဘင်္ဂဉာဏ်ထက်သန်နေတဲ့ ယောဂီပုဂ္ဂိုလ်များ ကိုယ်တိုင်ပင် တွေ့ကြရပါတယ်။ ဝိပဿနာဉာဏ်နဲ့ ပညတ်နဲ့ဟာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်နုသေးလို့ရှိရင် ပညတ်တွေက ထင်ရှားနေလို့ ခွာခွာပေးရတယ်။ မခွာပေးရပါဘူးလား ... ခွာပေးရပါတယ်ဘုရား။

ခွာရတယ်ဆိုတာလည်း ဝေါဟာရပဲ။ သဘောမှ ကျမှကျပါရဲ့လား ... ကျပါတယ်ဘုရား။ ခွာရတယ်ဆိုတာ ပညတ်ကို အာရုံမပြုနဲ့လို့ ဆိုလိုရင်း အဓိပ္ပါယ်ပါပဲ။ ဒါပေမယ့် ခွာတယ်ဆိုတာ သူ့ရဲ့ပါဠိဝေါဟာရအသုံးဖြစ်တယ်။

**ပညတ္တိံ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။**

**ပညတ္တိံ** = ခေါင်းကိုယ်ခြေလက်ပုံသဏ္ဌာန် ပညတ်များကို၊ **ဌပေတွာ** = ထား၍ (ဝါ)ခွာ၍ (ဝါ) အာရုံမပြုဘဲ၊ **ဝိသေသေန** = အထူးထူးအပြားပြား

အားဖြင့်၊ **ပဿတိ** = ရှုတတ်၏။ **ဉာတိတဿ** = ထို့ကြောင့်၊ **ဝိပဿနာ** = ဝိပဿနာမည်၏။

ဌပေတွာ = ထား၍ (ဝါ) ချာ၍၊ ပါဠိဝေါဟာရ ချာဆိုတာ မြန်မာလို တည့်တည့်ပြောတော့ အာရုံမပြုနဲ့တဲ့။ ပညတ်တွေကို အာရုံမပြုနဲ့။ ပရမတ် သဘောတရားလေးကိုသာ အာရုံပြုရမယ်။ ဝိပဿနာနုစဉ်အခါ ဉာဏ်က နုသေးလို့ရှိရင်တော့ ချာပေးနေရတယ်။ ဝိပဿနာဉာဏ် ရင့်ကျက်သွားပြီး ဘင်္ဂဉာဏ်ရောက်သွားပြီဆိုတော့ ပညတ်တွေက အလိုလို ကွာသွားပါတယ်။ ပညတ်နဲ့ ဝိပဿနာဉာဏ်ဆိုတာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ မိမိရဲ့ ဝိပဿနာဉာဏ် နုနေသေးသလား၊ ရင့်ကျက်လာပြီလားလို့ သိချင်ရင်တော့ အဲဒီပညတ်နဲ့ပဲ ချိန်ထိုးရပါတယ်တဲ့။ ပညတ်ကို အတော်ချာနေရသေးတယ် ဆိုရင် မိမိရဲ့ ဝိပဿနာဉာဏ် နုနေသေးတယ်။

ပညတ်တွေကိုတော့ မချာရတော့ဘူး။ သဘောတရားများကပဲ ပိုပိုပြီး ထင်ရှားလာတယ်ဆိုရင်တော့ ဝိပဿနာဉာဏ်ရင့်လာပြီ။ သိပ်ပြီးတော့ ဆရာသမားတွေ လျှောက်ထားနေစရာ မလိုတော့ပါဘူး။ ဉာဏ်တက်သလား၊ မတက်ဘူးလား သိတော့ သိပ်သိချင်တာပါပဲ။ မှတ်နေသမျှတော့ တက်နေ တာပါပဲလို့ ကမ္မဋ္ဌာန်းဆရာက မဖြေရပါဘူးလား ... ဖြေရပါတယ်ဘုရား။ ယောဂီက မြန်မြန်တက်ချင်တော့ ပြန်ကျသွားသလားဟူ၍ပင် ထင်နေတတ် ပေတယ်။ ပြန်မကျပါဘူး။ တက်နေတာပါပဲ။ သူ့ရဲ့ ဉာဏ်စဉ်အားလျော်စွာ ကောင်းတာ၊ ဆိုးတာတော့ ကွာခြားပါတယ်။ သူ့ဉာဏ်စဉ်အားလျော်စွာ တစ်ခါတလေ မှတ်လို့ကောင်းသွားတယ်။ တချို့ဉာဏ်ကျတော့ ဆိုးသွားပြန် ပါတယ်။

ဝိပဿနာဉာဏ်ဆိုတာ မပြည့်စုံသေးခင်အခါမှာတော့ ငှက်ပျံနေသလိုပါပဲ။ ငှက်ပျံတဲ့အခါ တစ်ခါတလေ နိမ့်ကျလိုက်၊ တစ်ခါတလေ မြင့်တက်သွားလိုက် မရှိတတ်ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။ အဲဒီလိုပါပဲ။ ငှက်များပျံလို့ ဟိုး ... ကောင်းကင်ရောက်သွားတဲ့အခါ ရစ်ဝဲနေသကဲ့သို့ နောက်တော့ အမှတ်တွေပြည့်သွားတဲ့အခါ နိမ့်ကျတာ မရှိတော့ဘူး။ ဝိပဿနာဉာဏ်ပြည့်သွားတဲ့အခါ ကောင်းတာကချည်းပဲ များတတ်ပါတယ်။

ပညတ်နဲ့ဝိပဿနာဟာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တယ်။ ဘင်္ဂဉာဏ်ရောက်သွားတဲ့အခါ ပုံသဏ္ဌာန်ဒြပ်တွေကတော့ မထင်ရှားတော့ဘူး။ သဘောတရားမျှသာ ထင်ရှားတယ်။ ကြွတယ်လို့မှတ်တဲ့အခါ မှတ်လိုက်တာနဲ့ ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်ကုန်ပျက်သွားတာ၊ လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း ရှေ့ကိုရွေ့ရွေ့သွားတာလေးများ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ချတယ်လို့မှတ်တဲ့အခါမှာလည်း ရိပ်ခနဲ ရိပ်ခနဲ အောက်သို့ကျကျသွားတဲ့ သဘောတရားလေးတွေ ကုန်ပျက်ကုန်ပျက်သွားတာ တွေ့ကြရပေတယ်။

အဲဒီလိုတွေ့တော့ ဗလဝဝိပဿနာ အားရှိသွားပြီဖြစ်တယ်။ နောက်တော့ ဝိပဿနာ တကယ်အားရှိထက်သန်တဲ့ ဘင်္ဂဉာဏ်ရောက်တဲ့ ပုဂ္ဂိုလ်များကျတော့ ကြွတယ်လို့မှတ်တဲ့အခါ ကြွတဲ့အမူအရာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ နောက်က မှတ်သိစိတ်ပါလိုက်ပြီးတော့ ကုန်ပျက်သွားတာ၊ လှမ်းတယ်လို့မှတ်တဲ့အခါမှာလည်း လှမ်းတဲ့အမူအရာလေးများ ရှေ့ကိုရွေ့ရွေ့ပြီးတော့ ကုန်ပျက်ကုန်ပျက်သွားတာကို တွေ့ပြီးတဲ့အပြင် မှတ်သိစိတ်ပါလိုက်ပြီးတော့ ကုန်ပျက်သွားတာ၊ ချတယ်လို့မှတ်တဲ့အခါမှာလည်း ချတဲ့အမူအရာလေးတွေ ရိပ်ခနဲ ရိပ်ခနဲ တစ်ရွေ့ရွေ့နဲ့ ကုန်ပျက်သွားတာကို သိပြီးတဲ့အပြင် မှတ်သိစိတ်ပါလိုက်ပြီးတော့ ကုန်ပျက်သွားတာကို မြင်ကြပေတယ်။

မြင်တဲ့အခါကျတော့ ကြွနေ၊ လှုပ်နေ၊ ချနေတဲ့အမူအရာတွေလည်း မမြဲပါလား။ ကုန်ပျက်ကုန်ပျက်နေတာကိုမြင်တော့ မြဲတယ်လို့ ထင်ပါတော့ မလား ... မထင်တော့ပါဘုရား။ မထင်တော့ဘူး။ မှတ်သိစိတ်လည်း မမြဲပါ လား။ မမြဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ ကုန်ပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်း ရဲပါလား။ ဆင်းရဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒီလိုကုန်ပျက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ၊ ဘယ် လိုမှ ကာကွယ်လို့မရဘူး။ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တွေ ပိုင်သွားတဲ့အခါ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေလည်း မိမိရဲ့ပါရမီအားလျော်စွာ ရသွားနိုင်တာပါပဲ။ ယခုပြောခဲ့တာ ဝိပဿနာစစ်စစ် ရုပ်ပုံလေးဖြစ်ပါတယ်။

ဝိပဿနာစစ်စစ်ဖြစ်အောင် ဘယ့်နှယ်များ ရှုရပါမလဲ၊ တိုတိုကျဉ်းကျဉ်း လေး ပြောစမ်းပါဆိုရင် ဖြေနိုင်ပါပြီ။ ပညတ်ပုံသဏ္ဌာန်ဒြဗ်ကိုတော့ ခွာနိုင် သမျှခွာ၊ ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၊ ဒီနှစ်ချက်က တော့ အဓိကလိုရင်းပါပဲ။ ပြည့်စုံသလောက်ရှိပါပြီ။

ဟာဒယဝတ္ထုကိုလည်း ရှုလို့ရပါတယ်။ ဒါကတော့ ဝိပဿနာရင့်ကျက်မှ ရှုလို့ရကြပါတယ်။ အထူးသဖြင့်တော့ ကာယကရှုရတယ်။ ကာယကနေရှုလို့ အောင်မြင်သွားပြီဆိုလို့ရှိရင် စက္ခုဝတ္ထု = မျက်စိကရှုလို့လည်း ရသွားတတ် ပါတယ်။ မျက်စိအကြည်မှာ ရူပါရုံအဆင်းလာတိုက်တဲ့အခါ မြင်တယ်၊

မြင်တယ်လို့ ရှုရတယ်။ ဘင်ဉာဏ်ထက်သန်တဲ့ ပုဂ္ဂိုလ်ဖြစ်လျှင် မြင်ရတဲ့ အဆင်းရူပါရုံလေး တရိပ်ရိပ် ပြောင်းလဲသွားတာ၊ မြင်သိစိတ်ကလေး ကုန်ပျက်ကုန်ပျက်သွားတာ မြင်ကြတယ်။

နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါမှာလည်း ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်တဲ့အခါ အသံလေးတွေ တစ်လုံးပြီးတစ်လုံး တစ်လုံးပြီးတစ်လုံး ပျောက်သွားတာ၊ နောက်တော့ သမာဓိဉာဏ်တွေ ရင့်ကျက်လာတဲ့အခါ မှတ်သိစိတ်ကလေးပါ လိုက်ပြီးတော့ ကုန်ပျက်သွားတာ မြင်ကြတယ်။ တချို့ကတော့လည်း တစ်မျိုးလောက်ပဲ မြင်တာပေါ့လေ။ တချို့ကတော့လည်း နှစ်မျိုးမြင်၊ တချို့ကတော့ သုံးမျိုးတောင် မြင်နိုင်ပေတယ်။

ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် ကြားတဲ့အသံလေး တစ်လုံးပြီးတစ်လုံး ပျက်သွားတာ၊ ကြားသိစိတ်ကလေး တစ်ခုပြီးတစ်ခု ပျက်သွားတာ၊ ကြားတယ်လို့မှတ်လိုက်တဲ့ မှတ်သိစိတ်ကလေးပါ ပျက်သွားတာ၊ ဒီလိုလည်း မြင်ကြပါတယ်။

ဃာနဝတ္ထု = နှာခေါင်းအကြည်မှာ အနံ့ဂန္ဓာရုံလာတိုက်တဲ့အခါ ဒီလိုပဲ နံတယ်၊ နံတယ်လို့မှတ်ရပါတယ်။ ဝေါဟာရကတော့ ဝေါဟာရအတိုင်းပဲ မဆိုရပါဘူးလား ... ဆိုရပါတယ်ဘုရား။ သဘောတရားလေးကိုတော့ သိအောင်မှတ်ရမယ်။ နံရတဲ့သဘောတရားလေးကို နံတယ်၊ နံတယ်လို့မှတ်ရမယ်။ သမာဓိဉာဏ်တွေ ရင့်ကျက်အားရှိ ထက်သန်လာတဲ့ပုဂ္ဂိုလ်တွေမှာ နံရတဲ့အနံ့လေး တရိပ်ရိပ် တစ်ရွေ့ပြီးတစ်ရွေ့ ပျောက်သွားတာ၊ နံသိစိတ်ကလေး တစ်ခုပြီးတစ်ခု ပျက်သွားတာ မြင်နိုင်ကြပါတယ်။

ဇိဝှါဝတ္တု = လျှာအကြည်မှာ ရသာရုံလာတိုက်တဲ့အခါ ဒီလိုပဲ တရားနာပရိသတ်များ မှတ်နေကြရတာပဲ။ အမျိုးမျိုး မမှတ်နေရဘူးလား ... မှတ်နေရပါတယ်ဘုရား။ သူကတော့ မှတ်စရာတွေက တော်တော်ကိုများပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြားတဲ့အတိုင်း ဆွမ်းပွဲကို မြင်ကတည်းက မြင်တယ် မြင်တယ်၊ ဆွမ်းပွဲဆီ လက်လှမ်းတော့ လက်လှမ်းတယ် လက်လှမ်းတယ်၊ ဆွမ်းနဲ့လက်နဲ့ထိတော့ ထိတယ် ထိတယ်၊ ဆွမ်းလုတ်ကို ပြင်လိုက်တော့ ပြင်တယ် ပြင်တယ်၊ ဆွမ်းလုတ်ကို ယူလိုက်တော့ ယူတယ် ယူတယ်၊ ခေါင်းကငုံ့လာတော့ ငုံ့တယ် ငုံ့တယ်၊ ပါးစပ်က ဟလိုက်တော့ ဟတယ် ဟတယ်၊ ဆွမ်းလုတ်ကို ခွံ့လိုက်တော့ ခွံ့တယ် ခွံ့တယ်၊ ခေါင်းပြန်ထူတော့ ထူတယ် ထူတယ်၊ ဝါးတော့ ဝါးတယ် ဝါးတယ်၊ အရသာကိုသိတော့ သိတယ် သိတယ်၊ မျိုလိုက်တော့ မျိုတယ် မျိုတယ်လို့ ရှုမှတ်ကြရပါတယ်။

ဆွမ်းတစ်လုတ်စားပုံ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် မှတ်တဲ့နည်းဖြစ်တယ်။ တရားနာပရိသတ်များအတွက် နည်းပေးခဲ့တာဖြစ်တယ်။ သမာဓိဉာဏ်တွေ အတော်ရင့်ကျက်လာတဲ့အခါ စိပ်စိပ်ကလေး မှတ်ချင်တဲ့အခါကျတော့ ကျေးဇူးမများပါဘူးလား ... ကျေးဇူးများပါတယ်ဘုရား။

မြတ်စွာဘုရားက ခေတ်အခါအားလျော်စွာ စားပုံကို တိုတိုကျဉ်းကျဉ်းပဲ-

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ-လို့ ဟောကြားတော်မူလိုက်ပါတယ်။

**အသိတေ** = ထမင်းစသော စားဖွယ်တို့ကို စားသည်ရှိသော်၊ **ပီတေ** = သောက်ဖွယ်တို့ကို သောက်သည်ရှိသော်၊ **ခါယိတေ** = သစ်သီးခဲဖွယ်တို့ကို ခဲစားသည်ရှိသော်၊ **သာယိတေ** = လျက်ဖွယ်တို့ကို လျက်စားသည်ရှိသော်၊ **သမ္ပဇာနကာရီ** = အသိဉာဏ်ဖြင့်ပြုလေ့ရှိသည်၊ **ဟောတိ** = ဖြစ်၏။

အသိတေ = စားဖွယ်တို့ကို စားတဲ့အခါ အသိဉာဏ်နဲ့စားပါ။ ပိတေ = သောက်ဖွယ်တို့ကို သောက်တဲ့အခါမှာလည်း အသိဉာဏ်နဲ့ပဲ သောက်ပါ။ သစ်သီးခဲဖွယ်တွေ ခဲစားတဲ့အခါမှာလည်း အသိဉာဏ်နဲ့စား၊ လျက်စားရတဲ့ အရာဝတ္ထုတွေကို လျက်တဲ့အခါမှာလည်း အသိဉာဏ်နဲ့ပဲ လျက်စားရမယ်။

မြတ်စွာဘုရား လက်ထက်တော်အခါကတော့ သမာဓိဉာဏ် ရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေ ပါရမီအခြေခံ ရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေဆိုတော့ အခုလောက် ဟောလိုက်တာနဲ့ပဲ ပြည့်စုံသွားကြတယ်။ မှတ်တတ်သွားကြပါတယ်။

တရားနာပရိသတ်များခေတ်သို့ ရောက်လာတော့၊ သာသနာနောက်ပိုင်း ရောက်လာတော့ ပါရမီအခြေခံရင့်ကျက်တဲ့ပုဂ္ဂိုလ်နဲ့ နုတဲ့ပုဂ္ဂိုလ် ဘယ်သူက များပါမလဲ … နုတဲ့ပုဂ္ဂိုလ်က များနေပါမယ်ဘုရား။ နုတဲ့ပုဂ္ဂိုလ်တွေကများတော့ ဆရာ့ဆရာများက တရားနာပရိသတ်များနဲ့ လျော်ညီအောင် တရားနာပရိသတ်များ သိနိုင်တဲ့နည်းလေးတွေကို ညွှန်ပြထားတာဖြစ်တယ်။ တရားနာပရိသတ်များအတွက် အလွန်ပဲ အကျိုးမများပါဘူးလား … အကျိုးများပါတယ်ဘုရား။ အကျိုးများပါတယ်။ အဲဒါလေးတွေ စွမ်းနိုင်တဲ့အခါ မှတ်ဖို့ရာ နည်းယူပြီးတော့ မှတ်နေကြရပါတယ်။ လျှာကလည်း မှတ်နေကြရတယ်။ စားတိုင်းစားတိုင်းလည်း မမှတ်နေရပါဘူးလား … မှတ်နေရပါတယ်ဘုရား။ မှတ်သမျှလည်း ကုသိုလ်တွေပဲ မရနေပါဘူးလား … ရနေပါတယ်ဘုရား။ ကုသိုလ်တွေရနေတယ်။

မိမိအတွက်လည်း ကုသိုလ်တွေရ၊ မိမိတို့ကို လာလှူဒါန်းကြတဲ့ အလှူပေးပုဂ္ဂိုလ် ဒကာ၊ ဒကာမတွေကိုလည်း အကျိုးများစေတယ်။ အမှတ်နဲ့ စားတဲ့ပုဂ္ဂိုလ်ကို လှူရတာ ပိုပြီးတော့ ကုသိုလ်တွေ အကျိုးကြီးပါတယ်တဲ့။

**ရဋ္ဌပိဏ္ဍော့ပိ တေန ဘုတ္တော မဟပ္ဖလော။**

**တေန** = ထိုမပြတ်မလပ် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ **ဘုတ္တော** = မှီဝဲသုံးဆောင်အပ်သော၊ **ရဋ္ဌပိဏ္ဍော့ပိ** = တိုင်းသူပြည်သားတို့ လှူဒါန်းအပ်သော ဆွမ်းခဲဖွယ်ဘောဇဉ်သည်လည်း၊ **မဟပ္ဖလော** = ကြီးသောအကျိုးရှိ၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မပြတ်မလပ် ရှုမှတ်နေတဲ့ သံဃာတော်တွေ၊ ယောဂီပုဂ္ဂိုလ်တွေကို ဆွမ်းခဲဖွယ်ဘောဇဉ်တွေ လှူဒါန်းရတဲ့အလှူဟာ "မဟပ္ဖလ" အကျိုးအကြီးဆုံးပါပဲ။ ဘာကြောင့် အကျိုးကြီးရသလဲ၊ မပြတ်မလပ် ရှုမှတ်နေတော့ လောဘလည်းကင်း၊ ဒေါသလည်းကင်း၊ မောဟလည်းကင်း။ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းနေတဲ့အခိုက်အတန့်မှာ လှူရတဲ့ အလှူဒါနဖြစ်လို့ အကျိုးမကြီးပါဘူးလား ... အကျိုးကြီးပါတယ်ဘုရား။ အကျိုးကြီးပေတယ်။ ဒါကြောင့် မှတ်ပြီးတော့ မှီဝဲသုံးဆောင်နေကြရပေတယ်။ မြတ်စွာဘုရားအလိုကျ မှီဝဲသုံးဆောင်ရတာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်စရာပါပဲ။ ပထမအချက်ကတော့ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဒုတိယအချက် သွားကြစို့။

## ဝိပ္ပယုတ္တပစ္စည်း ဒုတိယအချက်

ပစ္စည်းတရားဘက်ကို ကြည့်လိုက်တော့ ပစ္စည်းတရားက နာမ်တရား၊ **အရူပိနော ဓမ္မာ၊ အရူပိနော** = နာမ်ဖြစ်ကုန်သော၊ **ဓမ္မာ** = တရားတို့သည်၊ ပစ္စယုပ္ပန်ဘက်ကတော့ ရုပ်တရား၊ **ရူပီနံ ဓမ္မာနံ၊ ရူပီနံ** = ရုပ်ဖြစ်ကုန်သော၊ **ဓမ္မာနံ** = တရားတို့အား၊ **ဝိပ္ပယုတ္တပစ္စယေန** = သဟဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပစ္စည်းဘက်က နာမ်ကလည်း သဟဇာတဝိပ္ပယုတ္တနဲ့လည်း ကျေးဇူး ပြုနိုင်တယ်၊ ပစ္ဆာဇာတဝိပ္ပယုတ်နဲ့လည်း ကျေးဇူးပြုနိုင်တယ်။ သဟဇာတ ဝိပ္ပယုတ်ကို တရားနာပရိသတ်များ ပဋ္ဌာန်းဒေသနာကို ရှုတ်ဖတ်ဖူးတဲ့ ပုဂ္ဂိုလ်ကတော့ သိနေပါတယ်။ ဘယ်အချက်မှာလဲဆိုတော့ လေးခုမြောက် အချက်မှာဖြစ်တယ်။

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

**စိတ္တစေတသိကာ** = စိတ်စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာ** = ဒွေပဉ္စ ဝိညာဏ်-၁၀၊ အရူပဝိပါက် ၄-ခု၊ ရဟန္တာတို့၏ စုတိကြည်သော စိတ် ၇၅-ခု၊ စေတသိက် ဒွေပညာသ ၅၂-ပါးတို့သည်၊ **စိတ္တသမုဋ္ဌာနာနံ** = စိတ်ကြောင့် ဖြစ်ကုန်သော၊ **ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။

**ဝိပ္ပယုတ္တပစ္စယေန** = သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဉပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

သဟဇာတနဲ့တွဲလိုက်တော့ အဲဒီလို ပါဠိတော်က ရလာပါတယ်။ သဟဇာတ-က ပါဠိတော်အတိုင်းဖြစ်လို့ ဒီမှာတော့ နှစ်မျိုးလုံးပေါင်းပြီးတော့ ဟောထားလိုက်တယ်။ သဟဇာတနဲ့ ပစ္ဆာဇာတ နှစ်မျိုးလုံးပေါင်းပြီးတော့ အရူပိနော ခန္ဓာ-လို့ မဟောထားပါဘူးလား … ဟောထားပါတယ်ဘုရား။ နှစ်မျိုးလုံး နာမ်တရားချင်း တူတဲ့အတွက်ကြောင့် အရူပိနော ခန္ဓာ-လို့ ပေါင်းဟောလိုက်တယ်။ သဟဇာတပါဠိတော်ကတော့ ယခုဆိုခဲ့ပြီးတဲ့အတိုင်း စိတ် ၇၅-ခု၊ စေတသိက် ဒွေပညာသ ၅၂-ပါးက ပစ္စည်းတရားဖြစ်တယ်။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တွေက ပစ္စယုပ္ပန်တရားဖြစ်တယ်။

ပစ္စည်းက နာမ်တရား၊ ပစ္စယုပ္ပန်က ရုပ်တရားဆိုတော့ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လား … ဝိပ္ပယုတ်ပါဘုရား။ ဝိပ္ပယုတ်ဖြစ်တယ်။ နာမ်နဲ့ရုပ်ဟာ ဖြစ်တာချင်းတော့ တူကြပါရဲ့။ ချုပ်တာချင်းကတော့ တူမှတူပါ့မလား … မတူပါဘုရား။ ဖြစ်တာချင်းတော့ တူကြတယ်။ စိတ်ရဲ့ဥပါဒ်၊ နာမ်ရဲ့ဥပါဒ်နဲ့ ရုပ်ရဲ့ဥပါဒ်ဟာ အတူတူပါပဲ။ ဥပါဒ်ချင်းက အတူတူပဲ။ ရုပ်သက်တစ်ချက်ကို စိတ်သက် ဘယ်နှချက်တောင် ဖြစ်နိုင်ပါသလဲ … တစ်ဆယ့်ခုနစ်ချက် ဖြစ်နိုင်ပါတယ်ဘုရား။ တစ်ဆယ့်ခုနစ်ချက်တောင် ဖြစ်တယ်တဲ့။ အဲဒီတော့ ချုပ်တာချင်း တူပါတော့မလား … မတူတော့ပါဘုရား။

အာရုံချင်းလည်း … မတူပါဘုရား။ ဝတ္ထုချင်းလည်း … မတူပါဘုရား။ မတူတော့ ဝိပ္ပယုတ် မဖြစ်နေပါဘူးလား … ဖြစ်နေပါတယ်ဘုရား။ သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနိုင်တယ်။ သဟဇာတဝိပ္ပယုတ္တအတွက်တော့ ဤမျှနဲ့ပဲ အသင့်အတင့် ထင်ရှားသွားပါပြီ။

ပစ္ဆာဇာတဝိပ္ပယုတ္တအတွက် သဟဇာတ၊ ပစ္ဆာဇာတ နှစ်မျိုးလုံး ပစ္စည်းဘက်က နာမ်တရားချည်းပဲဖြစ်၍ အရူပိနော ဓမ္မာ-လို့ မြတ်စွာဘုရားဟောကြားလိုက်တယ်။ နှစ်မျိုးလုံးပေါင်းပြီးတော့ မရသွားပါဘူးလား … ရသွားပါတယ်ဘုရား။ ပစ္စယုပ္ပန်ဘက်ကလည်း ရုပ်တရားချည်းပဲ။ သဟဇာတဝိပ္ပယုတ္တကလည်း ရုပ်တရားပဲ၊ ပစ္ဆာဇာတဝိပ္ပယုတ္တကလည်း ရုပ်တရားပဲ။ ရုပ်တရားနှစ်ပါးတူတော့ ရူပီနံ ဓမ္မာနံ-ဟု ဟောလိုက်တာ၊ နှစ်မျိုးလုံးမရသွားဘူးလား … ရသွားပါတယ်ဘုရား။

ပစ္ဆာဇာတဝိပ္ပယုတ္တလည်းရ၊ သဟဇာတဝိပ္ပယုတ္တလည်းရ၍ သဘောတူတွေ ပေါင်းလိုက်တာပါပဲ။ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းတရားက စိတ် ၈၅-ခုဖြစ်တယ်။ စိတ် ၈၉-ခုထဲက အရူပဝိပါက် ၄-ခုကို ကြဉ်ရတယ်။ အရူပဝိပါက် ၄-ခုဆိုတာ အရူပဘုံ၌သာဖြစ်တယ်။ အရူပဘုံဆိုတာ နာမ်သက်သက်သာရှိတဲ့ဘုံ၊ ရုပ်မရှိတဲ့ဘုံဆိုတော့ ရုပ်ကို ကျေးဇူးပြုရမယ်ဆိုတော့ သူ့ထည့်လို့ ရပါ့မလား … မရပါဘုရား။ ဒါကြောင့် သူ့ကိုကြဉ်တော့ ဘယ်နခုကျန်ပါသလဲ … ၈၅-ခု ကျန်ပါတယ်ဘုရား။ ၈၅-ခုပဲ ကျန်တယ်။ စေတသိက်ကတော့ ၅၂-ပါးဖြစ်တယ်။

အဲဒီမှာ ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတွေ ပစ္ဆာဇာတပစ္စည်းတုန်းကတော့ တရားနာပရိသတ်များ နာခဲ့ဖူးပါတယ်။ မှတ်မိသလောက်တော့ မှတ်မိနေမှာပါပဲ။ မမှတ်မိတာလည်း ရှိချင်ရှိနေမှာပါပဲ။ မမှတ်မိဖို့ကတော့ … များပါတယ်ဘုရား။ ပိုများတယ်။ မှတ်မိသွားအောင် **တစ်ခေါက်ထပ်ပြီး ဆိုကြပါစို့။**

ကေဇကာယဌ ကေ-က တစ်ခု၊ ဇာတ-က ဖြစ်တာ။ ရုပ်တစ်ပါးတည်းရှိတဲ့ ကေဇကာယ၊ ရုပ်နှစ်ပါးရှိတဲ့ ဒွိဇကာယ၊ ရုပ်သုံးပါးရှိတဲ့ တိဇကာယ၊ ရုပ်လေးမျိုးလုံးရှိတဲ့ စတုဇကာယ။ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ ရုပ်တွေဟာ ၄-မျိုးရှိပါတယ်။ ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ နောက်ပြီးတော့ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်။ မိမိသန္တာန်မှာဖြစ်နေတဲ့ ရုပ်တရား ၄-မျိုးကို မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း သိထားရင်တော့ ပိုမကောင်းပါဘူးလား ... ပိုကောင်းပါတယ်ဘုရား။ တစ်ခေါက်လိုက်ဆိုရအောင်။

ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊ ဘယ်နှမျိုးပါလဲ ... ၄-မျိုးပါဘုရား။ ဣမဿ ကာယဿ-အရ ၄-မျိုးလုံး ရတယ်တဲ့။ ဒီမှာ ဆရာတော်ကြီးများ ဆရာဆရာများက ရုပ်တစ်မျိုးသာရတဲ့အချိန်၊ ရုပ်နှစ်မျိုးသာရတဲ့အချိန်၊ ရုပ်သုံးမျိုးသာရတဲ့အချိန်၊ ရုပ်လေးမျိုးလုံးရတဲ့အချိန်လို့ ပိုင်းခြားပြီးတော့ ပြထားပါတယ်။ ဆရာတော်ကြီးများဉာဏ်တော်ကို ပူဇော်သောအားဖြင့် ခွဲခြားပြီးတော့ ကြည့်ရအောင်။ အကျယ်ခွဲခြားပုံကတော့ ပဋ္ဌာဇာတပစ္စည်းမှာ ခွဲခြားခဲ့သည့်အတိုင်းပင် ဖြစ်ပါသည်။ ယခုဟောကြားသည့် ဝိပ္ပယုတ္တပစ္စည်းမှာ အကျဉ်းဆောင်ပုဒ်ဖြင့်ပင် ခွဲခြားလိုက်လျှင် ပြည့်စုံသွားပါပြီ။

## ဆောင်ပုဒ်များ

ပဋိသန္ဓေ၊ ဌီဌပေ၊ တစ်ထွေကေဇမည်။ (ကမ္မဇရုပ်တစ်ခုတည်း)
ပဋိသန္ဓေ၊ ဘင်ဌပေ၊ နှစ်ထွေဒွိဇမည်။ (ကမ္မဇရုပ်နှင့် ဥတုဇရုပ်နှစ်ခု)

ပထမဘဝင်၊ ဒွိဥ္စပေ၊ သုံးထွေတိဇမည်။ (ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်သုံးခု)
အာဟာရတွေ၊ ပျံ့နှံ့ပေ၊ လေးထွေစတုဇမည်။ (အာဟာရဇရုပ်ပါ လေးခု)

ဤကဲ့သို့ ယနေ့ယခုအခါ၌ သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်းတို့ကို ရှုမှတ်ပုံနှင့်တကွ အတိုချုပ်နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လှုယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

# အတ္တဒိပစ္စည်း

၁၃၅၃-ခု၊ နတ်တော်လပြည့်နေ့မှာ ဟောကြားရမယ့်တရားတော်က အတ္တဒိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့တွင် အတ္တဒိပစ္စည်းကို ရှေးဦးစွာ ဟောကြားပါမယ်။

အကုန်လုံးတော့ ဟောကြားနိုင်မှာမဟုတ်ဘူး။ ပါဠိတော်လောက်ပဲ အကုန်ဟောကြားနိုင်မယ်။ အဓိပ္ပါယ်ကတော့ ဆက်လက်ပြီးတော့ နောက် သီတင်းများမှာ ဟောကြားပါမယ်။ အတ္တဒိပစ္စည်း ပါဠိတော်အနေအထားက တော့ သိပ်ပြီးတော့ မခက်လှပါဘူး။

အကျဉ်းအားဖြင့် သဟဇာတတ္တိ၊ ဝတ္ထုပုရေဇာတတ္တိ၊ အာရမ္မဏပုရေဇာတတ္တိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္တိလို့ (၄)မျိုးလောက်ပဲ ဒီမှာခေါင်းစဉ်လေးတွေ ထည့်ထားပါတယ်။ အမှန်စင်စစ်တော့ အတ္တဒိပစ္စည်းမှာ သဟဇာတတ္တိ၊ ပုရေဇာတတ္တိ၊ ပစ္ဆာဇာတတ္တိ၊ အာဟာရတ္တိ၊ ဣန္ဒြိယတ္တိလို့ (၅)မျိုးရှိပါတယ်။ ဒီတရားပွဲမှာတော့ ခပ်ကျဉ်းကျဉ်းပဲ ဟောကြားမှာဖြစ်တဲ့အတွက်ကြောင့် အကျဉ်းချုပ်ပဲ ဖော်ပြထားပါတယ်။

သဟဇာတတ္တိကို ရှေးဦးစွာ ဟောရမယ်။ ထို့နောက်ပြီးမှ ဝတ္ထုပုရေဇာတတ္တိ၊ ထို့နောက်ပြီးမှ အာရမ္မဏပုရေဇာတတ္တိ၊ ထို့နောက်မှ ဝတ္ထာရမ္မဏပုရေဇာတတ္တိတို့ကို အစဉ်အတိုင်း ပါဠိတော်ကို ရှေးဦးစွာ ဟောကြားပါမယ်။ အနက်အဓိပ္ပါယ်ကိုတော့ သဟဇာတတ္တိတစ်မျိုးပဲ ဟောကြားပါမယ်။ မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် အားလုံး လိုက်ဆိုကြပါဦးစို့။

အတ္ထိပစ္စယောတိ -

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဒီနေ့ သဟဇာတတ္ထိတစ်ခုပဲ အဓိပ္ပါယ် ရှင်းလင်းဟောကြားပါ့မယ်။ အနက်လည်း သဟဇာတတ္ထိတစ်ခုပဲ အနက်ပေးပါမယ်။

အတ္ထိပစ္စယောတိ = အတ္ထိပစ္စည်းဟူသည်ကား၊ အရူပိနော = နာမ် ဖြစ်ကုန်သော၊ စတ္တာရော = လေးပါးကုန်သော၊ ခန္ဓာ = နာမက္ခန္ဓာတို့ သည်၊ အညမညံ+အညမညဿ = အချင်းချင်းအား၊ အတ္ထိပစ္စယေန = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော+ဥပကာရကော = ကျေးဇူးပြုသည်၊ ဟောတိ = ဖြစ်၏။

**စတ္တာရော** = လေးပါးကုန်သော၊ **မဟာဘူတာ** = မဟာဘုတ်တို့သည်၊ **အညမညံ+အညမညဿ** = အချင်းချင်းအား၊ **အတ္ထိပစ္စယေန** = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ဩက္ကန္တိက္ခဏေ** = ပဋိသန္ဓေခဏ၌၊ **နာမရူပံ** = နာမ်ရုပ်တို့သည်၊ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုရုပ်သည်၊ **အညမညံ+အညမညဿ** = အချင်းချင်းအား၊ **အတ္ထိပစ္စယေန** = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**စိတ္တစေတသိကာ** = စိတ်စေတသိက်ဖြစ်ကုန်သော၊ **ဓမ္မာ** = နာမက္ခန္ဓာတရားတို့သည်၊ **စိတ္တသမုဋ္ဌာနာနံ** = စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ **ရူပါနံ** = စိတ္တဇရုပ်တို့အား၊ **အတ္ထိပစ္စယေန** = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**မဟာဘူတာ** = မဟာဘုတ် ၄-ပါးတို့သည်၊ **ဥပါဒါရူပါနံ** = ဥပါဒါရုပ်တို့အား၊ **အတ္ထိပစ္စယေန** = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဟဇာတတ္တိ-က သဟဇာတနှင့် အလားတူပါတယ်။ အနည်းငယ်ပဲ အောက်ပိုင်းမှာ ရှင်းတမ်းလေး မပါတာတစ်ခုပါပဲ။ အပေါ်(၅)ချက်ကတော့ သဟဇာတအတိုင်းပဲ။ တစ်နံပါတ်က စတ္တာရော ခန္ဓာ အရူပိနော-ဠ နာမက္ခန္ဓာ(၄)ပါးဖြစ်တယ်။ နာမက္ခန္ဓာ(၄)ပါးသရုပ်ကို ဝေ၊ သဥ္၊ သင်၊ ဝိဥ္ လို့ (၄)ပါးသရုပ်ကို ပြထားတယ်။ ဝေ-က ဝေဒနာက္ခန္ဓာ၊ သဥ္-က သညာက္ခန္ဓာ၊ သင်-က သင်္ခါရက္ခန္ဓာ၊ ဝိဥ္-က ဝိညာဏက္ခန္ဓာ။ စတ္တာရော ခန္ဓာအရ (၄)ပါးသရုပ်ဖြစ်တယ်။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ထုတ်ပြထားပါတယ်။ အဲဒီ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာသရုပ်တို့ကို အကုန်အပြည့်အစုံ ဖော်ရမယ်ဆို လို့ရှိရင်တော့ စိတ်(၈၉)ခု၊ စေတသိက်(၅၂)ပါး။ စိတ်စေတသိက်တွေ အားလုံးရထားတယ်။ အဲဒါက ပစ္စည်းတရားဘက်ကဖြစ်တယ်။

အညမည့်+အညမညဿ = အချင်းချင်းအား-ဠ အချင်းချင်းအားဆိုတာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ပစ္စည်းအကြောင်းတရားဘက်ကလည်း ဒီနာမက္ခန္ဓာ(၄)ပါးပဲ။ ပစ္စယုပ္ပန်အကျိုးတရားဘက်ကလည်း ဒီနာမက္ခန္ဓာ (၄)ပါးပဲ။ အဲဒီလေးပါး အချင်းချင်း (အပြန်အလှန်) ကျေးဇူးပြုတယ်။ အရကောက်တရားကိုယ်ချင်းကလည်း အတူတူပဲ။ ပစ္စယုပ္ပန်ဘက်က အညမည်-အရကောက်လိုက်မယ်ဆိုလို့ရှိရင် စိတ်(၈၉)ခု၊ စေတသိက်(၅၂)ခုပဲရတယ်။ အတူတူပဲ။ ခန္ဓာအရေအတွက်ချင်းလည်း အတူတူ၊ အရကောက်ချင်းလည်း အတူတူ။ ဘာဖြစ်လို့ တူရတာလဲဆိုတော့ ပစ္စည်းတရားနဲ့ ပစ္စယုပ္ပန်တရား အပြန်အလှန် ကျေးဇူးပြုနိုင်တဲ့အတွက်ကြောင့်ဖြစ်တယ်။

ဝေဒနာက ပစ္စည်းအကြောင်းတရား ဖြစ်နေလို့ရှိရင် သညာ သင်္ခါရ ဝိညာဏ်က ပစ္စယုပ္ပန်အကျိုးတရားဖြစ်တယ်။ ဝေဒနာနဲ့ သညာက ပစ္စည်း

တရား ဖြစ်နေလို့ရှိရင် သင်္ခါရနဲ့ ဝိညာဏ်က အကျိုးပစ္စယုပ္ပန်တရားဖြစ်တယ်။ သင်္ခါရနဲ့ ဝိညာဏ်က ပစ္စည်းဖြစ်နေလို့ရှိရင် ဝေဒနာနဲ့ သညာက အကျိုးပစ္စယုပ္ပန်တရားဖြစ်တယ်။ ဝိညာဏ်က ပစ္စည်းဖြစ်နေမယ်ဆိုလို့ရှိရင် ဝေဒနာ သညာ သင်္ခါရတို့က ပစ္စယုပ္ပန်တရားဖြစ်တယ်။ လှည့်ပြီးတော့ ယူလိုက်တော့ ပစ္စည်းဘက်ကလည်း အကုန်ရ၊ ပစ္စယုပ္ပန်ဘက်ကလည်း အကုန်ရ။ အချင်းချင်းဆိုတာ အဲဒီအဓိပ္ပါယ်ပါပဲ။ အရချင်းကတော့ အတူတူပဲ။

ပစ္စည်းဘက်ကလည်း နာမက္ခန္ဓာ(၄)ပါးလုံးရတယ်။ အရေအတွက်အားဖြင့် စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်(၅၂)ပါးပဲ။ ပစ္စယုပ္ပန် အညမညဘက်ကလည်း အရေအတွက်အားဖြင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်(၄)ပါးဖြစ်တယ်။ တရားကိုယ် အရကောက်အားဖြင့် စိတ်(၈၉)ခု၊ စေတသိက်(၅၂)ခုပဲ အတူတူရပါတယ်။ ပစ္စည်းနှင့် ပစ္စယုပ္ပန်က အတူတူ ဘာကြောင့်ရနိုင်သလဲဆိုတော့ အပြန်အလှန် ကျေးဇူးပြုနေလို့တဲ့။

ခုနက ကျေးဇူးပြုပုံကို ပြောခဲ့ပြီးတဲ့အတိုင်း မြတ်စွာဘုရားဉာဏ်တော်မှာတော့ (အလျင်အမြန်)ပဲ။ ဝေဒနာက ပစ္စည်းဖြစ်လို့ရှိရင် သညာ သင်္ခါရ ဝိညာဏ်က ပစ္စယုပ္ပန်ဖြစ်၊ ဖြစ်ပြီးတာနဲ့ ကုန်ပျက်ကုန်ပျက်သွားတယ်။ အလျင်အမြန် ကုန်ပျက်ကုန်ပျက်နေတယ်။ ဘယ်လောက်များ ကုန်ပျက်တာမြန်သလဲဆိုတော့ လက်ဖျစ်တစ်တွက်အတွင်း လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်းလောက် ကုန်ပျက်တယ်။ အဲဒီလောက်ပဲ မြန်တာကို မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားပါတယ်တဲ့။

တရားနာပရိသတ်များရဲ့ ဉာဏ်မှာတော့ ဒီလောက်တော့ မထင်ရှားလှဘူး။ မထင်ရှားပင် မထင်ရှားငြားသော်လည်း ဝိပဿနာဉာဏ် အားရှိတဲ့

အခါကျတော့ တော်တော်လေးကို ထင်ရှားပါတယ်။ သမာဓိဉာဏ် ထက်သန်တဲ့ပုဂ္ဂိုလ်တွေ၊ ဘင်္ဂဉာဏ်ရောက်လာတဲ့ပုဂ္ဂိုလ်တွေ ဝေဒနာကို မှတ်လိုက်တဲ့အခါ (အလျှင်အမြန်) ကုန်ပျက်သွားတာ တွေ့ကြတယ်။ တစ်ချက်မှတ်လိုက်လို့ရှိရင် အများကြီး ကုန်ပျက်သွားတာကိုလည်း တချို့က တွေ့ကြတယ်။ (တစ်ချက်မှတ် တစ်ချက်ကုန်ပျက်)ကတော့ တော်တော်များများ တွေ့ကြတယ်။ တစ်ချက်မှတ်ရင် အများကြီး အပြုံလိုက်ကြီး မီးပန်းကြီးများ၊ မီးပွားကြီးများလို ကုန်ပျက်ကုန်ပျက်သွားတာကိုလည်း တွေ့ကြတယ်။

တချို့ယောဂီက ဗဟုသုတမရှိတော့ "ဆရာတော်က တစ်ချက်မှတ် တစ်ချက်ကုန်ပျက်လို့ ပြောတယ်ဘုရား။ တပည့်တော် မှတ်လိုက်တဲ့အခါကျတော့ မီးပန်းကြီးများလို အများအပြား ကုန်ပျက်ကုန်ပျက်သွားတာ တွေ့တယ်။ တပည့်တော်တော့ မှားများ မှားနေပြီလားဘုရား။ မှားကုန်ပြီလို့ ထင်တယ်ဘုရား"လို့ လျှောက်ထားဘယ်။ "မမှားပါဘူး။ သမာဓိဉာဏ် အားကောင်းလို့ ကုန်ပျက်တာတွေကများလေ၊ မြန်လေပဲဖြစ်တယ်။ ဝိပဿနာရှုတဲ့အခါကျမှ အဲဒီ အလျှင်အမြန် အလျှင်အမြန် ကုန်ပျက်တာတွေ ထင်ရှားပါတယ်"။

စက္ခာရော ခန္ဓာ အရူပိနော အညမည် အတ္ထိပစ္စယေန ပစ္စယော-လေး ရှင်းတမ်း အတိုချုပ်ဖြစ်တယ်။ နောက်မှ အကျယ်ရှင်းပါ့မယ်။

စတ္တာရော မဟာဘူတာ အညမည် အတ္ထိပစ္စယေန ပစ္စယော-၌ စတ္တာရော မဟာဘူတာ = မဟာဘုတ်(၄)ပါးတို့သည်-ဟု ဆိုတဲ့အတိုင်း (၄)ပါးသရုပ်မှာ ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်(၄)ပါးက ပစ္စည်းတရားဖြစ်တယ်။ အညမည်အရ ပစ္စယုပ္ပန်တရားကလည်း ပထဝီ အာပေါ

တေဇော ဝါယော မဟာဘုတ်(၄)ပါးပဲ။ မတူနေပါဘူးလား ... တူနေပါတယ် ဘုရား။ တူနေတယ်။

အချင်းချင်းရဲ့အဓိပ္ပါယ်၊ ပထဝီက ပစ္စည်းတရားဖြစ်လို့ရှိရင် အာပေါ တေဇော ဝါယောတို့က ပစ္စယုပ္ပန်ဖြစ်တယ်။ ပထဝီနဲ့အာပေါက ပစ္စည်းတရား ဖြစ်လို့ရှိရင် တေဇော ဝါယောတို့က ပစ္စယုပ္ပန်အကျိုးတရားဖြစ်တယ်။ တေဇောနဲ့ဝါယောက ပစ္စည်းတရားဖြစ်လို့ရှိရင် ပထဝီနဲ့အာပေါက ပစ္စယုပ္ပန် အကျိုးတရားဖြစ်တယ်။ ဝါယောက ပစ္စည်းတရားဖြစ်နေလို့ရှိရင် ပထဝီ အာပေါ တေဇောတို့က ပစ္စယုပ္ပန်ဖြစ်တယ်။ ပစ္စည်းဘက်ကလည်း မဟာဘုတ် (၄)ပါးလုံး၊ ပစ္စယုပ္ပန်ဘက်ကလည်း မဟာဘုတ်(၄)ပါးလုံး အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ (သဟဇာတတ္တိပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။ အညမညပစ္စည်းလည်း ရတာပေါ့လေ။ သဟဇာတပစ္စည်း က သဟဇာတအကြီး၊ အညမညပစ္စည်းက သဟဇာတအလတ်ဆိုတော့ အညမညသဘောလည်း သက်ဝင်နေပါတယ်။ အဲဒီသဘောကိုလည်း သိရ ပါတယ်။)

နောက်တတိယအချက် ဩက္ကန္တိက္ခဏေ နာမရူပံ-၌ နာမ-အရက ပဉ္စဝေါကာရပဋိသန္ဓေ(၁၅)ပါး၊ ရူပ-အရက ဟဒယဝတ္ထု။ ပဋိသန္ဓေစိတ္တက္ခဏ လေးမှာ ကျေးဇူးပြုနိုင်ကြပုံဖြစ်တယ်။ ဥပါဒ် ဌီ ဘင်ဆိုတဲ့ စိတ္တက္ခဏလေး မှာ ကျေးဇူးပြုနိုင်တယ်။ ဟဒယဝတ္ထုကို ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာက သဟဇာတတ္တိပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။ အညမည်ဆိုတဲ့အတိုင်း ဟဒယဝတ္ထုကလည်း ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ(၁၅)ပါးကို အဲဒီ စိတ္တက္ခဏလေးတစ်ချက်မှာ ကျေးဇူးပြုနိုင်တယ်။

တရားနာပရိသတ်များ၏ဉာဏ်၊ သာမန်ပုဂ္ဂိုလ်တွေရဲ့ဉာဏ်မှာ၊ သာဝက တွေရဲ့ဉာဏ်မှာတော့ မထင်ရှားဘူး။ မြတ်စွာဘုရားဉာဏ်မှာ ထင်ရှားတယ်။ ထင်ရှားတဲ့အတွက် ဟောကြားလို့ တရားနာပရိသတ်များ သိကြရတယ်။ မြတ်စွာဘုရား ဟောကြားသည့် နက်နဲခက်ခဲ သိမ်မွေ့တဲ့ တရားတော်တွေ ကို မိမိတို့သိကြရတယ်။ လူ့ဘဝရောက်နေတဲ့ အခိုက်အတန့်ဖြစ်လို့ သိရ တာပါပဲ။ တခြားတခြားဘဝတွေ ရောက်နေရင်တော့ သိချင်မှ သိနိုင်တော့ မယ်။

နောက်စတုတ္ထအချက် စိတ္တစေတသိကာ ဓမ္မာ-ဌ နာမက္ခန္ဓာ အရ ကောက်လိုက်တော့ ရုပ်ကို ဖြစ်စေနိုင်တဲ့ စိတ်(၇၅)ခုပဲရတယ်။ ဒွေပဉ္စ ဝိညာဏ်(၁၀)ကလည်း ရုပ်ကို မဖြစ်စေနိုင်၊ အရူပဝိပါက်(၄)ခုကလည်း ရုပ် ကို မဖြစ်စေနိုင်တဲ့အတွက်ကြောင့် အဲဒါတွေ ကြဉ်လိုက်တော့ စိတ်(၇၅)ခု ရတယ်။ စေတသိက်(၅၂)ခုလုံးလည်း ရပါတယ်။

စိတ္တသမုဋ္ဌာနာနံ ရူပါနံ-အရကတော့ စိတ္တဇရုပ်၊ တစ်နည်းအားဖြင့် ပဋိ သန္ဓေကမ္မဇရုပ်လည်းရတယ်။ အဲဒါကတော့ အချင်းချင်း မဖြစ်နိုင်တော့ဘူး။ အညမညမရတော့ဘူး။ စိတ်စေတသိက်တရားတွေက စိတ္တဇရုပ်တွေဖြစ် အောင်သာ ကျေးဇူးပြုနိုင်တယ်။ စိတ္တဇရုပ်တွေက စိတ်စေတသိက်တွေဖြစ် အောင် ပြန်ပြီးတော့ ကျေးဇူးမပြုနိုင်တဲ့အတွက်ကြောင့် အညမညလို့ ထည့် လို့ ရမှရပါ့မလား ... မရပါဘုရား။ မရတော့ဘူး။

စိတ်စေတသိက်တရားတွေက ဘာနဲ့တူသလဲဆိုတော့ သစ်ပင်နဲ့ တူတယ် တဲ့။ ပစ္စည်းတရားထဲက စိတ်(၇၅)ခု၊ စေတသိက်(၅၂)ပါးကတော့ သစ်ပင် နဲ့ တူတယ်တဲ့။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-အရ စိတ္တဇရုပ်တွေကတော့ သစ်ပင်၏

အရိပ်နဲ့တူတယ်။ သစ်ပင်ကြီးက သစ်ပင်အရိပ်ဖြစ်အောင် ကျေးဇူးမပြုနိုင်ပါဘူးလား ... ကျေးဇူးပြုနိုင်ပါတယ်ဘုရား။ သစ်ပင်က သစ်ပင်အရိပ်ထွက်ပေါ်လာအောင် ကျေးဇူးပြုတယ်။ အရိပ်ကနေပြီးတော့ သစ်ပင်ကြီးပြန်ဖြစ်အောင် ကျေးဇူးပြုလို့တော့ ... မရပါဘုရား။ မရဘူး။ အဲဒီ သဘောအတိုင်းပါပဲတဲ့။ စိတ္တဇရုပ်တွေကနေပြီးတော့ စိတ်စေတသိက်တရားတွေကို ဖြစ်အောင် ပြန်ပြီးတော့ ကျေးဇူးမပြုနိုင်ဘူးတဲ့။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော-၌ မဟာဘူတာ-အရ မဟာဘုတ်(၄)ပါးတို့ကို အရကောက်လိုက်တော့ ပထဝီ အာပေါ တေဇော ဝါယော (၄)ပါးလုံးပဲ။ ဥပါဒါရူပါနံ-အရကောက်လိုက်တော့ ဥပါဒါရုပ်(၂၄)ပါးရတယ်။ မဟာဘုတ်(၄)ပါးက ပစ္စည်းတရားဖြစ်တယ်။ ဥပါဒါရုပ်တွေက ပစ္စယုပ္ပန်တရားဖြစ်တယ်။ ဥပါဒါရုပ်တွေဆိုတာ မဟာဘုတ်တွေကို မှီပြီးတော့ဖြစ်ရတာ။ အလွန်သိမ်မွေ့တဲ့ ရုပ်တွေပဲတဲ့။ သူတို့ကလည်း အချင်းချင်း ထည့်လို့တော့ မရဘူး။

မဟာဘုတ်(၄)ပါး ပစ္စည်းတရားတွေက သစ်ပင်နဲ့လည်းတူတယ်။ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားတွေက သစ်ပင်ရဲ့ အရိပ်နဲ့တူတယ်တဲ့။ မဟာဘုတ်ကသာ ဥပါဒါရုပ်ဖြစ်အောင် ကျေးဇူးပြုနိုင်တယ်။ ဥပါဒါရုပ်တွေကနေ မဟာဘုတ်ဖြစ်အောင် ကျေးဇူးမပြုနိုင်ဘူး။ သစ်ပင်အရိပ်က သစ်ပင်ကြီး ပြန်ဖြစ်လာအောင် ကျေးဇူးမပြုနိုင်သကဲ့သို့ပါပဲတဲ့။ သဟဇာတတ္ထိပစ္စည်း(၅)ချက်ရှင်းတမ်း အတိုချုပ်ပါပဲ။

ပထမအချက်က နာမ်အချင်းချင်း ကျေးဇူးပြုတာပဲ။ ဒုတိယအချက်က ရုပ်ရုပ်ချင်း ကျေးဇူးပြုတာပဲ။ တတိယအချက်က ရုပ်နာမ်နှစ်ပါးက ရုပ်နာမ်

နှစ်ပါးကို ကျေးဇူးပြုတာပဲ။ စတုတ္ထအချက်ကတော့ နာမ်တရားတွေက ရုပ်တရားကို ကျေးဇူးပြုတာပဲ။ ပဉ္စမအချက်ကတော့ ရုပ်ရုပ်ချင်း ကျေးဇူးပြုတာပဲ။ ဒီလောက်သိရင်လည်း တော်တော်လေး နေရာကျသွားပါတယ်။ မသိဘဲ ဒီတိုင်းကြီး ရွတ်နေတာထက်တော့ ပိုပြီးတော့ နေရာမကျသွားပါဘူးလား ... နေရာကျသွားပါတယ်ဘုရား။ နေရာကျသွားတယ်။

အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေတဲ့ အချက်တွေကျတော့ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားတယ်။ အချင်းချင်းမဟုတ်တဲ့ အချက်တွေကျတော့ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း ထင်ရှားလာပါတယ်တဲ့။

ဒီမှာ ယခုတရားနာပရိသတ်များက ဝိပဿနာယောဂီတွေများတော့ ဝိပဿနာရှုဖို့ရာလည်း အဓိကအချက်တစ်ခုပဲ။ ပဋ္ဌာန်းဒေသနာတော် သဘောတရားတွေ နားလည်ပြီးတဲ့နောက်ပိုင်းမှာ ဝိပဿနာရှုကွက်ကို ကြည့်ပြီးတော့လည်း ဝိပဿနာရှုတတ်ရမယ်။ မရှုကြရပါဘူးလား ... ရှုကြရပါမယ်ဘုရား။ ရှုကြရမယ်။

စက္ခာရော ခန္ဓာ အရှုပိန္နော-အရ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အကုန်လုံးတော့ ရှုလို့ရတာပါပဲ။ ထင်ထင်ရှားရှား ရှုရတာတော့ ဝေဒနာကိုတော့ အများဆုံး ထင်ထင်ရှားရှား ရှုရတယ်။

တရားအားထုတ်တဲ့အခါ ဝေဒနာသုံးမျိုး တွေ့ကြတယ်။ ရှေးဦးစွာ ဒုက္ခဝေဒနာနဲ့ တွေ့ကြရပါတယ်။ ဒုတိယမြောက် သုခဝေဒနာ = ချမ်းသာတဲ့ဝေဒနာနဲ့ တွေ့ရတယ်။ တတိယမြောက်ကျတော့ အဒုက္ခမသုခဝေဒနာ ဥပေက္ခာဝေဒနာ =ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်တဲ့ ဥပေက္ခာ

ဝေဒနာနဲ့ တွေ့ကြရတယ်။ ဝေဒနာကိုတော့ အများဆုံး ရှုကြရတယ်။ ဝေဒနာသုံးမျိုးလုံးကို လွှမ်းမိုးအောင် ရှုနိုင်မယ်ဆိုလို့ရှိရင် မိမိအလိုရှိအပ်တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေကိုလည်း ရသွားနိုင်ပေတယ်။

သညာ သင်္ခါရတို့ကို ရှုရတာတော့ရှိတယ်။ နည်းပါတယ်။ ဝိညာဏ်ကိုလည်း ရှုရတတ်တယ်။ တရားထိုင်နေတဲ့အခါ ထိုင်ခါစမှာ မှတ်သိစိတ်ဝိညာဏ်လေးဟာ မှတ်စရာအာရုံပေါ်မှာ တစ်ခါတစ်ခါ မကျနိုင်ဘူး။ အပြင်ရောက်သွားတယ်။ ဘုရားရောက်၊ ကျောင်းရောက်၊ ဈေးရောက်၊ အိမ်က အလုပ်အကိုင်တွေရောက်။ အဲဒီထွက်ထွက်သွားတဲ့ စိတ်ကလေးကို ဒီနေရာမှာတော့ ဘယ်လိုဆိုရမလဲ၊ ဝိညာဏ်လို့ ဆိုရတယ်။ စိတ်ထွက် စိတ်ကူးတွေ မှတ်နေရတာ ဘယ်သူ့ကို မှတ်နေရတာလဲ ... ဝိညာဏ်ကို မှတ်နေရတာပါဘုရား။ ဝိညာဏ်ကို မှတ်တာဖြစ်တယ်။ ဝိပဿနာယောဂီတွေဆိုတော့ ဝိပဿနာရောက်လာမှ ပိုပြီးအားရှိလာပါတယ်။ ဘယ်နေရာက ဒီလိုရှုလိုက်မှ တရားတွေ တွေ့နိုင်တာပဲ။ ရှုကွက်ထဲကိုရောက်မှ ဝိပဿနာယောဂီက ပိုပြီးတော့ သဘောကျပါတယ်။

ဒီတော့ ရှေးဦးစွာ ဝေဒနာကို တွေ့နေရတယ်။ ဝေဒနာက ခုပြောခဲ့ပြီးတဲ့ သုံးမျိုးဖြစ်တယ်။ သုံးမျိုးဖြစ်တဲ့အနက်က ဒုက္ခဝေဒနာမှာတော့ ပဋိဃာနုသယ = ဒေါသကိန်းနေတယ်တဲ့။ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် မမှတ်နိုင်သမျှကာလပတ်လုံး ဒီဒေါသကိန်းတော့ ဒီဒေါသကြီးတန်းလန်းနဲ့ တရားထူး တရားမြတ် ရမှရပါ့မလား ... မရနိုင်ပါဘုရား။ မရနိုင်ဘူး။ မရနိုင်ဘူးဆိုတာ အင်မတန် ထင်ရှားတယ်။

ထို့နောက် ဒုတိယတစ်ခါ သုခဝေဒနာနဲ့ တွေ့ရတယ်။ သုခဝေဒနာ = ချမ်းသာတဲ့ ဝေဒနာမှာတော့ ဘယ်အနုသယ ကိန်းနေလဲဆိုတော့ ရာဂါနု သယ = လောဘကိန်းတယ်။ လောဘရှိနေရဲ့သားနဲ့ လောဘကြီးတန်းလန်း နဲ့ တရားထူး တရားမြတ်တွေလဲ ... မရနိုင်ပါဘုရား။ မရနိုင်ပေဘူး။ ဒါ ကြောင့် အဲဒီရာဂါနုသယကိုလည်း ပယ်နိုင်ရအောင် ကြိုးစားရမယ်။ ပယ် နိုင်မှသာလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ် တွေ ရနိုင်မယ်။

ထို့နောက် အဒုက္ခမသုခဝေဒနာ = အလယ်အလတ်ဖြစ်တဲ့ ဥပေက္ခာ ဝေဒနာမှာတော့ ဘာအနုသယကိန်းသလဲဆိုလို့ရှိရင် မောဟအဝိဇ္ဇာနုသယ ကိန်းတယ်။ အဲဒီအဝိဇ္ဇာနုသယကြီး ရှိနေရဲ့သားနဲ့ တရားတွေရနိုင်ပါတယ် လို့ ဆိုလို့ရပါ့မလား ... မရပါဘုရား။ မရဘူး။ အထူးသတိထားရမယ်။

တရားနာပရိသတ်များက တကယ့်ကို ဒီဘဝမှာ တရားရအောင် အား ထုတ်မယ့်ပုဂ္ဂိုလ်တွေ မများပါဘူးလား ... များပါတယ်ဘုရား။ အနည်းဆုံး အပါယ်တံခါးပိတ်တဲ့အဆင့် ရောက်အောင် အားထုတ်မယ့်ပုဂ္ဂိုလ်တွေဖြစ် တယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဒီလိုဝေဒနာတွေမှာ ကိန်းနေတဲ့ အနုသယတွေ ကို မပယ်နိုင်ဘဲနဲ့တော့ တရားရမှ ရနိုင်ပါ့မလား ... မရနိုင်ပါဘုရား။ မရ နိုင်ဘူး။ ဒီတော့ ကိန်းတဲ့တရားတွေ ကိန်းနေတာကိုလည်း သိရမယ်။ ပယ် ဖို့ရာ နည်းလမ်းကိုလည်း သိရမယ်။ ဒီတော့မှပဲ ပယ်နိုင်မယ်။ ပယ်နိုင်မှ သာလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ အပါယ်တံခါးပိတ်တဲ့ အဆင့် ကစပြီးတော့ တရားထူးတရားမြတ်တွေ ရသွားနိုင်မယ်။

စရှုမှတ်ခါစတော့ ဒုက္ခဝေဒနာကိုပင် ထင်ရှားစွာ တွေ့ရတာပါပဲ။ ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းဖြင့် တရားနာပရိ

သတ်များ တရားရှုမှတ်တဲ့အခါ တရားမှတ်တော့မယ်ဆိုလို့ရှိရင် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးတော့ ကြာကြာထိုင်နိုင်တဲ့ ဣရိယာပုထ်မျိုးဖြင့် ဒူးတုပ်၍ဖြစ်စေ၊ တင်ပလ္လင်ခွေ၍ဖြစ်စေ ထိုင်ပြီးတော့ ခါးကို တည့်တည့်မတ်မတ်ထား၊ ခေါင်းကိုလည်း တည့်တည့်မတ်မတ်ထား၊ မျက်စိကိုတော့ မှိတ်ထား၊ စိတ်ကိုတော့ ဘယ်မှာထားရမလဲ ... ဝမ်းဗိုက်မှာ စိုက်ထားရပါတယ်။

တည့်တည့်မတ်မတ်ထားဆိုလို့ ခန္ဓာကိုယ်ကို တင်းသည်ထက် တင်းထား မိတတ်တယ်။ အဲဒီလိုလည်း မတင်းထားသင့်ပေဘူး။ သိပ်တင်းထားလို့ရှိရင် ဝီရိယတွေ လွန်ကဲနေလို့ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်လို့ မရပေဘူး။ ပုံမှန်ကလေးပဲ ခါးတည့်တည့်မတ်မတ် ခေါင်းတည့်တည့်မတ်မတ်ထားရပါတယ်။ တည့်သည်ထက်တည့်အောင် အားတွေ သိပ်စိုက်ထားလို့ရှိရင် ကာယိကဝီရိယ လွန်ကဲနေလို့ရှိရင် ဒီယောဂီဟာ စေတသိကဝီရိယ မှတ်စိတ်လည်း လွန်ကဲနေတတ်တယ်။ လွန်ကဲနေလို့ရှိရင် ပစ္စုပ္ပန် မတည့်တော့ပေဘူး။ ပစ္စုပ္ပန်မတည့်လို့ရှိရင် တရားတွေ မတွေ့နိုင်ပေဘူး။

တရားသဘောက ပစ္စုပ္ပန်တည့်တည့်လေးမှာပင်ရှိတယ်။ ဝိပဿနာယောဂီတွေအတွက် အထူးမှတ်သားစရာပဲ။ တစ်ဆံခြည် တစ်စက္ကန့်လောက် လွဲသွားလို့ရှိရင် အမှတ်မဖြစ်တော့ပေဘူး။ တရားမတွေ့နိုင်တော့ပေဘူး။ ဒီတော့ ပစ္စုပ္ပန်တည့်ဖို့လည်း အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။ ပစ္စုပ္ပန်တည့်အောင်ဆိုရင် ခန္ဓာကိုယ်ကို မလျော့မတင်း ထားရတယ်။ မဇ္ဈိမပဋိပဒါဆိုသည့်အတိုင်း ခါးကို မလျော့မတင်းနဲ့ ခေါင်းတည့်တည့်မတ်မတ် မလျော့မတင်းနဲ့ထားပြီးတော့ စိတ်ကိုလည်း မလျော့မတင်းပဲ ရှုမှတ်ရတယ်။

အသက်ရှူသွင်းလိုက်လို့ ဝမ်းဗိုက် ဖောင်းတက်လာတဲ့အခါ လေရှူသွင်းလိုက်တာနဲ့အမျှ အဆင့်ဆင့် ဖောင်းတက်လာတာကို ဖောင်းတယ်လို့ပဲ မှတ်ရတယ်။ အသက်ရှူထုတ်လိုက်တဲ့အခါ လေရှူထုတ်လိုက်တာနဲ့အမျှ အဆင့်ဆင့် ပိန်ကျသွားတာကိုလည်း ပိန်တယ်လို့ပဲ မှတ်ရတယ်။ ဖောင်းတယ်၊ ပိန်တယ် နှစ်ချက်မှတ်နေတော စိတ်က သိပ်မငြိမ်ဘူးဆိုလို့ရှိရင် စိတ်လှုပ်ရှားနေသေးတယ်ဆိုလို့ရှိရင် ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ်ဟု သုံးချက်မှတ်ရတယ်။ ထိုင်ထားလို့ ကြမ်းနဲ့ထိနေတာ မာနေ ပူနေတဲ့ သဘောလေးကိုပဲ ထိတယ်ဟု ရှုမှတ်ရတယ်။

ဝိပဿနာအရာဖြစ်လို့ ပုံသဏ္ဌာန်ဒြပ်တွေတော့ ဖျောက်နိုင်သမျှ ဖျောက်ရမယ်။ ပညတ်တွေကိုတော့ ခွာနိုင်သမျှ ခွာရမယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ်ဟု သုံးချက်မှတ်လို့ ငြိမ်သွားပြီဆိုလို့ရှိရင်တော့ ဒီအမှတ်နဲ့ပဲမှတ်ပါ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ်ဟု မှတ်တာတောင်မှ စိတ်ကမငြိမ်ဘူး၊ လှုပ်ရှားနေသေးတယ်ဆိုလို့ရှိရင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဟု လေးချက်မှတ်ပါ။

ထိုင်တယ်လို့မှတ်တဲ့အခါမှာလည်း အပေါ်ပိုင်း ကိုယ်အမူအရာက ခြုံချပြီးတော့ ထိုင်တယ်လို့ ရှုမှတ်ရပါတယ်။ ထိုင်တယ်လို့ မှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဌာန်များကို ခွာနိုင်သမျှခွာ၊ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ထားလို့ တောင့်တင်းတဲ့ သဘောလေးကိုပဲ ထိုင်တယ်လို့ မှတ်ရပါတယ်။ ဝိပဿနာအရာဖြစ်လို့ ပုံသဏ္ဌာန်ဒြပ်တွေကိုတော့ ခွာနိုင်သမျှခွာရမယ်။ ပုံသဏ္ဌာန်ဒြပ် ပညတ်တွေကို မှတ်နေလို့ရှိရင် ယောဂီ တရားတွေသိပ်ကြာသွားလိမ့်မယ်။ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ တရားကြာချင်ပါရဲ့လား ... မကြာချင်ပါဘုရား။ မကြာ

ချင်ဘူး။ မကြာချင်လို့ရှိရင် ပညတ်ပုံသဏ္ဌာန်ဒြပ်တွေ ခွာနိုင်သမျှခွာ၍ ရှု မှတ်ရပါတယ်။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် လေးချက်မှတ်လို့ကောင်း ရင် လေးချက်ပဲမှတ်သွား။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် လေးချက်မှတ်တာ ကြောင့်ကြစိုက်တာများလာလို့၊ လုံ့လဝီရိယ သိပ်စိုက်ရ တာများလို့ မှတ်လို့မကောင်းတော့ဘူးဆိုလို့ရှိရင် တစ်ချက်ပြန်လျှော့။ ဖောင်း တယ်၊ ပိန်တယ်၊ ထိတယ်ဟု သုံးချက် ရှုမှတ်ပါ။ သုံးချက်မှတ်လို့ကောင်း ရင် သုံးချက်ပဲရှုမှတ်။ သုံးချက်မှတ်ရတာတောင်မှ သမာဓိဖြစ်လာတဲ့အခါ ကြောင့်ကြစိုက်ရတာက များနေသေးတယ်၊ ပင်ပန်းနေသေးတယ်ဆိုလို့ရှိရင် ဖောင်းတယ်၊ ပိန်တယ် နှစ်ချက်တည်းပဲ ရှုမှတ်ပါ။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် မှတ်နေပါသော်လည်း အစပိုင်းမှာ ဘာမျှ သိပ်တော့မထင်ရှားသေးဘူး။ ဖောင်းတာကလည်း မိမိ ဝမ်းဗိုက်ကပဲ ဖောင်း။ မှတ်တာကလည်း မိမိကပဲမှတ်၊ ပိန်တာကလည်း မိမိ ဝမ်းဗိုက်ကြီးကပဲ ပိန်၊ မှတ်တာကလည်း မိမိကပဲမှတ်၊ ထိုင်နေတာလည်း မိမိကိုယ်ကြီးကပဲ ထိုင်နေ၊ မှတ်တာကလည်း မိမိကပဲမှတ်၊ ထိတာကလည်း မိမိခန္ဓာကိုယ်ကပဲ ထိနေတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ် လို့ ထင်နေပေတယ်။ သမာဓိဉာဏ် မဖြစ်သေးခင်ကတော့ တစ်လုံးတည်း တစ်ခဲတည်းပဲ ထင်နေသေးတယ်။ မှတ်စရာအာရုံ ရုပ်တရားတွေနဲ့ မှတ်သိ စိတ်နဲ့ တစ်လုံးတည်း တစ်ခဲတည်းပဲ ထင်နေတယ်။

နောက်တော့ သမာဓိဉာဏ်များ ဖြစ်လာပြီဆိုလို့ရှိရင် ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတာက တခြား၊ မှတ်သိစိတ်က တခြား၊ ပိန်တယ်လို့

မှတ်လိုက်ရင် ပိန်နေတာက တခြား၊ မှတ်သိစိတ်က တခြား၊ ထိုင်တယ်လို့ မှတ်လိုက်ရင် ထိုင်နေတာက တခြား၊ မှတ်သိစိတ်က တခြား၊ ထိတယ်လို့ မှတ်လိုက်ရင် ထိနေတာက တခြား၊ မှတ်သိစိတ်က တခြားဟု ကွဲပြားပြီး သိလာပေတယ်။ ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာတွေက ဘာမှ မသိ တတ်တဲ့ ရုပ်တရား၊ မှတ်သိ မှတ်သိနေတာက သိတတ်တဲ့အတွက်ကြောင့် နာမ်တရားဟု နာမ်နဲ့ရုပ်နဲ့ ကွဲပြီးတော့ သိသွားတယ်။ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်လာပေတယ်။

အဲဒီအဆင့်မှာလည်း ဒုက္ခဝေဒနာက သိပ်မထင်ရှားသေးဘူး။ တစ်ခါ တစ်ခါတော့လည်း နည်းနည်းပါးပါးတော့ ညောင်းညာပင်ပန်းမှုတွေရှိတယ်။ သိပ်ပြီးတော့ ပြင်းပြင်းထန်ထန် ဒုက္ခဝေဒနာ မထင်ရှားသေးပေဘူး။ တစ်ခါ တစ်ခါတော့လည်း သိပ်ပြီးတော့ မှတ်လို့ကောင်းသွားတတ်တယ်။

ဆင့်ကာဆင့်ကာမှတ်လို့ ဉာဏ်စဉ်တစ်ဆင့် တက်သွားတဲ့အခါ ပစ္စယ ပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေရင်း ယောဂီ၏ဉာဏ်ထဲမှာ ထင်ရှားလာတယ်။ ဖောင်း တာ ပိန်တာ၊ ထိုင်တာ ထိတာတွေက ရှေ့ကပေါ်ပေါ်ပေးနေလို့ ရှေ့ကရှိနေ လို့ မှတ်သိစိတ်က နောက်က လိုက်လိုက်မှတ်နေရတာပဲ။ ရှေ့ကပေါ်ပေါ် ပေးနေတာက အကြောင်းပဲ၊ မှတ်သိစိတ်က အကျိုးတရားပဲလို့ မသိသွားပါ ဘူးလား ... သိသွားပါတယ်ဘုရား။

အဲဒီအဆင့်ရောက်တော့ ဖောင်းတာ၊ ပိန်တာတွေက အမျိုးမျိုး ပြောင်း လဲပြီးတော့ ဖောင်းနေတတ်တယ်။ ရင်ဝမှာ တက်ဖောင်းပိန်၊ ငယ်ထိပ်မှာ တက်ဖောင်းပိန်၊ ကျောဘက်ကပ်ပြီးတော့ ဖောင်းပိန်၊ ဘေးဘက်ကပ်ပြီးတော့

ဖောင်းပိန်၊ လည်ပြီးတော့ ဖောင်းပိန်။ ယောဂီက မမှတ်တတ်သလိုရှိလာတယ်။ ဘယ်လိုမှတ်ရပါမလဲဘုရား ... လို့ လျှောက်ထားတယ်။ သူပြောင်းတဲ့အတိုင်းလိုက်မှတ်။ ကမ္မဋ္ဌာန်းဆရာများက မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ ဘေးဘက်မှာ ကပ်ဖောင်းရင်လည်း ဘေးဘက်မှာပဲ ဖောင်းတယ်၊ ပိန်တယ်မှတ်။ ကျောဘက်က ဖောင်းပိန်ရင်လည်း ကျောဘက်မှာပဲ ဖောင်းတယ်၊ ပိန်တယ်မှတ်။ လည်ပြီးတော့ ဖောင်းရင်လည်း ဖောင်းတယ်၊ ပိန်တယ် လည်နေသလိုပဲမှတ်။ ငယ်ထိပ်မှာ တက်ပြီးတော့ ဖောင်းပိန်ဖြစ်နေရင်လည်း ငယ်ထိပ်မှာပဲ ဖောင်းတယ်၊ ပိန်တယ်မှတ်ပါ။

"ရင်ဝမှာတက်ပြီးတော့ ဖြစ်နေပါတယ်ဘုရား၊ ဘယ်လိုမှတ်ရမှာလဲဘုရား" ရင်ဝမှာပဲ ဖောင်းတယ်၊ ပိန်တယ်ပဲမှတ်ပါ။ ရင်ဝမှာ အသက်ရှူသွင်းလိုက်လို့ မောက်တက်လာတာကို ဖောင်းတယ်၊ ရှူထုတ်လိုက်လို့ ပြန်ကျသွားတာကိုတော့ ပိန်တယ်ဟု ရှုမှတ်နေရာတွင် ဖောင်းတာ၊ ပိန်တာတွေက ရွေ့သွားတိုင်း မှတ်သိစိတ်က နောက်ကလိုက်လိုက်ပြီး ရွေ့ပြီးတော့ မမှတ်နေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။

ယောဂီကလည်း သဘောတွေကျလို့ "အို ... ဖောင်းတာ ပိန်တာ ရွေ့တဲ့အတိုင်း မှတ်သိစိတ်က နောက်က လိုက်ရွေ့ပြီးတော့ မှတ်နေရတာပဲ။ ဖောင်းတာ ပိန်တာကြောင့် မှတ်သိစိတ်တွေ ဖြစ်နေရတာပဲ။" မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာတွေက အကြောင်းတရား၊ မှတ်သိစိတ်က အကျိုးတရား။ အဲဒီဉာဏ်စဉ်အဆင့် ရောက်သွားတဲ့အခါကျတော့ ယောဂီ တော်တော်လေး အခြေခံကောင်းသွားပါပြီ။

တရားစဝင်ကတည်းက ကမ္မဋ္ဌာန်းဆရာများကတော့ တရားတွေမြန်မြန်တွေ့ရအောင်၊ တရားတွေမြန်မြန်တက်ရအောင် "ယောဂီ အထွေထွေအသေးစိတ်အမှတ်လေးကိုလည်း ကြိုးစားပြီးတော့ မှတ်ပေးရတယ်။ အလုပ်ပေးတရားထဲမှာ နာခဲ့ရတဲ့အတိုင်း အထွေထွေအသေးစိတ်အမှတ်တွေလည်း ကြိုးစားပြီးတော့ မှတ်ရတယ်"လို့ မိန့်ကြားတယ်။ မိန့်ကြားပင်မိန့်ကြားငြားသော်လည်း နာမရူပပရိစ္ဆေဒဉာဏ်မှာတော့ သိပ်တော့ မှတ်လို့မရသေးပေဘူး။ တရားလာလျှောက်တဲ့အခါ "အထွေထွေအသေးစိတ်အမှတ်ကလေးကော မှတ်လို့ရပါရဲ့လား" "မရသေးပါဘူးဘုရား။ လွတ်တာတွေကပဲများနေပါတယ်ဘုရား"ဟု မလျှောက်ထားပါဘူးလား ... လျှောက်ထားပါတယ်ဘုရား။ ဤပစ္စယပရိဂ္ဂဟဉာဏ် အကြောင်းနဲ့အကျိုးကိုသိတဲ့ဉာဏ် ရောက်သွားတဲ့အခါကျတော့ အထွေထွေအသေးစိတ်အမှတ်တွေကို မှတ်လို့ရလာတတ်ပါတယ်။ အထူးသတိထားလို့ရှိရင် ရပါတယ်။

တရားထိုင်ရာက၊ အခုလို တရားနာရာက ထရတော့မယ်ဆိုလို့ရှိရင် အမြန် မထလိုက်ပါဘဲနဲ့ ခန္ဓာကိုယ်ထဲမှာ မှတ်သိစိတ်ကို သွင်းထားပြီးတော့ သတိထားနေလိုက်လို့ရှိရင် ထချင်တဲ့စိတ်တွေ ရှေးဦးစွာ ဖြစ်နေတယ်။ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ ထချင်တဲ့စိတ်တွေ ဖြစ်နေတာကို သိရတော့ ထချင်တယ်၊ ထချင်တယ်ဟု မှတ်ရတယ်။ နောက်ပြီးမှ ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန် တွန်းကန်ပေးလို့ ထတဲ့ကိုယ်အမူအရာ ပေါ်လာတယ်။ တစ်ရွေ့ပြီးတစ်ရွေ့ အပေါ်ကို ရွေ့တက်သွားတဲ့ကိုယ်အမူအရာပေါ်လာမှ ထတယ်၊ ထတယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

ထလို့ပြီးတဲ့အခါမှာလည်း အမြန်မသွားလိုက်ဘဲနဲ့ ခေတ္တရပ်ပြီး မျက်စိလေး မိတ်ထားပြီး အာရုံပြုကြည့်လိုက်ရင် သွားချင်တဲ့စိတ်တွေ ရှေးဦးစွာဖြစ်နေတာ ထင်ရှားနေပေတယ်။ အထူးသတိထားရင်တော့ ထင်ရှားတယ်။ သာမန်သတိထားရင်တော့ ... မထင်ရှားပါဘုရား။ မထင်ရှားဘူး။ အမှတ်သတိမပါဘဲနဲ့ သွားခဲ့တဲ့အကြိမ်ပေါင်းက ... များခဲ့လို့ပါဘုရား။ ဒီဘဝမှာသာလားဆိုတော့ မဟုတ်ဘူး။ ဟိုး ... အတိတ်အတိတ် အနမတဂ္ဂသံသရာဘဝထဲက အမှတ်သတိမပါဘဲနဲ့ သွားခဲ့တဲ့ အကြိမ်ပေါင်းက ရေတွက်လို့ကို မရတော့ပေဘူး။ အဲဒီလို အာသေဝနပစ္စည်းတွေ ရထားတော့ သာမန်သတိထားရင်တော့ မထင်ရှားဘူး။ အထူးသတိထားရင် ထင်ရှားပါတယ်။

ရှေးဦးစွာ သွားချင်တယ်၊ သွားချင်တယ်ဟု ရှုမှတ်ရပါတယ်။ နောက်ပြီးမှ သွားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်လို့ သွားတဲ့ကိုယ်အမူအရာဖြစ်လာမှ သွားတယ် သွားတယ်၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ် မှတ်ပြီးတော့ သွားရတယ်။

သွားရာကနေ၍ ရပ်ရတော့မယ်ဆိုလို့ရှိရင်လည်း အထူးသတိထားလိုက်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ အမှတ်သတိက ကပ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ ရပ်ချင်တဲ့စိတ်ကို သိလာတတ်တယ်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်းလောက်ကတည်းက ရပ်ချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ ရပ်ချင်တဲ့စိတ်တွေက ထင်ရှားလာတော့ ရပ်ချင်တယ်၊ ရပ်ချင်တယ်ဟု မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ နောက်ပြီးမှ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ထားလို့ ရပ်တဲ့ကိုယ်အမူအရာဖြစ်လာမှ ရပ်တယ်၊ ရပ်တယ် မှတ်ရတယ်။

ရပ်တယ်၊ ရပ်တယ်လို့ မှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဌာန်များကိုတော့ ခွာနိုင်သမျှခွာ၊ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ထားလို့ တောင့်တင်းနေတဲ့ သဘောလေးကိုပဲ ရပ်တယ်၊ ရပ်တယ်လို့ မှတ်ရတယ်။

ရပ်ရာကနေ၍ ထိုင်ရတော့မယ်ဆိုလို့ရှိရင်လည်း အထူးသတိထားလိုက်တဲ့အခါ ထိုင်ချင်တဲ့စိတ်တွေ ရှေးဦးစွာ ထင်ရှားနေတယ်။ ထင်ရှားနေတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု မှတ်ရပါတယ်။ နောက်ပြီးမှ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ချလို့ ထိုင်တဲ့ကိုယ်အမူအရာဖြစ်လာတော့မှ ထိုင်တယ်၊ ထိုင်တယ် မှတ်ရတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့အခါကျတော့ အဲဒီ အထွေထွေအသေးစိတ်အမှတ်ကလေးတွေ မှတ်လို့ရလာတတ်တယ်။ ချင်စိတ်ကို အထူးသတိထားလိုက်လို့ ချင်စိတ်ကို မှတ်လို့ရပြီဆိုလို့ရှိရင် ချင်စိတ်ကြောင့်ဖြစ်တဲ့ ကိုယ်အမူအရာတွေအကုန်လုံး မှတ်ရတာ လွယ်ကူသွားပါတယ်။ အဲဒီအခါကျတော့ ဆရာသမားတွေ ညွှန်ကြားတဲ့အတိုင်း မှတ်လို့ရှိရင် အမှတ်စိပ်စိပ်လေး မှတ်လို့ရသွားတော့ တရားတွေ မြန်မြန်တက်သွားတတ်ပါတယ်။

အဲဒီပစ္စယပရိဂ္ဂဟဉာဏ်မှာလည်း ဒုက္ခဝေဒနာတွေက သိပ်မထင်ရှားသေးဘူး။ ဆင့်ကာဆင့်ကာမှတ်လို့ တစ်ဆင့်တက်သွား၍ သမ္မသနဉာဏ်သို့ ရောက်သွားတဲ့အခါကျတော့ ထိုင်လို့မှ သိပ်မကြာသေးဘူး။ နာတာ ကျင်တာ အောင့်တာ၊ ကိုက်တာ ခဲတာ၊ မူးတာ ယားတာ၊ အော့ချင် အန်ချင်ရှိတာ၊ ယိမ်းနေတာ ယိုင်နေတာ ဒုက္ခဝေဒနာတွေ သိပ်များတော့ ယောဂီဟာ စိတ်နှလုံးမသာယာမှုတွေဖြစ်တယ်။ ခံလိုက်ရတာ၊ နာတာ ကျင်တာ

အောင့်တာတွေကလည်း ခံလိုက်ရတာ၊ စိတ်ကလည်းဆင်းရဲ ကိုယ်ကလည်း ဆင်းရဲ၊ စိတ်ဆင်းရဲမှုတွေ ဒေါမနဿ ဒေါသတွေ ဖြစ်ကြတယ်။ တချို့တချို့ သော ယောဂီများကတော့ ခန္ဓာကိုယ်က ဒုက္ခတွေများလွန်းတော့ စိတ်ဆင်းရဲ ပြီးတဲ့အပြင် စိတ်တွေလည်း တိုနေတတ်တယ်။

အမှန်အတိုင်းလျှောက်တတ်တဲ့ ယောဂီပုဂ္ဂိုလ်က "တပည့်တော် စိတ် တွေ တိုနေတယ်ဘုရား"တဲ့။ စိတ်တိုနေတာ၊ စိတ်ဆိုးနေတာ တရားကိုယ် ကောက်လိုက်တော့ ဘာလို့ဆိုရမလဲ ... ဒေါသ ဒေါမနဿပါဘုရား။ ဒေါသ ဒေါမနဿဖြစ်တယ်။ ဘာကြောင့် ဒီဒေါသ ဒေါမနဿဖြစ်ရသလဲဆိုတော့ ဒီဝေဒနာကြောင့် ဝေဒနာတွေ ပြင်းထန်တာနဲ့အမျှ ဒေါသ ဒေါမနဿတွေ က အဖန်ဖန် အထပ်ထပ်အခါခါဖြစ်တော့ အဲဒါကိုပဲ ပါဠိဝေါဟာရနဲ့ ပြော တော့ ကိန်းတယ်တဲ့။ ဒုက္ခဝေဒနာမှာ ဘာကိန်းပါသလဲ၊ ဒေါသ ပဋိဃာနု သယကိန်းတယ်။

အဲဒီဒေါသ ပဋိဃာနုသယကိုပယ်နိုင်မှ ယောဂီမှာ ရှေ့ကိုတရားတွေ တက်နိုင်တယ်။ မပယ်နိုင်သေးလျှင် ဒေါသတွေရှိနေတဲ့အခိုက်အတန့် ဒေါသကြောင့် စိတ်တွေ အနှောင့်အယှက်ဖြစ်နေရင် တရားတွေ ရှေ့ကို မ တက်နိုင်ပေဘူး။ အဲဒီဒေါသ ပဋိဃာနုသယကို ပယ်ရအောင် ဘယ်လိုမှတ် ရမလဲ၊ ဒုက္ခဝေဒနာမှာ ကိန်းလာတဲ့ ပဋိဃာနုသယကို ပယ်ရမယ်။

**ဆောင်ပုဒ်။ ။ ဒုက္ခာကိန်းလာ၊ ဒေါသသာ၊ မှန်စွာပယ်ရမည်။**

ဒုက္ခဝေဒနာက သိပ်များတော့ ဒေါသ ဒေါမနဿတွေဖြစ်တယ်။ အဲဒါ ကို ပါဠိလိုပြောတော့ ပဋိဃာနုသယကိန်းတယ်။ ပဋိဃာနုသယ-အရ တရား ကိုယ်အရကောက်တော့ ဒေါသပါပဲ။

အဲဒီဒေါသ မကိန်းနိုင်ရအောင် ဘယ်လိုများ မှတ်ရမလဲဆိုတော့ -

**ဒုက္ခာ ဘိက္ခဝေ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **ဒုက္ခာ** = ဆင်းရဲသော၊ **ဝေဒနာ** = ဝေဒနာကို၊ **သလ္လတော** = မြားငြောင့်ဟူ၍ (ဝါ) မြားငြောင့်လို့ထင်အောင်၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဒုက္ခဝေဒနာမှာ ကိန်းလာတဲ့ ပဋိဃာနုသယ ဒေါသကို ပယ်ဖို့ရာ ဒုက္ခဝေဒနာကို မြားငြောင့်လို့ထင်အောင် ... မြားငြောင့်တွေစူးတဲ့ပုဂ္ဂိုလ်တွေ တောထဲ တောင်ထဲမှာ အလုပ်သွားလုပ်တဲ့ပုဂ္ဂိုလ်တွေ လက်ဖဝါး ခြေဖဝါးတွေမှာ ဆူးစူးလို့ရှိရင် ဒီဆူးကို ပယ်နုတ်ပြီးမှ လုပ်စရာအလုပ်ကို လုပ်လို့ရှိရင် အချိန်မီပြီးနိုင်တယ်။ ဒီလိုမဟုတ်။ ဆူးကလည်း စူးနေတာပဲ။ မနုတ်ဘဲနဲ့ အလုပ်တွေကိုသာ ဖိလုပ်နေတယ်ဆိုရင် ဆူးကိုညှာနေရတဲ့အတွက်ကြောင့် အလုပ်ဟာ အချိန်မီမပြီးဘဲ အချိန်ကုန်လူပန်း ဖြစ်နိုင်သလို ဒုက္ခဝေဒနာတည်းဟူသော ဆူးစူးလာလို့ရှိရင်လည်း ဒီဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ဆူးကို ပယ်နုတ်သကဲ့သို့ ရှေးဦးစွာ လွှမ်းမိုးအောင် မှတ်ရမယ်။ ဒီတော့မှ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်လိုက်မှ ဒုက္ခဝေဒနာမှာ ကိန်းနေတဲ့ ပဋိဃာနုသယဒေါသကို ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။ ယောဂီအတွက် ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် မှတ်နိုင်ဖို့ရာ နံပါတ်(၁)အဓိကအချက်တစ်ခုပဲ။

ဒုက္ခဝေဒနာဖြစ်သည့် နာတာ ကျင်တာ အောင့်တာတွေ ပေါ်လာလို့ရှိရင် ရှေးဦးစွာ ဘယ့်နှယ် နှလုံးသွင်းရမလဲ၊ သည်းခံမယ်လို့ နှလုံးသွင်းထားရတယ်။ ဒီလိုမဟုတ်ဘူး။ နာတာနဲ့အမျှ ခဏခဏ ဟိုဘက်ပြောင်းလိုက် ဒီဘက်ပြောင်းလိုက်ဆိုလို့ရှိရင် သမာဓိမှ ဖြစ်မှုဖြစ်ပါ့မလား ... မဖြစ်ပါဘုရား။ သည်းခံမယ်၊ သည်းခံမယ်ဟု နှလုံးသွင်းထားရပါတယ်။ ထို့နောက် ဒုက္ခဝေဒနာကို တစ်ချိန်လုံးပဲ ခံနေရတော့မလားဆိုတဲ့ ကြောင့်ကြမှု၊ ပူပန်မှုကလေးလည်း ဝင်လာတတ်တယ်။ အဲဒါလေးလည်း မဝင်စေရဘူး။ နာတာကတော့ သူ့သဘောအတိုင်း နာနေမှာပဲ။ မှတ်ဖို့ရာတော့ မိမိတာဝန်ပဲလို့ နှလုံးသွင်းရမယ်။

ဒုက္ခဝေဒနာပေါ်လာလို့ရှိရင် ယောဂီများက ဒုက္ခဝေဒနာကို ခံနိုင်ရအောင် ခန္ဓာကိုယ်ကိုလည်း တင်း၊ စိတ်ကိုလည်း တင်းထားတတ်တယ်။ အဲဒီလိုလည်း မတင်းမိစေရဘူး။ တင်းထားမယ်ဆိုလို့ရှိရင် ဝီရိယတွေက လွန်ကဲနေလို့ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချလို့ မရတော့ပေဘူး။ ထို့ကြောင့် ဒုက္ခဝေဒနာ ပြင်းထန်လာလို့ရှိရင် စိတ်ကိုလည်း အနည်းငယ်လျှော့၊ ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျှော့ရမယ်။ လျှော့ပြီးတဲ့အခါ ဝေဒနာအပေါ်မှာ စိတ်ကလေးတည့်တည့်ချ။ စိတ်ကလေးတည့်တည့်ချလို့ ရတာနဲ့ တော်တော်ကို နေရာကျသွားပြီ။ မှတ်သိစိတ်ကလည်း လျင်မြန်တဲ့ သဘော အလွန်ပဲအားရှိတယ်။ ဝေဒနာကလည်း လျင်မြန်တဲ့သဘောရှိတယ်။ ဒါပေမယ့် ဘယ်သူက လွှမ်းမိုးမလဲဆိုတော့ မှတ်သိစိတ်ကပဲ လွှမ်းမိုးမယ်တဲ့။

**မနော ပုဗ္ဗင်္ဂမာ ဓမ္မာ**

**ဓမ္မာ** = နာမက္ခန္ဓာတရား(၄)ပါးတို့သည်၊ **မနောပုဗ္ဗင်္ဂမာ** = ဝိညာဏက္ခန္ဓာသာလျှင် ရှေ့သွားရှိကုန်၏။ (ဝါ) ပြဋ္ဌာန်းခြင်းရှိ၏။

ဝိညာဏက္ခန္ဓာဆိုတဲ့ မှတ်သိစိတ်ကပဲ ပြဋ္ဌာန်းတယ်၊ သူကပဲ အားရှိတယ်၊ သူကပဲ လွှမ်းမိုးမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ ဝေဒနာအပေါ်မှာ မှတ်သိစိတ်ကို တည့်တည့်ချပြီးတော့ ဒီဝေဒနာ နာနေတာ ဘယ်လောက် နာနေသလဲ။ အသားပေါ် အရေပေါ်လောက်ပဲ နာတယ်၊ အကြောထိအောင် နာတယ်၊ အရိုးထိအောင် နာတယ်၊ ရိုးတွင်းခြင်ဆီထိအောင် နာတယ်ဟု စိတ်နှင့်သိအောင် စူးစိုက်ပါ။ စူးစိုက်ပြီးတဲ့အခါကျမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ် ပိုင်းခြားပိုင်းခြားပြီးတော့ ရှုမှတ်ပါ။ နာတဲ့အတိုင်းအရှည် ပမာဏကိုသိအောင် စူးစိုက်ထားတော့ သမာဓိမဖြစ်သွားပါဘူးလား ... သမာဓိဖြစ်သွားပါတယ်ဘုရား။ ဆင့်ကာဆင့်ကာ လေးငါးချက်လောက် မှတ်လိုက်ရင် ပိုနာ၊ ပိုကျင်၊ ပိုအောင့်တာ ထင်ရှားလာတတ်ပါတယ်။ အထွတ်အထိပ်သို့ရောက်အောင် နာ၊ ကျင်၊ အောင့်ပြီးတဲ့အခါ ဝေဒနာလည်း အကြောင်းအားလျော်စွာ ပြန်လျော့လာတာပါပဲ။ ပြန်လျော့လာတဲ့အခါမှာလည်း မှတ်သိစိတ်ကို မလျှော့ပေးလိုက်ရဘူး။

ပိုင်းခြားပိုင်းခြားပြီး စူးစိုက်ပြီးတော့ မှတ်ရမယ်။ လေးငါးချက်လောက် ဝေဒနာကို ဆင့်ကာဆင့်ကာ မှတ်လိုက်လို့ရှိရင် တစ်မျိုးသက်သာ တစ်မျိုးသက်သာ တခြားနေရာသို့ ရွှေ့ရွှေ့သွားတာ ထင်ရှားလာပါတယ်။ တိုးတိုးပြီးတော့နာ၊ ပြန်ပြန်ပြီးတော့ လျော့သွားတာကိုသိတော့ ဝေဒနာရဲ့သဘောကို သိတာဖြစ်တယ်။ ဝေဒနာဆိုတာ အမြဲတစ်ဆက်တည်း နာနေတာတော့

မဟုတ်ဘူး။ တိုးတိုးပြီးတော့လည်း နာတာပဲ။ လျော့လျော့ပြီးတော့လည်း သွားတာပဲလို့သိလာတာ ဝေဒနာရဲ့သဘောကို သိလာတာပါပဲ။

**ဆောင်ပုဒ်။ ။ သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။**

သဘောကို သိမြင်ပြီးမှ ဥဒယ-က ဖြစ်၊ ဝယ-က ပျက်။ ဖြစ်ပျက်ကို သိနိုင်တယ်။ သဘောမှ မသိဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက်သွားရှုနေရင်တော့ ဘာဖြစ်ပျက်လို့ဆိုရမလဲ၊ မှန်းဆဖြစ်ပျက်လို့ဆိုရမယ်။ တကယ်တမ်း မမြင်ပေဘူး။ သဘောတွေ သိပြီးတဲ့အခါ နောက်တော့ ဖြစ်ပျက်တွေ မြင်လာလိမ့်မယ်။ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ဆင့်ကာဆင့်ကာ ပိုင်းခြားပိုင်းခြားပြီးတော့မှတ်လို့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ် တစ်ချက်ပိုနာတာကို ယောဂီ သိလာတတ်ပါတယ်။

အထွတ်အထိပ်သို့ရောက်အောင် နာ၊ ကျင်၊ အောင့်ပြီးတဲ့အခါ ဝေဒနာလည်း သူ့အကြောင်းအားလျော်စွာ ပြန်လျော့လာတတ်ပါတယ်။ လျော့လာတဲ့အခါမှာလည်း မှတ်သိစိတ်ကို မလျှော့ဘဲနဲ့ နာတယ်၊ ကျင်တယ်၊ အောင့်တယ် ပိုင်းခြားပိုင်းခြားပြီးတော့ မှတ်ပါ။ တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ် တစ်ချက်ပိုနာတာကို သိလာတတ်ပါတယ်။ ပြန်လျော့တဲ့အခါမှာလည်း တစ်ချက်မှတ် တစ်ချက်ပြန်လျော့၊ တစ်ချက်မှတ် တစ်ချက်သက်သာ၊ တစ်ချက်မှတ်တစ်ချက် တခြားနေရာသို့ ရွေ့သွားတာကိုသိတော့ ဝေဒနာရဲ့ သဘောကို ပိုသိလာပါတယ်။ ဝေဒနာဆိုတာ အမြဲတမ်းပြောင်းလဲနေတာပဲ။ တစ်ဆက်တည်း နာနေတာမဟုတ်ဘူး။ ပိုမသိလာပါဘူးလား ... ပိုသိလာပါတယ်ဘုရား။ ဝေဒနာရဲ့သဘောကို ပိုသိလာတယ်။ ယောဂီ ပိုပြီးတော့ စိတ်ဝင်စားလာတယ်။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ နာတယ်လို့မှတ်လိုက်ရင် နာတာလေးက ပေါ်ပြီးတာနဲ့ ပျောက်သွား၊ ပေါ်ပြီးတာနဲ့ ပျောက်သွားတာကို တွေ့သိကြရတယ်။ ပေါ်တာလည်း ထင်ရှား၊ ပျောက်ပျောက်သွားတာလည်း ထင်ရှားတယ်။ နာတယ်လို့ တစ်ချက်မှတ်လိုက်ရင် နှစ်ချက်နှစ်ချက် သိသွားတယ်။ ပေါ်တာလည်းသိ၊ ပျောက်ပျောက်သွားတာလည်းသိ။ ပေါ်တာက ဖြစ်၊ ပျောက်ပျောက်သွားတာက ပျက်။ ဝေဒနာ ဖြစ်ပျက်ကို သိသွားပြီဖြစ်တယ်။

အခု ဘယ်မှာတွေ့နေရသလဲ ... ခန္ဓာကိုယ်ထဲမှာပါဘုရား။ မိမိခန္ဓာကိုယ်ထဲမှာ တွေ့ရတော့ တချို့ယောဂီ ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်တာ။ ဖြစ်ပျက် တွေ့ပြီဘုရားတဲ့။ ဩော် ... ဟုတ်တယ်၊ တွေ့ပြီပေါ့။ အစဉ်အတိုင်းရှုလာတော့ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်သွားတဲ့အခါ ဖြစ်တာက မထင်ရှားတော့ပေဘူး။ ပျက်ပျက်သွားတာကပဲ ထင်ရှားတယ်။ မှတ်လိုက်တာနဲ့ကုန်ပျက်၊ မှတ်လိုက်တာနဲ့ကုန်ပျက်။ အဲဒီအခါကျတော့ ခန္ဓာကိုယ် အထည်ဒြပ်တွေလည်း မထင်ရှားတော့ဘူး။ ဘယ်ကနာနေတယ်လို့ ယောဂီက မပြောတတ်တော့ဘူး။ နာတော့နာနေတာပဲဘုရား။ ကျောကလား၊ ရင်ကလား၊ ခြေထောက်ကလား။ ပုံသဏ္ဌာန်ဒြပ်တွေက မထင်ရှားတော့ပေဘူး။ နာတဲ့သဘောကိုပဲ မှတ်လိုက်တာနဲ့ကုန်ပျက်၊ မှတ်လိုက်တာနဲ့ကုန်ပျက်တာကို တွေ့မြင်ရ၍ ယောဂီက ပိုပြီးတော့ စိတ်ဝင်စားလာတယ်။

ထို့နောက် သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိလာတဲ့အခါ ဉာဏ်ထက်တဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ နာတယ်လို့မှတ်လိုက်ရင် နာတာတွေ

လည်း ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်တာကို တွေ့မြင်ကြရတယ်။ သိပ်ဉာဏ်ထက်တဲ့ ယောဂီများကျတော့ နာတယ်လို့မှတ်လိုက်ရင် နာတာလည်း ကုန်ပျက်၊ နာတယ်လို့သိနေတဲ့ အသိစိတ်ကလေးလည်း ကုန်ပျက်၊ နာတယ်လို့မှတ်လိုက်တဲ့ မှတ်သိစိတ်လည်း ကုန်ပျက်တာကို တွေ့မြင်ကြရတယ်။ ဘယ်နချက် ကုန်ပျက်သွားပါသလဲ ... (၃)ချက် ကုန်ပျက်သွားပါတယ်ဘုရား။

တစ်ချက်မှတ်ရင် (၃)ချက် (၃)ချက် တရားတွေ မတက်သွားပါဘူးလား ... တက်သွားပါတယ်ဘုရား။ နာတာလည်း မမြဲဘူး။ နာတယ်လို့ သိနေတဲ့ အသိစိတ်လည်း မမြဲဘူး။ နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လည်း မမြဲဘူး။ မမြဲဘူးဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ ကုန်ပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲတစ်မျိုးပါလား၊ ဆင်းရဲပါလား။ ဆင်းရဲပါလားဆိုတာ မြန်မာလိုဖြစ်တယ်၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒီလိုကုန်ပျက် နှိပ်စက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုကာကွယ်လို့ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့မရဘူး။ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလိုဖြစ်တယ်၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ ဝေဒနာအနိစ္စ၊ ဝေဒနာဒုက္ခ၊ ဝေဒနာအနတ္တမြင်တော့ ဝေဒနာကို လွှမ်းမိုးသွားပြီ။

ငယ်ရွယ်စဉ်အခါကတည်းက မိဘဆရာသမားများပြောလို့ ကြားခဲ့ရတဲ့ အနိစ္စ ဒုက္ခ အနတ္တတွေ ယခုဘယ်မှာတွေ့နေပါပြီလဲ ... ကိုယ့်ခန္ဓာကိုယ်ထဲမှာ တွေ့နေရပါတယ်ဘုရား။ ဝမ်းမြောက်ဝမ်းသာတွေဖြစ်လို့ မျက်ရည်တွေဝဲပြီးတော့ ကျလာတယ်။ အနိစ္စ ဒုက္ခ အနတ္တတွေ တွေ့ရပြီဘုရားတဲ့။

အို ... ဟုတ်ပြီ၊ တွေ့ရပြီ။ အနိစ္စ ဒုက္ခ အနတ္တဉာဏ်တွေ ပိုင်သွားလို့ရှိရင် ယောဂီရဲ့ ပါရမီအားလျော်စွာ တရားထူးတရားမြတ်တွေ ရသွားနိုင်တာပါပဲ။

ဝေဒနာကို လွှမ်းမိုးသွားပြီးတဲ့အခါ ဝေဒနာကတော့ မထင်ရှားတော့ဘူး။ ကုန်ပျက် ကုန်ပျက်နေတာကပဲ ထင်ရှားတယ်။ အနိစ္စသဘောတွေထင်ရှား၊ ဒုက္ခသဘောတွေထင်ရှား၊ အနတ္တသဘောတွေ ထင်ရှားနေတော့ နာတာကို မှတ်သိစိတ်က လွှမ်းမိုးထားပြီးဖြစ်တယ်။ လွှမ်းမိုးထားတော့ ပဋိဃာနုသယ = စိတ်နှလုံးမသာယာမှုတွေဖြစ်တာ မရှိတော့ပေဘူး။ ဒုက္ခဝေဒနာမှာ ကိန်းလာတဲ့ ပဋိဃာနုသယကို ပယ်ပြီးသားဖြစ်သွားတယ်။ ဆူးကို ပယ်နုတ်သကဲ့သို့ ဝေဒနာကို လွှမ်းမိုးသွားအောင် မှတ်လိုက်တော့ ဝေဒနာကို လွှမ်းမိုးသွားတော့ စိတ်နှလုံးမသာယာမှု ဒေါမနဿတွေ မဖြစ်တော့ဘူး။ ပယ်ပြီးသား ဖြစ်သွားတယ်။

ဆောင်ပုဒ်။ ။ ဒုက္ခပေါ်လျှင်၊ ဖြောင့်တံကျင်၊ အမှန်ပင်ရှုရမည်။

ဖြောင့်တံကျင်သဖွယ် လက်ဖဝါး ခြေဖဝါးတွေမှာ ဆူးစူးနေလို့ရှိရင် နုတ်ပယ်သကဲ့သို့ ဝေဒနာကို လွှမ်းမိုးအောင် မှတ်လိုက်လို့ရှိရင် ဒီဒုက္ခဝေဒနာမှာ ကိန်းနေတဲ့ ပဋိဃာနုသယကို ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။

ဆင့်ကာဆင့်ကာမှတ်၊ ဆရာသမားတွေ ညွှန်ကြားတဲ့အတိုင်း ဆင့်ကာဆင့်ကာမှတ်လိုက်လို့ တစ်ဆင့်တက်သွားတော့ ဥဒယဗ္ဗယဉာဏ် ရောက်သွားတယ်။ ဥဒယဗ္ဗယဉာဏ် ရောက်သွားတော့ ခုနပြောခဲ့တဲ့ သမ္မသနဉာဏ်နဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်။ နာတာ ကျင်တာ အောင့်တာတွေ မရှိတော့ပေဘူး။ ကိုက်တာ ခဲတာ၊ မူးတာ ယားတာလည်း မရှိတော့ပေဘူး။

ခန္ဓာကိုယ်ကလည်း ပေါ့ပေါ့ပါးပါး ဖြစ်လာတယ်။ ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်းပေါ့ပါး၊ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ်ကလည်းနူးညံ့ စိတ်ကလည်းနူးညံ့၊ ကာယုဇုကတာ စိတ္တုဇုကတာ = ကိုယ်ကလည်းဖြောင့်မတ် စိတ်ကလည်းဖြောင့်မတ် ဖြစ်လာတယ်။

သမ္မသနဉာဏ် = ဆိုးတဲ့ဉာဏ်မှာတုန်းကတော့ ယောဂီက စိတ်တွေက ဆင်းရဲနေရတယ်။ စိတ်တွေက သိပ်မဖြောင့်ချင်ဘူး။ ဒေါသတွေ ခဏခဏဖြစ်တယ်။ ကမ္မဋ္ဌာန်းဆရာဟွေကတော့ မြင်လိုက်တာနဲ့သိတယ်။ သြော် ... ဒီယောဂီတော့ သမ္မသနဉာဏ် ရောက်နေပြီ။ သူ့မျက်နှာကလည်း မကြည်မသာ၊ ယောဂီ တရားစစ်ဆေးခံရတဲ့အခါမှာလည်း ခပ်ဘောက်ဆတ်ဆတ် ဖြစ်နေတယ်။ ဘောက်ဆတ်ဆတ်နဲ့ပြောတယ်။

စိတ်ထက်တဲ့ယောဂီကတော့ တစ်ခါတလေ ကမ္မဋ္ဌာန်းဆရာတွေကိုလည်း ပြန်ပြီးတော့ ပြောတတ်တယ်။ "ယောဂီ ... ဒီအဆင့်မှာ ဒီဒုက္ခဝေဒနာတွေ တွေ့ရတာ ယောဂီအတွက်သာ မကောင်းတာ။ တရားသဘောကတော့ အလွန်ကောင်းပါတယ်။" "အရှင်ဘုရားကသာ ကောင်းတယ်ပြောနေတယ်၊ တပည့်တော် သေရပါတော့မယ်"လို့ ပြန်ပြောတယ်။ စိတ်က ဆိုးနေတာကိုး။ ဘာအနုသယကိန်းနေပါသလဲ ... ပဋိဃာနုသယ ကိန်းနေပါတယ်ဘုရား။ ဆရာသမားတွေကိုတောင် ပြန်ပြောတတ်တယ်။

တချို့ယောဂီက ပြောတယ်။ "တပည့်တော် အိမ်မှာနေတုန်းက ဒီလို စိတ်ဆိုးစိတ်ညံ့တွေ မဖြစ်တတ်ပါဘူးဘုရား။ အရှင်ဘုရားတို့ရိပ်သာကိုရောက်မှ စိတ်ဆိုးစိတ်ညံ့တွေ ဖြစ်ကုန်ပြီဘုရား"တဲ့။ ဟုတ်ပါသလား ... မဟုတ်ပါ

ဘုရား။ ဟိုနဂိုတုန်းကတည်းက ရှိတာကို မသိလို့ဘဲ၊ အခုမှ တရားရှုလိုက်တော့ စိတ်ဆိုးစိတ်ညစ်တွေ မပေါ်လာပါဘူးလား ... ပေါ်လာပါတယ်ဘုရား။ တရားပေါ်တာကို တရားပေါ်တယ်လို့ မပြောဘူး။ ဘယ့်နှယ်ပြောပါလိမ့်၊ အရှင်ဘုရားတို့ရိပ်သာကိုရောက်မှ တပည့်တော် စိတ်တွေဆိုးကုန်ပြီဘုရားတဲ့။

ထင်တာနဲ့ ဆရာသမားတွေကို ပြောလိုက်တယ်။ နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ သူက စိတ်ကထက်တော့ ဒီလိုပြောပေမယ့် သူကတရားတွေ မြန်မြန်တက်တယ်။ "မဟုတ်ပါဘူး၊ ယောဂီက အိမ်မှာကတည်းက ဒီစိတ်တွေကရှိပြီးသား။ တခြားအာရုံတွေက ဖုံးထားလို့ ဒီကျတော့ တရားနဲ့ခွာလိုက်တော့ ယောဂီ စိတ်ဆိုးစိတ်ညစ်တွေ ပေါ်လာတာ" လို့ ပြောလိုက်တော့ သဘောကျသွားတယ်။ အဲဒီဉာဏ်ကတော့ သမ္မသနဉာဏ်ဆိုးတဲ့ဉာဏ်ဖြစ်တယ်။

အခု ဥဒယဗ္ဗယဉာဏ်ရောက်တော့ ပြောင်းပြန် ပြန်ဖြစ်သွားတယ်။ ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်းပေါ့ပါး။ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ်ကလည်းနူးညံ့ စိတ်ကလည်းနူးညံ့။ ကမ္မဋ္ဌာန်းဆရာကတော့ သူပြောတာနဲ့သိတယ်။ ကမ္မဋ္ဌာန်းလျှောက်ဖို့လာကတည်းက သူကအမှတ်ကလေးနဲ့ နူးနူးညံ့ညံ့လေးပဲ။ ကာယုဇုကတာ စိတ္တုဇုကတာ = ကိုယ်ကလည်းဖြောင့်မတ် စိတ်ကလည်းဖြောင့်မတ်။ လျှောက်စရာတွေကို အကုန်လုံးပဲလျှောက်တယ်။ သူဖြစ်တာတွေကို ကောင်းတာရော ဆိုးတာရော အကုန်လျှောက်ထားတယ်။

တချို့ယောဂီကတော့ ငယ်ငယ်က ဖြစ်ခဲ့တာတွေတောင်မှ ပြန်ပြီးတော့ လျှောက်ထားတယ်။ ပြန်သတိရလာတတ်တယ်တဲ့။ တရားသဘောအရ ပြန်သတိရတာဖြစ်တယ်။ ကိုယ်ကလည်းဖြောင့်မတ်၊ စိတ်ကလည်းဖြောင့်မတ်တာ ထင်ရှားပါတယ်။

ကာယကမ္မညတာ စိတ္တကမ္မညတာ = ကိုယ်ကလည်းခံ့ကျန်း စိတ်ကလည်းခံ့ကျန်း။ အောက်ဉာဏ်(၃)ဉာဏ်မှာတုန်းကတော့ တစ်နာရီမှာ နှစ်ခါသုံးခါ ပြောင်းရတဲ့ယောဂီပုဂ္ဂိုလ်၊ တစ်ထိုင်မှာ နှစ်ခါသုံးခါပြင်ရတဲ့ ယောဂီပုဂ္ဂိုလ်တွေ ဥဒယဗ္ဗယဉာဏ်ရောက်လာတဲ့အခါမှာ တစ်ခါမှ မပြင်ရတော့ဘူး။ ကိုယ်ကလည်းခံ့ကျန်း၊ စိတ်ကလည်းခံ့ကျန်းသွားလို့ဖြစ်တယ်။

ကာယပါဂုညတာ စိတ္တပါဂုညတာ = ကိုယ်ကလည်းလေ့လာပြီးသား စိတ်ကလည်းလေ့လာပြီးသား။ မှတ်စရာအာရုံနှင့် မှတ်သိစိတ်ဟာ အလိုလို မှတ်နေရသကဲ့သို့ သူ့ဟာသူ အလိုလိုမှတ်နေသလိုပါပဲ။ "တပည့်တော် ထိုင်ပြီးတော့ ကြည့်နေရသလိုပါပဲဘုရား။" တချို့ယောဂီများ လျှောက်ထားကြတယ်။ အောက်ဉာဏ်တွေမှာတော့ ခန္ဓာကိုယ်လည်း မယိမ်းယိုင်သွားရအောင် တည့်တည့်မတ်မတ်ရှိရအောင်၊ စိတ်ကိုလည်း အပြင်မထွက်သွားရအောင် မထိန်းရပါဘူးလား ... ထိန်းရပါတယ်ဘုရား။ ထိန်းရပါတယ်။ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတော့ မထိန်းရတော့ပေဘူး။

ကာယုဇုကတာ စေတသိကာသုခ = ကိုယ်ကလည်းချမ်းသာ စိတ်ကလည်းချမ်းသာ။ ကိုယ်ချမ်းသာ စိတ်ချမ်းသာတွေဖြစ်လာတော့ အဲဒီချမ်းသာတွေပေါ်မှာ စွဲလမ်းတဲ့ လောဘတဏှာ ဖြစ်လာတတ်တယ်။ တရားအတွေ့ကောင်းတဲ့အခါကျတော့ အဲဒီသာယာမှုတွေ ဝင်လာတတ်တယ်။

**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**

**သုညာဂါရံ** = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ **ပဝိဋ္ဌဿ** = ဝင်လျက်၊ **သန္တစိတ္တဿ** = ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **သမ္မာ** = ကောင်းစွာ၊ **ဓမ္မံ** = ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ဝိပဿတော** = ဝိပဿနာရှုသော၊ **ဘိက္ခုနော** = ဘေးကိုရှုတတ် ယောဂီမြတ်အား၊ **အမာနုသီ** = လူသာမန် နတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ **ရတိ** = ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့အခါ ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရှုမှတ်နေလိုက်တာ၊ ရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောတွေ ရှုမှတ်ပြီးတော့နေလိုက်တဲ့အခါ ဝိပဿနာပီတိသုခတွေ ဖြစ်လာတယ်။ လူသာမန်မဆိုထားနဲ့ နတ်သာမန်တောင် မခံစားနိုင်တဲ့ ပီတိသုခတွေ ဖြစ်လာတယ်။ "ဖရဏာပီတိ ဂွမ်းဆီထိ"သကဲ့သို့ ထလို့တောင် မရတော့ဘူး။ ယောဂီက သာယာနေတယ်။ အဲဒီပီတိနဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာပေါ်မှာပဲ သာယာမှုတွေဟာ အဖန်ဖန် အထပ်ထပ်အခါခါ ဖြစ်နေတတ်တယ်။

အဲဒီသာယာမှုလေးတွေကို တရားကိုယ်ကောက်လိုက်တော့ လောဘတဏှာရတယ်။ ရာဂလို့လည်း ခေါ်ပါတယ်။ အဖန်ဖန်အထပ်ထပ် ဖြစ်တာ

ကိုတော့ ကိန်းတယ်လို့ ခေါ်ပါတယ်။ သုခဝေဒနာမှာ ဘာကိန်းပါသလဲဆို ရင် ရာဂါနုသယ လောဘကိန်းတယ်။ ချမ်းသာမှုကလေးကို တပ်မက်သာ ယာနေတာ ရာဂပဲ။ အဲဒီသုခဝေဒနာမှာ ကိန်းနေတဲ့ ရာဂါနုသယရှိနေသမျှ ယောဂီ တရားမှုရပါ့မလား ... မရနိုင်ပါဘုရား။ မရနိုင်ပေဘူး။ တရားက တော့ အလယ်အလတ်လောက်တော့ ရောက်ပြီဖြစ်တယ်။

"ရှုမှတ်ကောင်းဆဲ၊ သာယာစွဲ၊ အထဲရပ်နေသည်" ဆိုသည့်အတိုင်း ရပ် သွားပြီ။ မတက်တော့ပေဘူး။ တချို့တော့ (၁၀)နှစ်လောက်တောင် ကြာနေ တယ်။ ဥဒယဗ္ဗယဉာဏ်မှာ ဆရာသမားတွေနဲ့လည်း အားမထုတ်နိုင်၊ အိမ် မှာပဲ ရသမျှအားထုတ်နေတယ်။ ဥဒယဗ္ဗယဉာဏ်မှာပဲ သာယာသွားပြီးတော့ အဲဒီအချိန်ရောက်လာရင်လည်း ပီတိတွေက သိပ်အားကြီးတော့ ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်ပြီးတော့ မျက်ရည်တွေဘာတွေကျတယ်။ အဲဒီလောက်နဲ့ ပဲ သူရပ်ရပ်ပစ်လိုက်တယ်တဲ့။ ဘယ်လောက်ကြာပြီလဲလို့ မေးတော့ ... "(၁၀)နှစ်လောက်ရှိပြီဘုရား"တဲ့။ မကြာနေပါဘူးလား ... ကြာနေပါတယ် ဘုရား။ ရိပ်သာလည်း မဝင်နိုင်။ ဝင်နိုင်တဲ့အခင်အားက မရှိလို့တဲ့။ လူမှုကိစ္စ တွေက များလွန်းလို့တဲ့။ ဘာကိန်းတယ်လို့ ဆိုရပါ့မလဲ၊ ရာဂါနုသယ ကိန်း တယ်လို့ ဆိုရပါတယ်။ သုခဝေဒနာမှာ ရာဂါနုသယ ကိန်းတယ်ဆိုတာ ထင် ရှားပါတယ်။

ဆောင်ပုဒ်။ ။ သုခကိန်းလာ၊ ရာဂသာ၊ မှန်စွာပယ်ရမည်။

သုခဝေဒနာမှာ ရာဂကိန်းတယ်။ အဲဒီသုခဝေဒနာမှာ ကြိုက်နှစ်သက် တဲ့၊ သာယာတဲ့ လောဘတဏှာရာဂကို ဘယ်နှမျိုးခေါ်ပါသလဲ၊ ရာဂလို့လည်း ခေါ်တယ်၊ လောဘလို့လည်းခေါ်တယ်၊ တဏှာလို့လည်းခေါ်တယ်။ တရား ကိုယ်ကောက်တော့ လောဘပါပဲ။ ဒီသုခဝေဒနာကို တပ်မက်တဲ့ လောဘပဲ။

အဲဒီလောဘ ရှိနေသမျှကာလပတ်လုံး ရှေ့ကို တရားတွေ မတက်နိုင်သေးပေဘူး။ အဲဒီရာဂါနုသယကို ပယ်နိုင်ရအောင် သုခဝေဒနာကိုပဲ ပြန်မှတ်ရမယ်လို့ မြတ်စွာဘုရား ဟောကြားပါတယ်။

**သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **သုခါ** = ချမ်းသာသော၊ **ဝေဒနာ** = ဝေဒနာကို၊ **ဒုက္ခတော** = ဒုက္ခဟူ၍ (ဝါ) ဒုက္ခလို့ထင်အောင်၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သုခဝေဒနာ မိမိသန္တာန်မှာ မိမိခန္ဓာကိုယ်မှာ ဖြစ်လာလို့ရှိရင် ဒုက္ခလို့ ထင်အောင် မှတ်နိုင်ရမယ်။ ဒုက္ခလို့ထင်သွားတာနဲ့ သာယာတဲ့ လောဘရာဂတဏှာ ရာဂါနုသယ ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။ ဒုက္ခကိုတော့ ဘယ်ပုဂ္ဂိုလ်မှ မလိုချင်ပါဘူး၊ မသာယာပါဘူး။

ဘယ်လိုဒုက္ခလို့ထင်အောင် ရှုမှတ်ရမလဲဆိုတော့ ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်ရမယ်။ ကိုယ်ချမ်းသာတာကထင်ရှားရင် ကိုယ်ချမ်းသာတာကိုပဲ မှတ်ရမယ်။ စိတ်ကချမ်းသာနေတာ ထင်ရှားရင် စိတ်ချမ်းသာတာကိုပဲ မှတ်ရမယ်။ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ပဲ မှတ်ရမယ်။ ဥဒယဗ္ဗယဉာဏ်အခြေခံရှိတဲ့ ပုဂ္ဂိုလ်တွေ စူးစိုက်ပြီးတော့ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်လိုက်လျှင် ချမ်းသာတာလေးက ပေါ်ပြီးတာနဲ့ ပျောက်သွားတာကို

တွေ့ကြရတယ်။ ပေါ်တာက ဖြစ်၊ ပျောက်ပျောက်သွားတာက ပျက်။ သမာ ဓိဉာဏ်အားကောင်းလေ ပေါ်တာပျောက်တာတွေက လျင်မြန်လေ၊ အဲဒါကို မီအောင်လိုက်ပြီး မှတ်နေရတယ်။

တချို့တချို့ ယောဂီများကတော့ "မြန်လွန်းအားကြီးလို့ မီအောင်မမှတ် နိုင်တော့ဘူးဘုရား၊ ဘယ်လိုများ မှတ်ရပါမလဲဘုရား"တဲ့။ ဘယ်လိုမှတ်ရမ လဲ၊ သိတယ် သိတယ်ပဲမှတ်တော့။ ဖြစ်တာပျက်တာတွေက မြန်အားကြီး တော့ အဲဒါကို မီအောင်လိုက်မှတ်နေရတာ ဆင်းရဲခြင်းတစ်မျိုးပါလားလို့ မထင်လာပါဘူးလား ... ထင်လာပါတယ်ဘုရား။ ဖြစ်တာပျက်တာတွေက နှိပ်စက်နေသကဲ့သို့ပဲ၊ ဘယ်မှာချမ်းသာအစစ် ဟုတ်လို့လဲ၊ ဒုက္ခတစ်မျိုးပါ လား၊ မထင်သွားပါဘူးလား ... ထင်သွားပါတယ်ဘုရား။ ထင်သွားတာနဲ့ ဒီချမ်းသာမှုမှာ စွဲလမ်းနေတဲ့ ရာဂါနုသယ ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ပယ်ပြီးသားဖြစ်သွားတယ်။

ဆောင်ပုဒ်။ ။ သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင်ရှုရမည်။

သုခဝေဒနာပေါ်လာရင် ဒုက္ခလို့ထင်အောင် ရှုရမယ်။ ဒုက္ခလို့ထင်သွား ရင် သုခဝေဒနာပေါ်မှာ ကိန်းနေတဲ့ ရာဂါနုသယကို ပယ်ပြီးသား ဖြစ်သွား တယ်။

ဥပေက္ခာဝေဒနာကတော့ ဘယ်တော့မှထင်ရှားသလဲဆိုတော့ သင်္ခါရ ပေက္ခာဉာဏ်ကျမှ ပိုပြီးတော့ ထင်ရှားတယ်။ သင်္ခါရုပေက္ခာဉာဏ် ရောက် ဖူးတဲ့ ယောဂီပုဂ္ဂိုလ်များ ကိုယ်တိုင်ပဲ တွေ့ကြရတယ်။ ထိုင်ပြီးတော့ ဖောင်း တယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် မှတ်လိုက်ရင် တစ်ချက် နှစ်ချက် လောက်ပဲ မှတ်လိုက်ရတယ်။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ် အလိုလိုမှတ်

နေသကဲ့သို့၊ မှတ်စရာအာရုံကလည်း အလိုလိုပေါ်နေသကဲ့သို့၊ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ ချမ်းသာဘက်သို့လည်းမရောက်၊ ဆင်းရဲဘက်သို့လည်းမရောက်။ ဘာဝေဒနာပါလဲ ... ဥပေက္ခာဝေဒနာပါဘုရား။

ဥပေက္ခာဝေဒနာဖြစ်တယ်။ သူ့ကိုမှတ်ရတာ မထင်ရှားပေဘူး။ ဥပေက္ခာဝေဒနာကိုမှတ်ဖို့ရာ ယောဂီဉာဏ်မှာ ဥပေက္ခာဝေဒနာဟာ မထင်ရှားပေဘူး။ မြတ်စွာဘုရား ဟောကြားလို့သာ သိရတာဖြစ်တယ်။ ဥပေက္ခာဝေဒနာဆိုတာ အလွန်ပဲ သိမ်မွေ့ပါတယ်။ ကျမ်းဂန်တွေမှာ မိဂပဒဝဠဉ္ဇနနည်းဖြင့်ပြတယ်။ မိဂပဒဝဠဉ္ဇနနည်းဆိုတာ ကျောက်ဖျာပေါ်က သမင်ဖြတ်သွားတယ်။ တက်တဲ့ခြေရာကိုလည်း တွေ့ရတယ်၊ ဆင်းတဲ့ခြေရာကိုလည်း တွေ့ရတယ်။ သမင်ဖြတ်သွားတဲ့အခါမှာတော့ လူက မရှိသေးဘူး၊ နောက်မှရောက်လာတယ်။ တက်တဲ့ခြေရာကိုလည်း တွေ့ရတယ်၊ ဆင်းတဲ့ခြေရာကိုလည်း တွေ့ရတော့ ဒီကျောက်ဖျာပေါ်က သမင်ဖြတ်သွားတယ်ဆိုတာ မသိရပါဘူးလား ... သိရပါတယ်ဘုရား။

အဲဒီလိုပါပဲတဲ့။ ဥပေက္ခာဝေဒနာက ဒုက္ခဝေဒနာနဲ့ သုခဝေဒနာကြားထဲမှာဖြစ်တယ်။ အတက်ခြေရာနဲ့ သုခဝေဒနာနဲ့တူတယ်။ အဆင်းခြေရာနဲ့ ဒုက္ခဝေဒနာနဲ့တူတယ်။ ဥပေက္ခာဝေဒနာက ကျောက်ဖျာပေါ်မှာရှိတဲ့ ခြေရာနှင့်တူတယ်။ အလွန်သိမ်မွေ့ပေတယ်။ မထင်ရှားပေဘူး။ သူ့ကို မှတ်ဖို့ရာ မလွယ်ဘူး။ မလွယ်တော့ ဘယ်လိုမှတ်ရမလဲဆိုတော့ ဖောင်းပိန်ကို ပြန်၍ရှုမှတ်ကြရပါတယ်။

သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်တဲ့အခါ လွယ်လွယ်လေး မှတ်နေကြရပေတယ်။ ဖောင်းတာ ပိန်တာများကလည်း အလိုလိုပေါ်နေလို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ ဖြစ်နေတော့ လွယ်အားကြီးတော့

ဘာဝင်လာပါလဲ၊ မောဟ = အဝိဇ္ဇာနုသယ မောဟဝင်လာတယ်။ အဲဒီ မောဟ ဝင်လာလို့ရှိရင်လည်း မောဟကြီးနဲ့ တရားထူး တရားမြတ်များ ရမှ ရနိုင်ပါ့မလား ... မရနိုင်ပါဘုရား။ မရဘူး။ ဥပေက္ခာဝေဒနာမှာ ဒေါဟ ကိန်းတယ်။ သင်္ခါရုပေက္ခာဉာဏ်ကျတော့ ထင်ရှားတယ်။

**ဆောင်ပုဒ်။ ။ ဥပေက်ကိန်းလာ၊ မောဟာသာ၊ မှန်စွာပယ်ရမည်။**

ဥပေက္ခာဝေဒနာမှာ ကိန်းလာတဲ့ မောဟကို ပယ်ရတယ်။ ပယ်နိုင်မှ တရားထူး တရားမြတ် ရနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်။ ဘယ်လိုပယ်ရမလဲလို့ လျှောက်ထားဖို့ရာရှိတဲ့အတွက်ကြောင့် မြတ်စွာဘုရား ဟောကြားပါတယ်။

**အဒုက္ခမသုခံ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။**

**ဘိက္ခဝေ** = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိ မြင်ကြတဲ့ အို ... ချစ်သား ချစ်သမီးတို့၊ **အဒုက္ခမသုခံ** = ဆင်းရဲလည်း မဟုတ် ချမ်းသာလည်းမဟုတ်သော၊ **ဝေဒနာ** = ဥပေက္ခာဝေဒနာကို၊ **အနိစ္စ တော** = အနိစ္စဟူ၍ (ဝါ) အနိစ္စလို့ထင်အောင်၊ **ဒဋ္ဌဗ္ဗာ** = ရှုမှတ်အပ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရေ့ သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်တဲ့ အလယ်အလတ်ဖြစ်တဲ့ ဥပေက္ခာဝေဒနာ မိမိခန္ဓာကိုယ်မှာ ပေါ်လာလို့ရှိရင် အနိစ္စလို့ထင်အောင် ရှု နိုင်ရမယ်တဲ့။ ဥပေက္ခာဝေဒနာကိုတော့ မထင်ရှားလို့ ပြန်မမှတ်နိုင်ပေဘူး။

နဂိုမှတ်မြဲ မူလဘူတမှတ်နေခဲ့တဲ့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဟု ပြန်မရှုမှတ်ရဘူးလား ... ပြန်ရှုမှတ်ရပါတယ်ဘုရား။

ရှိရှိသေသေ စူးစူးစိုက်စိုက် ရှုမှတ်ရပါတယ်။ ရှိရှိသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တဲ့အခါ သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ဘင်္ဂဉာဏ်အခြေခံရှိတယ်။ အပျက်ကိုမြင်တဲ့ ဘင်္ဂဉာဏ်အခြေခံရှိတယ်။ ဖောင်းတယ်လို့ရှုမှတ်လိုက်ရင် ဖောင်းတာလေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ တွေ့ရမယ်။ ပိန်တယ်လို့ရှုမှတ်လိုက်ရင် ပိန်တာလေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ တွေ့ရမယ်။ ထိုင်တယ်လို့ရှုမှတ်လိုက်ရင် ထိုင်တဲ့အမူအရာကလေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်တာ တွေ့ရလိမ့်မယ်။ ထိတယ်လို့ရှုမှတ်လိုက်ရင် ထိတဲ့အမူအရာလေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ တွေ့ရလိမ့်မယ်။

နောက်တော့ သမာဓိဉာဏ် တစ်ဆင့်အားရှိလို့ အားတွေ ပြန်ပြည့်လာတဲ့အခါကျတော့ ဖောင်းတယ်လို့ရှုမှတ်လိုက်ရင် ဖောင်းတာလေးလည်း ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်၊ ပိန်တယ်လို့ရှုမှတ်လိုက်ရင် ပိန်တဲ့အမူအရာလေးလည်း ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်၊ ထိုင်တယ်လို့ရှုမှတ်လိုက်ရင် ထိုင်တဲ့အမူအရာလေးလည်း ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်၊ ထိတယ်လို့ရှုမှတ်လိုက်ရင် ထိတဲ့အမူအရာလေးလည်း ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်သွားတာများကို တွေ့သိကြရပေတယ်။

ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာဆိုတဲ့ ရုပ်တရားတွေလည်း မမြဲဘူး။ မှတ်သိစိတ်လည်း မမြဲဘူး။ ကုန်ပျက်ကုန်ပျက်တာမြင်တော့ မမြဲဘူးလို့ မထင်လာပါဘူးလား ... မမြဲဘူးလို့ ထင်လာပါတယ်ဘုရား။ မမြဲဘူးလို့

အနိစ္စဉာဏ်ထင်သွားတာနဲ့ မောဟာကိန်းလို့ မရတော့ပေဘူး။ ဥပေက္ခာဝေဒနာမှာကိန်းတဲ့ မောဟကို ပယ်ပြီးသား ဖြစ်သွားပါတယ်တဲ့။

ဆောင်ပုဒ်။ ။ ဥပေက်ပေါ်လျှင်၊ မြဲမထင်၊ အမှန်ပင်ရှုရမည်။

"မြဲမထင်" မမြဲဘူးလို့ထင်အောင်၊ အနိစ္စလို့ထင်အောင် ရှုမှတ်လိုက်တော့ ဝိပဿနာဉာဏ်ဖြစ်တာနဲ့ မောဟကို ပယ်ပြီးသား ဖြစ်သွားတယ်။ ဒီဝေဒနာ(၃)မျိုးမှာ ကိန်းနေတဲ့ အနုသယ(၃)မျိုးကို ပယ်နိုင်ပြီဆိုလို့ရှိရင် ယောဂီအတွက် တရားထူးတရားမြတ်ရဖို့ သေချာသွားပါပြီ။ ဝေဒနာ(၃)မျိုး၌ ကိန်းနေတဲ့ အနုသယ(၃)မျိုး ပယ်ပုံကိုဟောတာ အတိုချုပ် အကျဉ်းချုပ်ပါပဲ။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်။ ပစ္စည်းဘက်က ပစ္စယုပ္ပန်ဘက်က နှစ်ခုစလုံးပဲ ရှုလို့ရပါတယ်။ ဝေဒနာကို ရှုပုံလေးဟောတာ အတိုချုပ် အကျဉ်းချုပ်ပါပဲ။ ဝေဒနာရှုပုံကိုတော့ တရားနာပရိသတ်များ၊ ယောဂီများ ရှုမှတ်နေတတ်ပါတယ်။

တရားထိုင်ခါစမှာ စိတ်ကမငြိမ်သေးပေဘူး။ ဘုရားရောက်၊ ကျောင်းရောက်၊ ဈေးရောက်၊ အိမ်ရောက် စသည်ဖြင့် ထွက်ထွက်သွားတယ်။ အဲဒီလို ထွက်သွားတယ်လို့ သိတာနဲ့ နောက်စိတ်က စိတ်ထွက်တယ်၊ စိတ်ကူးတယ်၊ ကြံစည်တယ် မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ဘယ်သူ့ကို ရှုမှတ်တာလဲ ... ဝိညာဏ်ကို ရှုမှတ်တာပါဘုရား။ ဝိညာဏ်ကို ရှုမှတ်တာဖြစ်တယ်။ ဝေ၊ သည်၊ သင်၊ ဝိဉ် ဆိုတာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ထဲက ဝိညာဏ်လေးကို မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ မီသွားလို့ရှိရင်တော့ အဲဒီထွက်နေတဲ့ စိတ်ကလေးကလည်း ပျောက်ပျောက်သွားမှာပဲ။ မမီသေးလို့ရှိရင် ဆက်ပြီးတော့သာ ရှုမှတ်နေရတယ်။

ဝိညာဏ်ကလည်း မှတ်စရာအာရုံတစ်ခုပါပဲ။ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော-ဆိုတဲ့ ပထမအချက်မှာ ဝိပဿနာရှုပုံလေး အကျဉ်းချုပ် ပြည့်စုံသွားပါပြီ။

ဒုတိယအချက် သွားကြပါစို့။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော-၌ စတ္တာရော မဟာဘူတာ-အရ (၄)ပါးမှာ ပထဝီ အာပေါ တေဇော ဝါယော (၄) ပါးဖြစ်ပါတယ်။ အဲဒီတရားတွေကလည်း ဝိပဿနာရှုတဲ့အခါမှာ ထင်ရှားပါတယ်။ ခန္ဓာကိုယ်ထဲမှာ အထင်ရှားဆုံးပါပဲ။ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်တွေ ပထဝီဓာတ်ပေါ်တာကိုလည်းတွေ့ရ၊ အာပေါဓာတ်ပေါ်တာကိုလည်းတွေ့ရ၊ တေဇောဓာတ်ပေါ်တာကိုလည်းတွေ့ရ၊ ဝါယောဓာတ်ပေါ်တာကိုလည်း တွေ့ရတာပါပဲ။ အများဆုံး၊ အထင်ရှားဆုံး ဓာတ်ကြီးတွေပါပဲ။

မဟာဘူတာ-၌ မဟာ-ဆိုတာ ကြီးကျယ်ထင်ရှားစွာ၊ ဘူတ-က ဖြစ်တာ။ ခန္ဓာကိုယ်ထဲမှာ အထင်ရှားဆုံးဖြစ်နေတဲ့ ရုပ်ကြီးတွေပါပဲ။ ရှေးဦးစွာ ဝိပဿနာရှုလို့ သမာဓိဉာဏ်ဖြစ်လာတဲ့အခါ တွေ့ရတာပဲ။ ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်နေတာ ဘာကိုရှုမှတ်နေရတာလဲ … ဝါယောကို ရှုမှတ်နေတာဖြစ်တယ်။ လေရှူသွင်းလိုက်တာနဲ့အမျှ အဆင့်ဆင့် ဖောင်းတက်လာတာ၊ ဖောင်းတဲ့သဘော၌ တောင့်တင်းတဲ့သဘောလေးကို သိအောင် ရှုမှတ်ရတယ်။ ပိန်တဲ့အခါမှာလည်း တဖြည်းဖြည်း လျော့ကျသွားတဲ့၊ လှုပ်သွားတဲ့သဘောလေးကို သိအောင် ရှုမှတ်ရတယ်။ ဖောင်းတဲ့အခါ တောင့်တင်းတဲ့သဘော၊ ပိန်တဲ့အခါ လှုပ်ပြီးတော့ လျော့သွားတဲ့သဘော ဝါယောဓာတ်ကို ရှုမှတ်နေတာပဲ။ ဝါယောဓာတ်ရဲ့လက္ခဏာမှာ -

ထောက်ကန်တောင့်တင်း၊ လျှော့ခြင်းတမည်၊
ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတတ်သည်၊
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်၊

ဝါယောဓာတ်၊ သိမှတ်မြတ်ယောဂီ-ဆိုတဲ့အတိုင်း ဖောင်းတဲ့အခါ တောင့်တင်းတာလည်း ထင်ရှားပါရဲ့လား ... ထင်ရှားပါတယ်ဘုရား။ ပိန်တဲ့အခါ လျှော့သွား၊ လှုပ်သွားတဲ့သဘောလေး မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

"ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတတ်သည်"တဲ့။ ယိမ်းနေတာ၊ ယိုင်နေတာ၊ ရွှေ့နေတာ တရားထိုင်ခါစ တော်တော်ပဲ ထင်ရှားပါတယ်။ သမ္မသနဉာဏ် ရောက်ခါစ ယိမ်းယိုင်တာတွေ မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ယိမ်းရင် ယိမ်းတယ် ယိမ်းတယ်၊ ယိုင်ရင် ယိုင်တယ် ယိုင်တယ်လို့ မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ဘယ်သူ့ကို ရှုမှတ်နေရသလဲ ... ဝါယောကို ရှုမှတ်နေရပါတယ်ဘုရား။ ဝါယောကို ရှုမှတ်နေတာဖြစ်တယ်။ အမှတ်ကောင်းလို့ရှိရင် ဉာဏ်ထက်လို့ရှိရင်တော့ ယိမ်းတယ်၊ ယိမ်းတယ်လို့ရှုမှတ်ရင် ပြတ်ပြတ်သွားတာကို တွေ့ရပါတယ်။ ကိုယ်အမူအရာ ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဍာန်များကို မထည့်ဘဲ ရွှေ့ရွှေ့သွားတဲ့သဘောလေး ကို ယိမ်းတယ်၊ ယိမ်းတယ်လို့ မှတ်လိုက်ရင် တစ်ယိမ်းက တစ်ယိမ်းသို့ လိုက်မပါ၊ ကုန်ပျက် ကုန်ပျက် ပြတ်ပြတ်သွားတယ်။ ဉာဏ်ထက်တဲ့ ယောဂီများ မကြာခဏ တွေ့ရပေတယ်။

တစ်ရွှေ့ကတစ်ရွှေ့သို့ လိုက်မပါပါလား။ မပါလာတော့ ပျက်ပျက်သွားတာပဲ။ မမြဲပါလား၊ မမြဲပါလားဟု မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ သိသွားပါတယ်။ အမှတ်ကောင်းနေတဲ့ယောဂီက ယိမ်းတယ်၊

ယိမ်းတယ်လို့ မှတ်လိုက်ရင် တစ်ရွေ့ကတစ်ရွေ့သို့ လိုက်မပါ၊ တစ်ယိမ်းက တစ်ယိမ်းသို့ လိုက်မပါတာကို တွေ့သိကြရပါတယ်။ ဝါယောဓာတ်ကို မှတ်တာပါပဲ။ "ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်"ဆိုတဲ့အတိုင်း ရွေ့သွားတတ်တယ်။ ရှေ့သို့လည်း ရွေ့ရွေ့သွား၊ နောက်သို့လည်း ရွေ့ရွေ့သွားတတ်တယ်။ အဲဒါ ဝါယောဓာတ်ရဲ့လက္ခဏာပါပဲ။

"သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်"ဟု ဆိုရာ၌ စကြံလျှောက်နေတဲ့ တချို့ယောဂီတွေ လမ်းတည့်တည့်သွားလို့ မရဘူးဘုရားတဲ့။ ဟိုဘက်ရောက်၊ ဒီဘက်ရောက် ဖြစ်ကြတယ်။ တွန်းတယ်၊ တွန်းတယ်လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ဘယ်သူ့ကို တွေ့ရတာလဲ၊ ဝါယောဓာတ်ကို တွေ့ရတာဖြစ်တယ်။ "ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊ သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်"ဟုဆိုသည့်အတိုင်း တချို့ယောဂီပုဂ္ဂိုလ်မှာ ရှေ့ကိုလှမ်းလိုက်ရင် ရှေ့ကိုလှမ်းလို့မရဘူး။ နောက်ကို ပြန်ဆုတ်သွားတယ်ဘုရားတဲ့။ ဘယ်သူ့သဘောပါလဲ ... ဝါယောရဲ့သဘောပါဘုရား။ ဝါယောရဲ့သဘော တွေ့ရတာပါပဲ။

တကယ်သမာဓိဖြစ်တာနဲ့ ထူးထူးခြားခြား တွေ့တော့တာပါပဲ။ ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး။ သမာဓိဖြစ်သွားတော့ ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး။ ဝါယောဆိုတဲ့ဓာတ်က တွန်းတဲ့ဘက်ကို လျှောက်ပြီးတော့ လိုက်နေတယ်။ ကိုယ်အစိုးမရပါလားလို့ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ ဝါယောဓာတ်က ပိုထင်ရှားတယ်။ ပထဝီဓာတ်ကလည်း ထင်ရှားပါတယ်။ ထိုင်ပြီးမှတ်နေတဲ့အခါ ကြမ်းတမ်းတာတို့၊ ခက်မာတာတို့ ထင်ရှားတယ်။ "တပည့်တော်ထိုင်ရတာ တုတ်ကြီးတစ်ချောင်း အောက်ကခုထားသလိုပါပဲဘုရား"တဲ့။ ဘာဓာတ်ကို တွေ့ပါသလဲ ... ပထဝီဓာတ်ကို တွေ့ရတာပါဘုရား။

ကြမ်းတမ်းမာခက်၊ ချောညက်တမည်၊
တည်ရာကိစ္စ၊ သူကပြုသည်၊
ခံလင့်ဆောင်ရေး၊ ပေါ့လေးထင်သည်၊
ပထဝီဓာတ်၊ သိမှတ်မြြတ်ယောဂီ။

တုတ်ချောင်းကြီး အောက်ကခုထိုင်ထားရသလို ယောဂီတွေ့ရတယ်။ တစ်ခါတလေလည်း ပျော့ပျောင်းနူးညံ့တာ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ပထဝီဓာတ်မှာ ထက်တဲ့ပထဝီဓာတ်ကျတော့ မာတာ၊ တင်းတာတွေ့ရတယ်။ နုံ့တဲ့ပထဝီဓာတ်ကျတော့ နူးညံ့တာ၊ သိမ်မွေ့တာ တွေ့ရတယ်။ ပထဝီဓာတ်သဘောတွေလည်း ယောဂီတရားထိုင်တဲ့အခါ တွေ့ရတယ်။ မာတာကိုတော့ အထူးတွေ့ရတယ်။

အာပေါဓာတ်ရဲ့သဘောကိုလည်း တွေ့ရတယ်။ "နှာရည်တွေ သိပ်ထွက်တာပဲဘုရား။ တံတွေးတွေကလည်း ထွက်လိုက်တာ"ဟု မလျှောက်ပါဘူးလား ... လျှောက်ပါတယ်ဘုရား။ ဘယ်ဓာတ်ကိုတွေ့နေတာပါလဲ ... အာပေါဓာတ်ကို တွေ့နေတာပါဘုရား။ "ချွေးတွေကလည်း ဒီလောက်လည်း မပူဘဲနဲ့ တစ်ကိုယ်လုံး ရွှဲနေတာပါပဲဘုရား"။ ဘယ်ဓာတ်ကိုတွေ့တာပါလဲ ... အာပေါဓာတ်ကို တွေ့တာပါဘုရား။ အာပေါဓာတ်ကို တွေ့တာဖြစ်တယ်။

တေဇောဓာတ်ရဲ့သဘောကိုလည်း တွေ့တာပဲ။ "အပူအနွေး အအေးတမည်" စသည်ဖြင့် ပူတာကိုလည်းတွေ့ရ၊ အေးတာကိုလည်းတွေ့ရ။ ထိုင်တဲ့အခါမှာတော့ တေဇောဓာတ် ထင်ရှားတဲ့အခါ "ပူလိုက်တာဘုရား။ ရာသီဥတုကလည်း မပူလှပါဘူး။ တပည့်တော် သိပ်ပူနေတာပဲ။ အောက်ပိုင်းကပူပြီး အထက်ပိုင်းက အေးနေပါတယ်ဘုရား"။ မလျှောက်ထားပါဘူးလား

... လျှောက်ထားပါတယ်ဘုရား။ ပူတာလည်း တွေ့ဇော၊ အေးတာလည်း တွေ့ဇော။ "ကွက်ကွက်ပြီးတော့ ပူတယ်ဘုရား"တဲ့။ တစ်ကိုယ်လုံးလည်း မ ဟုတ်ဘူး"တဲ့။ ဘာတွေ တွေ့တာပါလဲ ... တွေ့ဇောကို တွေ့တာပါဘုရား။ တွေ့ဇောကို တွေ့တာဖြစ်တယ်။ "ကွက်ကွက်ပြီးတော့ အေးနေတယ်ဘုရား" တဲ့။ ဘာကိုတွေ့တာလဲ ... တွေ့ဇောကို တွေ့တာပါဘုရား။ တွေ့ဇောကို တွေ့ တာပါပဲ။

ဝိပဿနာတရားအားထုတ်တော့ ဓာတ်ရဲ့သဘောတွေ ခန္ဓာကိုယ်ထဲမှာ တွေ့ကြရတာပါပဲ။ ဝိပဿနာတရားအားထုတ်တဲ့အခါ ဓာတ်ကြီး(၄)ပါး ရှေး ဦးစွာ တွေ့ရတာပဲ။ အထင်ရှားဆုံးပါပဲတဲ့။ ဒုတိယအချက်လည်း အသင့် အတင့်တော့ ပြည့်စုံသွားပါပြီ။

ဩဠာရိကဋ္ဌေဟ နာမရူပ် အညမည် အတ္ထိပစ္စယေန ပစ္စယော-ဟူသော ဒီအချက်ကတော့ ပဋိသန္ဓေအခိုက်ဖြစ်လို့ မြတ်စွာဘုရား ဟောကြားလို့သာ သိရတာဖြစ်တယ်။ တရားနာပရိသတ်များအနေနဲ့ ဝိပဿနာရှုလို့တော့ မရနိုင်ပေဘူး။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာန် ရူပါနံ အတ္ထိပစ္စယေန ပစ္စ ယော-ဟူသော ဒီအချက်ကတော့ ဝိပဿနာရှုဖို့ရာ အကောင်းဆုံးအချက် ပဲ။

စိတ်စေတသိက်တရားတွေကနေပြီးတော့ စိတ္တဇရုပ်တွေကို ကျေးဇူးပြု တယ်။ ခုနပြောခဲ့တဲ့အတိုင်း အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ ရောက်လာတဲ့အခါ အခုလို ထိုင်ရာက ထရတော့မယ်ဆိုလို့ရှိရင် အထူးသတိထားလိုက်တဲ့အခါ ထချင်တဲ့စိတ်တွေက ရှေးဦးစွာထင်ရှားနေလို့

ထချင်တယ်၊ ထချင်တယ်လို့ မှတ်ရတယ်။ ထချင်တယ်ကို အရကောက် လိုက်တော့ စိတ္တစေတသိကာ ဓမ္မာပဲ။ စိတ်ဟာ တစ်ခုတည်းတော့ ဖြစ်လို့ မရဘူး။ စေတသိက်နဲ့ တွဲပြီးတော့ဖြစ်တယ်။ နောက်ပြီးမှ ထတဲ့အမူအရာ တွေ ပေါ်လာလို့ ထတယ်၊ ထတယ်လို့ မှတ်ရပေတယ်။

ထတယ်၊ ထတယ်လို့ မှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဍာန်များကို ခွာနိုင်သမျှခွာ၊ ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ပေးနေလို့ ခန္ဓာကိုယ်အမူအရာ အပေါ်ကို တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ ရွေ့တက်သွားတဲ့သဘောလေးကို သိနိုင်သမျှသိအောင်စူးစိုက်။ တစ်ရွေ့ရွေ့ တက်နေတဲ့ ရုပ်ခန္ဓာကိုယ်ရဲ့ အမူအရာသဘောတွေကို ယခုပါဠိတော်မှာ ဘယ်လိုခေါ်ရမလဲဆိုရင် စိတ္တသမုဋ္ဌာနာနံ ရူပါနံ-ဟု ခေါ်ဆိုရပါတယ်။ စိတ် ကြောင့်ဖြစ်တဲ့ ဒီခန္ဓာကိုယ်အမူအရာ အပေါ်ကို ရွေ့ရွေ့တက်သွားတာ မ ထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ရှုမှတ်လို့ မရပါဘူးလား ... ရှု မှတ်လို့ ရပါတယ်ဘုရား။ ရှုမှတ်လို့ရပေတယ်။

စိတ္တစေတသိကာ ဓမ္မာ-က ထချင်တယ် ထချင်တယ်၊ စိတ္တသမုဋ္ဌာနာ နံ ရူပါနံ-က ထတယ် ထတယ်လို့ မမှတ်နေရပါဘူးလား ... မှတ်နေရပါ တယ်ဘုရား။ ဩော် ... ကိုယ့်အမှတ်တွေက ပဋ္ဌာန်းဒေသနာတော်ထဲက အမှတ်တွေပါလား။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ ပဋ္ဌာန်းဒေသနာနဲ့ ကိုက်ညီလို့နေတယ်။ ကိုက်ညီတော့ ဝမ်းမသာရပါဘူးလား ... ဝမ်းသာရပါတယ်ဘုရား။

ထရာကနေပြီးတော့ တစ်ခါရပ်၊ ရပ်ရာက သွားရတော့မယ်ဆိုရင် အထူး သတိထားလိုက်တဲ့အခါ သွားချင်တဲ့စိတ်တွေ ထင်ရှားနေတယ်။ အမြန်တော့

မသွားလိုက်ရဘူး။ ခဏရပ်ပြီးတော့ အထူးသတိထားလိုက်ရင် သွားချင်တဲ့ စိတ်တွေဖြစ်နေတာ ထင်ရှားနေတတ်ပါတယ်။ ထင်ရှားနေတော့ သွားချင်တယ်၊ သွားချင်တယ်ဟု မမှတ်ရဘူးလား ... မှတ်ရပါတယ်ဘုရား။ အခု ပါဠိတော်အရဆိုရင် ဘယ်အချက်ပါလဲ၊ စိတ္တစေတသိကာ ဓမ္မာ-ဟူသော အချက်က သွားချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ စိတ်တစ်ခုတည်းတော့ မဟုတ်ဘူး။ စေတသိက်လည်း တွဲပြီးတော့ ဖြစ်ရတာပါပဲ။

နောက်ပြီးမှ သွားတဲ့ကိုယ်အမူအရာပေါ်လာမှ သွားတယ်၊ သွားတယ်ဟု ရှုမှတ်ရပါတယ်။ သွားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ပို့လို့ သွားတဲ့ကိုယ်အမူအရာတွေ ဖြစ်လာတယ်။ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ်ဟု ရှုမှတ်ရပါတယ်။ သွားတဲ့အမူအရာတွေကိုတော့ ပါဠိတော်အရ ဘယ့်နှယ်ခေါ်ပါသလဲ ... စိတ္တသမုဋ္ဌာနာန် ရူပါန်လို့ ခေါ်ပါတယ်ဘုရား။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ကိုယ်မှတ်နေတဲ့ အမှတ်တွေကို ပါဠိတော်မှာ မတွေ့နေရဘူးလား ... တွေ့နေရပါတယ်ဘုရား။ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်ရင်တော့ တွေ့နေရတယ်။

သွားရာကရပ်ပြီး ထိုင်ရတော့မယ်ဆိုရင် ဒီအတိုင်း အမြန်မထိုင်လိုက်ဘဲနဲ့ အထူးသတိထားလိုက်တဲ့အခါ ထိုင်ချင်တဲ့စိတ်တွေ ရှေးဦးစွာ ထင်ရှားနေတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု ရှုမှတ်ရပါတယ်။ ထိုင်ချင်တယ်လို့မှတ်တာ ပါဠိတော်ထဲက ဘယ်ပါဠိတော်ကို မှတ်တာလဲ ... စိတ္တစေတသိကာ ဓမ္မာပါဘုရား။ တစ်ယောက်နှစ်ယောက်ပဲဖြေတယ်။ ကျန်တဲ့ယောဂီတွေ ဖြေကိုမဖြေနိုင်ဘူး။ ဖြေတော့ဖြေချင်ပါတယ်။ မှားသွားမှာကြောက်ရသေးတာကိုး။ ထိုင်ချင်တယ်လို့မှတ်တာ ပါဠိတော်ထဲက ဘယ်ပါဠိတော်ကို မှတ်တာလဲ ... စိတ္တစေတသိကာ ဓမ္မာပါဘုရား။

နောက်ပြီးမှ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်လာတဲ့ လေတွေက တွန်းချလိုက်လို့ ခန္ဓာကိုယ်အမူအရာ အောက်ကို ရွေ့ရွေ့ကျသွားတယ်။ ရွေ့ရွေ့ကျသွားတဲ့ ကိုယ်အမူအရာလေးကို မှတ်ရတာ ပါဠိတော်အရ ဘယ်ပါဠိတော်ပါလဲ ... စိတ္တသမုဋ္ဌာနာနံ ရူပါနံပါဘုရား။ ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ကျသွားတဲ့ ရုပ်အမူအရာလေးကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ-လို့ ပါဠိတော်ဝေါဟာရခေါ်တယ်။ မသိရပါဘူးလား ... သိရပါတယ်ဘုရား။ နည်းမှန်လမ်းမှန်မှတ်တော့ ပါဠိတော်နဲ့ မညီနေပါဘူးလား ... ညီနေပါတယ်ဘုရား။ ညီနေတာဝမ်းမြောက်ဝမ်းသာဖြစ်စရာပါပဲ။ ဆက်ကာဆက်ကာ မှတ်လို့ရှိရင် ဉာဏ်စဉ်တွေ အဆင့်ဆင့်တက်သွားတာပါပဲ။ ထင်ရှားပါတယ်။ အဲဒီအချက်က ဝိပဿနာရှုကွက်ပါပဲ။

မဟာဘူတာ ဥပါဒါရူပါနံ-ဌ **မဟာဘူတာ** = မဟာဘုတ်(၄)ပါးတို့သည်၊ **ဥပါဒါရူပါနံ** = ဥပါဒါရုပ်တို့အား၊ **အတ္ထိပစ္စယေန** = သဟဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

သူကတော့ ဝိပဿနာရှုစရာ သိပ်မထင်ရှားဘူး။ ပထဝီ အာပေါ တေဇော ဝါယောတို့က ဒုတိယအချက်က ရှုတဲ့အတိုင်း ရှုရပါတယ်။

သဟဇာတတ္ထိပစ္စည်းတရားအားလုံး စုပေါင်းလိုက်တဲ့အခါကျတော့ ရုပ်နာမ်နှစ်ပါးလုံး၊ ခန္ဓာငါးပါးလုံး ရသွားပါတယ်။ ခန္ဓာငါးပါးလုံးမှာ ဝိပဿနာရှုဖို့ရာ ရှုကွက်ပါပဲ။ ဒါပေမယ့် ထင်ရှားတာကတော့ ဝေဒနာကိုရှုရတာလည်း ထင်ရှားတယ်။ ဝိညာဏ်ဆိုတဲ့ စိတ်ကိုရှုရတာလည်း ထင်ရှားတယ်။ ရုပ်ကလည်း ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီး(၄)ပါးကို ရှုရတာ

ထင်ရှားတယ်။ အဲဒါတွေကို မြတ်စွာဘုရား ခန္ဓာငါးပါးကို ဥပမာတွေနဲ့ သုတ္တန်တစ်ခုမှာ ဟောကြားပါတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား ဂင်္ဂါမြစ်ကမ်းနားကကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ ဂင်္ဂါမြစ်ထဲက ရေမြှုပ်စိုင်ကြီးတစ်ခု မျောလာတာကို မြတ်စွာဘုရားက မြင်တော်မူတော့ ရဟန်းတော်တို့ကို ခေါ်ပြီးလျှင် ရေမြှုပ်ကို ဥပမာပြုပြီးတော့ ရုပ်ခန္ဓာကိုယ်ကြီးရဲ့ သဘောတွေကို မြတ်စွာဘုရားက အနိစ္စ ဒုက္ခ အနတ္တသဘောတွေ ဟောကြားပါတယ်။ သဟဇာတပစ္စည်းမှာ အစုံပါလို့ အဲဒါလေးလည်းထည့်ပြီး ဟောကြားရအောင်။

ရုပ်သည် ရေမြှုပ်ကြီးနဲ့တူတယ်တဲ့။ တရားနာပရိသတ်များ မြစ်ချောင်းထဲမှာ ရေမြှုပ်ကြီးမျောနေတာ မတွေ့ဖူးဘူးလား ... တွေ့ဖူးပါတယ်ဘုရား။ ဘာတစ်ခုမှ ခိုင်ခံ့မှု မရှိပါဘူးတဲ့။ ကိုင်ပြီးတော့ အိုးတွေ ခွက်တွေလုပ်လို့လည်း ... မရပါဘုရား။ ရုပ်ခန္ဓာကိုယ်ကြီးကလည်း ဒီအတိုင်းပဲ။ ဘာတစ်ခုမှ ခိုင်မြဲတာမရှိဘူးတဲ့။ အမြဲတမ်း ပျက်စီးနေတာပဲတဲ့။

အဲဒီရေမြှုပ်စိုင်ကြီးထဲမှာ ရေမြွေစတဲ့ ပိုးကောင်သတ္တဝါတွေလည်း ဝင်နေတာပဲတဲ့။ တရားနာပရိသတ်များရဲ့ ရုပ်ခန္ဓာကိုယ်ထဲမှာ ဒီလိုပဲ ပိုးမျိုး(၈၀)တွေ ဝင်နေပြီးတော့ ဒီခန္ဓာကိုယ်ထဲမှာပဲ သားပေါက်ဖွားကြ၊ ဒီခန္ဓာကိုယ်ထဲမှာပဲ သေကြ၊ ဒီခန္ဓာကိုယ်ထဲမှာ ကျင်ကြီးကျင်ငယ်စွန့်နေကြတယ်။ ရေမြှုပ်စိုင်ကြီးနဲ့ တူတယ်တဲ့။

ရေမြှုပ်စိုင်ကြီးဟာ ရေလှိုင်းစသော အကြောင်းအမျိုးမျိုးတို့ကြောင့် ပျက်ပျက်သွားတာပဲ။ ဒီမြစ်ချောင်းတွေထဲမှာ မပျက်တာတောင်မှ သမုဒ္ဒရာထဲရောက်တော့ အကုန်ပျက်စီးသွားတာပဲ။ တရားနာပရိသတ်များ ရုပ်ခန္ဓာ

ကိုယ်ကြီးကလည်း ဒီအတိုင်းပဲ။ ကလလရည်ကြည်ကစပြီးတော့ ပျက်စီးနိုင်တာပဲ။ မပျက်စီးဘဲ အကြောင်းညီညွတ်လို့ရှိရင် သက်တမ်း(၁၀၀)ဆိုလို့ရှိရင် သက်တမ်း(၁၀၀)ကျရင်တော့ မပျက်စီးသွားပါဘူးလား ... ပျက်စီးသွားပါတယ်ဘုရား။ (၇၅)နှစ်တမ်းဆိုရင် (၇၅)နှစ်မှာ ပျက်စီးသွားတာပဲ။ ရေမြှုပ်စိုင်ကြီးနဲ့ မတူပါဘူးလား ... တူပါတယ်ဘုရား။ ဘာတစ်ခုမှ မမြဲဘူး။ ဘာတစ်ခုမှ ခိုင်မာတာမရှိဘူး။ ဘာတစ်ခုမှ အစိုးရတာ မရှိဘူးတဲ့။

ဆောင်ပုဒ်။ ။ ရုပ်ဥာဏ်ရုပ်၊ ရေမြှုပ်သဏ္ဍာန်၊ အနိစ္စပဲ၊ မမြဲကေန်၊
ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ မုချဧကန်။

ဝေဒနာက ဘာနဲ့တူသလဲဆိုရင် ဝေဒနာက ရေပွက်နဲ့တူတယ်တဲ့။ ရေပြင်ပေါ်မှာ မိုးရေပေါက်ကလေးကျတဲ့အခါ ကျပြီးတာနဲ့ ပျက်သွား၊ ကျပြီးတာနဲ့ ပျက်သွားတာပဲ။ မပျက်သွားပါဘူးလား ... ပျက်သွားပါတယ်ဘုရား။ ဝေဒနာကလည်း ခန္ဓာကိုယ်ထဲမှာ ပေါ်ပြီးတာနဲ့ပျောက်၊ ပေါ်ပြီးတာနဲ့ပျောက်။ ဥဒယဗ္ဗယဉာဏ်ရောက်လာတဲ့ပုဂ္ဂိုလ် ပိုမထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ "ရေပွက်ကလေးတွေ ပွက်နေသလိုပဲဘုရား"လို့ တချို့ယောဂီတွေက လျှောက်ထားတယ်။ ဩော် ... ဟုတ်လိုက်တာ။ ရေပွက်လေးက ပေါ်ပြီးတာနဲ့ပျောက်၊ ပေါ်ပြီးတာနဲ့ပျောက်သလို ဝေဒနာကလည်း မှတ်လိုက်တာနဲ့ ပေါ်ပြီးတာနဲ့ပျောက်၊ ပေါ်ပြီးတာနဲ့ပျောက်သွား။ အလွန်လျှင်မြန်တာပါပဲ။

မြတ်စွာဘုရားဉာဏ်တော်မှာတော့ (ကောဋိသတသဟဿသင်္ခါတာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ခန္ဓဝဂ္ဂ သံ-ဋ္ဌ-၃၉၅။ ပါ-၁၁၅)၌ ကုဋေတစ်သိန်းမျှ ဖြစ်ပြီးတော့ချုပ်၊ ဖြစ်ပြီးတော့ချုပ်သွားတာပဲဟု ဖွင့်ပြထားပါတယ်။ ဝေဒနာတွေ

အလျှင်အမြန် ဖြစ်ပျက် ဖြစ်ပျက်နေတော့ မမြဲပါလား၊ မမြဲခြင်း အနိစ္စပဲ။ ဖြစ်ပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲခြင်း ဒုက္ခပဲ။ ဒီလို ဖြစ်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုမှ ကာကွယ်လို့ မရဘူး၊ သူ့သဘောအတိုင်းသူ ဖြစ်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရတဲ့ အနတ္တပဲပဲဟု ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်တွေ မထင်ပါဘူးလား ... ထင်ပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ ဝေဒနာစက်၊ ရေပွက်သဏ္ဍာန်၊ အနိစ္စပဲ၊ မမြဲကောန်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ မုချဝေကာန်။**

သညာဆိုတာကတော့ တံလျှပ်နဲ့တူတယ်။ တံလျှပ်ဆိုတာ နွေရာသီအခါတွေမှာ လမ်းတွေပေါ်မှာ၊ ပြောင်ရှင်းတဲ့ ကုန်းတွေပေါ်မှာ အရောင်တွေ တဖျပ်ဖျပ်ထွက်နေတာ အဝေးကနေ ကြည့်လိုက်ရင် ရေလှိုင်းလို့ပဲထင်ရတယ်။ ရေလှိုင်းတွေပဲထင်ပြီးတော့ မသိတတ်တဲ့ သမင်သတ္တဝါတွေက ရေထင်ပြီး ရေရှားတဲ့အချိန်ဖြစ်တော့ အဲဒါတွေ လိုက်လိုက်ပြီး ဖမ်းပြီးတော့ ပါးစပ်နဲ့ ဟပ်ဟပ်ပြီးတော့ စားတယ်။ ရရဲ့လား ... မရပါဘုရား။ ကြာတော့ ရင်ကွဲနာကျပြီး သေဆုံးရတယ်။

သညာကလည်း ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ၊ အဖြူပဲ အနီပဲ၊ အကြောင်အကျားပဲ၊ လှပတယ် တင့်တယ်တယ်၊ သုဘပဲ၊ သုခပဲ၊ နိစ္စပဲ၊ နိစ္စထင်ပြီးတော့ စွဲလမ်းကြ သာယာကြတယ်။ နောက်ဆုံးကျတော့ အဲဒါတွေ ဒုက္ခတွေ မများကြပါဘူးလား ... များကြပါတယ်ဘုရား။ ဘာတစ်ခုမှ ဟုတ်တာတွေမဟုတ်ဘူး။ သညာလည်း မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တပါပဲတဲ့။

ဆောင်ပုဒ်။ ။ သညာအမှတ်၊ တံလျှပ်ပုံဟန်၊ အနိစ္စပဲ၊ မမြဲကြောန်၊
ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ မုချဝေကန်။

သင်္ခါရတွေက ဘာနဲ့တူသလဲ၊ ငှက်ပျောတုံးနဲ့တူတယ်။ ငှက်ပျောတုံး ကြီးဟာ အပြင်ကနေကြည့်တော့ ချောချောမောမောပဲ။ အထဲမှာ အနှစ် တော့ ရှိပါရဲ့လား ... မရှိပါဘုရား။ မသိတတ်တဲ့ပုဂ္ဂိုလ်က ဒီငှက်ပျောတုံး ကြီးကို တကယ်တမ်း အနှစ်သာရ ရှိတယ်လို့ထင်တယ်။ ဘာမှ သုံးလို့မရ ဘူး။ အိမ်ဆောက်လို့လည်း ... မရပါဘုရား။ အဖတ်တွေ အဖတ်တွေ ခွာ ကြည့်တော့ အဲဒီအဖတ်တွေမှာ အနှစ်သာရ တစ်ခုမှ မရှိပါဘူး။ သင်္ခါရ (၅၀)လုံး ဒီအတိုင်းပဲ။ သင်္ခါရ(၅၀) ဘာတစ်ခုမှ အနှစ်သာရမရှိဘူး။ သူ လည်း မမြဲပါဘူး။ အနိစ္စပဲ။ ဖြစ်တာ ပျက်တာတွေက လျှင်မြန်အားကြီး တော့ ဒုက္ခပဲ။ ဒီလိုဖြစ်ခြင်း ပျက်ခြင်းတွေ နှိပ်စက်တဲ့ ဒုက္ခတွေကို ဘယ် လိုမှ ကာကွယ်လို့ မရဘူး။ သူ့သဘောအတိုင်း ဖြစ်ပျက် နှိပ်စက်နေတာပါ ပဲ။ အစိုးမရတဲ့ အနတ္တပါပဲ။

ဆောင်ပုဒ်။ ။ သင်္ခါရသဘော၊ ငှက်ပျောသဏ္ဌာန်၊ အနိစ္စပဲ၊
မမြဲကြောန်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊
အနတ္တ မုချဝေကန်။

ဝိညာဏ်က မျက်လှည့်ရုပ်နဲ့တူတယ်။ မျက်လှည့်သမားတွေ မျက်လှည့် ရုပ်ကို အလျှင်အမြန် ပြောင်းလဲပေးလိုက်တယ်။ ဒီမှာ ကြည့်ထား ကြည့် ထား ... ဂေါ်လီလုံးလေး၊ အုတ်ခဲတုံးလေးကို အလျှင်အမြန် လှည့်ပေးလိုက် တော့ ရွှေတုံးကြီးဖြစ်သွားတယ်။ ငွေတုံးလိုလည်း ဖြစ်သွားတယ်။ ပုလဲတွေ လည်း ဖြစ်သွားနိုင်တယ်တဲ့။ မြန်လွန်းအားကြီးတော့ ဘေးကကြည့်တဲ့သူ

တွေက မသိလိုက်ဘူး။ ဒါကြောင့် ဝိညာဏ်ဟာ မျက်လှည့်သမားရဲ့ မျက်လှည့်ရုပ်လိုပါပဲတဲ့။

ဝိညာဏ်စိတ်ကလေးကလည်း သာမန်ပုဂ္ဂိုလ်ရဲ့ အမြင်မှာတော့ သွားတော့လည်း ဒီစိတ်၊ ရပ်တော့လည်း ဒီစိတ်၊ ထိုင်တော့လည်း ဒီစိတ်၊ လျောင်းတော့လည်း ဒီစိတ်ပဲလို့ မထင်ရပါဘူးလား ... ထင်ရပါတယ်ဘုရား။ လျင်မြန်အားကြီးတော့ ဒီစိတ်တွေပဲလို့ ထင်ရတယ်။ ဟုတ်တော့ ဟုတ်ပါရဲ့လား ... မဟုတ်ပါဘုရား။ သွားတာက တစ်စိတ်၊ ရပ်တာက တစ်စိတ်၊ ထိုင်တာက တစ်စိတ်၊ လျောင်းတာက တစ်စိတ်။ ဝိပဿနာဉာဏ် ရင့်ကျက်လာတဲ့ပုဂ္ဂိုလ်များကတော့ ကိုယ်တိုင်တွေ့သိရတာပါပဲ။ ဒါကြောင့် ဝိညာဏ်က ဘာနဲ့တူသလဲ၊ မျက်လှည့်ရုပ်ကလေးနဲ့တူတယ်။

**ဆောင်ပုဒ်။ ။ ဝိညာဏ်အသိ၊ မျက်လှည့်ပုံဟန်၊ အနိစ္စပဲ၊ မမြဲကောန်၊**
**ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တာ မုချဧကန်။**

သဟဇာတတ္ထိမှာ ခန္ဓာငါးပါးလုံးဟာ အနိစ္စ ဒုက္ခ အနတ္တချည်းပဲ မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ဝိပဿနာရှုတတ်တဲ့ပုဂ္ဂိုလ်ကတော့ အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တချည်းပါပဲ။

ဝေဒနာကိုပဲရှုရှု၊ သညာကိုပဲရှုရှု၊ သင်္ခါရကိုပဲရှုရှု၊ ဝိညာဏ်ကိုပဲရှုရှု၊ ပထဝီကိုပဲရှုရှု၊ အာပေါကိုပဲရှုရှု၊ တေဇောကိုပဲရှုရှု၊ ဝါယောကိုပဲရှုရှု၊ ဓာတ်တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ရှုနိုင်မယ်ဆိုလို့ရှိရင်တော့ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်ကို နည်းမှန်လမ်းမှန် ရှုလို့ရှိရင် ရနိုင်တယ်။ နည်းမှန်လမ်းမှန်သာဖြစ်ပါစေ။ ဟာ- ဟိုယောဂီရှုတာနဲ့ မိမိရှုတာ မတူဘူး။

သူကတော့ တရားတွေတက်တယ်၊ ကိုယ်ကတော့ တရားရမှရပါ့မလား၊ ဒီလိုအားမငယ်ရဘူး။ ကိုယ်ရှုတာမှန်ရင်တော့ ကိန်းသေမုချ တရားရမှာပဲ။

အဲဒါလေးလည်း သိထားဖို့ မကောင်းဘူးလား ... သိထားဖို့ ကောင်းပါတယ်ဘုရား။ ဝေဒနာကိုပဲရှုရှု၊ ဘာကိုပဲရှုရှု၊ ရုပ်တရားကိုပဲရှုရှု၊ စိတ်ကိုပဲရှုရှု သတိပဋ္ဌာန်တရား (၄)ပါးထဲက ဘယ်ဟာကိုပဲရှုရှု၊ ကိုယ်ကာယကိုပဲရှုရှု၊ ဝေဒနာကိုပဲရှုရှု၊ စိတ်ကိုပဲရှုရှု၊ သဘောတရားကိုပဲရှုရှု နည်းမှန်လမ်းမှန်သာရှုရင် တစ်နေ့သောအခါ မိမိရဲ့ ပါရမီအားလျော်စွာ တရားထူးတရားမြတ် ရဖို့ရာသေချာပါတယ်။

မြတ်စွာဘုရားလက်ထက်တော်အခါက အဲဒီအကြောင်းကို မြတ်စွာဘုရားဟောခဲ့ပါတယ်။ ရဟန်းတစ်ပါးက တရားထူးတရားမြတ်တွေ သိပ်လိုချင်တယ်။ ရဟန္တာဖြစ်အောင် ကျင့်ချင်တယ်။ ဒါပေမယ့် နည်းမှန်လမ်းမှန်ရမှ ကျင့်မယ်ဆိုပြီးတော့ ရဟန္တာဖြစ်တဲ့ မထေရ်ကြီးများထံ လိုက်ဆည်းကပ်ပြီးတော့ လျှောက်ထားတယ်။

ပထမဦးဆုံး မထေရ်ကြီးထံ သွားလျှောက်ထားတယ်။ "အရှင်ဘုရား ... ဒဿနဝိသုဒ္ဓိ = အရှင်ဘုရား အမြင်မှန် တရားထူးတရားမြတ်ရသွားတာ ဘယ်တရားနဲ့ ရပါသလဲ" လျှောက်ထားတော့ ရဟန္တာပုဂ္ဂိုလ်ကြီးက သူရတဲ့တရားပဲ ဖြေလိုက်တယ်။ "ဆန္နံ ဖဿာယတနာနံ၊ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ရှုတယ်။ အဲဒါနဲ့ တရားရပါတယ်"။

ထို့နောက် မထေရ်ကြီးတစ်ပါးကိုလည်း မေးကြည့်ဦးမယ်။ သေချာသထက် သေချာအောင်ဆိုပြီးတော့ နောက် ရဟန္တာဖြစ်တယ်လို့ သတင်းကြားတဲ့

မထေရ်ကြီးတစ်ပါးထံ သွားပြီးတော့ လျှောက်ထားပြန်တယ်။ "ဆရာတော်ကြီးဘုရား ... ဆရာတော်ကြီးဘုရား ဒဿနဝိသုဒ္ဓိ = အယူမှန် အမြင်မှန် ရသွားတာ၊ ရဟန္တာဖြစ်သွားတာ ဘယ်တရားနဲ့ ရပါသလဲ"ဆိုတော့ "ပဥ္စန္နံ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုလို့ရတယ်"။

အဲဒီကျတော့ သူကသံသယဖြစ်တယ်။ ပထမမထေရ်ကြီးက ဘယ်နှပါး ပြောပါသလဲ ... ခြောက်ပါးပါဘုရား။ ဒုတိယမထေရ်ကြီးက ငါးပါး။ "အို ... မဖြစ်သေးပါဘူး။ ဒီမထေရ်ကြီးနှစ်ပါး မတူကြဘူး"။ နောက်တတိယမြောက် မထေရ်ကြီးထံ သွားလျှောက်ထားတယ်။ "ဆရာတော်ကြီးဘုရား ... ဆရာတော်ကြီး တရားရခဲ့တာ၊ ဒဿနဝိသုဒ္ဓိ = အယူမှန် အမြင်မှန် စင်ကြယ်သွားတာ ဘယ်တရားနဲ့ ရပါသလဲ"ဆိုတော့ "စတုန္နံ မဟာဘူတာနံ၊ မဟာဘုတ်(၄)ပါးကိုရှုလို့ရတယ်"ဟု မိန့်ကြားတယ်။ "အို ... မဖြစ်သေးဘူး" ဆိုပြီး စတုတ္ထမထေရ်ကြီးထံ သွားလျှောက်ထားတယ်။ လျှောက်ထားတော့ မထေရ်ကြီးက "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"လို့ မိန့်ကြားလိုက်တယ်။ ပဋိစ္စသမုပ္ပါဒ်စက်ပြတ်ပုံကို မိန့်ကြားလိုက်တာဖြစ်တယ်။

# အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတူပုံ

၁၃၅၃-ခု၊ နတ်တော်လဆုတ်(၈)ရက်နေ့၊ နေ့လယ်မှာ ဟောကြားရမယ့် တရားတော်က နတ်တော်လပြည့်နေ့က ဟောကြားခဲ့တဲ့ အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းတို့ကို ဒီနေ့ အပြီးသတ် ဟောကြားပါ့မယ်။

အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတရား(၂)ပါးတို့တွင် အတ္ထိ-က ရှိနေသောအားဖြင့် ကျေးဇူးပြုတာဖြစ်တယ်။ အဝိဂတ-က မကင်းသောအားဖြင့် ကျေးဇူးပြုတာဖြစ်တယ်။ အတ္ထိပစ္စည်းတရားတွေက မိမိပစ္စည်းတရားရှိနေတဲ့ အခိုက်အတန့် ပစ္စယုပ္ပန်တရားတွေ ဖြစ်ပေါ်အောင် ကျေးဇူးပြုတယ်။ အဝိဂတပစ္စည်းကလည်း ပစ္စယုပ္ပန်တရားတွေနဲ့ မကင်းသေးတဲ့ အခိုက်အတန့်မှာ ပစ္စယုပ္ပန်တရား အကျိုးတရားတွေဖြစ်အောင် ကျေးဇူးပြုတယ်။ ရှိနေတာနဲ့ မကင်းတာ မြန်မာဝေါဟာရအားဖြင့် အတူတူပါပဲ။ ရှိနေလို့သာ မကင်းတာပဲ။ မကင်းလို့ဘဲ ရှိနေတာပဲ။ အဓိပ္ပါယ်ချင်းက အတူတူပါပဲ။ ရှိနေလို့ရှိရင် မကင်းဘူးလို့ ပြောလို့ရပါတယ်။

မကင်းလို့ ရှိနေတာပဲလို့ ပြောလို့ရတယ်။ သဘောတရားအားဖြင့်တော့ အတူတူပါပဲ။ မြတ်စွာဘုရား ဟောကြားတာကတော့ ပစ္စည်း(၂)ပါးကို

ဟောကြားတာကတော့ ဝေနေယျဇ္ဈာသယအားဖြင့် ပုဂ္ဂလဇ္ဈာသယအားဖြင့် (၂)ပစ္စည်းခွဲ၍ ဟောကြားတာဖြစ်ပါတယ်။ တချို့က အတ္ထိပစ္စယောလို့ ဟောလိုက်မှ သဘောကျတယ်၊ သဘောပေါက်တယ်၊ နားလည်တယ်။ တချို့တချို့ သောပုဂ္ဂိုလ်တွေက အဝိဂတပစ္စယောလို့ ဟောလိုက်တဲ့အခါကျမှ "မကင်းသောအားဖြင့် ကျေးဇူးပြုတယ်"လို့ ဟောလိုက်တဲ့အခါကျမှ သဘောပေါက်ပါတယ်၊ နားလည်ပါတယ်။ အဲဒီလို ပုဂ္ဂလဇ္ဈာသယ ဝေနေယျဇ္ဈာသယအားဖြင့် သဘောတူဖြစ်သည့် အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းကို ခွဲခြား၍ ဟောကြားတော်မူပါတယ်။

ပါဠိတော်အရကောက် ပါဠိတော်အနေအထားကတော့ အတူတူပါပဲ။ ဒါကြောင့် အတ္ထိပစ္စည်းကိုဟောပြီးလို့ရှိရင် အဝိဂတပစ္စည်းလည်း ဟောပြီးပြီလို့ပဲ နှလုံးသွင်းရပါမယ်တဲ့။ အတ္ထိပစ္စည်းကိုဟောခဲ့တာ အတ္ထိပစ္စည်းယခုဇယားထဲမှာ ဖော်ပြတာက (၄)မျိုးဖော်ပြထားပါတယ်။

(၁) သဟဇာတတ္ထိ-က အတူတကွလည်းဖြစ်၊ ရှိလည်းရှိနေသည့်အခိုက် ကျေးဇူးပြုတာဖြစ်တယ်။
(၂) ဝတ္ထုပုရေဇာတတ္ထိ-က ဝတ္ထုလည်းဖြစ်၊ ပုရေဇာတလည်းဖြစ်၊ ရှိလည်းရှိနေသောအခိုက်အတန့်အားဖြင့် ကျေးဇူးပြုတာဖြစ်တယ်။
(၃) အာရမ္မဏပုရေဇာတတ္ထိ-က အာရုံလည်းဖြစ်၊ ရှေးကလည်းဖြစ်၊ ရှိလည်းရှိနေတဲ့အခိုက်အတန့်အားဖြင့် ကျေးဇူးပြုတာဖြစ်တယ်။
(၄) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ-က မှီရာတည်ရာ ဝတ္ထုလည်းဖြစ်တယ်၊ အာရုံလည်းဖြစ်တယ်၊ ရှေးကလည်းဖြစ်တယ်၊ ရှိသောအခိုက်အတန့်အားဖြင့် ကျေးဇူးပြုတယ်။ (၄)မျိုး ထင်ထင်ရှားရှားပြတယ်။ အခု(၄)မျိုး ထင်ထင်ရှားရှား ဇယားထဲမှာ ထည့်ပြထားပါတယ်။

ရနိုင်သမျှ အတ္ထိပစ္စည်းကို ယူရမယ်ဆိုရင်တော့ သဟဇာတအတ္ထိ၊ ပုရေဇာတအတ္ထိ၊ ပစ္ဆာဇာတအတ္ထိ၊ အာဟာရအတ္ထိ၊ ဣန္ဒြိယအတ္ထိလို့ အတ္ထိ(၅) မျိုး ရှိနိုင်ပါတယ်။ တရားနာပရိသတ်များအတွက်ကတော့ သဘောပေါက်အောင် ထင်ရှားတာကိုပဲ ဟောကြားပေးပါတယ်။

သဟဇာတအတ္ထိကို ဟောကြားခဲ့ပြီးပါပြီ။ ထပ်ပြီးတော့ မရှင်းပြ မဟောတော့ပါဘူး။ ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ။ ဒီ(၃)မျိုးကို ဒီနေ့ အပြီးသတ် ဟောကြားပါ့မယ်။ မဟောကြားမီ ပါဠိတော်နဲ့ မိမိတို့သန္တာန်မှာရှိနေတာနဲ့ တိုက်ဆိုင်ပြီးတော့ သဘောပေါက်ဖို့ကို ရှေးဦးစွာ ရှင်းတမ်းဟောကြားပါ့မယ်။

အခုအတ္ထိပစ္စည်းရဲ့ ပစ္စည်းတရား ပစ္စယုပ္ပန်တရားတွေဟာ ထိုထိုပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ရှိနေတဲ့တရားတွေပါပဲ။ အခုဟောကြားနေတဲ့ အခိုက်အတန့်မှာတော့ မိမိတို့ရဲ့သန္တာန်မှာရှိနေတဲ့ တရားတွေကိုပဲ မြတ်စွာဘုရား ဟောကြားတာလို့ နှလုံးသွင်းပြီးတော့ နာယူလို့ရှိရင် ပိုပြီးတော့ မှတ်မိပါတယ်။

အတ္ထိဆိုတာ ရှိနေတာ။ ရှိနေတာ ဘယ်မှာရှိနေလဲ၊ အခုတရားနာတဲ့ အခိုက်အတန့်မှာဆိုရင် မိမိသန္တာန်မှာရှိနေတာကို ဟောတာပဲလို့ နှလုံးသွင်းထားရမယ်။

တရားနာပရိသတ်များရဲ့သန္တာန်မှာ ဝတ္ထုပုရေဇာတတ္ထိအနေနဲ့ ဝတ္ထုလည်းဖြစ်၊ ရှေးကလည်းဖြစ်၊ ရှိလည်းရှိနေတဲ့အနေနဲ့ ကျေးဇူးပြုတယ်။ ရှိနေတာတွေက ဘာလဲဆိုတော့ စက္ခာယတနံ ... စသည်ဖြင့် ပါဠိတော်မှာ တွေ့ရတယ်။ တရားနာပရိသတ်များရဲ့ မြန်မာဝေါဟာရအားဖြင့်ဆိုရင်တော့

တရားနာပရိသတ်များရဲ့သန္တာန်မှာ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ဟဒယဝတ္ထုကို အကြည်လို့တော့ ပါဠိတော်မှာ မဆိုပါဘူး။ ဟဒယဝတ္ထုလို့ပဲဆိုတယ်။ ဟဒယဝတ္ထုပေါ်မှာ မှီနေတဲ့ ဘဝင်ကို မနောကိုတော့ အကြည်လို့ခေါ်တယ်။ နှလုံးဟဒယဝတ္ထု ရှိနေတယ်။

အဲဒါလေးတွေကို ပါဠိဝေါဟာရအားဖြင့် ခေါ်ဝေါ်တာလေးတွေ သိသွားလို့ရှိရင် ပါဠိတော်မှာ သဘောကျသွားပါမယ်။ မျက်စိအကြည်ကိုတော့ ပါဠိဝေါဟာရအားဖြင့် စက္ခာယတနလို့ သုံးလိုက်ပါတယ်။ နားအကြည်ကိုတော့ သောတာယတန၊ နှာခေါင်းအကြည်ကိုတော့ ဃာနာယတန၊ လျှာအကြည်ကိုတော့ ဇိဝှါယတန၊ ကိုယ်အကြည်ကိုတော့ ကာယာယတန၊ နှလုံးအကြည်ကိုတော့ ယံ ရူပံ နိဿာယ တံ ရူပံလို့ မြတ်စွာဘုရား ဟောကြားပါတယ်။

တရားနာပရိသတ်များ အဲဒါလေး တစ်ခေါက်ဆိုကြရမယ်။ ပါဠိဝေါဟာရနဲ့ မိမိတို့သန္တာန်မှာရှိနေတာနဲ့ ကိုက်ညီသွားပြီဆိုရင် မိမိခန္ဓာကိုယ်ထဲမှာ ဟောနေတာပဲလို့ ထင်ထင်ရှားရှား သိရအောင် တစ်ခေါက်လောက် ဆိုကြရမယ်။ '

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ မျက်စိအကြည်ကို ပါဠိဝေါဟာရအားဖြင့် ဘယ်လိုခေါ်ပါသလဲ ... စက္ခာယတနလို့ ခေါ်ပါတယ်ဘုရား။ အားလုံးပဲဖြေတာ ပိုကောင်းပါတယ်။ နားအကြည်ကို ... သောတာယတနလို့ ခေါ်ပါတယ်ဘုရား။ နှာခေါင်းအကြည်ကို ... ဃာနာယတနလို့ ခေါ်ပါတယ်ဘုရား။ လျှာအကြည်ကို ... ဇိဝှါယတနလို့ ခေါ်ပါတယ်ဘုရား။ ကိုယ်အကြည်ကို ... ကာယာယတနလို့ ခေါ်ပါတယ်ဘုရား။ နှလုံးအကြည်ကို ... ယံ ရူပံ နိဿာယ တံ ရူပံပါဘုရား။

ယံ ရူပံ နိဿာယ တံ ရူပံ-ဆိုတာဟာ ဟဒယဝတ္ထု နှလုံးအကြည်ကို ပြောတာပဲ။ တရားနာပရိသတ်များသန္တာန်မှာ မရှိနေဘူးလား ... ရှိနေပါတယ်ဘုရား။ ရှိနေတယ်တဲ့။ အဲဒါက တရားနာပရိသတ်များရဲ့ အတွင်းသန္တာန်မှာ ရှိနေတာဖြစ်တယ်။ နှလုံးအကြည်လည်းရှိတယ်၊ မနောအကြည်လည်းရှိတယ်။ မနောအကြည်ကတော့ ပိုထင်ရှားတယ်။ အဲဒါကို အဇ္ဈတ္တိကာယတန(၆)ပါး လို့လည်း ခေါ်ပါတယ်။

နောက်တစ်ခါ အာရမ္မဏပုရေဇာတတ္ထိဘက်က ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ အဲဒါတွေလည်းရှိတယ်။ အဲဒါတွေကိုတော့ အပြင်ပက ဖြစ်တဲ့အတွက်ကြောင့် ဗာဟိရာယတနလို့ ပါဠိဝေါဟာရဖြင့်ခေါ်တယ်။

ရူပါရုံ အဆင်းက တရားနာပရိသတ်များ မျက်စိအကြည်မှာ လာလာပြီးတော့တိုက်တဲ့ ရူပါရုံ အဆင်း။ တရားနာပရိသတ်များ နေ့စဉ်နဲ့အမျှ တွေ့နေရတယ်။ သဒ္ဒါရုံ အသံက နားအကြည်မှာ လာလာပြီးတော့ တိုက်တဲ့ အသံ၊ ဂန္ဓာရုံ အနံ့က နှာခေါင်းအကြည်မှာ လာလာတိုက်တဲ့အနံ့၊ ရသာရုံ အရသာက လျှာအကြည်မှာ လာတိုက်တဲ့အရသာ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်မှာ လာလာပြီးတော့ တိုက်တယ်။ သဘောဓမ္မာရုံဆိုတာ မနောအကြည် ဟဒယဝတ္ထုမှာမှီနေတဲ့ မနောအကြည်ကို လာလာတိုက်တယ်။ အဲဒါကိုတော့ ဗာဟိရာယတန(၆)ပါးလို့ ခေါ်ပါတယ်။

နေ့စဉ်နဲ့အမျှ တွေ့နေရတယ်။ အိပ်ရာကနိုးလာကတည်းက စပြီးတော့ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ အဆင်းတွေလည်းမြင်ရ၊ အသံတွေလည်းကြားရ၊ အနံ့တွေလည်းနံရ၊ အရသာကိုလည်းစားရ၊ အတွေ့

ဖောဋ္ဌဗ္ဗာရုံလည်းတွေ့ရ။ သဘောတွေ အာရုံအမျိုးမျိုးတွေ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အာရုံအမျိုးမျိုးတွေလည်း သိနေရတယ်။

အဲဒါတွေဟာ တရားနာပရိသတ်များသန္တာန်မှာ အမြဲမပြတ်ဆိုသလိုပဲ ဖြစ်နေပေတယ်။ အဲဒီဖြစ်နေတာလည်း အာရမ္မဏပုရေဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြုနေတာဖြစ်တယ်။ အာရမ္မဏ-က အာရုံ၊ ပုရေဇာတ-က ရှေးကဖြစ်တာ၊ အတ္ထိ-က ရှိနေတာ။ ရှိနေတဲ့အခိုက်ဖြစ်တယ်။ ရူပါရုံ ရှိနေတဲ့အခိုက်အတန့် မြင်သိစိတ်ဖြစ်အောင် ကျေးဇူးပြုတယ်။ မရှိတော့ရင် ကျေးဇူးပြုနိုင်ပါတော့မလား ... မပြုနိုင်တော့ပါဘုရား။ မပြုနိုင်ဘူး။ အဲဒါလေးတွေ ပါဠိဝေါဟာရနဲ့ တရားနာပရိသတ်များ တွေ့နေမြင်နေရတဲ့ အတွေ့အမြင်အသိနဲ့ ပေါင်းစပ်မိသွားအောင် တစ်ခေါက်ဖြေကြပါဦးစို့။

အဆင်းရူပါရုံကို ပါဠိဝေါဟာရအားဖြင့် ... ရူပါယတနံပါဘုရား။ အသံသဒ္ဒါရုံကို ပါဠိဝေါဟာရအားဖြင့် ... သဒ္ဒါယတနံပါဘုရား။ အနံ့ကို ပါဠိဝေါဟာရအားဖြင့် ... ဂန္ဓာယတနံပါဘုရား။ အရသာကို ပါဠိဝေါဟာရအားဖြင့် ... ရသာယတနံပါဘုရား။ အတွေ့ကို ပါဠိဝေါဟာရအားဖြင့် ... ဖောဋ္ဌဗ္ဗာယတနံပါဘုရား။ အဲဒါကတော့ ထင်ရှားတယ်။

မနာယတန ဓမ္မာယတနကတော့ ဒီမှာ သိပ်မထင်ရှားပေဘူး။ ပါဠိတော်အနေအားဖြင့် ဟဒယဝတ္ထုကိုပဲ ဟောကြားပါတယ်။ ပါဠိတော်အနေအားဖြင့် ဟဒယဝတ္ထုကိုပဲ ဖော်ပြတယ်။ အဲဒီဟဒယဝတ္ထုပေါ်မှာ မှီပြီးဖြစ်တဲ့ ဘဝင်မနောအကြည်မှာ သဘောဓမ္မာရုံလာတိုက်တယ်။ အဲဒီမနောအကြည်ကိုပဲ မနာယတနဟု ခေါ်ရမယ်။ ဟဒယဝတ္ထုကို မှီပြီးတော့ဖြစ်တဲ့ မနောအကြည်မှာ လာတိုက်တဲ့ ဓမ္မာရုံကိုပဲ ဓမ္မာယတနလို့ ခေါ်ရမယ်။ ဒီမှာတော့ မထင်ရှား

ပေဘူး။ အဲဒါတွေဟာ တရားနာပရိသတ်များသန္တာန်မှာ အိပ်ရာကနိုးကတည်းက တစ်မျိုးပြီးတစ်မျိုး တစ်မျိုးတစ်မျိုး မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ အဲဒီသူတို့ ရှိနေတဲ့အခိုက်အတန့် မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဆိုတဲ့ ဒီဝိညာဏ်(၆)ပါးကို ဖြစ်ပေါ်အောင် အာရမ္မဏပုရေဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြုနေတယ်။

တရားနာပရိသတ်များရဲ့သန္တာန်မှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ ဒါ မြတ်စွာဘုရား ဟောကြားတာတွေဟာ တရားနာပရိသတ်များသန္တာန်၌ ရှိနေတဲ့တရားတွေကို ဟောကြားနေတာပါပဲ။ တရားနာပရိသတ်များကို ဟောကြားနေတယ်ဆိုလို့ရှိရင်လည်း မှားသွားမလား ... မမှားပါဘုရား။ မမှားဘူး။ တရားနာပရိသတ်များကို ဟောကြားနေတာပါပဲ။ တစ်ဆင့်ဆရာတော်၊ သံဃာတော်တွေက မြတ်စွာဘုရားစကားတွေ ယူပြီးတော့ ဟောကြားနေရတာဖြစ်တယ်။

သဘောတော့ပေါက်သွားပါပြီ။ ပါဠိတော်နဲ့ မိမိတို့သန္တာန်မှာရှိနေတဲ့တရားတွေနဲ့ ဆက်စပ်ပြီးတော့ ဝေါဟာရအားဖြင့် ခေါ်ဝေါ်တာ သိတတ်သွားပါပြီ။ ပါဠိတော်ကို ဟောကြပါစို့။ သဟဇာတတ္ထိကိုတော့ စပြီးဟောရင် အချိန်တွေ သိပ်ကြာသွားလိမ့်မယ်။ ပါဠိတော် တစ်ပိုင်းတစ်ပျက်ဟောလို့လည်း သိပ်ပြီးတော့ သဘာဝမကျဘဲ ဖြစ်နေတယ်။ တစ်ပိုင်းတစ်ပျက်ဟောလို့ရှိရင် နတ်တွေက မကျေနပ်ဘူးတဲ့။ မကျေနပ်ရင်လည်း ကောင်းမှကောင်းပါ့မလား ... မကောင်းပါဘုရား။ မကောင်းဘူး။ အပြည့်အစုံပဲဟောတာ ကောင်းပါတယ်။ အပြည့်အစုံပဲဟောမယ်။ လိုက်ဆိုကြပါစို့။

အတ္ထိပစ္စယောတိ -

စတ္တာရော ခန္ဓာ အရူပိနော အညမည့် အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမည့် အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမည့် အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေ႗ ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဟဇာတတ္ထိ = သဟဇာတ+အတ္ထိကို ဟောကြားခဲ့ပြီးပါပြီ။ ဝတ္ထုပုရေဇာတတ္ထိ၌ ဝတ္ထု-က မှီရာ၊ ပုရေဇာတ-က ရှေးကဖြစ်တာ၊ အတ္ထိ-က ရှိနေတဲ့အခိုက်အတန့်သာ ကျေးဇူးပြုတာဖြစ်တယ်။ ဘယ်သူ့ကို ကျေးဇူးပြုသလဲ ဆိုတော့ သူ့ရဲ့ပစ္စယုပ္ပန်အကျိုးတရားကို ကျေးဇူးပြုတယ်။

စက္ခာယတနံကို အရကောက်လိုက်တော့ စက္ခုဝတ္ထု = မျက်စိအကြည် ဖြစ်တယ်။ မျက်စိအကြည် စက္ခုဝတ္ထုကလေးကို ပါဠိဝေါဟာရအားဖြင့်တော့ စက္ခာယတနံဟုခေါ်တယ်။ စက္ခု+အာယတနပါပဲ။ စက္ခု-က မျက်စိအကြည်၊ အာယတန-က ဖြစ်ကြောင်း၊ ဖြစ်ခြင်း၏အကြောင်း။ ဘယ်သူ၏ ဖြစ်ခြင်း၏ အကြောင်းလဲဆိုတော့ မြင်သိစိတ် စက္ခုဝိညာဏ်စိတ်ကလေး၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်တယ်။ မျက်စိအကြည်ရှိမှ မြင်သိစိတ်ဟာဖြစ်တယ်။ မျက်စိ အကြည်ပျက်သွားတဲ့ပုဂ္ဂိုလ်၊ မျက်စိကန်းသွားတဲ့ပုဂ္ဂိုလ်မှာ မြင်သိစိတ် စက္ခုဝိညာဏ်စိတ် ဖြစ်ပါသေးရဲ့လား ... မဖြစ်တော့ပါဘုရား။ မဖြစ်တော့ဘူး။ ဒီတော့ မျက်စိအကြည်လေးဟာ မြင်သိစိတ်ဖြစ်ကြောင်းဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

စက္ခု-က မျက်စိအကြည်၊ အာယတန-က ဘာဖြစ်ပါသလဲ ... အကြောင်းပါဘုရား။ မြင်သိစိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်တယ်။ ပါဠိတော် ဝေါဟာရတွေ အကုန်သဘောပေါက်သွားရအောင် နာကြားရင်တော့လည်း သဘောပေါက်နိုင်ပါတယ်။ ဒီလောက်ပြောရင်တော့ သဘောပေါက်ကောင်း ပါရဲ့နော် ... သဘောပေါက်ပါတယ်ဘုရား။

စက္ခု-က ဘာတဲ့လဲ ... မျက်စိအကြည်၊ အာယတန-က အကြောင်း။ ဘယ်သူ့ရဲ့အကြောင်းလဲဆိုတော့ မြင်သိစိတ်ရဲ့အကြောင်း။ ပါဠိလိုတော့ စက္ခု ဝိညာဏဓာတုယာ-လို့ ခေါ်ထားပါတယ်။ မျက်စိအကြည်က မြင်သိစိတ်ဖြစ် ခြင်းရဲ့ အကြောင်းဖြစ်တယ်။

သောတာယတနံမှာလည်း ဒီအတိုင်းပဲ။ သောတ-က တစ်ပုဒ်၊ အာ ယတန-က တစ်ပုဒ်။ သောတ-က နားအကြည်။ တရားနာပရိသတ်များ သန္တာန်မှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ အာယတန-က ဖြစ် ခြင်းရဲ့အကြောင်း။ ဘယ်သူ့ရဲ့ ဖြစ်ခြင်း၏ အကြောင်းလဲဆိုတော့ သောတ ဝိညာဏ် ကြားသိစိတ်၏ ဖြစ်ခြင်းရဲ့အကြောင်း။ နားအကြည်ရှိမှ ကြားသိ စိတ်ဖြစ်တယ်။ နားအကြည်မရှိ၊ နားပင်းသွားတဲ့ပုဂ္ဂိုလ်မှာ ကြားသိစိတ် မဖြစ် တော့ဘူး။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဃာနာယတနံမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဃာန-က တစ်ပုဒ်၊ အာယတန-က တစ်ပုဒ်။ ဃာန-က နှာခေါင်းအကြည်၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ အားလုံးမပြောနိုင်သေးဘူး။ အာယတန-က ဘာဖြစ်ပါသတဲ့ ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ ဖြစ်ခြင်းရဲ့အကြောင်းဖြစ် တယ်။ ဘယ်သူ့ဖြစ်ခြင်းရဲ့အကြောင်းလည်းဆိုတော့ နံသိစိတ်ဖြစ်ခြင်းရဲ့

အကြောင်းဖြစ်တယ်။ နှာခေါင်းအကြည်မရှိတဲ့ပုဂ္ဂိုလ်မှာ နံသိစိတ်တွေ ဖြစ်ပါတော့မလား ... မဖြစ်နိုင်တော့ပါဘုရား။ နံသိစိတ် မဖြစ်နိုင်တော့ဘူး။ သိပ်ထင်ရှားတာပဲ။ နှာခေါင်းအကြည်ဟာ နံသိစိတ်ရဲ့ ဖြစ်ခြင်း၏အကြောင်းဆိုတာ ထင်ရှားတယ်။ အဲဒါလည်း ရှိနေတဲ့အခိုက်အတန့်သာ ကျေးဇူးပြုတာဖြစ်တယ်။ အတ္တိပစ္စည်းဆိုတော့ ရှိနေတဲ့အခိုက်အတန့်မှာလည်း ကျေးဇူးပြုတယ်တဲ့။ နှာခေါင်းအကြည်မရှိတဲ့အခါ နံသိစိတ်ဟာ မဖြစ်တော့ဘူး။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဇိဝှါယတနံ္ဝ ဇိဝှါ-က လျှာအကြည်၊ အာယတန-က ... ဖြစ်ခြင်း၏အကြောင်းပါဘုရား။ ဘယ်သူ့ရဲ့ ဖြစ်ခြင်းအကြောင်းပါလဲ ... စားသိစိတ်ရဲ့ဖြစ်ခြင်းအကြောင်းပါဘုရား။ စားသိစိတ်၏ ဖြစ်ခြင်းအကြောင်းဖြစ်တယ်။ ဇိဝှါဝိညာဏဓာတုယာဆိုတာ ပါဠိဝေါဟာရပဲ။ တရားကိုယ်ကောက်လိုက်တော့ စားသိစိတ်ကလေးပဲ။ တရားနာပရိသတ်များသန္တာန်မှာ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ လျှာအကြည်မရှိတဲ့ပုဂ္ဂိုလ်မှာ စားသိစိတ် ဖြစ်မှုဖြစ်ပါတော့မလား ... မဖြစ်တော့ပါဘုရား။ မဖြစ်တော့ဘူး။

ကာယာယတနံ္ဝလည်း ကာယ-က ကိုယ်အကြည်၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ ဘယ်သူ့ရဲ့ ဖြစ်ခြင်းအကြောင်းလဲဆိုတော့ ... ထိသိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းပါဘုရား။ ထိသိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းဖြစ်တယ်။ ထိသိစိတ်ကို ပါဠိဝေါဟာရကတော့ ကာယဝိညာဏဓာတုယာ-လို့ခေါ်တာပါပဲ။ သဘောပေါက်သွားပါပြီ။

ဝတ္ထုပုရေဇာတတ္ထိပစ္စည်း ကျေးဇူးပြုပုံမှာ ဝတ္ထုဆိုတာကတော့ မီရာ၊ မျက်စိအကြည် မီရာပေါ်မှာ မြင်သိစိတ်လေးက ဖြစ်ရတာကို ဆိုပါတယ်။

နားအကြည်မှီရာ ဝတ္ထုပေါ်မှာ ကြားသိစိတ်လေး ဖြစ်ရတယ်။ ဝတ္ထုဆိုတာ မှီရာပါပဲ။ နှာခေါင်းအကြည် ဝတ္ထုကလေးအပေါ်မှာ နံသိစိတ်လေး ဖြစ်ရတယ်။ တခြားမှာသွားဖြစ်တာကတော့ မဟုတ်ဘူး။ ဒီပေါ်မှာပဲ ဖြစ်ရတယ် ဆိုတော့ ဝတ္ထုဖြစ်တယ်။ ဝတ္ထုဆိုတာ တည်ရာကို ဝတ္ထုလို့ ခေါ်တာပါပဲ။ အိမ်ရာရှိမှ အိမ်ဆောက်လို့ရတယ်။ အိမ်ရာပေါ်မှာပဲ အိမ်မဆောက်ရပါဘူးလား ... ဆောက်ရပါတယ်ဘုရား။ အတူတူပါပဲ။ မျက်စိအကြည်ပေါ်မှာ မြင်သိစိတ် ဖြစ်ရတယ်။ နားအကြည်ပေါ်မှာ ကြားသိစိတ် ဖြစ်ရတယ်။ နှာခေါင်းအကြည်ပေါ်မှာ ... နံသိစိတ် ဖြစ်ရပါတယ်ဘုရား။

လျှာအကြည်ပေါ်မှာ ... စားသိစိတ် ဖြစ်ရပါတယ်ဘုရား။ ကိုယ်အကြည်ပေါ်မှာ ... ထိသိစိတ် ဖြစ်ရပါတယ်ဘုရား။ ဒါကြောင့် မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ဟဒယဝတ္ထုအကြည်တို့ကို ပါဠိဝေါဟာရအားဖြင့် ဝတ္ထုလို့ခေါ်တယ်။ မှီရာဝတ္ထု မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ တည်ရာမှီရာဖြစ်လို့ ဝတ္ထုလို့ ခေါ်ရတာပါပဲ။

နောက်တစ်ခါ အာရမ္မဏပုရေဇာတတ္ထိဖြင့် ကျေးဇူးပြုပုံမှာ အာရမ္မဏ-က အာရုံ၊ ပုရေဇာတ-က ရှေးကဖြစ်ရတာ၊ အတ္ထိ-က ရှိနေတာ။ ရှိနေတဲ့ အခိုက်အတန့်သာ သူကလည်း ကျေးဇူးပြုတယ်။ ဘယ်သူတွေလဲဆိုတော့ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံတို့ ဖြစ်ကြတယ်။

ရူပါယတနံမှာ ပုဒ်ခွဲပုံကလည်း အတူတူပါပဲ။ ရူပ-က တစ်ပုဒ်၊ အာယတန-က တစ်ပုဒ်။ ရူပ-က အဆင်း၊ အာယတန-က ... ဖြစ်ခြင်းရဲ့

အကြောင်းပါဘုရား။ ဖြစ်ခြင်းရဲ့အကြောင်းဖြစ်တယ်။ ရှေ့ကပြောခဲ့တဲ့ စက္ခာယတနံ-က အာယတနနဲ့ တူပါသလား၊ ထူးပါသလား ... တူပါတယ် ဘုရား။ တူတူပါပဲ။ အရကောက်ကတော့ ကွဲတယ်။ စက္ခာယတနံကတော့ မျက်စိအကြည် စက္ခုဝတ္ထုကို ကောက်ထားတယ်။ ရူပါယတနံ၌ ရူပ-က ရူပါရုံ အဆင်း။ အာယတန အနက်ချင်းကတော့ အတူတူပဲ။ ရူပ-က အဆင်းရူပါရုံ၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ အားလုံးပြောနိုင်ရင်တော့ ပိုကောင်းတယ်။ စိတ်ထဲကတော့ ပြောနေတာပါပဲ။ နှုတ်က ပြောရင်တော့ ပိုကောင်းမယ်ထင်တယ်။

ရူပ-က အဆင်းဖြစ်တယ်၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါ ဘုရား။ ဘယ်သူရဲ့ ဖြစ်ခြင်း၏အကြောင်းလဲဆိုတော့ ... မြင်သိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းပါဘုရား။ မြင်သိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းဖြစ်တယ်။ ပစ္စယုပ္ပန်အကျိုးတရားဘက်က ကြည့်လိုက်ရင် ထင်ရှားနေတယ်။ ပါဠိ ဝေါဟာရကတော့ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-လို့ ဆိုတယ်တဲ့။ အရကောက်လိုက်တော့ မြင်သိစိတ်ပါပဲ။ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-အရ စေတသိက်ကို ကောက်ပြတာပါပဲ။

အာယတန-က မြင်သိစိတ်ဖြစ်ခြင်းရဲ့ အကြောင်းဖြစ်တယ်။ ရူပါရုံ အဆင်းရှိနေမှ မြင်သိစိတ်ဖြစ်တယ်။ မြင်ရတဲ့အဆင်းမရှိဘဲနဲ့ မြင်သိစိတ် ဖြစ်မှဖြစ်ပါ့မလား ... မဖြစ်ပါဘုရား။ အတ္ထိ-က ရှိနေတဲ့အခိုက်အတန့်မှာ ကျေးဇူးပြုတယ်။ မရှိရင်တော့ ကျေးဇူးမပြုဘူး။ မထင်ရှားပါဘူးလား ... ထင် ရှားပါတယ်ဘုရား။ အတ္ထိဆိုတာ ပါဠိဝေါဟာရ၊ မြန်မာလိုတော့ ဘယ့်နယ် ခေါ်ပါသလဲ၊ ရှိတယ်။ တရားနာပရိသတ်များက ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ ဆိုတော့ ပါဠိဝေါဟာရလေးလည်း အသင့်အတင့် နားလည်တဲ့ပုဂ္ဂိုလ်တွေ

များပါတယ်။ အတ္ထိဆိုတာ ရှိတာ။ နတ္ထိဆိုတာက ... မရှိတာပါဘုရား။ အိန္ဒိယ တို့၊ သီဟိုဠ်တို့တော့ တော်တော်များများ သုံးပါတယ်။ "နတ္ထိ နတ္ထိ" "မရှိဘူး မရှိဘူး"တဲ့။ ပါဠိဝေါဟာရလေးလည်း သဘောပေါက်နေပါပြီ။ အတ္ထိဆိုတာ ရှိတာ။ ရူပါရုံအဆင်းရှိတဲ့ အခိုက်အတန့်သာလျှင် မြင်သိစိတ်ကလေးဖြစ် အောင် အတ္ထိသတ္တိဖြင့် ကျေးဇူးပြုတယ်။

သဒ္ဒါယတနံမှာလည်း သဒ္ဒ-က တစ်ပုဒ်၊ အာယတန-က တစ်ပုဒ်။ သဒ္ဒ-က အသံ သဒ္ဒါရုံ၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ ဘယ်သူရဲ့ ဖြစ်ခြင်းရဲ့အကြောင်းလဲဆိုတော့ ... ကြားသိစိတ်ဖြစ်ခြင်းရဲ့ အကြောင်း ပါဘုရား။ မြန်မာဝေါဟာရနဲ့ပြောရင် ကြားသိစိတ်ဖြစ်တယ်။ ကြားသိစိတ် ကလေးကို ပါဠိဝေါဟာရအားဖြင့် ဘယ်လိုခေါ်ပါသလဲ၊ သောတဝိညာဏ ဓာတုယာ-လို့ခေါ်တယ်။ ဓာတုကတော့ ဓာတ်ဆိုတာကို ဖော်ပြတာပဲ။ သောတဝိညာဏလို့ပဲ ခေါ်တာပဲ။ သောတဝိညာဏကို မြန်မာလိုပြန်လိုက် တော့ ကြားသိစိတ်ဖြစ်တယ်။ ကြားသိစိတ်ဆိုတာ တရားနာပရိသတ်များ သန္တာန်မှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ အသံရှိလာတဲ့အခါ၊ အသံကြားလာတဲ့အခါ ကြားသိစိတ်ဟာ ဖြစ်ဖြစ်လာတာပဲ။ အသံမရှိတော့ ရင်တော့လည်း ကြားသိစိတ်ဟာ ... မဖြစ်တော့ပါဘုရား။ အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုနေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ အတ္ထိ ဆိုတာ ရှိတာ။ ရှိသောအခိုက်အတန့်မှာသာ ကျေးဇူးပြုတယ်။ မရှိရင်တော့ လည်း ကျေးဇူးမပြုတော့ဘူး။

ဂန္ဓာယတနံ၌ ဂန္ဓ-က တစ်ပုဒ်၊ အာယတန-က တစ်ပုဒ်။ ဂန္ဓ-က အနံ့ ဂန္ဓာရုံ၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ ဘယ်သူရဲ့ ဖြစ်ခြင်းအကြောင်းလည်းဆိုတော့ ... နံသိစိတ်ဖြစ်ခြင်းရဲ့ အကြောင်းပါဘုရား။

နံ့သိစိတ်ဖြစ်ခြင်းရဲ့အကြောင်း။ နံ့သိစိတ်ကို ဃာနဝိညာဏဓာတု-လို့ ပါဠိတော်မှာ ခေါ်ထားတာပါပဲ။ ပါဠိဝေါဟာရက ဃာနဝိညာဏဓာတု-လို့ ခေါ်ပါတယ်တဲ့။

တရားနာပရိသတ်များ ပဋ္ဌာန်းကို မကြားခဏရွတ်နေတော့ မြန်မာဝေါဟာရနဲ့ ပါဠိဝေါဟာရ ဆက်စပ်မိသွားရင်တော့ အဓိပ္ပါယ်သိသွားလို့ ပိုပြီးရွတ်လို့မကောင်းပါဘူးလား ... ပိုပြီးရွတ်လို့ကောင်းပါတယ်ဘုရား။ အဓိပ္ပါယ်မသိဘဲနဲ့ ရွတ်နေရတာနဲ့ အဓိပ္ပါယ်သိပြီးတော့ ရွတ်ရတာနဲ့ ဘယ်သူကများပိုကောင်းပါသလဲ ... အဓိပ္ပါယ်သိပြီး ရွတ်ရတာ ပိုကောင်းပါတယ်ဘုရား။ ပိုကောင်းပါတယ်။ ပိုပြီးတော့ ကြည်ညိုသဒ္ဓါပွားရတယ်။ သဒ္ဓါတရားတွေဖြစ်ရတယ်။

ရသာယတနံ၌ ရသ-က အရသာ ရသာရုံ၊ အာယတန-က ... ဖြစ်ခြင်းရဲ့အကြောင်းပါဘုရား။ ဘယ်သူရဲ့ ဖြစ်ခြင်းအကြောင်းလဲ ... စားသိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းပါဘုရား။ စားသိစိတ်ရဲ့ ဖြစ်ခြင်းအကြောင်းဖြစ်တယ်။ စားသိစိတ်ကိုတော့ ပါဠိဝေါဟာရအားဖြင့် ဘယ့်နှယ်သုံးထားပါသလဲ၊ ဇိဝှါဝိညာဏဓာတု-လို့ သုံးထားတယ်။ ပါဠိဝေါဟာရလည်း သိသွားတော့ ရွတ်လို့ပိုကောင်းပါတယ်။ အာယတန-က ဖြစ်ကြောင်းဆိုတာ ထင်ရှားတယ်။

ဖောဋ္ဌဗ္ဗာယတနမှာလည်း ဖောဋ္ဌဗ္ဗ-က အတွေ့၊ အာယတန-က ... ဖြစ်ခြင်း၏အကြောင်းပါဘုရား။ ဘယ်သူရဲ့ ဖြစ်ခြင်းအကြောင်းလဲဆိုတော့ ... ထိသိစိတ်ဖြစ်ခြင်း၏ အကြောင်းပါဘုရား။ ထိသိစိတ်ဖြစ်ခြင်းရဲ့ အကြောင်းဖြစ်တယ်။ အကြောင်းဆိုတာ ပစ္စည်းတရားပဲ။ အကြောင်းဆိုတာနဲ့ ပစ္စည်းတရားဆိုတာနဲ့ တူပါသလား၊ ထူးပါသလား ... တူပါတယ်ဘုရား။ အတူတူပါပဲ။

ဒါကြောင့် ဖယောမှာ ပစ္စည်းဘက်က မထားထားပါဘူးလား ... ထားထားပါ တယ်ဘုရား။

အကျိုးဆိုတာနဲ့ ပစ္စယုပ္ပန်တရားဆိုတာနဲ့ ... တူပါတယ်ဘုရား။ အတူတူ ပါပဲ။ ထိသိစိတ်ဟာ အကြောင်းလား၊ အကျိုးလား ... အကျိုးပါဘုရား။ အကျိုးပဲ။ ပဋ္ဌာန်းပါဠိလို ဝေါဟာရ ဘယ်လိုခေါ်ပါသလဲ ... ပစ္စယုပ္ပန်လို့ ခေါ်ပါတယ်ဘုရား။ ပစ္စယုပ္ပန်လို့ ခေါ်ရတယ်။

ထို့နောက် ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံဆိုတဲ့ အာရုံငါးပါးက မနောဓာတ်ကို ကျေးဇူးပြုတာဖြစ်တယ်။ သူကလည်း အာယတနဆိုတာ ဖြစ်ကြောင်းပဲ။ ဘယ်သူ့ရဲ့ ဖြစ်ကြောင်းလည်း ဆိုတော့ မနောဓာတ်သုံးခုရဲ့ ဖြစ်ကြောင်းဖြစ်တယ်။ ဒါကတော့ သင်္ဂြိုဟ်ပါဠိ ဝေါဟာရဖြစ်တယ်။ သင်္ဂြိုဟ်သင်ဖူးတဲ့ပုဂ္ဂိုလ်တော့ ပိုပြီးတော့ သိကြပါတယ်။

**ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊**

ဝတ္ထာရမ္မဏ၊ ဟဒယဝတ္ထုကိုမှီပြီးတော့ မနောဓာတ် မနောဝိညာဏဓာတ် တွေ ဖြစ်ကြတာဖြစ်တယ်။ အဲဒီမနောဓာတ် မနောဝိညာဏဓာတ်တွေကို ဟဒယဝတ္ထုကပဲ ပြန်ပြီးတော့ ကျေးဇူးပြုတယ်။

**တံ ရူပံ** = ထိုဟဒယဝတ္ထုရုပ်သည်၊ **မနောဓာတုယာ စ** = မနောဓာတ် (၃)ခုအားလည်းကောင်း၊ **မနောဝိညာဏဓာတုယာ စ** = မနောဝိညာဏ ဓာတ်(၇၂)ခုတို့အားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၅၂)ပါး တို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = ဝတ္ထာရမ္မဏပုရေဇာတသတ္တိဖြင့်၊

**ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပါဠိတော်အနက်လေးလည်း ဘာမှမခက်တော့ပါဘူး။ အခုဇယားထဲမှာ တွေ့တဲ့အတိုင်း တရားနာပရိသတ်များတောင်မှ အနက်ကို ပေးတတ်ဆိုတတ် ရှုတတ်သလောက် ရှိသွားပါပြီ။ အတိုချုပ်ကလေး ထပ်မံပြီးတော့ အနက်ကလေး ပေးပြပါဦးမယ်။

**စက္ခာယတနံ** = မျက်စိအကြည်ဟုဆိုအပ်သော စက္ခုဝတ္ထုသည်၊ **စက္ခုဝိညာဏဓာတုယာ စ** = စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = ဝတ္ထုပုရေဇာတတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

ရိုးရိုးဆိုရင်တော့ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**သောတာယတနံ** = နားအကြည်ဟုဆိုအပ်သော သောတဝတ္ထုသည်၊ **သောတဝိညာဏဓာတုယာ စ** = သောတဝိညာဏ်စိတ်အားလည်းကောင်း၊ သောတဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုသောတဝိညာဏ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်း

ကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ဃာနာယတနံ** = နှာခေါင်းအကြည်ဟုဆိုအပ်သော ဃာနဝတ္ထုသည်၊ **ဃာနဝိညာဏဓာတုယာ စ** = နံသိစိတ် ဃာနဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုဃာနဝိညာဏ်စိတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ဇိဝှါယတနံ** = လျှာအကြည်ဟုဆိုအပ်သော ဇိဝှါဝတ္ထုသည်၊ **ဇိဝှါဝိညာဏဓာတုယာ စ** = စားသိစိတ် ဇိဝှါဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုဇိဝှါဝိညာဏ်စိတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက် (၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ကာယာယတနံ** = ကိုယ်အကြည်ဟုဆိုအပ်သော ကာယဝတ္ထုသည်၊ **ကာယဝိညာဏဓာတုယာ စ** = ကာယဝိညာဏ်ဒွေးအားလည်းကောင်း၊ (ဝါ) ထိသိစိတ်နှစ်ခုအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုကာယဝိညာဏ်စိတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ရူပါယတနံ** = အဆင်းရူပါရုံသည်၊ **စက္ခုဝိညာဏဓာတုယာ စ** = စက္ခုဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုစက္ခုဝိညာဏ်ဒွေးနှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊

**အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**သဒ္ဒါယတနံ** = အသံသဒ္ဒါရုံသည်၊ **သောတဝိညာဏဓာတုယာ စ** = သောတဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုသောတဝိညာဏ်ဒွေးနှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ဂန္ဓာယတနံ** = အနံ့ဂန္ဓာရုံသည်၊ **ဃာနဝိညာဏဓာတုယာ စ** = ဃာနဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုဃာနဝိညာဏ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ရသာယတနံ** = အရသာရသာရုံသည်၊ **ဇိဝှါဝိညာဏဓာတုယာ စ** = ဇိဝှါဝိညာဏ်ဒွေးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုဇိဝှါဝိညာဏ်ဒွေးနှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ဖောဋ္ဌဗ္ဗာယတနံ** = အတွေ့ဖောဋ္ဌဗ္ဗာရုံသည်၊ **ကာယဝိညာဏဓာတုယာ စ** = ကာယဝိညာဏ်ဒွေးအားလည်းကောင်း၊ (ဝါ) ထိသိစိတ်နှစ်ခုအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုကာယဝိညာဏ်ဒွေးနှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၇)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** =

အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ရူပါယတနံ** = အဆင်းရူပါရုံသည်လည်းကောင်း၊ **သဒ္ဒါယတနံ** = အသံသဒ္ဒါရုံသည်လည်းကောင်း၊ **ဂန္ဓာယတနံ** = အနံ့ဂန္ဓာရုံသည်လည်းကောင်း၊ **ရသာယတနံ** = အရသာရသာရုံသည်လည်းကောင်း၊ **ဖောဋ္ဌဗ္ဗာယတနံ** = အတွေ့ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း၊ **မနောဓာတုယာ စ** = မနောဓာတ်(၃)ပါးအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်တို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။

**ယံ ရူပံ** = အကြင်ဟဒယဝတ္ထုရုပ်ကို၊ **နိဿာယ** = အမှီပြု၍၊ **မနောဓာတု စ** = မနောဓာတ်သည်လည်းကောင်း၊ **မနောဝိညာဏဓာတု စ** = မနောဝိညာဏဓာတ်သည်လည်းကောင်း၊ **ဝတ္တန္တိ** = ဖြစ်ကုန်၏။ **တံ ရူပံ** = ထိုဟဒယဝတ္ထုရုပ်သည်၊ **မနောဓာတုယာ စ** = မနောဓာတ်(၃)ခုအားလည်းကောင်း၊ **မနောဝိညာဏဓာတုယာ စ** = မနောဝိညာဏဓာတ်(၇၂)ခုအားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ** = ထိုမနောဓာတ် မနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ **ဓမ္မာနဉ္စ** = စေတသိက်(၅၂)ပါးတို့အားလည်းကောင်း၊ **အတ္ထိပစ္စယေန** = အတ္ထိပစ္စယသတ္တိဖြင့်၊ **ပစ္စယော+ဥပကာရကော** = ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

အတ္ထိပစ္စယသတ္တိ ကျေးဇူးပြုပုံကို မြန်မာဝေါဟာရဖြင့် အနက်ပေးလိုက်တာ ဖြစ်ပါတယ်။ ပါဠိလို ရှင်းတမ်းကတော့ အသင့်အတင့် ပြည့်စုံသွားပြီ။ တရားနာပရိသတ်များအတွက် တရားနာပရိသတ်များက ဝိပဿနာယောဂီတွေများကြတော့ ဝိပဿနာရှုပုံ ဆက်လက်ပြီးတော့ ဟောကြားဖို့ပဲ ကျန်ပါတော့တယ်။

ဝိပဿနာရှုဖို့ ဒီနေရာမှာ စုံစုံလင်လင် တွေ့ရတာကတော့ ပဋိစ္စသမုပ္ပါဒ်လည်ပတ်ပုံ ဒီမှာ အခြေခံတွေ ပါလာပါတယ်။

တစ်ချိန်သောအခါမှာ မြတ်စွာဘုရား ဉာတိကရွာ၊ အုတ်တိုက်ပြာသာဒ်ကျောင်းမှာ သီတင်းသုံးနေတယ်။ တစ်ပါးတည်း သီတင်းသုံးနေတယ်။ အဲဒီမှာ သီတင်းသုံးနေတဲ့အခါ မြတ်စွာဘုရားဉာဏ်တော်မှာ ဆင်ခြင်တဲ့စိတ်တွေဖြစ်လာတယ်တဲ့။

(၃၁)ဘုံကို အာရုံပြုပြီးတော့ သတ္တဝါတွေ သံသရာဝဋ်ဒုက္ခတွေမှာ လည်ပတ်နေတာကို မြတ်စွာဘုရားဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တယ်။ လည်ပတ်ပုံ ဆင်ခြင်ပြီးတော့ ဝဋ်ဒုက္ခတွေ ဖြစ်ကြောင်းတွေ ဆင်ခြင်တော်မူပါတယ်။ ဆင်ခြင်ပြီးတော့ ဝဋ်ဒုက္ခတွေ ပြတ်ကြောင်းတွေ မြတ်စွာဘုရား ဆက်လက်ပြီးတော့ ဆင်ခြင်တယ်။ ဆင်ခြင်ပြီးတဲ့အခါ မြတ်စွာဘုရား နှုတ်တော်ဖြင့် တစ်ခါရွတ်တော်မူပါတယ်။ နှုတ်တော်ဖြင့် တစ်ခါရွတ်ပုံကတော့ မြတ်စွာဘုရား ရွတ်တဲ့အထဲမှာ ဒီပါဠိတော်မှာပါတဲ့ အခြေခံ(၃)ချက် ပါနေတယ်။ စက္ခာယတနံ၊ ရူပါယတနံ၊ စက္ခုဝိညာဏဓာတုယာ၊ ဒီ(၃)ခုပါနေတယ်။ ဒီ(၃)ခုက သံသရာဝဋ်ဒုက္ခဖြစ်ကြောင်း အခြေခံတွေပဲတဲ့။

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

(၃၁)ဘုံမှာရှိနေတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်နေရတဲ့ ဝဋ်ဒုက္ခအဆက်ဆက်ကို မြတ်စွာဘုရားဉာဏ်တော်ဖြင့် ဆင်ခြင်တယ်။ နောက်ပြီးမှ ရွတ်ဆိုလိုက်တယ်။

စက္ခုဉ္စ = မျက်စိအကြည်ကိုလည်းကောင်း၊ ရူပေစ = ရူပါရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ = စွဲ၍၊ စက္ခုဝိညာဏံ = စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ = ဖြစ်၏။ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ စက္ခု = မျက်စိအကြည်၊ အတ္ထိပစ္စည်းတရားဖြစ်တယ်။ ရူပေစ = ရူပါရုံဆိုတာလည်း အတ္ထိပစ္စည်းတရား မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ပဋိစ္စ = သူတို့နှစ်ပါးကို အကြောင်းပြု၍ စွဲ၍၊ စက္ခုဝိညာဏံ = စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ = ဖြစ်၏။ စက္ခုဝိညာဏစေတနာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ အဲဒါကစပြီးတော့ ပဋိစ္စသမုပ္ပါဒ် လည်သွားနိုင်တယ်တဲ့။

မျက်စိအကြည်မှာ ရူပါရုံအဆင်းလာတိုက်တော့ မြင်သိစိတ်ဖြစ်။ မြင်သိစိတ်ဖြစ်ပြီးတော့ တိဏ္ဏံ သင်္ဂတိ ဖဿော။ တိဏ္ဏံ = မျက်စိအကြည်အဆင်းရူပါရုံ စက္ခုဝိညာဏ်တို့၏ ပေါင်းဆုံခြင်းသည်၊ (ဝါ) ပေါင်းဆုံခြင်းကြောင့်၊ ဖဿော = ဖဿသည်၊ သမ္ဘဝတိ = ဖြစ်၏။ သူတို့(၃)ဦး ပေါင်းဆုံလိုက်တဲ့ အတွေ့လေးကို ဘာလို့ခေါ်သလဲ ... ဖဿလို့ ခေါ်ပါတယ်

ဘုရား။ ဖဿတဲ့။ အခုအတ္ထိပစ္စည်းပါဠိတော်မှာတော့ မပါလာတော့ပေဘူး။ မပါလာသော်လည်း သူက တရားနာပရိသတ်များသန္တာန်မှာ ဆက်ပြီးတော့ ဖြစ်သွားတာပါပဲ။ မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။

**ဖဿပစ္စယာ** = ဖဿဟူသောအကြောင်းကြောင့်၊ **ဝေဒနာ** = ဝေဒနာသည်၊ **သမ္ဘဝတိ** = ဖြစ်၏။

ကြည့်လိုက်တဲ့အခါ မြင်လို့ကောင်းသလိုလို၊ မြင်လို့မကောင်းသလိုလို၊ အလယ်အလတ်လိုလို (၃)မျိုးလုံးပဲ တွေ့နိုင်ပါတယ်။ ကောင်းတဲ့ဝေဒနာလည်း ဖြစ်သွားနိုင်တယ်။ ဆိုးတဲ့ဝေဒနာလည်း ဖြစ်သွားနိုင်တယ်။ အလယ်အလတ်ရှိတဲ့ ဝေဒနာလည်း ဖြစ်သွားနိုင်တယ်တဲ့။

တရားနာပရိသတ်များ အဆင်းကောင်းကောင်း မြင်တဲ့အခါကျတော့ သုခဝေဒနာ ကောင်းတဲ့ဝေဒနာတွေ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ မကောင်းတဲ့ အဆင်းတွေ မြင်ရတော့လည်း ဒုက္ခဝေဒနာဖြစ်တယ်။ တစ်ခါတလေလည်း သာမညအဆင်းပဲ၊ သာမညနလုံးသွင်းပဲဆိုရင်တော့ ဥပေက္ခာဝေဒနာဖြစ်တယ်။

**ဖဿပစ္စယာ** = ဖဿဟူသောအကြောင်းကြောင့်၊ **ဝေဒနာ** = ဝေဒနာသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **ဝေဒနာပစ္စယာ** = ဝေဒနာဟူသောအကြောင်းကြောင့်၊ **တဏှာ** = စွဲလမ်းတပ်မက်ခြင်းတဏှာသည်၊ **သမ္ဘဝတိ** = ဖြစ်၏။

ဝေဒနာဖြစ်ရင်တော့ တဏှာကတော့ တစ်မျိုးမျိုးတော့ ဖြစ်ဘော့မှာပဲတဲ့။ သုခဝေဒနာကြောင့် တဏှာဖြစ်တာကတော့ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ သုခဆိုတော့ သာယာတဲ့တဏှာဖြစ်တယ်။

ဒုက္ခဝေဒနာကြောင့်လည်း တဏှာပဲ ဖြစ်တာပါပဲတဲ့။ ဆင်းရဲတွေနဲ့ တွေ့ရတော့ ချမ်းသာကိုပဲ ကောင်းတဲ့ခံစားခြင်းတွေကိုပဲ မျှော်လင့်တောင့်တ တယ်။ ဆင်းရဲနဲ့တွေ့တော့ ဆင်းရဲကိုတော့ မလိုချင်ဘူး။ ချမ်းသာတာကိုပဲ လိုချင်တယ်။ ပုဂ္ဂိုလ်သတ္တဝါတွေရဲ့စိတ်မှာ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ် ဘုရား။ ချမ်းသာကို လိုချင်တာလေးဟာ တရားကိုယ်ကောက်လိုက်တော့ တဏှာပါပဲ။ ဒုက္ခကလည်း တဏှာကို ကျေးဇူးမပြုပါဘူးလား ... ကျေးဇူးပြု ပါတယ်ဘုရား။ ဒုက္ခဝေဒနာကလည်း တဏှာကိုပဲ ကျေးဇူးပြုတယ်။ တချို့ တချို့ပုဂ္ဂိုလ်က ဉာဏ်မမီတော့ "ဒုက္ခက ဘယ့်နယ်တဏှာကို ကျေးဇူးပြုမှာ တုံးဘုရား"တဲ့။ မသိမှ မသိဘဲကိုးလို့။ ဒုက္ခတွေ့ရတော့ ချမ်းသာကိုပဲ မလို ချင်ပါဘူးလား ... လိုချင်ပါတယ်ဘုရား။ ချမ်းသာကိုပဲ တောင့်တတော့ တဏှာ ပဲ မဖြစ်ပါဘူးလား ... တဏှာပဲ ဖြစ်ပါတယ်ဘုရား။

ဒါကြောင့် ...

**ဝေဒနာပစ္စယာ** = ဝေဒနာဟူသောအကြောင်းကြောင့်၊ **တဏှာ** = တဏှာ သည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **တဏှာပစ္စယာ** = တဏှာဟူသောအကြောင်း ကြောင့်၊ **ဥပါဒါနံ** = စွဲလမ်းခြင်းသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ တဏှာဖြစ်ပြီး တပ်မက်ပြီးရင် စွဲလမ်းသွားတာပါပဲ။ စွဲလမ်းမှုတွေဖြစ်တယ်။

**ဥပါဒါနပစ္စယာ** = ဥပါဒါန်ဟူသောအကြောင်းကြောင့်၊ **ဘဝေါ** = ဘဝ သည်၊ **သမ္ဘဝတိ** = ဖြစ်၏။ စွဲလမ်းတော့ ရအောင်ပြု ကံတွေပြု။ ကမ္မဘဝ တွေဖြစ်တယ်။ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။

**ဥပါဒါနပစ္စယာ** = စွဲလမ်းခြင်းဟူသောအကြောင်းကြောင့်၊ **ဘဝေါ** = ကမ္မဘဝ ဥပပတ္တိဘဝသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **ဘဝပစ္စယာ** = ကမ္မဘဝ

ဟူသောအကြောင်းကြောင့်၊ **ဇာတိ** = ပဋိသန္ဓေနေရခြင်းသည်၊ **သမ္ဘဝတိ** = ဖြစ်၏။

ကံတွေပြုတော့ ပဋိသန္ဓေ မနေရပါဘူးလား ... နေရပါတယ်ဘုရား။ ပဋိသန္ဓေနေရတယ်ဆိုတာ တရားနာပရိသတ်များ သိပြီးသားပဲ။ ချမ်းသာပါသလား၊ ဆင်းရဲပါသလား ... ဆင်းရဲပါတယ်ဘုရား။ အို ... (၉)လ(၁၀)လ အမိဝမ်းတွင်းမှာ ဒုက္ခတွေခံလိုက်ရတာ မသိလို့သာ၊ သိရင်တော့ နေကိုနေချင်တော့မှာမဟုတ်ဘူး။ ဟို ... ပဋိသန္ဓေအခါမှာ မသိတတ်တဲ့အရွယ်ဆိုတော့ ခံသာခံနေရတယ်။ မသိတော့ မသိဘူး။ အင်မတန်များပြားတဲ့ ဒုက္ခကြီးပဲ။

**ဇာတိပစ္စယာ** = ပဋိသန္ဓေနေရခြင်းတည်းဟူသော အကြောင်းကြောင့်၊ **ဇရာ မရဏံ** = အိုရခြင်း သေရခြင်းသည်၊ **သမ္ဘဝတိ** = ဖြစ်၏။

ဇာတိဖြစ်လာပြီးရင် လူရယ်လို့ဖြစ်လာပြီးရင် မအိုရတဲ့ပုဂ္ဂိုလ်ရယ်လို့ ... မရှိပါဘုရား။ မသေရတဲ့ပုဂ္ဂိုလ်လို့လည်း ... မရှိပါဘုရား။ မရှိဘူး။ သေရမှာမုချပဲ။ မြတ်စွာဘုရားဉာဏ်တော်မှာ သိနေပြီ။ ဆင်ခြင်ပြီးတော့ ရွတ်ဆိုသရဇ္ဈာယ်ပါတယ်တဲ့။

**သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ** = စိုးရိမ်ရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း ပြင်းစွာပူပန်ခြင်းတို့သည်၊ **သမ္ဘဝန္တိ** = ဖြစ်ကုန်၏။ **ဧဝံ** = ဤသို့သော အကြောင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ** = ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ **ဒုက္ခက္ခန္ဓဿ** = ဆင်းရဲအစု၏၊ **သမုဒယော** = ဖြစ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊

**ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပဋိစ္စသမုပ္ပါဒ်တရားတွေ၊ ဝဋ်ဒုက္ခတွေ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ဖြစ်နေပုံ မြတ်စွာဘုရားဉာဏ်တော်မှာ ထင်ရှားပြီးတော့ ရွတ်ဆိုတော်မူတာပါပဲတဲ့။ တိုတိုပြောတော့ မျက်စိကနေပြီး ပဋိစ္စသမုပ္ပါဒ်လည်ပုံပါပဲ။ မျက်စိကနေ မလည်သွားပါဘူးလား ... လည်သွားပါတယ်ဘုရား။ လည်သွားတယ်။ ထို့နောက်တစ်ခါ ပဋိစ္စသမုပ္ပါဒ်ချုပ်ငြိမ်းပုံကို ဝဋ်ဒုက္ခတွေချုပ်ငြိမ်းပုံကိုလည်း မြတ်စွာဘုရား ဆက်လက်ပြီးတော့ ဆင်ခြင်တော်မူပါတယ်တဲ့။

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။**

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ချုပ်ငြိမ်းသွားတာ၊ ပြတ်သွားတာကိုလည်း မြတ်စွာဘုရားဉာဏ်တော်မှာ ထင်လာလို့ မြတ်စွာဘုရား ဟောကြားပါတယ်။

**စက္ခုဉ္စ** = မျက်စိအကြည်ကိုလည်းကောင်း၊ **ရူပေစ** = ရူပါရုံတို့ကိုလည်းကောင်း၊ **ပဋိစ္စ** = စွဲ၍၊ **စက္ခုဝိညာဏံ** = စက္ခုဝိညာဏ်သည်၊ **ဥပ္ပဇ္ဇတိ** =

ဖြစ်၏။ **တိဏ္ဏံ** = မျက်စိအကြည် ရူပါရုံ မြင်သိစိတ်တို့၏ ပေါင်းဆုံခြင်းကြောင့်၊ **ဖဿော** = ဖဿသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **ဖဿပစ္စယာ** = ဖဿဟူသောအကြောင်းကြောင့်၊ **ဝေဒနာ** = ဝေဒနာသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **ဝေဒနာပစ္စယာ** = ဝေဒနာဟူသောအကြောင်းကြောင့်၊ **တဏှာ** = တဏှာသည်၊ **သမ္ဘဝတိ** = ဖြစ်၏။ **တဿာယေဝတဏှာယ** = ထိုတဏှာ၏သာလျှင်၊ **အသေသဝိရာဂနိရောဓာ** = အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ **ဥပါဒါနနိရောဓော** = ဥပါဒါန်၏ချုပ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဥပါဒါနနိရောဓာ** = ဥပါဒါန်ချုပ်ခြင်းကြောင့်၊ **ဘဝနိရောဓော** = ဘဝချုပ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဘဝနိရောဓာ** = ဘဝ၏ချုပ်ခြင်းကြောင့်၊ **ဇာတိနိရောဓော** = ဇာတိ၏ချုပ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဇာတိနိရောဓာ** = ဇာတိ၏ချုပ်ခြင်းကြောင့်၊ **ဇရာ မရဏံ** = အိုရခြင်း သေရခြင်းသည်၊ **နိရုဇ္ဈတိ** = ချုပ်၏။ **သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ** = စိုးရိမ်ရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း ပြင်းစွာပူပန်ခြင်းတို့သည်၊ **နိရုဇ္ဈန္တိ** = ချုပ်ကုန်၏။ **ဧဝံ** = ဤဆိုအပ်ခဲ့ပြီးသောအကြောင်း ချုပ်ခြင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ** = ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤဒုက္ခအစု၏၊ **နိရောဓော** = ချုပ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဝေဒနာပစ္စယာ တဏှာ။ ဝေဒနာကြောင့် တဏှာဖြစ်။ အဲဒီတဏှာ အကြွင်းမဲ့ချုပ်သွားပြီဆိုလို့ရှိရင် အဆက်အဆက် အကုန်ချုပ်တော့တာပါပဲတဲ့။ ဝေဒနာကတော့ မဖြစ်ဘဲ မနေဘူး။ ဖြစ်မှာပဲ။ အဲဒီဝေဒနာကြောင့်ဖြစ်တဲ့

တဏှာချုပ်သွားရင်တော့ ချုပ်အောင် ရှုမှတ်နိုင်တယ်ဆိုရင်တော့ ဝေဒနာမှာ စွဲလမ်းနေတဲ့ တဏှာချုပ်သွားတော့ ဝေဒနာမှာ ငြိကပ်နေတဲ့ တဏှာချုပ်သွားတော့ ဥပါဒါန်လည်းချုပ်၊ ဥပါဒါန်ချုပ်တော့ ကမ္မဘဝတွေလည်းချုပ်၊ ဘဝချုပ်တော့ ဇာတိချုပ်၊ ဇာတိချုပ်တော့ ဇရာ မရဏ = အိုရခြင်း သေရခြင်းချုပ်၊ သောကတွေ ပရိဒေဝတွေ ငိုကြွေးရခြင်း၊ ပူဆွေးရခြင်း ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ပြင်းစွာပူပန်ခြင်းတွေ ချုပ်သွားတာပါပဲ။ "နိရောဓ" ချုပ်ငြိမ်းခြင်းသို့ ရောက်သွားတာပဲ၊ အပြီးတိုင် ချုပ်ငြိမ်းသွားတာ နိဗ္ဗာန်သို့ ရောက်သွားကြတာပါပဲ။ သံသရာစက်ပြတ်ပုံဖြစ်တယ်။

ဘယ်ကနေ ဖြတ်ရမလဲဆိုရင် တဏှာပြတ်အောင် ဖြတ်ရမယ်ဆိုတဲ့ အစိပ္ပါယ်မပါလာပါဘူးလား ... ပါလာပါတယ်ဘုရား။ တဏှာပြတ်အောင် ဖြတ်ချင်တယ်ဆိုတော့ တဏှာကျမှ သွားဖြတ်ရင်တော့ လွယ်မှလွယ်ပါတော့မလား ... မလွယ်ပါဘုရား။ သူ့ရဲ့အကြောင်းကစပြီး ဖြတ်ရမယ်။ ဝေဒနာကို ရှုမှတ်နိုင်လို့ရှိရင် တဏှာမဖြစ်တော့ဘူး။ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်ကတည်းက စပြီးတော့ အခုတရားနာပရိသတ်များ မှတ်နေတော့ တဏှာဖြစ်ခွင့်မရဘူး။ ဝိပဿနာရှုနေတာ သံသရာစက်ကို ဖြတ်နေတာနဲ့ မတူပါဘူးလား ... တူပါတယ်ဘုရား။

ဝိပဿနာရှုနေတော့ မြင်လျှင်မြင်ခိုက်မှာ မြင်တယ် မြင်တယ်လို့မှတ်၊ မြင်ကာမျှမတ္တမှာ တည်တည်သွားတော့ ဒီအဆင်းကို လိုချင်တဲ့တဏှာ ဖြစ်ပါရဲ့လား ... မဖြစ်ပါဘုရား။ မဖြစ်တော့ဘူး။ မြင်ကာမျှမတ္တမှာတည်၊ ကြားကာမျှမတ္တမှာတည်၊ နံကာမျှမတ္တမှာတည်၊ စားကာမျှမတ္တမှာတည်၊ ထိကာမျှမတ္တမှာတည်၊ သိကာမျှမတ္တမှာ တည်တည်သွားတော့ တဏှာဖြစ်ခွင့်မရဘူး။ ဝိပဿနာရှုလို့ အခြေခံသမာဓိလေးဖြစ်တာနဲ့ တဏှာဟာ ပြတ်သွားတော့

တာပဲ။ ဝိပဿနာဉာဏ်တွေ ရင့်ကျက်လာရင်တော့ ပိုပြီးတော့ မပြတ်ဘူးလား ... ပိုပြီးတော့ ပြတ်ပါတယ်ဘုရား။ ဒီတော့ ဝိပဿနာမရှုလို့ရှိရင်တော့ သံသရာလည်နေမှာပဲတဲ့။ တရားနာပရိသတ်များကတော့ လည်ချင်ပါသေးလား ... မလည်ချင်ပါဘူးဘုရား။

**ကေဝလဿ** = ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ **ဧတဿ** = ဤဆင်းရဲအစု၏၊ **သမုဒယော** = ဖြစ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။

ဆင်းရဲကြီးတွေပါပဲတဲ့။ ဒီဘဝလည်းဆင်းရဲ၊ နောင်ဘဝလည်းဆင်းရဲ၊ ဘဝရယ်လို့ဖြစ်လာရင်တော့ ဆင်းရဲနဲ့ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ချမ်းသာလေးလည်း ... ရှိပါတယ်ဘုရား။ လျှောက်ထားဖို့ မကောင်းဘူးလား ... ကောင်းပါတယ်ဘုရား။ အဲဒီချမ်းသာကလည်း မြတ်စွာဘုရားဉာဏ်အမြင်ကတော့ ဝိပရိဏာမဒုက္ခ ဆင်းရဲတစ်မျိုးပဲ။ ဖောက်ပြန် ဖောက်ပြန်သွားတယ်တဲ့။ ချမ်းသာသလိုလိုနဲ့ သူက ဒုက္ခပေးနေတာပဲ။ ဝိပရိဏာမဒုက္ခ သားတွေ သမီးတွေ စည်းစိမ်ဥစ္စာတွေ ပြည့်စုံ၊ လောကီချမ်းသာတွေမရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ မြဲပါရဲ့လား ... မမြဲပါဘုရား။ မမြဲဘူး။

တစ်ခါတလေ ရုတ်တရက် မမျှော်လင့်ဘဲနဲ့ ပျက်စီးသွားလိုက်တော့ အဲဒီပြည့်စုံနေတဲ့ ချမ်းသာထက် ပိုပြီးတော့ ဆင်းရဲမသွားဘူးလား ... ပိုပြီးတော့ဆင်းရဲသွားပါတယ်ဘုရား။ ချစ်ခင်တဲ့ သားငယ်သမီးငယ်တွေ တွေ့နေတာနဲ့ချမ်းသာနေတဲ့အခိုက်မှာ သားငယ်သမီးငယ်တွေ အကြောင်းတစ်ပါးပါးကြောင့်ရုတ်တရက် မမျှော်လင့်ဘဲ ပျက်စီးသွားတယ်။ အို ... ဆင်းရဲလိုက်တာ၊ အရင်ကချမ်းသာထက်ကို ပိုပြီးဆင်းရဲတယ်။ တစ်ခါတည်း ရူးသွားမလောက်မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ မဖောက်ပြန်ပါဘူးလား

... ဖောက်ပြန်ပါတယ်ဘုရား။ ဖောက်ပြန်တဲ့အတွက် မြတ်စွာဘုရားက ဝိပရိဏာမဒုက္ခတဲ့။ ချမ်းသာလို့မထင်ပါနဲ့။ ဖောက်ပြန်တတ်တဲ့ ဆင်းရဲဒုက္ခ တစ်မျိုးပါပဲ။

ဒါကြောင့် ကေဝလဿ = ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ ဧတဿ = ဤဆင်းရဲအစု၏၊ သမုဒယော = ဖြစ်ခြင်းသည်၊ ဟောတိ = ဖြစ်၏ဟု ဟောကြားတော်မူတာဖြစ်တယ်။

မရှုမှတ်ရင်တော့ ဆင်းရဲနဲ့ မုချတွေ့ရမှာပဲ။ ဒီဘဝမှာလည်း တွေ့ရ၊ နောက်နောင်ဘဝတွေမှာလည်း မရှုမှတ်နိုင်သမျှကာလပတ်လုံးတော့ တွေ့ရမှာပဲ။ ဆောင်ပုဒ်ကလေးပါ ထည့်ဆိုရအောင်။

ဆောင်ပုဒ် ။ ။ မြင်သိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ကြားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
နံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
စားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ထိသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ကြံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။

မမှတ်ရင်တော့ မပြတ်တော့ မလည်ပတ်ပါဘူးလား ... လည်ပတ်ပါတယ်ဘုရား။ လည်ပတ်တယ်တဲ့။

ဆောင်ပုဒ် ။ ။ မြင်သိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။
ကြားသိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။

နံသိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။
စားသိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။
ထိသိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။
ကြံသိရာတွင်၊ ရှုမှတ်လျှင်၊ အစဉ်ပြတ်နိုင်သည်။

ရှုမှတ်လို့ရှိရင်တော့ သံသရာစက်ပြတ်တယ်။ ပဋိစ္စသမုပ္ပါဒ်တရားတွေ သိပြီးတဲ့နောက်ပိုင်းမှာ ဖြတ်ဖို့ရာ အဓိကပါပဲ။ သိရုံမျှလေး သိထားရင်တော့ သိပ်တော့ နေရာမကျသေးဘူး။ သိရုံမျှသိတာကတော့ မြတ်စွာဘုရား တရားဒေသနာတော်ကိုသိရလို့ မြတ်စွာဘုရားရဲ့ တရားဒေသနာတော်တွေ ပရိယတ္တိသာသနာကို ကြည်ညိုရတဲ့သဘော သက်ရောက်လို့ အတော်အသင့်တော့ကောင်းပါတယ်။ သိသာသိပြီးတော့ သံသရာစက်ပြတ်အောင် မမှတ်ဘူးဆိုရင်တော့လည်း နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျဘူး။ သိပြီးရင်တော့ ပြတ်အောင် ဖြတ်နိုင်မှလည်း နေရာကျမယ်။

ဖြတ်နိုင်တဲ့ဘဝ၊ ဖြတ်နိုင်တဲ့အခြေခံရှိမှ ဖြတ်လို့ရတယ်။ ဖြတ်နိုင်တဲ့ဘဝမျိုးမဟုတ်ဘူး၊ ဖြတ်နိုင်တဲ့အခြေခံမျိုး မရှိဘူးဆိုရင်တော့ ဖြတ်လို့ ရမှ ရပါ့မလား ... မရပါဘုရား။ အက္ခဏ-ဆိုတဲ့ ခဏဆိုး(၈)မျိုးထဲ ရောက်နေရင်တော့ မဖြတ်နိုင်ဘူးတဲ့။

အခုတရားနာပရိသတ်များရောက်နေတဲ့ ခဏက ဗုဒ္ဓုပ္ပါဒ နဝမ ခဏ-ဖြစ်တယ်။ ဗုဒ္ဓ-က မြတ်စွာဘုရား၊ ဥပ္ပါဒ-က ပွင့်တော်မူတာ၊ နဝမ-က (၉)ခုမြောက်၊ ခဏ-က အခွင့်ကောင်းအခွင့်သာ။ သံသရာစက်ကို ပြတ်အောင်ဖြတ်နိုင်တဲ့ အခွင့်ကောင်းအခွင့်သာဖြစ်တဲ့ သာသနာတော်ကြီးနဲ့ တရားနာပရိသတ်များ မတွေ့နေရပါဘူးလား ... တွေ့နေရပါတယ်ဘုရား။

(၉)ခုမြောက် အခွင့်ကောင်းအခွင့်သာကြီးပဲ။ အဲဒီလို အခွင့်ကောင်းအခွင့်သာ ရထားတဲ့အခိုက်အတန့်မှာ ဖြတ်နိုင်တာဖြစ်တယ်။

အခွင့်ကောင်းအခွင့်သာကြီး လွန်သွားရင်တော့ မဖြတ်နိုင်တော့ဘူးတဲ့။ မြတ်စွာဘုရား မကြာခဏပဲ ဟောကြားပါတယ်။

**နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။**
**ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဥပစ္စဂါ။**
**ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။**

**ပစ္စန္တံ** = တိုင်းစွန်တိုင်းဖျား၌ဖြစ်သော၊ **နဂရံ** = မြို့ကို၊ **သန္တရဗာဟိရံ** = အတွင်းအပနှင့်တကွ၊ **ဂုတ္တံယထာ** = လုံခြုံအောင် စောင့်ရှောက်ရသကဲ့သို့၊ **ဧဝံ** = ဤအတူ၊ **အတ္တာနံ** = မိမိကိုယ်ကို (ဝါ) မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော မိမိကိုယ်ကို၊ **ဂေါပေထ** = လုံခြုံအောင် စောင့်ရှောက်ကြကုန်လော့။ **ခဏော** = ဘုရားပွင့်တော်မူလာသော အခွင့်ကောင်းအခါကောင်းသည်၊ **မာဥပစ္စဂါ** = မလွန်သွားစေလင့်။ **ခဏာတီတာ** = ဘုရားပွင့်တော်မူလာသော အခွင့်ကောင်းအခါကောင်းကို လွန်စေကြကုန်သောသူတို့သည်၊ **နိရယမှိ** = ငရဲ၌၊ **သမပ္ပိတာ** = ကျရောက်ကုန်သည်ဖြစ်၍၊ **သောစန္တိ** = အဖန်တလဲလဲစိုးရိမ်ကြရကုန်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။ (ဓမ္မပဒ-ဋ္ဌ-၂/၃၀၄)

သာဓု ... သာဓု ... သာဓုပါဘုရား။

တိုင်းစွန်တိုင်းဖျားမှာနေကြတဲ့ မြို့သူမြို့သားတွေ မိမိတို့မြို့ကို သူပုန်သူကန်တွေရန်မှ လုံခြုံအောင် စောင့်ရှောက်ရသကဲ့သို့ မိမိတို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ခန္ဓာကိုယ်ကို လုံခြုံအောင်စောင့်ကြ၊ သံသရာစက်ပြတ်အောင် အားထုတ်ကြ၊ ဘုရားပွင့်နေတဲ့အခိုက်အတန့် မလွန်သေးခင် ရှိနေတဲ့အခိုက်အတန့် အားထုတ်ကြ။

ဘုရားပွင့်နေတဲ့အခိုက်အတန့် လွန်သွားပြီ၊ သာသနာကွယ်သွားပြီဆိုလို့ ရှိရင်တော့ အားထုတ်လို့ မရတော့ဘူး။ မရတော့ များသောအားဖြင့် ပုဂ္ဂိုလ်သတ္တဝါတွေဟာ အပါယ်သံသရာသို့သာ ကျရောက်တာများကြတယ်။ ငရဲသို့ ကျပြီးတော့ အဖန်ဖန်ပူပန်ကြရလိမ့်မယ်။ ဘယ်သူမိန့်ကြားပါသလဲ ... မြတ်စွာဘုရား မိန့်ကြားပါတယ်ဘုရား။ မြတ်စွာဘုရား မိန့်ကြားတယ်။

အခွင့်ကောင်းအခါကောင်းရှိတဲ့အခါမှာ ရအောင်ယူလိုက်တဲ့။ အပါယ်တံခါးပိတ်တဲ့အဆင့်ထိ ရအောင်ယူလိုက်။ မယူနိုင်ဘူး၊ မယူကြဘူးဆိုလို့ရှိရင်တော့ အပါယ်သံသရာသို့ ရောက်သွားပြီးတော့ ငရဲမှာကျပြီးတော့ အဖန်ဖန်အထပ်ထပ် စိုးရိမ်မှုတွေ ဖြစ်နေရလိမ့်မယ်။ ဪ ... လူဖြစ်စဉ်အခါတုန်းက သာသနာတော်ကြီးနဲ့ တွေ့ကြုံစဉ်အခါတုန်းက အားမထုတ်ခဲ့လို့ အခုလို ငရဲဆင်းရဲတွေ ခံနေရတာပဲဟု နောင်တပူပန်မှုတွေ မဖြစ်ရပါဘူးလား ... ဖြစ်ရပါတယ်ဘုရား။ အဲဒီအခါကျမှ နောင်တပူပန်မှုတွေ သွားဖြစ်နေကြမယ်တဲ့။ အခွင့်ကောင်းအခါကောင်း ရထားတဲ့အခိုက်အတန့် ပြတ်အောင်ဖြတ်၊ အနည်းဆုံးတော့ အပါယ်သံသရာဝဋ်ဒုက္ခ ပြတ်သွားအောင်တော့ ယခုတရားနာပရိသတ်များ မဖြတ်နေကြရပါဘူးလား ... ဖြတ်နေကြရပါတယ်ဘုရား။

အခွင့်ကောင်းအခါကောင်းရှိနေတဲ့အခိုက်မှာ ဖြတ်နေကြရတာဖြစ်တယ်။ အခွင့်ကောင်းအခါကောင်းမရှိတဲ့အခါ ဘယ်လိုမှဖြတ်လို့ မရတော့ပေဘူး။ ဖြတ်ဖို့ရာ နည်းလမ်းတွေကတော့ ယခုတရားနာပရိသတ်များ ရှုမှတ်နေတာ ဖြတ်ဖို့ရာ နည်းလမ်းပါပဲ။ ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်လေးပါးဖြင့် မိမိတို့ခန္ဓာကိုယ်မှာ ပေါ်ရာပေါ်ရာလေးတွေကို ပေါ်ခိုက်ပေါ်ခိုက်မှာ ရှုမှတ်နေတာ သံသရာစက်ကို ဖြတ်နေတာပါပဲတဲ့။

ပေါ်ရာပေါ်ရာအာရုံတွေကို ပေါ်ခိုက်ပေါ်ခိုက်မှာမှတ်နေတော့ လောဘ တဏှာ ဖြစ်ခွင့်ရပါရဲ့လား ... မရပါဘုရား။ လောဘချုပ်သွားတာနဲ့ ဉပါဒါန်လည်း ချုပ်သွား၊ စွဲလမ်းမှုတွေ မရှိတော့ပေဘူး။ စွဲလမ်းမှုမရှိတော့ ကံတွေလည်း မပြုလုပ်တော့ဘူး။ ကံတွေမပြုလုပ်တော့ ဘဝလည်း ... ချုပ်ပါတယ်ဘုရား။ ဘဝသည်း မဖြစ်တော့ဘူး ချုပ်သွားတယ်။ ဘဝချုပ်တော့ ဇာတိဇရာ မရဏတွေ အိုရခြင်း သေရခြင်းစတဲ့ ဒုက္ခတွေ၊ သောက ပရိဒေဝတွေ၊ ဉပါယာသတွေ ပြင်းစွာပူပန်ရခြင်းတွေ မချုပ်သွားပါဘူးလား ... ချုပ်သွားပါတယ်ဘုရား။ ချုပ်သွားတယ်။

တစ်ချက်မှတ် တစ်ချက်ချုပ်၊ တစ်ချက်မှတ် တစ်ချက်ချုပ်ပါပဲ။ တရားနာပရိသတ်များ မှတ်နေတာ တစ်ချက်မှတ် တစ်ချက်ချုပ်နေတော့ မှတ်နေတဲ့ အခိုက်အတန့်မှာ တဏှာမချုပ်သွားပါဘူးလား ... ချုပ်သွားပါတယ်ဘုရား။ ဖြစ်ခွင့်မရတာ ချုပ်နေတာပဲ။ မမှတ်ရင်တော့ သိမ်မွေ့တဲ့ လောဘတဏှာလေးတွေက မသိမသာ မရှိနေတတ်ပါဘူးလား ... ရှိနေတတ်ပါတယ်ဘုရား။ ဟိုဟာလေးလိုချင်၊ ဒီဟာလေးလိုချင်၊ အမျိုးမျိုး လိုချင်စရာတွေက ဝင်နေတတ်တယ်။ အဲဒါတွေဟာ တဏှာပဲ။ မှတ်နေတဲ့အခိုက်အတန့် ဝင်လို့မရတော့ဘူး။ ချုပ်သွားရတယ်။

တစ်ချက်မှတ် တစ်ချက်ချုပ်တော့ တစ်စက္ကန့်မှာ တစ်မှတ်ရတဲ့ပုဂ္ဂိုလ်က များပါတယ်။ မများပါဘူးလား ... များပါတယ်ဘုရား။ ယောဂီဟောင်းများတော့ တစ်စက္ကန့်အတွင်းမှာ တစ်မှတ်ဆိုတာ နည်းတောင်နည်းပါသေးတယ်။ တစ်ချက်မှတ်လိုက်ရင် အများကြီး အသိဉာဏ်တွေ ဝင်လာတာတွေရှိတယ်။

တစ်စက္ကန့်မှာ တစ်မှတ်နဲ့ပဲတွက်ရင် တစ်စက္ကန့်မှာ တစ်မှတ်၊ တစ်မိနစ်မှာ အမှတ်ပေါင်း(၆၀)၊ တစ်နာရီမှာ အမှတ်ပေါင်း(၃၆၀၀)။ တစ်နာရီ ထိုင်မှတ်လိုက်လို့ရှိရင် ဘဝပေါင်း(၃၆၀၀) မချုပ်ငြိမ်းသွားပါဘူးလား ... ချုပ်ငြိမ်းသွားပါတယ်ဘုရား။ သင်္ချာနည်းနဲ့တွက်တော့ အလွန်ပဲအားရစရာပဲ။ ဘဝပေါင်း(၃၆၀၀) အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်း ငိုကြွေးရခြင်းဒုက္ခ၊ ပြင်းစွာပူပန်ရခြင်းဒုက္ခတွေ မချုပ်သွားဘူးလား ... ချုပ်သွားပါတယ်ဘုရား။ ချုပ်သွားပါတယ်။

(၇)ရက်၊ တစ်လစသည်မှတ်လိုက်တော့ သင်္ချာနည်းအရဆိုရင် တော်တော့်ကိုပဲ ချုပ်ငြိမ်းသွားတာပဲ။ ဒါကြောင့် ဝိပဿနာရှုရတာ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ အကျိုးများတယ်။ နည်းမှန်လမ်းမှန် ရှုနိုင်ဖို့ပဲ အရေးကြီးတယ်။ ယခုပါဠိတော်အရဆိုလို့ရှိရင် မျက်စိကစပြီးတော့ ရှုမှတ်ရမယ်။

ပါဠိတော်အရဆိုရင် မျက်စိကစပြီး ရှုမှတ်ပုံကို ဟောရတော့မှာပါပဲ။ မျက်စိအကြည်မှာ ရူပါရုံအဆင်းလေး လာတိုက်တယ်၊ စက္ခာယတနံဆိုတဲ့ မျက်စိအကြည်မှာ ရူပါယတနံဆိုတဲ့ အဆင်းရူပါရုံ လာမတိုက်ဘူးလား ... လာတိုက်ပါတယ်ဘုရား။ လာတိုက်တော့ ဘာစိတ်ဖြစ်ပါသလဲ ... မြင်သိ

စိတ်ဖြစ်ပါတယ်ဘုရား။ မြင်သိစိတ်ကလေးဖြစ်တယ်။ အဲဒီမြင်သိစိတ်ကလေးဖြစ်ခိုက်မှာ ရှုရတယ်။ မြင်တယ်၊ မြင်တယ်လို့ မရှုရဘူးလား ... ရှုရပါတယ်ဘုရား။ ဝိပဿနာအခြေခံရှိတဲ့ပုဂ္ဂိုလ် ရှုလို့ရပါတယ်။

ဝိပဿနာအခြေခံမရှိတဲ့ ပုဂ္ဂိုလ်ကတော့လည်း မြင်လာလို့ရှိရင် မြင်တယ်၊ မြင်တယ်လို့ မြင်ကာမျှမတ္တမှာ တည်အောင်ရှုရမယ်လို့ ပြောလိုက်လို့ရှိရင် "ဘယ်လိုပြောတဲ့စကားကြီးလဲ၊ မြင်ပါပြီဆိုရင် အားလုံးမြင်ပြီးသားပါပဲ" ဒီလိုအဖြေပေးတယ်။ မြင်ပါပြီဆိုရင် မြင်ကာမျှမတ္တမှာ ဘယ်ရမလဲ။ အမျိုးသားပဲ အမျိုးသမီးပဲ၊ ဖြူတယ် မဲတယ်၊ ပိန်တယ် ဝတယ်သိပြီးသား ဖြစ်နေတာပဲတဲ့။ သတိပဋ္ဌာန်အခြေခံမရှိတဲ့ပုဂ္ဂိုလ်က ဒီလိုပဲပြောတယ်။ "ဘယ်လိုရှုလို့ရမှာတုံး"လို့ မေးတယ်။

ယခုတရားနာပရိသတ်များလို သတိပဋ္ဌာန်အခြေခံရှိတဲ့ ပုဂ္ဂိုလ်များကတော့ မြင်ကာမျှမတ္တမှာ တည်အောင်ရှုလို့ မရဘူးလား ... ရှုလို့ရပါတယ်ဘုရား။ သတိက ကပ်နေတော့ မြင်ရတာ မြင်ကာမျှမတ္တမှာပဲ တည်သွားပါတယ်။

စင်္ကြံအမှတ်ကောင်းနေတဲ့ ယောဂီပုဂ္ဂိုလ်ဖြစ်ပါက ကြွတယ်၊ လှမ်းတယ်၊ ချတယ် မှတ်နေရာတွင် ကြွတယ်လို့မှတ်တဲ့အခါမှာ ပေါ့ပေါ့ပြီးတော့ တက်သွားတာ၊ လှမ်းတယ်လို့မှတ်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရွေ့သွားတာ၊ ချတယ်လို့မှတ်တဲ့အခါ လေးလေးပြီးတော့ ကျသွားတာကို ယောဂီက တွေ့နေတယ်။ မှတ်လို့ကောင်းနေတယ်။

အဲဒီလို အမှတ်တွေကောင်းနေတဲ့ အခိုက်အတန့်မှာ ယောဂီရှေ့နားက လူတစ်ယောက်က ဖြတ်သွားလိုက်တယ်။ "ယောဂီ ... ယောဂီနားက ဖြတ်သွားတာ ဘယ်သူပါလဲ"လို့ သွားမေးကြည့်ရင် "လူတစ်ယောက်တော့

ဖြတ်သွားတာပဲ၊ ဘယ်သူလဲတော့ မသိဘူး" မပြောဘူးလား ... ပြောပါတယ် ဘုရား။ အမျိုးသားလား အမျိုးသမီးလား။ အရပ်ကမြင့်သလား နိမ့်သလား ကွဲမှကွဲပြားပါ့မလား ... မကွဲပြားပါဘုရား။ မြင်ကာမျှမတ္တမှာ မတည်သွားပါ ဘူးလား ... တည်သွားပါတယ်ဘုရား။ လောဘတဏှာ ဖြစ်ခွင့်ရရဲ့လား ... ဖြစ်ခွင့်မရပါဘုရား။ သံသရာစက် ဖြတ်လိုက်တာဖြစ်ပါတယ်။

ဝိပဿနာအခြေခံလေးရှိတော့ ဖြတ်လို့ရသွားပြီ။ ကိုယ်ဖြတ်ချင်ရင်ပေါ့ လေ။ မဖြတ်ချင်ရင်တော့လည်း ဘယ်တတ်နိုင်မလဲ။ မဖြတ်ချင်ရင်တော့ လည်ဦးပေါ့လေ။ ဒုက္ခတွေ ခံဦးပေါ့။

**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။**

**ဒိဋ္ဌေ** = မြင်ရသောအဆင်းရူပါရုံ၌၊ **ဒိဋ္ဌမတ္တံ** = မြင်ကာမျှဖြစ်သော စိတ်သည်၊ **ဘဝိဿတိ** = ဖြစ်လတ္တံ့. (ဝါ) ဖြစ်အောင်ရှုရမယ်။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင်ရှုတတ်ရမယ်၊ ရှုရမယ်။ သံသရာ စက်ပြတ်ချင်လို့ရှိရင် မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ရှုရတယ်။ သတိ ပဋ္ဌာန်အခြေခံရှိတဲ့ပုဂ္ဂိုလ်များ မခက်လှပါဘူး။

မြင်သိစိတ်ဖြစ်တာ အကြောင်း(၄)ပါးကြောင့် ဖြစ်ရတယ်။

(၁) မျက်စိအကြည်ရယ်

(၂) ရူပါရုံအဆင်းရယ်
(၃) အရောင်အလင်းရယ်
(၄) နှလုံးသွင်းရယ် ဘယ်နှမျိုးရှိပါသလဲ ... (၄)မျိုးရှိပါတယ်ဘုရား။ ဤအကြောင်း (၄)ပါးပြည့်စုံမှ မြင်သိစိတ်ဖြစ်တယ်။

အခု မျက်စိအကြည်လည်း ရှိနေတယ်။ ရူပါရုံအဆင်းလည်း လာတိုက်တယ်။ အရောင်အလင်းကလည်း ရှိနေတယ်။ ယောဂီစကြံလျှောက်တော့ အရောင်အလင်းကလည်း မရှိဘူးလား ... ရှိနေပါတယ်ဘုရား။ နှလုံးသွင်းတာ သူ့မှာမရှိဘူးတဲ့။ ဘာကိုသာ နှလုံးသွင်းနေပါသလဲ ... ရှုမှတ်မှုကိုသာ နှလုံးသွင်းနေပါတယ်ဘုရား။ အမှတ်ကို နှလုံးသွင်းတယ်။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု ရှုမှတ်ရာ၌ ပေါ့တာ လေးတာတွေကိုပဲ နှလုံးကသွင်းထားတော့ ဟိုမှာမြင်ရတာ မြင်ကာမျှမတ္တ မတည်သွားပါဘူးလား ... တည်သွားပါတယ်ဘုရား။

မြင်ကာမျှမတ္တမှာတည်သွားတာ သိပ်ထင်ရှားတာပဲ။ နှလုံးသွင်းက အမှတ်ကိုသာ နှလုံးသွင်းတယ်။ ကြွတဲ့ လှမ်းတဲ့ ချတဲ့အမူအရာ၊ ပေါ့တဲ့ လေးတဲ့သဘောကိုသာ နှလုံးသွင်းနေတော့ မြင်ရတဲ့ အဆင်းရူပါရုံဟာ မြင်ကာမျှမတ္တမှာပဲ တည်သွားတယ်။

တရားနာပရိသတ်များလို ဝိပဿနာအခြေခံရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် သိပ်တော့မခက်လှပါဘူးတဲ့။ ဝိပဿနာအခြေခံမရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ အလွန်ခက်ပါတယ်တဲ့။ ဘယ်လိုပြောတဲ့ စကားကြီးလဲတဲ့။ ဆန့်ကျင်ဘက်လို ဖြစ်နေတယ်။

ယောဂီတစ်ယောက်က သူကတော့ အင်မတန်ပဲ တရားလည်း လိုချင်ပါတယ်။ သူက အလွန်အလုပ်များတဲ့ ယောဂီပါပဲ။ (၁၀)ရက်ခွင့်ယူပြီးတော့ လာအားထုတ်တယ်။ ကြိုးကြိုးစားစား အားထုတ်တယ်။ တရားတွေလည်း ကြားထဲမှာ သိပ်တော့မလျှောက်နိုင်ဘူး။ လိုရင်းလေးလောက်ပဲ လျှောက်နိုင်တယ်။ နောက်ထွက်မည့်ရက်ကျတော့ တရားတွေ ပြည့်ပြည့်စုံစုံလျှောက်တယ်။

"တပည့်တော် ငယ်ငယ်တုန်းက ကျောင်းနေတော့ စိတ်ကဆတ်တယ်ဘုရား။ စိတ်ကဆတ်တော့ သူများနဲ့ မကြာခဏ ခိုက်ရန်ဖြစ်တော့ မိခင်ဖခင်တွေက ဆုံးမတယ်။ ဟဲ့ ... မြင်လျှင်မြင်ကာမျှမတ္တ၊ ကြားလျှင်ကြားကာမျှမတ္တ ဒီလိုစိတ်ကိုထားရတယ်။ သူ့ကိုဆုံးမတာကို ဘယ်လိုပြောတဲ့စကားကြီးလဲ။ သူ့စိတ်မှာ ဖြစ်သွားတယ်။ မြင်ပါပြီဆို အကုန်လုံးမြင်ပြီ။ ကြားပါပြီဆို အကုန်လုံးကြားပါပြီ။ ပြန်ပြီးတော့ မပြောရဲလို့သာ အသာလေးအောင့်ခဲ့ရတယ်ဘုရား။ အခုတော့ သိပါပြီဘုရား"လို့ လျှောက်ထားတယ်။ မသိသွားဘူးလား ... သိသွားပါတယ်ဘုရား။

မြင်ကာမျှမတ္တမှာတည်၊ ကြားကာမျှမတ္တမှာတည်အောင် ဝိပဿနာအခြေခံနတဲ့ ပုဂ္ဂိုလ်တွေမှာ ရှုမှတ်ကြရပါတယ်။ ဝိပဿနာအခြေခံရင့်ကျက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ မြင်တယ်၊ မြင်တယ်လို့ရှုလိုက်ရင် မြင်ရတဲ့ အဆင်းရူပါရုံလေး တရိပ်ရိပ်ပြောင်းလဲနေတာ၊ မြင်သိစိတ်လေးတွေ တစ်ခုပြီးတစ်ခု ပျက်ပျက်သွားတာ မြင်ကြတယ်။

တချို့ကတော့ တစ်မျိုးပဲမြင်တယ်။ တချို့ကတော့ နှစ်မျိုးလုံးမြင်တယ်။ တချို့က သုံးမျိုးတောင်မြင်တယ်။ မြင်တယ် မြင်တယ်လို့မှတ်လိုက်ရင် မြင်ရတဲ့ အဆင်းရူပါရုံလေးတွေ တရိပ်ရိပ် ကုန်ပျက်ကုန်ပျက်သွားတာ၊ မြင်သိစိတ်ကလည်း ကုန်ပျက်ကုန်ပျက်သွားတာ၊ မြင်တယ် မြင်တယ်မှတ်လိုက်တဲ့

မှတ်သိစိတ်ကလေးလည်း ကုန်ပျက်ကုန်ပျက်သွားတာ မြင်ကြတယ်။ မြင်တော့ မမြဲပါလား၊ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

မမြဲတာကြီးကို ဘယ်ပုဂ္ဂိုလ်ကများ စွဲပါဦးမလဲ ... မစွဲတော့ပါဘုရား။ ဘယ်သူမှ မနှစ်သက်တော့ဘူး။ မမြဲဘူးဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ အနိစ္စပါဘုရား။ မမြဲတဲ့အနိစ္စကြီးကို တပ်မက်တယ်လို့တော့ မရှိတော့ပါဘူး။ ကုန်ပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား။ ဆင်းရဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒုက္ခကြီးကို မြင်နေရတော့ လောဘတဏှာ ဖြစ်မှုဖြစ်ပါတော့မလား ... မဖြစ်တော့ပါဘုရား။ ရှုမှတ်ရင်တော့ အလိုလိုမပြတ်သွားပါဘူးလား ... အလိုလိုပြတ်သွားပါတယ်ဘုရား။

ကုန်ပျက်တာတွေက မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား။ ဒီဆင်းရဲတွေကိုလည်း ဘယ်သူမှ ကာကွယ်လို့မရဘူး။ သူ့သဘောအတိုင်း ကုန်ပျက်ကုန်ပျက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ အနတ္တပါလား။ အစိုးမရတဲ့ အနတ္တကြီးကို လိုချင်ပါတော့မလား ... မလိုချင်ပါဘုရား။ တဏှာ မပြတ်သွားပါဘူးလား ... ပြတ်သွားပါတယ်ဘုရား။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်ချင်တယ်ဆိုရင်တော့ ဘယ်တရားများ ရှုမှတ်ရပါ့မလဲ ... သတိပဋ္ဌာန်တရား ရှုမှတ်ရပါမယ်ဘုရား။ တရားနာပရိသတ်များ သဘောပေါက်နေကြတာပဲ။ သဘောပေါက်လို့ပဲ အခုလို ကြိုးကြိုးစားစား အားထုတ်နေနိုင်တာပါပဲ။ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ အကျိုးများပါတယ်။ ဒုက္ခအမျိုးမျိုးတွေ ကင်းလွတ်သွားဖို့ရာ၊ ပြတ်သွားဖို့ရာ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နေကြရတယ်။

နားမှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါမှာလည်း ကြားသိစိတ်ကလေး ဖြစ်တယ်။ နားအကြည် သောတာယတနလို့ဆိုတဲ့ နားအကြည်မှာ သဒ္ဒါယတနလို့ခေါ်တဲ့ အသံသဒ္ဒါရုံ လာတိုက်တော့ ဘာသိစိတ်ဖြစ်ပါသလဲ ... ကြားသိစိတ်ဖြစ်ပါတယ်ဘုရား။ ကြားသိစိတ်ကလေးဖြစ်တယ်။ ဝိပဿနာယောဂီဟာ အဲဒီကြားသိစိတ်လေးဖြစ်ခိုက်မှာ ကြားတယ်၊ ကြားတယ်လို့ မမှတ်ရပါဘူးလား ... ကြားတယ်၊ ကြားတယ်လို့ မှတ်ရပါတယ်ဘုရား။ ကြားတယ်၊ ကြားတယ်လို့ မှတ်ရပါတယ်။

မျက်စိက တော်တော်နဲ့ မရကြပေဘူး။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေ ဘင်္ဂဉာဏ် အားကောင်းတဲ့ပုဂ္ဂိုလ်မှ ကုန်ပျက်ကုန်ပျက်တာတွေ မြင်သွားကြပါတယ်။ မြင်ကာမျှမတ္တမှာ တည်အောင်တော့ ပစ္စယပရိဂ္ဂဟဉာဏ်လောက်တည်းက ရသွားကြတယ်။ ကုန်ပျက်ကုန်ပျက်တဲ့အထိ ရောက်အောင်တော့ ဘင်္ဂဉာဏ်ရောက်တဲ့အခါမှ ဝိပဿနာဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေ မှတ်လို့ရကြတယ်။

နားက ကြားတယ်၊ ကြားတယ်လို့ မှတ်ရတဲ့အမှတ်ကတော့ ယောဂီတော်တော်များများပဲ မှတ်လို့ရတဲ့ယောဂီတွေ ရှိကြပါတယ်။ နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါမှာ ကြားသိစိတ်လေး ဖြစ်လာတဲ့အခါ ကြားတယ်၊ ကြားတယ်လို့ ကြားကာမျှမတ္တမှာပဲ တည်အောင် ရှုမှတ်ရတယ်။ ခုနပြောခဲ့တဲ့အတိုင်း အမှတ်တွေက ကောင်းနေတဲ့အခိုက်အတန့် ကြားတော့ ကြားနေတာပဲ။ ဘာအသံတွေလည်းတော့ သိပ်မကွဲလှဘူး။ ကောင်းတဲ့အသံလား၊ ဆိုးတဲ့အသံလား မကွဲတော့ ကြားကာမျှမတ္တမှာ မတည်သွားပါဘူးလား ... တည်သွားပါတယ်ဘုရား။ ကြားကာမျှမတ္တမှာ တည်သွားတော့ လောဘတဏှာ မဖြစ်တော့ဘူး။ အဲဒီထဲကစပြီးတော့ သံသရာစက်ဟာ မပြတ်နေပါဘူးလား ... ပြတ်နေပါတယ်ဘုရား။

နောက် အလေ့အကျင့်ရတော့ သမာဓိဉာဏ်လည်း အားရှိလာတဲ့အခါ ကြားတယ်၊ ကြားတယ်လို့မှတ်တဲ့အခါ ဆရာသမားများ ညွှန်ကြားတဲ့အတိုင်း နားထဲမှာပဲ နားအကြည်မှာပဲ စိတ်ကိုကပ်ပြီးတော့ ဟိုကအသံရောက်လာတော့မှ ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်တဲ့အခါ စမှတ်ခါစမှာတော့ ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် အသံကြီးတွေက ပိုပိုကျယ်ကျယ်လာတာလည်းရှိတယ်။ ဝေးဝေးသွားတာလည်းရှိတယ်။ တိုးတိုးသွားတာလည်းရှိတယ်။ နီးနီးလာတာလည်းရှိတယ်။ အသံပြောင်းလဲမှုတွေ စပြီးတော့ တွေ့လာတတ်ပါတယ်။

အဲဒီလိုတွေ့လာရင်တော့ နားကမှတ်လို့ရတော့မယ်။ ယောဂီ နေရာကျသွားပြီ။ မှတ်လို့ရတော့မယ်။ ဆင့်ကာဆင့်ကာမှတ်တော့ သမာဓိဉာဏ်တွေ အားရှိထက်သန်လာတဲ့အခါ ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် ကြားတဲ့အသံလေး တစ်လုံးပြီးတစ်လုံးပျက်၊ တစ်လုံးပြီးတစ်လုံး ပျောက်သွားတာ ယောဂီများ တွေ့ကြတာ တော်တော်များများပါပဲ။

တစ်လုံးပြီးတစ်လုံးပျက်၊ တစ်လုံးပြီးတစ်လုံး ပျောက်ပျောက်သွားတော့ ဒီအသံဟာ မမြဲပါလား၊ မထင်သွားပါဘူးလား ... ထင်သွားပါတယ်ဘုရား။ မမြဲပါလားဆိုတာ အနိစ္စ။ မမြဲတာကြီးကို လိုချင်တဲ့လောဘတဏှာ ဖြစ်မှ ဖြစ်ပါတော့မလား ... မဖြစ်တော့ပါဘုရား။ မပြတ်သွားပါဘူးလား ... ပြတ်သွားပါတယ်ဘုရား။ တဏှာပြတ်တော့ ဥပါဒါန်ပြတ်၊ ဥပါဒါန်ပြတ်တော့ ဘဝပြတ်၊ အကုန်ဆက်ပြီးတော့ ပြတ်သွားတာပါပဲ။ တဏှာပြတ်ဖို့ အရေးကြီးတာပါပဲတဲ့။ သံသရာစက်ဖြတ်ဖို့ရာ၊ လောဘတဏှာကိုဖြတ်ဖို့ရာ ဝိပဿနာရှုရတယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

နောက်တော့ သမာဓိဉာဏ် တမ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဘင်္ဂဉာဏ်ရောက်သွားတဲ့အခါ ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် ကြားတဲ့အသံလေးတွေ တစ်လုံးပြီးတစ်လုံး ပျက်ပျက်သွားတာ မြင်ပြီးတဲ့အပြင် ကြားသိစိတ်ပါ ပျက်ပျက်သွားတာ မြင်ကြတယ်။ ဉာဏ်သိပ်ထက်တဲ့ ပုဂ္ဂိုလ်များကျတော့ ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် မှတ်သိစိတ်ပါ လိုက်လိုက်ပြီးတော့ ကုန်ပျက်ကုန်ပျက်သွားတာ မြင်ကြတယ်။

တစ်မျိုးမြင်ရင်လည်း တော်တော်နေရာမကျသွားဘူးလား ... နေရာကျသွားပါတယ်ဘုရား။ တစ်မျိုးမြင်ရင်လည်း လောဘတဏှာ ဖြစ်ခွင့်မရတော့ဘူး။ တစ်လုံးပြီးတစ်လုံးပျက်၊ တစ်လုံးပြီးတစ်လုံးပျက်။ အမျိုးသားလို့ ပြောလိုက်တဲ့အသံကို ယောဂီက ကြားတယ်၊ ကြားတယ်လို့မှတ်လိုက်ရင် "အ" က သပ်သပ်ပြတ်သွား၊ "မျိုး" က သပ်သပ်ပြတ်သွား၊ "သား" က သပ်သပ်ပြတ်သွားတော့ အသံမဆက်တော့ နားမလည်တော့ဘူး။ ပရမတ္ထအသံဖြစ်သွားတယ်။ ပျက်တာပဲ ထင်ရှားတယ်။ မမြဲဘူးဆိုတဲ့ ပျက်တာက ထင်ရှားတော့ ဒီအသံပေါ်မှာ နှစ်သက်တဲ့၊ တပ်မက်တဲ့ လောဘတဏှာ မရှိတော့ဘူး။ သံသရာစက် ပြတ်သွားတာပါပဲ။

နှာခေါင်းအကြည်မှာ အနံ့ဂန္ဓာရုံ လာတိုက်တဲ့အခါကျတော့ ဘာစိတ်ဖြစ်ပါသလဲ ... နံ့သိစိတ်ဖြစ်ပါတယ်ဘုရား။ နံ့သိစိတ်ဖြစ်တဲ့အခိုက်အတန့်မှာ နံ့တယ်၊ နံ့တယ်လို့ပဲ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ဝိပဿနာယောဂီကတော့ သဘောပေါက်တယ်။ ဝိပဿနာအခြေခံမရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ နံ့တယ်၊ နံ့တယ်လို့မှတ်ရမယ်ဆိုရင် "အို ... ဘယ့်နှယ်ဟာတုံး၊ နံ့တာဟာ နံ့တာပေါ့"လို့ ဒီလိုပဲ အဖြေပေးမှာပဲ။ "နံ့တာ ဘာထူးလို့ နံ့တယ်လို့သွားမှတ်နေရမှာလဲ၊ ဘာမှမထူးဘူး"လို့ ဒီလိုပြောမှာပါပဲ။

အခုတရားနာပရိသတ်များကတော့ သဘောကိုပေါက်နေတယ်။ နံကာမျှ မတ္တမှာ တည်သွား။ မွှေးတဲ့အနံ့၊ နံတဲ့အနံ့ ဒီလိုမခွဲခြားနိုင်တော့ဘူး။ နံတာ နံကာမျှမတ္တမှာ ရှေးဦးစွာ တည်သွားပြီ။ နောက်တော့ သမာဓိဉာဏ်အားရှိ တဲ့ပုဂ္ဂိုလ်တွေကတော့ နံတယ်၊ နံတယ်လို့မှတ်လိုက်ရင် နံတဲ့အနံ့လေးတွေ ရိပ်ခနဲ ရိပ်ခနဲပျောက်သွား။ ရိပ်ခနဲပျောက်သွား မရှိတတ်ပါဘူးလား ... ရှိ တတ်ပါတယ်ဘုရား။ ပျောက်ပျောက်သွားတာမြင်ရတော့ ဒီအနံ့ပေါ်မှာ တပ် မက်တဲ့ လောဘတဏှာ ... မရှိတော့ပါဘုရား။ မရှိတော့ဘူး။ သံသရာစက် ပြတ်တာပါပဲ။ နာခေါင်းကလည်း သံသရာစက်ပြတ်တယ်။

လျှာအကြည်မှာ ရသာရုံလာတိုက်တဲ့အခါကျတော့ ဘာစိတ်ဖြစ်ပါသလဲ ... စားသိစိတ်ဖြစ်ပါတယ်ဘုရား။ စားသိစိတ်ဖြစ်တယ်။ စားတယ် စားတယ်၊ ဝါးတယ် ဝါးတယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ အဲဒီမှာ အခြေခံအမှတ်တွေ အများကြီးပဲ။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ကြီး ညွှန်ကြားတဲ့အတိုင်း တရားနာပရိသတ်များ ဆွမ်းစားတဲ့အခါ မှတ်နေ ကြရတယ်။

ဆွမ်းပွဲကို မြင်ကတည်းက မြင်တယ် မြင်တယ်၊ ဆွမ်းပွဲကို လက်လှမ်း လိုက်တော့ လှမ်းတယ် လှမ်းတယ်၊ ဆွမ်းများကို လက်နဲ့ထိတော့ ထိတယ် ထိတယ်၊ ဆွမ်းလုတ်ကို ပြင်လိုက်တော့ ပြင်တယ် ပြင်တယ်၊ ယူလိုက်တော့ ယူတယ် ယူတယ်၊ ခေါင်းကငုံ့လာတော့ ငုံ့တယ် ငုံ့တယ်၊ ပါးစပ်ဟလိုက် တော့ ဟတယ် ဟတယ်၊ ဆွမ်းလုတ်ကို ခွံ့လိုက်တော့ ခွံ့တယ် ခွံ့တယ်၊ ခေါင်းပြန်ထူသွားတော့ ထူတယ် ထူတယ်၊ လက်ကို ပြန်ချလိုက်တော့ ချ တယ် ချတယ်၊ ဝါးတော့ ဝါးတယ် ဝါးတယ်၊ အရသာကိုသိတော့ သိတယ် သိတယ်၊ မျိုလိုက်တော့ မျိုတယ် မျိုတယ်မှတ်နေတော့ လောဘတဏှာ

ဖြစ်ခွင့် ... မရတော့ပါဘုရား။ မှတ်နေကတည်းကကို လောဘတဏှာဖြစ်ခွင့် မရတော့ဘူး။

နောက်တော့ သူ့ရဲ့သမာဓိဉာဏ်အားလျော်စွာ အမျိုးမျိုး ထင်လာတော့တာပါပဲ။ နာမရူပပရိစ္ဆေဒဉာဏ် ရောက်သွားတယ်ဆိုရင်ပဲ လက်လှမ်းတယ် လက်လှမ်းတယ်လို့ မှတ်လိုက်ရင် လက်လှမ်းနေတာကတခြား၊ မှတ်သိလိုက်တာကတခြား။ ဆွမ်းနဲ့လက်နဲ့ထိတော့ ထိတယ် ထိတယ်လို့မှတ်လိုက်တဲ့အခါ ထိနေတာကတခြား၊ မှတ်သိလိုက်တာကတခြား။ ဆွမ်းလုတ်ကိုမြင်တော့ မြင်တယ် မြင်တယ်လို့မှတ်လိုက်တဲ့အခါ မြင်နေတာကတခြား၊ မှတ်သိလိုက်တာက ... တခြားပါဘုရား။ တခြားစီသိနေတော့ ဒီကြားထဲမှာ လောဘတဏှာဝင်လို့ ... မရပါဘုရား။ အဲဒီကစပြီး ဝင်လို့မရတော့ဘူး။ နောက်တော့ သမာဓိဉာဏ်တွေ ရင့်ကျက်သွားတဲ့အခါကျတော့ ပိုပြီးတော့ မဝင်နိုင်တော့ဘူး။ အဲဒီကနေပြီးတော့ သံသရာစက် ပြတ်သွားတာပါပဲ။

ကိုယ်အကြည်မှာ အတွေ့ဖောဋ္ဌဗ္ဗာရုံ လာတိုက်တဲ့အခါမှာတော့ ဘာသိစိတ်ဖြစ်ပါသလဲ ... ထိသိစိတ်ဖြစ်ပါတယ်ဘုရား။ ထိသိစိတ်ဖြစ်တယ်။ အဲဒီထိသိစိတ်လေးဖြစ်ခိုက်မှာ ထိတယ်၊ ထိတယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ အခုတရားနာပရိသတ်များ၊ ယောဂီများ မှတ်နေကြရတာ ဒီထိသိစိတ်ကို ကာယမှာ မှတ်နေကြရတာ များပါတယ်။ ကာယကနေကာ အားယူနေကြရတာပါပဲ။

ကိုယ်ကာယကတော့ မှတ်စရာတွေလည်း အကျယ်ပြန့်ဆုံးပါပဲ။ လက်သည်းဖျား၊ ဆံပင်ဖျားများကိုထားပြီးတော့ ကျန်တဲ့ကိုယ်ကာယတွေမှာ အပ်ဖျားလေးနဲ့ လိုက်တို့ကြည့်၊ တို့လိုက်လို့ သိသိနေတယ်။ အဲဒီသိနေတဲ့

နေရာလေးက ကာယအကြည်ရှိတဲ့နေရာပါပဲ။ အဲဒီကာယအကြည်ရှိတဲ့ နေရာမှန်သမျှ ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ဝိပဿနာရှုလို့ ရနေပါတယ်။ အစပိုင်းမှာတော့ ထင်ရှားရာက "စ"မှတ်ရပါတယ်။

နောက်တော့ သမာဓိဉာဏ်တွေ ရင့်ကျက်လာတဲ့အခါကျတော့ ဘယ်နေရာကိုပဲ မှတ်လိုက်မှတ်လိုက် ထိနေတဲ့သဘောလေး၊ တိုးနေတဲ့သဘောလေး မသိရပါဘူးလား ... သိရပါတယ်ဘုရား။ အစပိုင်းမှာ သမာဓိဉာဏ်မရင့်ကျက်ခင်တော့ သမာဓိတွေမရှိသေးခင် အားနည်းနေသေးတဲ့ အနိုက်အတန့်တော့ ထင်ရှားရာကစပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့အတိုင်း အသက်ရှူသွင်းလိုက်လို့ ဝမ်းဗိုက် ဖောင်းတက်လာတဲ့အခါ ဖောင်းတယ်၊ ရှူထုတ်လိုက်လို့ ပိန်ကျသွားတဲ့အခါ ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်လို့မှတ်နေတာလည်း အထိကိုပဲ မှတ်တာပါပဲ။

ရှူသွင်းလိုက်တဲ့အခါ ရှူသွင်းလိုက်တဲ့လေတွေက ဝမ်းဗိုက်ကာယအကြည်ကို ထိပြီးတော့ အဆင့်ဆင့်ဖောင်းတက်လာတာတွေ ထိတာလေးကို ရှေးဦးစွာ သိကြရတာပါပဲ။ ဒီတော့မှ ဖောင်းတယ်၊ ဖောင်းတယ်လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ပိန်တယ်လို့မှတ်တဲ့အခါမှာလည်း ရှူထုတ်လိုက်တဲ့လေတွေက ဝမ်းဗိုက်ကာယအကြည်လေးကို လာတိုးတဲ့အခါ ရှေးဦးစွာ ထိတာကို သိရတယ်။ နောက်ပြီးမှ တရွေ့ရွေ့ကျသွားတာကို ပိန်တယ်၊ ပိန်တယ်လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ မှတ်ရတယ်။

သမာဓိဉာဏ်တွေ ရင့်ကျက်လာတဲ့အခါကျတော့ ဘယ်နေရာကိုပဲ မှတ်လိုက်မှတ်လိုက် ထိနေတာ၊ တိုးနေတာလေးတွေက ထင်ရှားနေတယ်။ ဖောင်းတယ်၊ ပိန်တယ်က မထင်ရှားလို့ရှိရင် ထိုင်တယ်၊ ထိတယ်လို့မှတ်တာ

လည်း အထိကိုပဲ မှတ်တာပါပဲ။ သမာဓိတွေ အားရှိလာတဲ့အခါ ဘယ်နေရာကိုပဲမှတ်မှတ် ထိနေတာ၊ တိုးနေတာလေးကို သိနေတော့ မှတ်လို့ရတယ်။

အင်္ဂမင်္ဂါနုသာရီဝိပဿနာ-ဆိုတာ အင်္ဂါကြီးငယ်တွေမှာ အကုန်လုံး ပျံ့နှံ့ပြီးတော့ တိုးပြီးတော့ သွားနေတာဖြစ်တယ်။ ထိပြီးတော့ပဲ မသွားနေပါဘူးလား ... ထိပြီးတော့သွားနေပါတယ်ဘုရား။ ထိပြီးတော့သွားနေတယ်။ နှုတ်ခမ်းဖျားကို အာရုံပြုပြီး စူးစိုက်ကြည့်၊ နှုတ်ခမ်းဖျားမှာလည်း တိုးတိုးပြီးတော့ ထိထိသွားနေတာကို ထိတယ် ထိတယ်၊ တိုးတယ် တိုးတယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ နှာခေါင်းဖျားမှာ အာရုံပြုကြည့်ရင်လည်း နှာခေါင်းဖျားမှာ တိုးပြီးတော့ ထိပြီးတော့ တွန်းကန်နေတဲ့ သဘောလေးကို သိနေရတော့ တွန်းတယ် တွန်းတယ်၊ တိုးတယ် တိုးတယ်၊ လှုပ်တယ် လှုပ်တယ်၊ ထိတယ် ထိတယ် မှတ်လို့မရပါဘူးလား ... မှတ်လို့ရပါတယ်ဘုရား။

ဘယ်နေရာကိုပဲမှတ်မှတ် ခြေဖျားလက်ဖျားတွေကို အာရုံပြုကြည့်လိုက်ရင် တိုးနေတာ ထိပြီးတော့ တိုးနေတာပဲ။ ထိပြီးတော့ တိုးနေတာလေးကို တိုးတယ် တိုးတယ်၊ ထိတယ် ထိတယ် မှတ်လို့ရတယ်။ သမာဓိဉာဏ်တွေ အဆင့်ဆင့် ရင့်ကျက်လာတဲ့အခါ ထိတယ်၊ ထိတယ်လို့မှတ်လိုက်ရင် ထိတာလေးက ထိပြီးတာနဲ့ပျောက်သွား၊ ထိပြီးတာနဲ့ ပျောက်သွားတယ်။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာရင်တော့ အတော့်ကို ထင်ရှားလာပြီ။ ဖောင်းတယ်လို့မှတ်ရင် ဖောင်းစနဲ့ဖောင်းဆုံးပဲ ထင်ရှားတယ်။ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးက ပျက်။ ပိန်တယ်လို့မှတ်ရင်လည်း ပိန်စနဲ့ပိန်ဆုံးပဲ ထင်ရှားတယ်။ ပိန်စက ဖြစ်၊ ပိန်ဆုံးက ပျက်။ အဲဒီကျရင် ဖြန့်ပြီးတော့ မှတ်ကြည့်လို့ရှိရင် ဘယ်နေရာမှာပဲ မှတ်လိုက်မှတ်လိုက် ထိတာလေးဟာ ပေါ်

ပြီးတာနဲ့ပျောက်သွား၊ ပေါ်ပြီးတာနဲ့ပျောက်သွားတာတွေ တွေ့ကြရတယ်။ ပေါ်တာက ဖြစ်၊ ပျောက်ပျောက်သွားတာက ပျက်ဖြစ်တယ်။

အဆင့်ဆင့် သမာဓိဉာဏ်တွေရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဘင်ဉာဏ်သို့ ရောက်သွားတဲ့အခါကျတော့ ဖြစ်တာကတော့ မထင်ရှားတော့ဘူး။ ပျက်ပျက်သွားတာကပဲ ထင်ရှားတယ်။ အဲဒီအခါကျတော့ ပုံသဏ္ဌာန်ဒြပ်တွေလည်း မထင်ရှားတော့ဘူး။ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးလည်း မထင်ရှားတော့ဘူး။ ခန္ဓာကိုယ်အထည်ဒြပ်ကြီးလည်း မထင်ရှားတော့ဘူး။ သဘောတရားမျှပဲ။ ဖောင်းတာနဲ့ ပိန်တာလေးလောက်ပဲ ထင်ရှားတယ်။ ထိုင်တာလည်း ထိုင်တဲ့သဘောလေးလောက်၊ ထိတာလည်း ထိတဲ့သဘောလေးလောက်ပဲ ထင်ရှားတယ်။ ခန္ဓာကိုယ်ကြီးရယ်လို့ မထင်ရှားတော့ဘူး။

မှတ်လိုက်ရင် မှတ်လိုက်တာနဲ့ ရိပ်ခနဲ ကုန်ပျက်ကုန်ပျက်။ ဖောင်းစမှာ မထင်ရှားတော့ဘူး။ ဖောင်းဆုံးမှာ ပျက်ပျက်သွားတာပဲ။ ရိပ်ခနဲကုန်ပျက် ရိပ်ခနဲကုန်ပျက် ကုန်ပျက်ကုန်ပျက်သွားတာကို မြင်ရတယ်။ ဗလဝဝိပဿနာ = အားရှိတဲ့ဝိပဿနာဖြစ်သွားတယ်။ ပညတ်တွေ၊ ခန္ဓာကိုယ်အထည်ဒြပ်တွေ ပျောက်ပြီးတော့ သဘောတရားမျှပဲ မှတ်နေရတယ်။

ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြီလား၊ အားရှိသလား မရှိသေးဘူးလားလို့ သိချင်လို့ရှိရင်တော့ အဲဒီပညတ်နဲ့ပဲ ချိန်ထိုးကြည့်ရတယ်။ ပညတ်တွေက သိပ်ထင်ရှားနေတယ်။ အမြဲတမ်းပဲ ခွာနေရသေးတယ်ဆိုလို့ရှိရင် မိမိရဲ့ ဝိပဿနာဉာဏ်ဟာ နုနေသေးတယ်။ တရုဏဝိပဿနာ = အားနည်းနေသေးတယ်၊ နုနေသေးတယ်ဟု သိရပါတယ်။

ဒီလိုမဟုတ်တော့ဘူး။ ထိုင်မှတ်လိုက်တာနဲ့ မကြာခင်ပဲ ခန္ဓာကိုယ် အထည်ဒြပ်တွေပျောက်ပြီး သဘောတရားမျှပဲ မှတ်နေရတယ်ဆိုရင်တော့ မိမိရဲ့ဝိပဿနာ အားရှိလာပြီ၊ ရင့်ကျက်လာပြီဖြစ်တယ်။ မှတ်ရတာ အရာ ရာပဲ မှတ်လို့ကောင်းတတ်ပါတယ်။

ဘင်္ဂဉာဏ်သို့ ရောက်ခါစတော့ မကောင်းဘူး။ ပညတ်တွေက ပျောက် သွားလို့ အထည်ဒြပ်နဲ့ မှတ်ခဲ့တဲ့ပုဂ္ဂိုလ်တွေဖြစ်တော့ အထည်ဒြပ်တွေ ပျောက်သွားတော့ မှတ်ရခက်နေတတ်တယ်။ နောက်တော့ သမာဓိဉာဏ် အားရှိထက်သန်လာတဲ့အခါ ပိုပြီးတော့ မှတ်လို့ကောင်းနေပါတယ်။

အဲဒီအခါကျလို့ရှိရင်တော့ မျက်စိကလည်း မြင်တယ်၊ မြင်တယ်လို့ မှတ် လို့ ရသွားတတ်ပါတယ်တဲ့။ နားကလည်း ကြားတယ်၊ ကြားတယ်လို့ မှတ် လို့ ရသွားတတ်ပါတယ်။ အထူးသဖြင့်တော့ နားကပိုပြီး ရကြတာ များကြ ပါတယ်။

ဘင်္ဂဉာဏ်ရောက်လာတဲ့ပုဂ္ဂိုလ်ဖြစ်လျှင် ဆရာသမားညွှန်ပြတဲ့အတိုင်း "ယောဂီ ... ကြားတယ်၊ ကြားတယ်လို့ မှတ်ကြည့်ပါဦး" မှတ်ကြည့်လိုက်တဲ့ အခါ အစပိုင်းမှာတော့ သိပ်မထင်ရှားဘူး။ အဲဒီနောက် တဖြည်းဖြည်းနဲ့ ကြားရတဲ့အသံလေး တစ်လုံးပြီးတစ်လုံးပျက် တစ်လုံးပြီးတစ်လုံးပျက် ပျက် ပျက်သွားတာ မြင်ရတယ်။ မှတ်ကြည့်မှုလည်း ထင်ရှားတယ်။ မမှတ်ကြည့် ဘဲနဲ့တော့ ထင်မှထင်ရှားပါ့မလား ... မထင်ရှားပါဘုရား။ မှတ်တဲ့အခါ ကုန်ပျက်တဲ့ဘက်ကိုပဲ စိတ်ကိုမညွှတ်ထားရပါဘူးလား ... ညွှတ်ထားရပါတယ် ဘုရား။ ညွှတ်ထားရတယ်။

ညွတ်ထားမှလည်း ကုန်ပျက်တာကို မြင်ရတယ်။ မညွတ်ထားရင်တော့ တော်တော်နဲ့ကို မမြင်ဘူး။ တချို့တော်တော်ကို သမာဓိဉာဏ်တွေ ရင့်ကျက်နေပါပြီ။ နှစ်ပေါင်းလည်း အတော်ကြာနေတယ်။ "ယောဂီ ကုန်ပျက်တာ မြင်ပြီလား ..." "မမြင်ရပါဘုရား"တဲ့။ "အို ... ဘယ့်နယ်လဲ။ မညွတ်ထားဘူးထင်တယ် ..." "ဟုတ်တယ်ဘုရား။ မညွတ်ထားဘူး"တဲ့။ ညွတ်ထားမှ မြင်မှာပေါ့။ မညွတ်ထားဘဲနဲ့ မြင်မှမြင်ပါ့မလား ... မမြင်ပါဘူးဘုရား။

**ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ခယမေဝ ပဿတိ။**

**ဥပ္ပန္နုပ္ပန္နာနံ** = ဖြစ်တိုင်းဖြစ်တိုင်းကုန်သော၊ **သင်္ခါရာနံ** = သင်္ခါရတရား ရုပ်နာမ်နှစ်ပါးတို့၏၊ **ခယမေဝ** = ကုန်ခြင်းကိုသာလျှင်၊ **ပဿတိ** = ရှု၏ (ဝါ) ရှုရမည်။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိတို့သန္တာန်မှာ အကျဉ်းချုပ်အားဖြင့် ရုပ်တရား၊ နာမ်တရား နှစ်ပါးရှိတယ်။ အဲဒီ ရုပ်တရား၊ နာမ်တရားနှစ်ပါးဟာလည်း ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ကုန်ပျက်ကုန်ပျက်သွားတာပဲ။ အဲဒီကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွတ်ပြီးတော့ ရှုမှတ်ပေးရမယ်။ ရှုမှတ်ပေးလို့ရှိရင် ကုန်ပျက်တာတွေကို တဖြည်းဖြည်းနဲ့ မြင်လာတတ်တယ်တဲ့။

ဘင်္ဂဉာဏ်မရောက်ခင်ပဲ တချို့ပုဂ္ဂိုလ်တော့ မြင်သွားကြတယ်။ ညွတ်တာကလည်း ညွတ်တတ်တယ်။ သမာဓိဉာဏ်တွေကလည်း အားရှိတယ်ဆိုလို့ရှိရင် ဣန္ဒြေငါးပါးတွေ ညီသွားတဲ့အခါ ညွတ်ထားတဲ့ပုဂ္ဂိုလ် ကုန်ပျက်

တာကို မြင်မြင်သွားတတ်တယ်။ ဖောင်းတဲ့အမူအရာလေးက ပိန်တဲ့ဆီသို့ လိုက်မပါဘူး၊ ကျန်နေခဲ့သလို၊ ပိန်တဲ့အမူအရာကလည်း ဖောင်းတဲ့ဆီသို့ လိုက်မပါ၊ ကျန်နေခဲ့သလို တစ်ခါတစ်ရံ ဉာဏ်ထဲမှာ ထင်ထင်လာတယ်။

ထင်ထင်လာပေမယ့်လည်း အမြဲတမ်းကလည်း မတွေ့သေးတော့ ထင်ထင်ရှားရှားကလည်း မဟုတ်သေးတော့ ယောဂီက တစ်ခါတစ်ရံ စိတ်ထဲက တစ်မျိုးဖြစ်တယ်။ ဒါ စိတ်ထဲကထင်လို့ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ကုန်ပျက်တာတော့ ဟုတ်မယ်မထင်ပါဘူး။ မကုန်ပျက်တဲ့ဘက်ကနေ ပြန်ပြီးတော့ တင်းမိတတ်တယ်။ အဲဒီလိုလည်း မတင်းမိစေရဘူး။ ကုန်ပျက်တာလေးတွေတော့ အသင့်အတင့် တွေ့လာပြီ။ နောင်တော့ ကုန်ပျက်တာတွေ တွေ့ရတော့မှာပဲဟု စိတ်ကိုညွှတ်ပြီးတော့ ရှုပါ။ ရှုပါများတော့ ကုန်ပျက်တဲ့ဘက်ကို စိတ်ကညွှတ်ထားတာများတော့ မှတ်အားက ပိုမကောင်းပါဘူးလား ... ပိုကောင်းပါတယ်ဘုရား။ ပိုကောင်းတယ်။ သာမန်မှတ်တာနဲ့ မတူဘူး။ ကုန်ပျက်တာကို မြင်လောက်အောင် စူးစိုက်ထားတာကိုး။

မှတ်အားပိုကောင်းလာတယ်ဆိုလို့ရှိရင် မှတ်အားက ပိုကောင်းတော့ သမာဓိတွေ ပိုဖြစ်တယ်။ ဝိပဿနာဉာဏ်တွေ ပိုဖြစ်တယ်။ ပိုဖြစ်လာတော့ ဘင်္ဂဉာဏ်ရောက်တဲ့အခါ တကယ်တမ်း ကုန်ပျက်ကုန်ပျက်တာတွေ မြင်နေရတယ်။ မှတ်လိုက်တာနဲ့ကုန်ပျက် ကုန်ပျက်မြင်ရတော့ မမြဲပါလား၊ မမြဲပါလားလို့ အလိုလို စိတ်ထဲမှာ မထင်လာပါဘူးလား ... ထင်လာပါတယ်ဘုရား။

မမြဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ အနိစ္စပါဘုရား။ ကုန်ပျက်တာတွေက လျင်မြန်အားကြီးတော့ နိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား။ ဆင်း

ရဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒီလိုကုန်ပျက် နှိပ်စက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ ရပါလိမ့်မလဲ၊ ဘယ်လိုမှ ကာကွယ်လို့မရဘူး။ သူ့သဘောနဲ့သူ ကုန်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ အနတ္တပါလား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တွေ ပိုင်သွားလို့ရှိရင် တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ သံသရာစက်ကြီးပြတ်ပြီး နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားမှာပါပဲ။ ထို့ကြောင့် ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွတ်ပြီး ရှုမှတ်ကြရပါတယ်။

ဆောင်ပုဒ် ။ ။ ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟာန်၊ ကောန်ရှုရမည်။

တရားတွေမြန်မြန်တွေ့၊ တရားတွေမြန်မြန်တက်ရအောင် ဖြစ်တိုင်းဖြစ်တိုင်း ကုန်ပျက်တဲ့ဘက်ကို ညွတ်ပြီးတော့ ရှုမှတ်ကြရပါတယ်။

ဝတ္ထာရမ္မဏပုရေဇာတတ္တိအတွက် တိုတိုကျဉ်းကျဉ်းလေး ကျန်ပါသေးတယ်။ ဝတ္ထာရမ္မဏပုရေဇာတတ္တိဆိုတာ ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ရှေးကလည်းဖြစ်၊ ရှိလည်းရှိနေတယ်။ ဝတ္ထုလည်းဖြစ်ရမယ်၊ အာရုံလည်းဖြစ်နိုင်တယ်၊ ရှေးကလည်းဖြစ်နေတယ်၊ ရှိလည်းရှိနေတယ်။ ဘယ်နချက်ပါလဲ ... (၄)ချက်ပါဘုရား။ (၄)ချက်ပါ။ အဲဒါ ဘယ်အချက်လဲဆိုတော့ ...

**ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။** ဒီအချက်ပါပဲ။

ဟဒယဝတ္ထုကိုမှီပြီးတော့ မနောဓာတ်က(၃)ခု၊ မနောဝိညာဏဓာတ်က (၇၂)ခုတို့သည် ဟဒယဝတ္ထုကိုမှီပြီး ဖြစ်ရတဲ့အတွက်ကြောင့် ဝတ္ထုမဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။ ဝတ္ထုဖြစ်နေတယ်။ ပုရေဇာတလည်း ဖြစ်နေတယ်။ ရှေးကတည်းက ဟဒယဝတ္ထုကလည်း ရှိနေနှင့်ပြီ။

အဲဒီမနောဓာတ် မနောဝိညာဏဓာတ်တွေက တစ်ခါတစ်ရံ ဟဒယဝတ္ထုကိုလည်း အာရုံပြုပြီး ရှုမှတ်လို့ရတယ်။ ယောဂီပုဂ္ဂိုလ်အတွက်တော့ တရားနာပရိသတ်များအတွက်တော့ နှလုံးကခုန်နေတာ၊ တစ်ခါတစ်ခါ နှလုံးတွေ သိပ်ခုန်နေတယ်ဘုရား။ ဘယ်လိုမှတ်ရမလဲ၊ ခုန်တာကိုပဲမှတ်။ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ဟဒယဝတ္ထုကလေးကို မှတ်ရာလည်း ရောက်သွားတတ်တယ်။ ဟဒယဝတ္ထုလေးမှီရာ နှလုံးကခုန်နေတာကို ခုန်တယ်၊ ခုန်တယ်မှတ်တော့ ဟဒယဝတ္ထုကို ပြန်ပြီးတော့ အာရုံပြုတဲ့သဘောမျိုး သက်ဝင်သွားတယ်။

ခုန်တယ်လို့ မှတ်ရတယ်။ တစ်ချက်မှတ် တစ်ချက်ကုန်ပျက်၊ တစ်ချက်မှတ် တစ်ချက်ကုန်ပျက်။ ခုန်နေတဲ့ သဘောလေးကလည်း မမြဲပါလား။ ဟဒယဝတ္ထုလေးကလည်း မမြဲပါလား။ မသိသွားတတ်ပါဘူးလား ... သိသွားတတ်ပါတယ်ဘုရား။ ကုန်ပျက်တာ မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား၊ ဒုက္ခပါလားလို့လည်း သိတယ်။ ဒီလို ကုန်ပျက်နှိပ်စက်နေတဲ့ ဒုက္ခတွေကို ဘယ်လိုကာကွယ်လို့ရပါ့မလဲ၊ ကာကွယ်လို့ မရဘူး။ သူ့သဘောအတိုင်းသူ ကုန်ပျက်နေတာပဲ။ ကိုယ်အစိုးမရတဲ့ အနတ္တပါလား။

ဒီဟဒယဝတ္ထုလေး ခုန်နေတဲ့သဘောလေးကို ပြန်ပြီးတော့ အာရုံမပြုပါဘူးလား ... အာရုံပြုပါတယ်ဘုရား။ အာရမ္မဏမဖြစ်ပါဘူးလား ... ဖြစ်ပါ

တယ်ဘုရား။ ဒီဟာဒယဝတ္ထုက ရေးကလည်းနေတော့ ပုရေဇာတလည်းဖြစ်တယ်။ အတ္ထိလည်းဟုတ်တယ်။ ရှိနေလို့သာ မှတ်လို့ရတာ၊ မရှိနေရင်တော့ ... မှတ်လို့မရပါဘူးဘုရား။ မှတ်လို့မရဘူး။ ဒါကြောင့် ဝတ္ထုာရမ္မဏပုရေဇာတတ္ထိဖြစ်တယ်။

ဤကဲ့သို့ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရား ပေးသနားသောဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းတို့သည် သဘောတရားအားဖြင့် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းတို့နှင့် တူကြပေသည်။ ထို့ကြောင့် ဤစာအုပ်၌ မရေးသား မဖော်ပြတော့ခြင်း ဖြစ်ပါသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

⊙ ⊙ ⊙ ⊙ ⊙

# ပစ္စယနိဒ္ဒေသပါဠိတော်ဇယား

## ပစ္ဆာဇာတပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ | ရုပ် | ပုရေဇာတဿ ဣမဿ ကာယဿ |

## အာသေဝနပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | နာမ် | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ |
| နာမ် | ။ ။ အကုသလာ ဓမ္မာ | နာမ် | ။ ။ အကုသလာနံ ဓမ္မာနံ |
| နာမ် | ။ ။ ကိရိယာ ဗျာကတာ ဓမ္မာ | နာမ် | ။ ။ ကိရိယာ ဗျာကတာနံ ဓမ္မာနံ |

## ကမ္မပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | ကုသလာကုသလံ ကမ္မံ | နာမ်ရုပ် | ဝိပါကာန် ခန္ဓာနံ ကဋတ္တာစ ရူပါနံ |
| နာမ် | စေတနာ | နာမ်ရုပ် | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ |

## ဝိပါကပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော | နာမ် | အညမညံ |

## အာဟာရပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ်<br>နာမ် | ကဗဠီကာရော အာဟာရော<br>အရူပိနော အာဟာရာ | ရုပ်<br>နာမ်ရုပ် | ဣမဿ ကာယဿ<br>သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ |

# ဣန္ဒြိယပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ် | စက္ခုန္ဒြိယံ | နာမ် | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ။ | သောတိန္ဒြိယံ | ။ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ။ | ဃာနိန္ဒြိယံ | ။ | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ။ | ဇိဝှိန္ဒြိယံ | ။ | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ။ | ကာယိန္ဒြိယံ | ။ | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ။ | ရူပဇီဝိတိန္ဒြိယံ | ရုပ် | ကဋတ္တာ ရူပါနံ |
| နာမ် | အရူပိနော ဣန္ဒြိယာ | နာမ်ရုပ် | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ |

# ဈာနပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | ဈာနင်္ဂါနိ | နာမ်ရုပ် | ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ |

## မဂ္ဂပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | မဂ္ဂင်္ဂါနို | နာမ်ရုပ် | မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ |

## သမ္ပယုတ္တပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | စတ္တာရော ခန္ဓာ အရူပိနော | နာမ် | အညမညံ |

## ဝိပ္ပယုတ္တပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ်<br>နာမ် | ရူပိနော ဓမ္မာ<br>အရူပိနော ဓမ္မာ | နာမ်<br>ရုပ် | အရူပီနံ ဓမ္မာနံ<br>ရူပီနံ ဓမ္မာနံ |

# အတ္ထိပစ္စယောတိ/အဝိဂတပစ္စယောတိ (သဟဇာတတ္ထိ)

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | စတ္တာရော ခန္ဓာ အရူပိနော | နာမ် | အညမည် |
| ရုပ် | စတ္တာရော မဟာဘူတာ | ရုပ် | အညမည် |
| နာမ်ရုပ် | ဩက္ကန္တိက္ခဏေ နာမရူပံ | နာမ်ရုပ် | အညမည် |
| နာမ် | စိတ္တစေတသိကာ ဓမ္မာ | ရုပ် | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |
| ရုပ် | မဟာဘူတာ | ရုပ် | ဥပါဒါရူပါနံ |

## (ဝတ္ထုပုရေဇာတတ္ထိ)

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ် | စက္ခာယတနံ | နာမ် | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | သောတာယတနံ | နာမ် | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ဃာနာယတနံ | နာမ် | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ဇိဝှါယတနံ | နာမ် | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ကာယာယတနံ | နာမ် | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |

## (အာရမ္မဏပုရေဇာတတွိ)

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ် | ရူပါယတနံ | နာမ် | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | သဒ္ဒါယတနံ | နာမ် | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ဂန္ဓာယတနံ | နာမ် | ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ရသာယတနံ | နာမ် | ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ဖောဋ္ဌဗ္ဗာယတနံ | နာမ် | ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| ရုပ် | ရူပါယတနံ(ပ) ဖောဋ္ဌဗ္ဗာယတနံ | နာမ် | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |

## (ဝတ္ထာရမ္မဏပုရေဇာတတွိ)

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| ရုပ် | ယံ ရူပံ နိဿာယ | နာမ် | မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ |
| ရုပ် | တံ ရူပံ | နာမ် | မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |

# နတ္တိပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ | နာမ် | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ |

# ဝိဂတပစ္စယောတိ

| | ပစ္စည်း=အကြောင်း | | ပစ္စယုပ္ပန်=အကျိုး |
|---|---|---|---|
| နာမ် | သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ | နာမ် | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ |

# ပဋ္ဌာန်းပါဠိတော်
## ပစ္စယုဒ္ဒေသ နိဿယ

| | | |
|---|---|---|
| ဟေတုပစ္စယော | = | ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| အာရမ္မဏပစ္စယော | = | အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း၊ |
| အဓိပတိပစ္စယော | = | အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| အနန္တရပစ္စယော | = | အခြားမဲ့(တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| သမနန္တရပစ္စယော | = | ကောင်းစွာအခြားမဲ့(တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| သဟဇာတပစ္စယော | = | အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| အညမညပစ္စယော | = | အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |

| | | |
|---|---|---|
| နိဿယပစ္စယော | = | မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ဥပနိဿယပစ္စယော | = | အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ပုရေဇာတပစ္စယော | = | ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ပစ္ဆာဇာတပစ္စယော | = | နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| အာသေဝနပစ္စယော | = | အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ကမ္မပစ္စယော | = | ပြုပြင်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ဝိပါကပစ္စယော | = | အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| အာဟာရပစ္စယော | = | ထောက်ပံ့ နိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ဣန္ဒြိယပစ္စယော | = | အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| ဈာနပစ္စယော | = | စူးစိုက်ကာ ကပ်၍ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| မဂ္ဂပစ္စယော | = | ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |
| သမ္ပယုတ္တပစ္စယော | = | ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ |

ဝိပ္ပယုတ္တပစ္စယော = မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

အတ္ထိပစ္စယော = ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

နတ္ထိပစ္စယော = မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

ဝိဂတပစ္စယော = ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

အဝိဂတပစ္စယော = မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

ဣတိ = ဤသို့၊ စတုဝီသတိပစ္စယာ = နှစ်ဆယ့်လေးပစ္စည်းတို့သည်၊ မဟာပကရဏေ = အနန္တနယ သမန္တမဟာပဋ္ဌာန်းကျမ်းကြီး၌၊ ဌိတာ = တည်ကုန်သည်၊ ဟောန္တိ = ဖြစ်ကုန်၏။

အမှတ် ၂၈၀၂၃
ရက်စွဲ ......

## ဤစာအုပ်မှာ သိကောင်းစရာဆောင်ပုဒ်များ

- ပဋိသန္ဓေ၊ ဥပါဒ်ပေ၊ ဖြစ်လေကမ္မဇ။
- ပဋိသန္ဓေ၊ ဌီ၌ပေ၊ ဖြစ်လေဥတုဇ။
- ပဋိသန္ဓေ၊ ဌီ၌ပေ၊ တစ်ထွေကမ္မဇ။
- ပဋိသန္ဓေ၊ ဘင်၌ပေ၊ နှစ်ထွေဒွိဇမည်။
- ပထမဘဝင်္ဂ၊ ဌီ၌ပေ၊ သုံးထွေတိဇမည်။
- အာဟာရတွေ၊ ပျံ့နှံ့ပေ၊ လေးထွေစတုဇမည်။
- ပထမဇောကံဟာ၊ ခုဘဝါ၊ မှန်စွာကျိုးပေးသည်။
- သတ္တမဇောကံဟာ၊ ခုဘဝါ၊ မှန်စွာကျိုးပေးသည်။
- အလယ်ဇောကံဟာ၊ ဖြစ်လေရာ၊ မှန်စွာကျိုးပေးသည်။
- ဂတိငါးဖြာ၊ လည်ရတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။